ရဲရင့်မှုဆောင် + အနီရောင်
ရဲရဲဆောင်သုံး + ရဲကိုးလုံး

✳ ✳ ✳ ✳ ✳ ✳ ✳ ✳ ✳

- ရဲစိတ်ရဲမာန်
- ရဲအသံနဲ့
- ရဲဟန်ဂုဏ်မြောက်
- ရဲရဲတောက်
- ရဲရဲဟောက်
- ရဲရဲလျှောက်
- ရဲရဲဟော
- ရဲရဲပြော
- ရဲရင့် အနီရောင် သဘော။

http://www.dhammadownload.com

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင် တရားတော်များ

အမှတ် ( ၁ )




**အရှင်ဂုဏိန္ဒ**

သာသနဓဇ ဓမ္မာစရိယ
ပဓာနနာယက
ဆင်ဖြူတောင် စာသင်တိုက်
၁၀၊တောင်ရပ်ကွက်
၁၀၈၊တောင်ဘုရားအတွင်း
သာကေတ၊ရန်ကုန်

http://www.dhammadownload.com

1000

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

# ဆင်ဖြူတောင် တရားတော်များ

အမှတ် (၁)



## အရှင်ဂုဏိန္ဒ

သာသနဓဇ ဓမ္မာစရိယ
ပဓာနနာယက
ဆင်ဖြူတောင် စာသင်တိုက်
၁၀၊တောင်ရပ်ကွက်
၁၀၈၊တောင်ဘုရားအတွင်း
သာကေတ၊ရန်ကုန်

http://www.dhammadownload.com

ဟောလို ပြောလို ကြည့်ရှုလိုသူများအတွက်

# ဓမ္မကထိကအိတ်ဆောင်

## ဆင်ဖြူတောင် တရားတော်များ

အမှတ် ( ၁ )



**အရှင်ဂုဏာနန္ဒ**


သာသနဓဇ ဓမ္မာစရိယ
ပဓာနနာယက
ဆင်ဖြူတောင် စာသင်တိုက်
၁၀၊တောင်ရပ်ကွက်
၁၀၈၊တောင်ဘုရားအတွင်း
သာကေတ၊ရန်ကုန်

http://www.dhammadownload.com

ရဲရင့်မှုဆောင် + အနီရောင်

ရဲရဲဆောင်သုံး + ရဲကိုးလုံး

⁕ ⁕ ⁕ ⁕ ⁕ ⁕ ⁕ ⁕ ⁕

- ရဲစိတ်ရဲမာန်
- ရဲအသံနဲ့
- ရဲဟာန်ကုဏ်မြောက်
- ရဲရဲတောက်
- ရဲရဲဟောက်
- ရဲရဲလျှောက်
- ရဲရဲဟော
- ရဲရဲပြော
- ရဲရင့် အနီရောင် သဘော။

http://www.dhammadownload.com

# ဓမ္မကထိကအိတ်ဆောင်

# ဆင်ဖြူတောင်

# တရားတော်များ

# အမှတ် (၁)

http://www.dhammadownload.com

စာမူခွင့်ပြုချက် အမှတ် . . . . . ၁၂၅ / ၉၆ (၁)
မျက်နှာဖုံး ခွင့်ပြုချက် . . . . . ၅၅ / ၉၆ (၂)

အကြိမ် . . . . . ပထမအကြိမ်
အုပ်ရေ . . . . . ၁၀၀၀
တန်ဖိုး . . . . . ဓမ္မဒါန
ပန်းချီ . . . . . ဦးစိုးလှိုင်
ခုနှစ် . . . . . ၁၉၉၆ ခုနှစ်၊ ဧပြီလ။

ထုတ်ဝေသူ
ဦးလှစိန် (၀၃၀၇၉)
ထွန်းလှကျော်စာပေ
၂၁၉၊ အသောကလမ်း၊ ရန်ကုန်။

ပုံနှိပ်သူ
ဒေါ်စန်း (၀၂၁၇၇)
စန်းမာလာပုံနှိပ်တိုက်
၂၉ / ၉၆၊ ကန်တော်ကလေး၊ ရန်ကုန်။

http://www.dhammadownload.com


အရှင်ဂုဏိန္ဒ

(သာသနဓဇဓမ္မာစရိယ)

ဆင်ဖြူတော် စာသင်တိုက်၊

၁၀၈ တောင် ဘုရားဝင်းအတွင်း၊

(၁၀) တောင်ရပ်ကွက်၊

သာကေတ၊ ရန်ကုန်။

ဖုန်း ၅၄၀၈၅၀။

http://www.dhammadownload.com

http://www.dhammadownload.com

# မာတိကာ


| | | | |
|---|---|---|---|
| | နိဒါန်း | ... | ၁ |
| | ပဏ္ဏာမနှင့် ပဋိညာဉ် | ... | ၈ |
| ၁။ | အာနန္ဒတ္ထေရဝတ္ထု | | |
| | (အတင့်တယ်ဆုံး+ အပြုံးပိုင်ရှင်) | ... | ၁၁ |
| ၂။ | စန္ဒိမသုတ္တန် | | |
| | (လနတ်သား+ အားထားရာ) | ... | ၃၇ |
| ၃။ | သာရိပုတ္တတ္ထေရအပဒါန | | |
| | (ပညာဘုရင်+ ပညာရှင်) | ... | ၅၃ |
| ၄။ | သုဘူတိတ္ထေရအပဒါန | | |
| | (အမြတ်ဆုံးဘာဝနာ+ ပွားများပါ) | ... | ၆၇ |
| ၅။ | သုဗြဟ္မသုတ္တန် | | |
| | (ထိန့်လန့်ကင်းစင်+ မဂ်ဖိုလ်ဝင်) | ... | ၇၉ |
| ၆။ | ဝနရောပသုတ္တန် | | |
| | (အမြဲနေ့ည+ ကုသိုလ်ရ) | ... | ၉၆ |
| ၇။ | အဒိတ္တသုတ္တန် | | |
| | (မီးလောင်အိမ်မှ+ ဆွဲထုတ်ကြ) | ... | ၁၀၂ |
| ၈။ | ကိံဒဒသုတ္တန် | | |
| | (အမေးငါးဖြာ+ ဖြေကြားပါ) | ... | ၁၁၃ |
| ၉။ | ဓေတဝနသုတ္တန် | | |
| | (ရုပ်နာမ်ဆင်ခြင်+ သစ္စာမြင်) | ... | ၁၁၇ |
| ၁၀။ | မစ္ဆရိသုတ္တန် | | |
| | (မစ္ဆေရရှောင်+ ဒါနဆောင်) | ... | ၁၂၅ |
| ၁၁။ | ဇရာသုတ္တန် | | |
| | (သူခိုးဓားပြ+ ယူမရ) | ... | ၁၃၇ |
| ၁၂။ | မိတ္တသုတ္တန် | | |
| | (ခုနှောင်ဘဝ+ မိတ်ဆွေလှ) | ... | ၁၄၅ |
| ၁၃။ | ဝိတ္တသုတ္တန် | | |
| | (ချီးမွမ်းအပ်သူ+ ဘယ်လိုလူ) | ... | ၁၅၆ |

http://www.dhammadownload.com



၁၄။ ဘီတာသုတ္တန်
(နောက်ဘဝယ်+ မကြောက်ဖွယ်) ... ၁၇၁
၁၅။ ပိယသုတ္တန်
(ချစ်သလား+ မုန်းသလား) ... ၁၇၆
၁၆။ မလ္လိကာသုတ္တန်
(အချစ်ဆုံး+ အပြုံးနဲ့ဖြေ) ... ၁၉၁
၁၇။ အပ္ပမာဒသုတ္တန်
(ကောင်းကျိုးရအောင်+ သတိဆောင်) ... ၂၀၃
၁၈။ ပထမအာယုသုတ္တန်
(ကုသိုလ်ကောင်းမှု+ မြန်မြန်ပြု) ... ၂၁၅
၁၉။ ဒုတိယအာယုသုတ္တန်
(အသက်တွေက+ ဖာန်လွယ်လှ) ... ၂၂၅
၂၀။ ပရိနိဗ္ဗာနသုတ္တန်
(နောက်ဆုံးစကား+ တရားမျက်ရည်) ... ၂၂၉
၂၁။ ပီတဝိမာနဝတ္ထု
(ကောင်းကျိုးတွေက+ အတူရ) ... ၂၄၅
၂၂။ ဝဝံ အစိန္တိယာ ဗုဒ္ဓါ စသော ဂါထာ
(မကြံစည်အပ်+ အကျိုးမြတ်) ... ၂၄၉
၂၃။ ပါဠိလိပုတ္တနဂရမာပန
(နတ်တွေစောင့်ရှောက်+ ချမ်းသာရောက်) ... ၂၅၃
၂၄။ (သောတာပန္န+ တူညီရ) ... ၂၇၁
၂၅။ ပုတ္တသုတ္တန်
(မျှော်လင့်ချက်ငါးပါး) ... ၂၇၆
၂၆။ ဘောဇနာနိသံသ
(မခွဲမခွာ+ နေလိုပါသော်) ... ၂၈၅
၂၇။ ဆတ္တာနိသံသ
(အကောင်းဆုံးမှတ်+ အမြတ်ဆုံးထီး) ... ၂၈၉
၂၈။ ဒုဿာနိသံသ
(အဝတ်လှူမှု+ အဝတ်ရ) ... ၂၉၃
၂၉။ ဥပဟနာနိသံသ
(ဖိနပ်လှူကာ+ ယာဉ်ကောင်းရ) ... ၂၉၆
၃၀။ ဒီပစာရာနိသံသ
(စုံလင်လိုသူ+ ဆီမီးလှူ) ... ၂၉၉

http://www.dhammadownload.com



၃၁။ ပထမသမဓိဝိသုတ္တန်
(တွေ့ချင်မြင်ချင်+ သစ္စာရှင်) ... ၃၀၂
၃၂။ ဒီဃာယုက ဆဋ္ဌက်
(အသက်ရှည်ကြောင်း+ နည်းလမ်းကောင်း) ... ၃၀၇
၃၃။ ရဉ္ဉောမာတာ စသောဂါထာ
(မလွယ်တဲ့အမည်+ ရသွားပြီ) ... ၃၁၂
၃၄။ 'အတင့်တယ်ဆုံး+ အပြုံးပိုင်ရှင်' ဆုပေး ... ၃၂၀
၃၅။ 'လဲ နေနတ်သား+ အားထားရာ' ဆုပေး ... ၃၂၁
၃၆။ အကိတ္တိဇာတ်တော်နှင့်အညီ ဆုတောင်းရေစက်ချ ... ၃၂၃
၃၇။ မြန်မာလို ရေစက်ချစာတမ်း ... ၃၂၇
၃၈။ အနေကဇာ ဒေသနာအမွှမ်း ... ၃၂၈
၃၉။ ဝိပဿနာရှုဖွယ်ရာနှင့်
ဖြေဆည်ရာ ကဗျာလင်္ကာများ ... ၃၃၀
၄၀။ ဝိပဿနာ ဖြေဆည်ရာ ... ၃၃၁
၄၁။ အမြဲ နေ့ည ရွတ်ဆိုဆင်ခြင်ပွားများ
လက်ကိုင်ထားရမည့် ကဗျာများ ... ၃၃၁
၄၂။ ချွေသည်ငါတို့ ပြင်ဆင်စို့ ... ၃၃၂
၄၃။ နမောတေ ဂါထာ (ကဗျာ လင်္ကာ) များ ... ၃၃၃
၄၄။ ဒိဝါတပတိ ဂါထာ (ကဗျာ လင်္ကာ) များ) ... ၃၃၄
၄၅။ ဓမ္မကထိကအိတ်ဆောင် နိဂုံး ... ၃၃၈

✪

http://www.dhammadownload.com

http://www.dhammadownload.com

# နိဒါန်း

## ဘာ့ကြောင့်ထွက်လာ + ပြောစရာ

မိမိသည် တရားဟောလာခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပေပြီ။ မိမိ၏ တရားမှတ်စုများသည် ပါဠိ+ အဋ္ဌကထာ+ ဋီကာ ကောက်နုတ်ချက်များနှင့်တကွ (၄၀) ပါ (၆၀) ပါ ဗလာစာအုပ်များဖြင့် စာအုပ်ရေ (၃၀) ကျော်နေပေပြီ။

မိမိသန့်ရာသန့်ရာ ထုတ်ဝေထားသော တရားစာအုပ်တွေ များပြားစွာ ရှိနေပါလျက် "ဤစာအုပ် အဘယ်ကြောင့် ထွက်ပေါ်လာရသလဲ' ဟု သူများ တွေ မမေးမီ မိမိကိုယ်ကိုမိမိ ရှေးဦးစွာ မေးမိပါ၏။

ပြောပါရစေ၊ အပေါင်းအသင်း သူငယ်ချင်း ရဟန်းတော်များက 'အလှူ တရားလေး ရေးပေးစမ်းပါ၊ မွေးနေ့တရားလေး ရေးပေးစမ်းပါ' စသည်ဖြင့် ခဏခဏ လာ၍ မိမိထံ အကူအညီတောင်းကြပါ၏။

မိမိ၏တရားမှတ်စု စာအုပ်မှ 'ဒီသုတ္တန်နဲ့ အနက်ကို ကျက်ပြီး မြန်မာ ပြန်ကာ ပြောဟောပါ' ဟု မိမိက ညွှန်ပြပြောဆိုသောအခါ 'ဒီလောက်နဲ့ တပည့်တော်တို့ ပြောဟောဖို့ မလွယ်ကူဘူး၊ ပြောဟန်ဟောဟန်တွေပါ ရေးပေး ပါ' ဟု ဆိုလာပြန်သည်။

မိမိသည် တရားဟော+ စာချကိစ္စတွေ များလှသောကြောင့် သူငယ်ချင်း ရဟန်းတော်များ၏ လိုအင်ဆန္ဒကို မဖြည့်စွမ်းနိုင်ခဲ့ပါ။

'အချိန်ရလို့ ဟောပြောပြီးသား တရားတော်တွေကို စာအုပ်ထုတ်ဖြစ်တဲ့ အခါကျမှ ကြည့်ပါတော့' ဟု တောင်းပန်ရပါ၏။

မိမိထံ အကူအညီတောင်းကြသော သူငယ်ချင်း ရဟန်းတော်များနှင့် ကွ သာသနာ့ဝန်ထမ်း ရှင်ငယ် ရဟန်းငယ်တွေအတွက် ဟောရေးပြောရေး အခက် အခဲ ကြုံတွေ့လာရသောအခါ အကွက်ကျကျ အဆက်လှလှ မပင်မပန်း ဘဝင် ချမ်းမြ တရားနာသူတွေ ရွှင်လန်းရအောင် အားရပါးရ တရားလှတွေ ပြော ဟောတတ်ပါစေဆိုသည့် စေတနာဆန္ဒ အနန္တဖြင့် ဓမ္မကထိကအိတ်ဆောင် အမည်ရသည့် ဤတရားစာအုပ်ကို ဆိုအပ်ခဲ့ပြီးသော အကြောင်းတွေကြောင့် ထွက်ပေါ်လာရခြင်းဖြစ်တယ်' လို့ ပြောပါရစေ။

http://www.dhammadownload.com



## ရေးသားပုံမှာ + ဒီလိုပါ

ဒီတရားစာအုပ်ကို မိမိဟောပြောခဲ့သည့်အတိုင်း
၁။ မူရင်းပါဠိတော်များ+ ဂါထာများ။
၂။ မရှည်+ မတို လိုရင်းအနက်များ။
၃။ မြန်မာပြန် အဓိပ္ပာယ်များ။
၄။ အကျဉ်းချုပ် ကဗျာ လင်္ကာများဖြင့် ဤကဲ့သို့ လေးပိုင်းပိုင်းပြီးလျှင် တရားတော်ကို တင့်တယ်အောင် မွမ်းမံခြယ်သ အလှဆင်ကာ တင်ပြရေးသား ထားပါ၏။

## ခေတ်ဆန်တာလား + တရားအမည်

မိမိသည် တရာဟောသောအခါ မူရင်းသုတ္တန်ပါဠိ ဇာတ်တော်လာ အကြောင်းအရာတို့ကို ကြည့်ရှုပြီး တရားသားမပျက်အောင် တရားနာသူတွေ၏ နားနှင့် သင့်တော်လိုက်လျောမည့် မြန်မာလို တရားအမည်ပေးပြီး တရားဟော ပါ၏။

သရုပ်ပျက်သော၊ ကလေးကလားဆန်သော၊ အညှိအဟောက်သံပါသော၊ သဘာဝမကျသော၊ ရသမမြောက်သော သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့နှင့် မသင့်လျော်သော အဟောအပြော အမည်ပေးမှုတွေကို ကင်းနိုင်သမျှကင်း ဝေးနိုင်သမျှဝေးရအောင် အမြဲရှောင်ရှားထားပါ၏။

ဤကဲ့သို့ တရားမည်ကလေးတွေပေး၍ ဟောကြားမှုကို 'ခေတ်ဆန်တာ လား+ တရားအမည်' လို့ မေးကြ ပြောကြပါ၏။

## ခေတ်နှင့်ညီတာ + ပြောလိုပါ

ယနေ့မျက်မှောက်ခေတ် လူသားများသည် စားရေး ဝတ်ရေး နေထိုင်ရေး နှင့် ရေးပေါင်းများစွာအတွက် လှုပ်ရှားရုန်းကန် လောကဓံ မုန်တိုင်းကို အလူး အလဲ ခံနေရသူများဖြစ်သဖြင့် တရားပါဠိတွေ အမည်တွေကို မှတ်မိဖို့ မလွယ်ကူ ကြပါ။

တရားဟောသူ မိမိ၏တရားပါဠိတွေ၊ အမည်တွေ၊ အကြောင်းအရာတွေ

http://www.dhammadownload.com



ကို မမှတ်မိစေကာမူ တရားဟောသူမိမိက ပေးလိုက်သော မြန်မာလိုတရားအမည်လေးကို မှတ်မိပါလျှင် တော်သေး၏ဟု ဤကဲ့သို့ ဓမ္မဒါယကာ စေတနာဆန္ဒ အနုနည်းဖြင့် ကြံဆအတည် ခေတ်နှင့်ညီစွာ မြန်မာလို တရားအမည်ပေးပြီး ဟောကြားခြင်းသည် တရားနာသူတွေ မှတ်သားလို့ လွယ်ကူသည့်အတွက် 'ခေတ်နှင့်ညီတာ' ကို ပြောပြလိုပါ၏။

## တရားအမည်ပေးနည်း + နိဿယရည်း

တရားအမည်ပေးသောအခါ များသောအားဖြင့် အစအလယ်၌ တရားအမည်ပေါ်သွားသော အမည်မျိုးကို မပေးပါ။ ပြီးခါနီးမှ တရားအမည်ပေါ်သော အမည်များကို ပေးပါ၏။

တရားနာပရိသတ်၏ စိတ်ဓာတ်ကို တရားအမည်နှင့် နာကြားချင်အောင် မှတ်သားလွယ်ကူအောင် ဆွဲဆောင်မှု အင်အားတစ်ခုဖြစ်ပါ၏။

တရားလည်းပြီး တရားအမည်လည်းပေါ် 'သြော် ဒီလိုဆိုလိုတာပါလား' ဟု သဘောပေါက် နားလည်စေချင်၍ တရားပြီးခါနီးမှ တရားအမည်ကို ပေးရခြင်းဖြစ်ပါ၏။

တရားအမည်ပေးပြီး ဟောကြားလိုသူတွေအတွက် 'တရားအမည်ပေးနည်း+ နိဿရည်း' ကိုလည်း ထည့်သွင်းရေးလိုက်ပါ၏။

## မကြိုက်လည်းချန် + ကြိုက်လည်းပန်

မူရင်းပါဠိတော် ကြိုက်သူများအတွက် မူရင်းပါဠိတော်၊ အကျဉ်းချုပ် ဂါထာ ကြိုက်သူများအတွက် အကျဉ်းချုပ် ဂါထာ၊ အနက်လှလှတွေကို ကျက်မှတ်ဟောပြောလိုသူတွေအတွက် အကွက်ကျကျ ရေးထားတဲ့ ကဗျာလင်္ကာ အနက်လှလှလေးတွေ၊ ဘာသာပြန်အတွက် ရှာကြံရမှာခက်နေသူတွေအတွက် ရှာကြံရတာ လွယ်ကူအောင် ဘာသာပြန်မှုလေးတွေ၊ ရှင်းထုတ်ထားတဲ့ အဓိက အကျဉ်းချုပ်ဆိုင်ရာ ကဗျာလင်္ကာများကို လိုလားနှစ်သက်သူတွေအတွက် ကဗျာလင်္ကာပေါင်းများစွာ လိုရာလိုရာ ပိုမပါဘဲ တိုထွာအရှည် အလီလီရေးပြထားသည့် ဤတရားစာအုပ်ထဲမှ ရေးပြသမျှတွေကို မကြိုက်လည်းချန် ကြိုက်လည်းပန်ပါ။

http://www.dhammadownload.com



## ဖြေလည်းဖြေကာ ပြေလည်းပြေပါပြီ

စာရေးသူ၏ 'ဓမ္မကထိကအိတ်ဆောင်' ဆင်ဖြူတောင်တရားတော်များသည် ဟောလို ပြောလို ကြည့်ရှုလိုသူတို့အား

ဟိုအာကာဝေဟင် အထက်ကောင်းကင်က ကြယ်တာရာလှလှလေးတွေ ခစားဝန်းရံပြီး ဆင်းလှံ့ရွှန်းပနေသည့် ရွှေလမင်းကြီးလို အလင်းကို မပေးစွမ်းနိုင်စေကာမူ ကြယ်ရောင်ကလည်း မလင်း၊ လမင်းကလည်း မသာသော ညအခါမျိုး၌ မြေပြင် မနိမ့်မမြင့်မှာ သူ့အလှ သူ့ဘဝ သူ့အလင်းနှင့် မှိတ်တုတ် မှိတ်တုတ် အလင်းမြူးနေသည့် ပိုးစုန်းကြူး၏ အရောင်အလင်းလောက်မျှ ပေးစွမ်းဆောင်ရွက်နိုင်သည်ဟု ဆိုပါလျှင် စမ်းရေပမာ အေးမြမိပါပေပြီ။

မှေးမှေးမှိန်မှိန် အရှိန်အလင်း တကယ်မပြင်းလှသည့် ကျေးတောရွာက ဆီမီးခွက်လေး၏ အလင်းရောက်လောက်မျှ ပေးစွမ်းနိုင်သည်ဟုဆိုပါလျှင် ဤတရားစာအုပ် ကြိုးပမ်းရေးသားရကျိုးနပ်ပါပြီ။

ဟောလို ပြောလို့ ကြည့်ရှုလိုသူ၏စိတ်ထဲမှာ တစ်လုံးလောက်မျှ တစ်ပုဒ်လောက်မျှ နှစ်သက်သဘောကျသည်ဆိုပါလျှင် နေ့စဉ်ညစဉ် အတွေးဝင်၍ တစ်လကျော်ကျော် စီရင်ရေးသားရသည့် ပင်ပန်းမှု နွမ်းနယ်မှု အစုစုတွေကို စာပြုသူ၏ ရွှေရင်အသည်း စိတ်နှလုံးထဲမှာ ဖြေလည်းဖြေမိကာ ပြေလည်းပြေပါပြီ။

*အာကာဝေဟင်၊ ထက်ကောင်းကင်၌၊ ပျောက်ပိုက်ကြယ်များ၊ ခစားဝန်းရံ ဆင်းလှံ့ပဝင်း၊ ရွှေလမင်းလို၊ လင်းမပိုလည်း၊ မကြီးမမား၊ သူ့အားကွန့်မြူး၊ ပိုးစုန်းကြူးမျှ၊ အလင်းရအောင်၊ ပေးစွမ်းဆောင်လျှင်၊ အေးစမ်းအသွင် အေးမိပြီ။

*အာကာဝေဟင်၊ ထက်ကောင်းကင်၌ ပျော်ပိုက်ကြယ်များ၊ ခစားဝန်းရံ၊ ဆင်းလှံ့ပဝင်း၊ ရွှေလမင်းလို၊ လင်းမပိုလည်း၊ ဆီမီးခွက်လေး၊ မှေးမှေးမှိန်မှိန်၊ အရှိန်မပြင်း၊ ရောင်အလင်းမျှ၊ ဆောင်စွမ်းပြုလျှင်၊ ကြိုးပမ်းရကျိုးနပ်ပါပြီ။

* တစ်လုံးလောက်မျှ၊ တစ်ပုဒ်မျှပင်၊ စာရှုရင်ထဲ၊ စာအသည်းကြား၊ နှလုံးသားတွင်၊ နှစ်သက်လျှင်ကား၊ ရေးညွှန်ပြဆို၊ ရဟန်းပျိုလွင်၊ စာအရှင်၏၊ နေ့စဉ်ပင်ပန်း၊ နေ့စဉ်နွမ်းမှု၊ အစုစုတွေ၊ ဖြေလည်းဖြေကာ၊ ပြေလည်း ရွှေရင် ပြေပါပြီ။

http://www.dhammadownload.com



## တရားဟောရာ + ညွှန်ကြားလွှာ

တရားတို့မှကြိုက်သော ဤခေတ် ဤလောကကြီးမှာ နံနက်ဆွမ်းကပ်၊ နေ့ဆွမ်းကပ်များ၌ တရားဟောသောအခါ ပါဠိအနည်းငယ်ရွတ်ပြီး မြန်မာစကား ပြေ အဓိပ္ပာယ်ပြန်ပြောကာ တရားကို အတိုချုံးပြီး ဟောပြပါ။

တရားအတွက် (၁၅) မိနစ်ထက်မပိုသင့်ပါ။ သီလပေး၊ ပရိတ်ရွတ်၊ တရားဟော၊ ရေစက်ချ အားလုံးပေါင်း မိနစ် (၃၀) နှင့် အပြီးသတ်ပါ။

စာရေးသူကား အလှူပွဲကြီးများ၊ ညတရားပွဲကြီးများပါ ဟောပြောနိုင် အောင် အချို့တရားတော်များကို ပြည့်ပြည့်စုံစုံ ရေးသားတင်ပြထားခြင်း ဖြစ်ပါ သည်။

အလှူပွဲကြီးများ၊ ညတရားပွဲကြီးများ၌ကား ပါဠိ အနက်အဓိပ္ပာယ်၊ ကဗျာ၊ လင်္ကာအားလုံး အသုံးပြုပြီး စိတ်ကြိုက်ဟောပြောနိုင်ပါသည်။

အမေး အဖြေကိုလည်း ဟောပြောလိုသူ၊ ကြည့်ရှုလိုသူ တရားနာသူတွေ သဘောပေါက်အောင် ရေးထည့်ထားခြင်း ဖြစ်ပါသည်။ ကာလ ဒေသ ပုဂ္ဂလ ကိုကြည့်ရှုပြီး အသုံးပြုပါ။ စာရေးသူ ရေးထားတာအားလုံး အသုံးပြုစရာ မလိုပါ။ ဉာဏ်ရှိသလို အသုံးပြုပါ။

## မှတ်ချက်ကြည့်ကာ ဟောကြားပါ

တရားတစ်ပုဒ်ဆုံးတိုင်း 'ဤတရားတော်ကို ဘယ်လိုပွဲတွေမှာ ဟော ကြားသင့်တယ်' ဆိုသည့် မှတ်ချက်များ ရေးထည့်ထားပါ၏။ မိမိဟောလိုသည့် တရားပွဲအတွက် ထိုမှတ်ချက်ကိုကြည့်ရှုကာ ဟောကြားပါ။

## ဝေဆာစုံညီ ပါ ဋ္ဌ ဋီ

ဟောလို ပြောလို ကြည့်ရှုလိုသူအားလုံးအတွက် ပါဠိကြိုက်လျှင် ပါဠိ၊ အဋ္ဌကထာကြိုက်လျှင် အဋ္ဌကထာ၊ ဋီကာကြိုက်လျှင် ဋီကာ လိုရာလိုရာ အလွယ်တကူ မပင်မပန်း ရှင်လန်းကြည်သာ ဆောင်နိုင်ပါစေခြင်းအကျိုးငှာ ပါဠိတော်နှင့်တကွ အဋ္ဌကထာ ဋီကာကောက်နုတ်ချက်တို့ဖြင့် ဝေဝေဆာဆာ သေသေချာချာ စုံစုံလင်လင် ရေးပြထားပါ၏။

http://www.dhammadownload.com



## ဆောင်ထားနိုင်စေ တောင်းဆုချွေ

ပါဠိတော်နှင့်တကွ အဋ္ဌကထာ ဋီကာ ကောက်နုတ်ချက်တွေကိုလည်း ဟောလို ပြောလို ကြည့်ရှုလိုသူတို့၏ အိတ်ထဲ စိတ်ထဲမှာ အမြဲတစေ ဆောင်ထားနိုင်ပါစေဟု တောင်းဆုချွေလိုက်ပါ၏။

## အနုဿတိမေတ္တာ + မမေ့ပါ

မိမိကဲ့သို့ ရေးတတ်၊ ဟောတတ်၊ ပြောတတ်၊ နေတတ်၊ ထိုင်တတ်အောင် အာမိသ ဓမ္မ နှစ်ဌာနဖြင့် ထာဝရ ချီးမြှောက်ကြသည့် အနုဿတိမေတ္တာ ကျေးဇူးရှင်ဆရာတော်များမှာ

၁။ ဘဒ္ဒန္တဥတ္တမ- သဒ္ဓမ္မကာရီကျောင်းတိုက်၊ ပျားကြီးတောင်ရပ်၊ ရေနံချောင်းမြို့။

၂။ ဘဒ္ဒန္တသဒ္ဓမ္မ- ဝဲမရွာကျောင်း၊ ဆိပ်ဖြူမြို့နယ်။

၃။ ဘဒ္ဒန္တရာဇိန္ဒ (မဟာဂန္ထဝါစကပဏ္ဍိတ)၊ ရွှေပြည်ဟန်စာသင်တိုက်၊ မော်လမြိုင်ကျွန်းမြို့။

၄။ ဘဒ္ဒန္တသောဘန (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တတေဇနိယ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တဇနိတ၊ ဘဒ္ဒန္တနန္ဒန၊ ဘဒ္ဒန္တသာဂရ၊ ရွှေတောင်ပါဠိတက္ကသိုလ်၊ ရေနံချောင်းမြို့။

၅။ ဘဒ္ဒန္တဇောတိပါလ (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တမုနိန္ဒာဘိဝံသ၊ ဘဒ္ဒန္တကုဓေရာဘိဝံသ၊ ဘဒ္ဒန္တစိန္တိတာဘိဝံသ၊ ဘဒ္ဒန္တမုနိက ကြခတ်ဝိုင်းစာသင်တိုက်၊ ပဲခူးမြို့။

၆။ ဘဒ္ဒန္တတိလောကာဘိဝံသ၊ ရွာမ ပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့။

၇။ ဘဒ္ဒန္တသောဘန (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တအဂ္ဂဝံသ၊ ဘဒ္ဒန္တစိတြ၊ ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ညောင်တုန်း ပါဠိတက္ကသိုလ်၊ ဗဟန်း၊ ရန်ကုန်မြို့တို့ ဖြစ်ကြပါသည်။

ထိုဆရာတော်များ၏ အနုဿတိမေတ္တာ အဖြာဖြာကို မကြာနေ့ည သတိရကာ မမေ့ပါဘဲ ဤစာရေးပြု မြတ်ကောင်းမှုဖြင့် လေးမြတ်ကော်ရော် ထိုဆရာတော်များကို ပူဇော်ပါ၏။

http://www.dhammadownload.com



## ထိုမှတစ်ပါး + မေတ္တာပွား

ထိုအထက်ဖော်ပြပါ သင်ဆရာတို့၏ မေတ္တာများမှတစ်ပါး၊ မြင်ဆရာ၊ ကြားဆရာတို့၏ မေတ္တာများ၊ မိဘနှစ်ပါးတို့၏မေတ္တာများ၊ ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းကြသည့် ရဟန်းဒါယကာ ရဟန်းဒါယိကာမ၊ ဆွမ်းဒါယကာ ဆွမ်းဒါယိကာမ၊ သင်္ကန်းဒါယကာ သင်္ကန်းဒါယိကာမ၊ ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမ၊ ဆေးဒါယကာ၊ ဆေးဒါယိကာမ၊ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် လှူဒါန်းကြသည့် စာအုပ်ဒါယကာ စာအုပ်ဒါယိကာမတို့၏ အနန္တမေတ္တာများကိုလည်း နေ့နေ့ညည သတိရကာ ဤစာရေးပြု မြတ်ကောင်းမှုဖြင့် ကျေးဇူးသိကာ အထူးကျေးဇူးဆပ်ပါသည်။

## အထူးအစဉ် + ကျေးဇူးတင်လွှာ

မိမိ၏ ဤကျမ်းစာနှင့်ပတ်သက်၍ ပိုသမျှဖျက်၊ လိုသမျှ ဖြည့်စွက်ပြီး တည်းဖြတ်ပြင်ဆင်ပေးသည့် ရန်ကုန်တိုင်း ဒဂုံမြို့သစ် မြို့နယ်တောင်ပိုင်း ပညာသိပ္ပံကျောင်းတိုက်၊ ပဓာနနာယက ဆရာတော်အရှင်ပညာစက္က (ဓိဋ္ဌိပြဟ်ပြုနည်း+ နိဿရည်းကျမ်းပြု ဘုန်းကြီးကျောင်းသား ဓမ္မာစရိယ) အား အထူးကျေးဇူးတင်ကြောင်း ဤစာအုပ်တွင် မှတ်တမ်းတင်အပ်ပါ၏။

'ပိုတာကိုဖျက်၊ လိုတာစွက်၍၊ သင့်ချက်ယူရေး၊ ပြင်ဆင်ပေးလာ၊ အရှင်ပညာစက္က၊ မြတ်ထေရ်ရအား၊ နေ့ညအစဉ်၊ ကျေးဇူးတင်၏'။

အရှင်ပုညာနန္ဒ (သာသနဓဇဓမ္မာစရိယ)
ဆင်ဖြူတောင်စာသင်တိုက်၊
(၁၀၈) တောင် ဘုရားဝင်းအတွင်း၊
(၁၀) တောင်ရပ်ကွက်၊
သာကေတ၊ ရန်ကုန်။
၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်။
၃၊ ၇၊ ၉၅ (တနင်္လာနေ့)။

http://www.dhammadownload.com

# ယောလို ပြောလို ကြည့်ရှုလိုသူများအတွက် ဓမ္မကထိကအိတ်ဆောင် ဆင်ဖြူတောင် တရားတော်များ

ပဏာမံနှင့် ပုဗ္ဗညာဉ်

(က) ဂုဏိန္ဒံ ဝေဂုဏာနန္ဒံ၊ ဂုဏိကံ ဂုဏသာမိကံ။
ဂုဏောဟိ ပါကဋံ နာထံ၊ ဂုဏဒံ ဂုဏဒေသကံ။

(ခ) ဓမ္မံ သံဃဉ္စ အာစေရံ၊ ဝန္ဒာမိ အဘိသာဒရံ၊
အတ္ထာယ ယုဝဘိက္ခုနံ၊ မေတ္တာစိတ္တေန သာဓုကံ။
နာနာဂန္ထေ သုနိဿာယ၊ ဂ္ဂမ်ဂန္ထံ ကရောမိဟံ။

(က) ဂုဏိန္ဒံ– ရေတွက်ပိုင်းခြား၊ မရခြားသည့်၊ များပြားအဖုံဖုံ၊ ဂုဏ်တော် အနန္တ၊ မှန်သမျှကို၊ စံပြအနေ၊ အစိုးရတော်မူပေထသော။ ဝေ– စင်စစ် ဧကန်၊ အမှန်တကယ်ပင်။ ဂုဏာနန္ဒံ– သီလ, သမာ ဓိ+ ပညာဂုဏ်၊ အလုံးစုံကို၊ အကုန်လွှန်စွာ၊ နှစ်သက်တော်မူတတ်ပါပေထသော။ ဂုဏိကံ– ရေတွက်ပိုင်းခြား၊ မရခြားသည့်၊ များပြားဖုံဖုံ၊ ဂုဏ်တော်အနန္တ၊ မှန်သမျှတွေ၊ ရှိတော်မူပါပေထသော။ ဂုဏသာမိကံ– ဂုဏ်ပိုင်ဂုဏ်ရှင်၊ ဂုဏ်ဘုရင်စစ်၊ ဖြစ်တော်မူပါပေထသော။ ဂုဏောဟိ– ရေတွက်ပိုင်းခြား၊ မရခြားသည့်၊ များပြားဖုံဖုံ၊ ဂုဏ်တော်အနန္တ၊ မှန်သမျှတို့ဖြင့်။ ပါကဋံ– လူ့ဘုံ+ နတ်ဘုံ၊ ဗြဟ္မာဘုံတိုင်၊ ပျံ့လှိုင်ကျော်ကြား၊ ထင်ရှားတော်မူပေထ သော။ ဂုဏဒံ– ခုနောင်ဘဝ၊ ချမ်းသာရကြောင်း၊ ဂုဏ်အပေါင်းကို၊ ထောင်သောင်းမက၊ အောင်ကောင်းရအောင်၊ မုချပုံသေ၊ ပေးဝေတော်မူ တတ်ပါပေထသော။ ဂုဏဒေသကံ– နတ် လူ ဗြဟ္မာ၊ သတ္တဝါဝေနေ၊ မင်္ဂဖိုလ်ရေသောက်၊ နိဗ္ဗာန်ရောက်ရေး၊ ဤအတွေးဖြင့်၊ မနေးခါခါ၊ စေတနာသုံး၊ ဝေဆာပြုံးလှိုင်၊ အဆုံးတိုင်အေး၊ ပြီးနိုင်ရေးတွက်၊ လေး လေးနက်စွာ၊ မေတ္တာတစ်သွယ်၊ သစ္စာခြယ်ပြု၊ ကရုဏာထား၊ ဂုဏ် တရားကို၊ မနားမပြတ်၊ ဟောကြားတော်မူတတ်ပါပေထသော။ နာထဉ္စ– လူ နတ် ဗြဟ္မာ၊ သတ္တဝါ၏၊ အားထားရာဖြစ် ဘုရားစစ်ကိုလည်း ကောင်း။

http://www.dhammadownload.com



(ခ) ဓမ္မဥ္စ– မဂ်ဖိုလ်နိဗ္ဗာန်၊ ဓမ္မက္ခန်ဟု၊ ဆယ်တန်သတ်မှတ်၊ တရားတော်မြတ်ကိုလည်းကောင်း။ သံဃဥ္စ– သမုတိ အရိယာ၊ နှစ်ဖြာအကောင်း၊ သံဃာတော်အပေါင်းကိုလည်းကောင်း။ အာစေရဥ္စ– လောကသာသနာ၊ အရာရာပြီးမြောက်၊ ခရီးရောက်အောင်၊ ချီးမြှောက်နှေ့ညာ၊ ထာဝရကောင်း၊ ဆရာအပေါင်းကိုလည်းကောင်း။ အဟံ– ဂုဏ်ပိုင်စိုးရ၊ ဂုဏဝိန္ဒဟု၊ နာမပြုခေါ်၊ တပည့်တော်သည် (ဝါ) စာချစာသင်၊ တာဝန်လုပ်ငန်း၊ ကိုယ်တိုင်ထမ်းချ၊ ရန်ကုန် သာကေတဌာ၊ ဆင်လှရတနာ၊ မြင်ကြပါစေ၊ ဤအနေဖြင့်၊ ရည်ရွယ်အတိတ်၊ ရည်နိမိတ်ဆောင်၊ ဆင်ဖြူတောင်သမိုက်၊ စာသင်တိုက်ဝယ်၊ နှစ်ခြိုက်ရွှင်ပြုံး၊ သီတင်းသုံးစာချ၊ တရားလှရေးဝေ၊ တရားတွေဟောပြ၊ ပဓာန နာယကဟု၊ စာလှပြုခေါ်၊ တပည့်တော်သည်။ အဘိသာဒရံ– ရတနာသုံးပါး၊ ဆရာများဂုဏ်၊ အလုံးစုံကို၊ အကုန်အရေးထား၊ အလွန်ကြည်ညိုလေးစားလှစွာ။ ဝန္ဒာမိ– ဘေးအတန်တန်၊ ရန်အသွယ်သွယ်၊ အန္တရာယ်ကင်းပျောက်၊ ကျမ်းပြီးမြောက်ရန်၊ အဓိဋ္ဌာန်ဖြင့်၊ စိတ်အကြံမြင့်မြတ်၊ မပြတ်ခါခါ၊ မြတ်သဒ္ဓါသုံး၊ ဝေဆာပြုံးကာ၊ ရှိခိုးကန်တော့ လိုက်ပါ၏ဘုရား။ ဝိန္ဒိတွာ– ကိုယ်နှုတ်နှလုံး၊ သုံးပါးပျောင်းပျော့၊ မာန်ကိုလျှော့၍၊ ကန်တော့မြတ်နိုး၊ ရှိသေစွာရှိခိုးပြီး၍။ ယုဝတိက္ခုန့်–ပါဠိ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်၊ အတန်တန်၌၊ ကြည့်ရန်ဝန်လေး၊ အပြေးအလွှား၊ တရားတစ်ပွဲ၊ တစ်အားခဲ၍၊ ဟောရဲအောင်ပင်၊ အလွန်ပင်ပန်း၊ မရွှင်လန်းဘဲ၊ ဟောခန်းတွေ့ကြုံ၊ ဓာဝေးတုန်ကျ၊ ယုဝခေါ်ဆို၊ ရဟန်းပျိုစစ်၊ ရဟန်းသစ်ကလေးတို့၏။ အတ္ထာယ– မပင်မပန်း၊ ဘဝင်ချမ်းမြ၊ ရွှင်လန်းအားရစွာ၊ ဟောပြပြောပြနိုင်ပါစေခြင်းအကျိုးငှာ (ဝါ) အသည်းအေးတွင်၊ ရဲဆေးတင်၍၊ အဆင်လှလှ၊ ဘဝင်ကျအောင်၊ ရွှင်ပျပိုင်ပိုင်၊ ဟောပြောပြသနိုင်ပါစေခြင်းအကျိုးငှာ။ မေတ္တာစိတ္တေန– ဟောခန်း ပြောခန်း၊ မမောမပန်းအောင်၊ ရှေ့ဆောင်လမ်းပြ၊ မေတ္တာလှသုံး၊ စိတ်နှလုံးဖြင့်။ သာရကံ– ပါဠိတစ်ချက်၊ အနက်တစ်သွယ်၊ အဓိပ္ပာယ်တစ်ဖြာ၊ ကဗျာ လင်္ကာတစ်မျိုး၊ အဆာတိုးကာ၊ ကောင်းမွန်စွာပင်။ နာနာဂန္ထေ– ပါဠိ အဋ္ဌကထာ၊ ဋီကာတစ်ဝ၊ နိဿယ တစ်တန်၊ ဘာသာပြန်တစ်သွယ်၊ တင့်တယ်ထူးခြား၊ ကျမ်းဂန်အများတို့ကို။ သုနိဿာယ– ကောင်းစွာကြည့်ရှု၊ အမှီပြု၍။ အဟံ– ရန်ကုန်

http://www.dhammadownload.com



သာကေမြို့ရှာနေ၌၊ စာပေပို့ချ၊ တရားလှ ရေးဝေ၊ တရားတွေဟောပြ၊ ဂုဏ်နှပဟု၊ နာမပြုခေါ်၊ ငါ ရဟန်းတော်သည်။ ကုမ်ဂဏ္ဍ– ဓမ္မကထိက အိတ်မှာ၊ သွားလေရာသို့၊ ယူကာယူကာ၊ အလွယ်သာလျှင်၊ တွယ်တာ ခင်၍၊ မမေ့မှန်စွာ၊ ဆောင်သင့်ပါသည့်၊ ဓမ္မကထိကအိတ်ဆောင်၊ တရားရောင်ထွန်းပြ၊ အမည်လှစွာ၊ ဤကျမ်းဂန်စာကို။ ကရောမိ– ဟောလို ပြောလို၊ ကြည့်ရှုလိုသူ၊ များရှင်လူအတွက်၊ အခက်အခဲ၊ တစ်အုပ်တည်းဖြင့်၊ ဖျက်ခွဲနိုင်စေ၊ ရည်ရွေစိတ်ထား၊ တရားအလှူ၊ ဖြစ်စေဟူ၍၊ စိတ်ဖြူသုံးသပ်၊ အပြီးဓာတ်ဖော်၊ ဆုံးဖြတ်ပျော်ကာ၊ ရေး သားဖြန့်ဝေ၊ ပြုစုလိုက်ပါပေတော့အံ့။ ကရောမိ– တစ်လကျော်မျှ အချိန် ရှိခိုက်၊ လုံ့လစိုက်၍၊ နှစ်မြိုက်ကောင်းစွာ၊ ရေးသားလိုက်ပါပေတော့အံ့။ ကရောမိ– သာသာနာ့တာဝန်၊ ကျေစေချင်၍၊ အလွန်ပင်ပန်း၊ အလွန် နွမ်းမှု၊ ဂရုမထား၊ သဒ္ဓါအားဖြင့်၊ ကြိုးစားသေချာ၊ ရေးသားပြုစု လိုက်ပါပေအံ့။ ကရောမိ– သာသနာ့အတွက်၊ ငါ့လက်ငါ့ခြေ၊ ဖြစ်ပါစေ ဟု၊ စစ်ဖွေသုံးသပ်၊ အပြီးဓာတ်ဖော်၊ ဆုံးဖြတ်ပျော်ကာ၊ ရေးသားဖြန့်ဝေ၊ ပြုစုလိုက်ပါပေတော့အံ့သတည်း။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ် + ဓမ္မပဒပါဠိတော်+ ဗြာဟ္မဏဝဂ်+
အာနန္ဒတ္ထေရဝတ္ထုကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော
'အတင့်တယ်ဆုံး+ အပြုံးပိုင်ရှင်'
တရားတော်

ဒိဝါတပတိတိ ဣမံဓမ္မဒေသနံ သတ္ထာ မိဂါရမာတုပါသာဒေဝိဟရန္တော အာနန္ဒတ္ထေရံ အာရဗ္ဘ ကထေသိ။ (ဓမ္မပဒဋ္ဌ ၂- ၃၉၆)

ဒိဝါတပတိတိ ဣမံဒေသနံ- ဒိဝါတပတိစသော ဤတရားဒေသနာတော်ကို။ သတ္ထာ- လူနတ်ဗြဟ္မာ၊ ဆရာတစ်ဆူ ဖြစ်တော်မူသော သုံးလောကထွဋ်တင် ဘုရားရှင်ကိုကိုယ်တော်မြတ်သည်။ မိဂါရ မာတု ပါသာဒေ- မိဂါရသူဌေး၏ အမိသဖွယ်ဖြစ်သော ဝိသာခါ၏ ပြာသာဒ်၌။ ဝိဟရန္တော- သီတင်းသုံးရှင်ပျော်၊ နေထိုင်တော်မူလျက်။ အာနန္ဒတ္ထေရံ- ဧတဒဂ်ငါးတန်၊ ရာထူးခံသည့်၊ အာနန္ဒာ ခေါ်မှတ်၊ မထေရ်မြတ်ကို။ အာရဗ္ဘ- အကြောင်းပြု၍။ ကထေသိ- ကရုဏာ ရှေ့ဆော်၊ မေတ္တာတော်ဖြင့်၊ ဖွင့်ဖော်ကောင်းစွာ၊ ဟောကြားတော်မူလိုက်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ဟောဒီ ဒိဝါတပတိအစရှိတဲ့ ဂါထာတော်နဲ့ တန်ဆာဆင်ထားတဲ့ 'အတင့်တယ်ဆုံး+ အပြုံးပိုင်ရှင်' ဆိုတဲ့ တရားတော်ကို ဘုရားရှင် ကိုယ်တော်မြတ် မိဂါရသူဌေးရဲ့အမိသဖွယ်ဖြစ်တဲ့ ဝိသာခါကျောင်းအစ်မရဲ့ ပြာသာဒ်မှာ သီတင်းသုံးနေတော်မူတဲ့ အချိန် ဧတဒဂ်ငါးတန် ရာထူးခံထားတဲ့ ရှင်အာနန္ဒာ ကိုယ်တော်မြတ်ကို အကြောင်းပြုပြီးတော့ ဟောကြားတော်မူခဲ့ပါတယ်။

မေး။ ဘယ်သူ့ကို အကြောင်းပြုပြီးတော့ ဟောခဲ့သတဲ့လဲ။

ဖြေ။ ရှင်အာနန္ဒာကို အကြောင်းပြုပြီးတော့ ဟောခဲ့ပါတယ်ဘုရား။

မေး။ ရှင်အာနန္ဒာကိုယ်တော်မြတ် ဧတဒဂ် ဘယ်နှစ်မျိုးရသတဲ့လဲ။

ဖြေ။ ငါးမျိုး ရပါတယ်ဘုရား။

http://www.dhammadownload.com



## တေဒဂ်ငါးတန်

(၁) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဗဟုဿုတာနံ ယဒိဒံ အာနန္ဒော။

ဘိက္ခဝေ– ရဟန်းတို့။ မမ– တရားသိထား၊ ငါဘုရား၏။ သာဝကာနံ– တပည့်ဖြစ်ကုန်သော။ ဗဟုဿုတာနံ– များသောအကြား အမြင် ရှိကြကုန်သော။ ဘိက္ခူနံ– ရဟန်းတော်တို့တွင်။ ယဒိဒံ– ယောအယံအာနန္ဒော= အကြင် အာနန္ဒာသည်။ အတ္ထိ– ရှိ၏။ ဧတံ– သော= ထိုအာနန္ဒာသည်။ အဂ္ဂံ– အဂ္ဂေါ= အသာဆုံးမှတ်၊ အမြတ်ဆုံး စစ်၊ အဖြစ်ကြီး ဖြစ်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

(၁) ရှင်အာနန္ဒာ ကိုယ်တော်မြတ် အကြားအမြင် ဗဟုသုတများတဲ့ နေရာမှာ အသာဆုံး အမြတ်ဆုံးပါ။

(၂) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သတိမန္တာနံ ယဒိဒံ အာနန္ဒော။

ရဟန်းတို့ ငါဘုရားရဲ့ တပည့်ဖြစ်ကုန်တဲ့ မြတ်စွာဘုရား ဟောတော်မူထားတဲ့ တရားတော်တွေကို မမေ့မပျောက်အောင် မှတ်သားထားနိုင်တဲ့ သတိရှိသူ ရဟန်းတော်တွေထဲမှာ အာနန္ဒာ အမြတ်ဆုံးပါ။ (သတိကောင်းသူတွေထဲမှာ အာနန္ဒာ အသာဆုံး အမြတ်ဆုံးပါ။

(၃) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဂတိမန္တာနံ ယဒိဒံ အာနန္ဒော။

မြတ်စွာဘုရား ဟောတဲ့အတိုင်း အားလုံးသောပုဒ်တို့ကိုသိနိုင်တဲ့ ဉာဏ်ပညာရှိသူတွေထဲမှာ ရှင်အာနန္ဒာကိုယ်တော်မြတ် အသာဆုံး အမြတ်ဆုံး ပါ။

(၄) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဓိတိမန္တာနံ ယဒိဒံ အာနန္ဒော။

မြတ်စွာဘုရားရဲ့ တရားတော်တွေကို သင်ယူခြင်း၊ ရွတ်အံခြင်း၊ မှတ်သား ဆောင်ရွက်ထားခြင်း၊ မြတ်စွာဘုရားအား ဝတ်ကြီး ဝတ်ငယ် ပြုစုခြင်းတို့၌ လွန်ကဲသော ဝီရိယရှိသူတွေထဲတွင် ရှင်အာနန္ဒာကိုယ်တော်မြတ် အသာဆုံး အမြတ်ဆုံး ဖြစ်တော်မူပါတယ်။

(၅) တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဥပဋ္ဌာကာနံ ယဒိဒံ အာနန္ဒော။

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်မြတ်အား လုပ်ကျွေးပြုစုသူတွေထဲမှာ ရှင်အာနန္ဒာ အသာဆုံး အမြတ်ဆုံးဖြစ်တယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ။

၁။ ကြားမြင်များရာ၊ အာနန္ဒာ၊ မှန်စွာ အမြတ်ဆုံး။

၂။ သတိရှိရာ၊ အာနန္ဒာ၊ မှန်စွာအမြတ်ဆုံး။

၃။ အသိပညာ၊ အာနန္ဒာ၊ မှန်စွာအမြတ်ဆုံး။

၄။ လုံ့လကြီးရာ၊ အာနန္ဒာ၊ မှန်စွာအမြတ်ဆုံး။

၅။ ပြုစုရာမှာ၊ အာနန္ဒာ၊ မှန်စွာအမြတ်ဆုံး။

အဲဒီလို ရှင်အာနန္ဒာကိုယ်တော်မြတ် ဧတဒဂ်ငါးတန် ရာထူးခံတော်မူပါတယ်။ ရှင်အာနန္ဒာကိုယ်တော်မြတ်လို ဧတဒဂ်ငါးတန် အသာဆုံး၊ အမြတ်ဆုံး ရာထူးခံယူနိုင်အောင် ကုသိုလ်ကောင်းမှုတွေ များများပြုပြီးတော့ ဆုတောင်းဖို့ မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)

အားကျကြည်ညိုဖို့ မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)

အေး ရှင်အာနန္ဒာကိုယ်တော်မြတ်ကို အားကျ ကြည်ညို အတုယူပြီးတော့ ကုသိုလ်ကောင်းမှု များများပြုကာ ဆုများများတောင်းရမယ် နော်။

(မှန်လှပါဘုရား)

ကဲ– ရှေ့ဆက်နားထောင်ကြရအောင်။

ပသေနဒိကောသလောကိရ မဟာပဝါရဏာယသဗ္ဗာဘရဏာ ပဋိမဏ္ဍိတော ဂန္ဓမာလာ ဒီနိ အာဒါယ ဝိဟာရံ အဂမာသိ။

ပသေနဒိကောသလော– ပသေနဒိကောသလမင်းကြီးသည်။ မဟာပဝါရဏာယ– သီတင်းကျွတ်လပြည့်နေ့၌။ သဗ္ဗာဘရဏာ ပဋိမဏ္ဍိတော– အလုံးစုံ သော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက်။ ဂန္ဓမာလာ ဒီနိ– နံ့သာပန်းအစရှိသည် တို့ကို။ အာဒါယ– ယူ၍။ ဝိဟာရံ– ကျောင်းသို့။ အဂမာသိကိရ– သွားသတတ်။

ပသေနဒိကောသလမင်းကြီး သီတင်းကျွတ်လပြည့်နေ့(ပဝါရဏာပြုတဲ့နေ့ မှာ) ရွှေ ပတ္တမြား အစထားတဲ့ ရတနာတွေ စီခြယ်ထားတဲ့ မင်းဝတ်တန်ဆာ ရတနာတွေကို ဝတ်ဆင်ဖြီးတော့ ပန်းနံ့သာတွေကို ယူဆောင်ကာ ကျောင်းတော် ကို သွားပါတယ်။

http://www.dhammadownload.com



အဲဒီ ယူဆောင်လာတဲ့ ပန်းနံ့သာတွေနဲ့ ရတနာသုံးပါးကို ကြည်ညို ပူဇော်ပါတယ်။

အဲဒီလို ရတနာတွေ စီခြယ်ထားတဲ့ မင်းဝတ်တန်ဆာတွေ ဝတ်ဆင်ထားတဲ့ ပသေနဒီကောသလမင်းကြီးဟာ မင်းဝတ်တန်ဆာ ရတနာ အဝတ်တွေကြောင့် ကြည့်ရှုလို့ကောင်းပြီး တင့်တယ်တောက်ပလှပနေပါတယ်။

မင်းဆိုတာမင်းဝတ်တန်ဆာတွေ ဝတ်ဆင်လိုက်တာနဲ့တစ်ပြိုင်နက် ကြည့်ရှုလို့ကောင်းသွားတယ်။ တင့်တယ်လှပသွားတယ်။ မင်းဝတ်တန်ဆာတွေ ချွတ်လိုက်တာနဲ့ တစ်ပြိုင်နက် (အရပ်ဝတ် အရပ်စားတွေ ဝတ်ဆင်လိုက်တာနဲ့ တစ်ပြိုင်နက်) ကြည့်ရတာ မြင်ရတာ တစ်မျိုးကြီး ဖြစ်သွားတယ်။ တင့်တယ်တောက်ပမှု၊ လှပမှုတွေ နည်းပါးသွားပါတယ်။ ဒါဟာ သဘာဝပဲနော်။

(မှန်လှပါဘုရား)

တသ္မိံခဏေ ကာဠုဒါယိတ္ထေရော ဈာနံ သမာပဇ္ဇိတွာ ပရိသ ပရိယန္တေ နိသိန္နော ဟောတိ၊ နာမမေဝ ပနဿေတံ၊ သရီရံ သုဝဏ္ဏ ဝဏ္ဏံ။

တသ္မိံခဏေ– ထိုခဏ၌။ ကာဠုဒါယိတ္ထေရော– အနည်းငယ် အသားမည်းသော သဘောရှိသော ကာဠုဒါယီမထေရ်မြတ်သည်။ ဈာနံ– ဈာန်ကို။ သမာပဇ္ဇိတွာ– ဝင်စား၍။ ပရိသပရိယန္တေ– ပရိသတ် အစွန်အဖျား၌။ နိသိန္နော– နေသည်။ ဟောတိ– ဖြစ်၏။ အဿပန– ထိုကာဠု ဒါယီ **မထေရ်၏ကား။** ဧတံ– ထိုကာဠုဒါယီအမည်သည်။ နာမမေဝ– အမည်မျှသည်သာ။ ဟောတိ– ဖြစ်၏။ သရီရံ– ကိုယ်သည်။ သုဝဏ္ဏဝဏ္ဏံ– ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏။

အဲဒီအချိန်မှာ ကာဠုဒါယီကိုယ်တော်မြတ်ကလည်း ပရိသတ် အစွန်အဖျားမှာ ဈာန်ဝင်စားနေပါတယ်။

ကာဠုဒါယီဆိုတာ– ကာဠ + ဥဒါယီ ဒီလိုနှစ်ပုဒ်ခွဲပြီးတော့ အဓိပ္ပာယ်ယူရပါတယ်။ အဲဒီကာဠုဒါယီ သတို့သားလေးအမည်ပေးမည့်နေ့မှာ အလုံးစုံသော မြို့သူမြို့သား လူအများတွေ ပီတိတရား အစားစား အဝဝ တဖွားဖွား တက်တက် ကြွကြွနဲ့ စိတ်ရှိတဲ့နေ့မှာ မွေးဖွားပြီးတော့လာပါတယ်။ ဒါကြောင့် သတို့သား လေးကို 'ဥဒါယီ' လို့ အမည်ပေးလိုက်ပါတယ်။ မြန်မာလို ပြန်လိုက်တော့ 'မောင်တက်ကြွ' လို့ အမည်ရပါတယ်။

အဲဒီ 'ဥဒါယီ– မောင်တက်ကြွ' သတို့သားလေးဟာ အနည်းငယ်

http://www.dhammadownload.com



အသား မည်းနေတဲ့အတွက်ကြောင့် 'ကာဠ' လို့ ရှေ့ကနေ ဝိသေသနပြုပေးလိုက်ပါတယ်။

ကာဠရယ်၊ ဥဒါယီရယ် နှစ်ပုဒ်ပြန်ပြီးပေါင်းစပ်လိုက်တော့ 'ကာဠုဒါယီ' ဒီလိုမှတ်ရမယ်နော်။ (မှန်လှပါဘုရား)

(အထဿ နာမဂ္ဂဟဏဒိဝသေ သကလနဂရဿ ဥဒဂ္ဂစိတ္တဒိဝသေ ဇာတတ္တာ ဥဒါယီတွေဝ နာမံ အကံသု။ ထောကံ ကာဠဓာတု ကတ္တာ ပန ကာဠုဒါယီနာမ ဇာတော။ အံ- ဋ္ဌ ၁။ ၂၃၄)

အဲဒီ အသားအနည်းငယ်မည်းတဲ့ ကာဠုဒါယီမထေရ်မြတ်ဟာ ပရိသတ်အစွန်အဖျားမှာ ဈာန်သမာပတ်ဝင်စားနေတဲ့အတွက်ကြောင့် သူ့ရဲ့ခန္ဓာကိုယ်သည် ရွှေအဆင်းလို ဝါဝင်းပြီးတော့ ဖူးမြင်ရသူတွေရဲ့ သန္တာန်မှာ အင်မတန်နှစ်သက်ဖွယ်ရာ ဖြစ်နေပါတယ်။

ဓမ္မပဒအဋ္ဌကထာကတော့ ကာဠုဒါယီဆိုတာ အမည်မျှပါပဲ။ သူ့ရဲ့ခန္ဓာကိုယ်ဟာ ရွှေအဆင်းနဲ့တူတယ်လို့ ဖွင့်ပြပါတယ်။

ကာဠုဒါယီနဲ့ပတ်သက်လို့ မိမိတို့ကြိုက်သလို ယူကြဖို့ပါပဲ။

အသားလေး အနည်းငယ်မည်းနေပေမယ့် ဈာန်သမာပတ်ကြောင့် အသားအရောင်တွေ ထူးထူးခြားခြား ပြောင်းလဲသွားပြီး ကြည်လင်လှပ တင့်တယ်တောက်ပနေတယ်။ ရွှေအဆင်းလို ဝါဝင်းနေတယ်။ နှစ်သက်စရာ ကြည်ညိုစရာကောင်းတယ်။ ဒီလိုမှတ်ရမယ်နော်။ (မှန်လှပါဘုရား)

ဒီတော့ ဈာန်သမာပတ်တရားတွေက အသားအရောင် မည်းနေတာကို ပြောင်းလဲသွားအောင် ပြုပြင်ပေးနိုင်တယ်လို့ ပြောရင် မရနိုင်ဘူးလား။ (ရနိုင်ပါတယ်ဘုရား)

ဥပမာနဲ့ပြောမယ်ဆိုရင် ဘုရားရှိခိုး၊ တရားထိုင်၊ မေတ္တာပွားနေတဲ့ သူတွေရဲ့ စိတ်အစဉ်တွေဟာ ကြည်လင်ပြီးတော့ မနေဘူးလား။ (ကြည်လင်နေပါတယ် ဘုရား)

စိတ်က ကြည်လင်နေတော့ သူတို့ရဲ့ရုပ်ကို ဆက်ပြီးတော့ ကြည့်လိုက်ပါ။ ရုပ်ကကော ကြည်ကြည်လင်လင် ရှင်းရှင်းလင်းလင်း အေးအေးမြမြ ဖြစ်မနေဘူးလား။ (ဖြစ်နေပါတယ် ဘုရား)

ကုသိုလ်လုပ်ငန်းတွေ လုပ်နေတော့ စိတ်ကြည်လင်တယ်။ (အပြစ်ကင်းတယ်)။ စိတ်ကြည်လင်တော့ (အပြစ်ကင်းတော့) ရုပ်လည်း ကြည်လင်သွားတယ် (အပြစ်ကင်းပြီး) တော့သွားတယ်။

http://www.dhammadownload.com



ဒီတော့ ကုသိုလ်လုပ်ငန်းတွေက (ကုသိုလ်တရားတွေက) ရုပ်ကို ကြည်လင်သန့်ရှင်း အပြစ်ကင်းသွားအောင် ပြောင်းလဲသွားအောင် ပြုပြင်ပြီးတော့ မပေးနိုင်ဘူးလား။ (ပေးနိုင်ပါတယ် ဘုရား)

အေး အဲဒီကုသိုလ်လုပ်ငန်းတွေက စိတ်ကြည်လင်အောင်၊ ရုပ်ကြည်လင်အောင်၊ သန့်ရှင်း အပြစ်ကင်းအောင် ပြုပြင်ပြီးတော့ ပေးနိုင်သလို ဈာန်သမာပတ်တွေကလည်း ရွှေအဆင်းလို ဝါဝင်းလှပ တင့်တယ်သွားအောင် ပြုပေးနိုင်တယ်လို့ ဒီဥပမာအတိုင်း သဘောကျရမယ်နော်။ (မှန်လှပါဘုရား)

ဒါဆိုရင် ကာဠုဒါယီမထေရ်မြတ် ဘာကြောင့် တင့်တယ်လှပနေသတဲ့လဲ။ (ဈာန်သမာပတ်ကြောင့်ပါ ဘုရား)

ကဲ- ရှေ့ဆက်နာကြရအောင်

တသ္မိံ ပန ခဏေ စန္ဒော ဥဂ္ဂစ္ဆတိ၊ သူရိယော အတ္ထမေတိ။

ထိုအချိန်မှာ လမင်းက ထွက်ပြူလာစ၊ နေမင်းကလည်း ဝင်တော့မလိုလို (ဝင်တော့မည့်ဆဲဆဲ) အင်မတန် ကြည့်ရှုလို့ကောင်းပြီးတော့ ကြည်နူးစရာဖြစ်နေပါတယ်။

ညနေချမ်းဆည်းဆာအချိန်လေးမှာ ကောင်းကင်ကိုမော့ပြီးတော့ ကြည့်လိုက်စမ်း၊ ထွက်ပြူစ လ၊ ဝင်ခါနီး နေ၊ ကြည့်လို့မကောင်းဘူးလား။ (ကောင်းပါတယ် ဘုရား)

ပဝါရဏာပြုကြတဲ့ သီတင်းကျွတ်လပြည့်နေ့ နေဝင်ရီးရီ ညနေဆည်းဆာအချိန်လေးမှာ ပသေနဒီကောသလမင်းကြီးရဲ့အလှ၊ အရှင်ကာဠုဒါယီမထေရ်မြတ်ရဲ့အလှ၊ ထွက်ပြူလာစ လမင်းရဲ့ အလှ၊ ဝင်တော့မည့်ဆဲဆဲ ဝင်ခါနီးနေရဲ့အလှ၊ အဲဒီအလှလေးဖြာ ဆုံဆည်းလာပါတယ်။

နေ့ကလည်း နေ့မြတ် သီတင်းကျွတ်လပြည့်နေ့ပါ။ (ပဝါရဏာပြုတဲ့နေ့ပါ)။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ။

* မင်း+ ကာဠုဒါ၊ လ+ နေပါ၊ လေးဖြာညနေခင်း။

* ပဝါရဏာ၊ ပြုနေ့မှာ၊ ဆုံလာလှလေခြင်း။

* ကျွတ်လပြည့်မှာ၊ ဆုံစည်းလာ၊ လေးဖြာလှလေခြင်း။

အာနန္ဒတ္ထေရော အတ္ထမေန္တဿ သူရိယဿ၊ ဥဂ္ဂစ္ဆန္တဿ စန္ဒဿ ဩဘာသံ ဩလောကေန္တော၊ ရညောသရီရောဘာသံ၊ ထေရဿ သရီရောဘာသံ တထာဂတဿ စ သရီရောဘာသံ ဩလောကေသိ။

http://www.dhammadownload.com



အာနန္ဒတ္ထေရော– ရှင်အာနန္ဒာမထေရ်သည်၊ အတ္ထမေန္တသ– ဝင်သော။ သူရိယဿ၊ နေ၏။ ဩဘာသံစ၊ အရောင်ကိုလည်းကောင်း။ ဥဂ္ဂစ္ဆန္တဿ၊ ထွက်လာ သော။ စန္ဒဿ၊ လမင်း၏။ ဩဘာသံစ၊ အရောင်ကိုလည်းကောင်း။ ဩလော ကောန္တော၊ ကြည့်လျက်။ ရညော၊ ပြောပြအပြီး၊ ကောသလမင်း ကြီး၏။ သရီရော ဘာသံ၊ ကိုယ်အရောင်ကိုလည်းကောင်း။ ထေရဿ– ကာဠုဒါယီတွင် ထေရ်အရှင်၏။ သရီရောဘာသံ၊ ကိုယ်အရောင်ကိုလည်း ကောင်း။ တထာဂတဿ– မြတ်စွာဘုရား၏။ သရီရောဘာသံစ– ကိုယ်အရောင် ကိုလည်းကောင်း။ ဩလောကေသိ၊ အရောင် ငါးခု၊ သတ္တိပြုကာ ကြည့်ရှု လိုက်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

ရှင်အာနန္ဒာကိုယ်တော်မြတ်သည် ဝင်သွားတော့မည့်ဆဲဆဲ နေမင်းရဲ့ အရောင်၊ ထွက်ပြူစ လမင်းရဲ့အရောင်ကို ကြည့်ရှုပြီးတော့ ပသေနဒီကောသလ မင်းရဲ့ ကိုယ်ရောင်၊ အဲ့ရှင်ကာဠုဒါယီ မထေရ်မြတ်ရဲ့ကိုယ်ရောင်၊ မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်ကြီးရဲ့ ကိုယ်အရောင်တော်တို့ကို သတိပြုကာ ကြည့်ရှုလိုက်ပါ တယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ။

* နေ+ လ+ ဘုရင် ကာဠုရှင် ထို့ပြင်မြတ်ဘုရား။

* အရောင်ငါးခု သတိပြု၊ ကြည့်ရှုအလှများ။

တတ္ထ သဗ္ဗောဘာသေ အတိက္ကမိတွာ သတ္ထာဝ ဝိရောစတိ။

အဲဒီအရောင်ငါးမျိုးထဲမှာ အားလုံးသောအရောင်တွေကို လွှမ်းပြီးတော့ မြတ် စွာဘုရားသည်သာလျှင် အတင့်တယ်ဆုံး ဖြစ်နေတယ်။

ထေရော သတ္ထာရံ ဝန္ဒိတွာ "ဘန္တေ အဇ္ဇ မမ တုမှေဩဘာသေ ဩ လောကေန္တဿ တုမှာကမေဝ ဩဘာသော ရုစ္စတိ။

ထေရော၊ ရှင်အာနန္ဒာမထေရ်သည်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍ "ဘန္တေ၊ အရှင်ဘုရား။ အဇ္ဇ၊ ယနေ့။ မမ၊ အနန္ဒာခေါ် တပည့်တော်၏။ တုမှေဩဘာသေ၊ ဤအရောင်တို့ကို။ ဩလောကေန္တဿ၊ ကြည့်ရှုနေစဉ်ပင်။ တုမှာကမေဝ၊ ထင်ပေါ်ကျော်ကြား ရှင်တော်ဘုရားတို့၏သာ လျှင်။ ဩဘာသော၊ အရောင်သည်။ ရုစ္စတိ၊ နှစ်သက်ဖွယ်ရှိ၏။

ရှင်အနန္ဒာကိုယ်တော်မြတ် မြတ်စွာဘုရားကို ရှိခိုးပြီးတော့ "အရှင်ဘုရား

http://www.dhammadownload.com



ဒီနေ့ တပည့်တော် အာနန္ဒာ နေ လ ဘုရင် ရှင်ရဟန္တာ စောမြတ်စွာတို့ရဲ့အရောင် တွေကို ကြည့်ရှုလိုက်တဲ့အခါမှာ ထင်ပေါ်ကျော်ကြား ရှင်တော်ဘုရားရဲ့အရောင် ကသာလျှင် နှစ်သက်စရာ ကောင်းလှပါတယ်ဘုရား။

ဒီလောကကြီးမှာ နှစ်သက်စရာအကောင်းဆုံးအရောင်က ဘယ်သူ့ရဲ့ အရောင်ပဲလဲ။ (မြတ်စွာဘုရားရဲ့ အရောင်ပါဘုရား)

ကဲ– လင်္ကာလေး လိုက်ဆိုကြ

* နှစ်သက်ဖွယ်ရာ၊ ကောင်းလှတာ၊ မြတ်စွာကိုယ်တော်ရောင်။

တုမှာကံ ဟိ သရီရံ သဗ္ဗောဘာသေ အတိက္ကမိတွာ ဝိရောစတိ" တိ အာဟ။

ဟိ၊ အပိုမကြွား၊ ထိုစကားကို၊ မှန်ပြားမှန်ရာ၊ ဆိုသင့်ပါပေစွ။ တုမှာကံ၊ အထင်အရှား၊ အရှင်ဘုရားတို့၏။ သရီရံ၊ ကိုယ်တော်အရောင်သည်။ သဗ္ဗော ဘာသေ၊ အလုံးစုံသော အရောင်တို့ကို။ အတိက္ကမိတွာ၊ လွန်၍။ ဝိရောစတိ၊ တင့်တယ်တော်မူ၏။ ဣတိ၊ ဤသို့။ အာဟ၊ ကောင်းစွာကြည့်ရှု၊ သဟိပြုကာ၊ လျှောက်ထားတော်မူလိုက်ပါပေသတည်း။

သာဓု သာဓု သာဓုပါဘုရား။

အမှန်ထာကယ်ပင် ရှင်ကော်ဘုရားရဲ့ ကိုယ်တော်အရောင်ဟာ အလုံးစုံ သော နေ လ ဘုရင် ရှင်ရဟန္တာတို့ရဲ့ အရောင်တွေကို ကျော်လွှားလွှမ်းမိုးပြီးတော့ လွန်ကဲစွာ အလှပဆုံး၊ အကောင်းဆုံး၊ အတင့်တယ်ဆုံး ဖြစ်ပါတယ် ဘုရားလို့ အားရပါးရ လျှောက်ထားပြလိုက်ပါတယ်။

"ဒီလောကကြီးမှာ အတင့်တယ်ဆုံးက ဘယ်သူတဲ့လဲ"

"မြတ်စွာဘုရားပါ ဘုရား"

"အတင့်တယ်ဆုံးအရောင်က ဘယ်သူ့ရဲ့အရောင်တဲ့လဲ"

"မြတ်စွာဘုရားရဲ့ အရောင်ပါဘုရား"

အထ နံ သတ္ထာ "အာနန္ဒ သူရိယော နာမ ဒိဝါဝိရောစတိ၊ စန္ဒောရတ္တိံ၊ ရာဇာ အလင်္ကတကာလေယေဝ၊ ခီဏာသဝေါ ဂဏာသင်္ဂဏိကံ ပဟာယ အန္တော သမာပတ္တိယံယေဝ ဝိရောစတိ၊ ဗုဒ္ဓါပန ရတ္တိမ္ပိဒိဝါပိ ပဉ္စဝိဓေနေဝတေဇေန ဝရောစန္တိ" တိ ဝတွာ ဣမံဂါထမာဟ။

အထ၊ ရှင်အာနန္ဒာလျှောက်ရာ ထိုအခါ၌။ နံ၊ ထိုအရှင်အာနန္ဒာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ "အာနန္ဒ၊ အာနန္ဒာ။ သူရိယောနာမ၊

http://www.dhammadownload.com



နေမင်းမည်သည်ကား။ ဒိဝါ၊ နေ့အခါ၌။ ဝိရောစတိ၊ တင့်တယ်၏။ စန္ဒော၊ လသည်။ ရတ္တိံ၊ ညဉ့်အခါ၌။ ဝိရောစတိ၊ တင့်တယ်၏။ ရာဇာ၊ မင်းသည်။ အလင်္ကတကာလေယေဝ၊ တန်ဆာဆင်သောကာလ၌သာလျှင်။ ဝိရောစတိ၊ တင့်တယ်၏။ ခီဏာသဝေါ၊ ရဟန္တာသည်။ ဂဏသင်္ဂဏိကာ၊ အခြွေအရံ အပေါင်းအဖော်ကို။ ပဟာယ၊ ပယ်၍။ အန္တောသမာပတ္တိယံယေဝ၊ ဈာန်သမာပတ်တို့၏အတွင်း၌သာလျှင်။ ဝိရောစတိ၊ တင့်တယ်၏။ ဗုဒ္ဓါပန၊ မှတ်ပါအများ၊ မြတ်စွာဘုရားတို့သည်ကား။ ရတ္တိမ္ပိ၊ ညဉ့်၌လည်းကောင်း။ ဒိဝါပိ၊ နေ့၌လည်းကောင်း။ ပဉ္စဝိဓေန၊ ငါးပါးအပြားရှိသော။ တေဇေန၊ တန်ခိုးဖြင့်။ ဝိရောစန္တိ၊ တင့်တယ်ကုန်၏။ ဣတိဣဒံ၊ ဤသို့ဆိုတော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

အဲဒီလို ရှင်အာနန္ဒာ့ကိုယ်တော်မြတ်က လျှောက်ထားပြလိုက်တဲ့အခါမှာ မြတ်စွာဘုရားက "ချစ်သား အာနန္ဒာ နေမင်းဆိုတာ နေ့ခင်းအခါမှာပဲ တင့်တယ် တောက်ပနိုင်တယ်။ လမင်းဆိုတာ ညခင်းအခါမှာပဲ တင့်တယ်တောက်ပနိုင် တယ်။ မင်းဘုရင်ဆိုတာ အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ စစ်သည်ပေါင်းများစွာ ခြံရံပြီး ရွှေ ငွေ စိန် ကျောက် ထိန်တောက်ဆန်းပြား၊ ပတ္တမြားစွာ၊ အလုံးစုံသော မင်းဝတ်တန်ဆာ ရတနာအလှ ဝတ်ဆင်မှသာ တင့်တယ်တောက်ပ လှပနိုင် တယ်။ ရဟန္တာဆိုတာ အပေါင်းအဖော်တွေပယ်ပြီးတော့ ဈာန်သမာပတ် ဝင်စားမှသာ တင့်တယ် တောက်ပလှပနိုင်တယ်။

နေ၊ လ၊ ဘုရင်၊ ရှင် ရဟန္တာ ထိုလေးဖြာတို့ရဲ့ တင့်တယ်တောက်ပ လှပမှုဟာ အချိန်ပိုင်း ကန့်သတ်ချက်နဲ့ တင့်တယ်တောက်ပလှပခြင်းဖြစ်တယ်။

မြတ်စွာဘုရားတို့ကတော့ အချိန်ပိုင်းခြား ကန့်သတ်ချက်မရှိဘဲနဲ့ တင့် တယ်တောက်ပ လှပတော်မူတယ်။ သီလ၊ ဂုဏ၊ ပညာ၊ ပုညာ၊ ... ဆိုတဲ့ တန်ခိုးငါးမျိုးဖြင့် နေ့ရော ညဉ့်ပါ ဘယ်အခါမဆို အခါခပ်သိမ်း တင့်တယ် တောက်ပ လှပတော်မူကြပါတယ်" လို့ အောက်ပါဂါထာတော်ကို မိန့်ဆို ဟောပြတော်မူပါတယ်။

"ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိံ မာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ" တိ။

http://www.dhammadownload.com



အာဒိစ္စော– နေ့အခါတွင်၊ နေ့ဘုရင်မည်၊ ရောင်ခြည်တစ်ထောင် မကဆောင်သည့်၊ ထွန်းပြောင်ထိန်းလင်း၊ ရှင်နေမင်းသည်။ ဒိဝါ– အမှောင်ကင်းပျောက်၊ အလင်းရောက်လာ၊ နေ့အခါ၌သာလျှင်။ တပတိ– နေ့အခါတွင်၊ နေ့ဘုရင်က၊ နေ့စဉ်လှအောင်၊ အလှဆောင်ကာ၊ တင့်တယ် တောက်ပနိုင်ပါပေ၏။ စန္ဒိမာ– အာကာဝေဟင်၊ ထက်ကောင်းကင်၌၊ ပျော်ပိုက်ကြယ်များ၊ ခစားဝန်းရံ၊ ဆင်းလှုံ ပဝင်း၊ ရွှေလမင်းသည်။ ရတ္တိံ– အလင်းကွယ်ပျောက်၊ အမှောင်ရောက်လာ၊ ညဥ့်အခါ၌သာလျှင်၊ အာဘာတိ၊ ညအခါတွင်၊ ညဘုရင်က၊ ညစဉ်လှအောင်၊ အလှဆောင်ကာ၊ တင့်တယ်တောက်ပပါပေ၏။

ခတ္တိယော– တိုင်းပြည်အုပ်ချုပ်၊ မင်းလုပ်ဘုရင်၊ မင်းအရှင်သည်။ သန္နဒ္ဓေါ– မင်းဝတ်တန်ဆာ၊ ရတနာအလှ၊ ဝတ်ဆင်မှသာလျှင်၊ (ဝါ)၊ ရွှေငွေ စိန် ကျောက်၊ ထိန်တောက်ဆန်းပြား၊ ပတ္တမြားစသည်၊ အလီလီသိမ်းခြုံ၊ လုံးစုံများစွာ၊ ရတနာဖြင့်၊ တန်ဆာတင့်တယ်၊ ဆင်ယင်ခြယ်သ၊ အလှဝတ်ဆင်၊ လေးအင်စစ်သည်၊ အင်္ဂါ ညီလှ၊ ခြံရံမှသာလျှင်၊ တပတိ– မင်းကျက်သရေ၊ မက်မပြေအောင်၊ ယှက်ဝေ ကောင်းစွာ၊ တင့်တယ်တောက်ပပါပေ၏။ ဗြာဟ္မဏော– မကောင်းမှုဆို၊ အကုသိုလ် များ၊ ပယ်ခွာစေးသည့်၊ ထူးခြားအမှန်၊ ရဟန္တာခေါ်ဆို၊ မြတ်ပုဂ္ဂိုလ်သည်။ ဈာယီ– အပေါင်းကိုရှင်း၊ အသင်းကိုခွာ၊ အာရုမ္မဏူ၊ လက္ခဏူပ၊ နှစ်မျိုးကွဲပြား၊ ဈာန်ဝင်စားမှသာလျှင်။ တပတိ– ရဟန်းကျက်သရေ၊ မက်မပြေအောင်၊ ယှက်ဝေ ကောင်းစွာ၊ တင့်တယ်တောက်ပပါပေ၏။

အထ– နေ၊ လ၊ ဘုရင်၊ ရှင်ရဟန္တာ၊ ထိုလေးဖြာစု၊ တင့်တယ်တောက်ပမှုထက်။ ဗုဒ္ဓေါ– ဒုက္ခ+ သမုဒယ၊ နိရောဓနှင့်၊ မဂ္ဂတစ်ဖြာ၊ လေးသစ္စာကို၊ ဆရာမကူ၊ သယမ္ဘူဖြင့်၊ ပန်ယူသိတတ်၊ ဘုရားမြတ်သည်။ တေဇသာ– သီလ+ ဂုဏာ၊ ပညာ+ ပုညာ၊ ဓမ္မပြည့်ဖြိုး၊ မြတ်တန်ခိုးဖြင့်။ သဗ္ဗမဟောရတ္တိံ– အလုံးစုံ ဆင့်ဆင့်၊ နေ့ညဥ့်မပြတ်၊ ကာလပတ်လုံး။ တပတိ– ဘုရားကျက်သရေ၊ မက်မပြေ အောင်၊ ယှက်ဝေကောင်းစွာ၊ တင့်တယ်တောက်ပပါပေ၏။ ဣတိ– ဤသို့။ အာဟ– သိစေ တတ်စေ၊ ကျင့်နိုင်စေဟု ရည်ရွယ်ပြုကာ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

http://www.dhammadownload.com



နေမင်းက နေ့အခါ၊ လမင်းက ညအခါ၊ ရှင်ဘုရင် (မင်းက) မင်းဝတ်တန်ဆာဝတ်မှ၊ ရဟန္တာက ဈာန်ဝင်စားမှ တင့်တယ်တယ်။ တောက်ပတယ်တဲ့။ ဒီတော့ နေ၊ လ၊ ဘုရင်၊ ရှင်ရဟန္တာဆိုတဲ့ ထိုလေးဖြာတို့ရဲ့ တင့်တယ်တောက်ပမှု လှပမှုဟာ အချိန်ပိုင်းခြား ကန့်သတ်ချက်တွေ ရှိမနေဘူး လား။ (ရှိနေပါတယ် ဘုရား)

မြတ်စွာဘုရားရှင်ကတော့ တန်ခိုးငါးမျိုးဖြင့် နေ့ရော ညဥ့်ပါ ဘယ်အခါမဆို အမြဲတစေ တင့်တယ်တောက်ပနေပါတယ် တဲ့။ ဒီတော့ မြတ်စွာဘုရားရဲ့ တင့်တယ်တောက်ပမှု လှပမှုဟာ အချိန်ပိုင်းခြား ကန့်သတ်ချက်တွေ ရှိသေးသလား။ (မရှိပါဘုရား)

ဒီလိုဆိုရင် ဒီလောကကြီးမှာ "အတင့်တယ်ဆုံး" ပုဂ္ဂိုလ်ဟာ ဘယ်သူပါလိမ့်။ (မြတ်စွာဘုရားပါဘုရား)

"အတင့်တယ်ဆုံး" ဆိုတဲ့ ရှေ့ကတရားအမည် ပေါ်သွားပြီမဟုတ်လား။ (ပေါ်သွားပါပြီဘုရား)

တရားနာပရိသတ် "အတင့်တယ်ဆုံး" ကောင်းကျိုးတွေ လိုချင်ကြရင် "အတင့်တယ်ဆုံး" ဖြစ်တဲ့ ဒီ ဒိဝါတပတိ အစရှိတဲ့ ဂါထာတော်ကြီးကို ရအောင်ကျက်မှတ်ပြီး နေ့စဉ် ညစဉ် ဘုရားရှိခိုးရမယ်။ အချိန်ရရင် မိမိရဲ့သက်စေ့ရွတ်ဖတ်ကော်ရော် ပူဇော်ရမယ်နော်။ (မှန်လှပါဘုရား)

များသောအားဖြင့် လူတွေဟာ အတင့်တယ်ဆုံး ကောင်းကျိုးတွေကိုတော့ လိုချင်ကြတယ်။ အတင့်တယ်ဆုံး ဂါထာတွေကို ကျက်မှတ်ပြီး အတင့်တယ်ဆုံး ရွတ်ဖတ်ပူဇော်မှု၊ ဘုရားရှိခိုးခြင်းအစရှိတဲ့ အမှုတွေကျတော့ မပြုချင်ကြဘူး။

အဲဒီလို ကျက်မှတ်မှု၊ ရွတ်ဖတ်မှု၊ ဘုရားရှိခိုးခြင်းအမှုတွေ ပြုလုပ်ရမှာ ပျင်းနေရင် အတင့်တယ်ဆုံး ကောင်းကျိုးတွေ ရနိုင်ပါ့မလား။ (မရနိုင်ပါဘုရား)

ကဲ "အပြုံးပိုင်ရှင်" ဆိုတဲ့အမည်ကို ဆက်ပြီးတော့ ဖော်ကြရမယ်။

"အတင့်တယ်ဆုံး" ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ၄၅ ဝါ ကာလကြာအောင် သတ္တဝါတွေ မဂ် ဖိုလ် နိဗ္ဗာန်ချမ်းသာမှန်အထိ ကောင်းကျိုးရှိဖို့ နေ့မနား ညမနား အားရပါးရ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ တရားမြတ်တွေကို ဟောကြားဆုံးမခဲ့တာဟာ သတ္တဝါတွေရဲ့အပေါ်မှာ မေတ္တာရှိလို့လား၊ မေတ္တာမဲ့လို့လား။ (မေတ္တာရှိလို့ပါ ဘုရား)

မေတ္တာရှိလို့ဆိုရင် အဲဒီမေတ္တာတရားဟာ အပြုံးတရားလား၊ အမုန်းတရားလား။ (အပြုံးတရားပါ ဘုရား)

http://www.dhammadownload.com



ဒါဆိုရင် "အတင့်တယ်ဆုံး" ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို "မေတ္တာပိုင်ရှင်" "အပြုံးပိုင်ရှင်" လို့ခေါ်ဆိုရင် မရနိုင်ဘူးလား။ (ရနိုင်ပါတယ် ဘုရား)

ဒါဆိုရင် ဒီလောကကြီးမှာ "အပြုံးပိုင်ရှင်" ဟာ ဘယ်သူတဲ့လဲ။ (မြတ်စွာဘုရားပါ ဘုရား)

ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ။ (အတင့်ဆုံး + အပြုံးပိုင်ရှင်) တရားတော်ပါ ဘုရား)

"အတင့်တယ်ဆုံး" ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို အမုန်းတရားတွေ နှလုံးသားမှာထားပြီးတော့ ဒေဝဒတ်တို့၊ အင်္ဂုလိမာလတို့၊ ဓနပါလဆင်တို့က မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အသက်တော်ကို အန္တရာယ်ပြုဖို့ (သတ် ဖြတ်ဖို့) မကြိုးစားကြဘူးလား။ (ကြိုးစားကြပါတယ် ဘုရား)

အဲဒီလို ကြိုးစားကြတဲ့ သတ္တဝါတွေကို "အတင့်တယ်ဆုံး" ဘုရားရှင် ကိုယ်တော်မြတ်ကြီးက မေတ္တာတရားနဲ့ တုံ့ပြန်တော်မူပါတယ်။ ဘာနဲ့တုံ့ပြန်သတဲ့လဲ။ (မေတ္တာတရားနဲ့ပါ ဘုရား)

အဲဒီ မေတ္တာတရားဟာ "အပြုံးတရား" လား၊ "အမုန်းတရား" လား။ (အပြုံးတရားပါ ဘုရား)

ဒီလိုဆိုရင် မြတ်စွာဘုရားကို "အပြုံးပိုင်ရှင်" လို့ ခေါ်ရမလား၊ "အမုန်းပိုင်ရှင်" လို့ ခေါ်ရမလား။ (အပြုံးပိုင်ရှင်လို့ ခေါ်ရမှာပါဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(အတင့်တယ်ဆုံး + အပြုံးပိုင်ရှင်) တရားတော်ပါ ဘုရား။

ဝဓကေ ဒေဝဒတ္တမှိ၊ စောရေ အင်္ဂုလိမာလကေ။

ဓနပါလေ ရာဟုလေစ၊ သဗ္ဗတ္ထ သမကော မုနိ။

မုနိ- မုနိငါးအင်၊ သခင်ခေါ်မှတ်၊ ဘုရားမြတ်သည်။ ဝဓကေ- ကိုယ်တော် မြတ်ကို၊ ကျောက်ချပ်ပစ်ချ၊ ညှဉ်းပန်းထသော။ ဒေဝဒတ္တမှိစ- ယောက်ဖတော် စပ်၊ ဒေဝဒတ်၌လည်းကောင်း။ စောရေ- အနှသခုဟ်သတ်၊ လက်ညှိုးဖြတ်ယူ၊ ဆိုးသူစင်စစ်၊ သူခိုးဖြစ်သော၊ အင်္ဂုလိမာလကေစ- အင်္ဂုလိမာလ၌လည်းကောင်း။ ဓနပါလေစ- သတ်ရန်လာဘိ၊ ဓနပါလ အမည်ရှိသော နာဠာဂိရိဆင်၌လည်း ကောင်း။ ရာဟုလေစ- မိမိရင်နှစ်၊ သားချစ် ရတနာ၊ ရာဟုလာ၌လည်းကောင်း၊ သဗ္ဗတ္ထ- ခပ်သိမ်းများစွာ၊ သတ္တဝါတို့၌။ သမကော- မေတ္တာတရား၊ စိတ်ထား မသွေ၊ တူမျှပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

http://www.dhammadownload.com



ဒေဝဒတ်၊ အင်္ဂုလိမာလ၊ နာဠာဂီရိဆင်၊ ရာဟုလာဆိုတဲ့ အားလုံးရဲ့အပေါ်မှာ မေတ္တာတရား အကျထားနိုင်တာ အံ့ဩစရာမကောင်းဘူးလား။ (ကောင်းပါတယ် ဘုရား)

အဲဒီလို မေတ္တာတရား အကျထားနိုင်တဲ့ မြတ်စွာဘုရားကို အပြုံးပိုင်ရှင်လို့ ခေါ်မလား၊ အမုန်းပိုင်ရှင်လို့ ခေါ်ရမလား။ (အပြုံးပိုင်ရှင်လို့ ခေါ်ရမှာပါဘုရား)

အဲဒီလို မေတ္တာပိုင်ရှင်၊ အပြုံးပိုင်ရှင်ကြီးဖြစ်လို့ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတိုင်အောင် ထင်ရှားကျော်ကြားပြီးတော့ "အတင့်တယ်ဆုံး" ဖြစ်မနေဘူးလား။ (ဖြစ်နေပါတယ်ဘုရား)

ဒီလိုဆိုရင် "အတင့်တယ်ဆုံးက" ဘယ်သူတဲ့လဲ။ (မြတ်စွာဘုရားပါ ဘုရား)

"အပြုံးပိုင်ရှင်" က ဘယ်သူတဲ့လဲ။ (မြတ်စွာဘုရားပါပဲ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ။

*အတင့်တယ်ဆုံး၊ ခေါ်တွင်သုံး၊ ဖြေထုံးဘယ်သူလဲ။

*အတင့်တယ်ဆုံး၊ ခေါ်တွင်သုံး၊ ဖြေထုံးဘုရားပဲ။

*အပြုံးပိုင်ရှင်၊ လောကတွင်၊ ခေါ်ရင်ဘယ်သူလဲ။

*အပြုံးပိုင်ရှင်၊ လောကတွင်၊ ခေါ်ရင်ဘုရားပဲ။

ဒီနေ့ဟောတဲ့ တရားက ဘာတရားတဲ့ လဲ။ (အတင့် တယ်ဆုံး + အပြုံးပိုင်ရှင်) တရားတော်ပါဘုရား။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ အတင့်တယ်ဆုံးဖြစ်တော်မူတာ နေ့တိုင်းညတိုင်း တင့်တယ်တော်မူတာဟာ တန်ခိုးငါးမျိုးကြောင့်ပါ။

ဘာ့ကြောင့်တဲ့လဲ။ (တန်ခိုးငါးမျိုးကြောင့်ပါဘုရား)

တေဇသာပိ သမ္မာသမ္ဗုဒ္ဓေါ ပန သီလတေဇေန ဒုဿီလျတေဇံ၊ ဂုဏတေဇေန နိဂ္ဂုဏတေဇံ၊ ပညာတေဇေန ဒုပ္ပညတေဇံ၊ ပုညတေဇေန အပုညတေဇံ၊ ဓမ္မတေဇေန အဓမ္မတေဇံ ပရိယာဒိယိတွာ တ္တမိနာ ပဉ္စဝိဓေန တေဇသာ နိစ္စကာလ မေဝ ဝိရောစတီတိ အတ္ထော။

တေဇသာတိ- တေဇသာဟူသည်ကား။ သမ္မာသမ္ဗုဒ္ဓေါ ပန- မြတ်စွာဘုရားသည်ကား။ သီလတေဇေန- သီလတန်ခိုးတော်ဖြင့်။ ဒုဿီလျတေဇံ၊ သီလမရှိသော သူတို့၏တန်ခိုးကို။ ဂုဏတေဇေန- ဂုဏ်တော်ဟူသော တန်ခိုးဖြင့်။ နိဂ္ဂုဏတေဇံ၊ ဂုဏ်ကင်းသောသူတို့၏ တန်ခိုးကို။ ပညာတေဇေန၊

http://www.dhammadownload.com



ပညာတန်ခိုး အမျိုးမျိုးဖြင့်။ ဒုပ္ပညာတေဓံ၊ ပညာမရှိသောသူတို့၏တန်ခိုးကို။ ပုညတေဇေန၊ ကောင်းမှုတန်ခိုး၊ အမျိုးမျိုးဖြင့်။ အပုညတေဓံ၊ ကောင်းမှုမရှိသော သူတို့၏ တန်ခိုးကို။ ဓမ္မတေဇေန၊တရားတန်ခိုးအမျိုးမျိုးဖြင့်။ အဓမ္မတေဓံ၊ တရားမရှိသောသူတို့၏ တန်ခိုးကို။ ပရိယာဒိယိတွာ၊ ကုန်စေ၍။ ဣမိနာ ပဥ္စဝိဓေန တေဇသာ၊ ဤငါးပါးအပြားရှိသော တန်ခိုးတော်ဖြင့်။ နိစ္စကာလ မေဝ၊ နေ့ညမစဲ မြဲသောကာလပတ်လုံးသာလျှင်။ ဝိရောစတိ၊ တင့်တယ်တော်မူ၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။

၁။ သီလတန်ခိုး။

၂။ ဂုဏ်တန်ခိုး။ (သမာဓိတန်ခိုး။ ။ ဂုဏတေဇောတိ သီလေန လဒ္ဓပတိဋ္ဌော သမာဓိတေဇော။ ။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ ၁– ၂၉၃ ရှုပါ)

၃။ ပညာတန်ခိုး။ (ဝိပဿနာတန်ခိုး။ ။ ပညာတေဇောတိ သမာဓိနာ လဒ္ဓပတိဋ္ဌော ဝိပဿနာတေဇော။)

၄။ ကောင်းမှုတန်ခိုး။ (အရိယာမဂ်ကုသိုလ်တန်ခိုး။ ။ ပုညတေဇောတိ ဝိပဿနာဟိ လဒ္ဓပတိဋ္ဌော အရိယမဂ္ဂကုသလတေဇော။)

၅။ တရားတန်ခိုး။ (ဘုရားဟောတော်မူခဲ့သော တရားစကားတန်ခိုး။ ဓမ္မ တေဇောတိ စတုန္နံတေဇာနံ ပတိဋ္ဌာဘူတော ဗုဒ္ဓဝစနတေဇော။) ရယ်လို့ (၅) မျိုး ရှိပါတယ်။

ဒီလောကကြီးမှာ ရှိနေကြတဲ့ သတ္တဝါတွေဟာ သီလမဲ့ကြတယ်။ သီလ ပျက်စီးကြတယ်။ သီလအားနည်းကြတယ်။ အဲဒီလို သီလပျက်နေတဲ့လောက ကြီးကို မြတ်စွာဘုရားက သီလအစွမ်းနဲ့ လွှမ်းမိုးပိုင်ပိုင် အနိုင်ယူတော်မူပါတယ်။

ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ
*သီလပျက်စီး+ လောကကြီးမှာ၊
သီလတရား + ရှိထားမြတ်စွာ၊
သီလစွမ်းနဲ့ + လွှမ်းခဲ့ခါခါ၊
မြတ်သီလ + မှတ်ကြတန်ခိုးပါ။

တရားနာပရိသတ် တန်ခိုးမကြီးချင်ဘူးလား။ (ကြီးချင်ပါတယ်ဘုရား) တန်ခိုးကြီးချင်ရင် သီလကြီးအောင်၊ သီလရှိအောင် လုပ်ရမယ်နော်။ (မှန်လှပါ ဘုရား)

http://www.dhammadownload.com



*တန်ခိုးကြီးချင် သီလပင် အရင်ကြီးအောင်လုပ်၊
*တန်ခိုးကြီးချင် သီလပင် အရင်ရှိအောင်လုပ်၊
*သီလရှိက၊ လိုတာရ၊ ဗုဒ္ဓဟောဖော်ထုတ်။

ဒီလောကကြီးက ဂုဏ်မဲ့တဲ့လောကကြီး၊ ဂုဏ်ပျက်နေတဲ့ လောက ကြီးပါ။ သမာဓိဂုဏ်လို့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား) အဲဒီလို သမာဓိဂုဏ် ပျက်စီးနေတဲ့ လောကကြီးကို မြတ်စွာဘုရားက သမာဓိအစွမ်းနဲ့ လွှမ်းမိုးပိုင်ပိုင် အနိုင်ယူတော်မူပါတယ်။

ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ
*သမာဓိပျက်စီး+ လောကကြီးမှာ၊
သမာဓိတရား+ ရှိထားမြတ်စွာ၊
သမာဓိစွမ်းနဲ့+ လွှမ်းခဲ့ခါခါ၊
သမာဓိ+ မှနိတန်ခိုးပါ။

တန်ခိုးကြီးချင်ရင် ဘာလုပ်ရမတဲ့လဲ။ (သမာဓိကြီးအောင်၊ သမာဓိရှိ အောင် လုပ်ရမှာပါ ဘုရား)

*တန်ခိုးကြီးချင်၊ သမာပင်၊ အရင်ကြီးအောင်လုပ်၊
*တန်ခိုးကြီးချင်၊ သမာပင်၊ အရင်ရှိအောင်လုပ်။

ဒီလောကကြီးက ပညာမဲ့တဲ့ (ဝိပဿနာပညာ) မဲ့တဲ့ လောကကြီးပါ။ ဘာလောကကြီးတဲ့လဲ၊ (ဝိပဿနာမဲ့တဲ့ လောကကြီးပါ ဘုရား)

ဝိပဿနာတရားတွေ အားထုတ်ကြတဲ့သူတွေနဲ့ အားမထုတ်ကြတဲ့သူတွေ ဘယ်သူတွေက ပိုများသတဲ့လဲ။ (ဝိပဿနာအားမထုတ်တဲ့သူက ပိုများပါတယ် ဘုရား)

ဝိပဿနာ အားထုတ်ဖို့တော့ မပြောနဲ့၊ ဝိပဿနာတရားဟောပြတယ် ဆိုရင်ပဲ ဒီတရားနားမလည်ဘူး၊ သဘောမပေါက်ဘူးလို့ ပြောတဲ့သူတွေ တော်တော်များတယ်နော်။ (မှန်လှပါ ဘုရား)

ဝိပဿနာဆိုတာ ရုပ်၊ နာမ်ဓမ္မ သင်္ခါရတရားတွေကို မမြဲဘူး၊ ဆင်းရဲ တယ်၊ အစိုးမရဘူး (အနှစ်သာရမရှိဘူး) လို့ အထူးရှုမြင်သုံးသပ်မှုပါပဲ။

ဝိ ဆိုတာက အထူး၊ ပဿနာ ဆိုတာက ရှုမြင်သုံးသပ်မှု၊ ဒီလို မှတ်ရမယ်နော်။ (မှန်လှပါ ဘုရား)

အခြားအခြားသော သမထတရားတွေက ဘုရားရှင်မပွင့်ပေါ်မီကပင်

http://www.dhammadownload.com



ရှိကြပေမယ့် ဝိပဿနာတရားတော်ကြီးကတော့ ဘုရားရှင် ပွင့်တော်မူမှ ဖြစ်ပေါ်လာတဲ့ ထူးထူး တရားဆန်းကြီး ဖြစ်ပါတယ်။

ကဲ- ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ

*ပညာမဲ့ကြ+ လောကကြီးမှာ၊
ပညာတရား+ ရှိထားမြတ်စွာ၊
ပညာစွမ်းနဲ့+ လွှမ်းခဲ့ခါခါ၊
ပညာရှိ မုန့်တန်ခိုးပါ။

ပညာမဲ့တဲ့ (ဝိပဿနာပညာမဲ့တဲ့) သူတွေကို မြတ်စွာဘုရားက ပညာတန်ခိုး နဲ့ (ဝိပဿနာပညာတန်ခိုးနဲ့) လွှမ်းမိုးပိုင်ပိုင် အနိုင်ယူတော်မူပါတယ်။

ဘာနဲ့ အနိုင်ယူသတဲ့လဲ။ (ဝိပဿနာ ပညာတန်ခိုးနဲ့ အနိုင်ယူပါတယ် ဘုရား)

တန်ခိုးကြီးချင်ရင် ပညာရှိအောင်၊ ပညာကြီးအောင် လုပ်ရမယ်။ ဝိပဿနာ တရားတွေ ကိုယ်တိုင် အားထုတ်ရမယ်။ သူတစ်ပါးတွေကို ဝိပဿနာ တရားတွေ အားထုတ်ချင်လာအောင် ဟောပြောပေးရမယ်။ တိုက်တွန်းနှိုးဆော်ပေးရမယ်။ ဝိပဿနာတရားတွေ ပြပေးရမယ်။

တန်ခိုးတော့ ကြီးချင်တယ်၊ တရားကျတော့ အားမထုတ်ချင်ဘူးဆိုရင် တန်ခိုးကြီးနိုင်ပါ့မလား။ (မကြီးနိုင်ပါဘုရား)

တန်ခိုးကြီးချင်ရင် ဘာလုပ်ရမှာတဲ့လဲ။ (ဝိပဿနာတရား အားထုတ်ရမှာပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*တန်ခိုးကြီးချင်၊ ပညာပင်၊ အရင်ကြီးအောင်လုပ်။
*တန်ခိုးကြီးချင်၊ ပညာပင်၊ အရင်ရှိအောင်လုပ်။
*ဝိပဿနာ၊ ရှုမှတ်ပါ၊ သေချာတရားလုပ်။
*ရှင်တော်ဗုဒ္ဓ၊ ပွင့်ပေါ်မှ၊ သိရတရားဟုတ်။
*ဝိပဿနာ၊ အားထုတ်ပါ၊ ကြီးမှာတန်ခိုးဟုတ်။
*ဝိပဿနာ၊ ဟောပြောပါ၊ ကြီးမှာတန်ခိုးဟုတ်။
*ဝိပဿနာ၊ ပြကြပါ၊ ကြီးမှာတန်ခိုးဟုတ်။

ကဲ တန်ခိုး ဘယ်နှစ်မျိုး ပြီးသွားပြီလဲ။ (သုံးမျိုး ပြီးသွားပါပြီ ဘုရား)

http://www.dhammadownload.com



လေးခုမြောက်တန်ခိုးက ဘာတန်ခိုးတဲ့လဲ။ (ကောင်းမှုတန်ခိုးပါဘုရား)

ဒီလောကကြီးမှာ ကောင်းမှုရှိတဲ့သူနဲ့ ကောင်းမှုမရှိတဲ့သူ (ဘုန်းကံရှိတဲ့သူနဲ့ ဘုန်းကံမရှိတဲ့သူ) ဘယ်သူက များသလဲ။ (ဘုန်းကံမရှိတဲ့သူက များပါတယ် ဘုရား)

အေး ဟုတ်ပြီ၊ အဲဒီလို ကောင်းမှုနည်းတဲ့ (ဘုန်းကံနည်းတဲ့) သတ္တဝါတွေကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကောင်းမှု (ဘုန်းကံ) ပါရမီအလီလီနဲ့ လွှမ်းမိုးပိုင်ပိုင် အနိုင်ယူတော်မူပါတယ်။

ဒီလောကကြီးက ဘာလောကကြီးတဲ့လဲ့။ (ကောင်းမှုဘုန်းကံ နည်းတဲ့ လောကကြီးပါ ဘုရား)

တန်ခိုးကြီးချင်ရင်၊ ဘုန်းကံကြီးချင်ရင် ကောင်းမှုကြီးအောင်၊ ကောင်းမှုရှိအောင် လုပ်ရမယ်နော်။ (မှန်လှပါဘုရား)

ကဲ- ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ

*ကောင်းမှုနည်းကြ၊ လောကကြီးမှာ၊

(ဘုန်းကံနည်းကြ၊ လောကကြီးမှာ)

ဘုန်းကံတရား၊ ရှိထားမြတ်စွာ၊

ဘုန်းကံစွမ်းနဲ့၊ လွှမ်းခဲ့ခါခါ၊

ဘုန်းကံရှိ၊ မုနိတန်ခိုးပါ။

တရားနာပရိသတ် တန်ခိုးကြီးချင်ရင်၊ ဘုန်းကံကြီးချင်ရင် ဘာလုပ်ရမတဲ့လဲ။ (ကောင်းမှုကြီးအောင်၊ ကောင်းမှုရှိအောင် လုပ်ရမှာပါ ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*တန်ခိုးကြီးချင်၊ ကောင်းမှုပင်၊ အရင်ကြီးအောင်လုပ်။

*တန်ခိုးကြီးချင်၊ ကောင်းမှုပင်၊ အရင်ရှိအောင်လုပ်။

*ဘုန်းကံကြီးချင်၊ ကောင်းမှုပင်၊ အရင်ရှိအောင်လုပ်။

ကဲ- တန်ခိုးဘယ်နှစ်မျိုး ပြီးသွားပြီလဲ။ (လေးမျိုး ပြီးသွားပါပြီ ဘုရား)

နောက်ဆုံး ငါးခုမြောက်တန်ခိုးက ဘာတန်ခိုးတဲ့လဲ။ (တရားတန်ခိုးပါ ဘုရား)

ဒီလောကကြီးက မတရားတဲ့စကားတွေ၊ မတရားတဲ့ အယူတွေ၊ မတရားတဲ့ တန်ခိုးတွေ ရှိနေတဲ့ လောကကြီးဖြစ်တယ်။ အဓမ္မတော‌ဖဆိုတာ တိတ္ထိတွေရဲ့ မှားတဲ့ အယူစကားတွေပါပဲ။

http://www.dhammadownload.com



အဲဒီလို မတရားတဲ့စကားတွေ၊ အယူတွေ၊ တန်ခိုးတွေကို ဘုရားရှင်ကိုယ်တော်မြတ်က တရားတဲ့စကား၊ အယူ၊ တန်ခိုးတွေနဲ့ လွှမ်းမိုးပိုင်ပိုင် အနိုင်ယူတော်မူပါတယ်။

ကဲ- ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ

*တရားပျက်စီး၊ လောကကြီးမှာ၊
အမှန်တရား၊ ရှိထားမြတ်စွာ၊
တရားစွမ်းနဲ့၊ လွှမ်းခဲ့ခါခါ၊
တရားရှိ၊ မှုန်တန်ခိုးပါ။

ဒီလောကကြီးက ဘာလောကကြီးတဲ့လဲ။ (တရားမဲ့တဲ့၊ တရားပျက်စီးတဲ့ လောကကြီးပါဘုရား)

မြတ်စွာဘုရားက ဘာနဲ့အနိုင်ယူသတဲ့လဲ။ (တရားတန်ခိုးနဲ့ အနိုင်ယူပါတယ်ဘုရား)

ဒီတော့ တန်ခိုးကြီးချင်ရင် ဘာလုပ်ရမတဲ့လဲ။ (တရားရှိအောင် လုပ်ရမှာပါ ဘုရား) တရားရှိအောင် အရင်လုပ်ရမှာလား၊ နောက်မှ လုပ်ရမှာလား။ (အရင်လုပ်ရမှာပါ ဘုရား)

ကဲ- ဒါဆို လင်္ကာလေးတွေ လိုက်ဆိုကြ

*တန်ခိုးကြီးချင်၊ တရားပင်၊ အရင်ရှိအောင်လုပ်၊
*တန်ခိုးကြီးချင်၊ တရားပင်၊ အရင်ကြီးအောင်လုပ်။

မြတ်စွာဘုရား "အတင့်တယ်ဆုံး" ဖြစ်တော်မူတာဟာ သီလ၊ သမာဓိ၊ ဝိပဿနာပညာ၊ အရိယမဂ်ကုသိုလ်တန်ခိုး၊ တရားတန်ခိုး ဒီငါးမျိုးကြောင့်လို့ သေသေချာချာ မှတ်ရမယ်နော်။ (မှန်လှပါ ဘုရား)

ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ။ (အတင့်တယ်ဆုံး+ အပြီးပိုင်ရှင်) တရားတော်ပါ ဘုရား။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*နေ့အခါမှာ၊ နေမင်းဟာ၊ ကောင်းစွာတင့်တယ်သည်။
*ညအခါမှာ၊ လမင်းဟာ၊ ကောင်းစွာတင့်တယ်သည်။
*မင်းဝတ်တန်ဆာ၊ ဝတ်မှသာ၊ မင်းဟာ တင့်တယ်သည်။
*ရဟန္တာကား၊ ဈာန်ဝင်စား၊ တအားတင့်တယ်သည်။

http://www.dhammadownload.com



*နေ့ရော ညဥ့်ပါ၊ တို့မြတ်စွာ၊ မှတ်ပါ တင့်တယ်သည်။

*နေ+ လ+ ဘုရင်၊ ရှင်ရဟန္တာ၊ ကိုယ်ရောင်ဝါ၊ မြတ်စွာသာလွန်သည်။

*အတင့်တယ်ဆုံး၊ အပြုးပိုင်ရှင်၊ ပြုးသံခင်၊ မြတ်ရှင်ဖြစ်ပါသည်။

ယနေ့ ဟောဒီတရားနာပရိသတ်အပေါင်း သူတော်ကောင်းပွေ လောကီ လောကုတ္တရာ မင်္ဂလာအမျိုးမျိုး၊ ပညာအမျိုးမျိုး၊ ကောင်းခြင်းအမျိုးမျိုး၊ အောင်ခြင်းအမျိုးမျိုး၊ ရာထူးဂုဏ်သိန် အရှိန်အဝါအမျိုးမျိုး၊ စည်းစိမ်ဥစ္စာ ရတနာ ရွှေ ငွေ အမျိုးမျိုး တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက်များပြားခြင်းစတဲ့ ကောင်း ကျိုးတွေကို မလိုချင်ဘူးလား။ (လိုချင်ပါတယ် ဘုရား)

လိုချင်ရင် အတင့်တယ်ဆုံး မင်္ဂလာအရှိဆုံးဖြစ်တဲ့ ဒိဒိဝါတပတိ ဂါထာ တော်ကြီးကို ကျက်မှတ်ပြီး ဘုရားရှိခိုးရမယ်။ သက်စေ့ရွတ်ဖတ် ပူဇော်ရမယ် နော်။ (မှန်လှပါ ဘုရား)

စာမေးပွဲအောင်ဖို့၊ စီးပွားအောင်ဖို့၊ ရာထူးအောင်ဖို့၊ ပြော ပြ ကြံစည်သမျှ တွေ တကယ်အောင်ဖို့အတွက် တကယ်ဆောင်ထားရမယ်။ သွားရာလာရာ အန္တရာယ်ကင်းဝေးပြီး အဆင်ပြေဖို့ သွားရင်း လာရင်း ဒီဂါထာပါ မြတ်စွာဘုရား ရဲ့ အတင့်တယ်ဆုံး ဂုဏ်တော်တွေ၊ တန်ခိုးတွေ အာရုံပြုကာ ရွတ်ဖတ်ပူဇော်ရ မယ်။

အဲဒီလိုရွတ်ဖတ်ကော်ရော် ပူဇော်ပြီး ဒီဂါထာရှိတဲ့အတိုင်း သီလ၊ သမာဓိ၊ ဝိပဿနာပညာတွေ ပြည့်စုံအောင် ကြိုးစားအားထုတ်ရင် လောကီလိုအင်ဆန္ဒ မှန်သမျှတွေသာမက မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ချမ်းသာမှန်အထိ ကောင်းကျိုးတွေ ရရှိ နိုင်ပါတယ်။

လောကုတ္တရာ သီလ၊ သမာဓိ၊ ပညာအလုပ်တွေကို ကြိုးစားအားထုတ် လုပ်ကိုင်လိုက်ရင် လောကီကောင်းကျိုးတွေဟာ အလိုအလျောက် အောင်မြင်ပြီးစီး သွားတာပါပဲ။ လောကအခက်အခဲဟူသမျှတွေကိုလည်း လောကုတ္တရာတရားက ကျော်လွှားပြီးတော့ သွားတာပါပဲ။

တချို့လူတွေက "အရှင်ဘုရား ဒိဝါတပတိ ဂါထာတော် ဘာကောင်း သလဲ" လို့ မေးတဲ့အခါမှာ ဦးဇင်းတို့က "အကုန်လုံးကောင်းတယ်၊ အကုန်လုံး အောင်တယ်၊ အကုန်မင်္ဂလာရှိတယ်၊ နောက်ဆုံး မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရ ရောက် သည်အထိ ကောင်းတယ်" လို့ အဖြေပေးလိုက်ပါတယ်။

ဘာ့ကြောင့် ဒီလို အဖြေပေးနိုင်သလဲဆိုတော့ "သဗ္ဗဇယမင်္ဂလာ" ဂါထာ

http://www.dhammadownload.com



တော်လို့ ခေါ်ဆိုခြင်းကြောင့်ပါပဲ။ သဗ္ဗ– အကုန်လုံး။ ဇယ– အောင်မြင်တာ။ မင်္ဂလာ– ကျက်သရေမင်္ဂလာ အရှိဆုံးဖြစ်တယ်။ ဒါ့ကြောင့် ဒီလိုအဖြေပေးလိုက်တာနော်။ (မှန်လှပါ ဘုရား)

ဒီတရားတော် နိဂုံးအဆုံးမှာ များစွာသောင်းသောင်း သတ္တဝါအပေါင်းတွေဟာ သောတာပတ္တိဖိုလ်အစရှိသည်တို့သို့ ရောက်ကုန်ကြပါတယ်။ ဒါ့ကြောင့် ဒီ ဒိဝါတပတိ အစရှိတဲ့ ဂါထာတော်ကြီးဟာ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်အထိ ကောင်းကျိုး ရှိအောင် ဆောင်ရွက်နိုင်တဲ့ "အဆောင်ကောင်း+ ဂါထာတော်ကြီး" ဖြစ်တယ်လို့ အဖြေပေးလိုက်ခြင်းပါပဲ။

ဒေသနာဝသာနေ ဗဟူ သောတာပတ္တိဖလာဒီနိ ပါပုဏိံသု။

ဒေသနာဝသာနေ– "အတင့်တယ်ဆုံး+ အပြုံးပိုင်ရှင်" ခေါ်တွင် ဟောဖော်၊ ဒေသနာတော်၏အဆုံး၌။ ဗဟူ– များစွာသောင်းသောင်း၊ သတ္တဝါအပေါင်း တို့သည်။ သောတာပတ္တိဖလာဒီနိ– သောတာပတ္တိဖိုလ်အစရှိသည်တို့သို့။ ပါပု ဏိံသု– ကောင်းစွာပျော်ပျော်၊ ရောက်တော်မူကြပါပေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ကဲ– ဓမ္မပဒပါဠိတော်၊ ဓမ္မပဒအဋ္ဌကထာတို့မှာ လာတဲ့အတိုင်း ဒိဝါတပတိ အစရှိတဲ့ ဂါထာတော်ကြီးကို တန်ဆာဆင်ပြီးတော့ "အတင့်တယ်ဆုံး+ အပြုံးပိုင်ရှင်" တရားတော်ကို ဟောကြားလို့ ပြီးသွားပါပြီ။

အဲဒီ ဒိဝါတပတိ ဂါထာတော်ကြီးကို လူတွေက ငွေဝင်တဲ့ဂါထာ၊ ငွေရတဲ့ဂါထာလို့ ပြောနေကြတယ်။ ငွေဝင်တဲ့အကြောင်း၊ ငွေရတဲ့အကြောင်းကို ဆက်ပြီးတော့ ဟောကြ နာကြရအောင်နော်။ (မှန်လှပါဘုရား)

တစ်ခါက သီဟိုဠ်ကျွန်းမှာ ဘာတိကမင်းဝရားကြီး ဦးစီးပြီးတော့ မဟာစေတီဘုရား ပူဇော်ပွဲကြီး ကျင်းပါနေပါတယ်။

ဘာလုပ်နေသတဲ့လဲ။ (မဟာစေတီဘုရားပူဇော်ပွဲကြီး ကျင်းပါနေပါတယ် ဘုရား)

ဘယ်မှာတဲ့လဲ။ (သီဟိုဠ်ကျွန်းမှာပါ ဘုရား)

အဲဒီမဟာစေတီဘုရား ပူဇော်ပွဲကြီးမှာ သံဃာတော်အရှင်မြတ်တွေကိုလည်း လှူဖွယ်ဝတ္ထုအစုစုတွေကို ဆက်ကပ်လှူဒါန်းပူဇော်လိုတဲ့အတွက် ပင့်ဖိတ်ပြီးတော့ ထားပါတယ်။

အချိန်ကလည်း ညနေ နေဝင်ရီးရီ ဆည်းဆာအချိန်လေးပါ။

ဘယ်အချိန်တဲ့လဲ။ (ဆည်းဆာအချိန်ပါဘုရား)

အဲဒီဆည်းဆာအချိန်မှာ နေမင်းကြီးကလည်း ဝင်စ၊ လမင်းကြီးကလည်း ထွက်ပြူစ ဖြစ်တယ်။

ဘုရားရယ်၊ သံဃာရယ်၊ နေမင်းရယ်၊ လမင်းရယ် အင်မတန်ကြည့်ရှုလို့ ကြည်နူးစရာကောင်းတဲ့ ကင့်ဟယ်လှပမှု အခြင်းအရာတွေကို ဘာတိကမင်း တရားကြီးက သတိထားပြီးတော့ သူ့ရဲ့အနီးအနားမှာရှိနေတဲ့ ပညာရှိဆရာအမတ်ကြီးကို

"အို ပညာရှိအမတ်ကြီး၊ ရတနာသုံးပါးလုံးတို့မှ မလွတ်တဲ့ (ရတနာသုံးပါးလုံးပါတဲ့) အောင်ခြင်းမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံတဲ့ ဂါထာတစ်ပုဒ် ရွတ်ဆိုပြပါ" လို့ ပူဇော်မှုတစ်ခုကို ပြုလိုတဲ့အတွက် ပြောဆိုလိုက်ပါတယ်။

အဲဒီလို ဘာဖိကမင်းတရားကြီးက ပြောဆိုလိုက်တော့ ပညာရှိအမတ်ကြီးဟာ ပိဋကတ်သုံးပုံ အလုံးစုံသော ဘုရားဟောဖော် စကားတော်တွေကို ဆင်ခြင်သုံးသပ်ပြီး ဤ ဒိဝါတပတိဂါထာတော်ကို ရွတ်ဆိုလျှောက်ထားလို၍

၁။ "ဒိဝါတပတိ အာဒိစ္စော- နေမင်းဆိုတာ နေ့အခါမှာ တင့်တယ်တောက်ပ ပါပေ၏" လို့ ရွတ်ဆိုတာ ဝင်လုဆဲဆဲနေမင်းကို လက်အုပ်ချီမိုး ရှိခိုး လိုက်ပါတယ်။

၂။ "ရတ္တိမာဘာတိ စန္ဒိမာ- လမင်းဆိုတာ ညခင်းအခါမှ သာတင့်တယ် တောက်ပလှပါပေ၏" လို့ ရွတ်ဆိုကာ ထွက်ပြူစ လမင်းကို လက်အုပ်ချီမိုး ရှိခိုးလိုက်ပါတယ်။

၃။ "သန္နဒ္ဓေါ ခတ္တိယော တပတိ- မင်းဆိုတာ မင်းဝတ်တန်ဆာ ရတနာ အလှဝတ်ဆင်မှသာ တင့်တယ်တောက်ပလှပပါပေ၏" လို့ ရွတ်ဆိုကာ ကျက်သရေ မင်္ဂလာရှိလှတဲ့ ဘာတိကမင်းတရားကြီးကို လက်အုပ်ချီမိုး ရှိခိုးလိုက်ပါတယ်။

၄။ "ဈာယီ တပတိ **ဗြာဟ္မဏော-** ရဟန္တာဆိုတာ ဈာန်သမာပတ် ဝင်စားမှသာ တင့်တယ် တောက်ပ လှပပါပေ၏" လို့ ရွတ်ဆိုကာ မဟာစေတီ ဘုရား ပူဇော်ပွဲကြီး ကြွရောက်လာကြတဲ့ ရဟန်းသံဃာတော်အပေါင်းကို လက်အုပ်ချီမိုး ရှိခိုးလိုက်ပါတယ်။

၅။ "ဗုဒ္ဓေါ တပတိ တေဇသာ- မြတ်စွာဘုရားသည် တန်ခိုးငါးမျိုးဖြင့်

http://www.dhammadownload.com



အမြဲနေ့ည ထာဝရသာ တင့်တယ်တောက်ပ လှပါပါစေ၏" လို့ ရွတ်ဆို ကာ မဟာစေတီဘုရားကြီးကို လက်အုပ်ချီမိုး ရှိခိုးလိုက်ပါတယ်။

အရှင်မင်းကြီး ဒီဂါထာတော်ကြီးမှာ

၁။ ဗုဒ္ဓေါ- ဆိုတဲ့ ပါဠိဖြင့် ဘုရားရတနာ။

၂။ ဓမ္မာယီ- ဆိုတဲ့ပါဠိဖြင့် အာရမ္မဏဟူပနိဗ္ဗာန်တို့ကို ယူအပ်သောကြောင့် တရားရတနာ။

၃။ မြှာဟ္မဏော- ဆိုတဲ့ပါဠိဖြင့် သံဃာရတနာကို ယူရသောကြောင့် ဒီဂါထာတော်ကြီးဟာ ရတနာသုံးပါးလုံးတို့မှ မလွတ်တဲ့ (ရတနာသုံးပါးလုံး ပါတဲ့) ဒီတစ်ဂါထာတည်းနဲ့ ရတနာသုံးပါးလုံးကို ပူဇော်ရာရောက်တဲ့ အောင်မြင်ခြင်းမင်္ဂလာ၊ အောင်ဂါထာတော်ကြီး ဖြစ်ပါတယ်"လို့ လျှောက်ထားပြတဲ့အခါ "ဘာတိကမင်းတရားကြီး" ဟာ အင်မတန်သဘောကျ နှစ်သက်တော်မူသဖြင့် "ပညာရှိအမတ်ကြီး၊ သင်မထိုင်နဲ့ဦး၊ လက်အုပ်ချီ ထားတဲ့ တန်ဖိုးရှိလှတဲ့ သင့်ရဲ့လက်ကို အောက်မချလိုက်နဲ့ဦး" လို့ ပြောဆိုကာ အမတ်ကြီးရဲ့ မြှောက်ချီထားတဲ့လက်ထဲမှာ အသပြာတစ် ထောင် ဆုချတော်မူလိုက်ပါတယ်။

တရားနာပရိသတ် ဒီဒိဝါတပတိဂါထာတော်ကြီး ရွတ်ဆိုလျှောက်ထားတဲ့ ပိဋကတ်ပညာရှိအမတ်ကြီး အသပြာတစ်ထောင် ရမသွားဘူးလား။ (ရသွားပါ တယ် ဘုရား)

အဲဒီအချိန်ကစပြီးတော့ ဒီဒိဝါတပတိဂါထာတော်ကြီးကို "တစ်ထောင် တန်ဂါထာ" လို့ အမည်ပေးကြ၊ ပြောကြဆိုကြတာနော်။ (မှန်လှပါဘုရား)

ဒီဂါထာရွတ်ဆိုလျှောက်ထားတော့ အသပြာငွေတစ်ထောင်ရရှိတဲ့အတွက် ဒီဂါထာတော်ကြီးကို ငွေဝင်ဂါထာတော်ကြီး၊ ငွေရဂါထာတော်ကြီး၊ စီးပွားရေး လုပ်ငန်းကိုင်ငန်း၊ ရောင်းရေးဝယ်ရေး အဆင်ပြေတဲ့ဂါထာတော်ကြီး၊ ရာထူးဂုဏ် သိန် အရှိန်အဝါ တန်ခိုးထွက်ပြီး တိုးတက်စေတဲ့ ဂါထာတော်ကြီးလို့ လူတွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားပြီးတော့နေတာနော်။ (မှန်လှပါဘုရား)

ဒီတော့ ငွေဝင်တဲ့အကြောင်း၊ ငွေရတဲ့အကြောင်း သိပြီမဟုတ်လား။ (သိပါပြီဘုရား)

အန္တရာယ်ကင်း၊ ရန်စွယ်တွေအကုန်ရှင်းပြီးတော့ ကောင်းခြင်းမင်္ဂလာ၊ အောင်ခြင်းမင်္ဂလာ အဖြာဖြာတွေနဲ့ ပြည့်စုံတဲ့ ဒီတစ်ထောင်တန်ဂါထာတော် ကြီး အမြဲဆောင်ထားဖို့ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)

ဒီလောကကြီးမှာ ရှိကြတဲ့ လုံးစုံများစွာ သတ္တဝါတွေရဲ့ ကုသိုလ်တရား အစားစားတွေ တိုးပွားရာ တိုးပွားကြောင်း တကယ်ကောင်းတဲ့ မင်္ဂလာအရှိဆုံး ရတနာတွေကတော့ ဘုရား တရား သံဃာရတနာတွေပါပဲ။

ဒါ့ကြောင့် သံယုတ်ဋီကာဆရာကြီးက

"မင်္ဂလံ ဘဂဝါ ဗုဒ္ဓေါ၊ ဓမ္မော သံဃော စ မင်္ဂလံ။

သဗ္ဗေသမ္ပိစ သတ္တာနံ၊ သပုညဝိတ မင်္ဂလံ" လို့ မိန့်ဆိုထားပါတယ်။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ပွင့်ပေါ်လာတာ သတ္တဝါတိုင်း အတွက် (လူသားတိုင်းအတွက်) မင်္ဂလာတွေ တကယ်ရှိတယ်နော်။ (မှန်လှပါ ဘုရား)

ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ

*ရှင်တော်ဗုဒ္ဓ၊ လောကပွင့်လာ၊
ရှင်တော့်တရား၊ နာကြားရကာ၊
ရှင်တော့်သံဃာ့၊ ဖူးရတစ်ဖြာ၊
လှူဒါန်းရ၊ နေ့ညမင်္ဂလာ။

*ရှင်တော်ဗုဒ္ဓ၊ လောကပွင့်ပေါ်၊
ရှင်တော့်တရား၊ နာကြားရသော်၊
ရှင်တော့်သံဃာ့၊ ဖူးရပျော်ပျော်၊
လှူဒါန်းရ၊ နေ့ည ကောင်းကျိုးပေါ်။

ယနေ့ ဦးဇင်းရဲ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေကို ဓမ္မပဒပါဠိတော်၊ အဋ္ဌကထာ၊ သံယုတ်အဋ္ဌကထာ၊ ဋီကာတို့မှာ လာရှိ၊ ပါရှိတဲ့ ဒိဝါတပတိ ဂါထာတော်ဆိုင်ရာတွေ ပြည့်ပြည့်စုံစုံ ဟောကြားခဲ့ပါတယ်။

အတင့်တယ်ဆုံး၊ မင်္ဂလာအရှိဆုံးဖြစ်တဲ့ လောကီ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာတွေ ရရှိနိုင်ကြပါစေ။ မိမိအတွက်၊ သူတစ်ပါးအတွက်၊ လောကီအတွက်၊ လောကုတ္တရာအတွက်၊ လောကအတွက်၊ သာသနာတော် အတွက် ပြောသမျှ၊ ပြုသမျှ၊ ကြံစည်သမျှ၊ ဆောင်ရွက်သမျှတွေ အောင်မြင်ပြီး မြောက် ခရီးရောက်နိုင်ကြပါစေ။ အဆောင်ကောင်းတွေ ဆောင်နိုင်ကြပါစေဆိုတဲ့ အနေအားဖြင့် ဒီတရားတော်ကို ဟောကြားပြောကြားခဲ့ပါတယ် တရားနာ။

http://www.dhammadownload.com



ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ

*အတင့်တယ်ဆုံး၊ အပြုံးပိုင်ရှင်၊
ဒိဝါတပတိ၊ ပါဠိကိုထွင်၊
ပါ+ ဠ+ ဋိကြည့်၊ သတိဉာဏ်ဝင်၊
သိစေကြောင်း၊ ဆုတောင်းဟောသွန်သင်။

*အတင့်တယ်ဆုံး၊ အပြုံးထွေထွေ၊
ရပါစေကြောင်း၊ ဆုတောင်းကာလေ၊
ပြော+ ပြု+ ကြံဆ၊ အောင်ကြပါစေ၊
ရည်ရွယ်ပြု၊ ယခုဟောခဲ့ပေ။ –

ကဲ တရားသိမ်းကြရအောင်။ လက်အုပ်ချီမိုး ရှိခိုးပြီးတော့ မြတ်စွာဘုရားရဲ့ "အတင့်တယ်ဆုံး+ အပြုံးပိုင်ရှင်" ဂုဏ်တွေ သီလ၊ သမာဓိ၊ ဝိပဿနာပညာ၊ ကောင်းမှုဘုန်းကံပြည့်စုံမှု၊ တရားပိုင်ရှင်ဖြစ်ပုံ အလုံးစုံသော တန်ခိုးအဖုံဖုံကို အာရုံပြုကြည်နူးနေကြပါ။ ဦးဇင်းက "အတင့်တယ်ဆုံး" ဒိဝါတပတိ ဂါထာတော်ကြီးနဲ့ သစ္စာပြုကာ အောင်ဆုဖြာဖြာ ပေးဝေခဲ့ပါ့မယ်၊ တရားနာ–

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။
တေန သစ္စဝဇ္ဇေန၊ ဓေးသာ ဟော ဟောတု သဗ္ဗဒါ။

၁။ အာဒိစ္စော– နေ့အခါတွင်၊ နေ့ဘုရင်မည်၊ ရောင်ခြည်တစ်ထောင်၊ မကဆောင်သည့်၊ ထွန်းပြောင်ထိန်လင်း၊ ရှင်နေမင်းသည်။ ဒိဝါ– အမှောင်ကင်းပျောက်၊ အလင်းရောက်လာ၊ နေ့အခါ၌သာလျှင်။ တပတိ– နေ့အခါတွင်၊ နေ့ဘုရင်က၊ နေ့စဉ်လှအောင်၊ အလှဆောင်ကာ၊ တင့်တယ်တောက်ပနိုင်ပါပေ၏။

၂။ စန္ဒိမာ– အာကာဝေဟင်၊ ထက်ကောင်းကင်၌၊ ပျောက်ပိုက်ကြယ်များ၊ ခစားဝန်းရံ၊ ဆင်းလျှံပဝင်း၊ ရွှေလမင်းကြီးသည်။ ရတ္တိံ– အလင်းကွယ်ပျောက်၊ အမှောင်ရောက်လာ၊ ညဥ့်အခါ၌သာလျှင်။ အာဘာတိ– ညအခါတွင်၊ ညဘုရင်က၊ ညစဉ်လှအောင်၊ အလှဆောင်ကာ၊ တင့်တယ်တောက်ပပါပေ၏။

http://www.dhammadownload.com



၃။ ခတ္တိယော– တိုင်းပြည်အုပ်ချုပ်၊ မင်းလုပ်ဘုရင်၊ မင်းအရှင်သည်။ သန္ဓဒွေါ– ရွှေ၊ ငွေ၊ စိန်၊ ကျောက်၊ ထိန်တောက်ဆန်းပြား၊ ပတ္တမြားစသည်၊ အလီလီသိမ်းခြုံ၊ လုံးစုံများစွာ၊ ရတနာဖြင့်၊ တန်ဆာတင့်တယ်၊ ဆင်ယင်ခြယ်သ၊ အလှဝတ်ဆင်၊ လေးအင်စစ်သည်၊ အင်္ဂါညီလှ၊ ခြံရံမှသာလျှင်။ တပတိ– မင်းကျက်သရေ၊ မက်မပြေအောင်၊ ယှက်ဝေကောင်းစွာ၊ တင့်တယ်တောက်ပပါပေ၏။

၄။ ဗြာဟ္မဏော– မကောင်းမှုဆို၊ အကုသိုလ်များ၊ ပယ်ခွာထားသည့်၊ ထူးခြားအမှန်၊ ရဟန္တာခေါ်ဆို၊ မြတ်ပုဂ္ဂိုလ်သည်။ ဈာယီ– အပေါင်းကိုရှင်း၊ အသင်းကိုခွာ၊ အာရမ္မဏူ၊ လက္ခဏူပဟု၊ နှစ်မှုကွဲပြား၊ ဈာန်သမာပတ်ဝင်စားမှသာလျှင်။ တပတိ– ရဟန်းကျက်သရေ၊ မက်မပြေအောင်၊ ယှက်ဝေကောင်းစွာ၊ တင့်တယ်တောက်ပပါပေ၏။

၅။ အထ– နေ၊ လ၊ ဘုရင်၊ ရှင်ရဟန္တာ၊ ထိုလေးဖြာစု၊ တင့်တယ်တောက်ပမှုထက်။ ဗုဒ္ဓေါ– သစ္စာလေးပါး၊ တရားသိခြင်း၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ တေဇသာ– သီလ+ သမာ+ ပညာ+ ပုည၊ ခမ္မပြည့်ဖြိုး၊ မြတ်တန်ခိုးဖြင့်။ သဗ္ဗမဟောရတ္တိံ– အလုံးစုံဆင့်ဆင့်၊ နေ့ညဥ့်ကာလပတ်လုံး။ တပတိ– ဘုရားကျက်သရေ၊ မက်မပြေအောင်၊ ယှက်ဝေကောင်းစွာ၊ တင့်တယ်တောက်ပပါပေ၏။

တေနသစ္စဝဇ္ဇေန– ဤသို့မှန်သား၊ စကားသစ္စာ၊ ပြောဆိုလိုက်ရပါလေသောကြောင့်။ တေ– တုမှာကံ= တရားချစ်ခင်၊ စိတ်ကောင်းဝင်သည့်၊ ရှင်လူအပေါင်း၊ သင်သူကောင်းတို့အား။ ဇယော– လောက+ သာသနာ၊ အရာရာတွက်၊ သဒ္ဓါလက်ဖြင့်၊ ဆောင်ရွက်ပြော ပြုံ၊ ကြံစည်မှု မည်၊ ဤသုံးလီတို့၊ အတည်ရှင်းရှင်း၊ အောင်မြင်ပြီး မြောက်၊ ခရီးရောက်ခြင်းသည်။ သဗ္ဗဒါ– စက္ကန့်+ မိနစ်၊ ပြောင်းလစ်မြန်သည်၊ နာရီမလပ်၊ အခါခပ်သိမ်း။ ဟောတု– ယနေ့ကစ၊ နိဗ္ဗာန်ရအောင်၊ မုချပုံသေ၊ အဖြစ်ကြီးဖြစ်တော်မူနိုင်ကြပါစေသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

ဦးဇင်းရဲ့တရားနာပရိသတ်အားလုံး ပန်းထက်လည်းမွှေး၍၊ စမ်းထက်လည်း အေးကာ၊ ကျန်းမာ၍ ချမ်းသာကြပါစေ။

http://www.dhammadownload.com



# ရှာန် (၂) မျိုး

၁။ လက္ခဏူပနိဇ္ဈာနံ နာမ ဝိပဿနာ မဂ္ဂဖလာနိ။ ဝိပဿနာ ဟိ တီဏိ လက္ခဏာနိ ဥပနိဇ္ဈာယတီတိ လက္ခဏူပနဇ္ဈာနံ။ မဂ္ဂေါ ဝိပဿနာယ အာဂတကိစ္စံ သာဓေတီတိ လက္ခဏူပနဇ္ဈာနံ။ ဖလံ တထ လက္ခဏံ နိရောဓ သစ္စံ ဥပနိဇ္ဈာယတီတိ လက္ခဏူပနိဇ္ဈာနံ။

၂။ အဋ္ဌသမာပတ္တိယော ပန ကသိဏာရမ္မဏာသ ဥပနိဇ္ဈာယနတော အာရမ္မဏူပနိဇ္ဈာနန္တိ ဝေဒိတဗ္ဗာ။

မှတ်ချက်။ ။ * ရတနာသုံးပါး ပူဇော်ပွဲတိုင်း၊ အလှူပွဲတိုင်း၊ မွေးနေ့ မင်္ဂလာ၊ ထိမ်းမြားမင်္ဂလာပွဲတိုင်း၊ အနေကဇာတင်၊ စာအောင် သံဃာ၊ ဘွဲ့တံဆိပ်ရ ဂုဏ်ပြုပူဇော်ပွဲတိုင်း ဟောကြားနိုင်ပါ သည်။ (မင်္ဂလာပွဲတိုင်း ဟောပါ။)

*တရားအမည်ပေးရာ၌ အတင့်တယ်ဆုံး၊ အကောင်းဆုံး၊ အမြတ်ဆုံး၊ မင်္ဂလာအရှိဆုံး၊ အတင့်တယ်ဆုံးဂါထာ၊ အကောင်းဆုံးဂါထာ၊ အောင်ဂါထာစသည်စသည်ဖြင့် မိမိ နှစ်သက်သလို ပေးနိုင်ပါသည်။

အတင့်တယ်ဆုံး+ အပြုံးပိုင်ရှင်တရားတော် ပြီးပြီ။

http://www.dhammadownload.com

သံယုတ္တနိကာယ်+ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ ဒေဝပုတ္တသံယုတ်+ အနာထပိဏ္ဍိကဝဂ်+ စန္ဒိမသုတ္တန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

## 'လနတ်သား + အားထားရာ' တရားတော်

ယနေ့ ဦးဇင်းဟောမယ့် တရားတော်ရဲ့အမည်ကို ကြေညာပြီးပါပြီ။

မေး။ ။ ဒီတော့ ဒီနေ့ဟောမယ့်တရားက ဘာတရားတဲ့လဲ။

ဖြေ။ ။ "လနတ်သား+ အားထားရာ" တရားတော်ပါဘုရား။

မေး။ ။ ဒီလို တရားနာမည်လေးတွေ ပေး ဟောတာ ခေတ်ဆန်တာလား၊ ခေတ်နဲ့ညီစေတာလား။

ဖြေ။ ။ ခေတ်နဲ့ညီစေတာပါ ဘုရား။

ဟုတ်တယ် တရားနာပရိသတ် ဦးဇင်းတို့က ခေတ်နဲ့ညီအောင် မှတ်မိအောင် ဒီလိုတရားအမည်လေးတွေကို မြန်မာလို ပေးပြီးတော့ ဟောကြားခြင်းပါ။

ခက်ခဲတဲ့ ပါဠိသုတ္တန်အမည်တွေ မမှတ်မိမှာစိုးတဲ့အတွက် မြန်မာလို အမည်ပေးခြင်းပါ။ နောက်ဆုံးတရားတွေ အစုံအလင် မမှတ်မိစေကာမူ တရား အမည်လေးတော့ မှတ်မိလောက်ပါရဲ့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ခေတ်မှီအောင် ခေတ်ညီအောင် ဆွဲဆောင်တည်ထွင် ဖန်ဆင်းလိုက်ခြင်းပါ။ တရားဟောပြောသူ ရဲ့ မေတ္တာနဲ့ စေတနာကို နားလည်ကြမယ်လို့ ထင်ပါတယ်။

ဒီလို မြန်မာလို မှတ်မိအောင် မှတ်လွယ်အောင် သတိရအောင် ဟောတဲ့ တရားအမည်ကိုပင် တရားပွဲပြီးခါနီးတိုင်း မေးကြည့်ရင် မေ့တတ်တဲ့သူဟာ တော်တော်များပါတယ်။ ဒါကြောင့် ဦးဇင်းတို့ကတော့ မေ့တတ်ရင် အမေ့သား၊ မမေ့တတ်ရင် (မှတ်မိရင်) အဖေ့သားလို့ ခဏခဏပြောမိပါတယ်၊

ဟိုတုန်းက တရားဟောရင်း အင်မန်မေ့တတ်တဲ့ တရားထောက်ဒကာ ကြီးတစ်ယောက်ကို "ဒကာကြီး၊ ဒကာကြီးက အမေ့သားလား၊ အဖေ့သားလား" လို့ မေးလိုက်တော့ အဲဒီတရားထောက်ဒကာကြီးက "တပည့်တော် နှစ်ယောက် လုံး သားပါဘုရား" တဲ့။ (တရားနာပရိသတ် ရယ်မောကြ)

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ် အဲဒီ ဒကာကြီးဖြေတာလည်း ဟုတ်တာပဲ။ ဒါပေမဲ့ ဦးဇင်းအာဘော်တော့ မကျသေးဘူးနော်။

ဦးဇင်းရဲ့ တရားနာပရိသတ်တွေ သိအောင် မှတ်မိအောင် သဘောပေါက်အောင် အမည်ပေးထားတဲ့ "လနတ်သား+ အားထားရာ" တရားတော်ကို ဧကံ သမယံ ကစပြီးတော့ ဟောကြ နာကြရအောင် တရားနာ။

ဧကံသမယံဘဂဝါ သာဝတ္ထိယံဝိဟရတိဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

ဧကံ– တစ်ပါးသော။ သမယံ– အခါ၌။ ဘဂဝါ– ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ– သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ– အနာထပိဏ်၊ ဂုဏ်သိန်ပျံ့မွေး၊ မြတ်သူဌေး၏။ အာရာမေ– နှလုံးမွေ့လျော်၊ ပျော်ဖွယ်ရာဖြစ်သော။ ဇေတဝနေ– ဇေတဝန်ခေါ်၊ မြတ်ကျောင်းတော်၌။ ဝိဟရတိ– ရှင်ပြုံးပျော်ပျော်၊ သီတင်းသုံးနေတော်မူပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်မှာ ကိန်းအောင်းစံပျော်နေတော်မူပါတယ်။

မေး။ ။ ဘုရားရှင် ဘယ်မှာနေသတဲ့လဲ။

ဖြေ။ ။ ဇေတဝန်ကျောင်းမှာပါဘုရား။

မေး။ ။ ဘယ်သူလှူဒါန်းထားတာပါလိမ့်။

ဖြေ။ ။ အနာထပိဏ်သူဌေးပါဘုရား။

မေး။ ။ ပျော်စရာကောင်းတဲ့ ကျောင်းလား၊ ပျင်းစရာကောင်းတဲ့ကျောင်းလား။

ဖြေ။ ။ ပျော်စရာကောင်းတဲ့ကျောင်းပါ ဘုရား။

အေး ဟုတ်တယ်၊ အာရာမေ– နှလုံးမွေ့လျော်၊ သိပ်ပြီးတော့ တကယ့်ကို ပျော်စရာကောင်းတယ်တဲ့။ တရားဟောရင် ဧကံသမယံက စပြီးတော့ပါဠိလေးရွတ်၊ အနက်လေးပေးပြီးတော့ တရားဟောရတာ သိပ်အရသာရှိတယ်။ ဘာ့ကြောင့် အရသာရှိသလဲဆိုရင် မြတ်စွာဘုရား သီတင်းသုံးနေတဲ့နေရာကို မှန်းပြီးတော့ အာရုံပြုလို့ ကြည်ညိုရတယ်၊ ကုသိုလ်တရားအစားစားတွေ တိုးပွားပြီး လာတယ်။ ဒါကြောင့် အရသာရှိတယ်လို့ မှတ်သားပါ။

နောက်ပြီးတော့ ကျောင်းဒါယကာကြီးကိုလည်း ချီးမွမ်းရာ ဂုဏ်ပြုရာ ရောက်တယ်။ အနာထပိဏ်ကျောင်းဒါယကာကြီးကို အားကျပြီးတော့ တရားနာ

http://www.dhammadownload.com



ပရိသတ်တွေမှာ ကျောင်းလှူချင်စိတ်တွေလည်း တဖွားဖွားပေါ်ပေါက်ပြီးတော့ လာနိုင်တယ်။

ဦးဇင်းတို့ သံဃာတော်တွေ နေထိုင်တဲ့ ကျောင်းတိုက်တွေမှာ ကြည့်လိုက်ပါလား၊ ကျောင်းဒကာ ကျောင်းဒကာမတွေရဲ့အမည်တွေ၊ ရဟန်းဒကာ ရဟန်းဒါယိကာမတွေရဲ့မည်တွေ၊ ပိဋကတ်သုံးပုံ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအစုံနဲ့ ဓိရိအလှူရှင် ဒကာ ဒကာမတွေရဲ့အမည်တွေ၊ ဘုရားနဲ့ ဓိရိအလှူရှင် ဒကာ ဒကာမတွေရဲ့ အမည်တွေစသည်စသည်တွေကို တွေ့မြင်ကြရတဲ့အခါမှာ အလှူရှင်တွေမှာလည်း ကုသိုလ်တရားအစားစားတွေ တိုးပွားကြရတယ်။ နောက်ပြီး ကျောင်းရောက်လာကြတဲ့ အသစ်အသစ် ဒကာ ဒကာမတွေမှာလည်း ရှေ့ကနေ လှူပြီးသွားကြတဲ့သူတွေလို လှူဒါန်းချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာနိုင်တယ်။ အဲဒီလို ပေါ်ပေါက်တော့ သာသနာ့တာဝန်တွေ ထမ်းဆောင်နေတဲ့ ရဟန်းသံဃာတွေမှာလည်း သာသနာ့အလုပ်တွေကို ချွင်ချွင်လန်းလန်း ဝမ်းပန်းတသာ လုပ်ကိုင်နိုင်တယ်၊ သံဃာတော်တွေမှာ အစစအရာရာ ပြည့်စုံသွားတယ်။

ဒီတော့ ကျောင်းဒကာ ဒကာမ၊ ရဟန်းဒကာ ရဟန်းဒကာမစတဲ့ အမည်တွေ ကျောင်းမှာရေးပြီးတော့ မှတ်တမ်းတင်ထားတာဟာ ချီးမွမ်းရာ ဂုဏ်ပြုရာ ရောက်မသွားဘူးလား။ (ရောက်သွားပါတယ် ဘုရား)

မေး။ ။ အလှူခံ အလှူပေးပြီးသူ အလှူရှင်တွေ နောက်ထပ်လှူရှင်သူတွေ ကုသိုလ်စိတ်တွေ မဖြစ်ရဘူးလား။

ဖြေ။ ။ ဖြစ်ရပါတယ် ဘုရား။

မေး။ ။ ကုသိုလ်စိတ်ဆိုတာ ကောင်းတာလား၊ ဆိုးတာလား။

ဖြေ။ ။ ကောင်းတာပါဘုရား။

မေး။ ။ ကောင်းတာဆိုရင် အပြစ်ကင်းတာလား၊ အပြစ်ရှိတာလား။

ဖြေ။ ။ အပြစ်ကင်းတာပါဘုရား။

မေး။ ။ အပြစ်ကင်းတာဆိုရင် အဖြူလား၊ အမည်းလား။

ဖြေ။ ။ အဖြူပါဘုရား။

မေး။ ။ အဖြူဖြစ်တဲ့ ကုသိုလ်စိတ် တိုးပွားအောင် အလှူရှင်ဒကာ ဒကာမတွေရဲ့အမည်လေးတွေရေးထားတာဟာ ချီးမွမ်းစရာလား၊ ကဲ့ရဲ့စရာလား။

ဖြေ။ ။ ချီးမွမ်းစရာပါဘုရား။

မေး။ ။ ချီးမွမ်းစရာဆိုရင် ရေးသင့်သလား၊ မရေးသင့်ဘူးလား။

http://www.dhammadownload.com



ဖြေ။ ။ ရေးသင့်ပါတယ် ဘုရား။

မေး။ ။ ဒီလိုဂုဏ်ပြုတာ၊ ချီးမြှောက်တာ၊ ရေးသားတာ ခုမှလား၊ ဘုရားလက်ထက်ကပင် ရှိတာလား။

ဖြေ။ ။ ဘုရားလက်ထက်ကပင် ရှိတာပါဘုရား။

အေး ဟုတ်ပြီ၊ ဘုရားလက်ထက်ကပင် ရှိတာလို့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား)။

အနာထပိဏ် ကျောင်းဒါယကာကြီးရဲ့ကျောင်းမှာ သီတင်းသုံးဟောတဲ့ တရားတိုင်း "အနာထပိဏ္ဍိကဿ အာရာမေ" လို့ အမြဲချီးမြှောက်တယ်၊ ဂုဏ်ပြုတယ်လို့ သိရမယ်နော်။ (မှန်လှပါဘုရား)

ဘုရားလက်ထက်ကပင် ရှိတာ သဘောကျပြီနော်။ (မှန်လှပါဘုရား)

ဒါ့ကြောင့် ဦးဇင်းတို့က ဇော်သမယံ ကစပြီးတော့ တရားဟောရတာ တကယ်အရသာတွေ့တယ်၊ အရသာရှိတယ်လို့ ပြောပြတာပါ။

ကဲ ရှေ့ဆက်နာကြားကြရအောင်

တေန ခေါ ပန သမယေန စန္ဒိမာ ဒေဝပုတ္တော ရာဟုနာ အသုရိန္ဒေန ဂဟိတော ဟောတိ။

တေနခေါပနသမယေန– ထိုအခါ၌။ (ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် အနာထပိဏ်သူဌေးရဲ့ ပျော်ဖွယ်ရာတကယ်ကောင်းတဲ့ ဇေတဝန်ကျောင်း ကိန်းအောင်းနေရာ ထိုအခါ၌)။ စန္ဒိမာဒေဝပုတ္တော– လနတ်သားကို။ ရာဟုနာ– ရာဟု အမည်ရှိသော။ အသုရိန္ဒေန– အသူရိန်ကြီးသည်။ ဂဟိတော– တင်းတင်းကျပ်ကျပ် ဖမ်းယူအပ်သည်။ ဟောတိ– မလွဲမသွေ၊ ဖြစ်ပါပေ၏။

ဘုရားရှင်ကိုယ်တော်မြတ် ဇေတဝန်ကျောင်း ကိန်းအောင်ရှင်ပျော်နေတော်မူတဲ့အချိန်မှာ လနတ်သားကို အင်မတ်ကြီးမားတဲ့ ရာဟုအသူရိန်ကြီးက တင်းတင်းကျပ်ကျပ် ဖမ်းယူထားပါတယ်။

အဲဒီ အသူရိန်ကြီးဟာ ဘယ်လောက်များ ကြီးမားသလဲဆိုရင်

၁။ အရပ်သည် ယူဇနာ (၄၈၀၀) မြင့်၏။

၂။ လက်ရုံးနှစ်ဖက်တို့၏အကြားသည် ၁၁၂ ယူဇနာ ရှည်၏။

၃။ ရင်သား၏ အပြန့်အကျယ်မှာ ၆၀၀ယူဇနာ ရှိ၏။

၄။ ဦးခေါင်း ယူဇနာ ၉၀၀ ရှိ၏။

၅။ နဖူး ယူဇနာ ၃၀၀ ရှိ၏။

http://www.dhammadownload.com



၆။ မျက်ခုံးနှစ်ခုတို့၏ကြားအရပ်သည် ယူဇနာ ၅၀ ကျယ်၏။

၇။ ပါးစပ်အလျား အနံ ယူဇနာ ၂၀၀။

၈။ ပါးစပ်အနက်အစောက် ယူဇနာ ၃၀၀။

၉။ လက်ဖဝါး ခြေဖဝါးအပြင်သည် ယူဇနာ ၂၀၀။

၁၀။ လက်ဆစ်၊ ခြေဆစ် ယူဇနာ ၅၀။

၁၁။ နှာခေါင်း ယူဇနာ ၃၀၀ ရှိတယ်။ အဲဒီလောက်ကြီးမားတယ်လို့ ဗဟုသုတအနေ မှတ်သားပါ။ (သံ၊ ဋ္ဌ၊ ၁၊ ၁၀၁)

အဘိဓာန်ဋီကာ နိဿယမှာ မောင်းထောင်ဆရာတော် အရှင်ပညာသာမိက အောက်ပါသံပေါက်များဖြင့် မှတ်တမ်းပြုခဲ့ပါတယ်။

*လေးထောင့်ရှစ်ရာ၊ ယူဇနာ၊ ရာဟုအစောက်ထား။

*တစ်ထောင့်နှစ်ရာ၊ ယူဇနာ၊ ဗာဟုံလက်ရုံးကြား။

*ကျောနှင့်ရင်မူ၊ အတူတူ၊ ယူဇနာခြောက်ရာထား။

*ဦးခေါင်းကိုးရာ၊ ယူဇနာ၊ သချာမှတ်ပိုင်းခြား။

*နဖူးသုံးရာ၊ ယူဇနာ၊ ဃာနာနည်းတူပြား။

*သုံးရာယောဇနာ၊ ခံတွင်းဝ၊ ကျယ်စွာထိုနတ်သား။

*နှစ်ရာစွင့်စွင့်၊ အထူးချင့်၊ လက်နှင့်ခြေဖဝါး။

*ယူဇနာငါးဆယ်၊ လက်မဝယ်၊ ပေါယယ်လွန်ကြီးများ။

လကတော့ ၄၉ ယူဇနာပဲ ရှိတယ်။ အင်မတန်ကြီးမားတဲ့ ရာဟုအသုရိန်ကြီးက လနတ်သားကို ဘာ့ကြောင့် တင်းတင်းကျပ်ကျပ် ချုပ်နှောင်ဖမ်းယူသလဲ ဆိုရင်–

သော စန္ဒိမသူရိယေ ဝိရောစမာနေ ဒိသွာ ဣဿာပကတော တေသံ ဂမနဝီထိံ ဩတရိတွာ မုခံ ဝိဝရိတွာ တိဋ္ဌတိ။

သော– ထိုရာဟုသုရိန်ကြီးသည်။ စန္ဒိမသူရိယေ– ကမ္ဘာ့မိတ်ဆွေ၊ လ နှင့် နေတို့ကို။ ဝိရောစမာနေ– လေးကျွန်းသူများ၊ လေးကျွန်းသားဝယ့်၏၊ များပြားအကျိုး၊ သည်ပိုးဆောင်ရွက်၊ အထက်ဝေဟင်၊ ဇွောပြင်ဝယ်၊ တင့်တယ် တောက်ကြွား၊ သွားနေကြသည်တို့ကို။ ဒိသွာ– မြင်၍။ ဣဿာပကတော– မနာလိုငြား၊ တရားဣဿာ၊ နှိပ်စက်ဖြစ်ပေါ်လာသည်ဖြစ်၍။ တေသံ– ထိုကမ္ဘာ့ မိတ်ဆွေ၊ လနှင့်နေတို့၏။ ဂမနဝီထိံ– သွားရာအပြီး၊ လမ်းခရီးကို။ ဩတရိတွာ– မှန်စွာမပျက်၊ မြန်စွာသက်၍။ မုခံ– ခံတွင်းကို၊ ဝိဝရိတွာ– ဖွင့်လျက်။ တိဋ္ဌတိ– တည်ရပ်၏။

http://www.dhammadownload.com



ကမ္ဘာမိတ်ဆွေ လနဲ့နေက လေးကျွန်းသူ လေးကျွန်းသားတို့၏ အလင်းရောင်ရအောင် ကောင်းကျိုးတွေ သည်ပိုးဆောင်ရွက်နေတာ တွေ့မြင်ရတော့ မနာလိုခြင်း၊ သူတစ်ပါးစည်းစိမ်ကို ငြူစူခြင်းဆိုတဲ့ ဣဿာတရား ဖြစ်ပေါ်လာတဲ့ အတွက်ကြောင့် လနဲ့ နေတို့ရဲ့ သွားရာလမ်းခရီးမှ ဆီးကြိုပြီး ပါးစပ်ကို ဖွင့်ဟလျက် စောင့်နေပါတယ်။ အဲဒီအခါမှာ လာလမ်းအတိုင်း အရှိန်ပြင်းစွာ ပြေးလာတဲ့ လ နေတို့ဟာ ရာဟုအသူရိန်ရဲ့ ပါးစပ်တွင်းမှာ သက်ဆင်းမိကြတော့တယ်။

ဒီတော့ စာကို အတိုချုပ်ပြောလိုက်တော့ မနာလိုခြင်း၊ ငြူစူခြင်း (ဣဿာ) ဖြစ်လို့ လ နတ်သားကို ဖမ်းယူတယ်လို့ မှတ်ပါ။

မေး။ ။ တရားနာပရိသတ် ဘာ့ကြောင့် လနတ်သားကို ရာဟုဖမ်းသတဲ့လဲ။

ဖြေ။ ။ ဣဿာဖြစ်လို့ (ဣဿာ) နှိပ်စက်လို့ပါ ဘုရား။

မေး။ ။ ဣဿာဆိုတာ ဘာတဲ့လဲ။

ဖြေ။ ။ သူတစ်ပါးစည်းစိမ်တွေကို ငြူစူခြင်းပါဘုရား။

ရှင်းရှင်းပြောရရင်တော့ သူတစ်ပါးတွေ ကြီးပွားနေတာ၊ တိုးတက်နေတာ၊ အောင်မြင်နေတာ၊ ထင်ပေါ်ကျော်ကြားနေတာတွေကို မကြည့်လို၊ မမြင်လို၊ မကြားလိုတဲ့သဘောပါပဲ။

လတွေ၊ နေတွေဟာ သတ္တဝါတွေရဲ့ ကောင်းကျိုးတွေ ဆောင်ရွက်ပေးနေတာ သဘောမကျလို့ ရာဟုက ဖမ်းလိုက်တာ၊ ကောင်းတာလုပ်နေပေမယ့် (ကောင်းကျိုးတွေ ဆောင်ရွက်နေပေမယ့်) သဘောမကျနိုင်တဲ့၊ မနှစ်သက်နိုင်တဲ့ သူတွေ ဒီလောကကြီးမှာ အင်မတန်များလှပါတယ်။

မေး။ ။ ဒီတော့ ကောင်းတာလုပ်တိုင်း သဘောကျရဲ့လား။

ဖြေ။ ။ မကျပါဘူးဘုရား။

မေး။ ။ မစားရ မသောက်ရဘဲ အကုသိုလ်ဖြစ်နေတာ ဘယ်တရားပါလိမ့်။

ဖြေ။ ။ ဣဿာတရားပါ ဘုရား။

မေး။ ။ ဒီတော့ ဣဿာကိုရှောင်ရမှာလား၊ ဆောင်ရမှာလား။

ဖြေ။ ။ ရှောင်ရမှာပါ ဘုရား။

မေး။ ။ ဣဿာဖြစ်တော့ စိတ်ထဲ ညစ်နွမ်းသွားသလား၊ ဖြူစင်သလား။

ဖြေ။ ။ ညစ်နွမ်းသွားပါတယ်ဘုရား။

http://www.dhammadownload.com



ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ရာဟုကြီးကား၊ လနတ်သား၊ ဖမ်းထား ဘာ့ကြောင့်လဲ။
* ဂ္ဂုသာတရား၊ နိပ်စက်ငြား၊ ဖမ်းထားအကြောင်းပဲ။
* ဂ္ဂုသာဆိုတာ၊ ဘယ်လိုဟာ၊ သေချာခေါ်သလဲ။
* သူ့စည်းစိမ်မှာ၊ ငြူစူတာ၊ ဂ္ဂုသာတရားပဲ။
* ဂ္ဂုသာဖြစ်လျှင်၊ စိတ်ထဲတွင်၊ အစဉ်ညစ်နွမ်းမြဲ။

ကဲ ရာဟုအသူရိန် ဘာ့ကြောင့် လနတ်သားကို ဖမ်းယူတယ်ဆိုတာ မှတ်မိပြီနော်။ (မှတ်မိပါပြီ ဘုရား)

မှတ်မိရင် ရှေ့ဆက်ပြီးတော့ ဟောကြ နာကြရအောင်။

အထခေါ စန္ဒိမာ ဒေဝပုတ္တော ဘဂဝန္တံ အနုဿရမာနော တာယံ ဝေလာယံ ဣမံ ဂါထံ အဘာသိ။

အထခေါ– ထိုအခါ၌။ စန္ဒိမာဒေဝပုတ္တော– လနတ်သားသည်။ ဘဂဝန္တံ– ဘုန်းတော်ကြီးမား၊ မြတ်ဘုရားကို။ အနုဿရမာနော– အဖန်ဖန်တသ၊ သတိရ အောက်မေ့လျက်။ တာယံဝေလာယံ– ထိုရာဟုဖမ်းရာ၊ ချိန်အခါ၌။ ဣမံဂါထံ– မနေးမြန်စွာ၊ ဤဂါထာကို။ အဘာသိ– ကြောက်အား+ လန့်အား၊ လွန်ကြီး မားကာ၊ ရွတ်ဆိုလျှောက်ထားလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

အဲဒီလို ရာဟုအသူရိန်ကြီးက လနတ်သားကို ဖမ်းယူတဲ့အခါမှာ လနတ်သားဟာ မြတ်စွာဘုရားကို အဖန်ဖန် အောက်မေ့သတိရပြီး ဒီဂါထာကို လျှောက်ထားပါတယ်။

ဘယ်လို ရွတ်ဆိုလျှောက်ထားလိုက်သလဲဆိုရင်

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။

သမ္ဗာဓပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝါတိ။

ဝီရ– ကြီးသောလုံ့လ၊ အသုံးချယူ၊ ရှိတော်မူသော။ ဗုဒ္ဓ– သစ္စာသိထား၊ မြတ်စွာဘုရား။ တေ– လူ+ နတ်+ ဗြဟ္မာ၊ သတ္တဝါဘို့၊ အလုံးစုံ၌၊ ကောင်းဂုဏ် ထင်ပေါ်၊ ကောင်းဂုဏ်ကျော်ကြား၊ အရှင်ဘုရားအား။ (မေ– လ နတ်သားခေါ်၊ တပည့်တော်၏။) နမော– ဘုရားပုံပေါ်၊ ဂုဏ်ကိုဖော်၍၊ ပူဇော်မပျင်း၊ ရှိခိုးခြင်း သည်။ အတ္ထု– စင်စစ်မသွေ၊ အဖြစ်ကြီးဖြစ်ပါစေသား။ (တွံ– ဝီရ+ ဗုဒ္ဓ၊

http://www.dhammadownload.com



ဂုဏ်ထူးလှတွေ့၊ ရှိနေထင်ပေါ်၊ ကျော်ကြီးကျော်ကြား၊ ရှင်တော်မြတ်ဘုရားသည်)။ သဗ္ဗဓိ– ခပ်သိမ်းများစွာ၊ ခန္ဓာ+ အာယတန၊ အစရှိသည်၊ အလီလီဆက်၊ ကျဉ်းကျပ်ခက်ခဲ၊ ဖျက်ခွဲမလွယ်၊ တကယ်မကောင်း၊ အရပ်ဌာနအပေါင်းမှ။ ဝိပ္ပမုတ္တော– အရှင်းပျော်ပျော်၊ သတင်းကျော်၍၊ ကင်းတော်လွတ်တော်၊ ကင်းလွတ်တော်မူသည်။ အသိ– မှန်စွာမလွဲ၊ အမြဲတစေ၊ ဖြစ်တော်မူပါပေ၏။ (အဟံ– လနတ်သားခေါ်၊ တပည့်တော်သည်။) သမ္ဗာဓပဋိပန္နော– အသူရိန်နတ်၊ ဖမ်းယူအပ်သဖြင့်၊ ကျဉ်းကျပ်ခက်ခဲ၊ ထွက်လည်းမလွယ်၊ တကယ်ကျဉ်းကျပ်၊ နယ်အရပ်သို့၊ မပြတ်ခုမူ၊ ရောက်နေရသူသည်။ အသ္မိ– မလွဲမသွေ၊ ဖြစ်ပါပေ၏။ (တွံ– ဝီရ+ ဗုဒ္ဓ၊ ဂုဏ်ထူးလှတွေ့၊ ရှိကာနေလျက်၊ ကျဉ်းကျပ်ခက်ခဲ၊ ဖျက်ခွဲမလွယ် တကယ်မှန်စွာ၊ ခန်+ အာ+ တမှ၊ မြန်စွာလွတ်သွား၊ အရှင်ဘုရားသည်) တဿမေ– လ နတ်သားခေါ်၊ ထိုတပည့်တော်၏။ သရဏံ– တန်ခိုးထည်ထည်၊ အဆိုးပယ်ကာ၊ ကိုးကွယ်ရာသည်။ ဘဝ– စင်စစ်ကြည်ဖြူ၊ ဖြစ်တော်မူပါဘုရား။ ဣတိ– ဤသို့ ဂါထာ၊ ဤသို့သာလျှင်၊ အဘာသိ– ရာဟုရန်ဘေး၊ အမှန်ဝေးအောင်၊ အေးသံဆောင်ကာ၊ ရွတ်ဆိုလျှောက်ထားလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

၁။ ဝီရ– ဆိုတဲ့ ကြီးသောလုံ့လ ရှိတော်မူသောဂုဏ်၊

၂။ ဗုဒ္ဓ– ဆိုတဲ့ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ၊ သစ္စာလေးပါး၊ မြတ်တရားတွေကို ပြတ်ပြတ်သားသား သိတော်မူသော ဂုဏ်တော်တွေနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားအား တပည့်တော် လနတ်သား ရှိခိုးလိုက်ပါတယ် ဘုရား။ (တပည့်တော်ရဲ့ ရှိခိုးခြင်းဖြစ်ပါစေဘုရား)။

၃။ ရှင်တော်မြတ်ဘုရားသည် ခန္ဓာ+ အာယတနအစရှိသည်တို့၌ ကင်းလွတ်သော စိတ် ရှိတော်မူပါပေ၏။

(သဗ္ဗဓိတိ သဗ္ဗေသု ခန္ဓ အာယတနာဒီသု။ သံဋ္ဌ ၁၊ ၁၀၀ နှင့်အညီဖြစ်၏။)

တစ်နည်း ရှင်တော်မြတ်ဘုရားသည် အလုံးစုံသော ကျဉ်းကျပ်ခက်ခဲ၊ ဖျက်ခွဲမလွယ်၊ တကယ်မကောင်း၊ အရပ်ဌာနအပေါင်းမှ ကင်းလွတ်တော်မူပါပေ၏။ (သဗ္ဗဓိတိ သဗ္ဗသ္မာ ဒုဂ္ဂဋ္ဌာနာ ဝိပ္ပမုတ္တော **သိ ဘဂဝါ တွံ**။ သံဋီကာ ၁၊ ၁၄၈ နှင့် အညီဖြစ်၏။)

http://www.dhammadownload.com



တပည့်တော် လနတ်သားမှာ ရာဟုအသူရန်ကြီးရဲ့ ဖမ်းချုပ်မှုကို ခံစားနေရတဲ့ အရပ်ဌာန အကျဉ်းအကျပ် နယ်ပယ်ထဲကို ရောက်နေရသူ ဖြစ်ပါတယ်ဘုရား။

ဝီရဂုဏ်၊ ဗုဒ္ဓဂုဏ်၊ သဗ္ဗဓိဝိမုတ္တဂုဏ်တွေနဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် တပည့်တော်ရဲ့ ကိုးကွယ်အားထားရာ ဖြစ်တော်မူပါဘုရား လို့ လျှောက်ထားလိုက်ပါတယ်။

(မှတ်ချက်။ ။ နမောတေ ဂါထာတော် ရွတ်ဆိုလျှင် ဘုရားရှိခိုးလျှင် (၁) ဝီရဂုဏ်၊ (၂) ဗုဒ္ဓဂုဏ်၊ (၃) သဗ္ဗဓိဝိမုတ္တိဂုဏ်တော် တည်းဟူသော ဂုဏ်တော်သုံးမျိုးကို သတိထားပြီး ရွတ်ဆိုပူဇော် ဘုရားရှိခိုးပါ။ ပို၍ပြီးတော့ အကျိုးရှိပါသည်။ "တကယ်ဖြစ်ချင်၊ တကယ်လုပ်၊ အဟုတ်ဖြစ်ရမည်" ဆိုတဲ့ အတိုင်း တကယ်လောက+ သာသနာ၊ အရာရာအတွက်၊ ပြော+ ပြု+ ကြံစည် ဆောင်ရွက်ချက်များ အကျဉ်းအကျပ်၊ အခက်အခဲ၊ အနှောင်အဖွဲ့ မတွေ့ရဘဲ အောင်မြင်ပြီးမြောက် ခရီးရောက်လိုသူများ အမြဲနေ့ည ဘုရားရှိခိုးပြီး သက်ဆေ ရွတ်ဆိုပူဇော်ခြင်း၊ သွားလေရာ၊ လာလေရာ၊ ကား၊ ရထား၊ သင်္ဘော၊ လေယာဉ် စတဲ့ ဘေးအတန်တန် ရန်အသွယ်သွယ် တကယ်ကင်းဝေးအောင် အမြဲရွတ်ဆို ဆောင်သွားသင့်သော "အဆောင်ကောင်း+ ဂါထာကောင်းကြီး" ဖြစ်သည်ကို သိရှိကြည်ညို ပိုမိုကော်ရော် ပူဇော်ရွတ်ဆိုနိုင်ကြပါစေ။)

အထခေါ် ဘဂဝါ စန္ဒိမံ ဒေဝပုတ္တံ **အာရဗ္ဘ** ရာဟုံ အသုရိန္ဒံ ဂါထာယ အဇ္ဈဘာသိ။

အထခေါ်– လနတ်သား လျှောက်ရာ၊ ထိုအခါ၌။ ဘဂဝါ– ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရားသည်။ စန္ဒိမံ ဒေဝပုတ္တံ– လနတ်သားကို။ အာရဗ္ဘ– အကြောင်းပြု၍။ ရာဟုံ– ရာဟုအမည်ရသော။ အသုရိန္ဒံ– အသူရိန်ကြီးကို။ ဂါထာယ– ဂါထာဖြင့်။ အဇ္ဈဘာသိ– ကရုဏာရှေ့ဆော်၊ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

အဲဒီလို လနတ်သားက ရွတ်ဆိုလျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားက လနတ်သားကို သနားသမှု အကြောင်းပြုပြီးတော့ ရာဟုအသူရိန်ကြီးကို ဂါထာနဲ့ ကရုဏာထားပြီး မိန့်ကြားတော်မူလိုက်ပါတယ်။

http://www.dhammadownload.com



ကိံအဇ္ဈာဘာသိ– ဘယ်လိုများ မိန့်ကြားလိုက်သလဲဆိုရင်

တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။

ရာဟု စန္ဒံ ပမုဥ္စဿု၊ ဗုဒ္ဓါ လောကာနုကမ္ပကာတိ။

အရဟန္တံ– လေးပါးပစ္စည်း၊ အသီးသီးဖြင့်၊ အပြီးပူဇော်၊ ခံယူတော်မူထိုက်သော။ တထာဂတံ– ရှေးဘုရားတို့နှင့်၊ မခြားမတူ၊ လာခြင်းတူငြား၊ ငါဘုရားကို။ စန္ဒိမာ– လနတ်သားသည်။ သရဏံ– နေ့ညခါခါ၊ ကိုးကွယ်ရာဟူ၍။ ဂတော– သိမှတ်နေကာ၊ ဆည်းကပ်ပါ၏။ ရာဟု– ရာဟုခေါ်လတ်၊ အို အသူရိန်နတ်ကြီး၊ တွံ– သင်သည်။ စန္ဒံ– လနတ်သားကို။ ပမုဥ္စဿု– ယခု မြန်စွာ၊ လွှတ်လိုက်ပါလော့။ ဗုဒ္ဓါ– သစ္စာလေးပါး၊ တရားသိမြင်၊ ဘုရားရှင်တို့သည်။ လောကာနုကမ္ပကာ– လူ+ နတ်+ ဗြဟ္မာ၊ သတ္တဝါမှန်သမျှ၊ အနန္တကို၊ နေ့ညအစဉ်၊ သနားခင်ကာ၊ စောင့်ရှောက်ချီးမြှောက်တော်မူကြပါပေကုန်၏။

ဣတိ– ဤသို့မြွတ်စွာ၊ ဤသို့သာလျှင်။ အဇ္ဈာဘာသိ– ကရုဏာရှေ့ဆော်၊ မေတ္တာတော်ဖြင့်၊ ဖွင့်ဖော်ကောင်းစွာ၊ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါ ဘုရား။

(အို ရာဟုအသူရိန်နတ်ကြီး) လနတ်သားဟာ ပူဇော်အထူးကို ခံယူတော်မူထိုက်တဲ့ ငါဘုရားကို ကိုးကွယ်အားထား ဆည်းကပ်နေတဲ့သူဖြစ်တယ်။ "အို ရာဟုအသူရိန်နတ်ကြီး၊ သင်သည် လနတ်သားကို ယခုမြန်မြန်လွှတ်လိုက်ပါလော့။ ဘုရားရှင်တွေ ပွင့်ပေါ်ပြီးတော့ လာကြတာဟာ အလုံးစုံသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေကို သနားသမှု ကြောင့်ကြပြုပြီးတော့ အစဉ်စောင့်ရှောက်၊ ချီးမြှောက်ဖို့အတွက် ပွင့်ပေါ်လာကြတာ ဖြစ်တယ်" လို့ မိန့်ကြားတော်မူလိုက်ပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* လ နတ်သားကား၊ ငါဘုရား၊ အားထားကိုးကွယ်တယ်။
* ရာဟုသင်ကား၊ လနတ်သား၊ လွှတ်သွားမြန်မြန်ကွယ်။
* လူ+ နတ်+ ဗြဟ္မာ၊ အကျိုးငှာ၊ မြတ်စွာပွင့်လာတယ်။
* သတ္တဝါများ၊ စဉ်သနား၊ ဘုရားပွင့်လာတယ်။
* လူ+ နတ်+ ဗြဟ္မာ၊ သတ္တဝါ၊ မြတ်စွာချီးမြှောက်တယ်။
* ဤသို့ဂါထာ၊ ဤသို့သာ၊ မြတ်စွာမိန့်ကြားတယ်။

http://www.dhammadownload.com



အထခေါ ရာဟု အသုရိန္ဒော စန္ဒိမံ ဒေဝပုတ္တံ မုဉ္စိတွာ တရမာနရူပေါ ယေနဝေပစိတ္တိ အသုရိန္ဒော တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ သံဝိဂ္ဂေါ လောမဟဋ္ဌဇာတော ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတံခေါရာဟုံ အသုရိန္ဒံ ဝေပစိတ္တိ အသုရိန္ဒော ဂါထာယ အဇ္ဈဘာသိ။

အထခေါ– ထိုအခါ၌။ ရာဟုအသုရိန္ဒော– ရာဟုအသူရိန်ကြီးသည်။ စန္ဒိမံဒေဝပုတ္တံ– လနတ်သားကို။ မုဉ္စိတွာ– လွှတ်၍။ တရမာနရူပေါ– လျင်သော သဘောအသွင်ရှိသည်ဖြစ်၍။ ယေန– အကြင်အရပ်၌။ ဝေပစိတ္တိ အသုရိန္ဒော– ဝေပစိတ္တိ အသူရိန်သည်။ အတ္ထိ– ရှိ၏။ တေန– ထိုအရပ်သို့။ ဥပသင်္ကမိ– ကပ်လေ၏။ ဥပသင်္ကမိတွာ– ကပ်လေပြီး၍။ သံဝိဂ္ဂေါ– ထိတ်လန့်သည်ဖြစ်၍။ လောမဟဋ္ဌဇာတော– ကြက်သီးမွေးညင်း၊ ထခြင်းရှိသည်ဖြစ်၍။ ဧကမန္တံ– သင့်တင့်လျောက်ပတ်၊ တစ်ခုသောအရပ်၌။ ဌိတံခေါ– ရပ်တည်နေပြီးသော။ ရာဟုံ အသုရိန္ဒံ– ရာဟုမည်ဟီး၊ အသူရိန်ကြီးကို။ ဝေပစိတ္တိ အသုရိန္ဒော– ဝေပစိတ္တိ အသူရိန်ကြီးသည်။ ဂါထာယ– ဂါထာဖြင့်။ အဇ္ဈဘာသိ– ရွတ်ဆို မေးမြန်း စုံစမ်းလိုက်ပါ၏။

ကိံအဇ္ဈဘာသိ= ဘယ်လိုမေးမြန်း၊ ရွတ်ဆိုစုံစမ်းလိုက်သလဲဆိုရင်

ကိံနု သန္တရမာနောဝ၊ ရာဟု စန္ဒံ ပမုဉ္စသိ။

သံဝိဂ္ဂရူပေါ အာဂမ္မ၊ ကိံနု ဘီတောဝ တိဋ္ဌသီတိ။

ရာဟု– ရာဟုမည်လတ်၊ အိုအသူရိန်နတ်။ ကိံနု– အဘယ့်ကြောင့် သန္တရမာနောဝ– ခပ်မြန်မြန်ပင်၊ အဆောတလျင်ကဲ့သို့။ စန္ဒံ– လနတ်သားကို။ ပမုဉ္စသိ– လွှတ်ခဲ့ပါသနည်း။ သံဝိဂ္ဂရူပေါ– ထိတ်လန့်ကြောက်ဘိ၊ သဘော အသွင်ရှိသည်ဖြစ်၍။ ကိံနု– ချိန်ပြုဒပြောပါ၊ ဘယ်အရာမှ။ ဘီတောဝ– အမြဲ စင်စစ်၊ ကြောက်သည်ဖြစ်၍သာလျှင်။ တိဋ္ဌသိ– အသင်ရှုခါ၊ ရပ်တည်လာပါ သနည်း။ ဣတိ– ဤသို့မှန်စွာ၊ ဤသို့သာလျှင်၊ အဇ္ဈဘာသိ– ရွတ်ဆိုမေးမြန်း စုံစမ်းလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဘုရားရှင်ကိုယ်တော်မြတ်က "တထာဂတံ" စတဲ့ ဂါထာတော်နဲ့ "ရာဟု အသူရိန်နတ်ကြီး ငါဘုရားကို တကယ်အားထား ဆည်းကပ်ကိုးကွယ်နေတဲ့ လနတ်သားကို အမြတ်လွှတ်လိုက်ပါ၊ ဘုရားရှင်တွေ ပွင့်ပေါ်လာကြတာဟာ သတ္တဝါတွေကို အစဉ်သနားပြီးတော့ ချီးမြှောက်ဖို့ပါပဲ" လို့ မမိန့်ကြားလိုက်ဘူး လား။ (မိန့်ကြားလိုက်ပါတယ် ဘုရား)

http://www.dhammadownload.com



မေး။ ။ ဒီလိုဆိုရင် လနတ်သားရဲ့အားထားရာ ဘယ်သူပါလိမ့်။
ဖြေ။ ။ မြတ်စွာဘုရားပါဘုရား။
မေး။ ။ တခြားပုဂ္ဂိုလ်တွေ ဟုတ်ရဲ့လား။
ဖြေ။ ။ မဟုတ်ပါဘုရား။
မေး။ ။ ဒီနေ့ ဟောနေတဲ့တရားတော်က ဘာတရားတဲ့လဲ။
ဖြေ။ ။ "လနတ်သား အားထားရာ" ပါဘုရား။
မေး။ ။ ယနေ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ အကျဉ်းအကျပ် အခက်အခဲ အနှောင်အဖွဲ့တွေ ကြုံတွေ့လာရင် ဘယ်သူ့ကို အားထားရမလဲ။
ဖြေ။ ။ မြတ်စွာဘုရားကိုပါ ဘုရား။
မေး။ ။ တကယ်ဟုတ်ရဲ့လား။
ဖြေ။ ။ တကယ်ဟုတ်ပါတယ် ဘုရား။
မေး။ ။ တကယ်ဟုတ်ရင် အိမ်မှာတင်ထားတဲ့ ဘုရားပုံတော်မှတစ်ပါး အခြားပုံတွေ၊ အရုပ်တွေ ဖြုတ်ချရဲပါ့မလား။
(တရားနာပရိသတ် မဖြေ၊ ရယ်မောကြသည်။)

ဦးဇင်းတို့က အားထားရာ ကိုးကွယ်ရာတွေ မှန်စေချင်လို့ ဒါလေးတွေ ထည့်ဟောတာပါ။ စောင်းရွဲ့ပြီး ဟောတယ်လို့ မထင်ပါနဲ့။ အိမ်ဦးခန်းမှာ ဘုရားစင်မှတစ်ပါး ဘယ်စင် မှမရှိတာ အကောင်းဆုံးပါပဲ။ ဘုရားပုံတော်မှ တစ်ပါး အခြားပုံတွေ၊ အရုပ်တွေမရှိတာအကောင်းဆုံးပါပဲ။ မဖြစ်မနေ အကြောင်း အမျိုးမျိုးကြောင့် ထားရပြီဆိုရင်လည်း တစ်နေရာရာမှာ ထားသင့်တယ်။ ဘုရား နဲ့တော့ ရောပြီးမထားပါနဲ့။ ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ (ဘုရားမှတစ်ပါး အခြား အားထားကိုးကွယ်ရာ မရှိ) ဆိုတဲ့ ပါဠိတွေရွတ်ဆိုပြီး ဘုရားကို တကယ့် အားထားနိုင်ကြပါစေလို့ ဆုပေးဆုတောင်းခဲ့ပါတယ် တရားနာ။

ကဲ- တရားပြန်ဆက်လိုက်ကြဦးစို့။

အဲဒီလို မြတ်စွာဘုရားက "ဂါထာတစ်ပုဒ်နဲ့ လွှတ်လိုက်ပါ" လို့ မေတ္တာ ရှေ့ထားပြီး မိန့်ကြားလိုက်တော့ ရာဟုအသူရိန်ကြီးဟာ လနတ်သားကို လွှတ် လိုက်ပါတယ် တရားနာ။

တရားနာပရိသတ် သေသေချာချာမှတ်နော်။

ဘုရားကို အားထားတဲ့ လနတ်သား ရာဟုအသူရိန်ကြီးရဲ့ဘေးရန်

http://www.dhammadownload.com



အကျဉ်းအကျပ် အခက်အခဲ အနှောင်အဖွဲ့ကနေ လွတ်မလာဘူးလား။ (လွတ်သွားပါတယ် ဘုရား)။

ဘုရားကို အားထားရင် အဲဒီလို အင်မတန်ကြီးမားတဲ့ ရာဟုအသူရိန်ကြီးတွေရဲ့ ဘေးရန်၊ အကျဉ်းအကျပ်၊ အခက်အခဲ၊ အနှောင်အဖွဲ့တွေက လွတ်ရတယ်။

တခြားအားထားရင်တော့ ဒီလိုလွတ်ဖို့ တာဝန်မယူ။

အဲဒီလို ဘုရားကို အားထားတဲ့ လနတ်သားကို ရာဟုအသူရိန်ကြီးက လွှတ်လိုက်တဲ့အတွက် အကျဉ်းအကျပ် လွတ်ကင်းလွတ်မြောက်သွားရတာကို အကြောင်းပြုပြီးတော့ ဒီ နေမောတေ ဂါထာတော်၊ တထာဂတံ စတဲ့ဂါထာတော်တွေကို အကျဉ်းအကျပ်၊ အခက်အခဲ၊ အနှောင်အဖွဲ့လွတ် ဂါထာတော်တွေလို့ ဗုဒ္ဓဘာသာ မြန်မာပြည်သူပြည်သား လူအများတွေရဲ့ နှုတ်ဖျားမှာ ရေပန်းစားပြီး ရွတ်ဆိုပူဇော်နေကြတာ ဖြစ်တယ်။ ဒီဂါထာတွေဆောင်ထားတဲ့ သံဃာတော်တွေ၊ လူတွေ တော်တော်များတယ်။ မရသေး၊ မဆောင်ဖူးသေးသူတွေ အန္တရာယ်ကင်း၊ ရန်စွယ်ရှင်းအောင်၊ အမြဲကျက်မှတ်ပြီးတော့ ဆောင်ထားကြပါလို့ တိုက်တွန်းအကျိုးမျှော်ကာ နှိုးဆော်ခဲ့ပါတယ်။

အဲဒီလို ရာဟုအသူရိန်ကြီးဟာ လနတ်သားကို အမြတ်လွှတ်ပြီးတော့ ဝေပစိတ္တိ အသူရိန်ကြီးရှိရာကို သွားကာ ကြောက်ကြောက်လန့်လန့်နဲ့ ကြက်သီးမွေးညင်းတွေထလျက် တစ်ခုသောအရပ်မှာ တည်နေပါတယ်။

အဲဒီလို ကြောက်အားလန့်အား ပြေးလွှားရောက်လာတဲ့ ရာဟုအသူရိန်ကြီးကို ဝေပစိတ္တိအသူရိန်က "အို ရာဟု အသူရိန်၊ အဘယ့်ကြောင့် လနတ်သားကို ဖမ်းထားခဲ့ရာမှ ခပ်သုတ်သုတ် ခပ်မြန်မြန် သင်လွှတ်ခဲ့ရပါသလဲ။ (လွှတ်ပြီးခဲ့ရာ၊ ယခုအခါမှာလည်း) ထိတ်လန့်တုန်လှုပ်စွာ ကျုံ့ပ်ထံလာ၍ အဘယ် ၂ရာ အဘယ်ဆားမှ ကြောက်သွေးဝင်ကာ သင်ရပ်တည်လာရပါသလဲ" လို့ မေးမိုက်ပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ရှင်တော်ဗုဒ္ဓ၊ မိန့်ဟောပြ၊ ကြားရလေသောခါ။
* ရာဟုကြီးကား၊ လနတ်သား၊ လွှတ်ထားခဲ့သည်သာ။
* ရှင်တော်ဘုရား၊ လနတ်သား၊ ဖြစ်သွားအားထားရာ။
* လွှတ်ခဲ့ပြီးပြန်၊ ဝေပထံ၊ အမြန်ပြေးသွားရှာ။

http://www.dhammadownload.com



*ဝေပ ထံပင်၊ ရောက်သွားလျှင်၊ မေးအင်ဆက်ပြီးနာ။
*အသူရိန်ရယ်၊ လက်ိုကွယ်၊ တကယ်ဖမ်းဆီးခါ။
*ခုတော့ တကယ်၊ မြန်စွာကွယ်၊ လွှတ်တယ်ဘာ့ကြောင့်ပါ။
*ဘယ်လိုဘယ်သေား၊ သင်အပြေး၊ ကြောက်သွေးဝင်ရပ်လာ။
*ငါမေးနေတယ်၊ သူရိန်ရယ်၊ ဖြေကွယ်ပြောစမ်းပါ။

အဲဒီလို ဝေပစိတ္တိအသူရိန်ကမေးလိုက်တဲ့အခါမှာ ရာဟုအသူရိန်ကြီးက

သတ္တဓာ မေ ဖလေ မုဒ္ဓါ၊ ဇီဝန္တော န သုခံ လဘေ။
ဗုဒ္ဓဂါယာဘိ ဘီတောမှိ၊ နော စေ မုဉ္စေယျ စန္ဒိမန္တိ။
(ဝေပစိတ္တိ အသုရိန္ဒ– အို ဝေပစိတ္တိ အသူရိန်။)

အဟံ– အကျွန်ုပ်ရာဟုအသူရိန်သည်။ ဗုဒ္ဓဂါထာ– ရှင်တော်ဘုရား၊ ဟောကြားမိန့်ဖော်၊ ဂါထာတော်မှ။ အဘိဘီတော– အသည်းဘဝင်၊ အမြဲပင် နောက်၊ အလွန်ကြောက်သည်၊ အမို့– အမြဲတစေ၊ ဖြစ်ပါပေ၏။ စန္ဒိမံ– လ နတ်သားကို။ နောစေမုဉ္စေယျ– အကယ်၍ကား၊ မလွှတ်ငြားအံ့။ မေ– ရာဟု မည်ပဵး၊ အကျွန်ုပ်အသူရိန်၏။ မုဒ္ဓါ– ဦးခေါင်းသည်။ သတ္တဓာ– ခုနစ်စိတ် ခုနစ်မြွာ။ ဖလေ– ဖလေယျ= မလွဲခါခါ၊ ကွဲသွားရာ၏။ ဇီဝန္တော– အသက် မသေ၊ ရှင်ပြန်ပေလျှင်လည်း။ (ဝါ) အသက်မသေ၊ ရှင်နေရသောအကျွန်ုပ်သည်။ သုခံ– ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာရာကို။ နလဘေ– မုချပိုင်ပိုင်၊ မရနိုင်တော့ရာ ပါ။ ဣတိ– ဤသို့မှန်စွာ၊ ဤသို့သာလျှင်။ အဘာသိ– ကောင်းစွာမသွေ၊ ရွှတ်ဆိုပြောကြားလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

"အို အရှင်ဝေပစိတ္တိအသူရိန်၊ အကျွန်ုပ်ရာဟု အသူရိန်ဟာ မြတ်စွာ ဘုရား ဟောကြားရွှတ်ဆိုတဲ့ ဂါထာတော်မှ အလွန်ကြောက်ရွံ့လှတဲ့အတွက် ကြောင့် လနတ်သားကို လွှတ်လိုက်ရခြင်း ဖြစ်ပါတယ်။ လနတ်သားကို အကယ် ၍ မလွှတ်ဘူးဆိုရင် အကျွန်ုပ်ရာဟုအသူရိန်ရဲ့ ဦးခေါင်းကြီး ခုနစ်စိတ်၊ ခုနစ်မြွာ ကွဲပြီးတော့ သွားနိုင်ပါတယ်။ အသက်မသေ ရှင်နေခဲ့ပြန်လျှင်လည်း ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းကို ရနိုင်တော့မှာမဟုတ်ပါဘူး" လို့ ပြောကြားလိုက်ပါတယ်။

မေး။ ။ တရားနာပရိသတ်၊ အင်မတန်ကြီးမားတဲ့ ရာဟုအသူရိန်ကြီး ဘုရားဟောကြားတဲ့ ဂါထာတော်တွေ မကြောက်ဘူးလား။

ဖြေ။ ။ ကြောက်ပါတယ် ဘုရား။

http://www.dhammadownload.com



မေး။ ။ ဒီဘုရား ဟောထားတဲ့ဂါထာတော်တွေ အစွမ်းမထက်ဘူးလား။

ဖြေ။ ။ အစွမ်းထက်ပါတယ် ဘုရား။

မေး။ ။ အကျဉ်းအကျပ် အခက်အခဲ အနှောင်အဖွဲ့တွေ မလွတ်ချင်ကြဘူးလား။

ဖြေ။ ။ လွတ်ချင်ကြပါတယ်ဘုရား။

မေး။ ။ လွတ်ချင်ရင် ဘယ်ဂါထာတွေ ဆောင်ထားရမှာလဲ။

ဖြေ။ ။ နမောတေ စတဲ့ဂါထာတော်တွေကို ဆောင်ထားရမှာပါဘုရား။

မေး။ ။ နမောတေ ဆိုတဲ့ အဆောင်ကောင်းဂါထာကောင်းကို ဆောင်ထားတဲ့ လနတ်သား ဘယ်ဘေးက လွတ်သွားသလဲ။

ဖြေ။ ။ ရာဟု အသူရိန်ကြီးရဲ့ဘေးက လွတ်သွားပါတယ်ဘုရား။

တချို့ဒကာ ဒကာမတွေက ဈေးရောင်းကောင်းတဲ့ အဆောင်ကောင်း၊ ရာထူးတက်တဲ့အဆောင်ကောင်း၊ စီးပွားတက်တဲ့အဆောင်ကောင်း၊ အန္တရာယ်ကင်းတဲ့ အဆောင်ကောင်း၊ နိုင်ငံခြားသွားရတဲ့ အဆောင်ကောင်းစသည်ဖြင့် အဆောင်ကောင်းပေးစမ်းပါဘုရားလို့ လာကောင်းရင် ဦးဇင်းကိုယ်တော့ ဒီပါတပတိ၊ နမောတော၊ ဘဝသောတ စတဲ့ ခရီးသွားဂါထာတော် (၃) ပုဒ် မဟာသုတ သောမဇာတ်တော်မှာလာတဲ့ “ရာတန့် ယောင်တန်၊ နတ်ချစ်ပြန်၊ သုံးဟန်နာမည်ကြီး” ဆိုတဲ့ နာမည်ကြီးဂါထာတော်လေးပုဒ်တို့ကိုပဲ အမြဲမပြတ်ဆောင် ပေးလိုက်ပါတယ်။

ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ ဂါထာတော်တွေကတော့ အားလုံးကောင်းပြီးသားပါပဲ။ ဆောင်တဲ့ ရွတ်ဖတ်သရဇ္ဈာယ်ကြတဲ့သူတွေရဲ့ သီလ၊ သမာဓိ၊ ပညာတွေကလည်း ကောင်းဖို့လိုတယ်။ ယုံကြည်မှု၊ ခိုင်ခိုင်မြဲမြဲ ထက်ထက်သန်သန် ရွတ်ဖတ်မှု၊ ရွတ်ဖတ်ပုံ မှန်ကန်မှု၊ အနက်အဓိပ္ပာယ် နားလည်သဘောပေါက်မှုစတဲ့အကြောင်းတွေလည်း ကောင်းပြီဆိုရင် တကယ်ထိုက်ထိုက်တန်တန် အကျိုးပေးတွေ ထူးထူးခြားခြား သိသာလာပါလိမ့်မယ်။ မထူးခြားသေးဘူးဆိုရင် ဘုရားဟောထားတဲ့ ဂါထာတော်တွေကို အပြစ်မတင်ဘဲ၊ ဆောင်တဲ့ရွတ်ဖတ်ပူဇော်နေတဲ့ မိမိရဲ့လိုအပ်ချက်၊ သီလ၊ သမာဓိ၊ ပညာ အားနည်းချက် ရှိနေတယ်ဆိုတာကိုပဲ သတိထားပြီး စိတ်အားတွေမလျှော့ဘဲ စွဲစွဲမြဲမြဲ ဆက်လက်ရွတ်ဖတ်ပူဇော်ပါလို့ တိုက်တွန်းနှိုးဆော်ခဲ့ပါတယ်။

http://www.dhammadownload.com



ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ။
*ဘုရားဂါထာ၊ ကြောက်လန့်ကာ၊ မြတ်စွာလွတ်လိုက်သည်။
*အကယ်၍ကား၊ မလွတ်ငြား၊ ခေါင်းကားကွဲလိမ့်မည်။
*အသက်ရှင်ပြန်၊ ချမ်းသားမှန်၊ ကေန်မရပြီ။

မေး။ ။ ကဲ ဒီနေ့ဟောခဲ့တဲ့တရားက ဘာတရားတဲ့လဲ။

ဖြေ။ ။ "လနတ်သား + အားထားရာ" တရားတော်ပါဘုရား။

လနတ်သားအားထားရာ မှန်ကန်တဲ့အတွက် ရာဟုအသူရိန်ကြီးရဲ့ ဘေးရန် အကျဉ်းအကျပ် အရပ်ဌာနထဲက လွတ်မြောက်ရသလို ဦးဇင်းတို့ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတွေလည်း ဗုဒ္ဓ၊ ဓမ္မ၊ သံဃဆိုတဲ့ ရတနာသုံးပါး အားထားရာတွေ မှန်ကန်ကြပြီး လောက+ သာသနာ အရာရာအတွက် ဆောင်ရွက်ချက် ပြောသမျှ၊ ပြုသမျှ၊ ကြံစည်သမျှတွေ အောင်မြင်ပြီးမြောက် ခရီးရောက်ကြ၍ အကျဉ်းအကျပ် အခက်အခဲ အနှောင်အဖွဲ့မျိုးစုံ ကင်းလွတ်ကြပါစေဆိုတဲ့ အနေအားဖြင့် စန္ဒိမသုတ္တန်ကို တန်ဆာဆင်၍ "လနတ်သား+ အားထားရာ" တရားတော်ကို ဟောကြားခဲ့ပါတယ် တရားနာ။

ဦးဇင်းက ယနေ့တရားဟောရတဲ့ကုသိုလ်၊ ဒကာ ဒကာမတွေက တရားနာရတဲ့ ကုသိုလ်တရားအစားစားတွေကြောင့် ခန္ဓာ၊ အာယတန၊ ဓာတ်သဘာဝ၊ ကိလေသာစတဲ့ ဆင်းရဲဒုက္ခ အနန္တ၊ အကျဉ်းအကျပ်၊ အခက်အခဲ၊ အနှောင်အဖွဲ့၊ အရှုပ်အထွေး၊ အပူအပင် ကင်းစင်ချုပ်ငြိမ်း၊ ရုပ်သိမ်းအေးမြရာ၊ ခေမာသောင်ကမ်း၊ နိဗ္ဗာန်နန်းသို့ ရွှင်လန်းမကြာ ရောက်ကြရကြရပါလိုသောရယ်လို့ ညီညီညာညာ စုပေါင်း၍ ဆုတောင်းလိုက်ကြကုန်ရာသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

မှတ်ချက်။ ။ *ဘုရားပူဇော်ပွဲတိုင်း (အဓိက) ဟောပါ။
*နေရာဒေသတိုင်း၊ အလှူပွဲတိုင်းလည်း ဟောနိုင်ပါသည်။
*သူရိယသုတ်ကိုဟောလျှင် "နေနတ်သား အားထားရာ" ဟု ဟောပါ။
*စန္ဒိမသုတ်နှင့် အနည်းငယ်မျှသာ ကွာခြားပါသည်။

လနတ်သား+ အားထားရာ တရားတော်ပြီးပြီ။

✪

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ်+ ထေရာပဒါနပါဠိတော်+ ဗုဒ္ဓဝဂ်+ သာရိပုတ္တတ္ထေရ အပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "ပညာဘုရင် + ပညာရှင်" တရားတော်

အရှင်သာရိပုတ္တရာကိုယ်တော်မြတ် သုရုစိရသေ့ဖြစ်စဉ်ဘဝက တစ်နေ့သောအခါမှာ အနောမဒဿီမြတ်စွာဘုရား သုရုစိရသေ့ရဲ့နေရာကို ကြွရောက်တော်မူလာပါတယ်။

အဲဒီလို ကြွရောက်တော်မူလာတဲ့အခါမှာ သုရုစိရသေ့က ပန်းမွှေ့ရာ နေရာခင်းပြီးတော့ လှူဒါန်းပါတယ်။

ဘာနေရာခင်းလှူသတဲ့လဲ။ (ပန်းမွှေ့ရာနေရာကြီး ခင်းလှူပါတယ်ဘုရား)

သေသေချာချာ မှတ်သားပြီးတော့ နာကြနော်။ ပန်းလှလှတွေ ရွေးချယ်ပြီးတော့ ပန်းနေရာလှူတဲ့အတွက် ပန်းလိုလှတဲ့ (ပန်းလိုမွှေးတဲ့) လောကီ၊ လောကုတ္တရာမင်္ဂလာ အလှမျိုးစုံ၊ ပညာအလှမျိုးစုံ စသည်စသည်တွေ ရရှိတာကို သတိပြုပြီး လှူဒါန်းတဲ့အခါမှာ လှတာလေးတွေ၊ ကောင်းတာလေးတွေ ရွေးချယ်ပြီး လှူရမယ်နော်။ (မှန်လှပါဘုရား)

တချို့က ကောင်းတာလေးတွေ ချန်ထားပြီးတော့ ဟောင်းတာလေးတွေ လှူတတ်ကြတယ်။ အဲဒီလို ဟောင်းတာလေးတွေလှူတော့ ဖြစ်လေရာဘဝတိုင်း၊ ဘဝတိုင်းမှာ အဟောင်းတွေပဲ သုံးဆောင်ရတတ်တယ်။ ဟောင်းတာလှူတော့ ဟောင်းတာပဲ ရတယ်။ မကောင်းတာလှူတော့ မကောင်းတာပဲ ရတတ်တယ်။

အဝတ်၊ အစား၊ နေစရာအိမ်၊ တိုက်၊ ကျောင်းစသည်တွေ အဟောင်းတွေ ရပြီး အဟောင်းတွေ မကောင်းတာတွေ သုံးနေရတဲ့သူတွေဟာ ဟောင်းတာ မကောင်းတာတွေ လှူခဲ့လို့ပါပဲ။

ဒါကြောင့် ဦးဇင်းတို့ ဒကာ ဒကာမတွေ ဒီနေ့ဟောနေတဲ့တရားကို နာကြားရပြီး သိရှိတဲ့နေ့ကစပြီးတော့ လှတာ၊ ကောင်းတာတွေ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရရောက်သည်အထိ အသုံးပြုချင်ရင် (လိုချင်ရင်) လှတာ၊ ကောင်းတာတွေ ရွေးချယ်ပြီးတော့ လှူရမယ်နော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* လှတာလှျုမှ၊ လှတာရ၊ ဘဝဖြစ်လေရာ။

* ကောင်းတာလှျုမှ၊ ကောင်းတာရ၊ ဘဝဖြစ်လေရာ။

* ဟောင်းတာလှျုက၊ ဟောင်းတာရ၊ ဘဝဖြစ်လေရာ။

အဲဒီလို ပန်းမွှေးရာနေရာကြီး ခင်းပြီးတော့ လှူတဲ့အခါမှာ အနှောမဒဿီ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း ပန်းမွှေးရာအခင်းပေါ်မှာ ထိုင်နေတော်မူတယ်။

အဲဒီလို ပန်းမွှေးရာနေရာကြီးပေါ် ထိုင်နေတော်မူတဲ့အခါမှာ သုရုစိရသေ့ဟာ မြတ်စွာဘုရား ဉာဏ်တော်ကြီးကို ဆိုလတ္တံ့သောဂါထာတို့ဖြင့် ချီးကျူးလျှောက်ထားပါတယ်။

သမုဒ္ဒရသိ+ မံ လောကံ၊ သယမ္ဘု အမိတောဒယ။

တဝ ဒဿန မာဂမ္မ၊ ကင်္ခါသောတံ တရန္တိတေ။

သယမ္ဘု– သစ္စာလေးအင်၊ ကိုယ်တိုင်မြင်သူ၊ သယမ္ဘုရှင်ဖြစ်တော်မူသော။ အမိတောဒယ– မနှိုင်းယှဉ်အပ်၊ ကျေးဇူးမြတ်ဂုဏ်၊ အလုံးစုံတို့ဖြင့်၊ အကုန်အစင်၊ တိုးပွားဖြစ်ထွန်းတော်မူသော မြတ်စွာဘုရား။ တွံ– အထင်အရှား၊ အရှင်ဘုရားသည်။ ဣမံလောကံ– လူ+ နတ်+ ဗြဟ္မာ၊ ဤသတ္တဝါအပေါင်းကို။ သမုဒ္ဒရသိ– သံသရာမှ၊ ထုတ်ကယ်မ၍၊ နိဗ္ဗာနခေါ် သောင်ကမ်းပေါ်သို့၊ ရောက်အောင် ပို့ပေးတော်မူပါပေ၏။ တဝ– အရှင်ဘုရားအား။ ဒဿနံ– ကြည့်ရှုဦးတင်၊ ဖူးမြင်ရခြင်းကို။ အာဂမ္မ– အကောင်းယခု၊ အကြောင်းပြု၍။ တေ– လူ+ နတ်+ ဗြဟ္မာ ထိုသတ္တဝါတို့သည်။ ကင်္ခါသောတံ– ယုံမှားခေါ်တွင်၊ ကင်္ခါဆိုတဲ့ ရေအလျဉ်ကို။ တရန္တိ– အပြီးတောက်လျှောက်၊ ခရီးရောက်အောင်၊ ကူးမြောက်နိုင်ကြပါပေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

သစ္စာလေးပါး ကိုယ်တော်တိုင် သိမြင်တော်မူတဲ့ဂုဏ်၊ မနှိုင်းယှဉ်အပ်သော ကျေးဇူးတော်အစုံ ဂုဏ်ကျော်အနန္တတို့နဲ့ ပြည့်စုံတော်မူသော အရှင်ဘုရားသည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေကို သံသရာပင်လယ်ကြောမှ ထုတ်ဆယ်ကယ်တင်ပြီး နိဗ္ဗာန်ဆိုတဲ့ ခေမာသောင်ကမ်း အထက်တန်းဆီသို့ ပို့ဆောင်တော်မူတတ်ပါပေ၏။

အရှင်ဘုရားအား ပသာဒမျက်စိနဲ့ ဖူးမြင်ရတဲ့အတွက် သဒ္ဓါတရားတွေ

http://www.dhammadownload.com



ဖြစ်ပြီး တရားတော်တွေ နာကြားရတဲ့အခါ ဉာဏ်မျက်စိတွေ ပွင့်လင်းလာပါ တယ် ဘုရား။

ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်တွေကို အာရုံပြုပြီး ဉာဏ်ပညာမျက်စိ နဲ့ မြင်ရတော့ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေမှာ ယုံမှားခြင်းကခါဆိုတဲ့ ရေ အလျဉ်ကြီးကို ကူးမြောက်ကျော်လွှားနိုင်ကြပါတယ်ဘုရား။

တရားနာပရိသတ်၊ သတ္တဝါတွေဟာ သံသရာပင်လယ်ကြောထဲမှာ မျော ပါနေကြတယ်နော်။ (မှန်လှပါဘုရား)

မြတ်စွာဘုရားက နိဗ္ဗာန်ဆိုတဲ့ သောင်ပေါ်ကမ်းပေါ်ရောက်အောင် ကယ် တင်ထုတ်ဆယ်ပြီးတော့ မပေးဘူးလား။ (ပေးပါတယ်ဘုရား)

ဒါဆိုရင် သတ္တဝါတွေက ရေမျောနေတဲ့သူတွေ။ ဘုရားက ကယ်တင်ရှင် ဒီလို မှတ်ရမယ်နော်။ (မှန်လှပါဘုရား)

တုဝံ သတ္ထာစ ကေတုစ၊ ဓဇော ယူပေါစ ပါဏိနံ။

ပရာယဏော ပတိဋ္ဌာစ၊ ဒီပေါစ ဒွိပဒုတ္တမော။

တုဝံ– အထင်အရှား၊ အရှင်ဘုရားသည်။ ပါဏိနံ– သတ္တဝါတို့၏။ သတ္ထာစ– ဆရာတစ်ဆူလည်းဖြစ်တော်မူပါပေ၏။ ကေတုစ– မှန်ကင်းသဖွယ် လည်း ဖြစ်တော်မူပါပေ၏။ ဓဇောစ– တံခွန်သဖွယ်လည်း ဖြစ်တော်မူပါပေ၏။ ယူပေါစ– ယဇ်တိုင်သဖွယ်လည်း ဖြစ်တော်မူပါပေ၏။ ပရာယဏောစ– လဲ လျောင်း ရာလည်း ဖြစ်တော်မူပါပေ၏။ ပတိဋ္ဌာစ– တည်ရာလည်း ဖြစ်တော်မူပါ ပေ၏။ ဒီပေါစ– မှီခိုအားထားရာ ကိုင်းကျွန်းကြီးသဖွယ်လည်း ဖြစ်တော်မူပါပေ ၏။ ဒွိပဒုတ္တမော– အခြေနှစ်ချောင်းရှိသူ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေထက် သာလွန်မြင့်မြတ်တော်မူပါပေ၏။

သက္ကာ သမုဒ္ဒေ ဥဒကံ၊ ပမေတုံ အာဠှကေနဝါ။

နတွေဝ တဝ သဗ္ဗညု၊ ဉာဏံ သက္ကာ ပမေတဝေ။

သဗ္ဗညု– တရားလုံးစုံ၊ အကုန်သိထား၊ အရှင်မြတ်ဘုရား။ သမုဒ္ဒေ– မဟာသမုဒ္ဒရာကြီးထဲ၌။ ဥဒကံ– စီးဆင်းနေပြား၊ ရေအများကို။ အာဠှကေနဝါ– ပြည်တောင်းဖြင့်လည်းကောင်း။ (အဠေနဝါ– စိတ်တောင်း၊ ခွဲတောင်း၊ တင်း တောင်းစသည် အလီလီများ၊ အခြားသောတောင်းဖြင့်လည်းကောင်း) ပမေတုံ– ဤမျှဤမျှ၊ ရှိသည်ပဟု၊ သိရအောင် နှိုင်းယှဉ်ခြင်းငှာ။ သက္ကာ– အမှန်ခါခါ၊ တတ်ကောင်းရာ၏။

http://www.dhammadownload.com



(မြတ်စွာဘုရား– မဟာသမုဒ္ဒရာထဲမှာ ရှိနေတဲ့ရေတွေကို ပြည်တောင်းစတဲ့ တောင်းတွေနဲ့ ခြင်တွယ်ရေတွက်လို့ ရမယ်ဆိုရင် ရနိုင်ပါသေးတယ်တဲ့)

တဝ– အထင်အရှား၊ အရှင်ဘုရား၏။ ဉာဏံ– သဗ္ဗညုခေါ်၊ ရွှေဉာဏ်တော်ကို။ ပမေတဝေ– ဤရွေ့ဤမျှ၊ ရှိသည်ပဟု၊ သိရအောင် နှိုင်းယှဉ်ရေတွက်ခြင်းငှာ။ နတွေဝသက္ကာ– ဘယ်လူနတ်ပါ၊ ဘယ်ဗြဟ္မာမှ၊ မုချပိုင်ပိုင်၊ မတတ်နိုင်တော့ပါဘုရား။

(ရှင်တော်မြတ်ဘုရားရဲ့ သဗ္ဗညုတရွှေဉာဏ်တော်ကြီးကိုတော့ ဤရွေ့ရှိတယ်၊ ဤမျှ ရှိတယ်လို့ သိရအောင် နှိုင်းယှဉ်ရေတွက်လို့ ဘယ်နည်းနဲ့မှ၊ ဘယ်လို လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေမှ ရနိုင်မှာမဟုတ်ပါဘုရားလို့ ဉာဏ်တော်ကြီးကို အားရပါးရ ချီးကျူးဂုဏ်ပြု လျှောက်ထားနေပါတယ်။)

ကဲ– လင်္ကာလေး လိုက်ဆိုကြ

* သမုဒ္ဒရာရေ၊ နှိုင်းယှဉ်ချေ၊ တွက်ရေရကောင်းရာ။

* သဗ္ဗညုဉာဏ်၊ ရေတွက်ပြန်၊ အမှန်မရပါ။

ဓာရေတုံ ပထဝိံ သက္ကာ၊ ဠပေတွာ တုလမဏ္ဍလေ။

နတွေဝ တဝ သဗ္ဗညု၊ ဉာဏံ သက္ကာ ဓရေတဝေ။

သဗ္ဗညု– တရားလုံးစုံ၊ အကုန်သိတတ်၊ အရှင်မြတ်ဘုရား။ ပထဝိံ– မဟာပထဝီ၊ သညာမည်ဟီး၊ ဤမြေကြီးကို။ တုလမဏ္ဍလေ– အံ့ဖွယ်အပြီး၊ ချိန်ခွင်အဝန်းကြီး၌။ ဠပေတွာ ဓာရေတုံ– ထည့်၍အတင်း၊ ချိန်စက်ခြင်းငှာ။ သက္ကာ– အမှန်ခါခါ၊ တတ်ကောင်းရာသေး၏။

(မြတ်စွာဘုရား ဤမဟာပထဝီမြေကြီးကို အံ့သြစရာကောင်းလောက်အောင် အလွန်ကြီးတဲ့ ချိန်ခွင်ကြီး ပြုလုပ်ပြီးတော့ အဲဒီချိန်ခွင်ရဲ့ အဝန်းကြီးထဲမှာ ထည့်ချိန်လို့ ဖြစ်နိုင်ချင်ရင် ဖြစ်နိုင်ပါလိမ့်မယ်။ အဘူတဉပမာလို့ ခေါ်ပါတယ်။ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တာတွေနဲ့ ဉပမာပေးပြီးတော့ ချီးကျူးလျှောက်ထားနေခြင်းပါ။)

တဝ– ထင်ပေါ်ကျော်ကြား၊ ရှင်တော်မြတ်ဘုရား၏။ ဉာဏံ– သဗ္ဗညုခေါ်၊ ရွှေဉာဏ်တော်ကို။ ဓရေတဝေ– ချိန်ခွင့်ထည့်လျက်၊ ချိန်စက်ခြင်းငှာ။ နတွေဝသက္ကာ– ကေန်ပိုင်ပိုင်၊ မတတ်နိုင်တော့ပါဘုရား။

(မြတ်စွာဘုရားရဲ့ သဗ္ဗညုတရွှေဉာဏ်တော်ကြီးကိုတော့ ဘယ်လိုကြီး

http://www.dhammadownload.com



ကျယ်တဲ့ ချိန်ခွင်ကြီးရဲ့ အဝန်းထဲမှာပဲထည့်ထည့် ထည့်ပြီးတော့ ချိန်တွယ်လို့ ချိန်စက်လို့ ဘယ်လိုမှ ရနိုင်မှာမဟုတ်ပါဘူး ဘုရား လို့ အင်မတန်ကြည်ညို တဲ့အတွက် လျှောက်ထားကြည်နူး ချီးကျူးတော်မူပါတယ်။)

ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ

*အလွန်ကြီးမား+ မှတ်သားချိန်ခွင်၊
ဤမြေကြီးကား+ တည့်ငြားချိန်လျှင်၊
ရချင်ရင်တွေး+ ရသေးမည်ထင်၊
အဘူတ+ ယူဆလျှောက်ထားတင်။
*အလွန်ကြီးများ+ မှတ်သားချိန်ခွင်၊
အရှင့်ဉာဏ်အား+ ထည့်ငြားချိန်လျှင်၊
ဘယ်အခါမှ+ မရအစဉ်၊
ဉာဏ်တော်ထူး+ ဖော်ကျူးလျှောက်ထားတင်။

အာကာသော မိနိတုံ သက္ကာ၊ ရဇ္ဇုယာ အင်္ဂုလေနဝါ။

နတွေဝ တဝ သဗ္ဗညု၊ ဉာဏံ သက္ကာ ပမေတဝေ။

သဗ္ဗညု– တရားလုံးစုံ၊ အကုန်သိတတ်၊ အရှင်မြတ်ဘုရား။ အာကာ သော– အာကာဝေဟင် ထက်ကောင်းကင်ကို။ ရဇ္ဇုယာ– ကြိုးငယ်+ ကြိုးကြီး+ အသီးသီးဖြင့်သော်လည်းကောင်း။ မိနိတုံ– တိုင်းတာပြုရင်း၊ နှိုင်းယှဉ်ခြင်းငှာ။ သက္ကာ– အမှန်ခါခါ၊ တတ်ကောင်းရာသေး၏။

(မြတ်စွာဘုရား– ကောင်းကင်ကြီးကို ကြိုးငယ်၊ ကြိုးကြီးအသီးသီးနဲ့ ဖြစ်စေ၊ လက်သစ်တောင်ဟာနဲ့ဖြစ်စေ တိုင်းကာနှိုင်းစာတွက်လို့ ရချင်ရင် ရပါလိမ့်မယ် တဲ့။)

တဝ– အထင်အရှား အရှင်ဘုရား၏၊ ဉာဏံ– သဗ္ဗညုတ ရွှေ ဉာဏ်တော်ကြီးကို။ ပမေတဝေ– ဤရွေ့ဤမျှ၊ ရှိသည်ပဟု၊ သိရအောင်တိုင်းတာ၊ နှိုင်းစာနှိုင်းယှဉ်ခြင်းငှာ။ နတွေဝသက္ကာ– ကေန်ပိုင်ပိုင်၊ မတတ်နိုင်ကောပါဘုရား။

(အရှင်ဘုရားရဲ့ သဗ္ဗညုတရွှေဉာဏ်တော်ကြီးကိုတော့ ဘယ်လူ၊ ဘယ် နတ်၊ ဘယ်ဗြဟ္မာမှ မနှိုင်းယှဉ်နိုင်၊ မတိုင်းတာနိုင်ပါဘူးဘုရား၊ ဘယ်လိုအရာ ဝတ္ထုတွေနဲ့မှ နှိုင်းစာတိုင်တာလို့ မရနိုင်ပါဘူးဘုရားလို့ လျှောက်ထားပါတယ်။)

http://www.dhammadownload.com



ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ
* မိုးကောင်းကင်ကြီး+ အပြီးသေချာ၊
ကြိုးလက်သစ်များ+ မှတ်သားတိုင်းတာ၊
ရချင်သော်ကား+ မမှားရမှာ၊
သုရုစိ+ လျှောက်သည့်ဥပမာ။
* ရှင်တော်ဘုရား+ ကြီးမားဉာဏ်ကျယ်၊
ဘယ်လိုဟိုင်းတိုင်း+ ယှဉ်နိုင်းမလွယ်၊
ရွှေဉာဏ်ပော်ကြီး+ အံ့ချီးစဖွယ်၊
စိတ်ကြည်နူး+ အထူးလျှောက်ထားတယ်။

မဟာသမုဒ္ဒေ ဥဒကံ၊ ပထဝိံ အခိလံ ဇဟေ။
ဗုဒ္ဓဉာဏံ ဥပါဒါယ၊ ဥပမာတော နယုဇ္ဇရေ။

မဟာသမုဒ္ဒေ– မဟာသမုဒ္ဒရာအတွင်း၌။ ဥဒကံ အခိလံ– ရေအားလုံးကိုလည်းကောင်း။ အခိလံပထဝိံ– အလုံးစုံသော မြေကိုလည်းကောင်း။ (အခိလံ အဓိပ္ပာယ်– အလုံးစုံသော ကောင်းကင်ကြီးကိုလည်းကောင်း။) ဇဟေ– ဇဟေယျ= စွန့်ပစ်ပိုင်ပိုင် ရနိုင်ရာ၏။

(မဟာသမုဒ္ဒရာထဲက ရေအားလုံး၊ မြေပြင်တစ်ခုလုံး၊ ကောင်းကင်ကြီးတစ်ခုလုံး (တစ်ပြင်လုံး) အဲဒါတွေ အားလုံးကို ယူပြီးတော့ စွန့်ပစ်လို့ရချင်ရင် ရနိုင်လောက်ပါတယ်။

ဗုဒ္ဓဉာဏံ– သဗ္ဗညုခေါ် ရှင်တော်ဘုရားရဲ့၊ ကြီးကျယ်တဲ့ဉာဏ်တော်ကြီးကို။ ဥပါဒါယ– စွဲကာထောက်ရှု၊ အကြောင်းပြု၍။ ဥပမာတော– နှိုင်းယှဉ်စရာ၊ ဥပမာအားဖြင့်။ နယုဇ္ဇရေ– မဖြစ်နိုင်ကာ၊ မသင့်ပါကုန်။

(မဟာသမုဒ္ဒရာထဲကရေ၊ မဟာပထဝီမြေကြီး၊ ကောင်းကင်ကြီးတွေနဲ့တောင်မှ နှိုင်းယှဉ်လို့မရနိုင်ပါဘူး။ မြတ်စွာဘုရားရဲ့ဉာဏ်တော်ကြီးဟာ အင်မတန်ကြီးမားလွန်းလို့ နှိုင်းယှဉ်စရာ ဥပမာမရှိပါဘူး။ မဟာသမုဒ္ဒရာရေ၊ မဟာပထဝီမြေကြီး၊ အဇ္ဈောပြင် အတက်မိုးကောင်းကင်ကြီးတွေထက် သဗ္ဗညုတရွှေဉာဏ်တော်က ကြီးကျယ်တယ်၊ များပြားတယ်၊ များမြတ်တယ်လို့ ဆိုလိုပါတယ်။)

ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ
* မဟာသမုဒ္ဒ+ များလှရေတွေ၊
များလှအပြီး+ မြေကြီးကမြေ၊

http://www.dhammadownload.com



ကောင်းကင်အားလုံး+ ယူသုံးစွန့်ချေ၊
ရသော်ကား+ မမှားရနိုင်ပေ။
*ရေ မြေအားလုံး+ တစ်ထုံးကောင်းကင်၊
သဗ္ဗညုတ+ ဉာဏ်လှကိုယှဉ်၊
နှိုင်းစာသော်ကား+ မှတ်သားသဗ္ဗဉ်၊
ဉာဏ်တော်ကြီး+ အပြီးသာသည်ပင်။

သဒေဝကသ္မိ လောကသ္မိ၊ စိတ္တံ ယေသံ ပဝတ္တတိ။
အန္တောဇာလဂတာ တေ၊ တဝ ဉာဏမှိ စက္ခုမ၊

စက္ခုမ– စက္ခုငါးဖြာ၊ ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။ သဒေဝကသ္မိ လောကသ္မိ– နတ်၊ ဗြဟ္မာနှင့်တကွသော သတ္တလောကတွင်။ ယေသံ– လူ နတ် ဗြဟ္မာ၊ အကြင်သတ္တဝါတို့အား။ စိတ္တံ– စိတ်သည်။ ပဝတ္တတိ– ဖြစ်နေ၏။ တေ– စိတ်ရှိကြသူ၊ လူ နတ် ဗြဟ္မာ၊ ထိုသတ္တဝါတို့သည်။ တဝ– ထင်ပေါ်ကျော်ကြား၊ ရှင်တော်မြတ်ဘုရား၏။ ဉာဏမှိ– သဗ္ဗညုခေါ်၊ ရွှေဉာဏ်တော်၌။ အန္တောဇာလဂတာ– ကွန်ယက်အတွင်း၊ ဝင်သက်ဆင်းကြရပါကုန်သည်ဘုရား။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

(မြတ်စွာဘုရား– သတ္တဝါအားလုံး စိတ်ရှိကြပါတယ်။ အဲဒီစိတ်ရှိကြတဲ့ လူ နတ် ဗြဟ္မာ သတ္တဝါတွေဟာ မြတ်စွာဘုရားရဲ့ သဗ္ဗညုတရွှေဉာဏ်တော် ကွန်ယက်အတွင်းမှာ အားလုံး သက်ဆင်းဝင်ရောက်ကြရပါတယ်ဘုရားလို့ ချီးမွမ်းလျှောက်ထားတာ ဖြစ်ပါတယ်။)

ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ
*လူ လူ နတ် နတ်+ ထက်ရပ်ဗြဟ္မာ၊
အားလုံးကိုကြည့်+ စိတ်ရှိကြတာ၊
ထိုသူများရဲ့+ ရှိတဲ့စိတ်ဟာ၊
ရွှေဉာဏ်တွင်း+ သက်ဆင်းအားလုံးပါ။

ယေန ဉာဏေန ဝတ္ထော သိ၊ ကေဝလံ ဗောဓိမုတ္တမံ။
တေန ဉာဏေန သဗ္ဗညူ၊ မဒ္ဒသိ ပရတိတ္ထိယေ။

http://www.dhammadownload.com



သဗ္ဗညု– တရားလုံးစုံ၊ အကုန်သိတတ်၊ အို မြတ်စွာဘုရား။ တွံ– အထင်အရှား ရှင်တော်မြတ်ဘုရားသည်။ ယေန ဉာဏေန– အစဉ်အမှန်၊ အကြောင်ဉာဏ်ဖြင့်။ ကေဝလံ– ခပ်သိမ်းဉဿုံ၊ အလုံးစုံသော။ ဥတ္တမံဗောဓိံ– အတုမရှိ၊ လွန်မြတ်ဘိသား၊ မဂ်ဉာဏ်လေးပါးကို။ ပတ္တော– ရရောက်တော်မူသည်။ အသိ– ဖြစ်ပါ၏။ တေနဉာဏေန– သဗ္ဗညုခေါ်၊ ထိုဉာဏ်တော်ဖြင့်၊ တွံ– အထင်အရှား၊ အရှင်ဘုရားသည်။ ပရတိတ္ထိယေ– အများအရှိ၊ တစ်ပါးသောတိတ္ထိတို့ကို၊ မဒ္ဒသိ– နှိပ်နင်းဖိုင်ဖိုင်၊ ချေဖျက်တော်မူနိုင်ပါပေ၏။

(မြတ်စွာဘုရား– အရှင်ဘုရားသည်၊ သမ္မာသမ္ဗောဓိကို ရရောက်တော်မူပါတယ်။ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် အယူဝါဒမတူကြတဲ့ တစ်ပါးသော တိတ္ထိတွေကို နှိမ်နင်းတော်မူပါတယ်။ အဲဒီလို မြတ်စွာဘုရားရဲ့ ဉာဏ်တော်ကြီးကို အားရပါးရ ချီးကျူးလျှောက်ထားပါတယ်။)

ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ
*တရားသိတတ်+ အမြတ်ရှင်တော်၊
သမ္ဗောဓိ+ ရောက်ရှိပျော်ပျော်၊
သဗ္ဗညုဉာဏ်ကြီး+ အံ့ချီးဖွယ်နော်၊
တစ်ပါးသိ+ တိတ္ထိချေဖျက်ကျော်။

အဲဒီလို ပန်းတွေနဲ့ ပူဇော်၊ ဉာဏ်တော်ကို ချီးမွမ်းတော်မူတဲ့ သုရုစိနဲ့ တပည့်ရသေ့တွေကို နိရောဓသမာပတ်ဝင်စားရာမှ ထတော်မူလာတဲ့ အနောမဒဿီ မြတ်စွာဘုရားက လက်ျာရံ နိသဘမထေရ်မြတ်ကို "ချစ်သား နိသဘ– ပူဇော်သက္ကာရပြုကြတဲ့ ရသေ့တို့အား ပန်းအနုမောဒနာတရား ဟောကြားပါ" လို့ မိန့်တော်မူပါတယ်။

နိသဘမထေရ်မြတ် တရားဟောပြီးတဲ့အခါမှာ သုရုစိရသေ့က

"မြတ်စွာဘုရား၊ အရှင်ဘုရားအနားၓ နေတော်မူကာ ယခုတရားဟောသွားတဲ့ ရဟန်းသည် အဘယ်အမည်ရှိပါသနည်းဘုရား" လို့ မေးမြန်းပါတယ်။ မြတ်စွာဘုရားက "ထိုရဟန်းဟာ ငါဘုရားလည်စေအပ်သည့် ဓမ္မစကြာရတနာကို ငါ့နောက်လိုက်ပြီးတော့ လည်စေနိုင်တဲ့ သာဝက ပါရမီဉာဏ် အထွဋ်အထိပ်သို့ ရောက်ရှိတဲ့ ပညာ (၁၆) ပါးတို့ကို ထိုးထွင်းသိမြင်တဲ့ ငါဘုရားသာသနာ၌ လက်ျာရံအဂ္ဂသာဝက နိသဘမထေရ် အမည်ရှိတယ်" လို့ မိန့်တော်မူလျှင်

http://www.dhammadownload.com



သုရုစိရသေ့ဟာ အဲဒီနိသဘမထေရ်ကို လွန်စွာအားရ သဘောကျနှစ်သက်ပြီး "မြတ်စွာဘုရား တပည့်တော်သည် ခုနစ်ရက်ကြာ အရှင်ဘုရားတို့အား ပန်းထီးကို ဆောင်းမိုးကာ ပန်းပူဇော်ရတဲ့ကုသိုလ်၊ ဉာဏ်ပူဇော်ရတဲ့ကုသိုလ်အကျိုးအား ကြောင့် အခြား သိကြားမင်းအဖြစ်၊ ဗြဟ္မာမင်းအဖြစ်ကို မတောင့်တပါ၊ နောင် အခါဝယ် ဤနိသဘထေရ်မြတ်ကဲ့သို့ တစ်ဆူဆူသော မြတ်စွာဘုရား၏ လက်ျာရံ အဂ္ဂသာဝက စင်စစ်ဖြစ်ရလိုပါ၏ဘုရား" လို့ ဆုတောင်းပါတယ်။

အနောမဒဿီ မြတ်စွာဘုရားရဲ့ ပညာတေဒဂ်ရ လက်ျာရံအဂ္ဂသာဝက အရှင်နိသဘမထေရ်မြတ်ကို အားကျပြီး ဆုတောင်းတာနော်။ (မှန်လှပါဘုရား)

တော်တဲ့ ကျော်တဲ့သူတွေ တွေ့ရတော့ အားမကျဘူးလား။ (အားကျပါ တယ် ဘုရား)

နောက်ပြီး တပည့်တော်သုရုစိရသေ့ပြုတဲ့ကုသိုလ်တွေကြောင့် သိကြား မင်း၊ ဗြဟ္မာမင်း မဖြစ်ချင်ပါဘူး၊ အရှင်နိသဘမထေရ်လိုပဲ ဖြစ်လိုပါ၏ တဲ့။

အဲဒီလို သုရုစိရသေ့က လျှောက်ထားတော့ အနောမဒဿီမြတ်စွာဘုရား ပြုံးတော်မူပါတယ်။ အဲဒီလို ပြုံးတော်မူတော့ အနောမဒဿီမြတ်စွာဘုရားရဲ့ အလုပ်အကျွေးဖြစ်တဲ့ ဝရုဏခေါ်ရဟန်းတော်က "မြတ်စွာဘုရား၊ ပြုံးတော်မူရ ခြင်းအကြောင်းရင်းကို ဟောပြတော်မူပါဘုရား" လို့ လျှောက်ထားပါတယ်။

အနောမဒဿီမြတ်စွာဘုရားက အောက်ပါဂါထာတော်ကို မိန့်ကြားတော် မူပါတယ်။

ယော မံ ပုပ္ဖေန ပူဇေသိ၊ ဉာဏဉ္စာပိ အနုတ္ထဝိ။
တမဟံ ကိတ္တယိဿာမိ၊ သုဏောထ မမ ဘာသတော။

(ဟောဒီ သုရုစိရသေ့ဟာ ငါဘုရားကို ပန်းနဲ့ပူဇော်တယ်၊ ငါဘုရားရဲ့ သဗ္ဗညုတရွှေဉာဏ်တော်ကြီးကိုလည်း တင့်တယ်လျှောက်ပတ် ကောင်းမြတ်လှ စွာ ချီးမွမ်းပါတယ်။ အဲဒီ သုရုစိရသေ့ကို ငါဘုရား ဗျာဒိတ်စကားကြားမယ်၊ ဟောကြားတော်မူတဲ့ ငါဘုရားရဲ့စကားကို နာယူကြကွယ် တဲ့။)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ဒီရသေ့ကား၊ ငါဘုရား၊ ပန်းများပူဇော်တယ်၊
* သဗ္ဗညုခေါ်၊ ရွှေဉာဏ်တော်၊ ပူဇော်ချီးမွမ်းတယ်၊
* ဒီရသေ့အား၊ ငါဘုရား၊ ဗျာဒိတ်ကြားခဲ့မယ်၊
* ငါဟောပြတာ၊ သေသေချာ၊ နာယူကြပါကွယ်။

http://www.dhammadownload.com



အဲဒီလို မြတ်စွာဘုရားရဲ့ မိန့်ကြားတဲ့စကားတော်ကိုသိပြီး နတ် ဗြဟ္မာတွေ အညီအညွတ် တရားနာလိုတဲ့အတွက် ဘုရားထံ လာရောက်ကြပါတယ်။

၁။ *အင်္ဂါလေးပါးရှိတဲ့ ဆင်၊ မြင်း၊ ရထား၊ ခြေသည်စစ်သည်တွေဟာ ဒီသုရစိရသေ့ကို အမြဲခြံရံကြလိမ့်မယ်။ အဲဒီအကျိုးဟာ ငါဘုရားကို ပူဇော်ရခြင်းရဲ့ အကျိုးပါပဲ။

၂။ *တူရိယာခြောက်သောင်းနဲ့ ကောင်းစွာဆင်အပ်တဲ့ စည်ကြီးတွေ ဒီရသေ့ကို အခါခပ်သိမ်း တီးမှုတ်ဆည်းကပ်ကြလိမ့်မယ်။ အဲဒါ ငါဘုရားကို ပူဇော်ရတဲ့အကျိုးပါပဲ။

၃။ *အချောအလှ မနောဟာဒယမှာ အင်မတိအင်မတန် သဘောကျစရာကောင်းတဲ့ တစ်သောင်းခြောက်ထောင်ကုန်သော အမျိုးသမီးတွေ ဆိုကာကကာ ဒီရသေ့ကို အမြဲနေ့ည ခြံရံကြလိမ့်မယ်။ အဲဒါ ငါဘုရားကို ပူဇော်ရတဲ့ အကျိုးပါပဲ။

၄။ *ကမ္ဘာတစ်သိန်းပတ်လုံး နတ်ပြည်မှာ မွေ့လျော်ရမယ်။ အကြိမ်တစ်ထောင် တိုင်းနိုင်ငံမှာ စကြာမင်းဖြစ်ရမယ်။

၅။ *အကြိမ်တစ်ထောင် သိကြားမင်းဖြစ်ပြီး နတ်စည်းစိမ်ကို ခံစားရမယ်။ မရေအတွက်နိုင်လောက်အောင် ပဒေသရာဇ်မင်းအဖြစ်ကို ရမယ်။

*အဆုံးဘဝရောက်တဲ့အခါ သာရိပုဏ္ဏေးမရဲ့သား ဖြစ်မယ်။

*အမိရဲ့အမည်အနွယ်အားဖြင့် ဤရသေ့ထင်ရှားပြီး သာရိပုတ္တရာဆိုတဲ့ အမည်နဲ့ ထက်မြက်လွန်ကဲတဲ့ ပညာရှိဖြစ်မယ်။

*ကုဋေရှစ်ဆယ်သောဥစ္စာတွေကို စွန့်ပြီး ကြောင့်ကြမဲ့ရဟန်းပြုကာ ငြိမ်းအေးတဲ့ နိဗ္ဗာန်ရှာပုံတော်ဖွင့်ကာ ဒီမြေပြင်မှာ လှည့်လည်သွားလာလိမ့်မယ်။

*ငါ အနောမဒဿီဘုရားပွင့်ရာ ဒီဝရကမ္ဘာမှ မရေမတွက်နိုင်တဲ့ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းထက် ဘဒ္ဒကမ္ဘာမှာ (ကာတိယ) ဩက္ကာကမျိုး၌ ဖြစ်တဲ့ ဂေါတမ မြတ်စွာဘုရား ပွင့်လိမ့်မယ်။

*ထိုဂေါတမ မြတ်စွာဘုရားရဲ့ သာရိပုတ္တရာအမည်နဲ့ အဂ္ဂသာဝကဖြစ်မယ်။

*ဗေဒင်သုံးပုံတို့ရဲ့ အဆုံးကို ရောက်ပြီးတော့ သတ္တဝါကို နှစ်သိမ့်စေလိမ့်မယ်။

၁။ ဟိမဝန္တ မုပါဒါယ၊ သာဂရဉ္စ မဟောဒဓိ။

http://www.dhammadownload.com



ဗွေဏ္ဏရေ ယံ ပုလိနံ၊ ဂဏနာတော အသင်္ခိယံ။

(ဟိမဝန္တာတောင်ကို အစပြုပြီးတော့ များစွာသော်ရေရှိတဲ့ သမုဒ္ဒရာကို လည်း အပိုင်းအခြားပြုကာ ဤအတွင်းမှာ အကြွင်းသဲကို ဂဏန်းသင်္ချာ အားဖြင့် မရေတွက်နိုင်။)

၂။ တမ္ပိ သင်္ချာ အသေသေန သင်္ခါတုံ ဂဏနာ ယထာ။
နတွေဝသာရိပုတ္တဿ၊ ပညာယန္တော ဘဝိဿတိ။

(ထိုသဲကိုသော်လည်း ဂဏန်းသင်္ချာအားဖြင့် အကြွင်းမဲ့ရေတွက်ခြင်းငှာ တတ်ကောင်းရာသေး၏။ သာရိပုတ္တရာ၏ အပညာအဆုံး အပိုင်းအခြား သည် ရေတွက်၍ မဖြစ်ကောင်းသည်သာတည်း။)

၃။ လက္ခေ ဌပိယမာနမှိ၊ ခီယေ ဂင်္ဂါယ ဝါလုကာ။
နတွေဝသာရိပုတ္တဿ၊ ပညာယန္တော ဘဝိဿတိ။

(ဉာဏ်ဖြင့် အမှတ်အသား ထားအပ်သည်ရှိသော် ဂင်္ဂါမြစ်၌ သဲသည် ကုန်ရာ၏။ သာရိပုတ္တရာ၏ ပညာအဆုံးအပိုင်းအခြားသည် ရေတွက်၍ မရကောင်းသည်သာတည်း။)

၄။ မဟာသမုဒ္ဒေ ဦမိယော၊ ဂဏနာတော အသင်္ခိယာ။
တထေဝ သာရိပုတ္တဿ၊ ပညာယန္တော နဟေဿတိ။

(မဟာသမုဒ္ဒရာ၌ လှိုင်းတံပိုးတို့သည် အရေအတွက်ဂဏန်းအားဖြင့် မရေတွက်နိုင်သကဲ့သို့၊ ထို့အတူ သာရိပုတ္တရာ၏ ပညာအဆုံး အပိုင်း အခြားသည် ရေတွက်၍ မဖြစ်ကောင်းသည်သာတည်း။)

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးရဲ့ ပညာဉာဏ်ကြီးမားပုံတွေကို အနောမဒဿီမြတ်စွာဘုရား မိန့်ကြားပြီးတော့ မပြောဘူးလား။ (ပြောပါတယ်ဘုရား)

ဘာ့ကြောင့် အရှင်သာရိပုတ္တရာကိုယ်တော်မြတ် ဉာဏ်ပညာကြီးမားရ သတဲ့လဲ။ (ပန်းနဲ့ပူဇော်ပြီး ဉာဏ်တော်ကို ချီးမွမ်းခဲ့လို့ပါဘုရား)

ဒီနေ့ ပိဋကတ်သုံးပုံ လျှုဒါန်းကြတဲ့ ဒကာ ဒကာမတွေ၊ စာတော်တဲ့၊ စာကျော်တဲ့ စာအောင်သံဃာတော်တွေကို ဂုဏ်ပြုပူဇော်နေကြတဲ့ ဒကာ ဒကာမ တွေ၊ ဘွဲ့တံဆိပ်ရတော်မူကြတဲ့ သံဃာတော်တွေကို ပူဇော်နေကြတဲ့ ဒကာ ဒကာမတွေကော ဉာဏ်ပညာ မကြီးချင်ဘူးလား။ (ကြီးချင်ပါတယ်ဘုရား)

ကြီးချင်ရင် ပိဋကတ်သုံးပုံလှူရမယ်၊ စာတော်တဲ့ စာအောင်သံဃာတွေ၊ ဘွဲ့တံဆိပ်ရ သံဃာတော်တွေကို ပူဇော်ရမယ်နော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



ဘုရားရဲ့ဉာဏ်တော်တွေကို အမြဲရှိးကျူးကော်ရော် ပူဇော်နေရမယ်။ ဘုရားရဲ့ဉာဏ်တော်ကို ဝေဖန်ရမှာလား၊ ပူဇော်ရမှာလား။ (ပူဇော်ချီးမွမ်းရမှာပါ ဘုရား)

ရတနာသုံးပါးကို ပူဇော်ဖို့၊ ချီးမွမ်းဖို့၊ ပန်းကပ်လှူဖို့ မမေ့ကြပါနဲ့။ ပန်းလှူတာလည်း ပန်းလိုမွှေးကြိုင်လှပတဲ့ ပညာတွေ ကြီးမားရာ ကြီးမား ကြောင်း အထောက်အပံ့ကောင်းတွေပဲနော်။ (မှန်လှပါဘုရား)

လောကမှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ဘုရင်ဆိုတဲ့ ပုဂ္ဂိုလ်ကို အခြား သော မှုးမတ်သေနာပတိတွေ၊ တိုင်းသူပြည်သား လူအများတွေက ဘုန်းကံ ပါရမီစသည်တွေ ယှဉ်ပြိုင်လို့ရရဲ့လား။ (မရပါဘူးဘုရား)

အဲဒီလိုပဲ ဦးဇင်းတို့ရဲ့ မြတ်စွာဘုရားရဲ့ လက်ထက်တော်မှာလည်း အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဟာ ပညာအရာမှာ အသာဆုံး-အမြတ်ဆုံး ဖြစ်တယ်။ ပညာနဲ့ပတ်သက်လာရင် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်နဲ့ ဘယ် သူမှ ယှဉ်ပြိုင်လို့ မရပါဘူး။

ဒီတော့ ပညာနဲ့ပတ်သက်လာရင် ယှဉ်ပြိုင်လို့မရလောက်အောင် နှိုင်းလို့၊ တုလို့မရလောက်အောင် ပညာဉာဏ်ကြီးမားနေတဲ့ ရှင်သာရိပုတ္တရာဟာ ပညာ အရာမှာ ဘုရားပြီးရင် "ဘုရင်ကြီး" ဖြစ်မနေဘူးလား။ (ဖြစ်နေပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့ရားတော်က ဘာတရားတဲ့လဲ။

(ပညာဘုရင်+ ပညာရှင်) တရားတော်ပါဘုရား။

ရေတွေ၊ သဲတွေ၊ လှိုင်းတံပိုးတွေကို ရေတွက်လို့ရချင်ရမယ်၊ ကုန်ချင် ကုန်မယ်၊ အရှင်သာရိပုတ္တရာရဲ့ ဉာဏ်တော်ကြီးကို ရေတွက်လို့ရမှာ ကုန်မှာ မဟုတ်ပါဘူးတဲ့။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* သာရိပုတ္တရာ၊ ထေရ်မဟာ၊ ပညာဘာ့ကြောင့်ကြီး။
* ဉာဏ်တော်ချီးမွမ်း၊ ပူဇော်ပန်း၊ အစွမ်းဒါ့ကြောင့်ကြီး။
* ဉာဏ်တော်ချီးမွမ်း၊ ပူဇော်ပန်း၊ ဉာဏ်ဆန်းဒါ့ကြောင့်ကြီး။
* ဆုတောင်းမှုလည်း၊ ပါတာပဲ၊ အမြဲမှတ်အပြီး။
* သာရိအရှင်၊ ပညာတွင်၊ ဘုရင်ဘာ့ကြောင့်ဖြစ်။
* ပန်းပူဇော်ကာ၊ ဉာဏ်တော်သာ၊ ချီးမွမ်းတာကြောင့်ဖြစ်။

http://www.dhammadownload.com



*လောကဘုရင်၊ ပြောပြလျှင်၊ ပြိုင်ယှဉ်မရသို့။
*ပညာအရာ၊ ထေရ်မဟာ၊ ပြိုင်ကာမရလို့။
*ပညာဘုရင်၊ ပညာရှင်၊ ခေါ်တွင်ကြပါစို့။

နောက်ပြီး ဘုရားရှင်ကိုယ်တော်မြတ်က သာဝတ္ထိပြည်မွန် ဇေတဝန် ရွှေကျောင်းတော်မှာ ကိန်းအောင်းစံပျော်နေတော်မူစဉ် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကို ပညာအရာမှာ အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးကြီး ချီးမြှင့်တော်မူပါတယ်။

ဧတဒဂ်ပါဠိ အနက်ကြည်ညိုပြီးကြည့်ရအောင်။

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ မဟာပညာနံ ယဒိဒံ သာရိပုတ္တော။

ဘိက္ခဝေ– ရဟန်းတို့။ မဟာပညာနံ– ဉာဏ်ပညာကြီးကြကုန်သော။ မမ– ငါဘုရား၏။ သာဝကာနံ ဘိက္ခူနံ– သာဝကခေါ်၊ ရဟန်းတော်တို့တွင်။ ယဒိဒံ သာရိပုတ္တော– ယောအယံ သာရိပုတ္တော– အကြင်သာရိပုတ္တရာသည်။ အတ္ထိ– ရှိ၏။ ဧတံ– သော– ထိုသာရိပုတ္တရာသည်။ အဂ္ဂံ– အဂ္ဂေါ– ပညာဘုရင်၊ ပညာရှင်စစ်၊ အမြတ်ဆုံးဖြစ်တော်မူပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ယနေ့ ဦးဇင်းရဲ့တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ လောကီမှာပဲ ဖြစ်ဖြစ်၊ လောကုတ္တရာမှာပဲဖြစ်ဖြစ်၊ ပညာနဲ့ပတ်သက်လာတဲ့အခါမှာ အရှင်သာရိပုတ္တရာထေရ်မဟာတို့လို "ပညာဘုရင်+ ပညာရှင်" တွေ ဖြစ်နိုင်ကြပါစေ။ "ပညာဘုရင်+ ပညာရှင်" ဖြစ်ကြောင်း ဒါနအကောင်း၊ သီလအကောင်း၊ ဘာဝနာအကောင်းတွေနဲ့ ဘုရား၊ တရား၊ သံဃာရတနာတို့ကို မကြာနှေးညှ မမေ့ကြဘဲ ပူဇော်နိုင်ကြပါစေဆိုတဲ့ အနေအားဖြင့် ဦးဇင်းသည် "ပညာဘုရင်+ ပညာရှင်" တရားတော်ကို အကျဉ်းအားဖြင့် စဉ်းစ းကာ ဟောကြားခဲ့ပါတယ်။

ရှင်သာရိပုတ္တရာကိုယ်တော်တိုင် မိန့်ဆိုတဲ့ဂါထာတစ်ပုဒ် ပါဠိ+ အနက် ကြည်ညိုကာ တရားသိမ်းကြပါစို့။ အားလုံးလက်အုပ်ချီကြပါ။

မမ ကမ္မံ သရိတ္ဂာန၊ ဂေါတမော သကျပုင်္ဂဝေါ။
ဘိက္ခုသံဃေ နိသီဒိတွာ၊ အဂ္ဂဋ္ဌာနေ ဌပေသိမံ။
မမ– သာရိခေါ်တွင်၊ တပည့်တော်၏။ ကမ္မံ– ပန်းနဲ့ပူဇော်၊ ဉာဏ်

http://www.dhammadownload.com



တော်ချီးမွမ်း၊ ကံအဆန်းကို။ သရိတ္တာန– အေးမြပျော်ပျော်၊ အောက်မေ့တော်မူ၍။ ဂေါတမော သကျပုဂ်ဝေါ– ဂေါတမဟု၊ လောကထင်ရှား၊ သာကီဝင်မင်းသားတို့ ၏ ရှေ့ဆောင်မြတ်စွာဘုရားသည်။ ဘိက္ခုသံဃေ– ဘိက္ခုသံဃမဗျှော ရဟန်း သံဃာ၊ တေရ်မဟာတို့၏အလယ်၌။ နိသိဒိတွာ– ကြည်သာပျော်ပျော်၊ နေတော် မူပြီး။ မံ– သာရိတွင်ခေါ်၊ တပည့်တော်ကို။ အဂ္ဂဋ္ဌာနေ– ပညာဘုရင်၊ ပညာရှင်ခေါ်၊ အဂ္ဂသာဝကရာထူးတော်၌။ ဌပေသိ– ကုသိုလ်ကောင်းပြု၊ ဆု တောင်းမှုကြောင့်၊ ယခုပြည့်လာ၊ ထားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

မှတ်ချက်။ ။*ပန်းပူဇော်ပွဲတိုင်း၊ ဉာဏ်ပူဇော်ပွဲတိုင်း (အမိက) ဟောပါ။

*ရတနာသုံးပါး ပူဇော်ပွဲတိုင်း၊ ပိဋကတ်သုံးပုံ ပူဇော်ပွဲတိုင်း၊ တာအောင်သံဃာ၊ ဘွဲ့တံဆိပ်ဂုဏ်ပြုပူဇော်ပွဲကိုင်း၊ အနေကဇာ တင်+ အိမ်သစ်၊ တိုက်သစ်၊ ကျောင်းသစ် ဖွင့်လှစ်ပူဇော်ပွဲ တိုင်း။ (ပွဲပေါင်းစုံ ဟောနိုင်ပါသည်။)

ပညာဘုရင် ပညာရှင် တရားတော်ပြီးပြီ။

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ်+ ထေရာပဒါနပါဠိတော်+ သုဘူတိဝဂ်+ သုဘူတိတ္ထေရ အပဒါန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "အမြတ်ဆုံးဘာဝနာ + ပွားများပါ" တရားတော်

ဦးဇင်းတို့ ဘုရားရှင်ကိုယ်တော်မြတ်လက်ထက်တော်က ဧတဒဂ်နှစ်မျိုး ရရှိတော်မူတဲ့ အရှင်သုဘူတိ ဆိုတဲ့ မထေရ်မြတ်တစ်ပါးရှိတယ်။

အရှင်သုဘူတိ မထေရ်မြတ် ရရှိတဲ့ ဧတဒဂ်နှစ်မျိုးက

၁။ အရဏဝိဟာရီဧတဒဂ်– ကိလေသာကင်းကွာ ချမ်းသာစွာနေလေ့ရှိတဲ့ အရာဝယ် အမြတ်ဆုံး၊ အသာဆုံး။

၂။ ဒက္ခိဏေယျဧတဒဂ်– မြတ်သောအလှူကို ခံထိုက်တဲ့အရာဝယ်၊ အမြတ်ဆုံး၊ အသာဆုံးဖြစ်ပါတယ်။

နံပါတ် (၁) ဧတဒဂ်ကိုဘာ့ကြောင့်ရသလဲဆိုရင် တရားဟောတော်မူတဲ့အခါ မြတ်စွာဘုရားဟောကြားတဲ့နည်းအတိုင်း တရားသက်သက်ကိုသာ ဟောတော်မူတဲ့အတွက် ရရှိခြင်းဖြစ်ပါတယ်။

ခုခေတ် တရားဟောဓမ္မကထိကတွေ နည်းယူဖို့ အင်မတန်ကောင်းပါတယ်။ အရှင်သုဘူတိမထေရ်မြတ်ကို အားကျဖို့၊ ကြည်ညိုဖို့ တကယ်ကောင်းပါတယ်။ ဦးဇင်းတို့ သာသနာမှာ အရှင်သုဘူတိမထေရ်လို ကိုယ်တော်မြတ်တွေ များများရှိဖို့ ကောင်းပါတယ်။

နံပါတ် (၂) ဧတဒဂ်ကို ဘာ့ကြောင့်ရသလဲဆိုရင် ဆွမ်းခံကြွတော်မူတဲ့ အခါမှာ အိမ်တိုင်းအိမ်ကိုင်း၌ အလှူဒါယကာ၊ အလှူဒါယိကာမတွေ အကျိုး ပိုပြီးတော့ ကြီးမားအောင် မေတ္တာဈာန်ကိုဝင်စားပြီးတော့ မေတ္တာဈာန်မှ ထ၍ ဆွမ်းကို အလှူခံတော်မူတဲ့အတွက် ရရှိခြင်းဖြစ်ပါတယ်။

ခုခေတ် ဆွမ်းခံကြွတဲ့ သံဃာတော်တွေ နည်းယူကျင့်သုံးဖို့ ကြည်ညိုဖို့ တကယ်ကောင်းတယ်။

ဒီအရှင်ကို အားကျဖို့ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)

အဲဒီအရှင်သုဘူတိလို ဖြစ်ချင်ရင် အရှင်ကျင့်တဲ့နည်းအတိုင်း နည်းယူပြီး လိုက်နာကျင့်သုံးရမယ်နော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

၁။ အရဏမည်၊ ဝိဟာရီ၊ ရပြီဘာ့ကြောင့်လဲ။

တရားသက်သက်၊ ဟောသည့်တွက်၊ ရချက်အကြောင်းပဲ၊

၂။ ဒက္ခိဏေယျာ၊ ဘွဲ့မဟာ၊ ရတာဘာ့ကြောင့်လဲ။

မေတ္တာစျာန်ဝင်၊ ထမြီးလျှင်၊ ဆွမ်းပင်ခံလို့ပဲ။

အရှင့်လိုပင်၊ ဖြစ်လိုလျှင်၊ အစဉ်လိုက်နာမြဲ။

အဲဒီ အရှင်သုဘူတိမထေရ် နန္ဒရသေ့ဖြစ်စဉ်ဘဝက သူ့ရဲ့နေရာကို ပဒုမုတ္တရာ ဘုရားရှင်ကိုယ်တော်မြတ် ကြွလာတော်မူတဲ့အခါမှာ အထူးထူးသော ပန်းတွေ၊ နံ့သာတွေကို စုပြီးတော့ ကောင်းစွာဆန်းကြယ် နှလုံးမွေ့လျော်ဖွယ် ကောင်းတဲ့ ပန်းနေရာခင်းပြီး လှူဒါန်းပါတယ်။

ဘာလှူသတဲ့လဲ။ (ပန်းနေရာခင်းပြီးတော့ လှူပါတယ်ဘုရား)

အဲဒီပန်းနေရာကြီးမှာ ပဒုမုတ္တရာမြတ်စွာဘုရား ခုနစ်ရက် နေ့ညဉ့်ပတ်လုံး ထိုင်နေတော်မူပါတယ်။

နန္ဒရသေ့ကလည်း ခုနစ်ရက် နေ့ညဉ့်ပတ်လုံး ရှိခိုးပြီးတော့နေပါတယ်။ ပဒုမုတ္တရာဘုရားရှင် ကိုယ်တော်မြတ် နိရောဓသမာပတ်မှ ထတော်မူပြီး နန္ဒရသေ့ရဲ့ကောင်းမှုကံကို မြွက်ကြားတော်မူကာ အောက်ပါဂါထာပါဠိကားတော်ကို မိန့်ကြား ဟောပြတော်မူပါတယ်။

၁။ ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာနံ မနုတ္တရံ။

ဣမံသတိံ ဘာဝယိတွာ၊ ပူရယိဿသိ မာနသံ။

(နန္ဒ- အဆန်းပထမ၊ ပန်းအလှတွေ၊ နံ့သာတွေနဲ့၊ ကောင်းစွာချဲ့ကာ၊ ပန်းနေရာကို သေချာမြင့်မြတ်၊ လှူဒါန်းတတ်သည့်၊ အို နန္ဒရသေ့မြတ်။) ဘာဝနာနံ- တစ်ကြိမ်ဖြစ်ပြီး၊ နောက်လည်းဖြစ်ရိုး၊ အကျိုးတရား၊ ထပ်တိုးများပေ၊ ဖြစ်ပွားစေအပ်၊ တရားမြတ်ကောင်း၊ ဘာဝနာအပေါင်းတို့တွင်။ အနုတ္တရံ- အဟုတ်အမှန်၊ ထုတ်ပြန်သိဦး၊ အမြတ်ဆုံးစစ်၊ ဖြစ်ကြီးဖြစ်သော။ ဗုဒ္ဓါနုဿတိံ- ဘုရားပုံပေါ်၊ ဂုဏ်ကိုဖော်၍၊ ပျော်ပျော်နေ့ည၊ မေ့မရအောင်၊ သတိဆောင်ထား၊ ပွားများခါခါ၊ ဗုဒ္ဓါနုဿတိဘာဝနာကို။ ဘာဝေဟိ- အသည်းကြားဆီ၊ ဘုရားတည်အောင်၊ အမြဲဆောင်ကာ၊ ပွားများပါလော့။ ဣမံသတိံ- ဘုရားပုံပေါ်၊ ဂုဏ်ထူးဖော်၍၊ ပူဇော်နေ့ည၊ မေ့မရအောင်၊ သတိဆောင်ထား၊ ပွားများခါခါ၊ ဤဗုဒ္ဓါနုဿတိဘာဝနာကို။ ဘာဝယိတွာ- သင်နန္ဒကား၊ အမြဲပွားသော်။ မာန

http://www.dhammadownload.com



သံ– သင့်ရဲ့လိုလား၊ တောင့်တထားသည့်၊ ထူးခြားပိုမို၊ စိတ်၏လိုရာ၊ အဖြာဖြာ ကောင်းကျိုး၊ အမျိုးမျိုးသည်။ ပူရယိဿသိ– နေ့တိုင်း ညတိုင်း၊ ခါမဆိုင်းကုန်၊ ပြီးပြည့်စုံလတ္တံ့။

(အို နန္ဒရသေ့) ဘာဝနာတွေထဲမှာ အကောင်းဆုံးဘာဝနာက ဘုရားဂုဏ်တော်တွေကို ပွားများတဲ့ ဗုဒ္ဓါနုဿတိဘာဝနာဖြစ်တယ်။ အဲဒီဗုဒ္ဓါနုဿတိဘာဝနာကို အမြဲတစေ ပွားများနေပါ။ အဲဒီလို ဗုဒ္ဓါနုဿတိဘာဝနာကို အမြဲပွားများနေရင် သင်လိုလားတောင့်တထားတဲ့ အရဏဝိဟာရီ၊ ဒက္ခိဏေယျတေဒဂ်နှစ်ခုကို မုချပိုင်ပိုင် ရနိုင်ပါတယ်။

ပဒုမုတ္တရာဘုရားရှင်ကိုယ်တော်မြတ် နိရောဓသမာပတ်မှ ထတော်မူတဲ့အခါက အရဏဝိဟာရီ၊ ဒက္ခိဏေယျတေဒဂ် နှစ်ခုရတဲ့ သာဝကတစ်ပါးကို ရသေ့အပေါင်းအား ပန်း အနုမောဒနာတရား ဟောခိုင်းပါတယ်။ အဲဒီ ပန်းအနုမောဒနာတရား ဟောကြားတော်မူတဲ့မထေရ်ကို အားကျပြီးတော့ နန္ဒရသေ့ဟာ အဲဒီကိုယ်တော်လိုဖြစ်ဖို့ လိုလိုလားလား အားပါးတရ ဆုတောင်းခဲ့ပါတယ်။

ပဒုမုတ္တရာဘုရားရှင်က "ဗုဒ္ဓါနုဿတိပွားများတဲ့အတွက် ပြည့်ဝပါလိမ့်မယ်" လို့ ဟောကြားတော်မူတာ ဖြစ်ပါတယ်။

ဒီတော့ တရားနာပရိသတ် ကိုယ်လိုချင်တာတွေရအောင်၊ ပြည့်ဝအောင်၊ ပြည့်စုံအောင် ဗုဒ္ဓါနုဿတိဆိုတဲ့ အမြတ်ဆုံးဘာဝနာကို ပွားများနေရမယ်နော်။ (မှန်လှပါဘုရား)

ဒီနေ့ ဒကာ ဒကာမတွေ မိမိစိတ်ရဲ့ ကောင်းတဲ့လိုအင်ဆန္ဒမှန်သမျှတွေ ပြည့်ဝအောင် ဘာလုပ်ရမတဲ့လဲ။ (ဗုဒ္ဓါနုဿတိပွားများရမှာပါဘုရား)

ဘာဝနာတွေထဲမှာ ဘယ်ဘာဝနာ အမြတ်ဆုံးတဲ့လဲ။ (ဗုဒ္ဓါနုဿတိဘာဝနာ အမြတ်ဆုံးပါဘုရား)

အမြတ်ဆုံး ဘာဝနာကို ပွားများမှ အမြတ်ဆုံးကောင်းကျိုးတွေ ရနိုင်မယ်မဟုတ်လား။ (မှန်လှပါဘုရား)

ဒီနေ့ ဘုရားအနေကဇာတင်ပွဲမှာ ဘုရားစေတီ၊ ရုပ်ပွားတော်၊ ဆင်းတုတော်၊ စွယ်တော်၊ ဆံတော်၊ ဓာတ်တော်တွေကို ဆွမ်း၊ ရေချမ်း၊ ပန်း၊ သစ်သီး၊ ဆီမီး၊ ထီး၊ တံခွန်၊ ကုက္ကား၊ ပေါက်ပေါက်စသည်တွေနဲ့ လှူဒါန်းဆက်ကပ်ပူဇော်နေကြတာဟာ ဗုဒ္ဓါနုဿတိ (အမြတ်ဆုံးဘာဝနာ)တွေ ပွားများနေကြတာဖြစ်ပါတယ်။

http://www.dhammadownload.com



အဲဒီ အမြတ်ဆုံးဘာဂနာ ပွားများတဲ့အတွက် နန္ဒရသေ့၊ သင်လိုလား တောင့်တတဲ့ အရာအားလုံး ပြည့်စုံပါလိမ့်မယ်လို့ ဟောကြားတော်မူသလို ဒီနေ့ ဒကာ ဒကာမတွေလည်း စိတ်ရဲ့ကောင်းမြတ်တဲ့ လိုရာဆန္ဒ အဝဝတွေ ပြည့်ဝမှာ သေချာပါတယ်လို့ ဟောပြောခဲ့ပါတယ်။

အမြတ်ဆုံးဘာဝနာ ပွားများရကျိုးတွေ ဆက်ပြီးတော့ နာယူကြရအောင်

၂။ သာသိတော လောကနာထေန၊ နမဿိတွာ တထာဂတံ။
သဒ္ဓါဘာဝေမိ မုဒိတော၊ ဗုဒ္ဓါနုဿတိ မုတ္တမံ။

လောကနာထေန- ပဒုမုတ္တရာ၊ အမည်သာငြား၊ မြတ်စွာဘုရားသည်။ သာသိတော- ကရုဏာ၊ မေတ္တာ၊ ရှုကာမပြတ်၊ ဆုံးမအပ်သည်ရှိသော်။ အဟံ- နန္ဒဟုခေါ်၊ ငါရသေ့ကျော်သည်။ တထာဂတံ- ပဒုမုတ္တရာ၊ အမည်သာ ငြား၊ မြတ်စွာဘုရားကို။ နမဿိတွာ- နမာမိ= အမြဲခါခါ၊ ရှိခိုးပါ၏။ နမာဿိတွာ- မှန်စွာမငြီး၊ ရှိခိုးပြီး၍။ မုဒိတော- အမြဲသာကြည်၊ ဝမ်းမြောက် သည်ဖြစ်၍။ ဉတ္တမံ- အမှန်စင်စစ်၊ အမြတ်ဆုံးဖြစ်သော။ ဗုဒ္ဓါနုဿတိံ- ဘုရားဂုဏ်ပွား၊ သတိထားသည့်၊ ဗုဒ္ဓါနုဿတိဘာဝနာကို။ သဒ္ဓါဘာဝေမိ- နေ့ညအမြဲ၊ မမေ့ဘဲသာ၊ ပွားများပါ၏။

အဲဒီလို ပဒုမုတ္တရာမြတ်စွာဘုရားက လိုလားတောင့်တ၊ ကောင်းသမျှတွေ ပြည့်စုံချင်ရင် ဗုဒ္ဓါနုဿတိဘာဂနာကို ပွားများပါလို့ ဟောကြားတော်မူတော့ နန္ဒရသေ့ဟာ ဗုဒ္ဓါနုဿတိဘာဝနာကို အမြဲတစေ ပွားများနေပါတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ
* ပဒုမုတ္တရာ၊ စောမြတ်စွာ၊ ဟောကာဆုံးမလျှင်။
* အမြတ်ဆုံးသာ၊ ဘာဝနာ၊ ပွားတာအမြဲပင်။

၃။ တေန ကမ္မေန သုကတေန၊ စေတနာပဏိဓီဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊ တာဝတိံသံအဂစ္ဆဟံ။

သုကတေန- ကောင်းစွာအဟုတ်၊ ပြုလုပ်ဆည်းပူး၊ အားထုတ်ခဲ့ဖူးသော။ တေနကမ္မေနစ- အကြောင်းအစု၊ ထိုကောင်းမှုကြောင့်လည်းကောင်း။ စေတနာ ပဏိဓီဟိစ- ကုသိုလ်စေတနာ၊ ဝေဆာဖြောင့်စင်း၊ ဆုတောင်းခြင်းတို့ကြောင့် လည်းကောင်း၊ မာနုသံဒေဟံ- ဇကာန်စင်စစ်၊ လူ့ဖြစ်သောကိုယ်ကို။ ဇဟိတွာ- မတွယ်မတာ၊ ပယ်စွန့်ခွာ၍။ အဟံ- ဘာဝနာမွေ့၊ ငါရသေ့သည်။ ကာဝတိံသံ- တာဝတိံမည်၊ ထက်နတ်ပြည်သို့။ အဂစ္ဆံ- မုချပုံသေ၊ ရောက်ရပေပြီ။

http://www.dhammadownload.com



ပန်းနေရာကြီး (ပန်းကျောင်းတော်ကြီး) လှူဒါန်းခဲ့တဲ့ ကောင်းမှုကုသိုလ် စေတနာနဲ့ ဆုကောင်းမှုတို့ကြောင့် လူ့ဘဝ၊ လူ့ခန္ဓာကိုယ် စွန့်ခွာရတဲ့အခါမှာ တာဝတိံသာနတ်ပြည်ကို ရောက်သွားရပါတယ်။

ဒီဂါထာက ဘာပြောသလဲဆိုရင် လိုရင်းအချုပ်ကတော့ ကုသိုလ်ပြုရမယ်၊ ကုသိုလ်ပြုပြီးရင် ကိုယ်လိုလားတဲ့ဆု ဆုတောင်းရမယ်။ ဒီလိုမှတ်ရမယ်နော်။ (မှန်လှပါဘုရား)။

ကုသိုလ်ပြုတယ်၊ ဆုမတောင်းဘူးဆိုရင် မဟုတ်သေးဘူးနော်။ (မှန်လှပါ ဘုရား)

ဆုတော့တောင်းတယ်၊ ကုသိုလ်မပြုဘူးဆိုရင်လည်း သဘာဝကျပါ့ မလား။ (မကျပါဘူးဘုရား)

ရကောရပါ့မလား။ (မရပါဘူးဘုရား)

ကုသိုလ်လည်းပြုတယ်၊ ဆုလည်းတောင်းတယ်ဆိုရင် ကိုယ်လိုတဲ့ဆုတွေ အကုန်လုံးပြည့်ပေပါတယ်။

ဘုရားလက်ထက်က တေဒဂ်ရတဲ့ပုဂ္ဂိုလ်တွေအားလုံး ကုသိုလ်ပြု၊ ဆု တောင်းခဲ့တဲ့အတွက် သူတို့လိုတဲ့ တေဒဂ်ရတော်မူကြတာဟာ အနီးကပ်ဆုံး သာဓကပါပဲ။

ဒီနေ့ ဟောနေတဲ့ တေဒဂ်နှစ်ခု ရတော်မူတဲ့အရှင်မြတ်သုဘူတိလည်း ကုသိုလ်ပြု ဆုတောင်းခဲ့ကဲ့အတွက် သူလိုတဲ့ တေဒဂ်ရတော်မူတာ မဟုတ်လား။ (မှန်လှပါဘုရား)

နောက်ပြီးတော့ တေဒဂ်ရသူ အရှင်မြတ်တွေ လူတွေ၊ နတ်တွေ တစ်ဦးနဲ့ တစ်ဦး ရုပ်ချောတာ၊ မချောတာ၊ ပညာတတ်တာ၊ မတတ်တာ၊ အသံကောင်း တာ၊ မကောင်းတာစသည် ကွာခြားမနေဘူးလား။ (ကွာခြားနေပါတယ် ဘုရား)

ဘာ့ကြောင့် ကွာခြားနေပါလိမ့်။ (ဟောတော်မူပါဘုရား)

သေသေချာချာ မှတ်ထားကြနော်။ ကုသိုလ်ကောင်းမှုအပြုကွာတာရယ်၊ ဆုတောင်းမှုကွာခြားတာရယ် အဲဒီအကြောင်းနှစ်မျိုးကြောင့် မတူကွဲပြား ခြားနား နေကြတာနော်။ (မှန်လှပါဘုရား)

ဒါ့ကြောင့် "ကုသိုလ်ကောင်းမှု၊ အပြုကကွာ၊ ဆုတောင်းတာတွေ၊ ကွာခဲ့ ပေ၍၊ လူတွေ+ နတ်တွေ၊ ကွာခြားနေသည်၊ မှတ်လေနေ့ညအမြဲတည်း" လို့ ကဗျာရေးထားပါတယ်။

http://www.dhammadownload.com



ဆုတောင်းနဲ့ပတ်သက်ပြီး ဘာ့ကြောင့်များများပြောဟောနေရသလဲ ဆိုတော့ ကုသိုလ်ပြုပြီး ဆုတောင်းစရာမလိုပါဘူးကွာဆိုတဲ့ သူတွေကို လိုတဲ့ အကြောင်း သိစေချင်လို့ပါပဲ။

ကဲ- ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ
*ကုသိုလ်လည်းပြု+ တောင်းဆုလိုရာ၊
လူ့ဘဝကြီး+ အပြီးစွန့်ခွာ၊
ဘာဝနာမွေ့+ ရသေ့ဌါ၊
တကယ်ရောက်+ အံ့လောက်ဝတီသာ။

၄။ အသီတိကွတ္တုံ ဒေဝိန္ဒော၊ ဒေဝရဇ္ဇ မကာရယိံ။
သဟဿက္ခတ္တုံ ရာဇာစ၊ စက္ကဝတ္တိ အဟောသဟံ။

အဟံ- ဘာဝနာမွေ့၊ ငါရသေ့သည်။ ဒေဝိန္ဒော- တန်ခိုးကြွကြွ၊ နတ်တို့ ကို အစိုးရသည်ဖြစ်၍။ ဒေဝရဇ္ဇံ- မမှားစင်စစ်၊ သိကြားမင်းအဖြစ်ကို။ အသီတိ ကွတ္တုံ- ဧကန်စင်စစ်၊ အကြိမ်ရှစ်ဆယ်။ အကာရယိံ- မလွဲနေ့ည၊ ပြုခဲ့ရပြီ။ စက္ကဝတ္တိ- စကြာရတနာ၊ ခါခါမပြတ်၊ လည်စေတတ်သော။ ရာဇာစ- စကြာ ဝတေးခေါ်၊ မင်းအကျော်သည်လည်း။ သဟဿက္ခတ္တုံ- မှန်စွာအကောင်း၊ အကြိမ်ပေါင်းတစ်ထောင်။ အဟောသိံ- အေးအေးမြမြ၊ ဖြစ်ခဲ့ရပါပေပြီ။

ဗုဒ္ဓါနုဿတိဆိုတဲ့ အမြတ်ဆုံးဘာဝနာ ပွားများခဲ့တဲ့ ကုသိုလ်ကံစေတနာ ကြောင့် သိကြားမင်းအဖြစ်က အကြိမ်ပေါင်းရှစ်ဆယ်၊ စကြဝတေးမင်းအဖြစ်က အကြိမ်ပေါင်း တစ်ထောင်ဖြစ်ရပါတယ်။

ဒီတော့ မင်းဖြစ်ချင်ရင် (ရာထူးတွေ ကြီးများချင်ရင်) ဗုဒ္ဓါနုဿတိ အမြတ်ဆုံးဘာဝနာ ပွားများရမယ်နော်။ (မှန်လှပါဘုရား)

ကဲ- ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ
*သိကြားဖြစ်ရ+ ကြိမ်ကရှစ်ဆယ်၊
စကြဝတေး+ ဖြစ်ရေးထောင်ကွယ်၊
ဘုရားဂုဏ်ပွား+ ကျိုးများကြီးကျယ်၊
တန်ခိုးလှ+ စိုးရမင်းဖြစ်တယ်။

၅။ ပဒေသရဇ္ဇံ ဝိပုလံ၊ ဂဏနာတော အသင်္ခိယံ။
အနုဘောမိ သုသမ္ပတ္တိံ၊ ဗုဒ္ဓါနုဿတိယာ ဖလံ။

http://www.dhammadownload.com



ဝိပုလံ– အံ့ဩစဖွယ်၊ ပြန့်ပြောကြီးကျယ်သော။ ဂဏနာတော– သင်္ချာမှန်းငြား၊ ဂဏန်းအားဖြင့်။ အသင်္ခိယံ– သေချာဆက်ဆက်၊ မရေတွက်နိုင်သော။ သုသမ္ဘတ္တံ– အလွန်ကောင်းမြင့်၊ စည်းစိမ်ဆင့်ဝေ၊ ပြည့်စုံနေသော။ ပဒေသရဇ္ဇံ– ပဒေသရာဇ်၊ မင်းအဖြစ်ကို။ အနုဘောမိ– စင်စစ်ဤငါ၊ ခံစားခဲ့ရပါပြီ။ ဣဒံ– ဤသို့စင်စစ်၊ အဖြစ်ကြီးဖြစ်ရခြင်းသည်။ ဗုဒ္ဓါနုဿတိယာ– ဗုဒ္ဓါနုဿတိ၊ မည်ရှိသညာ၊ ဘာဝနာ၏။ ဖလံ– တန်ခိုးများစွာ၊ အကျိုးတရားလှပါပေတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

နယ်မြေဒေသတစ်ခုခုကို ပိုင်ဆိုင်အစိုးရတဲ့ ပဒေသရာဇ်မင်းအဖြစ်ကိုတော့ မရေမတွက်နိုင်အောင် ဖြစ်ခဲ့ရပါတယ်။ အဲဒီလို ဖြစ်ရတာဟာ ဗုဒ္ဓါနုဿတိ ပွားများရခြင်းရဲ့ အကျိုးပါပဲ။

ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ
*ကြီးကျယ်မြင့်မြတ်+ မြင့်မြတ်ကြီးကျယ်၊
ပဒေသရာဇ်+ အဖြစ်ကိုကွယ်၊
သင်္ချာဂဏန်း+ ရေမှန်းမလွယ်၊
စည်းစိမ်များ+ ခံစားရပေတယ်။

၆။ ဘဝါ ဘဝေ သံသရန္တော၊ မဟာဘောဂံ လဘာမဟံ။
ဘောဂေ မေ ဦနတာ နတ္ထိ၊ ဗုဒ္ဓါနုဿတိယာ ဖလံ။

အဟံ– ဘာဝနာမျှ၊ ငါရသေ့သည်။ ဘဝါဘဝေ– ဘဝကြီး+ ငယ် အသွယ်သွယ်၌။ သံသရန္တော– အမှန်အတည်၊ ကျင်လည်ရသည်ရှိသော်။ မဟာဘောဂံ– များမြတ်အပြီး၊ စည်းစိမ်ချမ်းသာကြီးကို။ လဘာမိ– အမြဲခါခါ၊ ရခဲ့ပါ၏။ မေ– ဘာဝနာမျှ၊ ငါရသေ့အား။ ဘောဂေ– စည်းစိမ်ဥစ္စာ၊ အဖြာဖြာ၌။ ဦနတာ– ဘယ်ခါကြည့်ကြည့်၊ ယုတ်လျော့သည်၏အဖြစ်သည်။ နတ္ထိ– မရှိ။ ဣဒံ– ဤသို့စင်စစ်၊ အဖြစ်ကြီးဖြစ်ရခြင်းသည်။ ဗုဒ္ဓါနုဿတိယာ– ဗုဒ္ဓါနုဿတိ၊ အရှိအသာ၊ ဘာဝနာ၏။ ဖလံ– အမှန်တိုးရ၊ အကျိုးကောင်း၊ အကျိုးလှပါပေတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဗုဒ္ဓါနုဿတိဆိုတဲ့ အမြတ်ဆုံးဘာဝနာ ပွားများတဲ့အတွက် ဘဝကြီး ဘဝငယ် အသွယ်သွယ်ဘဝ ကျင်လည်ရတဲ့အခါမှာ စီးပွားဥစ္စာ များများစားစား

http://www.dhammadownload.com



ကြီးပွားချမ်းသာရရှိနိုင်တယ်။ စီးပွားတွေ ပျက်စီးသွားတယ်။ ဆုတ်ယုတ်သွားတယ်ဆိုတာ ဘယ်တော့မှ မရှိဘူးတဲ့။

ဒါ့ကြောင့် ကြီးပွားချမ်းသာချင်တဲ့သူတွေ၊ စီးပွားတက်ချင်၊ ရာထူး၊ ဂုဏ်ထူးတိုးတက်ချင်၊ ရရှိချင်တဲ့သူတွေ၊ စီးပွားဆုတ်ယုတ်မှာ၊ ဆေးတွေမှာ ကြောက်တဲ့သူတွေဟာ ဗုဒ္ဓါနုဿတိဆိုတဲ့ အမြတ်ဆုံးဘာဝနာကို အမြဲတစေ ပွားများပြီးတော့ နေသင့်ပါတယ်။

ကဲ- ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ
* ဘာဝနာမွေ+ ရသော့ဤငါ
ကျင်လည်နေရ+ ဘဝတွေမှာ၊
ဥစ္စာမြင့်မြတ်+ မပြတ်ရ လာ၊
ဥစ္စာများ+ လျော့သွားမရှိပါ။

၇။ သတသဟဿိတော ကပ္ပေ၊ ယံကမ္မ မကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓါနုဿတိယာ ဖလံ။

တ္တတော- မှတ်ကြခါခါ၊ ဤဘဒ္ဒကမ္ဘာမှ။ သတသဟဿကပ္ပေ-သတသဟဿေကပ္ပေ= သချင်္ချာတွက်ကိန်း၊ ကမ္ဘာတစ်သိန်းထက်၌။ တဒါ-ထိုပဒုမုတ္တရာ မြတ်စွာဘုရားလက်ထက်တော်၌။ ယံကမ္မံ- အကြင်ဗုဒ္ဓါနုဿတိဘာဝနာ ပွားများခြင်းအမှုကို။ အကရိံ- စေတနာနှဲ့ ဝေဆာရဲ့ကာ၊ ပြုကျင့်ခဲ့ဖူးပါပြီ။ တေန ကမ္မေန- အကြြ ်းလုပ်နှံ၊ ထိုကောင်းမှုကံကြောင့်။ ဒုဂ္ဂတိံ-အပါယ်လေးလီ၊ လားရောက်ရသည်ကို။ နာဘိဇာနာမိ- ဤငါအထူး၊ မသိဖူးပါ။ ဣဒံ- ဤသို့စင်စစ်၊ အဖြစ်ကြီးဖြစ်ရခြင်းသည်။ ဗုဒ္ဓါနုဿတိယာ-ဗုဒ္ဓါနုဿတိ၊ အရှိအသာ၊ ဘာဝနာ၏။ ဖလံ- အမှန်ကောင်းသွား၊ အကျိုးတရားပါပေတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ပဒုမုတ္တရာ မြတ်စွာဘုရားလက်ထက်တော်က ဗုဒ္ဓါနုဿတိ ပွားခဲ့တဲ့ ကုသိုလ် စေတနာကြောင့် အပါယ်လေးပါးကို ကြားရုံမျှပင် မကြားဘူး၊ သိပင် မသိဘူးပါ တဲ့။

ဗုဒ္ဓါနုဿတိဘာဝနာပွားများခြင်းဟာ အပါယ်လေးပါးတွေကလည်း ကင်းဝေးစေတယ်လို့ မှတ်ကြရမယ်နော်။ (မှန်လှပါဘုရား)

ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ

*ပဒုမုတ္တရ+ ဗုဒ္ဓရှင်ပင်၊
လက်ထက်တုန်းက+ ရွှင်ပြုံးကြည်လင်၊
ဗုဒ္ဓဂုဏ်ထူး+ ပွားဘူးစွမ်းအင်၊
အပါယ်ဘေး+ ကင်းဝေးငါအရှင်။

၈။ ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိစ အဋ္ဌိမေ။
ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။

စတဿော– လေးပါးကုန်သော။ ပဋိသမ္ဘိဒါစ– အရှိမှန်စွာ၊ ပဋိသမ္ဘိဒါတို့ ကိုလည်းကောင်း။ အဋ္ဌ– ရှစ်ပါးကုန်သော။ ဣမေဝိမောက္ခာပိစ– ဤဝိမောက္ခ တို့ကိုလည်းကောင်း။ ဆဠာဘိညာစ– ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း ကောင်း။ သစ္ဆိကတာ– သေချာယခု၊ မျက်မှောက်ပြုအပ်ပါကုန်ပြီ။ ဗုဒ္ဓဿ– သစ္စာသိထား၊ မြတ်ဘုရား၏။ သာသနံ– အသုံးချပျော်ပျော်၊ အဆုံးမတော် ကြီးကို။ ကတံ– အတုမပါ၊ ယခုခါ၌၊ ပြုကာ ကျင့်ကာ၊ ပြုကျင့်၍ပြီးပါပေပြီ။

ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးတို့ကို မျက် မှောက်ပြုအပ်ပါပေကုန်ပြီ။ မြတ်စွာဘုရားရဲ့ အဆုံးအမကို လိုက်နာကျင့်သုံး ပြီးပါပြီ။ ဒါက စာလာတဲ့အတိုင်း ဘာသာပြန်တာ။

ရှင်းသွားအောင် ဘာသာပြန်လိုက်မယ်ဆိုရင်

ဗုဒ္ဓါနုဿတိဘာဝနာ ပွားများခဲ့တဲ့ ကုသိုလ်ကံကြောင့် အဆုံးဘဝမှာ ရဟန္တာဖြစ်ပြီး ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးတို့နဲ့ ပြည့်စုံသွားရတယ်လို့ ပြန်ဆိုရပါတယ်။

ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ

*ရဟန္တာဖြစ်+ မှတ်လစ်ခါခါ၊
ပဋိသံလေး+ ပိရေးရှစ်ဖြာ၊
အဘိညာဉ်ခြောက်+ အံ့ဖောက်ပြည့်သာ၊
မြတ်ဘုရား+ ဂုဏ်ပွားရကျိုးပါ။

ကဲ ဒီနေ့ဟောတဲ့တရားတော်ကို အနှစ်ချုပ်ပြီးတော့ ကြည့်ကြရအောင်။ အနှစ်ချုပ်ပြီးတော့ ကြည့်လိုက်တဲ့အခါမှာ ဗုဒ္ဓါနုဿတိဆိုတဲ့ အမြတ်ဆုံးဘာဝနာ ကြီးကို ပွားများခဲ့တဲ့ ကုသိုလ်ကံစေတနာနဲ့ ဆုတောင်းမှုတို့ကြောင့်

၁။ သိကြားမင်းအဖြစ် ဘဝပေါင်း ရှစ်ဆယ်။

http://www.dhammadownload.com



၂။ စကြဝမင်းအဖြစ် ဘဝပေါင်းအကြိမ်တစ်ထောင်။
၃။ ပဒေသရာဇ်မင်းအဖြစ်ကား အလွန်များ၍ မရေမတွက်နိုင်။
၄။ မင်းအဖြစ်ကိုမရသော သာမညလူ၊ သာမညနတ်တို့၏ဘဝ၌ များမြတ်သော စီးပွားဥစ္စာတို့ကို ရရှိခြင်း။
၅။ ရပြီးသောဥစ္စာတို့သည် ယုတ်လျော့မှုမရှိခြင်း။
၆။ ကမ္ဘာတစ်သိန်းကာလပတ်လုံး လူ့ဘဝ၊ နတ်ဘဝ၌သာဖြစ်၍ အပါယ်လေးပါးသို့ မကျမရောက်ရခြင်း။
၇။ အဆုံးဘဝ၌ ရဟန္တာဖြစ်ရ၍ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးတို့ကို ပြည့်စုံစွာရရှိခြင်းဆိုတဲ့ အမြတ်ဆုံးကောင်းကျိုးတရားများ တိုးပွားနိုင်ပေသည်။

အမြတ်ဆုံး ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများခဲ့တဲ့အတွက် အမြတ်ဆုံးကောင်းကျိုးတွေ တေဒဂ်တွေ ရမသွားဘူးလား။ (ရသွားပါတယ်ဘုရား)

အရှင်သုဘူတိ မထေရ်မြတ်ကြီး အမြတ်ဆုံးကောင်းကျိုး၊ အမြတ်ဆုံး တေဒဂ်ဘွဲ့ထူး၊ ဂုဏ်ထူးကြီး ရသွားသလို ဒီနေ့ တရားနာနေကြတဲ့ ဒကာဒကာမတွေကော အမြတ်ဆုံးကောင်းကျိုးတွေ မလိုချင်ကြဘူးလား။ (လိုချင်ပါတယ်ဘုရား)

လိုချင်ရင် ဘာပွားများရမတဲ့လဲ။ (အမြတ်ဆုံးဗုဒ္ဓါနုဿတိ ဘာဝနာပွားရမှာပါ ဘုရား)

ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ။
(အမြတ်ဆုံးဘာဝနာ+ ပွားများပါ) တရားတော်ပါဘုရား။

ကဲ- ရှစ်လုံးဖွဲ့ကဗျာလေးတွေ လိုက်ဆိုကြ
* သမထဟု+ ခေါ်ပြုသညာ၊
ဘာဝနာများ+ ရှိထားလေရာ၊
အမြတ်ဆုံးဟု+ ခေါ်ပြုသညာ၊
မြတ်ဘုရား+ ဂုဏ်ပွားနေခြင်းပါ။
* မြတ်စွာဘုရား+ ဂုဏ်ပွားနေရင်၊
လိုရာဆန္ဒ+ စံပြအစဉ်၊
အမြဲနေ့ည+ ပြည့်ဝသည့်[illegible]င်၊
သုဘူတိ+ ရှုကြည့်စမ်း[illegible]ချင်။

http://www.dhammadownload.com



*သူလိုချင်တဲ့၊ သူ့ရဲ့သေချာ၊
အရဏဝိ၊ ဒက္ခိဏေယျာ၊
စေတဒဂ်ထူး၊ ကြည်နူးစရာ၊
အမြတ်ဆုံး၊ ရှင်ပြုးဘွဲ့ရတာ။

ယနေ့ ဦးဇင်းရဲ့တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ အမြတ်ဆုံး ဘာဝနာကြီးကို နေ့နေ့ညည မမေ့ကြဘဲ ပွားများနိုင်ကြပါစေ။ လောကီ လောကုတ္တရာ အမြတ်ဆုံးကောင်းကျိုး အမျိုးမျိုးတွေ ရရှိနိုင်ကြပါစေဆိုတဲ့ အနေအားဖြင့် ဦးဇင်းသည် "အမြတ်ဆုံးဘာဝနာ+ ပွားများပါ" ဆိုတဲ့တရားတော်ကို ဟောဖော်ခဲ့ပါတယ်။

အရှင်သုဘူတိမထေရ်မြတ်ကို ကြည်ညိုလေးစား အရေးထားသောအားဖြင့် အရှင်သုဘူတိရဲ့ စေတဒဂ်ဂုဏ်ထူးပါဠိ အနက်ကို ရွတ်ဆိုကြည်ညိုလက်အုပ်ချီလိုက်ကြ

၁။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အရဏဝိဟာရီနံ ယဒိဒံ သုဘူတိ။

ဘိက္ခဝေ– ရဟန်းတော်များ၊ အိုချစ်သားတို့။ အရဏဝိဟာရီနံ– ကိလေသာ ကင်းကွာ။ ချမ်းသာစွာနေလေ့ရှိကြကုန်သော။ မမ– သစ္စာသိထား၊ ငါဘုရား၏။ သာဝကာနံ ဘိက္ခူနံ– တပည့်ဖြစ်ကြ၊ သာဝကခေါ်၊ ရဟန်းတော်တို့တွင်။ ယဒိဒံ– ယောအယံသုဘူတိ= အကြင်သုဘူတိသည်။ အတ္ထိ– ရှိ၏။ ဧတံ သော= ထိုသုဘူတိသည်။ အဂ္ဂံ– အဂ္ဂေါ= အသာဆုံးစင်စစ်၊ အမြတ်ဆုံး ဖြစ်တော်မူပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

၂။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဒက္ခိဏေယျာနံ ယဒိဒံ သုဘူတိ။

ဘိက္ခဝေ– ရဟန်းတို့။ ဒက္ခိဏေယျာနံ– မြတ်သောအလှူကို ခံယူတော်မူထိုက်ကြကုန်သော။ မမ– ငါဘုရား၏။ သာဝကာနံ ဘိက္ခူနံ– တပည့်ဖြစ်ကြ၊ သာဝကခေါ်+ ရဟန်းတော်တို့တွင်။ ယဒိဒံ– ယောအယံသုဘူတိ+ အကြင်သုဘူတိသည်။ အတ္ထိ– ရှိ၏။ ဧတံ– သော– ထိုသုဘူတိသည်။ အဂ္ဂံ– အဂ္ဂေါ= အသာဆုံးစင်စစ်၊ အမြတ်ဆုံး ဖြစ်တော်မူပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား

http://www.dhammadownload.com



မှတ်ချက်။ ။ * အာနေကာဇာတင်ပွဲတိုင်း၊ ပန်းလှူပွဲတိုင်း၊ မေတ္တာပွဲတိုင်း၊ ရတနာသုံးပါး ပူဇော်ပွဲတိုင်း၊ မင်္ဂလာပွဲတိုင်း ဟောနိုင်ပါသည်။

*တရားအမည်ပေးသောအခါ "မေတ္တာနဲ့သာ+ ဆွမ်းခံပါ"၊ "မေတ္တာစျာန်ဝင်+ မေတ္တာရှင်"၊ "မေတ္တာဘုရင်+ မေတ္တာရှင်"၊ "အကျိုး ကြီးအောင်+ မေတ္တာဆောင်"၊ "မြတ်သော အလှူ+ ခံထိုက်သူ" စသည် ဖြင့် ကြိုက်သလို ပေးနိုင်ပါသည်။

"အမြတ်ဆုံး ဘာဝနာဏာ ပွားများပါ" တရားတော် ပြီးပြီ။

http://www.dhammadownload.com

## သံယုတ္တနိကာယ+ သာဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ ဒေဝပုတ္တသံယုတ်+ အနာထပိဏ္ဍိကဝဂ်+ သုဗြဟ္မသုတ္တန်ကို တန်ဆာဆင်၍ ဟောကြား ပြော်ကြားအပ်သော "ထိတ်လန့်ကင်းစင် + မင်္ဂဖိုလ်ဝင်" တရားတော်

ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ။

ဧကံ– တစ်ပါးသော။ သမယံ– အခါ၌။ ဘဂဝါ– ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရားသည်။ ရာဇဂဟေ– ရာဇဂြိုဟ်ပြည်၌။ ကလန္ဒကနိဝါပေ– ရှဉ့်နက်တို့အား၊ အစာပေးရာဖြစ်သော။ ဝေဠုဝနေ– ဝေဠုဝန်ခေါ်၊ ကျောင်းတိုက်တော်၌။ ဝိဟရတိ– နေတော်မူ၏။ (ဝါ) သီတင်းသုံးရွှင်ပျော်၊ နေထိုင်တော်မူပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ် တောင်ငါးလုံးကာခိုတဲ့ ရာဇဂြိုဟ်ပြည်မှာ ရှဉ့်နက်တွေကို အစာပေးရာ ကျေးရာဖြစ်တဲ့ ဝေဠုဝန်ကျောင်းတော်ဝယ် သီတင်းသုံးနေထိုင်တော်မူပါတယ်။

အထခေါ သုဗြဟ္မာ ဒေဝပုတ္တော အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏော ကေဝလကပ္ပံ ဝေဠုဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတောခေါ သုဗြဟ္မာဒေဝပုတ္တော ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

အထခေါ– ထိုအခါ၌။ အဘိက္ကန္တဝဏ္ဏော– အလွန်တကယ်၊ နှစ်လိုဖွယ်သိ၊ အဆင်းရှိသော။ သုဗြဟ္မာဒေဝပုတ္တော– သုဗြဟ္မာဟု၊ အမည်ရှိရ၊ နတ်သားလှသည်။ အဘိက္ကန္တာယ– ညဉ့်ဦးယာမ်ကြီး၊ ကျော်လွန်ပြီးသော။ ရတ္တိယာ– မှန်းဆောင်စရာ၊ သန်းခေါင်အခါ၌။ ကေဝလကပ္ပံ– အလုံးစုံပင်၊ ထက်ဝန်းကျင်သော။ ဝေဠုဝနံ– ဝေဠုဝန်ခေါ်၊ ကျောင်းတိုက်တော်ကြီးကို။ ဩဘာသေတွာ– ကိုယ်ရောင်ကိုယ်ဝါ၊ အဖြာဖြာဖြင့်၊ မကြာမသွေ၊ ထွန်းလင်းစေ၍။ ယေန– အကြင်အရပ်၌။ ဘဂဝါ– ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရားသည်။

http://www.dhammadownload.com



အတ္ထိ– ရှိတော်မူပါပေ၏။ တေန– ထိုအရပ်သို့။ ဥပသင်္ကမိ– ကပ်လေ၏။ ဥပသင်္ကမိတွာ– ကပ်လေပြီး၍။ ဘဂဝန္တံ– ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရားကို။ အဘိဝါဒေတွာ– လက်စုံချီမိုး၊ ရှိသေစွာရှိခိုးပြီး၍။ ဧကမန္တံ– သင့်တင့်လျောက်ပတ်၊ တစ်ခုသောအရပ်၌။ အဋ္ဌာသိ– ရပ်တည်လေ၏။ ဧကမန္တံ– သင့်တင့်လျောက်ပတ်၊ တစ်ခုသောအရပ်၌။ ဌိတောခေါ– ရပ်တည်ပြီးသော။ သုဗြဟ္မာဒေဝပုတ္တော– သုဗြဟ္မာဟု၊ အမည်ရှုရ၊ နတ်သားလှသည်။ ဘဂဝန္တံ– ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရားကို။ ဂါထာယ– စိတ်မှာဖြစ်ပေါ်၊ ဂါထာတော်ဖြင့်။ အဇ္ဈဘာသိ– မနှေးမြန်စွာ၊ ရွတ်ဆိုမေးလျှောက်လိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဘုရားရှင်ကိုယ်တော်မြတ် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့အခါမှာ သုဗြဟ္မာနတ်သား လာရောက်ပြီးတော့ ဂါထာဖြင့် လျှောက်ထားပါတယ်။

ဘယ်လို ရွတ်ဆိုလျှောက်ထားလိုက်သလဲဆိုရင်

"နိစ္စံ ဥတြတ္ထမိဒံ စိတ္တံ၊ နိစ္စံ ဥဗ္ဗိဂ္ဂိဒံ မနော။

အနုပ္ပန္နေသု ကိစ္စေသု၊ အထော ဥပ္ပတ္တိတေသုစ။

သစေ အတ္ထိ အနုတြတ္ထံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော" တိ။

၆ အနုပ္ပန္နေသု– တကယ်စစ်တွေး၊ မဖြစ်ကုန်သေးသော။ အထော– ထိုမှတစ်ပါး။ ဥပ္ပတ္တိတေသုစ– တကယ်စင်စစ်၊ ဖြစ်ပြီးသည်လည်းဖြစ်ကုန်သော။ ကိစ္စေသု– အမှုကိစ္စ၊ အဝဝတို့ကြောင့်။ မမ– သုဗြဟ္မာခေါ်၊ တပည့်တော်၏။ ဣဒံစိတ္တံ– ဤစိတ်သည်။ နိစ္စံ– အမြဲ။ ဥတြတ္ထံ– ထိတ်လန့်၍သာ၊ နေရပါ၏။ ဣဒံမနော– ဤစိတ်သည်။ နိစ္စံဥဗ္ဗိဂ္ဂံ– အမြဲတစေ၊ စိုးရိမ်၍နေရပါပေ၏။ အနုတြတ္ထံ– မှန်စွာခန့်ခန့်၊ မထိတ်လန့်အပ်သော။ ယံကာရဏံ– အစဉ်အကောင်း၊ အကြင်အကြောင်းသည်။ သစေအတ္ထိ– အကယ်၍စစ်၊ ရှိသည်ဖြစ်အံ့။ တံကာရဏံ– မှန်စွာအကောင်း၊ ထိုအကြောင်းကို။ ပုစ္ဆိတော– လေးလေးမြတ်မြတ်၊ မေးမြန်းအပ်သော။ တွံ– အထင်အရှား၊ အရှင်ဘုရားသည်။ မေ– သုဗြဟ္မာခေါ်၊ တပည့်တော်အား။ အက္ခာဟိ– သဘောကျရေး၊ သောကအေးအောင်၊ ဟောပြပေးသနားတော်မူပါဘုရား။ ဣတိ– ဤသို့ရောက်လာ၊ ဤသို့သာလျှင်။ အဇ္ဈဘာသိ– ဘုရားအဖြေ၊ ကြားလိုပေ၍၊ မသွေမှန်စွာ၊ ရွတ်ဆိုလျှောက်ထားလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

http://www.dhammadownload.com



ဘုန်းတော်ကြီးမား မြတ်စွာဘုရား

၁။ မဖြစ်ကြသေးတဲ့ကိစ္စ၊

၂။ ဖြစ်ပြီးကြတဲ့ကိစ္စတွေကြောင့် သုပြဟ္မာလို့ခေါ်တဲ့ တပည့်တော်ရဲ့စိတ်ဟာ အမြဲထိတ်လန့်ပြီးတော့ အမြဲတစေ အစိုးရိမ်ကြီး စိုးရိမ်၍ နေရပါတယ်ဘုရား။

ဒီနေရာမှာ မဖြစ်ကြသေးတဲ့ကိစ္စဆိုတာ

အနုပ္ပန္နေသု ကိစ္စေသူတိ ဣတော သတ္တာဟစ္စယေန ယာနိ ဒုက္ခာနိ ဥပ္ပဇ္ဇိဿန္တိ၊ တေသု။ (သံ၊ ၄၊ ၁- ၁၀၄)

အနုပ္ပန္နေသု ကိစ္စေသူတိ- အနုပ္ပန္နေသု ကိစ္စေသု ဟူသည်ကား။ ဣတော- ဤနတ်ပြည်မှ။ သတ္တာဟစ္စယေန- ခုနစ်ရက်လွန်ရာအခါ၌။ ယာနိ ဒုက္ခာနိ- အစဉ်ညှဉ်းဆဲ၊ အကြင်ဆင်းရဲတို့သည်။ ဥပ္ပဇ္ဇိဿန္တိ- အမှန်စုပြု၊ ဖြစ်ကြကုန်လတ္တံ့။ တေသု- စုပြုအစစ်၊ ထိုဖြစ်လတ္တံ့သော ဆင်းရဲတို့ကြောင့်။ လို့ အဋ္ဌကထာဆရာက ဖွင့်ပြပါတယ်။

အဓိပ္ပာယ်ကတော့ သုပြဟ္မာနတ်သားနှင့်တကွ ကျန်ရှိတဲ့ နတ်သမီးငါးရာ ယနေ့မှထောက် ခုနစ်ရက်မြောက်မှာ အဝီစိငရဲမှာ ကျရောက်ပြီးတော့ ဆင်းရဲခြင်းတွေ ဖြစ်ပေါ်ခံစားကြရလိမ့်မယ်ဆိုတာ မဖြစ်ပေါ်သေးတဲ့ကိစ္စပါပဲ။

(မဖြစ်ကြသေးတဲ့ကိစ္စတွေပါပဲ။)

ဖြစ်ကြီးကြတဲ့ကိစ္စတွေဆိုတာ

အထော ဥပ္ပန္နေ့ တေသုစာတိ ယာနိ ပဉ္စသတာနံ အစ္ဆရာနံ နိရယေ နိဗ္ဗတ္တာနံ ဒိဋ္ဌာနိ။ (သံ၊ ၄- ၁= ၁၀၄)

အထော ဥပ္ပန္နေ့ တေသုစာတိ- အထောဥပ္ပန္နေ့တေသုစဟူသည်ကား။ နိရယေ- ငရဲ၌။ နိဗ္ဗာတ္တာနံ- ဖြစ်ကြကုန်သော။ ပဉ္စသတာနံ အစ္ဆရာနံ- ငါးရာကုန်သော ဇနီးမယား၊ နတ်သမီးအများတို့၏။ ဝသေန- အစွမ်းဖြင့်။ ယာနိ- အစဉ်ညှဉ်းဆဲ၊ အကြင်ဆင်းရဲတို့ကို။ ဒိဋ္ဌာနိ- ဘဝင်အသည်း၊ အရှင်နည်းလှ၊ ရင်ကွဲနာကျလောက်အောင်၊ မြင်ရကုန်ပြီ။ တေသုစ- ထိုမြင်တွေ့ရငြား၊ ဆင်းရဲအများတို့ကြောင့်လည်း။

အဲဒီ သုပြဟ္မာနတ်သားရဲ့ အင်မတန်အချစ်ကြီးမားတဲ့ နတ်သမီးငါးရာ ငရဲမှာ ဖြစ်နေတာတွေကို တွေ့မြင်ရခြင်းဟာ ဖြစ်ပြီးကြတဲ့ကိစ္စတွေပါပဲ။

http://www.dhammadownload.com



ကဲ- အဲဒီဖြစ်ပြီးကြတဲ့ကိစ္စ၊ မဖြစ်ကြသေးတဲ့ကိစ္စတွေကို ထင်ရှားအောင် ဆက်ပြီးတော့ ဟောကြ နာကြပါစို့၊

သုဗြဟ္မာတိ သော ကိရ ဒေဝပုတ္တော အစ္ဆရာသဟဿပရိဝုတော နန္ဒန ကီဠိကံ ဂန္တွာ ပါရိစ္ဆတ္တကမူလေ ပညတ္တာသနေ နိသီဒိ။ (သံ၊ နှာ- ၁၀၃)

သုဗြဟ္မာတိ- သုဗြဟ္မာဟူသည်ကား။ ကိရ- အကြောင်းထူးကို၊ ပြဆို လိုက်ပါဦးအံ့။ သော ဒေဝပုတ္တော- ထိုသုဗြဟ္မာနတ်သားသည်။ အစ္ဆရာသဟဿ ပရိဝုတော- တင့်တယ်ချောလှ၊ တစ်ထောင်မျှသော၊ ဆောင်ပြပြောကောင်း၊ နတ်သမီးအပေါင်း ဝန်းရံလျက်။ နန္ဒနကီဠိကံ- နန္ဒဝန်ခေါ်၊ ဥယျာဉ်တော်သို့၊ ရွှင်ပျော်မပျင်း၊ ကစားခြင်းသို့။ ဂန္တွာ- မှန်စွာမနား၊ မြန်စွာသွား၍။ ပါရိစ္ဆတ္တကမူလေ- ပင်လယ်ကသစ်၊ ပင်ရင်းစစ်၌။ ပညတ္တာသနေ- ခင်းအပ် သောရှား၊ နတ်နေရာ၌။ နိသီဒိ- ပျော်တပြုံးပြုံး၊ မော်မဆုံးဘဲ၊ နတ်ထုံးသာယာ၊ ထိုင်နေပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

သုဗြဟ္မာနတ်သား ဘုရားရှင်ထံတော်ရောက်မလာခင်က တာဝတိံသာ နတ်ပြည်မှာ နတ်သမီးတစ်ထောင် ခြံရံပြီးတော့ နန္ဒဝန်ဥယျာဉ်သို့ မြူးတူးပျော်ပါး ကစားရန် ထွက်လာခဲ့တယ်။ ဥယျာဉ်အတွင်းက ပင်လယ်ကသစ်ပင်ရင်းရဲ့ အောက်မှာ ခင်းထားတဲ့နေရာဝယ် ထိုင်နေပါတယ်။

တံ ပဉ္စသတာ ဒေဝဓီတရော ပရိဝါရေတွာ နိသိန္နာ၊ ပဉ္စသတာ ရုက္ခံ အဘိရုဠှာ။ (သံ- ဋ္ဌ၊ ၁၊ ၁၀၃)

တံ- ထိုသုဗြဟ္မာနတ်သားကို။ ပဉ္စသတာ- ငါးရာကုန်သော။ ဒေဝဓီ တရော- ရှုဖွယ်မငြီး၊ နတ်သမီးတို့သည်။ ပရိဝါရေတွာ-ညီညာစုပြုံ၊ ဝန်းရံ ကုန်၍။ နိသိန္နာ- နေကြကုန်၏။ ပဉ္စသတာ- ငါးရာကုန်သော နတ်သမီးတို့ သည်။ ရုက္ခံ- သစ်ပင်ထက်သို့။ အဘိရုဠှာ-မြူးတူးအမှန်၊ ကစားရန်တွက်၊ -ဇောက်စုပြုံ၊ တက်ကြကုန်၏။

အဲဒီသုဗြဟ္မာနတ်သားကို နတ်သမီးငါးရာက ခစားဝန်းရံပြီးတော့ နေ ကြတယ်။ ကျန်တဲ့နတ်သမီးငါးရာက သစ်ပင်ပေါ်တက်ပြီး ကစားမြူးတူး အပျော်ကြူးနေကြတယ်။

တရားနာပရိသတ် သေသေချာချာ မှတ်နော်။

http://www.dhammadownload.com



မေး။ ။ သုဗြဟ္မာနတ်သားမှာ နတ်သမီးပေါင်း ဘယ်လောက်ခြံရံထားသတဲ့လဲ။

ဖြေ။ ။ တစ်ထောင် ခြံရံထားပါတယ် ဘုရား။

မေး။ ။ ငါးရာက ဘာလုပ်နေသတဲ့လဲ။

ဖြေ။ ။ ငါးရာက အနီးအနားမှာ ခစားနေပါတယ်ဘုရား။

မေး။ ။ ကျန်တဲ့ငါးရာက ဘာလုပ်နေသလဲ။

ဖြေ။ ။ ကျန်တဲ့ငါးရာက သစ်ပင်ပေါ်တက် ကစားနေကြပါတယ်ဘုရား။

အဘိယရုဃှ ပန မဓုရသုရေန ဂါယိတွာ ဂါယိတွာ ပုမ္ဖါနိ ပါတေန္တိ၊ တာနိ ဂဟေတွာ ဣတရာ ကေတောဂဏ္ဍကမာလာဒိဝသေန ဂန္ထေန္တိ။ (သံဋ္ဌ- ၁- ၁၀၃)

အဘိရုယှပန- သစ်ပင်ထက်သို့ တက်ပြီး၍ကား။ မဓုရသုရေန- ချိုသာငြိမ့်ညောင်း၊ အသံကောင်းဖြင့်။ ဂါယိတွာ ဂါယိတွာ- ကြည်နူးကခုန်၊ သီကျူးသီဆိုကြကုန်လျက်။ ပုမ္ဖာနိ- အလှဆန်းတင့်၊ လှပန်းပွင့်တို့ကို။ ပါတေန္တိ- အပေါ်ကနေ၊ ခြွေချကုန်၏။

နတ်သမီးငါးရာက သစ်ပင်ပေါ်တက်ပြီး ချိုသာတဲ့အသံကောင်းနဲ့ သီချင်းတွေဆိုကာ လှပတဲ့ပန်းပွင့်တွေကို အပေါ်ကနေ ခြွေချကြတယ်။

တာနိ- အပေါ်ကနေ၊ ခြွေခြွေကာချ၊ အောက်သို့ကျလာ၊ ထိုပန်းများစွာ တို့ကို။ ဂဟေတွာ- များစွာစုပြုံ၊ ကောက်ယူကုန်၍။ ဣတရာ- အပေါ်မှကား၊ အခြားမည်ဟီး၊ အောက်ကနတ်သမီးငါးရာတို့သည်။ ကေတောဝဏ္ဍကမာလာဒိ ဝသေန- တစ်ဖက်ဆိုင်ပွင့်ညှာသီရုံး၊ ပန်းကုံးစသည်တို့၏ အစွမ်းဖြင့်။ ဂန္ထေန္တိ- ပျော်တပြုံးပြုံး၊ မော်မဆုံးနိုင်၊ အပြိုးပြိုင်ကာ၊ သီကုံးကြပါကုန်၏။

အပေါ်ကနတ်သမီးတွေ ခြွေချလို့ လေခကာ ကြွေကျလာတဲ့ပန်းတွေကို ကောက်ယူပြီးတော့ အောက်ကနတ်သမီးငါးရာက ပန်းကုံးတွေ သီကုံးကြ တယ်။

အထရုက္ခံ အဘိရုဠှာ ဥပစ္ဆေဒကကမ္မဝသေန ကေပ္ပဟာ ရေနေဝ ကာလံ ကတွာ အဝီစိမှိ နိဗ္ဗတ္တာ မဟာဒုက္ခံ အနုဘဝန္တိ။

အထ- ထိုအခါ၌။ ရုက္ခံ- သစ်ပင်သို့။ အဘိရုဠှာ- မှန်စွာစုပြုံ၊ တက်ကုန်အများ၊ နတ်သမီးငါးရာတို့သည်။ ဥပစ္ဆေဒကကမ္မဝသေန- ကပ်၍ ဖြတ်တတ်၊ မှန်မပြတ်သည့်၊ အကုသိုလ်ကံ၏အစွမ်းဖြင့်။ ကေပ္ပဟာရေနေဝ-

http://www.dhammadownload.com



တစ်ခုသောနေ့၏ သုံးခုမြောက်သောအဖို့ဟူသော တစ်ပြိုင်နက်ကာလဋ္ဌသာလျှင်။ ကာလံကတွာ– စုတေ၍။ အဝီစိမှိ– အဝီစိငရဲ၌။ နိဗ္ဗတ္တာ– ငါးရာစုပြီ၊ ဖြစ်ကြကုန်၍။ မဟာဒုက္ခံ– နေ့ညအမြဲ၊ ကြီးစွာသောဆင်ရဲကို။ အနုဘဝန္တိ– ခံစားကြရကုန်၏။

သစ်ပင်ပေါ်တက်ပြီးတော့ ပန်းတွေခြွေချနေတဲ့ နတ်သမီးငါးရာ ဥပဇ္ဈာဒ က အကုသိုလ်ကံရဲ့အစွမ်းကြောင့် စုတေပြီး အဝီစိငရဲ ရောက်သွားကြတယ်။ အဲဒီအဝီစိငရဲမှာ နေ့ညအမြဲ ကြီးစွာသောဆင်းရဲတွေ ခံစားနေကြရတယ်။

အထကာလေ ဂစ္ဆန္တေ ဒေဝပုတ္တော "တ္တမာသံ နေဝ သဒ္ဒေါ သုယျတိ၊ နပုပ္ဖါနိ ပါတေန္တိ၊ ကဟံ နခေါ ဂတာ" တိ အာဝဇ္ဇေန္တော နိရယေ နိဗ္ဗတ္တဘာဝံ ဒိသွာ ပိယဝတ္ထုကသောကေန ရုပ္ပမာနော စိန္တေသိ "တော တာဝ ယထာကမ္မေန ဂတာ၊ မယှံ အာယုသင်္ခါရော ကိတ္တကော" တိ။

အထ– ထို့နောက်မှ။ ကာလေ ဂစ္ဆန္တေ– အချိန်ကြာလတ်သော်။ ဒေဝပုတ္တော– သုဗြဟ္မာနတ်သားသည်။ တ္တမာသံ– ဤနတ်သမီးတို့၏။ သဒ္ဒေါ– သီချင်းဆိုသံကို။ နေဝသုယျတိ– မကြားရတော့။ (ဝါ) မကြားအပ်ပေ။ ပုပ္ဖါနိ– ပန်းတို့ကို။ နပါတေန္တိ– မဆွတ်မခြွေကုန်။ ကဟံ– အဘယ်အရပ်သို့။ ဂတာနခေါ– သွားကြလေကုန်သနည်း။ တ္တတိ– ဤသို့။ အာဝဇ္ဇေန္တော– ဆင်ခြင်လတ်သော်။ နိရယေ– အဝီစိငရဲ၌။ နိဗ္ဗတ္တဘာဝံ– ဖြစ်သည်၏အဖြစ်ကို။ ဒိသွာ– မြင်၍။ ပိယဝတ္ထုကသောကေန– ချစ်ခင်နှစ်သက်အပ်သော ဝတ္ထုအကြောင်းရှိသော ကြောင့်ကြစိုးရိမ်ခြင်းဖြင့်။ ရုပ္ပမာနော– နှိပ်စက်အပ်သည်ဖြစ်၍။ စိန္တေသိ– ကြံဆင်ခြင်၏။ ကိံစိန္တေသိ– အဘယ်သို့ ကြံဆင်ခြင်သနည်း။ "တော– ဤနတ်သမီးတို့သည်။ တာဝ– ရှေးဦးစွာ။ ယထာကမ္မေန– ကံအားလျော်စွာ။ ဂတာ– ငရဲစုပြီ၊ သွားရချေကုန်ပြီ။ မယှံ– ငါ၏။ အာယုသင်္ခါရော– အာယုသင်္ခါရသည်။ ကိတ္တကော– အဘယ်မျှရှိပါသေးသနည်း"။ တ္တတိ– ဤသို့။ စိန္တေသိ– ကြံဆင်ခြင်၏။

အချိန်လေး အတော်ကြာလာတော့ သုဗြဟ္မာနတ်သားဟာ "သစ်ပင်ပေါ် တက်ပြီး သီချင်းဆိုနေကြတဲ့ နတ်သမီးတွေရဲ့အသံကိုလည်း မကြားရ၊ ပန်းပွင့်တွေ လည်း အောက်ကိုကျမလာတော့ ဒီနတ်သမီးတွေ ဘယ်ကိုများ ရောက်သွား ကြသလဲ" လို့ ဆင်ခြင်ကြည့်လိုက်တဲ့အခါ ငရဲမှာ ဖြစ်နေတာကို တွေ့ရပါတယ်။

http://www.dhammadownload.com



မေး။ ။ ဘယ်မှာ တွေ့ရသတဲ့လဲ။
ဖြေ။ ။ ငရဲမှာပါဘုရား။

အဲဒီလို အင်မတန်အချစ်ကြီးမားတဲ့ အချစ်ဇနီးမယား နတ်သမီးငါးရာ ငရဲမှာ ခံစားနေရတာ တွေ့မြင်ရတော့ အသည်းနှလုံး အမြဲမပြုံးနိုင်တော့ဘဲ အချစ်ကြောင့် စိုးရိမ်ခြင်း၊ ပူဆွေးခြင်းတွေ ရင်အသည်းမှာ အရှင်တွေနည်းလာပြီး အောက်မေ့ဆင်ခြင်မိတာက "ဩော် ငါ့ရဲ့အင်မတန် အချစ်ကြီးမားတဲ့ ချစ်ဇနီး ငါးရာ ငါ့ရဲ့အလျင် ကံအားလျော်စွာ ရောက်သွားရကုန်ပြီ။ ငါ့ရဲ့နတ်သက်တမ်း ဘယ်လောက်ကျန်သေးပါလိမ့်" လို့ အောက်မေ့ဆင်ခြင်လိုက်ပါတယ်။

သော "သတ္တမေ ဒိဝသေ မယာပိ အဝသေသာဟိ ပဥ္စသတာဟိ သဒ္ဓိံ ကာလံကတွာ တတ္ထေဝ နိဗ္ဗတ္တိတဗ္ဗ" န္တိ ဒိသွာ ဗလဝတရေန သောကေန ရုပ္ပိ။

သော– ထိုသုဖြဟ္မာနတ်သားသည်။ "သတ္တမေဒိဝသေ– လူ၏နေ့ရက် ခုနစ်ရက်မြောက်သောနေ့၌။ မယာပိ– ငါသည်လည်း။ အဝသေသာဟိ– ကြွင်းကုန်သော။ ပဥ္စသတာဟိ– ငါးရာအပြီး၊ နတ်သမီးတို့နှင့်။ သဒ္ဓိံ– အတူ တကွ။ ကာလံကတွာ– သေ၍။ တတ္ထေဝ– လွန်စွာဆင်းရဲ၊ ထိုအဝီစိငရဲ၌သာ လျှင်။ နိဗ္ဗတ္တိတဗ္ဗံ– ဖြစ်ရချေအံ့။" ဣတိ– ဤအကြောင်းကို။ ဒိသွာ– မြင်ရ၍။ ဗလဝတရေန– အားကြီးစွာသော။ သောကေန– စိုးရိမ်ကြောင့်ကြ ခြင်းဖြင့်။ ရုပ္ပိ– စိတ်၏ပူပန်ထိတ်လန့်ခြင်းသို့ ရောက်၏။

အဲဒီလို ဆင်ခြင်ကြည့်လိုက်တဲ့အခါမှာ မိမိနဲ့ ကျန်ရှိနေခဲ့တဲ့ နတ်သမီး ငါးရာ အဝီစိငရဲ၌သာ ဖြစ်ရမှာကို တွေ့မြင်လိုက်ရတော့ အင်မတန် စိုးရိမ် ကြောင့်ကြပြီး စိတ်ပူပန်ထိတ်လန့်သွားပါတယ်။

သော "ဣမံ မယှံ သောကံ သဒေဝကေ လောကေ အညတြ တထာ ဂတာ နိဒ္ဓမိတုံ သမတ္ထော နာမ နတ္ထိ" တိ စိန္တေတွာ သတ္ထု သန္တိကံ ဂန္တွာ နိစ္စံ ဥတြသ္တန္တိ ဂါထာမာဟ။

သော– ထိုသုဖြဟ္မာနတ်သားသည်။ "မယှံ– ငါ၏။ ဣမံသောကံ– ဤစိုးရိမ်ကြောင့်ကြကို။ သဒေဝကေ– နတ်နှင့်တကွသော။ လောကေ– လောက ၌။ တထာဂတာ– မြတ်စွာဘုရားကို။ အညတြ– ထား၍။ နိဒ္ဓမိတုံ– ဖယ်ထုတ်

http://www.dhammadownload.com



ရှင်းလင်း၊ ပယ်ဖျောက်ခြင်းငှာ။ သမဏ္ဏော နာမ– စွမ်းနိုင်သောသူမည်သည်။ နတ္ထိ– မရှိနိုင်။ ဣတိ– ဤသို့။ စိန္တေတွာ– ကြံ၍။ သတ္ထု– မြတ်စွာဘုရား၏။ သန္တိကံ– အထံတော်သို့။ ဂန္တွာ– မှန်စွာမနား၊ မြန်စွာသွား၍။ နိစ္စဥတြာသတ္တိ ဂါထံ– နိစ္စဥတြာသ္တံစသော ဂါထာကို။ အာဟ– သောကငြိမ်းရေး၊ တရားဆေးကို၊ သောက်သုံးလိုကာ၊ လျှောက်ထားလိုက်ပါပေသတည်း။ "

သာဓု၊ သာဓု၊ သာဓုပါဘုရား။

အဲဒီလို အင်မတန်ထိတ်လန့်သွားတဲ့ သုဗြဟ္မာနတ်သားဟာ. "ငါ့ရဲ့ ဒီစိုးရိမ်ကြောင့်ကြခြင်းကို နတ်လောက၊ လူ့လောကမှာ မြတ်စွာဘုရားမှတစ်ပါး ဘယ်သူမှ ငြိမ်းအေးအောင် ပယ်ဖျောက်ပေးနိုင်ပါ မဟုတ်ဘူး။ မြတ်စွာဘုရား သာလျှင် ငါ့ရဲ့ ဒီစိုးရိမ်ကြောင့်ကြအဝဝကို မုချပိုင်ပိုင် ငြိမ်းအေးအောင် ပယ်ဖျောက်ပေးနိုင်မှာ ဖြစ်တယ်" လို့ ကြံစည်ပြီး မြတ်စွာဘုရားထံ အမြန်သွား ကာ

နိစ္စဥတြာသ္တံစတဲ့ ဂါထာတော်ကို လျှောက်ထားတာ ဖြစ်တယ်။

မေး။ ။ ကဲ ဒီတော့ တရားနာပရိသတ် ဖြစ်ပြီးတဲ့ကိစ္စ၊ မဖြစ်သေးတဲ့ကိစ္စ တွေကို သိကြပြီ မဟုတ်လား။

ဖြေ။ ။ သိကြပါပြီဘုရား။

မေး။ ။ ဖြစ်ပြီးတဲ့ကိစ္စဆိုတာ ဘာတဲ့လဲ။

ဖြေ။ ။ နတ်သမီးငါးရာ ငရဲရောက်သွားတာပါ ဘုရား။

မေး။ ။ မဖြစ်သေးတဲ့ကိစ္စဆိုတာ ဘာတဲ့လဲ။

ဖြေ။ ။ သုဗြဟ္မာနတ်သားနဲ့ ကျန်တဲ့နတ်သမီးငါးရာ ငရဲရောက်ရမှာ ဖြစ်ရမှာပါ ဘုရား။

မေး။ ။ ငရဲကောက်နေသူတွေကိုလည်း မြင်ရ၊ ကိုယ်ဟိုင်လည်း ကျန်တဲ့ နတ်သမီးတွေနဲ့ ငရဲရောက်ရမှာဆိုတော့ ကြောက်လန့်မသွားဘူးလား။

ဖြေ။ ။ ကြောက်လန့်သွားပါတယ်ဘုရား။

ဒီဂါထာတော်က ကြောက်လန့်တဲ့အတွက် လျှောက်ထားတဲ့ဂါထာဖြစ်တယ်။ တကယ်မြင်ရတော့ တကယ်ကြောက်တယ်။ တကယ်ကြောက်တော့ တကယ် ကယ်တင်ရှင် (ကယ်နိုင်မယ့်ပုဂ္ဂိုလ်) ကို ရှာကြတယ်။ ဒီတော့ သုဗြဟ္မာနတ်သား နတ်လောက၊ လူ့လောကက လိုက်ရှာကြည့်လိုက်တော့ မြတ်စွာဘုရားကို သွားပြီးတွေ့ရပါတယ်။

http://www.dhammadownload.com



အဲဒီလို တွေ့ရတော့ နိစ္စံ ဥတြဲ့သ္တံစတဲ့ ဂါထာတော်နဲ့ ကြောက်လန့် ကင်းကြောင်း တရားကောင်းကို ဟောကြားပေးဖို့ လျှောက်ထားတောင်းပန်ခြင်း ပါပဲ။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* နတ်သမီးငါးရာ၊ ငရဲမှာ၊ ကျတာမြင်ရပြီ။
* ဖြစ်ပြီးကိစ္စ ခေါ်ဆိုရ၊ စိတ်ကထိတ်လန့်သည်။
* နတ်သုဗြဟ္မာ၊ ကျန်ငါးရာ၊ ရောက်မှာငရဲပြည်။
* မဖြစ်သေးပေ၊ ကိစ္စတွေ၊ တွေးနေစိုးရိမ်သည်။
* ထိတ်လန့်ကင်းဝေး၊ တရားအေး၊ ဟောရေးလျှောက်ထားသည်။
* စိုးရိမ်ကင်းဝေး၊ တရားအေး၊ ဟောရေးလျှောက်ထားသည်။

အဲဒီလိုလျှောက်ထားတော့ ဘုရားရှင်က

နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယ သံဝရာ။

နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနန္တိ။ ဆိုတဲ့ ဂါထာတော်ကို သုဗြဟ္မာနတ်သားအား ဟောကြားတော်မူပါတယ်။

ကဲ ဆက်ပြီးတော့ အနက်ကို ကြည်ညို နာကြားကြရအောင်

(ဒေဝပုတ္တ– သိလိုဂဲ့အရေးဖြင့်၊ အပြေးလျှောက်ထား၊ အိုသုဗြဟ္မာနတ်သား) ဗောဇ္ဈာ– သစ္စာလေးအင်၊ အမှန်မြင်ဖို့၊ ဗောဇ္ဈင်တရား၊ ပွားများခြင်းကို လည်းကောင်း။ တပသာ– မုတင်တရား၊ အစားစားကို၊ မမှားမယွင်း၊ ကျင့်သုံး ခြင်းကိုလည်းကောင်း။ အညတြ– မိမိသန္တာန်၊ မှန်မှန်မပွား၊ ကြဉ်ဖယ်ထား၍။ ပါဏိနံ– များပြားလှစွာ၊ သတ္တဝါတို့အား။ သောတ္ထိံ– အေးအေးမြမြ၊ ဘေးမခဘဲ၊ နေ့ညရှင်းရှင်း၊ ချမ်းသာခြင်းကို။ အဟံ– တရားသခင်၊ ငါဘုရားရှင်သည်။ နပဿာမိ– ရှေ့ဉာဏ်စက္ခု၊ ကြည့်ရှုဆင်ခြင်၊ မြင်တော်မမူ။ ဣန္ဒြိယသံဝရာ– ဣန္ဒြေခြောက်ခု၊ စောင့်ထိန်းမှုကို။ အညတြ– ကြဉ်ဖယ်ရှောင်ရှား၊ အလွတ်ထား ၍။ ပါဏိနံ– များပြားလှစွာ၊ သတ္တဝါတို့အား။ သောတ္ထိံ– ဘေးမြလန်းကာ၊ စမ်းပမာသွင်း၊ ချမ်းသာခြင်းကို။ အဟံ– သစ္စာသိမြင်၊ ငါဘုရားရှင်သည်။ နပဿာမိ– ရှေ့ဉာဏ်စက္ခု၊ ကြည့်ရှုဆင်ခြင်၊ မြင်တော်မမူ။ သဗ္ဗနိဿဂ္ဂါ– ခပ်သိမ်းဥဿုံ၊ အလုံးစုံငြိတွယ်၊ အသွယ်သွယ်တို့၊ တကယ်ကင်းဝေး၊ အအေး နိဗ္ဗာန်၊ ချမ်းသာမှန်ကို။ အညတြ– အစဉ်ဖယ်ရှား၊ ကြဉ်ကာထား၍။ ပါဏိနံ–

http://www.dhammadownload.com



များပြားလှစွာ၊ သတ္တဝါတို့အား၊ သောတ္ထိ- ဘေးရန်ကင်းရှင်း၊ ချမ်းသာခြင်းကို။ အဟံ- သစ္စာသိထား၊ ငါဘုရားသည်။ နပဿာမိ- ရွှေဉာဏ်စက္ခု၊ ကြည့်ရှုဆင်ခြင်၊ မြင်တော်မမူ။ ဣတိ- ဤသို့သေချာ၊ ဤသို့သာလျှင်။ ဘဂဝါ- ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရားသည်။ အဝေါစ- သဘောကျရေး၊ သောကအေးအောင်၊ ဟောပြ ပေးသနားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

အို- သုဗြဟ္မာနတ်သား

၁။ ဗောဇ္ဈင်တရား၊ ခုနစ်ပါးကို၊ မကျင့်ပွားရင်၊
၂။ ဓုတင်တရားကို မကျင့်သုံးရင်၊
၃။ ဣန္ဒြေခြောက်ပါးကို မစောင့်ထိန်းရင်၊
၄။ နိဗ္ဗာန်တရားကို ကြည်ဖယ်ထားရင်၊

နတ် လူ ဗြဟ္မာ သတ္တဝါတွေရဲ့ ချမ်းသာခြင်းကို ငါဘုရားရှင်ကိုယ်တော်မြတ် မြင်တော်မမူဘူး လို့ ဟောကြားတော်မူလိုက်ပါတယ်။

အဲဒီ နာညတြ ဗောဇ္ဈာ တပသာ စတဲ့ဂါထာတော်မှာ ဗောဇ္ဈင်တရား ခုနစ်ပါးကို ပထမပွားများရမယ်လို့ ဟောထားသော်လည်း အမှန်ကတော့ ဣန္ဒြိယသံဝရ သီလလေးပါးကို စပြီးတော့ ယူရမှာဖြစ်တယ်။

(အတ္ထတော ပန ဣန္ဒြိယသံဝရောဝ ပထမံ ဝေဒိတဗ္ဗော။ ဣန္ဒြိယသံဝရေ ဟိ ဂဟိတော စတုပါရိသုဒ္ဓိ ဂဟိတံ ဟောတိ။ သံ၊ ဋ္ဌ၊ ၁၊ ၁၀၄)

ဒါ့ကြောင့် အပါယ်ဘေး၊ သံသရာဘေးဟူသမျှမှ ကင်းဝေးချင်ကြတဲ့ နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါတွေဟာ

၁။ လူက၊ လူ့ရဲ့ဆိုင်ရာသီလ၊ ရှင်ရဟန်းက ရှင်ရဟန်းရဲ့ဆိုင်ရာ သီလတွေကို လုံခြုံအောင် ထိမ်းသိမ်းစောင့်ရှောက်ရမယ်။
၂။ စက္ခုစတဲ့ ဣန္ဒြေခြောက်ပါးကို လောဘ၊ ဒေါသတွေ မဖြစ်အောင် သတိနဲ့ အမြဲထိန်းချုပ်ရမယ်။
၃။ လျှပ်ပေါ်လော်လည်တဲ့ တဏှာလောလုပ်၊ သဘောယုတ်ကို၊ ပယ်ထုတ်သတ်ဖြတ်၊ ပူလောင်စေတတ်တဲ့ ဓုတင်တရားတွေကို ကျင့်သုံးခြင်း၊ တပဂုဏ်နဲ့လည်း ပြည့်စုံရမယ်။

(တပေါဂုဏ္ဏိ ဓုတဓမ္မ မာဟ။ သောဟိ တဏှာလောလုပ္ပဿ

http://www.dhammadownload.com



တပနတော တပေါ၊ သယံဂုဏာ သဘာဝတ္တာ ဂုဏသန္တိသသယတောစ ဂုဏာန္တိ။ သံ၊ ဋီ၊ ၁၊ ၁၅၃)

၄။ အဲဒီဆိုပြီးခဲ့တဲ့ သီလထိမ်းသိမ်းမှု၊ ဣန္ဒြေထိမ်းသိမ်းမှု၊ စုတင်ကျင့်မှု ဆိုတဲ့ တပဂုဏ်တွေနဲ့ ပြည့်စုံပြီးရင် ဆိတ်ငြိမ်ရာအရပ် တောထဲကို ကပ်ဝင်ပြီးတော့ ကမ္မဋ္ဌာန်းပွားများစေကာ ဝိပဿနာနဲ့တကွ ဗောဇ္ဈင် တရား ခုနစ်ပါးတို့ကို ကြိုးကြိုးစားစား နိုးနိုးကြားကြား အားထုတ်ရမယ်။

(တသ္မိံ ပတိဋ္ဌိတော ဘိက္ခု နိဿယ မုတ္တကော စုတင်္ဂသင်္ခါတံ တပေါဂုဏံ သမာဒါယ အရညံ ပဝိသိတွာ ကမ္မဋ္ဌာနံ ဘာဝေန္တော သဟ ဝိပဿနာယ ဗောဇ္ဈင်္ဂေ ဘာဝေတိ။ သံ၊ ဋ္ဌ၊ ၁၊ ၁၀၄)

၅။ အဲဒီလို ဗောဇ္ဈင်တရားတွေကို ကျင့်ကြံကြိုးစား ပွားများအားထုတ်ရင် အပါယ်ဘေး၊ သံသရာဘေးဟူသမျှ ကင်းဝေးပြီး မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ချမ်းသာမှန်ကို ကေန်ပိုင်ပိုင် ရနိုင်တယ်။

အဲဒီ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ချမ်းသာမှန်ကို ကေန်ရကြောင်း အကျင့်ကောင်း ဖြစ်တဲ့ သီလစောင့်ထိမ်းခြင်းအစ ဗောဇ္ဈင်တရား ပွားများမှုအဆုံး ကျင့်စဉ် အးလုံးကို မကြိုးစား၊ မပွားများရင်တော့ သင်သုဗြဟ္မာနတ်သားနဲ့တကွ နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါတွေမှာ ချမ်းသာခြင်းတရားကို ငါ ဘုရား မြင်တော်မမူလို့ ဟောကြားတော်မူပါတယ်။

ဒီဂါထာဟောပြီးတော့ သစ္စာလေးပါးကို ပြတော်မူပါတယ်။

(ဒေဝပုတ္တဿ သတ္ထာ တံ ဂါထံ ဝတွာ ဥပရိစ သစ္စာနိ ပကာသေသိ။

တဿ အရိယမဂ္ဂေါ ယံ နိဗ္ဗာနံ အာရမ္မဏံ ကတွာ ဥပ္ပဇ္ဇတိ၊ သော "သဗ္ဗနိဿဂ္ဂေါ" တိ ဘဂဝါ စတုသစ္စဝသေန ဒေသနံ ဝိနိဝဋ္ဋေ သိ။

တဿ– ထိုအခြင်းအရာဖြင့် ပွားစေသော ယောဂီပုဂ္ဂိုလ်၏။ အရိယ မဂ္ဂေါ– အရိယမဂ်သည်။ ယံနိဗ္ဗာနံ– အကြင်နိဗ္ဗာန်ကို။ အာရမ္မဏံကတွာ– အာရုံပြု၍။ ဥပ္ပဇ္ဇတိ– ဖြစ်၏။ သော– ထိုနိဗ္ဗာန်သည်။ သဗ္ဗနိဿဂ္ဂေါ– ခပ်သိမ်းသော သင်္ခါရတို့ကို စွန့်လွှတ်ရာဌာနမည်၏။ ဣတိ– ဤသို့။ ဘဂဝါ– မြတ်စွာဘုရားသည်။ စတုသစ္စဝသေန– သစ္စာလေးပါး၊ စွမ်းပကားဖြင့်။ ဒေသနံ– ဒေသနာတော်ကို။ ဝိနိဝဋ္ဋေသိ– လည်စေတော်မူ၏။

ဒီဂါထာတော်နဲ့တကွ သစ္စာလေးပါး မြတ်တရားကို နာကြားရတဲ့အဆုံး မှာ သုဗြဟ္မာနတ်သား သောတာပတ္တိဖိုလ် တည်ပြီးတော့သွားပါတယ်။

http://www.dhammadownload.com



ဒေဝပုတ္တော ဒေသနာပရိယောသာနေ သောတာပတ္တိဖလေ ပတိဋ္ဌဟိ။

ဒေဝပုတ္တော- သုပြဟ္မာနတ်သားသည်။ ဒေသနာပရိယောသာနေ- ဒေသနာတော်အဆုံး၌။ သောတာပတ္တိဖလေ- သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ- သေရမည့်ဘေး၊ အပါယ်ဘေးမှ၊ ကင်းဝေးရကာ၊ တည်သွားပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဒီနေရာမှာ မေးစရာရှိတာက "နတ်သားတစ်ယောက်သာ သောတာပန် ဖြစ်သွားသလား" လို့ မေးစရာရှိပါတယ်။ အမှန်ကတော့ သုပြဟ္မာနတ်သားဟာ သူ့ရဲ့ နတ်သမီးငါးရာနဲ့အတူ သောတာပတ္တိဖိုလ်တည်ပြီး သောတာပန်ဖြစ်သွား တယ်လို့ မှတ်ပါ။

(ဒေဝပုတ္တော သောတာပတ္တိဖလေ ပတိဋ္ဌဟိတိ ကာမံတသေဝ ဝိသေသာဓိဂမော ဂ္ဂဟိတော၊ ပဉ္စသတမတ္တာဟိ ပန အစ္ဆရာဟိ သဒ္ဓိံ သောတာပတ္တိဖလေ ပတိဋ္ဌဟိတိဝေဒိတဗ္ဗံ။ တေနာဟ မဟာသတိပဋ္ဌာနသုတ္တ ဝဏ္ဏနာယံ "သော ဒေသနာပရိယောသာနေ ပဉ္စဟိ အစ္ဆရာသတေဟိ သဒ္ဓိံ သောတာပတ္တိဖလေ ပတိဋ္ဌာယ တံ သမ္ပတ္တိံ ထာဝရံ ကတွာ ဒေဝလောကမေဝ အဂမာသိ" တိ။ သံ၊ ဋီ၊ ၁၊ ၁၅၃)

မေး။ ။ ဒီတော့ တရားနာပရိသတ်၊ ဒီဂါထာတော်နဲ့ သစ္စာလေးပါးတရား တော် နာကြားလိုက်ရတော့ သုပြဟ္မာနတ်သားနဲ့ နတ်သမီးငါးရာ သော တာပန် ဖြစ်မသွားဘူးလား။

ဖြေ။ ။ ဖြစ်သွားပါတယ်ဘုရား။

မေး။ ။ သောတာပန်ဖြစ်သွားတော့ အပါယ်ဘေးက လွတ်မသွားဘူးလား။

ဖြေ။ ။ လွတ်သွားပါတယ်ဘုရား။

မေး။ ။ ခုနစ်ရက်မြောက်မှာ သေရမယ့်ဘေးက လွတ်မသွားဘူးလား။

ဖြေ။ ။ လွတ်သွားပါတယ်ဘုရား။

မေး။ ။ နတ်တို့ရဲ့အသက်ကော ပိုရှည်မသွားဘူးလား။

ဖြေ။ ။ ရှည်သွားပါတယ်ဘုရား။

မေး။ ။ တရားနာပရိသတ် အသက်မရှည်ချင်ကြဘူးလား။

ဖြေ။ ။ ရှည်ချင်ပါတယ်ဘုရား။

အသက်ရှည်ချင်ရင် အပါယ်ဘေးတွေက လွတ်ချင်ရင် ဘုရားဟော ပြီး ထားခဲ့တဲ့ အဆောင်ကောင်း၊ ဂါထာကောင်းတွေနဲ့ သစ္စာလေးပါး

http://www.dhammadownload.com



တရားတော်တွေကို လေးလေးစားစား အရေးထားကာ နာကြားရမယ် နော်။ (မှန်လှပါဘုရား)

ဟောဒီသုပြဟ္မာနတ်သားနဲ့တကွ နတ်သမီးငါးရာ သေရမယ့်ဘေး၊ အပါယ်ဘေးတွေ ကိုယ်တိုင်ကိုယ်ကျ တကယ်မြင်တွေ့ရတော့ တကယ်ကြောက်လန့်ပြီး ဘုရားဟောတဲ့ဂါထာတော်နဲ့ သစ္စာလေးပါး မြတ်တရားကို ရိုရိုသေသေ စူးစူးစိုက်စိုက် နာယူလိုက်တော့ သောတာပန်ဖြစ်ပြီး ခုနစ်ရက်မြောက် သေရမယ့်ဘေး၊ အပါယ်ဘေးတွေက လွတ်မြောက်သွားကာ သူ့ရဲ့စိတ်တွေ ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်းတွေ ကင်းစင်ပြီးသွားတယ်။

မေး။ ။ တရားနာရင် သေသေချာချာ နာရမှာလား၊ ပေါ့ပေါ့တန်တန် နာရမှာလား။

ဖြေ။ ။ သေသေချာချာ နာရမှာပါဘုရား။

မေး။ ။ သုပြဟ္မာနတ်သားက သေသေချာချာ နာယူတာလား၊ ပေါ့ပေါ့ တန်တန် နာယူတာလား။

ဖြေ။ ။ သေသေချာချာ နာယူတာပါဘုရား။

မေး။ ။ အဲဒီလို သေသေချာချာ နာယူလိုက်တော့ ထိတ်လန့်ခြင်း၊ စိုးရိမ် ခြင်းတွေကင်းစင်ပြီးတော့ မသွားဘူးလား။

ဖြေ။ ။ ကင်းစင်သွားပါတယ်ဘုရား။

မေး။ ။ မဂ်၊ ဖိုလ်ရပြီးတော့ မဂ် ဖိုလ်ကော ဝင်မသွားဘူးလား။

ဖြေ။ ။ ဝင်သွားပါတယ်ဘုရား။

မေး။ ။ ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

ဖြေ။ ။ "ထိတ်လန့်ကင်းစင်= မဂ်ဖိုလ်ဝင်"တရားတော်ပါဘုရား။

အေးဟုတ်ပြီ၊ ဒီလောကကြီးက ထိတ်စရာ၊ လန့်စရာ၊ ကြောက်စရာ၊ စိုးရိမ်စရာကောင်းတဲ့ လောကကြီးပါ တရားနာ။

မေး။ ။ ဘာလောကကြီးတဲ့လဲ။

ဖြေ။ ။ ထိတ်စရာ၊ လန့်စရာ၊ ကြောက်စရာ၊ စိုးရိမ်စရာကောင်းတဲ့ လောက ကြီးပါဘုရား။

ဘယ်လောကကြီးလဲဆိုရင် ဦးဇင်းတို့ရဲ့ ဒကာ ဒကာမတို့ရဲ့ ခန္ဓာ လောကကြီး၊ အာယတနလောကကြီး၊ ဓာတ်လောကကြီးပါ တရားနာ။

မေး။ ။ ဒီတော့ တကယ်ထိတ်လန့်စရာကောင်းတာ ကိုယ့်ခန္ဓာလား၊ သူများခန္ဓာလား။

http://www.dhammadownload.com



ဖြေ။ ။ ကိုယ့်ခန္ဓာပါဘုရား။

အဲဒီခန္ဓာကြီး ရှိနေလို့ (ရနေလို့) ထိတ်လန့်နေရတာ၊ စိုးရိမ်နေရတာ။ သူများခန္ဓာထက် ကိုယ့်ခန္ဓာက ပိုပြီးတော့ ကြောက်စရာကောင်းတယ်။ ထိတ်လန့်စရာကောင်းထယ်။ ကြည့်လေ သုဗြဟ္မာနတ်သား ခန္ဓာရှိထား (ရထား) တော့ သေဘေးနဲ့ ရင်ဆိုင်ရမှာ၊ အပါယ်ဘေးနဲ့ ရင်ဆိုင်ရမှာ ထိတ်လန့်နေတာယ်၊ စိုးရိမ်နေတယ်နော်။ (မှန်လှပါဘုရား)

မေး။ ။ ဒီတော့ တရားနာပရိသတ် ထိတ်လန့်မှုတွေ မကင်းစင်ချင်ဘူးလား။

ဖြေ။ ။ ကင်းစင်ချင်ပါတယ်ဘုရား။

မေး။ ။ မဂ်၊ ဖိုလ်ကော မရချင်၊ မဝင်ချင်ဘူးလား။

ဖြေ။ ။ ဝင်ချင်ပါတယ်ဘုရား။

မေး။ ။ အပါယ်ဘေးတွေက မလွတ်ချင်ဘူးလား။

ဖြေ။ ။ လွတ်ချင်ပါတယ်ဘုရား။

မေး။ ။ အသက်ရှည်ရှည် မနေချင်ကြဘူးလား။

ဖြေ။ ။ နေချင်ကြပါတယ်ဘုရား။

အေး ထိတ်လန့်ခြင်းတွေ ကင်းစင်ချင်ရင် မဂ် ဖိုလ်ဝင်ချင်ရင် အပါယ်ဘေးတွေက လွတ်ချင်ရင် အသက်ရှည်ရှည်နေချင်ရင် သုဗြဟ္မာနတ်သားအား ဘုရားဟောကြားလိုက်တဲ့ ဂါထာတော်မှာလာတဲ့အတိုင်း

၁။ သီလ လုံခြုံရမယ်။

၂။ ဣန္ဒြေတွေကို ထိမ်းသိမ်းရမယ်။

၃။ ဓုတင်ကျင့်ရမယ်။

၄။ ဗောဇ္ဈင်တရား ခုနစ်ပါးကို ပွားများရမယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ။

*သီလတရား၊ ကြဉ်ဖယ်ထား၊ အများမချမ်းသာ။

*ဣန္ဒြေများ၊ မထိမ်းငြား၊ အများမချမ်းသာ။

*ဓုတင်တရား၊ မကျင့်ငြား၊ အများမချမ်းသာ။

*ဗောဇ္ဈင်တရား၊ ခုနစ်ပါး၊ မပွားမချမ်းသာ။

*သီလတရား၊ လုံခြုံငြား၊ အများလွန်ချမ်းသာ။

*ဣန္ဒြေများ၊ စောင့်ထိန်းထား၊ အများလွန်ချမ်းသာ။

*ဓုတင်တရား၊ ကျင့်သုံးငြား၊ အများလွန်ချမ်းသာ။

http://www.dhammadownload.com



* ဗောဇ္ဈင်တရား၊ ခုနစ်ပါး၊ ကျင့်ပွားလွန်ချမ်းသာ။
* နိဗ္ဗာန်တရား၊ ကြဉ်မထား၊ အများလွန်ချမ်းသာ။
* သုဗြဟ္မာအား၊ မြတ်ဘုရား၊ ဟောကြားဒီဂါထာ။
* သစ္စာလေးပါး၊ မြတ်တရား၊ ဟောကြားနာရခါ။
* တရားဆုံးပြန်၊ သောတာပန်၊ အမှန်သုဗြဟ္မာ။
* ကျန်နတ်သမီး၊ ငါးရာလည်း၊ အပြီးတည်သောတာ။
* သေရမည့်ဘေး၊ အပါယ်ဘေး၊ ကင်းဝေးသက်ရှည်ရှာ။
* အသက်ရှည်ကြောင်း၊ ဂါထာကောင်း၊ ထုံးဟောင်းဒီဂါထာ။
* အသက်ရှည်လို၊ လူထိုထို၊ ရွတ်ဆိုဒီဂါထာ။
* ဒီဂါထာတွင်၊ လာတိုင်းပင်၊ ကျင့်လျှင်သက်ရှည်မှာ။
* "ထိတ်လန့်ကင်းစင်၊ မဂ်ဖိုလ်ဝင်"၊ ခေါ်တွင်တရားပါ။
* ဒီနေ့ရာဝယ်၊ လက်ခံယ်၊ တကယ်ပြီးသွားတာ။

တစ်နည်းတစ်ဖြာ မှတ်စရာ

* သီလဆိုတာ ဘေးဖယ်ထားလျှင်
အေးဖွယ်အများ မမြင်တယ်။
* ဣန္ဒြေတွေ မစောင့်ကြားက
အမှောင့်များစွာ ဝင်နိုင်တယ်။
* တရားစုတင် ဘေးဖယ်ထားလျှင်
အေးဖွယ်အများ မမြင်တယ်။
* တရားဗောဇ္ဈင် ဘေးဖယ်ထားက
အေးဖွယ်အများ မမြင်တယ်။
* ဗုဒ္ဓရှင်တော် မြတ်ဘုရားက
သုဗြဟ္မာအား ဟောပြတယ်။
* သီလဆိုတာ လုံခြုံကြမှ
ချမ်းသာသုခ ရနိုင်မယ်။
* ဣန္ဒြေတွေ စောင့်ကာထိန်းမှ
အေးငြိမ်းသုခ ရနိုင်မယ်။
* လောလုပ်တဏှာ သဘောဖုတ်ကို
မနှောအဟုတ် သတ်ရမယ်။

http://www.dhammadownload.com



*ဗောဓိဖျင်ဆိုတာ ကျင့်ကြံပွားမှ
မဂ် ဖိုလ်များကို ရနိုင်မယ်။
*ဗောဓိဖျင်ဆိုတာ ကျင့်ကြံပွားမှ
နိဗ္ဗာန်တရားကို ရနိုင်မယ်။
*သုဗြဟ္မာကို မြတ်ဘုရားက
ပြတ်ပြတ်သားသား ဟောပြတယ်။
*သေရမည့်ဘေး+ အပါယ်ဘေးမှ
တကယ်ကင်းဝေး သက်သာတယ်။
*သောတာပန်ပင် အမှန်ဖြစ်လို့
ကေန်စင်စစ် ချမ်းသာတယ်။
*ထိန်လန့်ကင်းစင်+ စိုးရိမ်ပျောက်လို့
မဂ် ဖိုလ်ဝင်ရောက်သွားရတယ်။
*အသက်ရှည်ကြောင်း ဂါထာကောင်းလို့
ထုံးဟောင်းသာကေ မှတ်သားဖွယ်။
*အသက်ရှည်လို ရှင်+ လူတစ်စုတို့
အစဉ်ယခုပ ရွတ်ကြကွယ်။
*နာညတြာ ဂါထာထူးကို
များစွာကြည်နူး ပူဇော်ကွယ်။
*ဒီဂါထာလာ ကျင့်စဉ်များကို
ကျင့်လျှင်မမှား သက်ရှည်မယ်။
*မဂ် ဖိုလ် နိဗ္ဗာန် တရားအထိပင်
မမှားအပြည့် ရနိုင်တယ်။
*ခု+ နောက်သံသရာ ချမ်းသာကြောင်းကို
မှန်းကာအကောင်း ရွေးဟောတယ်။
*အဆောင်ဂါထာ အကောင်းအလှကို
အကြောင်းပြလို့ ဟောခဲ့တယ်။
(ရွတ်ကြကွယ်)[၂]။

ကဲ– တရားသိမ်းကြရအောင် လိုက်ဆိုကြ
*ထိတ်လန့်ကင်းစင်၊ မဂ်ဖိုလ်ဝင်၊ ခေါ်တွင်တရားတော်။

http://www.dhammadownload.com



*ဒီနေရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးပြီနော်။
*ယနေ့ဟောချ၊ ကုသလ၊ ပုညအာနုဘော်။
*မိဘ+ ဆရာ၊ ဉာတကာ၊ တူစွာရစေသော်။
*ပစ္စည်းလေးဖြာ၊ ဒါယကာ၊ တူစွာရစေသော်။
*သိကြား+ ဗြဟ္မာ၊ နတ်ဒေဝါ၊ တူစွာရစေသော်။
*လုံးစုံများစွာ၊ သမ္ဗာဝါ၊ တူစွာရစေသော်။
*အမျှ+ အမျှ၊ ပေးဝေငှ၊ အေးမြသာစုခေါ်။
သာဓု၊ သာဓု၊ သာဓုပါဘုရား။

မှတ်ချက်။ ။ *သက်ကြီးပူဇော်ပွဲတိုင်း၊
*ကျန်းမာရေးအတွက် ရည်ရွယ်၍ ကုသိုလ်ပြုပွဲတိုင်း။
*သီလပွဲတိုင်း (ဥပုသ်ပွဲတိုင်း)။
*ဉာတရားပွဲတိုင်း ဟောနိုင်ပါသည်။

(အသက်ရှည်လိုသူတိုင်း။ အစိမ်းသရဲ၊ ပြိတ္တာ၊ နတ်ဘီလူး+ နတ်မိစ္ဆာ၊ တစ္ဆေ။ ဘုတ်စသော အပ ပယောဂကင်းလိုသူတိုင်း။ လက္ခဏာ၌ အသက်လမ်းကြောင်း မကောင်းသူတိုင်း။ ခရီးသွား ဘေးအန္တရာယ်ကင်းလိုသူတိုင်း အမြဲမပြတ် ရွတ်ဖတ်ပူဇော်ပြီး ဂါထာပါအတိုင်း ကျင့်သုံးသင့်ပါသည်။)

http://www.dhammadownload.com

## သံယုတ္တနိကာယ+ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ ဒေဝတာသံယုတ်+ အာဒိတ္တဝဂ်+ ဝနရောပသုတ်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော

# "အမြဲနေ့ည + ကုသိုလ်ရ" တရားတော်

၁။ ကေသံ ဒိဝါစ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။
ဓမ္မဋ္ဌာ သီလသမ္ပန္နာ၊ ကေ ဇနာ သဂ္ဂဂါမိနောတိ။

ကေသံ– ရဟန်းရှင်လူ၊ အဘယ်သူတို့အား။ ဒိဝါစ– အမှောင်ကင်းပျောက်၊ အလင်းရောက်လာ၊ ညဥ့်အခါ၌လည်းကောင်း။ သဒါ– အမြဲမပြတ်၊ အခါခပ်သိမ်း။ ပုညံ– ကုသိုလ်တရား၊ အစားစားသည်။ ပဝဍ္ဎတိ– အကျိုးများကာ၊ တိုးပွားနိုင်ပါသနည်း။

ကေ– ရဟန်းရှင်လူ၊ အဘယ်သူတို့သည်။ ဓမ္မဋ္ဌာ– တရားနှစ်ခြိုက်၊ တရား၌တည်ကုန်သနည်း။

ကေ– ရဟန်းရှင်လူ၊ အဘယ်သူတို့သည်။ သီလသမ္ပန္နာ– သီလဂုဏ်ပန်း၊ အနံ့ဆန်းနှင့်၊ ရှင်လန်းသာယာ၊ ပြည့်စုံကုန်နိုင်ပါသနည်း။

ကေဇနာ– ရဟန်းရှင်လူ၊ အဘယ်သူတို့သည်။ သဂ္ဂဂါမိနော– နတ်ပြည်လောက၊ ဘုံဘဝသို့၊ အေးမြသာယာ၊ သွားရောက်နိုင်ပါကုန်သနည်း။ ဣတိ– ဤသို့ဂါထာ၊ ဤသို့သာလျှင်။ ဒေဝတာ– သေချာတွေးထား၊ မောင်နတ်သားသည်။ အဘာသိ– ဘုရားထံမှောက်၊ အပြေးရောက်လာ၊ သိလိုတာကို၊ မြန်စွာမနေး၊ သံသာအေးဖြင့်၊ ရွတ်ဆိုမေးမြန်း လျှောက်ထားလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတဲ့အချိန်၊ ညဥ့်တစ်ညဥ့်ရဲ့ သန်းခေါင်အချိန်မှာ နတ်သားတစ်ဦး လာရောက်ပြီးတော့ (ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရား)

"ဘယ်လိုပုဂ္ဂိုလ်တွေမှာ နေ့ရော ညဥ့်ပါ ဘယ်ခါမပြတ်၊ အခါခပ်သိမ်း ကုသိုလ်ကောင်းမှုတွေ (ကုသိုလ်ကောင်းမှုအကျိုးတွေ) တိုးပွားနိုင်ပါသလဲ။

http://www.dhammadownload.com



ရဟန်းရှင်လူ၊ အဘယ်သူတွေ တရား၌တည်ကြကုန်သလဲ။ သီလနဲ့ ပြည့်စုံကြပါကုန်သလဲ။ ရဟန်းရှင်လူ၊ အဘယ်သူတွေ နတ်ပြည်ကို သွားရောက်နိုင်ပါကုန်သလဲလို့ မေးလျှောက်ပါတယ်။

အဲဒီလို မေးလျှောက်တဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က ➘

၂။ အာရာမရောပါ ဝနရောပါ၊ ယေ ဇနာ သေတုကာရကာ။
ပပဉ္စ ဥဒပါနဉ္စ၊ ယေ ဒဒန္တိ ဥပဿယံ။

၃။ တေသံ ဒိဝါစ၊ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။
ဓမ္မဋ္ဌာ သီလသမ္ပန္နာ၊ တေဇနာ သဂ္ဂဂါမိနော။

(ဒေဝပုတ္တ သိလိုတဲ့အရေးဖြင့်၊ မေးမြန်းလျှောက်ထား၊ အိုနတ်သား)

ယေဇနာ– ရဟန်းရှင်လူ၊ အကြင်သူတို့သည်။ အာရာမရောပါ– သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ်ကို၊ ကြင့်လင်အစုံ၊ စိုက်ပျိုးကုန်၏။ ဝနရောပါ– ခရီးသွားသူ၊ များရှင်လူတို့၊ အစဉ်အားထား၊ ခိုနားစရာ၊ ချမ်းသာအေးမြ၊ အရိပ်ရမည့်၊ အလှထိပ်တင်၊ တောသစ်ပင်တို့ကို၊ ကြည်လင်အစုံ၊ စိုက်ပျိုးကုန်၏။ သေတုကာရကာ– ချောင်း+ မြောင်း+ ရေဖွက်၊ သွားလာခက်သား၊ နေရာများ၌၊ စိတ်ထားကောင်းခြင်း၊ နှလုံးသွင်း၍၊ ကန်သင်း+ ကန်ပေါင်၊ မြောင်းပေါင်+ တံတား၊ လှေ+ ဖောင်+ သင်္ဘောများကို ချထားစီစဉ်၊ တီထွင်အစုံ၊ လှုံ့ဒါန်းပြုလုပ်ကြကုန်၏။ ပပဉ္စ– စိတ်ထားကြည်လင်၊ ရေအိုးစင်ကိုလည်းကောင်း။ ဥဒပါနဉ္စ– သောက်စေ+ သုံးစေ၊ ရေတွင်းရေကန်ကိုလည်းကောင်း။ ကရော့န္တိ– စေတနာထက်၊ သဒ္ဓါလက်ဖြင့်၊ မပျက်ကြည်နူး၊ ဆောက်လုပ်တူးဖော်၊ တည်ထားလှူဒါန်းတော်မူကြပါပေကုန်၏။ ယေ– ရဟန်းရှင်လူ၊ အကြင်သူတို့သည်။ ဥပဿယံ– ဇရပ်တန်ဆောင်း၊ အမြတ်ကျောင်းကို။ ဒဒန္တိ– စေတနာဖွေးဖြူ၊ အရေးယူကာ၊ ပေးလှူကြပါကုန်၏။ တေသံ– ထိုရှင်လူအပေါင်း၊ သူတော်ကောင်းတို့အား။ ဒိဝါစ– အမှောင်ကင်းပျောက်၊ အလင်းရောက်လာ၊ နေ့အခါ၌လည်းကောင်း။ ရတ္တော စ– အလင်းကွယ်ပျောက်၊ အမှောင်ရောက်လာ၊ ညဥ့်အခါ၌လည်းကောင်း။ သဒါ– ဘယ်ခါမပြတ်၊ အခါခပ်သိမ်း။ ပုညံ– ကုသိုလ်တရား၊ အစားစားသည်။ ပဝဍ္ဎတိ– အကျိုးများကာ၊ တိုးပွားရပါပေ၏။

(တေဇနာ– ထိုရှင်လူအပေါင်း၊ သူတော်ကောင်းတို့သည်။)

ဓမ္မဋ္ဌာ– တရားနှစ်ခြိုက်၊ တရား၌တည်ကုန်၏။

သီလသမ္ပန္နာ– သီလဂုဏ်ပန်း၊ အနံ့ဆန်းနှင့်၊ ရွှင်လန်းသင်းထုံ ပြည့်စုံကြကုန်၏။

http://www.dhammadownload.com



(တေဧနော– ထိုရှင်လူအပေါင်း၊ သူတော်ကောင်းတို့သည်။)

သဂ္ဂဂါမိနော– နတ်ပြည်လောက၊ ဘုံဘဝသို့၊ အေးမြသာယာ၊ သွားရောက်နိုင်ကြပါပေကုန်၏။

တ္တတိ– ဤသို့ဂါထာ၊ ဤသို့သာလျှင်။ ဘဂဝါ– ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရားသည်။ အဝေါစ– သဘောကျရေး၊ သောကအေးအောင်၊ ဟောပြပေးသနားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဘုရားရှင်ကိုယ်တော်မြတ်က "သိလိုတဲ့အရေးဖြင့် အမြန်မနေး မေးလျှောက်လာတဲ့ အိုနတ်သား

၁။ သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ် စီစဉ်လှူဒါန်း+ စိုက်ပျိုးကြတဲ့သူတွေ။

၂။ ခရီးသွားပုဂ္ဂိုလ်တွေ ခိုနားဖို့ရာအတွက် အရိပ်ရမည့် တောသစ်ပင်တွေကို စိုက်ပျိုးလှူဒါန်းကြတဲ့သူတွေ။

၃။ ချောင်းတွေ မြောင်းတွေ ရေဖွက်တွေထပြီး အသွားအလာခက်မည့်နေရာတွေမှာ ကန်သင်း ဟနီပေါင်တွေ တံတားတွေ ခင်းပေး ထိုးပေးတာ လှေတွေ ဖောင်တွေ သင်္ဘောတွေ စီစဉ်ပြီးတော့ ပေးတဲ့သူတွေ။

၄။ လမ်းခွလမ်းဆုံ လမ်းအစုံမှာ သောက်ရေအိုးစင် တည်ထားတဲ့သူတွေ။

၅။ "ရွှေကိုမလို ရေကိုလို၏" ဆိုတဲ့ အင်မတန်ရေရှားပါးတဲ့ မိုးခေါင်ရေရှားအရပ်ဒေသများမှာ ရေတွင်းတွေ ရေကန်တွေ ငွေကြေးအကုန်အကျခံပြီးတော့ တူးဖော်ပေးတဲ့သူတွေ။ ငွေကြေးမတတ်နိုင်ရင် လုပ်အားဒါန ပေးလှူကြတဲ့သူတွေ။

၆။ ဇရပ်တွေ၊ တန်ဆောင်းတွေ ကျောင်းတွေဆောက်လုပ်ပြီးတော့ လှူဒါန်းကြတဲ့သူတွေဟာ အမြဲ နေ့ည+ ကုသိုလ်ရတဲ့သူတွေပါပဲ" လို့ ဟောကြား အဖြေပေးတော်မူပါတယ်။

ဒါကြောင့် ဒီနေ့ဟောကြားတဲ့တရားတော်ကို "အမြဲနေ့ည+ ကုသိုလ်ရ" လို့ အမည်ပေးလိုက်ပါတယ်။

မေး။ ။ ယနေ့တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ "အမြဲနေ့ည+ ကုသိုလ်မရချင်"ဘူးလား။

ဖြေ။ ။ ရချင်ပါတယ်ဘုရား၊

အေးဟုတ်ပြီ၊ "အမြဲနေ့ည ကုသိုလ်တွေရချင်" ရင် နံပါတ်တစ်က အနေ

http://www.dhammadownload.com



နံပါတ်ခြောက်အထိ ကုသိုလ်လုပ်ငန်းတွေကို ရွှင်ရွှင်လန်းလန်း ဝမ်းမြောက်ဝမ်းသာ လုပ်ကြရမယ်နော်။ (မှန်လှပါဘုရား)

(အမြဲနေ့ည ကုသိုလ်တွေ ရတယ်ဆိုပေမယ့် မကောင်းတဲ့ အကုသိုလ်ဆိုင်ရာတွေကို ကြံစည်ပြောဆို လုပ်ကိုင်နေချိန်နဲ့ အိပ်ပျော်နေတဲ့အချိန်တွေမှာတော့ မရနိုင်ဘူးလို့ မှတ်လိုက်ပါဦး။)

မိမိကိုယ်တိုင် လုပ်ထားတဲ့ ကုသိုလ်တွေကို ပြန်ပြောင်းအောက်မေ့ သတိရတဲ့အခါ၊ မိမိကိုယ်တိုင် စိုက်ပျိုးထားတဲ့ သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ် သစ်ပင်စသည်တို့ကို မြင်တိုင်းမြင်တိုင်း သတိရတိုင်း သတိရတိုင်း အခါတိုင်းမှာ "အမြဲနေ့ည+ ကုသိုလ်ရ" နေတယ်။ ကုသိုလ်တရားတွေ တိုးပွားနေတယ်လို့ မှတ်ပါ၊ သဘောကျပါ။

အဲဒီကုသိုလ်တရား ခြောက်မျိုးရှိရင် တရားဌိတည်တဲ့သူ၊ သီလပြည့်စုံတဲ့သူလို့ ဆိုရပါတယ်။

တစ်နည်း– အဋ္ဌကထာဆရာ ဖွင့်ဆိုချက်ကို ပြောရရင် အဲဒီကုသိုလ် ခြောက်မျိုးကို ပြုလုပ်ကြတဲ့သူတွေမှာ ကုသိုလ်တရား မြတ်ဆယ်ပါး ပြည့်စုံသွားကြတယ်။

အဲဒီကုသိုလ်တရား မြတ်ဆယ်ပါးမှာ တည်သွားကြတော့ တရားဌိတည်သူ (တရားရှိသူ) သီလရှိသူတွေ (သီလ နှင့်ပြည့်စုံသူတွေ) ဖြစ်သွားကြပါတယ်။

ဒါ့ကြောင့် "အမြဲနေ့ည+ ကုသိုလ်ရ" အောင်

၁။ သစ်သီးဥယျာဉ် ပန်းဥယျာဉ်တွေ စိုက်ပျိုးကြပါ။

၂။ တောသစ်ပင်တွေ စိုက်ပျိုးကြပါ။

၃။ တံတားတွေ၊ လမ်းတွေပေါက်နေရင် ပျက်နေရင် အသစ်ခင်းပေးပါ၊ ပြင်ပေးပါ။

၄။ ရေအိုးစင်တွေ တည်ပေးပါ။

၅။ ရေတွင်း ရေကန်တွေ တူးဖော်ပေးပါ၊ လှုပ်အားပေးပါ။

၆။ ဇရပ်တွေ၊ တန်ဆောင်းတွေ ကျောင်းတွေ၊ ဓမ္မာရုံတွေ၊ တသင်းကျောင်းဆောင်တွေ၊ ဆေးရုံတွေ ဆောက်လုပ် လှူဒါန်းပေးပါ။

အဲဒီကုသိုလ်ခြောက်မျိုးရှိပြီး တရားဌိတည်ကာ သီလနှင့်ပြည့်စုံသူတွေဟာ နတ်ပြည်လောက ဘုံဘဝကို မုချ ဧကန်ပိုင် သွားရောက်နိုင်ပါတယ်။

http://www.dhammadownload.com



မေး။ ။ တရားနာပရိသတ်၊ နတ်ပြည်မရောက်ချင်ဘူးလား။

ဖြေ။ ။ ရောက်ချင်ပါတယ်ဘုရား။

မေး။ ။ နတ်ပြည်ရောက်ချင်ရင် ဘာလုပ်ရမှာပါလိမ့်။

ဖြေ။ ။ ကုသိုလ်ခြောက်မျိုးရှိအောင်၊ တရားခွဲတည်အောင် (တရားရှိအောင်) သီလနှင့်ပြည်စုံအောင် (သီလရှိအောင်) လုပ်ရမှာပါဘုရား။

ဦးဇင်းရဲ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ "အမြဲနေ့ည+ ကုသိုလ်ရ" နိုင်တဲ့ ကုသိုလ်ခြောက်မျိုးကို အမြဲပြုလုပ်နိုင်ကြပါစေ။ တရားသိ တရားရှိ တရားကျင့်သုံးနိုင်ကြပါစေ၊ သီလရှိကြပါစေ၊ နတ်ပြည်လောက ဘုံ ဘဝကို ရောက်နိုင်ကြပါစေဆိုတဲ့အနေအထားဖြင့် ဦးဇင်းသည် ဝနရောပသုတ် ကို တန်ဆာဆင်၍ "အမြဲနေ့ည+ ကုသိုလ်ရ" တရားတော်ကို သဘောကျ အောင် ဟောပြခဲ့ပါတယ် တရားနာ။

အဲဒီ ဝနရောပသုတ္တန်လာတဲ့အတိုင်း တရားကဗျာ တရားလင်္ကာ ဆောင် ပုဒ်လေးတွေ စီကုံးထားတယ်၊ အားလုံး ညီညီညာညာ လိုက်ဆိုပြီး တရားသိမ်း ကြရအောင်။

* အမြဲ နေ့ည၊ ကုသိုလ်ရ၊ ဟောပြဘယ်ပုဂ္ဂိုလ်။

၁ * ပန်းပင်စိုက်က၊ မြဲနေ့ည၊ အရမြတ်ကုသိုလ်။

၂ * သစ်ပင်စိုက်က၊ မြဲနေ့ည၊ အရမြတ်ကုသိုလ်။

၃ * တံတားဆောက်က၊ မြဲနေ့ည၊ အရမြတ်ကုသိုလ်။

* တံတားပြင်က၊ မြဲနေ့ည၊ အရမြတ်ကုသိုလ်။

လမ်းတွေဖောက်က၊ မြဲနေ့ည၊ အရမြတ်ကုသိုလ်။

လမ်းတွေပြင်က၊ မြဲနေ့ည၊ အရမြတ်ကုသိုလ်။

၄ * ရေချမ်းတည်က၊ မြဲနေ့ည၊ အရမြတ်ကုသိုလ်။

၅ * ရေတွင်းတူးက၊ မြဲနေ့ည၊ အရမြတ်ကုသိုလ်။

* ရေကန်တူးက၊ မြဲနေ့ည၊ အရမြတ်ကုသိုလ်။

* ရေတွင်းလှူက၊ မြဲနေ့ည၊ အရမြတ်ကုသိုလ်။

* ရေကန်လှူက၊ မြဲနေ့ည၊ အရမြတ်ကုသိုလ်။

* အုတ်ကန်လှူက၊ မြဲနေ့ည၊ အရမြတ်ကုသိုလ်။

* လုပ်အားပေးက၊ မြဲနေ့ည၊ အရမြတ်ကုသိုလ်။

၆ * ဇရပ်လှူက၊ မြဲနေ့ည၊ အရမြတ်ကုသိုလ်။

http://www.dhammadownload.com



တန်ဆောင်းလှူက၊ မြဲနေ့ည၊ အရမြတ်ကုသိုလ်။
ကျောင်းဆောက်လှူက၊ မြဲနေ့ည၊ အရမြတ်ကုသိုလ်။
အမြဲနေ့ည၊ ကုသိုလ်ရ၊ ဗုဒ္ဓဟောပြဆို။
တရားတည်ဘိ၊ သီလပြည့်၊ ရောက်၏နတ်ပြည်ကို။

* အမြဲကုသိုလ်ရစေဖို့။
ပန်းပင် သစ်ပင်စိုက်ပျိုးစို့။
* တံတားဆောက်လို့ လမ်းပြင်စို့။
* ရေချမ်းအိုးတွေ တည်ကြစို့။
* ရေတွင်းရေကန်တူးကြစို့။
* ဇရပ်ကျောင်း ဆောက်လှူကြစို့။

မှတ်ချက်။ ။ အာရာမရောပါစသော နှစ်ဂါထာကို အချိန်ရပါက အနက်ပါ ရွတ်ဆိုပြီး တရားသိမ်းနိုင်ပါသည်။ ကာလ+ ဒေသ+ ပုဂ္ဂလကို ကြည့်ပါ၊ သိပါ။ အချိန်မရပါက လင်္ကာတောင်ပုဒ်များ ဂါထာအနက် များ မသုံးမိအောင် သတိပြုပါ။ ဂါထာပါဠိလောက်ရွတ်ပြီး အဓိပ္ပါယ် ရှင်းလင်း ဟောပြတတ်ပါလျှင် ပြည့်စုံပါပြီ။

ဤတရားတော်ကို ပန်းလှူပွဲတိုင်း၊ ပန်းစိုက်ပွဲတိုင်း၊ သစ်ပင် လှူပွဲ စိုက်ပျိုးတိုင်း၊ တံတားအလှူ လမ်းအလှူပွဲတိုင်း၊ ရေလှူပွဲတိုင်း၊ ရေတွင်းရေကန် တူးဖော်ပွဲ+ အလှူပွဲ+ လုပ်အားပေးပွဲတိုင်း၊ ဇရပ် တန်ဆောင်း၊ ကျောင်းလှူပွဲ၊ ဓမ္မာရုံလှူပွဲ ရေစက်ချပွဲ၊ စာသင်ကျောင်း ဆေးရုံလွှဲအပ်ပွဲတိုင်း မိမိဉာဏ်ရှိလျှင် ရှိသလို ဟောကြားပြောကြား နိုင်ပါသည်။

✪

http://www.dhammadownload.com

## သံယုတ္တနိကာယ+ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ ဒေဝတာသံယုတ်+ အာဒိတ္တဝဂ်+ အာဒိတ္တသုတ်တော်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "မီးလောင်အိမ်မှ + ဆွဲထုတ်ကြဲ" တရားတော်

အခါတစ်ပါး ဘုရားမြတ်စွာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတဲ့အခါမှာ ညဥ့်ကစ်ညဥ့်ရဲ့ သန်းခေါင်အချိန်လောက်ဝယ် နတ်သားတစ်ပါး လာရောက်ပြီး အောက်ပါဂါထာတော်တွေနဲ့ ဘုရားရှင်အား လျှောက်ထားပါတယ်။

ဘယ်လိုလျှောက်ထားလိုက်သလဲဆိုရင်

၁။ အာဒိတ္တသ္မိံ အဂါရသ္မိံ၊ ယံ နီဟရတိ ဘာဇနံ။

တံတဿ ဟောတိ အတ္ထာယ၊ နော စ ယံ တတ္ထ ဍယှတိ။

ယော– လောကနေသူ၊ အကြင်သူသည်။ အာဒိတ္တသ္မိံ– နွေလရာသီ၊ ချိန်ခါဆီဦ၊ အတည်တောက်ပြောင်၊ မီးလောင်၍နေသော။ (များသောအားဖြင့် နွေရာသီ ပူပြင်းတဲ့အချိန်မှာ မီးလောင်တတ်တယ်) ဒါ့ကြောင့် ဒီလို အနက်ပေးတာပါပဲ။ အဂါရသ္မိံ– လူတို့နေရာ၊ အိမ်ဂေဟာ၌။ ယံဘာဇနံ– အိုးခွက်မှစ၊ ရွှေငွေကျအောင်၊ များလှအဟုတ်၊ အကြင်ဥစ္စာထုပ်ကို။ နီဟရတိ– မီးလောင်အိမ်တွင်၊ အတင်းဝင်၍၊ အားခွန်စိုက်ခါ၊ ထုတ်ဆောင်ရယူလိုက်ပါ၏။ တံ ဘာဇနံ– မီးနှင့်ယှဉ်ပြိုင်၊ အနိုင်ယူရ၊ အိုးခွက်စပြု၊ ထိုပစ္စည်းဥစ္စာစုသည်သာ။ တဿ– ထုတ်ဆောင်ရယူ၊ ထိုအိမ်ရှင်လူ၏။ အတ္ထာယ– ပြုံးပြန်တစ်မျိုး၊ သုံးဆောင်ရန် အကျိုးငှာ။ ဟောတိယထာစ– မှန်စွာစင်စစ်၊ ဖြစ်သကဲ့သို့လည်းကောင်း၊ ယောစ– လောကနေသူ၊ အကြင်သူသည်လည်း။ တတ္ထ– မီးလောင်နေရှာ၊ ထိုအိမ်ဂေဟာ၌။ ယံဘာဇနံ– များလှအဟုတ်၊ အကြင်ဥစ္စာထုပ်ကို။ နောနီဟရတိ– မီးလောင်ကွင်းတွင်၊ အတင်းဝင်၍၊ အားခွန်စိုက်ခါ၊ မထုတ်ဆောင်မိပါချေ။ တံဘာဇနံ– မထုတ်ဆောင်မိ၊ များဘိဖြာဖြာ၊ ထိုဥစ္စာထုပ်ကို။ ဍယှတိ– မီးကြီးမီးငယ်၊ အသွယ်သွယ်တွေ၊ လောင်မြိုက်သွားပါပေ၏။ တဿ– ထိုမထုတ်ဆောင်သူ၊

http://www.dhammadownload.com



အိမ်ရှင်လူ၏။ အတ္တာယ– ပြုံးဟန်တစ်မျိုး၊ သုံးဆောင်ရန်အကျိုးငှာ။ နော ဟောတိ ယထာစ– မှန်စွာစင်စစ်၊ မဖြစ်လေသကဲ့သို့လည်းကောင်း။

လောက လူ့ရွာ အိမ်ကြီးတစ်အိမ်ကို မီးတွေလောင်တဲ့အခါမှာ

၁။ မီးလောင်အိမ်ထဲကို အတင်းဝင်ပြီးတော့ အိုးခွက်စတဲ့ဥစ္စာတွေကို ထုတ်ယူတဲ့ပုဂ္ဂိုလ်။

၂။ မထုတ်ဆောင် မယူကဲ့ပုဂ္ဂိုလ်လို့ ပုဂ္ဂိုလ်နှစ်မျိုးကို မှတ်သားထားပါ။

နံပါတ် (၁) ပုဂ္ဂိုလ် ယူတ်ဆောင်ပြီး ရယူလာတဲ့ပစ္စည်းတွေဟာ အိမ်ပိုင်ရှင် (ပစ္စည်းပိုင်ရှင်) သုံးဆောင်ဖို့အတွက် အကျိုးထွက် အကျိုးရှိသွားတယ်။

နံပါတ် (၂) ပုဂ္ဂိုလ်ကတော့ မထုတ်ဆောင်မိတဲ့အတွက် အိုးခွက်စတဲ့ ဘဏ္ဍာတွေ ဥစ္စာတွေ အကုန်လုံး မီးလောင်ပြီး မီးထဲပါသွားတယ်။

ဒီတော့ မီးလောင်ပြီး မီးထဲပါသွားတဲ့ဥစ္စာတွေဟာ နံပါတ် (၂) ပုဂ္ဂိုလ်အတွက် ကောင်းကျိုးတစ်ခုမှ မထွက်တော့ပါဘူး။

မေး။ ။ ဒီတော့ မိမိတို့ဇနေထိုင်တဲ့ အိမ်ကြီး မီးလောင်နေရင် မစ္စည်းဥစ္စာတွေ ရအောင် မီးလောင်အိမ်ကြီးထဲ အတင်းဝင်ပြီး ဆွဲထုတ်ယူရမှာလား၊ လက်ပိုက်ပြီးတော့ ကြည့်နေရမှာလား။

ဖြေ။ ။ အတင်းဝင်ပြီး ဆွဲထုတ်ယူရမှာပါဘုရား

အေး ဟုတ်ပြီ သေသေချာချာ မှတ်ခဲ့နော်။

မေး။ ။ ဒီလိုဆိုရင် ဒီနေ့ ဟောနေတဲ့တရားက ဘာတရားတဲ့လဲ။

ဖြေ။ ။ "မီးလောင်အိမ်မှ ဆွဲထုတ်ကြ" တရားတော်ပါဘုရား။

မိမိတို့ အိမ်သူအိမ်သား လူအများတွေ ကောင်းကျိုးရဖို့ (သုံးဆောင်နိုင်ဖို့) အတွက် အိမ်ကြီးထဲ အတင်းဝင်ပြီး မီးနှင့်ယှဉ်ပြိုင် ပစ္စည်းဥစ္စာတွေ ဆွဲထုတ်နိုင်ကြပါစေ။

ကဲ– ဆက်ပြီးတော့ နာကြည့်ကြပါ။

၂။ ဧဝံ အာဒိတ္တကော လောကော၊ ဇရာယ မရဏေနစ။
နီဟရေထေဝ ဒါနေန၊ ဒိန္နံ ဟောတိ သုနီဟတံ။

ဧဝံတထာ– ပမာမှတ်ယူ၊ ထို့အတူပင်။ လောကော– လူ နတ် ဗြဟ္မာ၊ သတ္တဝါဟု၊ သညာလှည့်လိမ်၊ ဤခန္ဓာအိမ်ကြီးကို။ ဇရာယစ– အိုခြင်းမီးသည်လည်းကောင်း။ မရဏေနစ– သေခြင်းမီးသည်လည်းကောင်း။ အာဒိတ္တကော– အမြဲတစေ တောက်လောင်၍ နေအပ်၏။

http://www.dhammadownload.com



တရားနာပရိသတ် သေသေချာချာမှတ်နော်။

လူတွေနေတဲ့အိမ်ကြီးကို မီးလောင်နေသလို လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေရဲ့ ခန္ဓာအိမ်ကြီးကိုလည်း (တရားဟောသူ၊ တရားနာသူတွေရဲ့ ခန္ဓာအိမ်ကြီးကိုလည်း) အိုခြင်းဆိုတဲ့ မီး၊ သေခြင်းဆိုတဲ့မီးတွေ အမြဲတစေ တောက်လောင်နေတယ်၊ အမြဲတစေ အို နာ သေ တရားတွေက နှိပ်စက်ပြီးတော့နေတယ်။

မေး။ ။ ခန္ဓာအိမ်ကြီးကို ဘာတွေလောင်နေ နှိပ်စက်နေသတဲ့လဲ။

ဖြေ။ ။ အိုမီး၊ သေမီးတွေ လောင်နေ နှိပ်စက်နေပါတယ်ဘုရား။

*(ဒီနေရာမှာ အိုမီး သေမီးဆိုတာ ဒေသနာသီသပါတဲ့ အမှန်ကတော့ ရာဂစတဲ့ မီး (၁၁) ပါးလုံး လောင်နေ နှိပ်စက်နေတယ်လို့ မှတ်ပါ၊ သဘောကျပါ။ သံ၊ ဋ္ဌ၊ ၁၊ ၇၇)

မေး။ ။ တရားနာပရိသတ်၊ မီးဘယ်နှစ်ပါး ရှိသတဲ့လဲ။

ဖြေ။ ။ ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီးအားဖြင့် မီး (၁၁) ပါး ရှိပါတယ်ဘုရား။

မေး။ ။ မီးဆိုတာ ကောင်းတာလား၊ ဆိုးတာလား။

ဖြေ။ ။ ဆိုးတာပါဘုရား။

မေး။ ။ ဆိုးတာဆိုရင် ဘာလုပ်ရမလဲ။

ဖြေ။ ။ သတ်ရမှာပါဘုရား။

မေး။ ။ မီးဆိုတာ ပူတာလား၊ အေးတာလား။

ဖြေ။ ။ ပူတာပါဘုရား။

မေး။ ။ ပူတာကို ဘာလုပ်ရမလဲ။

ဖြေ။ ။ သတ်ရ ရှောင်ရမှာပါဘုရား။

မေး။ ။ အေးတာကိုတော့

ဖြေ။ ။ ဆောင်ရမှာပါဘုရား။

အေး ဟုတ်ပြီး အပူကိုရှောင်ပြီး အအေးဓာတ်တွေကိုဆောင်မှ ခုနှောင်ဘဝ ချမ်းသာရမယ်။

http://www.dhammadownload.com



ကဲ- လင်္ကာလေးတစ်ပုဒ် လိုက်ဆိုလိုက်ပါဦး

*အပူကိုရှောင်၊ အအေးဆောင်၊ ခန္ဓာအိမ်းသာမယ်။

အိမ် တိုက် နေရာတွေကို လောင်နေတဲ့ မီးထက် (လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေရဲ့ ခန္ဓာအိမ်ကြီးကို တရားဟောသူ၊ တရားနာသူတွေရဲ့ ခန္ဓာအိမ်ကြီးကို) လောင်နေတဲ့ ရာဂစတဲ့ (၁၁) ပါးသော မီးတွေက ပိုပြီးတော့ ကြောက်စရာကောင်းတယ်။ ပိုပြီးတော့ ပူတယ်။ ပိုပြီးတော့ အခံရခက်တယ်။ ဒါ တရားနာပရိသတ်တွေ ပိုပြီးတော့ သိပြီး သဘောပေါက်ပြီးသားပါ။ ဦးဇင်းတို့ မပြောတော့ပါဘူး။

မီးဆိုရင် ကြောက်စရာကောင်းတာချည်း၊ ပူတာချည်းပါပဲ။ ရာဂစတဲ့ မီးတွေကတော့ ပိုပြီးတော့ ကြောက်စရာကောင်းတယ်၊ ပူတယ်လို့မှတ်ပါ။

အဲဒါကို ခေတ်ကဗျာ ခေတ်စာလေး စီထားတယ် လိုပြီးတော့ဆိုကြပါ။

*အိမ်တိုက်နေရာ လောင်တဲ့မီး
ဤလောကမှာ ကြောက်ဖွယ်ကြီး။
*ရာဂစတဲ့ ဆယ့်တစ်မီး
ပိုလို့ ပိုလို့ ကြောက်ဖွယ်ကြီး။

ကဲ- ဂါထာအနက် ဆက်ဟော ဆက်နာကြရအောင်

(တသ္မာ- ခန္ဓာအိမ်ကြီး၊ မီးတပြောင်ပြောင်၊ တောက်လောင်နေသော၊ ထိုသဘောကြောင့်။) (ယော- အကြင်ပုဂ္ဂိုလ်သည်။) အာဒိတ္တကော- အာဒိတ္တကာ= အမြဲတစေ၊ တောက်လောင်နေသော။ တတောလောကတော- ခန္ဓာအိမ်ကြီး၊ ထိုလောင်မီးမှ။ အတ္တာနံ- အချစ်ပိုမို၊ မိမိကိုယ်ကို။ ဒါနေန- သာရသေချာ၊ ဒါနဆိုတဲ့စေတနာဖြင့်။ နီဟာရေထေဝ- နီဟာရေထဧဝ- အမြန်မကြာ၊ သံသရာမှ၊ မှန်စွာလွတ်မြောက်၊ ခရီးရောက်အောင်၊ ထုတ်ဆောင်ရာသည်သာလျှင်တည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဆိုလိုရင်းက မီးလောင်နေတဲ့အိမ်ကြီးထဲက ပစ္စည်းတွေကို အတင်းဝင်ယူသလို မီးလောင်နေတဲ့ ခန္ဓာကြီးထဲကလည်း မိမိကိုယ်ကို တကယ်ချစ်တဲ့သူဟာ ဒါန စေတနာထုတ်ယူပြီးတော့ မအို မနာ မသေခင်မှာ ဒါနပြုပါလို့ ဆိုလိုတာပါပဲ။

မီးလောင်နေတဲ့ အိမ်ကြီးထဲက ပစ္စည်းတွေကို ဆွဲထုတ်ပြီးယူရသလို

http://www.dhammadownload.com



မီးလောင်နေတဲ့ ခန္ဓာအိမ်ကြီးထဲကလည်း ဒါနစေတနာကို ဆွဲထုတ်ပြီးတော့ သူ့ကြရမယ်။

ဒါကြောင့် ဒီနေ့ဟောနေတဲ့တရားတော်ကို "မီးလောင်အိမ်မှ+ ဆွဲထုတ်ပြဲ" တရားတော်လို့ အမည်ပေးထားတာပါပဲ။

ကဲ- လင်္ကာလေးတွေ ဆိုကြည့်ရအောင်

* မအိုခင်မှာ၊ ကြိုတင်ကာ၊ သင် ငါ ဒါနပြု။
* မနာခင်မှာ၊ ကြိုတင်ကာ၊ သင် ငါ ဒါနပြု။
* မသေခင်မှာ၊ ကြိုတင်ကာ၊ သင် ငါ ဒါနပြု။
* အိုနာသေပင်၊ မလာခင်၊ ကြိုတင်ဒါနပြု။
* ဒါနပြုလျှင်၊ မီးလောင်ပြင်၊ တူအင်ထုတ်ဆောင်မှု။
* ခန္ဓာအိမ်မှ၊ မြတ်ဒါန၊ သာရ ဆွဲထုတ်ပြု။

ဒီနံ့- သာရသေချာ၊ ဒါနစေတနာဖြင့်၊ ဝေဘာမပြတ်၊ ပေးလှူအပ်သော အလှူသည်။ သုနီဟတံ- သုနီဟတံဝိယ= အိမ်လောင်မီးမှ၊ ထုတ်ဆောင်ရခဲ့၊ ဥစ္စာကဲ့သို့ပင်။ ဒါယကဿ- ရွှင်လန်းကြည်ဖြူ ပေးလှူသောသူ၏ သာလျှင်။ အတ္ထာယ- မဂ်ဖိုလ်နိဗ္ဗာန်၊ အမှန်ရမည့်၊ ဘဝထိအောင်၊ အဆောင်အဆန်း၊ အခေါင်တန်းမှ၊ အောင်းပန်းရပြန့်၊ ပြုံးဟန်တစ်မျိုး၊ သုံးဆောင်ရန်အကျိုးငှာ။ ဟောတိ- မြေကြီးလက်ခတ်၊ မလွဲလတ်ဘဲ၊ အမြဲတစေ၊ ဖြစ်ရပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

မီးလောင်နေတဲ့ ခန္ဓာအိမ်ကြီးထဲကနေပြီးတော့ သာရ အနှစ်လို့ခေါ်ဆိုတဲ့ ဒါနစေတနာ ထုတ်ဆောင်ဆွဲယူပြီး လှူတဲ့အလှူဟာ မီးလောင်နေတဲ့လူတွေ နေတဲ့ လူတွေရဲ့အိမ်ကြီးထဲမှ ဆွဲထုတ်ပြီး ရယူခဲ့တဲ့ ပစ္စည်းဥစ္စာတွေ အိမ်သူ အိမ်သား လူအများတွေအတွက် အသုံးဝင် အကျိုးများသလို ပေးလှူတဲ့ အလှူ ဒါယကာ၊ ဒါယိကာမတွေမှာ မဂ် ဖိုလ် နိဗ္ဗာန်ရရောက်သည်အထိ ကောင်းကျိုး တရားတွေ များများစားစားကြီး တိုးပွားသွားတယ်လို့ မှတ်သားလိုက်ပါ။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ဒါနစေတနာ၊ ဆွဲထုတ်ခါ၊ ဝေဆာပေးလှူလျှင်။
* အိမ်လောင်မီးမှ၊ ထုတ်ဆောင်ရ၊ ဥစ္စာလှသို့ပင်။
* လှူဒါန်းသူသာ၊ ကောင်းကျိုးဖြာ၊ ရကာမဂ်ဖိုလ်ဝင်။

http://www.dhammadownload.com



*နိဗ္ဗာန်အထိ၊ ကောင်းကျိုးရှိ၊ ရစ်၏မလွဲပင်။

မီးလောင်နေတဲ့ အိမ်ကြီးထဲက ဆွဲထုတ်လို့ရတဲ့ ဥစ္စာပစ္စည်းတွေဟာ တစ်ဘဝ တစ်ခဏလောက်ပဲ သုံးဆောင်ဖို့ ကောင်းကျိုးရှိတယ်။ ရာဂစတဲ့ မီးလောင်နေတဲ့ ခန္ဓာအိမ်ကြီးထဲက ဆွဲထုတ်လို့ရတဲ့ ဒါနစေတနာတရားကတော့ မဂ် ဖိုလ်နိဗ္ဗာန်အထိ ကောင်းကျိုးရှိသွားပါတယ်။

မေး။ ။ ဒီလိုဆိုရင် မီးလောင်နေတဲ့လူတွေနေရာ အိမ်ဂေဟာကြီးထဲက ဆွဲထုတ်လို့ရတဲ့ ပစ္စည်းဥစ္စာနဲ့ ခန္ဓာအိမ်ကြီးထဲက ဆွဲထုတ်လို့ရတဲ့ ဒါနစေတနာ ဘယ်အရာက တန်ဖိုးရှိသလဲ။

ဖြေ။ ။ ဒါနစေတနာက တန်ဖိုးရှိပါတယ်ဘုရား။

မေး။ ။ ဒါဆိုရင် ဒါနကို ရှောင်ရမှာလား၊ ဆောင်ရမှာလား။

ဖြေ။ ။ ဆောင်ရမှာပါဘုရား။

မေး။ ။ ဒါနဆောင်ရင် ဘာဖြစ်မှာပါလိမ့်။

ဖြေ။ ။ စီးပွားဥစ္စာတွေ များပြားချမ်းသာပြီး ဘဝတိုင်း အောင်မြင်မှာပါ ဘုရား။

ကဲ– ဒါဆိုရင် လင်္ကာလေးတွေ လိုက်ဆိုကြ

*ဒါနဆောင်ရင်၊ ဖြစ်ရာတွင်၊ အောင်မြင်ချမ်းသာမယ်။

*ဒါနရှောင်ရင်၊ ဖြစ်ရာတွင်၊ လူရှင်မွဲလိမ့်မယ်။

*ဒါနဆောင်ပါ၊ ဖြစ်လေရာ၊ မျက်နှာကြီးရမယ်။

*ဒါနရှောင်ခွာ၊ ဖြစ်လေရာ၊ မျက်နှာငယ်ရမယ်။

မေး။ ။ တရေးနာပရိသတ် မျက်နှာကြီးချင်သလား၊ မျက်နှာငယ်ချင်သလား။

ဖြေ။ ။ မျက်နှာကြီးချင်ပါတယ်ဘုရား။

မေး။ ။ မျက်နှာကြီးချင်ရင် ဘာလုပ်ရမလဲ။

ဖြေ။ ။ ဒါနကို ဆောင်ရမှာပါဘုရား။

ကဲ– နုတ်သားလျှောက်ထားတဲ့ ကတိယဂါထာကို ဆက်ပြီးတော့ နာကြည့်ကြရအောင်

၃။ ဒိန္နံ သုခဖလံ ဟောတိ၊ နာဒိန္နံ ဟောတိ တံ တထာ။
စောရာ ဟရန္တိ ရာဇာနော၊ အဂ္ဂိ ဍဟတိ နဿတိ။

ဒိန္နံ– စေတနာဖြူဖွေး၊ အရေးယူမှတ်၊ ပေးလှူအပ်သောအလှူသည်။

http://www.dhammadownload.com



သုခဖလံ– ချမ်းသာတိုးဘိ၊ အကျိုးရှိသည်။ ဟောတိ– အမြဲတစေ၊ ဖြစ်ပါပေ၏။ အဒိန္န– မဖွေးမဖြူ၊ မပေးလှူခြင်းသည်။ သုခဖလံ– ချမ်းသာတိုးဘိ၊ အကျိုးရှိသည်။ နဟောတိ– ဘယ်ခါပိုင်ပိုင်၊ မဖြစ်နိုင်ပါချေ။ တထာ– ဆိုပြမှား၊ ထိုမှတစ်ပါး။ တံခနံ– မပေးရက် မလှူရက်၊ သိုဝှက်သိမ်းဆည်း၊ ထိုပစ္စည်းကို။ စောရာ– အဆိုးပထမ၊ သူခိုးတေပြတို့သည်။ ဟရန္တိ– ခိုးယူတိုက်ခါ၊ ဆောင်သွားကြပါကုန်၏။ ရာဇာနော– တိုင်းပြည်အုပ်ချုပ်၊ မင်းလုပ်သူတို့သည်လည်း။ ဟရန္တိ– နိုင်ထက်စီးနင်း၊ အတင်းနှေ့ညာ၊ သိမ်းပိုက်ကြကုန်၏။ အဂ္ဂိ– ကြောက်စရာကောင်း၊ မီးအပေါင်းသည်လည်း။ ဒဟတိ– အမြဲတစေ၊ လောင်တတ်ပေ၏။ နဿတိ– ထားသည့်နေရာ၊ ကာလကြာသဖြင့်၊ မှန်စွာသိမှတ်ပျောက်ပျက်တတ်၏။

ဒီဂါထာဆိုလိုရင်းက "ပေးလှူရင် ချမ်းသာတဲ့အကျိုးရှိတယ်၊ မပေးမလှူရင် ချမ်းသာတဲ့အကျိုး မရှိဘူး။ နောက်ပြီး မပေးရက်၊ မလှူရက် သိုဝှက်သိမ်းထားတဲ့ အဲဒီစီးပွားဥစ္စာ ရတနာ ရွှေငွေ အထွေထွေကို သူခိုး တေပြတွေက ခိုးယူတိုက်ခိုက် (လုယူတိုက်ခိုက်) သွားတတ်ကြတယ်။ မင်းတွေကလည်း ပြည်သူပိုင်သိမ်းယူသွားတတ်ကြတယ်။ မီးလည်း လောင်သွားတတ်တယ်။ ထားသည့်နေရာ ကာလကြာသွားရင်လည်း ပျောက်တတ်တယ်၊ ပျက်စီးတတ်တယ်" လို့ ဆိုလိုရင်းပါပဲ။

မေး။ ။ ဒီတော့ တရားနာပရိသတ် ချမ်းသာချင်ရင် ဘာလုပ်ရမလဲ။
ဖြေ။ ။ ပေးလှူရမှာပါဘုရား။
မေး။ ။ သူများဥစ္စာလိုချင်ရင် ဘာလုပ်ရမလဲ။
ဖြေ။ ။ ကိုယ့်ဥစ္စာအရင်ပေးရမှာပါဘုရား။

လောကမှာ ရှိနေတဲ့လူတွေကလေး သူများဆီက ဥစ္စာကိုတော့ အရင်လိုချင်ကြတယ်၊ ကိုယ့်ဥစ္စာကျတော့ အရင်မပေးချင်ကြဘူး။ ဒီတော့ လူတွေရဲ့ သဘောနဲ့ တရားသဘောဟာ တော်တော်ကွာခြားနေတယ်နော်။ လူ့သဘောနဲ့ တရားသဘောတူညီအောင် ကျင့်ကြံကြိုးစား ပွားများအားထုတ်ကြပါလို့ တိုက်တွန်းနှိုးဆော်ခဲ့ပါတယ်။

ကဲ– ဒီဂါထာအတိုင်း စီထားတဲ့ လင်္ကာဆောင်ပုဒ်အတိုချုပ်လေးတွေ လိုက်ဆိုကြ

*ပေးလှူပါက၊ ချမ်းသာရ၊ များလှအကျိုးရှိ။

http://www.dhammadownload.com



*မပေးကြရင်၊ ချမ်းသာစင်၊ လူ့ရှင်ကျိုးမရှိ။
*မလှူဒါန်းရင်၊ ချမ်းသာစင်၊ လူ့ရှင်ကျိုးမရှိ။
*မပေးမလှူ၊ ပစ္စည်းမူ၊ ခိုးသူခိုးယူ၏။
*မင်းဘေး မီးဘေး၊ ပျောက်ပျက်ဘေး၊ မနေးကြုံတတ်၏။
*ချမ်းသာချင်ရင်၊ များလှူရှင်၊ အစဉ်ပေးလှူပါ။
*သူ့ဥစ္စာပင်၊ ကိုယ်လိုချင်၊ အရင်ကိုယ်ပေးပါ။

မေး။ ။ မပေးမလှူတဲ့ ပစ္စည်းဥစ္စာတွေ ဘယ်လိုဘေးတွေနဲ့ တွေ့ကြုံတတ်သတဲ့လဲ။

ဖြေ။ ။ သူခိုးဓားပြဘေး၊ မင်းဘေး၊ မီးဘေး၊ ပျောက်ပျက်ဘေးတွေနဲ့ တွေ့ကြုံတတ်ပါတယ်ဘုရား။

မေး။ ။ အဲဒီဘေးတွေနဲ့ မတွေ့ချင်ဘူးလား။

ဖြေ။ ။ မတွေ့ချင်ပါဘူးဘုရား။ (အဲဒီဘေးတွေရဲ့ အမည်မျှပင် မကြားချင်ပါဘူးဘုရား။)

ဒါဆိုရင် တရားနာပရိသတ် နောင်ဘဝမှာ ခေါင်ကနေရမယ့် ဒါနတရားကြီးကို ဆောင်ထားကြပါ၊ ဒါနပြုဖို့ မမေ့ကြပါနဲ့လို့ မှာကြားခဲ့ပါတယ်။

*ဒါနဆောင်မှ၊ နောင်ဘဝ၊ ခေါင်ကနေရမည်။
*ဒါနတရား၊ မေ့မထား၊ ကြိုးစားပြုရမည်။
*ဒါနရှိအောင်၊ သတိဆောင်၊ မယ်မောင်ကျင့်ရမည်။

ကဲ– နတ်သားလျှောက်ထားတဲ့ နောက်ဆုံး စတုတ္ထဂါထာ ဆက်ပြီး နာကြည့်ကြပါ။

၄။ အထ အန္တေန ဇဟာတိ၊ သရီရံ သပရိဂ္ဂဟံ။
ဧတဒညာယ မေဓာဝီ၊ ဘုဉ္ဇေထစ ဒဒေထစ။
ဒတွာစ ဘုတွာစ ယထာနုဘာဝံ၊
အနိန္ဒိတော သဂ္ဂမုပေတိ ဌာန န္တိ။

အထ– ထိုသို့ မီး+ မင်း+ ခိုးသူ၊ မယူမဖျက်၊ နောင့်ယှက်မှုကင်း၊ ကျန်ကာကြွင်းသော၊ နေခဲ့ပါလျှင်လည်း။ အန္တေန– ခန္ဓာကြွေကျ၊ သေဆုံးရသဖြင့်။ သရီရံ– အချစ်ဆုံးဆို၊ မိမိကိုယ်ကိုလည်းကောင်း။ သပရိဂ္ဂဟံ– မိမိသိမ်းထား၊ စီးပွားဥစ္စာ၊ ရတနာရွှေငွေ၊ အထွေထွေကိုလည်းကောင်း။ ဇဟာတိ– မလွှဲသာလွှဲသာ၊ အသည်းနာ၍၊ ခွဲခွါခွဲခါ၊ စွန့်ပစ်ခဲ့ရပါပေ၏။

http://www.dhammadownload.com



တရားနာပရိသတ် သေသေချာချာ စဉ်းစားတွေးတောပြီးတော့ ကြည့်နော်။ မီးတွေ မင်းတွေ ခိုးသူတွေ မယူသေး မဖျက်သေး မပျောက်မပျက်သေးဘဲ ပစ္စည်းတွေ ကျန်နေသေးတယ်ဆိုရင်လည်း သေသွားတဲ့အခါကျတော့ မိမိ အင်မတန် အချစ်ဆုံးဖြစ်တဲ့ ခန္ဓာကိုယ်ကြီးနဲ့ ရာထူးဂုဏ်သိန် အရှိန်အဝါအားလုံး ပါမကျန် ကိုယ်တိုင်ရှာဖွေ စုဆောင်းသိမ်းဆည်းထားတဲ့ စီးပွားဉစ္စာ လယ်ယာ ရွှေငွေ အားလုံးသော ပစ္စည်းတွေကို မလွဲချင်ဘဲနဲ့ လွှဲ၊ မခွဲချင်ဘဲနဲ့ ခွဲပြီးတော့ (စွန့်ပစ်ခဲ့ပြီးတော့) သွားကြရတယ်။

တိုတိုကျဉ်းကျဉ်း လိုရင်းပြောမယ်ဆိုရင် သက်ရှိ သက်မဲ့အားလုံးကို စွန့်ပစ်ပြီး (ထားခဲ့ပြီး) သွားကြရတယ်လို့ မှတ်လိုက်ပါ။

တော်– ဤသို့ဟောပြော၊ ဤသို့သောတရားသဘောကို။ အညာယ– မှန်စွာမိမိ၊ မြန်စွာသိ၍။ မေဓာဝီ– ခုနောင်ဘဝ၊ ချမ်းသာရဲကြောင်း၊ အကောင်း မြင်သိ၊ ပညာရှိသည်။ ဘုဥ္စေထစ– ကိုယ်တိုင်လည်းပဲ၊ အမြဲခါခါ၊ သုံးဆောင် စားသောက်ရာ၏။ ဒဒေထစ– ကြည်ဖြူသနား၊ သူတစ်ပါးတို့အားလည်း၊ တရားသိကာ ပေးလှူရာ၏။

အဲဒီသက်ရှိသက်မဲ့အားလုံးကို စွန့်ပစ်ထားပစ်ခဲ့ပြီး သွားရတဲ့အဖြစ်တရား သဘောကို စစ်ကြောသိမြင်ပြီးတော့ ခုဘဝ နောက်ဘဝ ချမ်းသာရမယ့်အကြောင်း တွေကို ကောင်းကောင်းမြင်သိတဲ့ ပညာရှိပုဂ္ဂိုလ်ဟာ ကိုယ်တိုင်လည်း အားရ ပါးရ စားသုံးရမယ်၊ သူတစ်ပါးတွေကိုလည်းပဲ နည်းများမဟူ စိတ်ကြည်ဖြူ ကာ ပေးလှူရမယ်နော်။

ပညာရှိဆိုတာ ဒါနရှိတဲ့ (ဒါနပြုတဲ့) သူဟာ ခုဘဝ နောက်ဘဝ ချမ်းသာရမယ့်အကြောင်းတွေကိုကြောင်းနေတာလို့ (လုပ်ကိုင်နေတာလို့) သေသေ ချာချာ ကောင်းစွာထိမိ သိရှိတဲ့သူတွေပါပဲ။

(ပညာရှိဆိုတာ ကိုယ်တိုင်လည်းစားရမယ်၊ သူတစ်ပါးလည်း ပေးရမယ် လှူရမယ်။

ကိုယ်တိုင်လည်း မစားဘူး သူတစ်ပါးလည်း မပေးမလှူဘူးဆိုရင် ဒါ ပညာရှိမဟုတ်တော့ဘူး၊ ပညာမဲ့လို့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား)

ကဲ– ရှေ့ဆက်ကြရအောင်

ဒတွာစ– သဒ္ဓါဖွေးဖြူ ပေးလှူပြီး၍လည်းကောင်း၊ ဘုတွာစ– ကိုယ် တိုင်မနည်း၊ သုံးဆောင်ပြီး၍လည်းကောင်း။ အနိန္ဒိတော– ဘုရားစသည့်၊ ပညာ ရှိအပေါင်း၊ သူတော်ကောင်းတို့၏၊ နှစ်ထောင်းအားရ၊ အချီးမွမ်းခံရသည်ဖြစ်၍

http://www.dhammadownload.com



လှူလည်းလှူ၊ စားလည်းစားတဲ့ပုဂ္ဂိုလ်မျိုးတွေကို ဘုရားစတဲ့ ပညာရှိတွေက သဘောကျတယ်၊ နှစ်သက်တယ်၊ ချီးမွမ်းတယ်လို့ မှတ်သားပါ။

ယထာနုဘာဝံ– ကောင်းမှုတရား၊ အစားစား၏၊ မျှားပြားရှိန်စော်၊ တန်ခိုးအာနုဘော်အလျောက်။ ဌာနံ– ကောင်းမှုရှိသူ၊ များရှင်လူတို့၏၊ မချို့စင်စစ်၊ တည်ရာဖြစ်သော။ သဂ္ဂံ– နတ်ပြည်လောက၊ ဘုံဘဝသို့။ ဥပေဟိ– မလွဲသေချာ၊ ရောက်ရပါ၏။ ဣတ်– ဤသို့ရောက်လာ၊ ဤသို့သာလျှင်။ အဘာသိ– နတ်သားဒေဝါ၊ လျှောက်ဆားလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

"ကောင်းမှုရဲ့တန်ခိုးရှိန်စော် အာနုဘော်အလျောက် ကောင်းမှုရှိတဲ့သူတွေရဲ့ တည်ရာဖြစ်တဲ့ (ခိုနားရာဖြစ်တဲ့) နတ်ပြည်ကို လှူလည်း လှူ၊ စားလည်းစားတဲ့သူတွေ ရောက်ရတယ်" လို့ နတ်သားက အားရပါးရ လျှောက်ထားပြပါတယ်။

ကဲ– ဒီဂါထာလာတဲ့အတိုင်း စီသားတဲ့ လင်္ကာဆောင်ပုဒ်တွေ လိုက်ဆိုကြပါ။

*မင်း+ ခိုးသူ+ မီး၊ မပျက်စီး၊ ကျန်ပြီးဥစ္စာတွေ။
*သူ ငါ မုချ၊ သေဆုံးက၊ စွန့်ရမှာပဲလေ။
*သူ ငါ မုချ၊ သေဆုံးက၊ စွန့်ရကိုယ့်ကိုလေ။
*ကိုယ်ပိုင်သိမ်းထား၊ ကိုယ့်စီးပွား၊ စွန့်သွားရမယ်လေ။
*မလွှဲသာလွှဲသာ၊ အသည်းနာ၊ ခွဲခွာစွန့်ရပေ။
*သက်ရှိသက်မဲ့၊ အားလုံးကွဲ့၊ ထားခဲ့ရမှာတွေ။
*သက်ရှိသက်မဲ့၊ အားလုံးကွဲ့၊ စွန့်ခဲ့ရမှာတွေ။
*တရားသိမြင်၊ ပညာရှင်၊ ကိုယ်ပင်စားသုံးလေ။
*တရားသိမြင်၊ ပညာရှင်၊ အစဉ်လှူပေးဝေ။
*လှူလည်းလှူကာ၊ စားသုံးတာ၊ မြတ်စွာချီးမွမ်းပေ။
*လှူပြီးစားရင်၊ ကောင်းမှုရှင်၊ လွတ်အင်ကဲ့ရဲ့တွေ။
*စား+ လှူပြီးရင်၊ ကောင်းမှုရှင်၊ ရောက်အောင်ထက်နတ်ပြေ။

မေး။ ။ ဒီနေ့ ဟောပြီးခဲ့တဲ့တရားက ဘာတရားတဲ့လဲ။
ဖြေ။ ။ "မီးလောင်အိမ်မှ+ ဆွဲထုတ်ကြ" တရားတော်ပါဘုရား။

လူတို့နေရာ မီးလောင်နေတဲ့ အိမ်ဂေဟာကြီးထဲမှ အိုးခွက်စတဲ့ သုံးဆောင်

http://www.dhammadownload.com



စရာ ပစ္စည်းဥစ္စာတွေကို အကျိုးရှိစွာ သုံးဖို့ရာအတွက် အမြဲနေ့ည ဆွဲထုတ်ပြီးတော့ ယူကြပါ။

အိုမီး သေမီး စတဲ့ မီး (၁၁) ပါး အမြဲတစေ တောက်အောင်ပြီး အနှိပ်စက်ခံနေရတဲ့ ခန္ဓာအိမ်ကြီးထဲမှလည်း သာရသေချာ ဒါနစေတနာတရားဖြင့် မမှားပိုင်ပိုင် ဆွဲထုတ်ယူနိုင်ကြပါစေဆိုတဲ့ အနေအားဖြင့် ဦးဇင်းသည် အာဒိတ္တသုတ်တော်ကို တန်ဆာဆင်၍ "မီးလောင်အိမ်မှ+ ဆွဲထုတ်ကြ" တရားတော်ရေအေးကို ဟောဖော်တိုက်ကျွေးခဲ့ပါတယ်။

*မီးလောင်အိမ်မှ၊ ဆွဲထုတ်ကြ၊ ဟောပြတရားတော်။
*ဤနေရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးပြီနော်။
အားလုံး သာဓုလိုက်ခေါ်ကြ။
သာဓု၊ သာဓု၊ သာဓုပါဘုရား။

မှတ်ချက်။ ။ * ဤတရားတော်ကို ရတနာသုံးပါး ပူဇော်ပွဲတိုင်း၊ အလှူပွဲတိုင်း၊ မွေးနေ့ပွဲတိုင်း၊ မင်္ဂလာပွဲတိုင်း၊ ပွဲပေါင်းစုံ ဟောနိုင်ပါသည်။

*နံနက်ဆွမ်း+ နေ့ဆွမ်းကပ်ပြီးဟောသော အခါမျိုး၌ ဂါထာအနက်များ၊ ကဗျာလင်္ကာများ မလိုအပ်ပါ။ ဂါထာပါဠိကို မြန်မာပြန်သဘောမျှ ဟောပြပါက ပြည့်စုံပါပြီ၊ မေးဖြေများ မလိုပါ။

*ညတရားပွဲများ ဟောကြားရာ၌ကား အပြည့်အစုံဂါထာပါဠိ+ အနက်+ လင်္ကာအားလုံး သုံးနိုင်ပါသည်။

✪

http://www.dhammadownload.com

## သံယုတ္တနိကာယ+ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ ဒေဝတာသံယုတ်+ အာဒိတ္တဝဂ်+ ကိံဒဒသုတ်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "အမေးငါးဖြာ + ဖြေကြားပါ" တရားတော်

ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော် ကိန်းအောင်းပျော်နေတဲ့အချိန် နတ်သားတစ်ယောက် လာရောက်ပြီးတော့ အမေး ငါးဖြာ မေးလျှောက်ပါတယ်။

ဘယ်လို မေးလျှောက်လိုက်သလဲဆိုရင်

၁။ ကိံ ဒဒေါ ဗလဒေါ ဟောတိ (မြတ်စွာဘုရား၊ ဘယ်အရာကို ပေးလှူတဲ့ သူဟာ ခွန်အားကို ပေးလှူရာရောက်ပါသလဲ)

၂။ ကိံ ဒဒေါ ဟောတိ ဝဏ္ဏဒေါ (အဘယ်အလှူကို လှူတဲ့သူဟာ အဆင်းကို လှူရာရောက်ပါသလဲ)

၃။ ကိံ ဒဒေါ သုခဒေါ ဟောတိ (ဘယ်လိုဝတ္ထုကို ပေးလှူတဲ့သူဟာ ချမ်းသာကို ပေးလှူရာရောက်ပါသလဲ)

၄။ ကိံ ဒဒေါ ဟောတိ စက္ခုဒေါ (ဘယ်လိုအလှူကို ပေးလှူတဲ့သူဟာ မျက်စိကို ပေးလှူရာရောက်ပါသလဲ)

၅။ ကော စ သဗ္ဗ ဒဒေါ ဟောတိ (ဘယ်လိုအရာဝတ္ထုမျိုးတွေကို ပေးလှူတဲ့သူဟာ များပြားညသုံ အလုံးစုံကို ပေးလှူရာရောက်ပါသလဲ) လို့ ဒီလို အမေးငါးဖြာ မေးလျှောက်လိုက်ပါတယ်။

အဲဒီ အမေးငါးဖြာ လင်္ကာလိုက်ဆိုကြ။

၁။ ခွန်အားလှူရာ၊ ရောက်အောင်သာ၊ ဘာလှူရမှာလဲ။
၂။ အဆင်းလှူရာ၊ ရောက်အောင်သာ၊ ဘာလှူရမှာလဲ။
၃။ ချမ်းသာလှူရာ၊ ရောက်အောင်သာ၊ ဘာလှူရမှာလဲ။
၄။ မျက်စိလှူရာ၊ ရောက်အောင်သာ၊ ဘာလှူရမှာလဲ၊

http://www.dhammadownload.com



၅။ လုံးစုံလှူရာ၊ ရောက်အောင်သာ၊ ဘာလှူရမှာလဲ။

တံ မေ အက္ခာဟိ ပုစ္ဆိတောတိ (ဤသို့မေးမြန်းလျှောက်ထားအပ်သော မြတ်စွာဘုရားသည် တပည့်တော်အား ထိုအလှူ၏အကျိုးတရားကို ရှင်တော်မြတ်ဘုရား ဖြေကြားတော်မူပါဘုရား) လို့ ရွတ်ဆိုလျှောက်ထားပါတယ်။

အဲဒီလို ရွတ်ဆိုလျှောက်ထားတော့ ဘုရားရှင်ကိုယ်တော်မြတ်က

၁။ အန္နဒေါ ဗလဒေါဟောတိ (အစားအစာကို ပေးလှူတဲ့သူဟာ ခွန်အားကို ပေးလှူရာရောက်တယ်။)

၂။ ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ (အဝတ်အထည် သင်္ကန်းကို ပေးလှူတဲ့သူဟာ ရုပ်ရည်အဆင်း လှပခြင်းကို ပေးလှူရာရောက်တယ်။)

၃။ ယာနဒေါ သုခဒေါဟောတိ (ယာဉ်အမျိုးမျိုးနဲ့ ယာဉ်ခတွေ၊ ယာဉ်လက်မှတ်တွေကို ပေးလှူတဲ့သူဟာ ချမ်းသာသုခအဝဝကို ပေးလှူရာရောက်တယ်။)

၄။ ဒီပဒေါဟောတိ စက္ခုဒေါ (ဆီမီး၊ ဓာတ်မီး၊ လျှပ်စစ်မီးစတဲ့ ဆီမီးတန်ဆောင် အရောင်အလင်းတွေကို ပေးလှူတဲ့သူဟာ မျက်စိကို လှူရာရောက်တယ်။)

၅။ သော စ သဗ္ဗဒေါဟောတိ၊ ယောဒဒါတိ ဥပဿယံ။ (ဇရပ်၊ တန်ဆောင်း၊ အမြတ်ကျောင်းများ၊ အစား စားကို ပေးလှူတဲ့သူဟာ အလုံးစုံကို ပေးလှူရာရောက်တယ်။) လို့ ဖြေကြားတော်မူပါတယ်။

အဲဒီလို ဘုရားရှင်ရဲ့ ဖြေကြားလွှာငါးမျိုး လင်္ကာလေး လိုက်ဆိုကြ

၁။ ခွန်အားလှူရာ၊ ရောက်အောင်သာ၊ လှူပါစားစာပဲ။

၂။ အဆင်းလှူရာ၊ ရောက်အောင်သာ၊ လှူပါသင်္ကန်းပဲ။

၃။ ချမ်းသာလှူရာ၊ ရောက်အောင်သာ၊ လှူပါယာဉ်ကိုပဲ။

၄။ မျက်စိလှူရာ၊ ရောက်အောင်သာ၊ လှူပါဆီမီးပဲ။

၅။ လုံးစုံလှူရာ၊ ရောက်အောင်သာ၊ လှူပါကျောင်းကိုပဲ။

ဘုရားမြတ်စွာ၊ ဖြေကြားလွှာ၊ သိကာလှူအမြဲ။

နတ်သားက မမေးမလျှောက်ပေမယ့် ဘုရားရှင်ကိုယ်တိုင်မေးပြီး ကိုယ်တိုင်ဖြေလိုက်တဲ့ အမေးနဲ့ အဖြေက

* "နိဗ္ဗာန်လှူရာ၊ ရောက်အောင်သာ၊ ဘာလှူရမှာလဲ။
* နိဗ္ဗာန်လှူရာ၊ ရောက်အောင်သာ၊ လှူပါတရားပဲ။

http://www.dhammadownload.com



* နိဗ္ဗာန်လှူရာ၊ ရောက်အောင်သာ၊ ဟောပါတရားပဲ။
* နိဗ္ဗာန်လှူရာ၊ ရောက်အောင်သာ၊ နာပါတရားပဲ။
* နိဗ္ဗာန်လှူရာ၊ ရောက်အောင်သာ၊ သင်ပါတရားပဲ။
* နိဗ္ဗာန်လှူရာ၊ ရောက်အောင်သာ၊ ပွားပါတရားပဲ။
* နိဗ္ဗာန်လှူရာ၊ ရောက်အောင်သာ၊ မေးလာ ဖြေအမြဲ" လို့ ကိုယ်တိုင် မေးကာ ကိုယ်တိုင်ဖြေတော်မူပါတယ်။

မအို မနာ မသေရာဖြစ်တဲ့ အမြိုက်နိဗ္ဗာန်ကို လှူရာရောက်အောင် ဘာလှူရမလဲဆိုရင် တရားစာအုပ်တွေ လှူရမယ်၊ တရားဟောရမယ်၊ တရားနာရမယ်၊ တရားစာတွေ ကိုယ်တိုင်သင်ယူပြီး သူတစ်ပါးတွေကိုလည်း သင်ပေးရမယ်။ တရားတွေ ကျင့်ကြံကြိုးစား ပွားများအားထုတ်ရမယ်။ အမေးပုစ္ဆာတွေကို ရှင်းလင်းဖြေကြားပေးရမယ်။ ကမ္မဋ္ဌာန်းတရားတွေ ပြသပေးရမယ်။ အဲဒီတရားစာအုပ်တွေ လှူဒါန်းခြင်းစတဲ့ လုပ်ငန်းတွေဟာ သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်ရာလွတ်ကြောင်း လမ်းကောင်းလမ်းမြတ်ကို ပြသရာရောက်တဲ့အတွက် အမြိုက်နိဗ္ဗာန်ကို ပေးလှူရာရောက်တယ်လို့ မှတ်ပါ။

ယနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ

၁။ ခွန်အားကြီးအောင် အစားအစာ။
၂။ အဆင်းလှအောင် အဝတ်သင်္ကန်း။
၃။ ချမ်းသာကြီးအောင် ယာဉ်အမျိုးမျိုး၊ ယာဉ်ခ ယာဉ်လက်မှတ်။
၄။ မျက်စိကောင်းအောင်၊ မျက်စိလှအောင်၊ မျက်မှန်တွေမကပ်ရအောင် မီးပျက်တဲ့မြို့ရွာ ရုပ်ကွက်တွေမှာ လူမဖြစ်ရအောင် ဆီမီး။
၅။ အလုံးစုံလှူရာရောက်အောင် (အလုံးစုံရအောင်) ကျောင်း။
၆။ အို နာ သေကင်းရာ အမြိုက်နိဗ္ဗာန်ကို လှူရာရောက်အောင် စာအုပ် စာပေ ဟော နာ သင်ကြား ကြိုးစားခါခါ လှူဒါန်းမှုတော်သွားကို ပြု ပါစေဆိုတဲ့ အနေအားဖြင့် "ကိံဒဒ" သုတ်တော်ကို တန်ဆာဆင်ပြီး "အမေးငါးဖြာ+ ဖြေကြားပါ" ဆိုတဲ့ တရားတော်ကို ဟောပေးခဲ့ပါ တယ်။

နတ်သားက ဘုရားရှင်ကို အမေးငါးဖြာ မေးပြီး ဖြေကြားပေးတော်မူပါလို့ လျှောက်ထားချက်ကို ယူပြီးတော့ ဒီနေ့ ဟောခဲ့တဲ့တရားတော်ကို "အမေးငါးဖြာ+ ဖြေကြားပါ" လို့ အမည်ပေးလိုက်တာပါပဲ။

http://www.dhammadownload.com



ကဲ– တရားလင်္ကာလေး ဆိုပြီး တရားသိမ်းကြရအောင်
*အမေးငါးဖြာ၊ ဖြေကြားပါ၊ ရွှေစာတရားတော်။
*ဒီနေရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးပြီနော်။
သာဓု၊ သာဓု၊ သာဓုပါဘုရား။

မှတ်ချက်။ ။ *ဤတရားတော်ကို ဆွမ်းကပ်ပွဲတိုင်း။ ဝါဆို၊ ကထိန် သင်္ကန်းကပ်ပွဲတိုင်း။ ယာဉ်အလှူပွဲတိုင်း။ (ထီး၊ ဖိနပ်၊ တောင်ဝှေး၊ ကား၊ ရထား၊ လှေ၊ သင်္ဘော၊ လေယာဉ်၊ ကုလားထိုင်၊ ထိုင်ခုံ ဆိုဖာစသည်များလည်း ယာဉ်စာရင်း တွင် ပါဝင်ကြ၍၊ ၎င်းပစ္စည်းများ တစ်ခုခု၊ သို့မဟုတ် အများ လှူဒါန်းပွဲတိုင်း) မီးပူဇော်ပွဲတိုင်း။ ကျောင်းလှူ ပွဲတိုင်း။ ပိဋကတ်စာအုပ် လှူဒါန်းပွဲတိုင်း။ တရားပွဲ တိုင်း။ ပွဲမျိုးစုံ ဟောနိုင်ပါသည်။

*ဤတရားတော်၌ တိုတိုကျဉ်းကျဉ်း လိုရင်းမိအောင် ဂါထာအနက်များ ကို ချန်လှပ်ပြီး တစ်မျိုးတစ်ဖုံ အသိစုံအောင် စီစဉ်လိုက်ပါ၏။

*အမေးငါးဖြာနှင့် ဖြေကြားလွှာငါးခုကို တစ်ခုမေး တစ်ခုဖြေ အမေးနှင့် အဖြေ တစ်ခါတည်း တွဲစပ်ပြီးလည်း ဟောနိုင်ပါသည်။

မေး။ ။ ခွန်အားလှူရာ၊ ရောက်အောင်သာ၊ ဘာလှူရမှာလဲ။
ဖြေ။ ။ ခွန်အားလှူရာ၊ ရောက်အောင်သာ၊ လှူပါစားစာပဲ။

ဤသို့စသည်တွဲပြီး ဟောပါက ပိုပြီးသဘောပေါက် နားလည်နိုင်ပါ၏။
ဤတရား ရေးသားရာ၌ကား အမေး+ အဖြေ သီးသန့်ပြထား ရေးထား ပါ၏။

✪

http://www.dhammadownload.com

# သံယုတ္တနိကာယ+ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ ဒေဝတာသံယုတ်+ အာဒိတ္တဝဂ်+ ဇေတဝနသုတ်တော်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "ရုပ်နာမ်ဆင်ခြင် + သစ္စာမြင်" တရားတော်

မေး။ ။ ယနေ့ ဒကာ ဒကာမတွေကို ဟောကြားမယ့်တရားက ဘာတရား တဲ့လဲ။

ဖြေ။ ။ "ရုပ်နာမ်ဆင်ခြင်+ သစ္စာမြင်" တရားတော်ပါဘုရား။

အေး အဲဒီတရားတော်ကို ဟောကြ နာကြရအောင်။

အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန် ကျောင်း ကိန်းအောင်းစံပျော် နေတော်မူတဲ့အချိန် ညဦ့တစ်ညဦ့ရဲ့ သန်းခေါင် အချိန်မှာ အနာထပိဏ်နတ်သား လာရောက်ပြီးတော့ ဂါထာလေးပုဒ် ရွတ်ဆို လျှောက်ထားပါတယ်။

၁။ ဣဒံ ဟိ တံ ဇေတဝနံ၊ ဣသိသင်္ဃနိသေဝိတံ။
အာဝုတ္ထံ ဓမ္မရာဇေန၊ ပီတိသဉ္ဇနနံ မမ။

ဘန္တေ– ဘုန်းတော်ကြီးမွန်၊ မြတ်စွာဘုရား။ ဣဒံ တံ ဇေတဝနံ– ဇေတဝန်ဟု၊ အမည်ပြုခေါ်၊ ဤကျောင်းတိုက်တော်ကြီးသည်။ (ဝါ) ဇေတဝန်ဟု၊ အမည်ပြုခေါ် ဤကျောင်းတိုက်တော်ကြီးကို။ ဣသိသင်္ဃနိသေဝိတံ– ရဟန်း အပေါင်း၊ သူတော်ကောင်းတို့၊ ကိန်းအောင်းမပြတ်၊ အမြဲမှီဝဲအပ်ရာ၊ နေထိုင်ရာ သည်။ ဟောတိ– ဖြစ်ပါပေ၏။ ဓမ္မရာဇေန– မမှားမယွင်း၊ တရားမင်း ဘုရားသည်။ အာဝုတ္ထံ– တရားရေအေး၊ အမြိုက်ဆေးကို၊ တိုက်ကျွေးပြုံးပျော်၊ အမြဲနေထိုင်တော်မူအပ်ရာလည်း ဖြစ်ပါပေ၏။ (တသ္မာ– ဘုရားမြတ်စွာ၊ သားသံဃာတို့၊ ကြည်သာရွှင်ပြုံး၊ သီတင်းသုံးသော၊ ထိုသဘောကြောင့်။) မမ– အနာထပိဏ်၊ ဂုဏ်သိန်မွှေးစွာ၊ ကျောင်းဒကာဟု၊ ကောင်းစွာပြုခေါ်၊ တပည့်တော်၏။ ပီတိသဉ္ဇနနံ– နှစ်သက်ရွှင်လန်း၊ အစဉ်လွှမ်းသည့်၊ ပီတိတရား၊ အစားစားကို၊ မနားမနေ၊ ဖြစ်ပွားစေပါ၏ဘုရား။

http://www.dhammadownload.com



ဘုန်းတော်ကြီးမား မြတ်စွာဘုရား၊ တပည့်တော် ဆောက်လုပ်လှူဒါန်းထားတဲ့ ဇေတဝန်ကျောင်းတိုက်တော်ကြီးသည် ဘုရားမြတ်စွာနှင့် သံဃာတော်တွေရဲ့ အမြဲနေထိုင်တော်မူရာဖြစ်တဲ့အတွက် တပည့်တော်ရဲ့ စိတ်နှလုံးမှာ ရွှင်ပြုံးနှစ်သက်စေပါတယ် ဘုရား။ ပီတိတရား အစားစား အထွေထွေ ဖြစ်ပွားစေပါတယ် ဘုရားလို့ လျှောက်ထားပါတယ်။

တရားနာပရိသတ် သေသေချာချာ မှတ်နော်။

ဇေတဝန်ကျောင်းတိုက်ဟာ သာမညပုဂ္ဂိုလ်တွေ နေတာမဟုတ်ပါဘူး။ ဘုရားမြတ်စွာနှင့် အရိယာသံဃာတော်တွေ နေတာပါ။ အရိယာသံဃာဖြစ်ဖို့ရန်အတွက် တရားတွေ မနေမနား ကြိုးစားပွားများ အားထုတ်နေတဲ့ သံဃာတော်တွေ နေတာပါ။

မေး။ ။ ဒီတော့ တရားနာပရိသတ်၊ ကျောင်းလှူတဲ့ ကျောင်းဒကာနဲ့ ကျောင်းတိုက်တော်ကြီး ဂုဏ်ရှိသလား၊ ဂုဏ်မရှိဘူးလား။

ဖြေ။ ။ ရှိပါတယ်ဘုရား။

သူတော်ကောင်းတွေ သီလ သမာဓိ ပညာရှိတဲ့သူတွေကို ကျောင်းလှူရရင် အဲဒီသူတော်ကောင်းတွေနေရင် ကျောင်းဒကာလည်း ဂုဏ်ရှိတယ်။ ကျောင်းတိုက်လည်း ဂုဏ်ရှိတယ်။

ဒါ့ကြောင့် ဒကာ ဒကာမတွေ ကျောင်းလှူရင် သီလ သမာဓိ ပညာ စွယ်စုံသာတဲ့ ရဟန်းတော်တွေကို ရွေးချယ်ပြီးတော့ လှူဒါန်းကြပါ။

အဲဒီလို ရွေးချယ်ပြီး လှူဒါန်းလိုက်တော့ စာသင် စာချ ဝါသနာပါတဲ့ ရဟန်းတော်တွေက စာသင်တိုက်ကြီးတွေ တည်ထောင်ပြီး စာသင်စာချလုပ်ငန်းတွေ အားပါးတရ လုပ်နေကြတဲ့အခါ ကျောင်းဒကာတွေလည်း ဂုဏ်ရှိ၊ ကျောင်းတိုက်ကြီးလည်း ဂုဏ်တွေရှိလို့။ ကျောင်းဒကာ အနာထပိဏ်နတ်သား ပီတိတရားတွေ ဖြစ်ပွားရသလို ဖြစ်ပွားရရှိမှာ မလွဲပါဘူး။

တရားဟော တရားပြဝါသနာပါတဲ့ ရဟန်းတော်တွေက ကမ္မဋ္ဌာန်းတရားပြတိုက်ကြီးတွေဖွင့်ပြီး တရားဟော တရားပြလုပ်ငန်းတွေ လုပ်ကိုင်နေကြတဲ့အခါမှာလည်း ကျောင်းဒကာ ကျောင်းဒကာမတွေလည်း ဂုဏ်ရှိ၊ ကျောင်းတိုက်ကြီးလည်း အင်မတန် ဂုဏ်ရှိပါတယ်။ ပီတိတရားတွေ ဖြစ်ပွားရမှာ သေချာပါတယ်။

http://www.dhammadownload.com



ကဲ– အဲဒီဂါထာအပိုင်း စပ်ထားတဲ့ လင်္ကာလေး လိုက်ဆိုကြည့်ရအောင်

* ဇေတဝန်ခေါ်၊ ရွှေကျောင်းတော်၊ နေပျော်ဘုရားပါ။
* ဇေတဝန်ခေါ်၊ ရွှေကျောင်းတော်၊ နေပျော်သားသံဃာ။
* ကျောင်းဒကာခေါ်၊ ဟပည့်တော်၊ ရွှင်ပျော်ပီတိဖြာ။
* ကုသိုလ်တရား၊ အစားစား၊ တိုးပွားနေ့ညပါ။
* ဒကာဂုဏ်ရှိ၊ ကျောင်းဂုဏ်ရှိ၊ ကောင်းသည့်ဘဝပါ။
* ကျောင်းလှူဒါန်းလျှင်၊ ရဟန်းရှင်၊ အစဉ်ရွှေးလှူပါ။

နံပါတ် (၁) ဂါထာက ဇေတဝန်ကျောင်းတိုက်တော်ရဲ့ ဂုဏ်ကျေးဇူးကို ချီးကျူးဖွဲ့ဆို လျှောက်ထားတာဖြစ်တယ်။

၂။ ကမ္မံ ဝိဇ္ဇာ စ ဓမ္မောစ၊ သီလံ ဇီဝိတမုတ္တမံ။
ဧတေန မစ္စာ သုဇ္ဈန္တိ၊ န ဂေါတ္တေန ဓနေနဝါ။

ကမ္မံ– မဂ်ဥ္ဈယာဉ်ပါ၊ စေတနာသည်လည်းကောင်း။ ဝိဇ္ဇာစ– အရိယ မဂ်မှာ၊ ပါရှိပါသည့်၊ ကောင်းသိ ကောင်းကြံ၊ နှစ်ကန်မဂ္ဂ၊ ပညာလှသည်လည်း ကောင်း။ ဓမ္မောစ– အရိယမဂ်မှာ၊ ပါရှိပါသည့်၊ မှန်စွာအားထုတ်၊ မှန်ဟုတ်သတိ၊ မှန်ဘိတည်ကြည် မဂ္ဂင်သုံးလီသည်လည်းကောင်း။ သီလဥ္စ– အရိယာမဂ်မှာ၊ ပါရှိပါသည့်၊ ကောင်းစွာပြော ပြု၊ ကောင်းမှုသက်မွေး၊ သီလရေးပါ၊ မဂ္ဂင်သုံးဖြာ သည်လည်းကောင်း။ (တေသုံ သီလေ ပတိဋ္ဌိတဿ– ဤအရိယာ၊ မဂ်သီလ၌၊ နေ့ညဖြူဖြူ၊ တည်ပြီးသောသူ၏) ဥတ္တမံ– အတုမရှိ၊ လွန်မြတ်ဘိသော၊ ဇီဝိတံ– အပြစ်လွတ်ကင်း၊ အသက်မွေးခြင်းသည်လည်းကောင်း။ အတ္ထိ– စင်စစ်မသွေ၊ ရှိပါပေ၏။ ဧတေန– ဤမဂ္ဂင်ရှစ်ပါး၊ အကျင့်တရားကြောင့်။ မစ္စာ– သူသူငါငါ၊ သတ္တဝါတို့သည်။ သုဇ္ဈန္တိ– ကိလေသာအညစ်အကြေး၊ အပြစ်ဘေးမှ၊ ကင်းဝေးပိုင်ပိုင်၊ စင်ကြယ်နိုင်ကြကုန်၏။ ဂေါတ္တေနဝါ– ထည် ထည်ဝါဝါ၊ ဂုဏ်သာကြီးကျယ်၊ အမျိုးအနွယ်ကြောင့်လည်းကောင်း။ ဓနေနဝါ– ဥစ္စာပစ္စည်း၊ အသီးသီးပေါလှ၊ ပြည့်စုံကြွယ်ဝသောကြောင့်လည်းကောင်း။ နသု ဇ္ဈန္တိ– ကိလေသာအညစ်အကြေး၊ အပြစ်ဘေးတို့မှ၊ မကင်းဝေး မစင်ကြယ်နိုင် ကြကုန်။ ၂။ နသုဇ္ဈန္တိ– ကိလေသာအညစ်အကြေး၊ အပြစ်ဘေးတို့မှ၊ ကင်းဝေး စင်ကြယ်နိုင်ကြသည် မဟုတ်ပါကုန်။

သတ္တဝါတွေ ကိလေသာအညစ်အကြေး အပြစ်ဘေးတွေ ကင်းဝေးစင် ကြယ်တာ ဘာကြောင့်လဲဆိုရင် မဂ္ဂင်ရှစ်ပါး အကျင့်တရားကြောင့် စင်ကြယ် တယ်လို့ မှတ်ပါ။

http://www.dhammadownload.com



အဲဒီမဂ္ဂင်ရှစ်ပါး အကျင့်တရားကိုလည်း သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်လို့ (၃)မျိုး ခွဲခြားပြီး သိရမယ်။

၁။ သီလမဂ္ဂင်= သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။

၂။ သမာဓိမဂ္ဂင်= သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။

၃။ ပညာမဂ္ဂင်= သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ။

အဲဒီလင်္ကာလေးတွေ လိုက်ဆိုကြပါ

* မဂ္ဂင်ရှစ်ဖြာ၊ သီ+ သမာ၊ ပညာခွဲဝေလျှင်။
* ကောင်းပြော+ ပြုကာ၊ သက်မွေးတာ၊ သီလာမြတ်မဂ္ဂင်။
* အားထုတ်ကောင်းပြီ၊ သတိ+ တည်၊ သုံးလီသမာပင်။
* ကောင်းသိ+ ကောင်းစွာ၊ ကြံစည်တာ၊ ပညာမြတ်မဂ္ဂင်။

မဂ္ဂင်ရှစ်ပါးအကျင့်တရားကြောင့် ကိလေသာစင်ကြယ်တာ၊ အမျိုးအနွယ်ကြောင့် စီးပွားဥစ္စာ ချမ်းသာကြွယ်ဝတာကြောင့် ကိလေသာတွေ စင်ကြယ်တာ မဟုတ်ဘူး။ (ကိလေသာ မစင်ကြယ်နိုင်ဘူး) လို့ လျှောက်ထားပါတယ်။

ဒီ နံပါတ်(၂) ဂါထာက အရိယမဂ်ရဲ့ ဂုဏ်ကျေးဇူးကို ချီးကျူးဖွဲ့ဆို လျှောက်ထားတာ ဖြစ်တယ်။

* မဂ္ဂင်ရှစ်ဖြာ၊ ကျင့်မှသာ၊ ဝေးကွာကိလေစင်။
* မျိုးနွယ်ကြောင့်သာ၊ ကိလေသာ၊ ဝေးကွာမဟုတ်ပင်။
* စီးပွားကြောင့်သာ၊ ကိလေသာ၊ ဝေးတာမဟုတ်ပင်။
* ကိလေဝေးအောင်၊ သတိဆောင်၊ ခနောင်ကျင့်မဂ္ဂင်။

၃။ တသ္မာဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။
ယောနိသော ဝိစိနေ ဓမ္မံ၊ ဧဝံတတ္ထ ဝိသုဇ္ဈတိ။

တသ္မာဟိ- တသ္မာဝ= မဂ္ဂင်ရှစ်ဖြာ၊ ကျင့်ကြံပါမှ၊ မြန်စွာမနေး၊ ကိလေဝေးကာ၊ စင်ကြယ်ပါသော၊ ထိုသဘောကြောင့်သာလျှင်။ အတ္တနော- မိမိ၏။ အတ္ထံ- နိဗ္ဗာန်အထိ၊ အရှိကောင်းကျိုး၊ အမျိုးမျိုးကို။ သမ္ပဿံ- ကောင်းစွာဆင်ခြင်၊ ကောင်းစွာမြင်သော။ ပဏ္ဍိတောပေါသော- ပညာရှိခေါ်၊ လူတော်လူကောင်း၊ ယောကျ်ားကောင်းသည်။ ယောနိသော- နေ့ညမနား၊ အသင့်အားဖြင့်။ ဓမ္မံ- ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးခု၊ တရားစုကို။ ဝိစိနေ- မပြ+ ဆင်းရဲ၊ စိုးလည်းမရ၊ လက္ခဏာယာဉ်၊ သုံးပါးတင်၍၊ ဆင်ခြင်သမှု၊

http://www.dhammadownload.com



ဝိပဿနာရှုရာ၏။ ဇဝံ– ဤသို့မပြတ်၊ ဝိပဿနာ၊ ရှုမှတ်ဆင်ခြင်ပါသော်။ တတ္တ– အရိယာမှန်၊ ကိုယ်ပိုင်ဉာဏ်ဖြင့်၊ ကေန်သိအပ်၊ ထိုသစ္စာလေးပါး တရားမြတ်တို့၌။ ဝိသုဇ္ဈတိ– ပဋိဝေဓ၊ ဉာဏသက်ဝင်၊ ကိလေသာတို့မှ၊ စင်ကြယ်နိုင်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

မဂ္ဂင်ရှစ်ပါးကျင့်မှ ကိလေသာစင်ကြယ်နိုင်တာ၊ အမျိုးအနွယ် စီးပွား ဥစ္စာကြောင့် ကိလေသာစင်ကြယ်နိုင်တာ မဟုတ်တဲ့အတွက်ကြောင့် မိမိရဲ့ နိဗ္ဗာန်တိုင်အောင်သော ကောင်းကျိုးတရားတွေကို တကယ်လိုလား သိမြင်ထားတဲ့ အမျိုးကောင်းသားဟာ နေ့မနား ညမနား ရုပ်နာမ်တရားတွေကို (ဉပါဒါနက္ခန္ဓာ ငါးပါး တရားအစုကို) အနိစ္စ+ ဒုက္ခ+ အနတ္တရယ်လို့ လက္ခဏာယာဉ် သုံးပါး တင်ပြီးတော့ အမြဲဆင်ခြင်ကာ ဝိပဿနာရှုရမယ်။ အဲဒီလို ဝိပဿနာရှုမှတ်နေရင် ဝိပဿနာဉာဏ် အထွဋ်အထိပ်သို့ ရောက်သွားတဲ့အခါ မဂ်ဉာဏ်ပေါ်လာပြီး ဒုက္ခသစ္စာကို ပရိညာပဋိဝေဓဖြင့်လည်းကောင်း၊ သမုဒယသစ္စာကို ပဟာနပဋိဝေဓဖြင့်လည်းကောင်း၊ နိရောဓသစ္စာကို သစ္ဆိကိရိယာပဋိဝေဓဖြင့်လည်းကောင်း၊ မဂ္ဂသစ္စာကို ဘာဝနာပဋိဝေဓဖြင့်လည်းကောင်း ထိုးထွင်းသိမြင်သွားတယ်။

အဲဒီလို ထိုးထွင်းသိမြင်သွားတော့ ကိလေသာတွေ အပြီးတိုင် လွတ်မြောက် စင်ကြယ်သွားတယ်။

ဒီနံပါတ် (၃) ဂါထာက ဝိပဿနာဉာဏ်၊ အရိယမဂ်ဉာဏ်တွေရဲ့ ဂုဏ်ကျေးဇူးကို ချီးကျူးဖွဲ့ဆို လျှောက်ထားတာ ဖြစ်တယ်။

ရုပ်နာမ်တရားတွေကို ဟုတ်မှန်တဲ့အတိုင်း ဝိပဿနာ ရှုမှတ်ဆင်ခြင် ပွားများလိုက်တော့ ဒုက္ခ သမုဒယ နိရောဓ မဂ္ဂဆိုတဲ့ သစ္စာလေးပါး မြတ်တရားကို ပြတ်ပြတ်သားသား သိမြင်သွားပါတယ်။

မေး။ ။ ဒီနေ့ ဟောနေတဲ့တရားတော်က ဘာတရားတဲ့လဲ။
ဖြေ။ ။ "ရုပ်နာမ်ဆင်ခြင်+ သစ္စာမြင်" တရားတော်ပါဘုရား။
မေး။ ။ တရားနာပရိသတ်၊ သစ္စာမမြင်ချင်ဘူးလား။
ဖြေ။ ။ မြင်ချင်ပါတယ်ဘုရား။
မေး။ ။ သစ္စာသိမြင်ချင်ရင် ဘာကိုဆင်ခြင်ရမလဲ။
ဖြေ။ ။ ရုပ်နာမ်ကို ဆင်ခြင်ရမှာပါဘုရား။

http://www.dhammadownload.com



မေး။ ။ ရုပ်နာကို ဘယ်လိုဆင်ခြင်ရမှာလဲ။

ဖြေ။ ။ ခမြဲဘူး၊ ဆင်းရဲဟယ်၊ အစိုးမရဘူး၊ အနှစ်သာရ ဘာတစ်ခုမျှ မရှိဘူးလို့ ဆင်ခြင်ရမှာပါ ဘုရား။

ကဲ- အဲဒီဝိပဿနာ ရှုမှတ်ပုံ လင်္ကာလေး လိုက်ဆိုကြ

* ဤကိုယ်ကာယ၊ တစ်လံမျှဉ္ဓ၊ နိစ္စမြဲဟာ၊ ဘယ်အရာမျှ၊ မရှိကြ၊ အနိစ္စတွေပါတကား။

* ဤကိုယ်ကာယ၊ တစ်လံမျှဉ္ဓ၊ သုခချမ်းသာ၊ ဘယ်အရာမျှ၊ မရှိကြ၊ ဒုက္ခတွေပါတကား။

* ဤကိုယ်ကာယ၊ တစ်လံမျှဉ္ဓ၊ အတ္တပိုင်တာ၊ ဘယ်အရာမျှ၊ မရှိကြ၊ အနတ္တတွေပါတကား။

မေး။ ။ မိမိရဲ့ကောင်းကျိုးကို တကယ်လိုလားတဲ့သူဟာ ဘာလုပ်ရမတဲ့လဲ။

ဖြေ။ ။ ရုပ်နာမ်ကို ဆင်ခြင်ပွားများရမှာပါဘုရား။

မေး။ ။ ရုပ်နာမ်ကို ဘာ့ကြောင့် ဆင်ခြင်ပွားများရသလဲ။

ဖြေ။ ။ သစ္စာသိမြင် ကိလေသာစင်ကြယ်အောင် ဆင်ခြင်ပွားများရပါတယ် ဘုရား။

အေး ဟုတ်ပြီ၊ သစ္စာသိမြင်ပြီးတော့ ကိလေသာတွေ စင်ကြယ်နိုင်ကြပါစေဆိုတဲ့ အနေအားဖြင့် "ရုပ်နာမ်ဆင်ခြင်+ သစ္စာမြင်" တရားတော်ကို ဟောကြားခဲ့ပါတယ်။

အဲဒီဂါထာအတိုင်း စီထားတဲ့ လင်္ကာလေးတွေ လိုက်ဆိုကြ

* မိမိကောင်းကျိုး၊ အမျိုးမျိုး၊ ပွားတိုးလိုလားသော်။
* ရုပ်နာမ်ကိုပင်၊ မမြဲမြင်၊ ဆင်ခြင်ပွားများနော်။
* ရုပ်နာမ်ကိုပင်၊ ဆင်းရဲမြင်၊ ဆင်ခြင်ပွားများနော်။
* ရုပ်နာမ်ကိုပင်၊ မပိုင်မြင်၊ ဆင်ခြင်ပွားများနော်၊
* ရုပ်နာမ်ဆင်ခြင်၊ ပွားများလျှင်၊ သိမြင်သစ္စာနော်။
* ကိလေကင်းအောင်၊ သတိဆောင်၊ ခုနောင်ဆင်ခြင်နော်။
* ရုပ်နာမ်ဆင်ခြင်၊ ပွားများလျှင်၊ ကင်းစင်ကိလေနော်။
* ရုပ်နာမ်ဆင်ခြင်၊ သစ္စာမြင်၊ ခေါ်တွင်တရားတော်။
* နေ့နေ့ညည၊ သတိရ၊ သိကြကျင့်ကြနော်။
* သိပြန်+ ကျင့်ပြန်၊ အေးနိဗ္ဗာန်၊ အမြန်ရောက်စေသော်။

http://www.dhammadownload.com



၄။ သာရိပုတ္တောဝ ပညာယ၊ သီလေနေ ဥပသမေနစ။
ယောပိ ပါရင်္ဂတော ဘိက္ခု၊ ဧတာဝ ပရမော သိယာ။

ယောပိဘိက္ခု– အမှတ်မထင်၊ အကြင်ရဟန်းသည်လည်း။ ပါရင်္ဂတော– အအေးစခန်း၊ နိဗ္ဗာန်နန်းသို့၊ ကူးသန်းထုတ်ချောက်၊ ဆိုက်ရောက်တော်မူပါပေ၏။ ယောပိ– နိဗ္ဗာန်ကူးသန်း၊ ထိုရဟန်းသည်လည်း။ ဧဝတာပရမော– ဤနိဗ္ဗာန်ထုတ်ချောက်၊ ရရောက်ခြင်းလျှင်၊ ကဲလွန်မြတ်ဘိ၊ အပိုင်းအခြားရှိသည့်။ သိယာ– ကေန်စင်စစ်၊ အမှန်ဖြစ်၏။ သီလေန– သီလကျေးဇူး၊ ဂုဏ်အထူးဖြင့်လည်းကောင်း၊ ပညာယ– ပညာကျေးဇူး၊ ဂုဏ်အထူးဖြင့်လည်းကောင်း၊ ဥပသမေနစ– ကိလေသာစု၊ ငြိမ်းအေးမှုဖြင့်လည်းကောင်း၊ သာရိပုတ္တောဝ– တပည့်သားကျော်၊ သံဃာတော်တွင်၊ ပညာရှင်ဟု၊ ဂုဏ်အင်ကျော်ဟိး၊ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည်သာလျှင်။ သေယျော– အထူးသဖြင့်၊ ကျူးရင့်သတ်မှတ် ချီးမွမ်းအပ်ရာ၊ အသာဆုံး အမြတ်ဆုံး ဖြစ်တော်မူပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

သံသရာတစ်ဖက်ကမ်း နိဗ္ဗာန်နန်းကို ကူးသွားရောက်သွားတဲ့ မြတ်စွာဘုရားရဲ့ တပည့်များစွာ ရဟန်းသံဃာတွေထဲမှာ သီလဂုဏ်၊ ပညာဂုဏ်၊ ကိလေသာငြိမ်းအေးခြင်းဆိုတဲ့ ဂုဏ်တို့ဖြင့် ပညာဧတဒဂ်ရ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသာလျှင် အသာဆုံး အမြတ်ဆုံး ဖြစ်ပါတယ်ဘုရားလို့ လျှောက်ထားပါတယ်။

ဒီနံပါတ် (၄) ဂါထာက အရှင်သာရိပုတ္တရာမထေရ်ရဲ့ ဂုဏ်ကျေးဇူးကို ချီးကျူးဖွဲ့ဆို လျှောက်ထားတာဖြစ်တယ်။

* နိဗ္ဗာန်ကူးသွား၊ ရဟန်းသား၊ များပြားစွာလဲတွင်။
* သီလ ပညာ၊ ငြိမ်းအေးတာ၊ ဂုဏ်သာ သာရိရှင်။
* ရုပ်နာမ်ဆင်ခြင်၊ သစ္စာမြင်၊ ခေါ်တွင်ဘုရားတော်။
* ဒီနေရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးပြီနော်။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

မှတ်ချက်။ ။ * ကျောင်းလျှုပွဲတိုင်း၊ ဝိပဿနာပွဲတိုင်း၊ သီလပွဲ၊ ပညာပွဲတိုင်း၊ (အရှင်သာရိပုတ္တရာလိုဖြစ်အောင် ကြိုးစားဖို့ ပါအောင်ဟောပါ)

http://www.dhammadownload.com



*ဂါထာနှင့် အနက်ကိုရအောင် အပိုင်ကျက်ပါ။ (ပါဠိကို ချန်၊ မြန်မာပြန်၊ မှတ်ရန်အဓိပ္ပာယ်) ဆိုတဲ့အတိုင်း ပါဠိ တွေကို ချန်ထားပြီး အနက်ကို မြန်မာလို ပြန်ဆိုလိုက်လျှင် အဓိပ္ပာယ်ဖြစ်သွား၏။ အဓိပ္ပာယ်ပြောကား ပါဠိအနက် ရလျှင် ခက်သောအရာမဟုတ်။

*အချိန်ရပါက ဤတရားပါဂါထာလေးပုဒ်မှ တစ်ပုဒ်ပုဒ်ဖြင့် နိဂုံးအုပ် တရားသိမ်းနိုင်ပါသည်။

http://www.dhammadownload.com



# သံယုတ္တနိကာယ+ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ ဒေဝတာသံယုတ်+ မစ္ဆရိသုတ်တော်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "မစ္ဆေရရှောင် + ဒါနဆောင်" တရားတော်

အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း ကိန်းအောင်နေတော်မူစဉ် ညဦးတစ်ညဉ့်ရဲ့ သန်းခေါင်အချိန်မှာ နတ်သားတွေ ဘုရားရှင်ဆီ ရောက်ပြီးတော့ ဂါထာတွေနဲ့ မေးမြန်းလျှောက်ထားပါတယ်။

၁။ ယေဓ မစ္ဆရိနော လောကေ၊ ကဒရိယာ ပရိဘာသကာ။

အညေသံ ဒဒမာနာနံ၊ အန္တရာယကရာ နရာ။

ဣဓလောကေ– စစ်ဖွေပြောပြု၊ ဤလောက၌။ ယေနရာ– အချို့သောသူ၊ အကြင်လူတို့သည်။ မစ္ဆရိနော– မပေးလို မလှူလို၊ ဝန်တိုကြကုန်၏။ ကဒရိယာ– အမြဲနှေးညှ၊ စဉ်းလဲကြကုန်၏။ ပရိဘာသကာ– အမြဲအစုံ၊ ရေရွတ်ကုန်၏။ (ဝါ) သေးရန်ကိုပြု၊ ခြိမ်းခြောက်ကြကုန်၏။ ဒဒမာနာနံ– စေတနာဖြူဖွေး၊ အလှူပေးကြကုန်သော၊ အညေသံ– အခြားသောလူ၊ တစ်ပါးသောသူတို့အား။ အန္တရာယကရာ– နတ်ပြည်ရောက်ဖွယ်၊ အန္တရာယ်ကို၊ တကယ်မှန်စွာ ပြုတတ်ကြပါကုန်၏။

ဘုန်းတော်ကြီးမား မြတ်စွာဘုရား "ဒီလောကမှာ မပေးချင် မလှူချင် ဝန်တိုစဉ်းလဲသူတွေ၊ ရဟန်းတော်တွေ အိမ်တံခါးလာပြီးတော့ ရပ်တာကို တွေ့မြင်ရရင် "ထွန်တုန်း စိုက်တုန်း ရိပ်တုန်းရှိသေးတယ်၊ ဘာ့ကြောင့် လာကြတာတုံး၊ အိမ်က လူတွေအတွက်တောင် မရကြသေးဘူး (မလောက်နိုင်ဘူး) ကိုယ်တော်တို့အတွက်တော့ ပြောစရာလိုမယ်မထင်တော့ဘူး၊ မြန်မြန်သာ ထွက်သွားကြပါ" စသည်ဖြင့် ပြောဆိုရေရွတ် ခြိမ်းခြောက်ကြသူတွေ၊ အလှူရှင်အတွက် နတ်ပြည်ရောက်ရန် အန္တရာယ်၊ အလှူခံတွေအတွက် လာဘ်မရအောင် အန္တရာယ်ပြုတတ်ကြတဲ့သူတွေ ရှိနေပါတယ် ဘုရား" လို့ လျှောက်ထားပါတယ်။

http://www.dhammadownload.com



ကဲ– လင်္ကာလေး လိုက်ဆိုလိုက်ကြ

* ဤလောကတွင်၊ မပေးချင်၊ လူရှင်များလှသည်။
* စဉ်းလဲနေ့ညဲ၊ ရေရွှတ်ကြ၊ သားပြခြိမ်းခြောက်သည်။
* အလှူပေးသူ၊ တစ်ပါးသူ၊ တားယူနေကြသည်။
* နတ်ပြည်ရောက်ဖွယ်၊ အန္တရာယ်၊ တကယ်ပြုကြသည်။
* လာဘ်မရဖွယ်၊ အန္တရာယ်၊ တကယ်ပြုကြသည်။

၂။ ကီဒိသော တေသံ ဝိပါကော၊ သမ္ပရာယောစ ကီဒိသော။
ဘဂဝန္တံ ပုဋ္ဌုမာဂမ္မ၊ ကထံ ဇာနေမု တံ မယန္တိ။

တေသံနရာနံ– ထိုလူတို့၏။ ဝိပါကော– တန်ဖိုးနည်းပါး၊ အကျိုးတရားသည်။ ကီဒိသော– အဘယ်သို့သော၊ သဘောထွေထွေ၊ ရှိပါပေသနည်း။ သမ္ပရာယောစ– တမလွန်ဟု၊ ခေါ်တွင်ပြုရ၊ နောက်ဘဝကိုလည်း။ ကီဒိသော– အဘယ်သို့မှတ်၊ ရှုအပ်ပါသနည်း။ ဘဂဝန္တံ– ဘုန်းတော်ကြီးမား၊ ရှင်တော်မြတ်ဘုရားကို။ ပုဋ္ဌုံ– သိလိုရှင်းလင်း၊ မေးလျှောက်ခြင်းငှာ။ အာဂမ္မ– မနေးမြန်စွာ၊ လာကြပါကုန်၏။

မှတ်ချက်။ အာဂမ္မ– ကား အာ+ ဂမု+ မဝိဘတ်။ ဇာတွန့်ခ်ကို နောက်မဝိဘက်သို့ ကပ်၍ပြီးသည်ဟု ကြံပါ။

ကထံ– အဘယ်သို့သောကြောင်းဖြင့်။ မယံ– ဘုရားထံပါး၊ ခစား ရောက်ပျော်၊ တပည့်တော်တို့သည်။ တံ– သိလိုအကောင်း၊ ထိုအကြောင်းကို။ ဇာနေမု– စေ့စေ့စုံစုံ သိရပါကုန်အံ့နည်း။ ဣတိ– ဤသို့ဂါထာ၊ ဤသို့သာလျှင်၊ ဒေဝတာ– နတ်သားသည်။ အဘာသိ– အေးမြသံသာ၊ ရွတ်ဆိုလျှောက်ထား လိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဘုန်းတော်ကြီးမား မြတ်စွာဘုရား၊ ဝန်တိုစဉ်းလဲသူတွေ ရေရွှတ်ခြိမ်းခြောက်သူတွေ၊ အလှူရှင်တွေ မလှူချင်အောင် တားမြစ်ပိတ်ပင် အန္တရာယ်ပြုကြတဲ့သူတွေ ဘယ်လိုအကျိုးတွေ ရနိုင်ပါသလဲ။

အဲဒီလူတွေရဲ့ တမလွန် (နောက်ဘဝ) ကိုလည်း အဘယ်သို့ ရှုမှတ်ရပါမလဲ။

"တပည့်တော်တို့ သိလိုတဲ့အတွက် မေးမြန်းလျှောက်ထားချက်ကို ဘယ်လို သိရပါမလဲ" လို့ လျှောက်ထားတဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်က

http://www.dhammadownload.com



၃။ ယေစ မစ္ဆရိနော လောကေ၊ ကဒရိယာ ပရိဘာသကာ။
အညေသံ ဒဒမာနာနံ၊ အန္တရာယကရာ နရာ။
၄။ နိရယံ တိရစ္ဆာနယောနိံ၊ ယမလောကံ ဥပပဇ္ဇရေ။
သစေ ဧန္တိ မနုဿတ္တံ၊ ဒလိဒ္ဒေ ဇာယရေ ကုလေ။
၅။ စောဠံ ပိဏ္ဍော ရတိ ခိဍ္ဍာ၊ ယတ္ထ ကိစ္ဆေန လဗ္ဘတိ။
ဒိဋ္ဌေ ဓမ္မေ သ ဒိပါဒကာ၊ သမ္ပရာယေစ ဒုဂ္ဂတိတိ။

နံပါတ် (၃) ဂါထာအနက် (၁)အတိုင်းမှတ်ပါ။

၄။ တေနရာ– ဝန်တို စဉ်းလဲ၊ ရေရွတ်ဆဲ တား၊ ထိုလူများတို့သည်။ နိရယံ– ချမ်းသာကင်းကုန်၊ ငရဲဘုံသို့လည်းကောင်း။ တိရစ္ဆာနယောနိံ– ဗီလာသွားရိုး၊ တိရစ္ဆာန်အမျိုးသို့လည်းကောင်း။ ဥပပဇ္ဇရေ– အမြဲမပြတ်၊ ထပ်ခါ ထပ်ခါ၊ ကပ်ရောက်ကြပါပေကုန်၏။ မနုဿတ္တံ– ငရဲမှလွတ်၊ လူအဖြစ်သို့။ သစေ ဧန္တိ– အကယ်၍စစ်၊ ရောက်ကုန်သည်ဖြစ်အံ့။ ဒလိဒ္ဒေ– လွန်စွာဆင်းရဲ၊ လွန်စွာမွဲသော။ ကုလေ– တန်ခိုး+ ဂုဏ်သိန်၊ အရှိန်အဝါ၊ ဘာတစ်ခုမျှ မရှိ လှဆိုး၊ ဇာတ်အမျိုး၌။ ဇာယရေ– မလွဲမသွေ၊ ဖြစ်ရပေကုန်၏။

"မပေးလို မလှူလို ဝန်တိုစဉ်းလဲသူတွေ ရေရွတ်ဆဲဆို အလှူရှင်တွေကို မလှူချင်အောင် တားမြစ်ပိတ်ပင် အန္တရာယ်ပြုတဲ့သူတွေဟာ ငရဲဘုံ၊ တိရစ္ဆာန်မျိုး ယမမင်းနိုင်ငံ အမှန်ပင် ကပ်ရောက်ကြရမယ်၊ ဖြစ်ကြရမယ်။

ငရဲတိရစ္ဆာန် ယမမင်းနိုင်ငံကလွတ်ပြီး လူပြန်ဖြစ်လာရင်လည်း အင်မတန် ဆင်းရဲတဲ့လူမွဲမျိုးမှာ ဖြစ်ရပြန်တယ်" လို့ ဟောပြတော်မူပါတယ်။

မေး။ ။ တရားနာပရိသတ်၊ ငရဲ တိရစ္ဆာန် ယမမင်းနိုင်ငံ ရောက်ချင်ကြ သလား။

ဖြေ။ ။ မရောက်ချင်ပါဘူးဘုရား။

မေး။ ။ မရောက်ချင်ရင် ဘာတွေရှောင်ရှားရမလဲ။

ဖြေ။ ။ ဝန်တိုတာတွေ၊ စဉ်းလဲတာတွေ၊ ရေရွတ်ဆဲဆိုတာတွေ၊ မိမိမှတစ်ပါး လှူနေကြတဲ့သူတွေကို မလှူချင်အောင် တားမြစ်ပိတ်ပင် အန္တရာယ်ပြု ချင်တဲ့ မကောင်းတဲ့စိတ်ဓာတ်တွေကို ရှောင်ရှားရမှာပါဘုရား။

ကဲ– လင်္ကာလေးဖွဲ့ လိုက်ဆိုကြ

*ဝန်တိုကြသူ၊ စဉ်းလဲသူ၊ ဆဲသူ+ တားသူတွေ။

http://www.dhammadownload.com



*ငရဲရောက်ပြန်၊ တိရစ္ဆာန်၊ ဖြစ်ပြန်ကြောက်ဖွယ်တွေ။
*ယမမင်း၏၊ နိုင်ငံသိ၊ ရောက်ဘိကြောက်ဖွယ်တွေ။
*ငရဲလွတ်လည်း၊ လွန်ဆင်းရဲ၊ လူမွဲဖြစ်ရပေ။
*ဝန်တို+ စဉ်းလဲ၊ ရေရှုတ်ဆဲ၊ တားမြဲရှောင်ကြလေ။

၅။ ယတ္ထ– အကြင်အမျိုး၌။ စောင့်– အဝတ်ပုဆိုး၊ အမျိုးမျိုးကိုလည်းကောင်း။ ပိဏ္ဍော– ထမင်းအဖျော်ကိုလည်းကောင်း။ ရတိ– ကာမဂုဏ်ငါး၊ အာရုံများဖြင့်၊ ပျော်ပါးမွေ့လျော်ခြင်းကိုလည်းကောင်း။ ခိဍ္ဍာ– အစဉ်အထူး၊ ရွှင်မြူးခြင်းကိုလည်းကောင်း။ ကိစ္ဆေန– ဆင်းရဲအစဉ်၊ ငြိုငြင်သဖြင့်။ လဗ္ဘတိ– မှန်စွာမသွေ၊ ရအပ်ပေ၏။ တတ္ထ– ထိုအမျိုး၌။ ဇာယရေ– မလွဲမသွေ၊ ဖြစ်ရပေကုန်၏။ ဗာလာ– လူမိုက်ဆင်းရဲ၊ လူငမွဲတို့သည်။ ပရတော– သူတစ်ပါးအထံမှ၊ ဓနံ– စီးပွားဥစ္စာ၊ အဖြာဖြာကို။ အာသီသရေ– အာသာခင်မင်၊ လိုချင်တောင့်တကြကုန်၏။ တေသံ– လူမိုက်ဆင်းရဲ၊ ထိုလူမွဲတို့အား။ တမ္ပိ– အာသာခင်မင်၊ လိုချင်ကြငြား၊ ထိုစီးပွားဥစ္စာကိုလည်း။ နလဗ္ဘတိ– မှန်စွာသိမှတ်၊ မရအပ်ပါပေ။ သ သောဝိပါကော– မှန်စွာဆိုးဆိုး၊ ထိုအကျိုးသည်ကား။ ဒိဋ္ဌေဓမ္မေ– မျက်မှောက်ရှုကြ၊ ယခုဘဝ၌။ ဟောတိ– မလွဲမသွေ၊ ဖြစ်ရပါပေ၏။ သမ္ပရာယေစ– တမလွန်ဟု၊ ခေါ်တွင်ပြုရ၊ နောက်ဘဝ၌လည်း။ ဒုဂ္ဂတိ– မကောင်းသူတွေ၊ ဖြစ်ရပေသည့်၊ ဒုဂ္ဂတိဘဝသို့။ ဂစ္ဆတိ– မမှားမသွေ၊ ရောက်ရပေ၏။ ဣတိ– ဤသို့သေချာ၊ ဤသို့သာလျှင်၊ ဘဂဝါ– ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရားသည်။ အဝေါစ– ကရုဏာရှေ့ဆော်၊ မေတ္တာတော်ဖြင့်၊ ဖွင့်ဖော်ကောင်းစွာ၊ ဟောကြားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

"အဲဒီလို ဝန်တိုခြင်းစတဲ့ မကောင်းတဲ့စိတ်ဓာတ်ရှိသူတွေဟာ အဝတ်အစား ရှားပါးတတ်တယ်။ ကာမဂုဏ်ငါးပါးဖြင့် ပျော်မွေ့ရမှုလည်း နည်းပါးတတ်တယ်။ ကိုယ် နှုတ် စိတ် သုံးပါးလုံး ရွှင်လန်းချမ်းမြေ့မှုကိုလည်း မရနိုင်ဘူး။ အဲဒီလို ဆင်းရဲမွဲတေနေတဲ့ လူမိုက်တွေဟာ သူတစ်ပါးတွေထံက ပစ္စည်းဥစ္စာတွေ တောင့်တလိုချင်ပေမယ့်လည်း ဘယ်တော့မှ မရနိုင်ဘူး။ ဒါက ယခု မျက်မှောက်ရတဲ့အကျိုး။ တမလွန်လို့ခေါ်တဲ့ နောက်ဘဝရောက်ကြတော့လည်း မကောင်းသူတွေရဲ့ လားရာသွားရာ မကောင်းတဲ့ဘဝတွေကို ရောက်ကြရပြန်တယ်" လို့ ဟောပြတော်မူပါတယ်။

http://www.dhammadownload.com



ဝန်တိုခြင်းစတဲ့ မကောင်းတဲ့ စိတ်ဓာတ်တွေဟာ တော်တော်ကြောက်စရာ ကောင်းတယ်နော်။ ဒီစိတ်ဓာတွေဟာ ခုဘဝအတွက်လည်း မကောင်းဘူး၊ နောက်ဘဝအတွက်လည်း မကောင်းဘူး။

လောကမှာ အောက်တန်းကျ နောက်တန်းကျနေရတဲ့သူတွေ၊ အဝတ် အစား ဆင်းရဲမွဲတေ နေစရာ ထိုင်စရာ အိပ်စရာ အင်မတန်ရှားပါးနေတဲ့သူ တွေဟာ အဲဒီဝန်တိုခြင်းစတဲ့ မကောင်းတဲ့စိတ်ဓာတ်တွေကြောင့်လို့ မှတ်သားရ မယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ဝန်တိုကြသူ၊ စဉ်းလဲသူ၊ ဆဲဆို တားသူတွေ။
* အဝတ် အစား၊ တကယ်ရှား၊ စီးပွားမရပေ။
* ယခုဘဝ၊ ဆင်းရဲရ၊ ဒုက္ခများလို့နေ။
* နောက်ဘဝမှာ၊ မကောင်းရာ၊ သွားကာရောက်ရပေ။
* ရှင်တော်ဗုဒ္ဓ၊ ဟောကြားပြ၊ နေ့ညသိနိုင်စေ။

နတ်သားရဲ့လျှောက်ထားချက် ဆက်နာကြပါ။

၆။ ဣတိ ဟေတံ ဝိဇာနာမ၊ အညံ ပုစ္ဆာမ ဂေါတမ။
ယေဓလဒ္ဓါ မနုဿတ္တံ၊ ဝဒညူ ဝီတမစ္ဆရာ။

၇။ ဗုဒ္ဓေ ပသန္နာ ဓမ္မေစ၊ သံဃေစ တိဗ္ဗဂါရဝါ။
ကီဒိသော တေသံဝိပါကော၊ သမ္ပရာယောစ ကီဒိသော။
ဘဂဝန္တံ ပုဋ္ဌုမာဂမ္မ၊ ကထံ ဇာနေမု တံ မယန္တိ။

၆။ ဣတိ– ဤသို့အချင်းအရာ၊ သို့သာလျှင်။ ဧတံ အတ္ထံ– ရှင်တော် မိန့်မြွက်၊ ထိုအနက်ကို။ မယံ– နတ်သားဟုခေါ်၊ တပည့်တော်တို့သည်။ ဝိဇာနာမ– အစေ့အစုံ၊ သိကြပါကုန်၏။ ဂေါတမ– ဂေါတမဟု၊ လောကာဘင် ရှား၊ အိုအရှင်မြတ်ဘုရား။ အညံ– တခြားတစ်ဖြာ၊ ပြဿနာကို။ မယံ– နတ်သားဟုခေါ်၊ တပည့်တော်တို့သည်။ ပုစ္ဆာမ– သိလိုတဲ့အကြောင်းဖြင့်။ မနှေး မြန်စွာ၊ မေးလိုကြပါကုန်၏။ ဣဓလောကေ– စစ်ဖွေပြောပြ၊ ဤလောကဌ။ ယေ– အချို့သောသူ၊ အကြင်လူတို့သည်။ မနုဿတ္တံ– ကံကောင်းစင်စစ်၊ လူအဖြစ်ကို။ လဒ္ဓါ– မှန်စွာခုကြုံ၊ ရလာကုန်၍။ ဝဒညူ– အလှူခံများ၊ ဆို စကားကို၊ လိုလားနှစ်မြိုက်၊ အလိုက်သိစွာ၊ ပေးလှူတတ်ပါကုန်၏။ ဝီတမစ္ဆရာ– ဝန်တိုခြင်းတွေ၊ ကင်းကြပါပေကုန်၏။

http://www.dhammadownload.com



၇။ ဗုဒ္ဓေစ– သစ္စာသိထား၊ မြတ်ဘုရား၌လည်းကောင်း။ ဓမ္မေစ– ရှင်ဆောက်ဟောထား၊ မြတ်တရား၌လည်းကောင်း။ သံဃေစ– ရှင်တော့်သားခေါ်၊ သံဃာတော်၌လည်းကောင်း။ ပသန္နာ– ကြည်ညိုလေးစား၊ အရေးထားကြပါကုန်၏။ တိဗ္ဗဂါရဝါ– ထက်သန်ရှိသော၊ ရှိကြပါပေကုန်၏။ တေသံ– အမှန်ဟုတ်ဆို၊ ထိုပုဂ္ဂိုလ်တို့၏။ ဝိပါကော– ကောင်းကျိုးရဟန်၊ အကန်တန်သည်။ ကီဒိသော– အဘယ်သို့သော၊ သဘောထွေထွေ၊ ရှိပါပေသနည်း။ သမ္ပရာယောစ– တမလွန်လောက၊ နောက်ဘဝကိုလည်း။ ကီဒိသော– အဘယ်သို့မှတ်၊ ရှုအပ်ပါသနည်း။ ဘဂဝန္တံ– ဘုန်းတော်ကြီးမား အရှင်ဘုရားကို။ ပုစ္ဆုံ– သိလိုကြောင်းရင်း၊ မေးလျှောက်ခြင်းငှာ။ အာဂမ္မ– မနှေးမြန်စွာ၊ လာကြပါကုန်၏။ ကထံ– အဘယ်သို့သောအကြောင်းဖြင့်။ မယံ– အဖြေကိုမျှော်၊ တပည့်တော်တို့သည်။ တံ– သိလိုအကောင်း၊ ထိုအကြောင်းကို။ ဇာနေမု– စေ့စေ့စုံစုံ၊ သိရပါကုန်အံ့နည်း။ ဣတိ– ဤသို့ရောက်လာ၊ ဤသို့သာလျှင်။ ဒေဝတာ– မေးတတ်လျှောက်တတ်၊ နတ်သားမြတ်သည်။ ပုစ္ဆိ– အပြေးရောက်လာ၊ မေးလျှောက်လိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

မြတ်စွာဘုရား ကံကောင်းထောက်မ လူ့ဘဝကို ရလာကြတဲ့ အချို့လူတွေဟာ အလှူခံပုဂ္ဂိုလ်တွေ အိမ်တံခါးရောက်လာတာနဲ့ အလိုက်သိစွာ ပေးလှူကြပါတယ်။ မပေးလို မလှူလိုတဲ့ နှမြောဝန်တိုစိတ်တွေ ကင်းကြပါတယ်။ ရတနာသုံးပါးကိုလည်း လေးစားကြည်ညို တကယ်ထက်ထက်သန်သန် ရှိသေကြပါတယ်။ အဲဒီပုဂ္ဂိုလ်တွေရဲ့ အကျိုးရပုံနဲ့ တမလွန်ဘဝ (နောက်ဘဝ) ကို သိလိုကြပါတယ်။

အဲဒီလျှောက်ထားချက်ကို ဖြေကြားတော်မူရန် တောင်းပန်လျှောက်ထားပါတယ်။

ကဲ– လျှောက်ထားချက်လင်္ကာလေးတွေ လိုက်ဆိုကြ

* ကံကောင်းထောက်မ၊ လူ့ဘဝ၊ ခဏရခိုက်မှာ။
* အလှူခံမြင်၊ ပေးလှူချင်၊ ကင်းစင်ဝန်တိုတာ။
* ရတနာသုံး၊ ပုလဲကုံး၊ ဆွဲသုံးလေးစားရှာ။
* ထိုပုဂ္ဂိုလ်များ၊ ကောင်းကျိုးကား၊ ဟောကြားဘယ်သို့လာ။

http://www.dhammadownload.com



* နှောင်ဘဝဝယ်၊ ဘယ်ရောက်မယ်၊ တကယ်ဟောပြပါ။
* ဒေဝါနတ်သား၊ မြတ်ဘုရား၊ ကပ်သွားလျှောက်ထားလှာ။

မြတ်စွာဘုရားရဲ့ဖြေကြားချက်ကို ဆက်နာကြပါ။

၈။ ယေဓလေဒ္ဓါ မနုဿတ္တံ၊ ဝဒညူ ဝီတမစ္ဆရာ။
ဗုဒ္ဓေ ပသန္နာ ဓမ္မေ စ၊ သံဃေစ တိဗ္ဗဂါရဝါ။
တေ ဒေဝ သင်္ဂါ ပကာသန္တိ၊ ယတ္ထ တေ ဥပပဇ္ဇရေ။
၉။ သစေ ဇေ္ဇ မနုဿတ္တံ၊ အဍ္ဍေ အာဇာယရေကုလေ။
ဓောဇ္ဇံ ပိဏ္ဍော ရတိခိဍ္ဍာ၊ ယတ္ထာ ကိဍ္ဍေန လဗ္ဘတိ။
၁၀။ ပုရသမ္ဘတေသု ဘောဂေသု၊ ဝသတ္တိဝ မောဒရေ။
ဒိဗ္ဗေ ဓမ္မေ သဝိပါကော၊ သမ္ပရာယေစ သုဂ္ဂတိတိ။

၈။ ဣဓလောကေ– စစ်မှေ့ပြောပြ၊ ဤလောက၌။ ယေ– အချို့သောသူ၊ အကြင်လူတို့သည်။ မနုဿတ္တံ– ကံကောင်းစင်စစ်၊ လူအဖြစ်ကို။ လဒ္ဓါ– မှန်စွာ ခုကြုံ၊ ရလာကုန်၍။ ဝဒညူ– အလှူခံများ၊ ဆိုစကားကို၊ သိနားလည်ကြကုန်၏။ ဝီတမစ္ဆရာ– နှမြောမှုတွေ၊ ကင်းကြပေကုန်၏။ ဗုဒ္ဓေစ– သမ္ဘာသိတတ်၊ ဘုရားမြတ်၌လည်းကောင်း။ ဓမ္မေစ– ရှင်တော်ဟောကြား မြတ်တရား၌လည်းကောင်း။ သံဃေစ– ချမ်းသာအကျော် သံဃာတော်၌လည်းကောင်း။ ပသန္နာ– မှိုခိုနေ့ည၊ ကြည်ညိုကြကုန်၏။ တိဗ္ဗဂါရဝါ– ထက်သန်ရှိသေး ရှိကြပါပေကုန်၏။ တေ– ဆိုယူမမှား၊ ထိုလူသားတို့သည်။ ယတ္ထ– သေလွန်ပြီးနောက်၊ အမှန်ရောက်ရှာ၊ အကြင်နတ်ရွာ၌။ ဥပပဇ္ဇရေ– မလွဲစုပြုံး ရောက်ကြကုန်၏။ တတ္ထ– သေပြီးရောက်ရာ၊ ထိုနတ်ရွာ၌။ ဇေတ– တန်ခိုးမကျိုး ထိုနတ်တို့သည်။ သဂ္ဂါ– မှတ်ပါအဟည်၊ ဆက်နတ်ပြည်ကို။ ပကာသန္တိ– စိတ်ကြည်အောင်အောင်၊ ဗိမာန်ရောင်ဖြင့်၊ အရောင်ခွင်းချ၊ ထွန်းလင်းတောက်ပကုန်၏။

၉။ မနုဿတ္တံ– လူ့ပြည်လောက၊ ဘုံဘဝသို့။ သစေဇေ္ဇ– တကယ်စင်စစ်၊ ရောက်ကုန်သည်ဖြစ်အံ့။ အဍ္ဍေ– စီးပွားဥစ္စာ၊ အဖြာဖြာပြည့်စုံ၊ ကြွယ်ဝကုန်သော။ ကုလေ– ကောင်းကျိုးထင်ပေါ်၊ အမျိုးကျော်၌။ အာဇာယရေ– မလွဲမသွေ၊ ဖြစ်ရပေကုန်၏။ ယတ္ထ– အကြင်အမျိုး၌။ ဓောဇ္ဇံ– အဝတ်ပုဆိုး၊ အသစ်မျိုးကိုလည်းကောင်း။ ပိဏ္ဍော– ထမင်းအဖျော်ကိုလည်းကောင်း။ ရတိ–

http://www.dhammadownload.com



ကာမဂုဏ်ငါး၊ အာရုံများဖြင့်၊ ပျော်ပါးမွေ့လျော်ခြင်းကိုလည်းကောင်း။ ခိဍ္ဍာ–ကိုယ်နှုတ်နှလုံး၊ အစဉ်ပြိုးထူး၊ ရွှင်မြူးခြင်းကိုလည်းကောင်း။ အကိစ္စေန–ချမ်းသာအစဉ်၊ မငြိုငြင်သဖြင့်။ လဗ္ဘတိ– မှန်စွာမသွေ၊ ရအပ်ပေ၏။ တတ္တ–ကင်ယေါ်ကောင်းကျိုး၊ ထိုအမျိုး၌။ အာဓာယရေ– မလွဲမသွေ၊ ဖြစ်ရပေကုန်၏။

၁၀။ ပရသမ္ဘတေသု– ကိုယ်မှအခြား သူတစ်ပါးတို့သည်၊ အတည်မဖြတ်၊ ဆည်းပူးအပ်ကုန်သော။ ဘောဂေသု– စီးပွားဥစ္စာ၊ အဖြာဖြာတို့သည်။ ဝသဝတ္တိံ– မိမိ၏သာ၊ လိုလိုရာဆီ၊ လိုက်ပါရသည်ဖြစ်၍သာလျှင်။ မောဒရေ–နေ့နေ့ညည၊ ဝမ်းမြောက်ကြရကုန်၏။ သသောဝိပါကော– နေ့ညဝမ်းမြောက်၊ အံ့လောက်အောင်တိုး၊ ထိုအကျိုးသည်။ ဒိဋ္ဌေဝမ္မေ– မျက်မှောက်ရှုကြ၊ ယခုဘဝ၌။ ယောတိ– မလွဲမသွေ၊ ဖြစ်ရပေ၏။ သမ္ပရာယေစ– တမလွန်ဟု၊ ခေါ်တွင်ပြုရ၊ နောက်ဘဝ၌လည်း။ သုဂ္ဂတိံ– ကောင်းသူ့လားဘိ၊ နတ်ရွာသုဂတိသို့။ ဂစ္ဆတိ– မလွဲမသွေ၊ ရောက်ရပေ၏။ တ္တတိ– ဤသို့သေချာ၊ ဤသို့သာလျှင်။ ဘဂဝါ– ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရားသည်။ ဝိဿဇ္ဇေသိ– သိစေတတ်စေ၊ ကျင့်နိုင်စေဟု၊ ရည်ရွယ်ပြု၍၊ ကရုဏာရှေ့ဆော်၊ မေတ္တာတော်ဖြင့်၊ ဖွင့်ဖော်ကောင်းစွာ၊ ဖြေကြားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

၈။ ကံကောင်းထောက်မ လူ့ဘဝကို ရလာတဲ့အခါ အလှူခံအမြင်ကြည်လင်ရွှင်ပျ လှူဒါန်းကြသူ၊ နမြောဝန်တိုမှု ကင်းတဲ့သူတွေ၊ ရတနာသုံးပါးလေးစားကြည်ညိုရှိသေကြတဲ့သူတွေဟာ နတ်ပြည်ကို ရောက်ရတယ်။ အဲဒီနတ်ပြည်မှာလည်း အံ့ဩစရာကောင်းလောက်အောင် နေရာဗိမာန်အရောင်တွေတပြောင်ပြောင် တဝင်းတဝင်း အခြားနတ်အများထက် သာလွန်ရပြန်တယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ကံကောင်းထောက်မ၊ လူ့ဘဝ၊ ခဏရခိုက်မှာ။
* အလှူခံမြင်၊ ပေးလှူချင်၊ ကင်းစင်ဝန်တိုတာ။
* ရတနာသုံးပါး၊ ပုလဲကုံး၊ ဆွဲသုံးကြည်ညိုရှာ။
* ထိုပုဂ္ဂိုလ်များ၊ နတ်ပြည်သွား၊ ဟောကြားဤသို့လာ။
* အံ့ဩလောက်အောင်၊ ဗိမာန်ရောင်၊ ထွန်းပြောင်ထိန်လင်းသာ။

http://www.dhammadownload.com



၉။ လူ့ဘုံ လူ့ဘဝရောက်လာပြန်ရင်လည်း ချမ်းသာကြွယ်ဝတဲ့အမျိုးမှာ ဖြစ်ရတယ်။ အဝတ်တွေ အစားတွေ ပေါများရတယ်။ ကာမဂုဏ်အာရုံတွေလည်း အားရပါးရ ပျော်မွေ့ရတယ်။ ကိုယ် နှုတ် စိတ်သုံးပါးလုံး ရွှင်ပြုံးကြည်နူးရတယ်။ ဒါ ယခုလက်ရှိဘဝမှာ ရတဲ့ကောင်းကျိုးပါပဲ။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ကြည်ညိုကြသူ၊ ရိုသေသူ၊ ပေးလှူကြသူတွေ။
* လူ့ဘုံရောက်လာ၊ လွန်ချမ်းသာ၊ မျိုးမှာဖြစ်ရပေ။
* အဝတ်အစား၊ တကယ်များ၊ စီးပွားဖြစ်ထွန်းပေ။
* ကာမဂုဏ်ငါး၊ အာရုံများ၊ တအားပျော်ရပေ။
* ယခုဘဝ၊ ကောင်းကျိုးရ၊ ဗုဒ္ဓဟောပြပေ။

၁၀။ သူတစ်ပါးတွေ ရှာဖွေစုဆောင်းထားတဲ့ စီးပွားဥစ္စာတွေဟာ မိမိ အလိုငှာ လိုက်ရပါတယ်။ အဲဒီလိုလိုက်ပါရရှိတော့ နေ့ရောညပါ တကယ် ဝမ်းသာကြည်နူးရတယ်။ မိမိလုပ်ကိုင်တဲ့ ရောင်းဝယ်ဖောက်ကားတဲ့လုပ်ငန်း ကိုင်ငန်းတွေဟာ အံ့သြစရာကောင်းလောက်အောင် အကျိုးပေးပြီး (အဆင်ပြေပြီး) ရောင်းလို့လည်းကောင်း၊ ဝယ်လို့လည်းကောင်းပြီး စီးပွားဥစ္စာ ရတနာရွှေငွေ အထွေထွေဟာ တစ်နေ့တခြား ဒီရေအလားကဲ့သို့ ကြီးပွားတိုးတက်လာတယ်။ ဒါလည်း ယခုလက်ရှိဘဝမှာရတဲ့ ကောင်းကျိုးပါပဲ။

မေး။ ။ တရားနာပရိသတ် ရောင်းလို့ဝယ်လို့ မကောင်းချင်ဘူးလား။
ဖြေ။ ။ ကောင်းချင်ပါတယ်ဘုရား။
မေး။ ။ ချမ်းသာကြွယ်တဲ့ အမျိုးကောင်တွေမှာ မဖြစ်ချင်ဘူးလား။
ဖြေ။ ။ ဖြစ်ချင်ပါတယ်ဘုရား။
မေး။ ။ စီးပွားဥစ္စာ ရတနာ ရွှေငွေ မပေါချင်ဘူးလား။
ဖြေ။ ။ ပေါချင်ပါတယ် ဘုရား။

အေး ဟုတ်ပြီ။ ကောင်းချင် ဖြစ်ချင် ပေါချင်ရင် အလှူခံ အိမ်ဝင်လာရင် မျက်နှာလွှဲမသွားနဲ့၊ ရှောင်ပြီးတော့ မသွားနဲ့။ ရဟန်းငယ် ကိုရင်ငယ် စာသင်သား လေးတွေ ဆွမ်းခံအိမ်လာဖိတ်ရင် ကန်တော့ပါ. အလုပ်မအားလို့ပါ၊ အိမ် လူမရှိလို့ပါ မလုပ်နဲ့။ အဆင်ပြေအောင် စီမံလှူဒါန်းပေးပါ။ အလုပ်သွားခါနီး၊ ဘုရားစာ တရားစာ များများရွတ် ပြီး သွား။ ရတနာသုံးပါး ဂုဏ်တော်တွေ အမြဲပွားများနေပါ။ ရတနာ သုံးပါးကို တကယ်ကြည်ညို ရိုသေလေးစားပါ။

http://www.dhammadownload.com



ရတနာသုံးပါး အမြတ်ဆုံးဘာဝနာတရားတွေကို အမြဲတစေ နေ့နေ့ ညည မမေ့ကြဘဲ ပွားများနှလုံးသွင်းနေရင် စိတ်၏လိုရာဆန္ဒ ကောင်း မြတ်တာမှန်သမျှ အမှန်ထာဝရ ပြည့်ဝနိုင်ပါတယ်။

ဒါကို စာပေပါဠိတော်က "တ္တမံသတိ ဘာဝယိတွာ ပူရယိဿသိ မာနသံ" တဲ့။

"တ္တမံသတိ- ဤအမြတ်ဆုံးဗုဒ္ဓါနုဿတိဘာဝနာကို။ ဘာဝယိတွာ- မနေမနား၊ အမြဲပွားသော်။ မာနသံ- သူငါအများ၊ တောင့်တထားသည့်၊ စိတ်၏လိုရာ၊ အဖြာဖြာကောင်းကျိုး၊ အမျိုးမျိုးသည်။ ပူရယိဿသိ- နေ့တိုင်း ညတိုင်း၊ ခါမဆိုင်းကုန်၊ ပြီးပြည့်စုံလတ္တံ့" တဲ့။

တကယ်ပြီးပြည့်စုံချင်တဲ့သူတွေ တကယ်ပွားများနိုင်ကြပါစေလို့ ဆန္ဒပြု ဆုတောင်းပါတယ်။

နောက်ဘဝကျတော့လည်းနတ်ပြည်လောက ဘုံဘဝကို ရောက်ကြရပါ တယ်။ ဒါ မြတ်စွာဘုရားရဲ့ ဖြေကြားချက်ပဲ။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ရှာဖွေစုထား၊ သူတစ်ပါး၊ များပြားဥစ္စာတွေ။
* ကိုယ့်ရဲ့လိုရာ၊ မြဲလိုက်ပါ၊ ဝမ်းသာဖွယ်ပဲလေ။
* ရောင်းဝယ်ဖောက်ကား၊ လုပ်ငန်းများ၊ တအားအဆင်ပြေ။
* ရောင်းဝယ်ကောင်းတာ၊ များဥစ္စာ၊ များစွာတိုးတက်နေ။
* ယခုဘဝ၊ ကောင်းကျိုးရ၊ ဗုဒ္ဓဟောပြပေ။
* နောက်ဘဝမှာ၊ ထက်နတ်ရွာ၊ သေချာရောက်ရပေ။
* ဒေဝါနတ်အား၊ မြတ်ဘုရား၊ ဖြေကြားဟောလိုက်ပေ။

မပေး မလှူလို့ နှမြောဝန်တိုတဲ့ မစ္ဆေရ (မစ္ဆရိယ) တရားဟာ ငရဲ တိရစ္ဆာန် ယမမင်းနိုင်ငံကိုရောက်စေနိုင်တယ်။ ငရဲ တိရစ္ဆာန် ယမမင်းနိုင်ငံက လွတ်ပြန်တော့လည်း ဆင်းရဲတဲ့အမျိုးယုတ်ထဲကို ရောက်အောင် ပို့ပေးတယ်။ အဝတ်အစား အကုန်ရှားပြီး စီးပွားဥစ္စာ ဘာလုပ်လုပ် အဆင်မပြေဘူး။ သေပြန် တော့လည်း နောက်ဘဝရောက်ရပြန်ပြီ မကောင်းတဲ့ဒုဂ္ဂတိဘဝ။

မေး။ ။ ဒီတော့ မစ္ဆေရတရားဟာ ကြောက်စရာမကောင်းဘူးလား။

ဖြေ။ ။ ကြောက်စရာကောင်းပါတယ် ဘုရား။

http://www.dhammadownload.com



မေး။ ။ ကြောက်စရာကောင်းရင် ရှောင်ရမှာလား၊ ဆောင်ရမှာလား။
ဖြေ။ ။ ရှောင်ရမှာပါဘုရား။

ပေးလှူလိုတဲ့ ဒါနတရားဟာ နတ်ပြည်ကိုရောက်စေနိုင်တယ်။ (အရောက်ပို့ပေးနိုင်တယ်) နတ်ပြည်မှာ အခြားနတ်ဟွေထက် ဗိမာန်ရောင်တွေက သာလွန်တောက်ပြောင်ရတယ်။ နတ်ပြည်ကနေ လူပြည်ရောက်လာပြန်ရင်လည်း ချမ်းသာကြွယ်ဝတဲ့အမျိုးမှာ ဖြစ်ရပြန်တယ်။ အဝတ်အစားတွေ ပေါများပြီး ကာမဂုဏ်အာရုံတွေလည်း ကြိုက်သလို သဘောရှိ အားရပါးရ ခံစားရတယ်။ စီးပွားဥစ္စာတွေ လုပ်သလို ဘာလုပ်လုပ် အဆင်ပြေတယ်။ တစ်နေ့တခြား စီးပွားဟိုးတက်တယ်။ သေပြန်တော့လည်းကောင်းရာသုဂတိ နတ်ပြည်လောကဘုံဘဝကို ရောက်ရပြန်တယ်။

မေး။ ။ ဒီတော့ ဒါနဟာ ကောင်းကျိုးတွေ အဆက်ဆက်မဖြစ်စေဘူးလား။
ဖြေ။ ။ ဖြစ်စေပါတယ်ဘုရား။
မေး။ ။ ဒီလိုဆိုရင် ဒါနကို ရှောင်ရမှာလား၊ ဆောင်ရမှာလား။
ဖြေ။ ။ ဆောင်ရမှာပါဘုရား။

ဒီလိုဆိုရင် ဦးဇင်းရဲ့တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ မစ္ဆေရကို ရှောင်ပြီး ဒါနကို ဆောင်ရမယ်နော်။

မှန်လှပါဘုရား။

မေး။ ။ ဒီနေ့ ဟောခဲ့တဲ့တရားသုတ္တန်က ဘာသုတ္တန်တဲ့လဲ။
ဖြေ။ ။ မစ္ဆရိသုတ္တန်ပါဘုရား။
မေး။ ။ မြန်မာလို မှတ်သားလို့လွယ်ကူအောင် ခေတ်နဲ့အညီပေးထားတဲ့ တရားအမည်က ဘာကဲ့လဲ။
ဖြေ။ ။ "မစ္ဆေရရှောင် = ဒါနဆောင်" တရားတော်ပါဘုရား။

ဦးဇင်းရဲ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ အောက်တန်းကျ နောက်တန်းကျတဲ့ မစ္ဆေရတရားကို ရှောင်ရှားနိုင်ပါစေ။ အထက်တန်းကျ မျက်နှာပန်းလှစေတဲ့ ဒါနကို ဆောင်ထားနိုင်ပါစေဆိုတဲ့အနေအားဖြင့် "မစ္ဆေရရှောင် = ဒါနဆောင်" တရားတော်ကို ဟောကြားခဲ့ပါတယ်။

ကဲ- လက်ာလေးတွေ လိုက်ဆိုပြီး တရားသိမ်းရအောင်။
* မစ္ဆေရရှောင်၊ ဒါနဆောင်၊ သိအောင်တရားတော်။

http://www.dhammadownload.com



*ဒီနေရာမှာ၊ နိဂုံးသာ၊ ဟောတာပြီးပြီနော်။
သာဓု၊ သာဓု၊ သာဓုပါဘုရား။

မှတ်ချက်။ ။ အလှူပွဲတိုင်း၊ ပူဇော်ပွဲတိုင်း၊ မင်္ဂလာပွဲတိုင်း၊ မွေးနေ့ပွဲတိုင်း၊ ရဟန်းခံ ရှင်ပြုပွဲတိုင်း ဟောနိုင်ပါသည်။ *ဂါထာ+ အနက်+ ကဗျာလင်္ကာ+ ပြောပုံစကားပြေ အမေး+ အဖြေ စုံအောင် ရေးထားပါသည်။ အချိန်ရကာ လိုအပ်ပါမှ အနက် လင်္ကာများ သုံးပါ။ အချိန်မရပါက ဂါထာ+ စကားပြေ+ အမေး အဖြေဖြင့် လုံလောက်ပါပြီ။ တရားအကျယ်ကို အကျဉ်းချုံးတတ်ပါစေ။ နံနက်+ နေ့ဆွမ်းကပ်များ ဟောရာ၌ (၁၅) မိနစ်ထက် မပိုပါစေနဲ့။ လေမရှည်အောင် သတိဆောင်ပါ။

✪

http://www.dhammadownload.com

## သံယုတ္တနိကာယ+ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ ဒေဝတာသံယုတ်+ ဇရာဝဂ်+ ဇရာသုတ်တော်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "သူခိုးဓားပြ + ယူမရ" တရားတော်

အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်မှာ ကိန်းအောင်းတော်မူစဉ် ညဥ့်တစ်ညဥ့်ရဲ့ သန်းခေါင်အချိန်ဝယ် နတ်သားတစ်ယောက်လာပြီးတော့ ဂါထာတစ်ပုဒ်နဲ့ မေးလျှောက်ပါတယ်။

ဘယ်လိုမေးလျှောက်သလဲဆိုရင်

ကိံသုယာဝ ဇရာ သာဓု၊ ကိံသု သာဓု ပတိဋ္ဌိတံ။
ကိံသု နရာနံ ရတနံ၊ ကိံသုစောရေဟိ ဒူဟရန္တိ။

ကိံသု– ချိန်ပြုဟောကြား၊ အဘယ်တရားသည်။ ယာဝဇရာ– အိုသည့်ကာလ၊ အချိန်ကျအောင်။ သာဓု– အမြဲခါခါ၊ ကောင်းမြတ်ပါသနည်း။ ကိံသု– ချိန်ပြုဟောကြား၊ အဘယ်တရားသည်။ ပတိဋ္ဌိတံ– မိမိသန္တာန်၊ မြဲမြံခိုင်ခံ့၊ အရှည်ကြန့်ကြာ၊ တည်တံ့ပါသော်။ သာဓု– အမြဲသာယာ၊ ကောင်းမြတ်ပါသနည်း။ ကိံသု– ချိန်ပြုဟောကြား၊ အဘယ်တရားသည်။ နရာနံ– သုံးဆယ့်တစ်ဘုံ၊ စုံဆန်သွားလာ၊ သတ္တဝါတို့၏။ ရတနံ– ရောက်ရာဘဝ၊ အောက်မကျအောင်၊ ထောက်မဆက်ဆက်၊ နှစ်သက်စရာ၊ ရတနာမည်ပါသနည်း။ ကိံသု– ချိန်ပြုဟောကြား၊ အဘယ်တရားကို။ စောရေဟိ– အဆိုးပထမ၊ သူခိုးဓားပြတို့သည်။ ဒူဟရံ– အိမ်လုံးမွှေနှောက်၊ ထက်အောက်မလပ်၊ လူကိုသတ်လည်း၊ မကပ်မပါ၊ မဆောင်ယူအပ်နိုင်ပါသနည်း။ (ဝါ) မှန်စွာအမြဲ၊ ဆောင်နိုင်ခဲပါသနည်း။ ဣတိ– ဤသို့ရောက်လာ၊ ဤသို့သာလျှင်။ ဒေဝတာ– သေချာအထူး၊ နတ်သားတစ်ဦးသည်။ ဣမံဂါထံ– မှတ်သားစရာ၊ ဤဂါထာကို။ အဘာသိ– သိလိုတဲ့အရေးဖြင့်၊ မနှေးမြန်စွာ၊ ရွတ်ဆိုမေးလျှောက်လိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

http://www.dhammadownload.com



ဘုန်းတော်ကြီးမှား မြတ်စွာဘုရားအား
၁။ အိုသည့်တိုင်အောင် ကောင်းတဲ့တရားက ဘယ်တရားပါလဲ။
၂။ မိမိသန္တာန်မှာ အမြဲတည်တဲ့နေရင် ကောင်းတဲ့တရားက ဘယ်တရား ပါလဲ။
၃။ သတ္တဝါတွေမှာ (လူတွေမှာ) တကယ်နှစ်သက်စရာကောင်းတဲ့ ရတနာက ဘယ်ရတနာပါလဲ။
၄။ သူခိုးဓားပြတွေ မခိုးနိုင် မယူနိုင်တဲ့ဥစ္စာက ဘယ်ဥစ္စာပါလဲလို့ မေးလျှောက်ပါတယ်။

ကဲ- ခေတ်သစ် ခေတ်ဆန်းကဗျာလေးတွေ လိုက်ဆိုကြ
* အိုသည့်တိုင်အောင် ကောင်းတာကား
ဟောပါ ဗုဒ္ဓဘယ်တရား။
* အမြဲတည်ရင် ကောင်းတာလား
ဟောပါ ဗုဒ္ဓဘယ်တရား။
* နှစ်သက်စရာ ကောင်းတာလား
ဟောပါ ဗုဒ္ဓဘယ်တရား။
* ခိုးယူမရ ဥစ္စာကား
ဟောပါဗုဒ္ဓဘယ်တရား။

တစ်နည်းလင်္ကာ မှတ်ထားပါ
* အိုသည့်တိုင်သာ၊ ကောင်းလှသော၊ ဟောပါဘယ်တရား။
* အမြဲတည်က၊ ကောင်းမြတ်လှ၊ ဟောပြဘယ်တရား။
* နှစ်သက်စရာ၊ ရတနာ၊ ဟောပါ ဘယ်ဘုရား။
* သူခိုးဓားပြ၊ ယူမရ၊ ဟောပြဘယ်တရား။

ရှင်တော်ဗုဒ္ဓ+ ဖြေကာပြ
သီလံ ယာဝ ဇရာ သာဓု၊ သဒ္ဓါ သာဓု ပတိဋ္ဌိတာ။
ပညာ နရာနံ ရတနံ၊ ပုညံ စောရေဟိ ဒူဟရန္တိ။

သီလံ- ငါးပါး+ ရှစ်ပါး အစထားသည့်၊ များပြားသီလ၊ အဝဝသည်။
ယာဝဇရာ- ကလေးကစ၊ အိုချိန်ကျအောင်။ (ဝါ) အဖိုးမမယ်၊ အရွယ်ကြီး

http://www.dhammadownload.com



သည့်၊ အိုရိုန်ထိအောင်။ သာခု– ကဲ့ရဲ့စရာ၊ မရှိပါဘဲ၊ မှန်စွာမသွေ၊ ကောင်းလှပေ၏။ သဒ္ဒါ– ရတနာသုံးတန်၊ ကံ+ ကံအကျိုး၊ ဤငါးမျိုး၌၊ အချိုးကျကျ၊ မဂ်ဖိုလ်ရအောင်၊ ဟန်ဖိုးဆောင်တတ်၊ သဒ္ဒါခေါ်သည်။ ပတိဋ္ဌိတာ– မိမိသန္တာန်၊ မြဲမြံခိုင်ခံ့၊ အရှည်ကြန့်ကြာ၊ ကည်တဲ့ပါမှုကား။ သာခု– အမြဲတစေ၊ ကောင်းမြတ်ပေ၏။ ပညာ– ကောင်းသည့်အရာ အဖြာဖြာ၌၊ ကောင်းစွာခွဲခြမ်း၊ သိနိုင်စွမ်းသား၊ ပညာတရားသည်။ နရာနံ– သုံးဆယ့်တစ်ဘုံ၊ စုန်ဆန်သွားလာ၊ သတ္တဝါတို့၏။ ရတနံ– ရောက်ရာဘဝ၊ အောက်မကျအောင်၊ ထောက်မဆောက်ဆက်၊ နှစ်သက်စရာ၊ ရတနာမည်ပါပေ၏။ ပုညံ– ဒါန သီလာ၊ ဘာဝနာပေါင်းစု၊ ကောင်းမှုစေတနာ၊ အဖြာဖြာကို။ စောရေဟိ– အဆိုးပထမ၊ သူခိုးစားပြတို့သည်။ ဒူဟာရံ– အိမ်လုံးမွှေနှောက်၊ ထက်အောက်မလပ်၊ လူကိုသတ်လည်းမကပ်မပါ၊ မဆောင်ယူအပ်နိုင်ပါပေ။ (ဝါ) နာမ်တရားသာ၊ဖြစ်နေတာကြောင့်၊ ဘယ်ခါပိုင်ပိုင်၊ မဆောင်ယူနိုင်ပါချေ။ (ဝါ) ရုပ်တရားတွေ၊ မဟုတ်ပေ၍၊ မှတ်လေအမြဲ၊ ဆောင်နိုင်ခဲ၏။ ဣတိ– ဤသို့သေချာ၊ ဤသို့သာလျှင်။ ဘဂဝါ– ဘုန်းတော်ခြောက်ဆူ၊ အောင်လံယူ၍၊ အောင်သူထိပ်ဖျား၊ အောင်ဘုရင်ထိပ်တန်း၊ အောင်ရဟန်းပို့ဆရာ၊ စောမြတ်စွာသည်။ အဝေါစ– ... ကျစေ၊ ဒီအနေမြင့်၊ ရည်ရွယ်ကောင်းစွာ ဖြေကြားဟောပြတော်မူလိုက်ပါပေသတည်း။

သာခု၊ သာခု၊ သာခုပါဘုရား။

၁။ သီလိုတဲ့အရေးဖြင့် မနေးလျှောက်ထား အိုနတ်သား အိုသည့်ကိုင်အောင် ကောင်းကဲ့တရားဟာ သီလပါပဲ။ ရတနာရွှေငွေ အခေတွေတွေသော အဆင်တန်ဆာတွေဟာ ငယ်ရွယ်တဲ့အချိန်ပဲ ဘင့်တယ်စေတယ်။ အသက်အရွယ်ကြီးတဲ့ အဘွားအိုကြီးကျေ ရွှေ ငွေစတဲ့ ရတနာတွေ ဝတ်ဆင်နေ ... "ဒီအဘွားကြီး ရှူးနေတယ်ထင်တယ်၊ ယခုထိ မကျေ့သေးဘူး၊ ... တော့ သေခါနီးနေပြီ။ လှချင်ပဲ ရှိသေးတယ်။ အမြဲပြင်နေတာပဲ" စ...သည်ဖြင့် ကဲ့ရဲ့ခံရမှာ သေချာပါတယ်။

သီလဆိုတဲ့ အဆင်တန်ဆာရတနာကတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ သီလစောင့်နေသူကို "သီလစောင့်လို့ ဘာအကျိုးရှိမှာလဲ" စသည်ဖြင့် ပြောဆိုကဲ့ရဲ့မယ့်သူ မရှိပါဘူး။ "ဩော် အသက်အရွယ် ငယ်ငယ်လေးနဲ့ သီလစောင့်တာ တယ်တော်ပါလား" စသည်ဖြင့်သာ ချီးမွမ်းကြမှာ သေချာပါတယ်။

http://www.dhammadownload.com



ဒါကြောင့် သီလဆိုတဲ့ အဆင်တန်ဆာရတနာဟာ ငယ်တဲ့အရွယ်၊ အလယ်အလတ်အရွယ်၊ ကြီးတဲ့အရွယ်ဆိုတဲ့ အရွယ်သုံးပါးလုံးမှာ တင့်တယ်စေနိုင်တယ်။

ဒါ့ကြောင့်ဘုရားရှင်ကိုယ်တော်မြတ်က "အိုသည့်တိုင်အောင် ကောင်းတဲ့ တရားဟာ သီလပဲ" လို့ ဖြေကြားတော်မူတာ ဖြစ်ပါတယ်။

မေး။ ။ ဒီတော့ တရားနာပရိသတ် အိုသည့်အထိ ကောင်းအောင် ဘယ်အဆင်တန်ဆာကို ဆင်ရဝတ်ရမလဲ။

ဖြေ။ ။ သီလတန်ဆာကို ဆင်ရဝတ်ရ ဆွဲရမှာပါဘုရား။

မေး။ ။ ရွှေငွေစတဲ့ ရတနာတွေဟာ အသက်ကြီးလာတော့ တင့်တယ်သေး၊ ကောင်းသေးရဲ့လား။

ဖြေ။ ။ မတင့်တယ်၊ မကောင်းတော့ပါဘုရား။

မေး။ ။ အရွယ်သုံးပါးလုံးကောင်းအောင် တင့်တယ်အောင် ဘယ်တရားကို ဆောင်ရမလဲ။

ဖြေ။ ။ သီလတရားကို ဆောင်ရမှာပါဘုရား။

၂။ မိမိသန္တာန်မှာ အမြဲတည်တဲ့နေရင် ကောင်းတဲ့တရားက သဒ္ဓါတရားပါ။ သဒ္ဓါဆိုတာ ရတနာသုံးပါး၊ ကံ ကံရဲ့အကျိုး ဒီငါးမျိုးမှာ ယုံကြည်တာကို ခေါ်တယ်။ ဒီငါးမျိုးမှတစ်ပါး အခြားအရာဝတ္ထုတွေကို ယုံနေတာ ကြည်နေတာ သဒ္ဓါမဟုတ်ဘူးလို့ သဘောပေါက်ပါ။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ဘုရားကိုယုံ၊ တရားယုံ၊ ထပ်ယုံမြတ်သံဃာ။

*ကံ +ကံအကျိုး၊ ဒီငါးမျိုး၊ ယုံရိုးမြတ်သဒ္ဓါ။

၃။ သတ္တဝါတွေ (လူတွေ) တကယ်နှစ်သက်စရာကောင်းတဲ့ ရတနာက ပညာရတနာပါ။ (ပညာ) တရားပါ။

အဲဒီပညာရတနာကို ဆောင်ထားရင် အရာရာမှာ ကောင်းစွာခွဲခြမ်းသိမြင်ပြီးတော့ သတ္တဝါတွေ ရောက်ရာဘဝ ဘယ်တော့မှ အောက်တန်းမကျတော့ပါဘူး။ အမြဲတစေ အထက်တန်းက နေရဖြစ်ရပါတယ်။

အရောင်တွေထဲမှာလည်း ပညာနဲ့တူတဲ့အရောင်အလင်းဆိုတာ မရှိပါဘူး။

http://www.dhammadownload.com



နတ္ထိပညာသမာအာဘာ။ ပညာသမာ- ပညာနှင့်တူသော။ အာဘာ-
၈ အရောင်အလင်းသည်။ နတ္ထိ- မရှိပါ။

လူတွေ စာအုပ်တွေမှာ အသုံးတွင်ကျယ်နေတာက "ပညာသမာအာဘာ နတ္ထိ" တကယ်စာအုပ်စာပေတွေမှာ ရှိနေတာက "နတ္ထိ ပညာသမာ အာဘာ" အဓိပ္ပာယ်ကတော့ အတူတူပါပဲ။ ဒါပေမဲ့ စာအုပ်ထဲရှိနေတဲ့အတိုင်း အသုံးပြုတာ အကောင်းဆုံးလို့မှတ်ပါ။

နေရောင်ဟာ တကယ်ထွန်းလင်းတောက်ပြောင်ပါတယ်။ ဒါပေမဲ့ လေးကျွန်းလုံးကို တစ်ပြိုင်နက် မထွန်းလင်း မတောက်ပစေနိုင်ပါဘူး။ တစ်စိတ်တစ်ဒေသမျှသာ အလင်းရောင်ကို ဆောင်နိုင်တယ်။ နောက်ပြီးတော့ ပကတိအမိုက်မှောင်ကိုသာ ပယ်ဖျောက်နိုင်တယ်။

ပညာအရောင်ကတော့ စကြဝဠာ ကမ္ဘာလောကဓာတ်တစ်သောင်းလုံးကိုပင် တစ်ပြိုင်နက်တည်း အမှောင်ကိုခွင်းပြီးတော့ အလင်းကိုဆောင်နိုင်တယ်။ အတိတ်ဘဝ၊ အတိတ်ခန္ဓာ၊ အနာဂတ်ဘဝ၊ အနာဂါတ်ခန္ဓာရဲ့ အကြောင်းအရာတွေကို ဖုံးလွှမ်းတတ်တဲ့ အဝိဇ္ဇာဆိုတဲ့ အမှောင်ထုကြီးကိုပင် ပယ်ခွင်းပြီးတော့ ထိုကာလတွေမှာ ဖြစ်ပြီးဖြစ်လတ္တံ့ အကြောင်းအရာတွေကို သိမြင်နိုင်အောင် အလင်းရောင်ကို ဝင်းပြောင်အောင် ဆောင်နိုင်ပါတယ်။

ပညာဟိ သေဋ္ဌာ ကုသလာ ဝဒန္တိ။ (ဇာဋ္ဌ ၃= ၃၂၇)

ပညာဟ်- ပညာဧဝ= ပညာရတနာသည်သာလျှင်။ သေဋ္ဌာ- အလွန်သဖြင့် ချီးမွမ်းအပ် မြတ်လှ၏ဟူ၍။ ကုသလာ- တရားအရာ လိမ္မာကြသူတို့သည်။ ဝဒန္တိ- သာယာအေးမြ ဆိုမိန့်ကြကုန်၏။

ဒီလောကကြီးမှာ ပညာရတနာဟာ အကောင်းဆုံး အမြတ်ဆုံးပါ။

မေး။ ။ သတ္တဝါတွေ (လူတွေ)ရဲ့ နှစ်သက်စရာဖြစ်တဲ့ အကောင်းဆုံးအမြတ်ဆုံး ရတနာက ဘယ်ရတနာလဲ။

ဖြေ။ ။ ပညာရတနာပါဘုရား။

၄။ သူခိုးဓားပြတွေ ခိုးယူလို့မရတဲ့ ဥစ္စာက ကောင်းမှုကုသိုလ်စေတနာပါ။ အဲဒီကုသိုလ်စေတနာကို ဘာ့ကြောင့် ခိုးယူလို့မရသလဲဆိုရင် ရုပ်တရားမဟုတ်လို့ (နာမ်တရားဖြစ်နေလို့) လို့မှတ်ပါ။ ရုပ်တရား ရုပ်ဝတ္ထုတွေကိုသာ ခိုးယူလို့ရတာ နာမ်တရားကို ခိုးယူလို့ မရဘူးလို့ သဘောကျပါ။

http://www.dhammadownload.com



*ပုညဉ္စ ပုညစေတနာ၊ သာ ဟိ အရူပတ္တာ ပရိဟရိတုံ န သက္ကာတိ။ (သံဋ္ဌ ၁= ၈၇)

မေး။ ။ ဒီတော့ သူခိုးဓားပြတွေ ခိုးယူလို့မရတဲ့ ကုသိုလ်တရားတွေ မလုပ်သင့်ဘူးလား။

ဖြေ။ ။ လုပ်သင့်ပါတယ်ဘုရား။

အိမ်တစ်အိမ်ကို သူခိုးဓားပြတွေ လာပြီးတော့ ခိုးပြီယူပြီ တိုက်ပြီဆိုရင် အိမ်မှာရှိတဲ့ ရတနာရွှေငွေ အထွေထွေဟာ သူခိုးဓားပြတွေဆီ ပါသွားမှာ သေချာပါတယ်။ ဒါပေမဲ့ အဲဒီအိမ်သူအိမ်သားတွေ ပြုလုပ်ထားတဲ့ ဒါန သီလ ဘာဝနာကုသိုလ်ကောင်းမှု စေတနာတွေကိုတော့ သူခိုးဓားပြတွေ ခိုးယူလို့ ရနိုင်ပါ့မလား။ (မရနိုင်ပါဘုရား)

မေး။ ။ ဒီနေ့ ဟောတဲ့သုတ္တန်က ဘာသုတ္တန်တဲ့လဲ။

ဖြေ။ ။ ဇရာသုတ္တန်ပါဘုရား။

မေး။ ။ မြန်လာလိုပေးထားတဲ့ တရားအမည်က ဘာတဲ့လဲ။

ဖြေ။ ။ "သူခိုးဓားပြ+ ယူမရ" တရားတော်ပါဘုရား

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*သူခိုးဓားပြ၊ ယူခိုးရ၊ ဟောပြဘယ်ဟာလဲ။

*သူခိုးဓားပြ၊ ယူခိုးရ၊ များလှရွှေငွေပဲ။

*သူခိုးဓားပြ၊ ယူခိုးရ၊ များလှဥစ္စာပဲ။

*သူခိုးဓားပြ၊ ယူမရ၊ ဟောပြဘယ်ဟာလဲ။

*သူခိုးဓားပြ၊ ယူမရ၊ ပုညကောင်းမှုပဲ။

*ခိုးရာမပါ၊ စေတနာ၊ သေချာသိမှတ်စွဲ။

*ရုပ်သာယူရ၊ နာမ်မရ၊ မှတ်ကြသေချာစွဲ။

နတ်သားက အမေးလေးခုမေးတော့ ဘုရားရှင်ကိုယ်တော်မြတ်က အဖြေလေးခု အဖြေပေးတော်မူပါတယ်။ နတ်သားလျှောက်တဲ့ အမေးလေးခုလင်္ကာလေးတွေ ပြီးခဲ့ပါပြီ။

ဒီတစ်ခါ ဆက်ပြီးတော့ ဘုရားရှင်အဖြေပေးတဲ့ လင်္ကာလလေးတွေ လိုက်ဆိုကြပါ။

http://www.dhammadownload.com



*အိုသည့်တိုင်အောင် ကောင်းတာကား+ သီလဆိုတဲ့ မြတ်တရား။
*အမြဲတည်ရင် ကောင်းတာကား+ သဒ္ဓါဆိုတဲ့ မြတ်တရား။
*နှစ်သက်စရာ ကောင်းတာကား+ ပညာဆိုတဲ့ မြတ်တရား။
*ခိုးသူမရ ဥစ္စာကား+ ကောင်းမှုဆိုတဲ့ ကုသိုလ်များ။

တစ်နည်းလက်ာ ဆက်မှတ်ပါ။
*အိုသည့်တိုင်သာ၊ ကောင်းလှတာ၊ သီလာမြတ်တရား။
*အမြဲတည်ကာ၊ ကောင်းမြတ်လှ၊ သဒ္ဓါမြတ်တရား။
*နှစ်သက်စရာ၊ ရတနာ၊ ပညာမြတ်တရား။
*သူခိုးဓားပြ၊ ယူမရ၊ ပုညကောင်းမှုများ။
သူခိုး ခိုးရာ၊ စေတနာ၊ ဘယ်ခါပါမသွား။

မေးဖြေတွဲကာ မှတ်လားပါ။
၁။ *အိုသည့်တိုင်သာ၊ ကောင်းလှတာ၊ ဟောပါဘယ်တရား။
အိုသည့်တိုင်သာ၊ ကောင်းလှတာ၊ သီလာမြတ်တရား။
၂။ *အမြဲတည်ကာ၊ ကောင်းမြတ်လှ၊ ဟောပြဘယ်တရား။
အမြဲတည်ကာ၊ ကောင်းမြတ်လှ၊ သဒ္ဓါမြတ်တရား။
၃။ *နှစ်သက်စရာ၊ ရတနာ၊ ဟောပါဘယ်တရား။
နှစ်သက်စရာ၊ ရတနာ၊ ပညာမြတ်တရား။
၄။ *သူခိုးဓားပြ၊ ယူမရ၊ ဟောပြဘယ်တရား။
သူခိုးဓားပြ၊ ယူမရ၊ ပုညကောင်းမှုများ။

မေး။ ။ သူခိုးဓားပြတွေ ခိုးလို့ ယူလို့မရတဲ့ တရားက ဘယ်တရားတဲ့လဲ။
ဖြေ။ ။ ကုသိုလ်ကောင်းမှုတွေပါ ဘုရား။
မေး။ ။ ဒါဆိုရင် ဒီနေ့ဟောခဲ့တဲ့တရားက ဘာတရားတဲ့လဲ။
ဖြေ။ ။ "သူခိုးဓားပြ+ ယူမရ" တရားတော်ပါဘုရား

ကဲ– တရားသိမ်းရအောင် လက်ာလေးတွေလိုက်ဆိုကြ
*သူခိုးဓားပြ၊ ယူမရ၊ ဟောပြတရားတော်။
*ဒီနေ့ရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးပြီနော်။

မှတ်ချက်။ ။*သီလပွဲတိုင်း (သီလယာဝ ဇရာသာဓု)။
အလှူပွဲတိုင်း (သဒ္ဓါသာဓု ပတိဋ္ဌိတာ)။

http://www.dhammadownload.com



ပညာရေးစာအောင်+ ဘွဲ့တံဆိပ်+ ချီးကျူးဂုဏ်ပြုပူဇော်ပွဲ တိုင်း (ပညာနရာနံ ရတနံ) ကို ဟောပြောပါ။

*ပွဲမျိုးစုံ ပွဲတိုင်းလည်း ဟောနိုင်ပါသည်။

http://www.dhammadownload.com

## သံယုတ္တနိကာယ+ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ ဒေဝတာသံယုတ်+ ဇရာဝဂ်+ မိတ္တသုတ္တန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "ခုနောင်ဘဝ + မိတ်ဆွေလှ" တရားတော်

အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် နတ်သားတစ်ယောက်လာပြီးတော့ ဂါထာတစ်ပုဒ်နဲ့ မေးမြန်းလျှောက်ထားပါတယ်။

ဘယ်လို မေးမြန်းလျှောက်ထားသလဲဆိုရင်

ကိံသု ပဝသတော မိတ္တံ၊ ကိံသု မိတ္တံ သကေဃရေ။

ကိံ မိတ္တံ အတ္ထဇာတဿ၊ ကိံ မိတ္တံ သမ္ပရာယိကန္တိ။

ပဝသတော– ခရီးသွားသူ များရှင်လူ၏။ မိတ္တံ– သေချာကောင်းလွန်း၊ အဆွေခင်ပွန်းသည်။ ကိံသု– အဘယ်သူသာ၊ ဖြစ်နိုင်ပါသနည်း။ သကေဃရေ– အမြဲနေရာ၊ မိမိအိမ်ဂေဟာ၌။ မိတ္တံ– သေချာကောင်းလွန်း၊ အဆွေခင်ပွန်းသည်။ ကိံသု– အဘယ်သူသာ၊ ဖြစ်နိုင်ပါသနည်း။ အတ္ထဇာတဿ– အမှုကြီးငယ်၊ အသွယ်သွယ်ကို၊ တကယ်လုပ်စရာ၊ ဖြစ်ပေါ်လာသူ၏။ မိတ္တံ– သေချာကောင်းလွန်း၊ အဆွေခင်ပွန်းသည်။ ကိံသု– အဘယ်သူသာ၊ ဖြစ်နိုင်ပါသနည်း။ သမ္ပရာယိကံ– တမလွန်ဟု၊ ခေါ်တွင်ပြုရ၊ နောက်ဘဝ၌ဖြစ်သော။ မိတ္တံ– သေချာကောင်းလွန်း၊ အဆွေခင်ပွန်းသည်။ ကိံသု– အဘယ်အရာ၊ မှန်စွာစင်ဇစ်၊ အဖြစ်ကြီးဖြစ်နိုင်ပါသနည်း။ ဣတိ– ဤသို့ဂါထာ၊ ဤသို့သာလျှင်၊ ဒေဝ ဂ– ရောက်လာအထူး၊ နတ်သားတစ်ဦးသည်။ အဘာသိ– မနေးမြန်စွာ၊ ရွတ်ဆို လျှောက်ထားလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဘုန်းတော်ကြီးမား မြတ်စွာဘုရား။

၁။ ခရီးသွားတဲ့ပုဂ္ဂိုလ်ရဲ့အဆွေခင်ပွန်းဟာ ဘယ်သူပါလဲ။

၂။ မိမိတို့ အမြဲနေတဲ့အိမ်မှာ အဆွေခင်ပွန်းဟာ ဘယ်သူပါလဲ။

http://www.dhammadownload.com



၃။ အမှုကြီးငယ်ပြုလုပ်စရာတွေ တွေ့ကြုံလာတဲ့အခါမှာ အဆွေခင်ပွန်းဟာ ဘယ်သူပါလဲ။

၄။ နောက်ဘဝ နောက်လောကအတွက် တကယ်အားထား အားကိုးရတဲ့ အဆွေခင်ပွန်းဟာ ဘယ်အရာပါလဲ လို့ မေးလျှောက်ပါတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ခရီးသွားသူ၊ မိတ်ဆွေမှူ၊ ဘယ်သူဖြစ်သလဲ။

*အိမ်မှာနေသူ၊ မိတ်ဆွေမှူ၊ ဘယ်သူဖြစ်သလဲ။

*ကိစ္စပေါ်သူ၊ မိတ်ဆွေမှူ၊ ဘယ်သူဖြစ်သလဲ။

*နောက်ဘဝသွား၊ မိတ်ဆွေကား၊ ဟောကြားဘယ်ဟာလဲ။

ရှင်ဘော်ဗုဒ္ဓ+ ဖြေကာပြ

သတ္ထော ပဝသတော မိတ္တံ၊ မာတာ မိတ္တံ သကေဃရေ။
သဟာယော အတ္ထဇာတဿ၊ ဟောတိ မိတ္တံ ပုနပ္ပုနံ။
သယံ ကတာနိ ပုညာနိ၊ တံ မိတ္တံ သမ္ပရာယိကန္တိ။

ပဝသတော- ခရီးသွားသူ၊ များရှင်လူ၏။ မိတ္တံ- သေချာကောင်းလွန်း၊ အဆွေခင်ပွန်းသည်။ သတ္ထော- ခြေလျင်သွားဖော်၊ လှည်းအဖော်ပါပေတည်း။ သကေဃရေ- မိမိနေရာ၊ အိမ်ဂေဟာ၌။ မိတ္တံ- သေချာကောင်းလွန်း၊ အဆွေခင်ပွန်းသည်။ မာတာ- ရောဂါဖြစ်လျှင်၊ ချစ်ခင်မေတ္တာ၊ စေတနာဖြင့်၊ သေချာယခု၊ တယုကယ၊ အပြုလုသည့်၊ အနုန္တထိပ်တင်၊ မွေးမိခပ်ပါပေတည်း။ (ဝါ) ရောဂါဖြစ်လျှင်၊ ကျင်ငယ်ကျင်ကြီး၊ အသီးသီးရွံ့ဖွယ်၊ အသွယ်သွယ်ပင်၊ စန္ဒကူးနံ့သာနှစ်အသွင်၊ သဘောထင်၍၊ ချစ်ခင်ယုယ၊ အပြုလုသည့်၊ အနုန္တထိပ်တင်၊ ကျေးဇူးရှင်စစ်၊ မွေးမိခင်ဖြစ်ပါပေ၏။ အတ္ထဇာတဿ- ပြုဖွယ်ရှိသူ၊ များရှင်လူ၏။ သဟာယော- အကျိုးစီးပွား လိုလားပေါင်းသင်း၊ သူငယ်ချင်းသည်ကား။ မိတ္တံ- သေချာကောင်းလွန်း၊ အဆွေခင်ပွန်းသည်။ ဟောတိ- စင်စစ်မသွေ၊ ဖြစ်ပါပေ၏။ ပုနပ္ပုနံ- အမှန်မပြတ်၊ အဖန်ဖန်အထပ်ထပ်ပင်။ သယံကတာနိ- ကိုယ်တိုင်အစုံ၊ ပြုအပ်ကုန်သော။ ယာနိပုညာနိ- အကြင်ကောင်းမှု၊ အစုစုတို့သည်။ သန္တိ- မနည်းစုပြုံ၊ ရှိကြကုန်၏။ တံပုညံ- ထိုကောင်းမှုတရား၊ အစားစားသည်။ သမ္ပရာယိကံ- တမလွန်ဟု၊ ခေါ်တွင်ပြုရ၊ နောက်ဘဝ၌ဖြစ်သော။ မိတ္တံ- သေချာကောင်းလွန်း၊ အဆွေခင်ပွန်းဖြစ်ပါပေ၏။ ဣတိ- ဤသို့ဂါထာ၊ ဤသို့သာလျှင်။ ဘဂဝါ- ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရား

http://www.dhammadownload.com



သည်။ အဝေါစ– ကရုဏာရှေ့ဆော်၊ မေတ္တာတော်ဖြင့်၊ ဖွင့်ဖော်ကောင်းစွာ၊ ဖြေကြားဟောပြတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

သိလိုတဲ့အရေး မနေးလျှောက်ထား အိုနုတ်သား

၁။ ခရီးသွားတဲ့သူရဲ့ အဆွေခင်ပွန်းကောင်းဟာ ဓခြလျင်အတူသွားတဲ့ အဖော်၊ လှည်းနဲ့အတူသွားတဲ့ အဖော်ပါပဲ။

၂။ မိမိအမြဲနေတဲ့ အိမ်ဂေဟာမှာ အဆွေခင်ပွန်းကောင်းကတော့ ရောဂါကြီးငယ် အသွယ်သွယ်တွေ ဖြစ်ပေါ်လာရင် ကျင်ငယ်ကျင်ကြီး အသီးသီးသော ရွံစရာတွေကိုပင် စန္ဒကူးနံ့သာနှစ်အသွင်လို ထင်မှတ်ပြီး ပြုစုစောင့်ရှောက်တတ်တဲ့ မွေးမိခင်ပါပဲ။

အဲဒီလို ရောဂါကြီးငယ် အသွယ်သွယ်တွေဖြစ်ပေါ်လာရင် အချစ်ဆုံးလို့ လောကအနေ ဆိုရထင်ရတဲ့ သားသမီး ဇနီးမယားတွေပင် စက်ဆုပ်ရွံရှာကြတယ်။ ကျင်ကြီးကျင်ငယ်တွေကို ကိုင်ရမှာ ပြုရမှာ ဖော်တော်ဝန်လေးကြတယ်။ အမေကတော့ ဒီလိုမဟုတ်ဘူးနော်။ အဲဒီရွံစရာတွေကို (ကျင်ကြီးကျင်ငယ်တွေကို) စန္ဒကူးနံ့သာနှစ်အသွင် ထင်မှတ်ပြီးတော့ သားသမီးရဲ့အပေါ်မှာ မေတ္တာလေးနှား အပြည့် ကရုဏာအပြည့်နဲ့ မရွံမရှာ ပြုစုစောင့်ရှောက်ပေးပါတယ်။

ဒီလောကကြီးမှာ တကယ်ချစ်စရာအကောင်းဆုံးက မွေးတဲ့အမေ မွေးအမေပါ။

မေး။ ။ တရားနာပရိသတ် ဒီလောကကြီးမှာလေ တကယ်ချစ်စရာအကောင်းဆုံးက ဘယ်သူပါလိမ့်။

ဖြေ။ ။ မွေးအမေပါဘုရား။

မေး။ ။ ဟုတ်ရဲ့လား။

ဖြေ။ ။ ဟုတ်ပါတယ်ဘုရား။

မေး။ ။ တကယ်ဟုတ်တယ်ဆိုရင် အိမ်ထောင်မပြုဘဲ အမေအမေကို ပြုစုလုပ်ကျွေးနိုင်ပါ့မလား။

အဖြေမပေးကြ။ (ရယ်မောကြသည်)

## သူက သူစိမ်းကိုး

တရားနာပရိသတ် ဟိုတုန်းက ဒကာလေးတစ်ယောက် မိန်းမရပြီးတော့

http://www.dhammadownload.com



အိမ်ခေါ်လာတယ်။ တစ်နေ့ အမေနဲ့မိန်းမယှဉ်ပြီးတော့ နေ့ခင်းနေ့လယ် အိမ်မှာ အိပ်နေကြတယ်။ အဲဒီဒကာလေး သွားတဲ့လာတဲ့အခါမှာ အမေ့အပေါ်ကျတော့ ကျော်လွှားသွားပြီး မိန်းမကျတော့ မကျော်မလွှားဘဲ အောက်နားကနေ ရှောင် ရှောင်ပြီး သွားတယ်။ ဒါကို အမေ မျက်စိဖွင့်တဲ့အချိန်နဲ့ တိုက်ဆိုင်သွားတော့ (အမေမြင်လိုက်ရတော့) အမေဟာ တော်တော်စိတ်မကောင်းဖြစ်သွားပါတယ်။

ဒါနဲ့ ချွေးမမရှိခိုက် အမေက သားကို မေးတယ်။

"ငါ့သား ဟိုနေ့က အမေနဲ့ သားမိန်းမ နေ့ခင်းယှဉ်အိပ်နေတော့ ငါ့သားက အမေ့အပေါ်ကျတော့ ကျော်ခွပြီးသွားတယ်။ သားမိန်းမအပေါ်ကျတော့ မကျော်မခွဘဲ ရှောင်ကွင်းပြီး အောက်နားကနေ အသာလေးသွားတယ်။ တကယ် ဆိုရင် အမေ့ကို ရှောင်ကွင်းပြီးသွားရမှာမဟုတ်လား သားရဲ့" လို့ မေးလိုက်တဲ့ အခါမှာ သားက "အမေရယ် သူက သူစိမ်းကိုး (သူစိမ်းဖြစ်လို့ပါ)" လို့ ဖြေပါတယ်။

တရားနာပရိသတ် သေသေချာချာ မှတ်နော်။

သားသမီးတွေဟာ မိဘထက် သူစိမ်းကို ပိုကြတယ်ဆိုတာ သိစေချင်လို့ ဒီအကြောင်းလေး ထည့်ပြောပြတာပါ။ အဲဒီဒကာလေးလို မဖြစ်ကြပါစေနဲ့လို့ လည်း ဆန္ဒပြုဆုတောင်းခဲ့ပါတယ်။

သားသမီးရဲ့အပေါ်မှာ မေတ္တာအပြည့် စေတနာအပြည့် ကရုဏာအပြည့် ပေးနိုင်ထားနိုင်တဲ့သူဟာ အမေပါပဲ။ အမေ့လို မေတ္တာ စေတနာ ကရုဏာ ထားနိုင်သူဟာ လိုက်ပြီးတော့ ရှာကြည့်ပါ။ ဘယ်တော့မှ တွေ့မှာမဟုတ်ပါဘူး။ အမေလိုထားနိုင်တာ အမေပဲရှိပါတယ်။ အမေလောက်ကောင်းတာ အမေပဲ ရှိပါတယ်။ အမေကို မပြုစု မလုပ်ကျွေးနိုင်စေကာမူ အမေစိတ်ကောင်းအောင် စိတ်ချမ်းသာအောင်တော့ နေသင့်ထိုင်သင့် ပြောဆိုသင့်ပါတယ်။

မေး။ ။ နေမကောင်း ထိုင်မကောင်းဖြစ်ရင် (ရောဂါဖြစ်ရင်) ဇနီးမယား သမီးသားတွေ ရွံ့ရှာတဲ့ ကျင်ကြီးကျင်ငယ်တွေကို မိဘတွေက မရွံ့မရှာ လုပ်မပေးကြဘူးလား။

ဖြေ။ ။ လုပ်ပေးကြပါတယ်ဘုရား။

မေး။ ။ ဇနီးမယား သမီးသားတွေက မရွံ့ရှာကြဘူးလား။

ဖြေ။ ။ ရွံ့ရှာကြပါတယ်ဘုရား။

မေး။ ။ အမေကတော့။

http://www.dhammadownload.com



ဖြေ။ ။ မရှိရှာပါဘူးဘုရား။

မေး။ ။ ဒီလိုဆိုရင် အမေနဲ့ ဇနီးမယား သမီးသားတွေ ဘယ်သူ့ကို ပိုပြီး ချစ်စရာကောင်းသလဲ။

ဖြေ။ ။ အမေ့ကို ပိုပြီးချစ်စရာကောင်းပါတယ် ဘုရား။

အမေ့ကို ပိုပြီးတော့ ချစ်နိုင်ကြပါစေ။ ချစ်တတ်၊ မြတ်နိုးတတ်၊ ပြုစုတတ်ကြပါစေ၊ ပြုစုနိုင်ကြပါစေ။ အမေကို ပြုစုလုပ်ကျွေးသူတိုင်း ဘယ်တော့မှ မကောင်းတဲ့အပါယ်လေးပါးကို မရောက်တော့ပါဘူး။ ဒီတော့ အမေဟာ တကယ်မကောင်းတဲ့ အပါယ်လေးပါးကို မရောက်အောင် ကယ်မစောင့်ရှောက် တားမြစ်ပေးတတ်တဲ့သူလို့လည်း မှတ်ရမယ် တရားနာ။

မေး။ ။ အမေ့ရဲ့ မေတ္တာပန်းအလှတွေကို မပန်သင့်ဘူးလား။

ဖြေ။ ။ ပ^သင့်ပါတယ်ဘုရား။

မေး။ ။ အမေ့မေတ္တာရေအေးတွေကို မသောက်သင့်ဘူးလား။

ဖြေ။ ။ သောက်သင့်ပါတယ်ဘုရား။

မေး။ ။ အမေ့မေတ္တာ စေတနာတွေကိုနားလည်ပြီးတော့ ကျေးဇူးမဆပ်သင့်ဘူးလား။

ဖြေ။ ။ ဆပ်သင့်ပါတယ်ဘုရား။

ကဲ– နာကြားရသူတွေရဲ့ ဘဝင်ဟဒယမှာ တကယ်ရှင်ပျံနှစ်သက်စေမယ့် အမေ့မေတ္တာ ပန်းကဗျာတွေ လိုက်ဆိုကြည့်ရအောင် တရားနာ

*မိမိနေ့ရာ အိမ်အလှဝယ်
မိတ်ဆွေစစ်က အမေပါ။
*အမေဆိုတာ တကယ်မကောင်းတဲ့
အပါယ်ကြောင်းက တားသူပါ။
*ရောဂါဖြစ်ရင် သားသမီးကို
သနား မငြီး ပြုစုရှာ။
*မစင်ကိုပင် စန္ဒကူးသို့
အမှန်အထူး ထင်သူပါ။
*အချစ်ဆုံးခေါ် သမီးသားနဲ့
ဇနီးမယားပင် ရှုံကြရှာ။
*အချစ်အခင် အမှန်တစ်က
ကေန်စင်စစ် အမေပါ။

http://www.dhammadownload.com



*အချစ်အခင် အမှန်ကတော့
အနန္တပေါ့ စေတနာ။
*အမေ့မေတ္တာ ပန်းအလှကို
အဆန်းပထမ ပန်ကြပါ။
*အမေ့မေတ္တာ ပန်းပန်ကြမှ
လမ်းမှန်းကြမယ် တရားနှာ။
*အမေ့မေတ္တာ ရေအအေးကို
မသွေမနှေး သောက်ကြပါ။
*အမေ့မေတ္တာ ပန်းအလှကို
မှန်းကာတလို့ ဆပ်ကြပါ။
*အမေ့မေတ္တာ စေတနာပန်းကို
သေချာမှန်းလို့ ဆပ်ကြပါ။
*အမေ့မေတ္တာ စေတနာပန်းကို
သေချာမှန်းလို့ ပြုစုပါ။

၃။ အမှုကြီးငယ် ပြုလုပ်စရာကြုံတွေ့လာသူရဲ့ အဆွေခင်ပွန်းကောင်းဟာ အကျိုးစီးပွားကို တကယ်လိုလားတဲ့ အပေါင်းအသင်း သူငယ်ချင်းပါ။ ကောင်းတာ ဆိုးတာ ထိုနှစ်ဖြာရဲ့ ဖြစ်လာတဲ့ ကိစ္စမှန်သမျှကို အတူတကွ ဆောင်ရွက်တတ်သူဟာ မိတ်ဆွေအစစ်ပဲ။ ဆင်းရဲလည်း အတူတူ၊ ချမ်းသာတော့လည်း အတူတူ "အေးအတူ ပူအမျှ" ဆိုသလို အတူတကွ နေထိုင်ကြတာ ဖြစ်ကြတာ ဆောင်ရွက်ကြတာဟာ မိတ်ဆွေစစ်ပါပဲ။

ဆင်းရဲတုန်းကတော့ အတူတူ ချမ်းသာလာတဲ့အခါကျမှ ခွဲထုတ်တာ ခွဲခွာစေတာဟာ မိတ်ဆွေအစစ်မဟုတ်ပါဘူး။ မိတ်ဆွေအတုပါ။ ဒီလိုပဲ၊ ချမ်းသာတုန်းကတော့ အတူတူ၊ ဆင်းရဲတဲ့အခါကျမှ ခွဲခွာသွားတာ ဒါလည်း မိတ်ဆွေအတုပဲ။

မေး။ ။ ဒီတော့ အစစ်နဲ့အတု ဘယ်ဟာကောင်းသလဲ။

ဖြေ။ ။ အစစ်က ကောင်းပါတယ် ဘုရား

ဒီလိုဆိုရင် တရားနာပရိသတ် အစစ်ကိုဆောင်ပြီးတော့ အတုကို ရှောင်ရမယ်နော်။

(မှန်လှပါဘုရား)

http://www.dhammadownload.com



အတုဆိုရင် ဘယ်အရာမှ မကောင်းဘူးလို့မှတ်ပါ။

ကဲ- လိုက်ပြီးတော့ ဆိုကြ
*အစစ်ကိုဆောင်၊ အတုရှောင်၊ လူ့ဘောင်ကောင်းဖို့ကွယ်။

အရက်သောက်ခြင်းစတဲ့ မကောင်းတဲ့နေရာတွေမှာ အတူတကွ ဖြစ်တာ ဆောင်ရွက်တတ်တာကတော့ မိတ်ဆွေမဟုတ်ဘူးနော်။ အတူတကွဖြစ်တတ်တယ်ဆိုတဲ့ နေရာမှာ ဒီလိုတော့ ခွဲခြားပြီးမှတ်ရမယ်။

၄။ "နောက်ဘဝ နောက်လောကအတွက် တကယ်အားထားအားကိုးရတဲ့ အဆွေခင်ပွန်းကောင်းကတော့ အဖန်တလဲလဲ အမြဲတစေ ကိုယ်တိုင်ပြုထားတဲ့ ကုသိုလ်ကောင်းမှုတွေပါပဲ"လို့ ဘုရားရှင်က ဖြေပြတော်မူပါတယ်။

မေး။ ။ နောက်ဘဝမှာ အားထားစရာမိတ်ဆွေဟာ ဘယ်အရာတဲ့လဲ။
ဖြေ။ ။ ကုသိုလ်ကောင်းမှုတွေပါဘုရား။
မေး။ ။ သူများပြုတဲ့ကောင်းမှုလား၊ ကိုယ်ပြုတဲ့ကောင်းမှုလား။
ဖြေ။ ။ ကိုယ်ပြုတဲ့ကောင်းမှုပါ ဘုရား။
ဒါကို ဘုရားက "သယံကတာနိ ပုညာနိ" လို့ ဟောတာနော်။
မှန်လှပါဘုရား။
မေး။ ။ တစ်ရံတစ်ခါ ပြုရမှာလား၊ အခါခါပြုရမှာလား။
ဖြေ။ ။ အခါခါပြုရမှာပါဘုရား။
ဒါကို ဘုရားက "ပုနပ္ပုနံ"လို့ သဘောကျအောင် ဟောပြတာနော်။
(မှန်လှပါဘုရား)

အဲဒီလို အဖန်တလဲလဲ အမြဲတစေ အခါခါပြုထားတဲ့ ကုသိုလ်ကောင်းမှုတွေ ရှိထားမှ နောက်ဘဝမှာ စိတ်ချရတဲ့သူ ဖြစ်မယ်နော်။ (မှန်လှပါဘုရား)

မေး။ ။ တရားနာပရိသတ် နောက်ဘဝဆိုတာ ရှိသလား၊ မရှိဘူးလား။
ဖြေ။ ။ ရှိပါတယ်ဘုရား။
မေး။ ။ နောက်ဘဝရှိတာ ထင်ရှားအောင် ပြောပြပါဆိုရင် ဘယ်လိုပြောမလဲ။
ဖြေ။ ။ မပြောပြတတ်ပါဘုရား (ဆရာတော်ပြောပြပါဘုရား)
မေး။ ။ နောက်စက္ကန့် နောက်မိနစ် နောက်နာရီ နောက်အချိန် နောက်နေ့ နောက်ရက် နောက်လ နောက်နှစ်တွေဆိုတာတွေ မရှိဘူးလား။
ဖြေ။ ။ ရှိပါတယ် ဘုရား။

http://www.dhammadownload.com



အေး အဲဒီလို နောက်စက္ကန့်၊ နောက်မိနစ်၊ နောက်နာရီ၊ နောက်အချိန်၊ နောက်နေ့၊ နောက်ရက်၊ နောက်လ၊ နောက်နှစ်ဆိုတာတွေရှိသလို နောက်ဘဝဆိုတာလည်း ရှိတယ်လို့ မှတ်လိုက်ပါ တရားနာ။

ဒါကတော့ သိလွယ်အောင် ပြောပြခြင်းပါ။ လူဝင်စားတွေကို ကြည့်ရှုမယ်ဆိုရင် နောက်ဘဝရှိတယ်ဆိုတာ ခိုင်လုံတဲ့အကြောင်းတွေပါပဲ။

ကဲ– ဘုရားအဖြေပေးတဲ့ လင်္ကာလေးတွေ လိုက်ဆိုကြ

* ခရီးသွားသူ၊ မိတ်ဆွေမူ၊ အတူသွားဖော်ပဲ။
* အိမ်မှာနေသူ၊ မိတ်ဆွေမူ၊ ကြည်ဖြူမိခင်ပဲ။
* ကိစ္စပေါ်သူ၊ မိတ်ဆွေမူ၊ ကောင်းဖြူပေါင်းသင်းပဲ။
* နောက်ဘဝသွား၊ မိတ်ဆွေကား၊ ပြုထားကုသိုလ်ပဲ။

ကိုယ်တိုင်ပြုမှ၊ ကိုယ်တိုင်ရ၊ ဗုဒ္ဓစကားပဲ။
အထပ်ထပ်သာ၊ အခါခါ၊ ပြုပါ ကုသိုလ်စွဲ။

မေးဖြေတွဲကာ မှတ်သားပါ။

၁။ ခရီးသွားသူ၊ မိတ်ဆွေမူ၊ ဘယ်သူဖြစ်သလဲ။
ခရီးသွားသူ၊ မိတ်ဆွေမူ၊ အတူသွားဖော်ပဲ။

၂။ အိမ်မှာနေသူ၊ မိတ်ဆွေမူ၊ ဘယ်သူဖြစ်သလဲ။
အိမ်မှာနေသူ၊ မိတ်ဆွေမူ၊ ကြည်ဖြူမိခင်ပဲ။

၃။ ကိစ္စပေါ်သူ၊ မိတ်ဆွေမူ၊ ဘယ်သူဖြစ်သလဲ။
ကိစ္စပေါ်သူ၊ မိတ်ဆွေမူ၊ ကောင်းဖြူပေါင်းသင်းပဲ။

၄။ နောက်ဘဝသွား၊ မိတ်ဆွေကား၊ ဟောကြားဘယ်သူလဲ။
နောက်ဘဝသွား၊ မိတ်ဆွေကား၊ ပြုထားကုသိုလ်ပဲ။

မေး။ ။ ဒီနေ့ဟောခဲ့တဲ့ သုတ္တန်က ဘာသုတ္တန်တဲ့လဲ။

ဖြေ။ ။ မိတ္တသုတ္တန်ပါဘုရား။

မေး။ ။ မြန်မာလို ပေးထားတဲ့အမည်က ဘာတဲ့လဲ။

ဖြေ။ ။ "ခုနောင်ဘဝ+ မိတ်ဆွေလှ"ပါ ဘုရား။

ခုဘဝရဲ့ မိတ်ဆွေလှဟာ (၃) မျိုးရှိတယ်။ အဲဒီ (၃) မျိုးက

၁။ ခရီးသွားတဲ့သူရဲ့ မိတ်ဆွေလှဟာ အတူသွားတဲ့ အဖော်ဖြစ်တယ်။

http://www.dhammadownload.com



ခရီးသွားတုန်း ရောဂါဖြစ်ပေါ်လာတယ်ဆိုရင် ထမ်းပိုးတွင်ချိတ်ဆွဲ၍ ရှေ့နောက်ထမ်းရတဲ့ ထိုင်စရာ (ထမ်းစင်) (သို့မဟုတ်) အခြားယာဉ် တစ်မျိုးမျိုးပေါ်မှာ တင်ဆောင်ပြီး ရောဂါပျောက်အောင် ကုပေးနိုင်တဲ့ အရပ်ကိုရောက်အောင် ပို့ဆောင်ပေးတဲ့သူဟာ တကယ့်မိတ်ဆွေစစ် မိတ်ဆွေလှလို့ မှတ်ပါ။ ဒါ နံပါတ် (၁) ခုဘဝရဲ့ မိတ်ဆွေလှပါပဲ။

၂။ အိမ်မှာနေတဲ့သူရဲ့မိတ်ဆွေစစ် မိတ်ဆွေလှဟာ အမေဖြစ်ပါတယ်။ ဒါ နံပါတ် (၂) ခုရဲ့ မိတ်ဆွေလှပါပဲ။

၃။ ကိစ္စကြီးငယ်ဖြစ်ပေါ်နေတဲ့သူရဲ့ မိတ်ဆွေစစ် မိတ်ဆွေလှဟာ တကယ် အကျိုးကို လိုလိုလားလား အားပါးတရ ဆောင်ရွက်ပေးတတ်တဲ့ အပေါင်း အသင်းကောင်း သူငယ်ချင်းပါပဲ။ ဒါ နံပါတ် (၃) ခုဘဝရဲ့ မိတ်ဆွေလှ လို့မှတ်ပါ။

အဲဒီလို ခုဘဝရဲ့ မိတ်ဆွေလှ (၃) မျိုးရှိတာကို မှတ်မိကြပြီနော်။ (မှန်လှပါဘုရား)။

အဲဒီ (၃) မျိုးဟာ ယခုလက်ရှိစ္စပ္ပန်ဘဝရဲ့ တကယ်အားကိုးအားထားရ တဲ့ မိတ်ဆွေလှတွေပါပဲ။

နောက်ဘဝအတွက် တကယ်စိတ်ချအားကိုးအားထားရတဲ့ မိတ်ဆွေလှ တစ်မျိုးကတော့ အထပ်ထပ်အခါခါ အမြဲတစေ ကိုယ်တိုင်ပြုထားတဲ့ ကုသိုလ် ကောင်းမှုတွေပါပဲ။

မေး။ ။ နောက်ဘဝအတွက် စိတ်ချရအောင် ခရီးသွားအဖော်ကောင်း၊ အမေ၊ သူငယ်ချင်းကောင်းတွေက ဆောင်ရွက်ပေးနိုင်ပါ့မလား။

ဖြေ။ ။ ဆောင်ရွက်မပေးနိုင်ပါဘူး ဘုရား။

မေး။ ။ ယခုလက်ရှိဘဝအတွက်ကျတော့ စိတ်ချရအောင် (ကောင်းကျိုးရ အောင်) ဆောင်ရွက်မပေးနိုင်ဘူးလား။

ဖြေ။ ။ ဆောင်ရွက်ပေးနိုင်ပါတယ် ဘုရား။

မေး။ ။ ခုဘဝရဲ့မိတ်ဆွေလှက

ဖြေ။ ။ (၃)မျိုးပါဘုရား။

မေး။ ။ နောက်ဘဝရဲ့မိတ်ဆွေလှက

ဖြေ။ ။ (၁) မျိုးပါ ဘုရား။

http://www.dhammadownload.com



မေး။ ။ ဒီတော့ ဒီနေ့ဟောနေကဲ့တရားက ဘာတရားတဲ့လဲ။

ဖြေ။ ။ "ခုနှောင်ဘဝ+ မိတ်ဆွေလှ" တရားတော်ပါဘုရား။

ယနေ့ ဦးဇင်းရဲ့တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ ခုဘဝရဲ့ ပင်ဆွေလှ၊ မိတ်ဆွေစစ်တွေကို တွေ့ကြုံကြပြီး နောက်ဘဝရဲ့ မိတ်ဆွေလှကို လည်း ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်နိုင်ကြပါစေဆိုတဲ့ အနေအားဖြင့် မိတ္တသုတ္တန် ကို တန်ဆာဆင်၍ "ခုနှောင်ဘဝ+ မိတ်ဆွေလှ" ဆိုကဲ့ တရားရေအေး အမြိုက် ဆေးကို တိုက်ကျွေးဟောပြောခဲ့ပါတယ် တရားနာ။

ကဲ- လက်ယာလေးတွေ လိုက်ဆိုကြ

* ယခုဘဝ၊ မိတ်ဆွေလှ၊ မှတ်ကြသုံးမျိုးကွယ်။

* နောက်နှောင်ဘဝ၊ မိတ်ဆွေလှ၊ မှတ်ကြဲဟစ်မျိုးကွယ်။

* ခုနှောင်ဘဝ၊ မိတ်ဆွေလှ၊ ဟောပြခဲ့ပါတယ်။

* မိတ်ကောင်းဆွေကောင်း၊ တွေ့လိုကြောင်း၊ ဆုတောင်းကြရမယ်။

* မိတ်ဆွေအလှ၊ တွေ့ကြုံက၊ ဘဝခုအေးမယ်။

* ကိုယ်တိုင်ပြုထား၊ ကုသိုလ်ကား၊ အများနှောင်အေးမယ်။

* ခုနှောင်ဘဝ၊ မိတ်ဆွေလှ၊ တွေ့ကြုံကြစေ။

* မိတ္တသုတ်ပင်၊ တန်ဆာဆင်၊ ဟောထွင်တရားဝေ။

* ဆင်ဖြူတောင်က၊ မေတ္တာလှ၊ ပို့သအမြဲနေ။

* ခုနှောင်ဘဝ၊ မိတ်ဆွေလှ၊ ဟောပြတရားတော်။

* ဒီနေရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးမြီနော်။

* ယနေ့ဟောရ၊ ကုံသလ၊ ပုညအာနုဘော်။

* မိဘဆရာ၊ ဥာတကာ၊ တူစွာရစေသော်။

* ပစ္စည်းလေးဖြာ၊ ဒါယကာ၊ တူစွာရစေသော်။

* သိကြားဗြဟ္မာ၊ နတ်ဒေဝါ၊ တူစွာရစေသော်။

* လုံးစုံများစွာ၊ သတ္တဝါ၊ တူစွာရစေသော်။

* အမျှ အမျှ၊ ပေးဝေငှ၊ အေးမြသာခုခေါ်။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

http://www.dhammadownload.com



မှတ်ချက်။ ။ * ကျောင်းလှူပွဲတိုင်း၊ မိဘကျေးဇူးဆပ်ပွဲတိုင်း၊ ပူဇော်ပွဲတိုင်း၊ မွေးနေ့ပွဲ၊ မင်္ဂလာပွဲတိုင်း ဟောနိုင်ပါသည်။
* အကျယ်ရေးပြထားသော်လည်း လိုအပ်သလောက်သာ ယူသုံးတတ်ပါစေ။

http://www.dhammadownload.com

## သံယုတ္တနိကာယ+ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ ဒေဝတာသံယုတ်+ ဆေတွာဝဂ်+ ဝိတ္တသုတ္တန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "ချီးမွမ်းအပ်သူ + ဘယ်လိုလူ" တရားတော်

အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း ကိန်းအောင်းစံပျော်နေတော်မူစဉ် နတ်သားတစ်ဦးလာပြီးတော့ ဂါထာတစ်ပုဒ်နဲ့ လျှောက်ထားပါတယ်။

ဘယ်လိုလျှောက်ထားသလဲဆိုရင်

ကိံသူဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ။

ကိံသု သုစိဏ္ဏော သုခမာဝဟာတိ။

ကိံသု ဟဝေ သာဒုတရံ ရသာနံ။

ကထံဇီဝိံ ဇီဝိတမာဟု သေဋ္ဌန္တိ။

၁။ ဣဓ– ဤလောက၌။ ပုရိသဿ– သူသူငါငါ၊ သတ္တဝါခေါ်ဆို၊ များပုဂ္ဂိုလ်၏။ သေဋ္ဌံ– အမှန်မြတ်၊ ချီးမွမ်းအပ်မြတ်သော။ ဝိတ္တံ– အရင်းအနှီး၊ ဥစ္စာကြီးကား။ ကိံသု– တကယ်မမှား၊ အဘယ်တရားပါပေသနည်း။

၂။ ကိံသု– တကယ်မမှား၊ အဘယ်တရားသည်။ (ဝါ) တကယ်မမှား၊ အဘယ်တရားကို။ သုစိဏ္ဏော– ကောင်းစွာမပြတ်၊ လေ့ကျက်ပြုလုပ်အပ်သည်ရှိသော်။ သုခံ– လူနတ်နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ အဖြာဖြာကို။ အာဝဟတိ– ကောင်းစွာပိုင်ပိုင်၊ ရွက်ဆောင်နိုင်ပါသနည်း။

၃။ ရသာနံ– ဤလောကဝယ်၊ သာယာဖွယ်ကောင်း၊ အရသာအပေါင်းတို့တွင်။ ဟဝေ– စင်စစ်ကေန်၊ အမှန်တကယ်ပင်။ ကိံသု– တကယ်ပြပါ၊ အဘယ်အရသာသည်။ သာဒုတရံ– အထူးသဖြင့်၊ ချီးမွမ်းသင့်ကာ၊ ချိုမြိန်ကောင်းမြတ်ပါသနည်း။

၄။ ကထံဇီဝိံ– အဘယ်သို့မူ၊ အသက်မွေးသောသူကို။ သေဋ္ဌံ– အထူးသဖြင့်၊ ချီးမွမ်းသင့်ကာ၊ မြင့်မြတ်ပါသော။ ဇီဝိတံ– တကယ်စင်ဖြူ၊ အသက်မွေး

http://www.dhammadownload.com



ခြင်းရှိသောသူဟူ၍။ အာဟု– ဘုရား ပစ္စေကာ၊ အရိယာအပေါင်း၊ သူတော်ကောင်းတို့၊ နှစ်ထောင်းအားရ၊ သဘောကျ၍၊ အေးမြသံသာ၊ မိန့်ဆိုတော်မူကြပါကုန်သနည်း။ ဣတိ– ဤသို့ဂါထာ၊ ဤသို့သာလျှင်။ ဒေဝတာ– ရောက်လာအထူး၊ နတ်သားတစ်ဦးသည်။ အဘာသိ– သိလိုတဲ့အရေးဖြင့်၊ အနှေးမြန်စွာ၊ ရွတ်ဆိုမေးမြန်းလျှောက်ထားလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဘုန်းတော်ကြီးမား မြတ်စွာဘုရား

၁။ ဒီလောကမှာ သတ္တဝါတွေရဲ့ အမြတ်ဆုံးဥစ္စာဟာ ဘယ်အရာပါလဲ။

၂။ အမြဲလေ့ကျက်ပွားများ ကြိုးစားနေရင် ချမ်းသာကိုရအောင် ရောက်အောင် ရွက်ဆောင်နိုင်တဲ့ တရားက ဘယ်တရားပါလဲ။

၃။ ဒီလောကမှာ သာယာနှစ်သက်ဖွယ် တကယ်ကောင်းတဲ့အရသာတွေထဲမှာ ဘယ်အရသာဟာ အချိုမြိန်ဆုံး၊ အကောင်းဆုံး အမြတ်ဆုံး ဖြစ်ပါသလဲ။

၄။ ဘယ်လိုအသက်မွေးဝမ်းကျောင်းပြုတဲ့သူကို မြတ်သောအသက်မွေးဝမ်းကျောင်းပြုတဲ့သူလို့ ဘုရားစတဲ့ သူတော်ကောင်းတွေ ဆိုကြပါသလဲလို့ မေးလျှောက်ပါတယ်။

ကဲ– အဲဒီအမေးလင်္ကာလေးတွေ လိုက်ဆိုကြ

၁။ *အမြတ်ဆုံးခေါ်၊ ဥစ္စာကျော်၊ ဟောဖော်ဘယ်ဟာလဲ။

၂။ *ကောင်းစွာကျင့်က၊ ချမ်းသာရ၊ ဆောင်ပြဘယ်ဟာလဲ။

၃။ *ဤလောကမှာ၊ အရသာ၊ ဘယ်ဟာကောင်းဆုံးလဲ။

၄။ *အဘယ်ဖြင့်သာ၊ သက်မွေးတာ၊ ဟောပါမြတ်ဆုံးလဲ။

---

အဲဒီလို မေးမြန်းလျှောက်ထားတော့ ဘုရားရှင်ကိုယ်တော်မြတ်က ဂါထာတစ်ပုဒ်နဲ့ ဖြေကြားတော်မူပါတယ်။ ဘယ်လိုဖြေကြားလိုက်သလဲဆိုရင်

သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊
ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။
သစ္စံ ဟဝေ သာဒုတရံ ရသာနံ၊
ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌန္တိ။

http://www.dhammadownload.com



၁။ တုလ- မျက်မြင်ပြောပြ၊ ဤလောကဦ။ ပုရိသသာ- သူသူငါငါ၊ သတ္တဝါခေါ်ဆို၊ များပုဂ္ဂိုလ်၏။ သေဋ္ဌ- အမှန်မပြတ်၊ ချီးမွမ်းအပ်မြတ်သော။ ဝိတ္တံ- အရင်းအနှီး၊ ဥစ္စာကြီးကား။ သဒ္ဓါ- ရတနာသုံးတန်၊ ကံ ကံအကျိုး၊ မြတ်နိုးယုံကြည်၊ အမြဲတည်ထား၊ သဒ္ဓါတရားပါပေတည်း။

၂။ ဓမ္မော- သုစရိုက်ဆယ်ပါး၊ မြတ်တရားကို။ ဓမ္မော- ဒါနစသည့်၊ ပုညကိရိယာဆယ်ပါး၊ မြတ်တရားကို။ သုစိဏ္ဏော- ကောင်းစွာမပြတ်၊ လေ့ကျက်အပ်သော်။ သုခံ- လူ နတ် နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ အဖြာဖြာကို။ အာဝဟတိ- ရအောင် ရောက်အောင်၊ ရွက်ဆောင်နိုင်ပါပေ၏။

၃။ ရသာနံ- ဤလောကဝယ်၊ သာယာဖွယ်ကောင်း၊ အရသာအပေါင်းတို့တွင်။ ဟဝေ- စင်စစ်ကေန်၊ အမှန်တကယ်အားဖြင့်။ သစ္စံ- ပရမတ်၊ ဝိရတီ၊ ဝစီသစ္စာ၊ သုံးဖြာမှန်မှု၊ တရားစုသည်။ သာဒုတရံ- အထူးသဖြင့်၊ ချီးမွမ်းသင့်ကာ၊ ချိုမြိန်ကောင်းမြတ်ပါပေ၏။

၄။ ပညာဇီဝိံ- ပညာဖြင့်ပင်၊ အစဉ်ချောမော၊ အသက်မွေးသောသူကို။ သေဋ္ဌ- အထူးသဖြင့်၊ ချီးမွမ်းသင့်အပ်၊ အမှန်မြတ်သော။ ဇီဝိတံ- စင်ကြယ်စင်ဖြူ၊ အသက်မွေးခြင်းရှိသောသူဟူ၍။ အာဟု- ဘုရား ပစ္စေကာ၊ အရိယာအပေါင်း၊ သူတော်ကောင်းတို့၊ နှစ်ထောင်းအားရ၊ သဘောကျ၍၊ အေးမြသံသာ၊ မိန့်ဆိုတော်မူကြပါပေကုန်၏။ ဣတိ- ဤသို့ဂါထာ၊ ဤသို့သာလျှင်။ ဘဂဝါ- ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရားသည်။ အဝေါစ- နေ့နေ့ညည၊ မေ့မရအောင် ဟောပြတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

သိလိုတဲ့အရေး မမေ့လျော့ကျထား အိုမှတ်သား

၁။ သူသူငါငါ သတ္တဝါတွေရဲ့ အမြတ်ဆုံးဥစ္စာဟာ သဒ္ဓါတရားပါပဲ။ တရားနာပရိသတ် သေသေချာချာမှတ်နော်။

မေး။ ။ အမြတ်ဆုံးဥစ္စာဟာ ဘာတဲ့လဲ။

ဖြေ။ ။ သဒ္ဓါတရားပါဘုရ[illegible]။

မေး။ ။ ရွှေငွေစတဲ့ဥစ္စာတွေ [illegible]တ်ရဲ့လား။

ဖြေ။ ။ မဟုတ်ပါဘုရား။

http://www.dhammadownload.com



အေး- ဟုတ်ပြီ၊ ပုလဲ၊ ပတ္တမြား၊ ရွှေ၊ ငွေစတဲ့ဥစ္စာတွေကို အရင်းအနှီး အတိုးအပွားလုပ်ရင် ပုလဲ၊ ပတ္တမြား၊ ရွှေ၊ ငွေစတဲ့ လောကီဥစ္စာတွေသာ ရစေ တိုးပွားစေတယ်။

သဒ္ဓါဆိုတဲ့ ယုံကြည်မှုဥစ္စာကို အရင်းအနှီး အတိုးအပွားလုပ်ရင် သဒ္ဓါ တရားကို အရင်းခံပြီး ပြုလုပ်အားထုတ်အပ်တဲ့ ဒါန သီလ ဘာဝနာ ကုသိုလ် ကောင်းမှုတွေကြောင့် ရှားပါးမှုကင်းသိန် စည်းစိမ်ဥစ္စာ ရတနာရွှေငွေ အထွေထွေ ကိုလည်း ရနိုင်တယ်။

နတ်ပြည် ဗြဟ္မာ့ပြည် အလီလီကိုလည်း သိမြင်နိုင်တယ်။ ရနေရောက်နိုင် တယ်။ ဒါ့ကြောင့် အရင်းအနှီးဥစ္စာတွေထဲမှာ ပုလဲ၊ ပတ္တမြား၊ ရွှေ၊ ငွေစတဲ့ ဥစ္စာတွေထက် သဒ္ဓါဆိုတဲ့ ယုံကြည်မှုဥစ္စာသာလျှင် အမြတ်ဆုံး အကောင်းဆုံး အသာဆုံးဖြစ်တယ်။

ဒီတော့ တရားနာပရိသတ် ယှဉ်ပြီးတော့ ကြည့်လိုက်စမ်းပါ။ ပုလဲ၊ ပတ္တမြား၊ ရွှေ၊ ငွေစတဲ့ အရင်းအနှီးဥစ္စာတွေက ပုလဲ၊ ပတ္တမြားစတဲ့ ရတနာတွေ ကိုသာ ဖြစ်စေတယ် ရစေတယ်။

သဒ္ဓါဆိုတဲ့ ယုံကြည်မှုအရင်းအနှီးက ပုလဲ၊ ပတ္တမြား၊ ရွှေ၊ ငွေစတဲ့ ရတနာတွေကိုလည်း ရစေတယ်။ နတ်ပြည်ကိုလည်း ရရောက်နိုင်တယ်။ ဗြဟ္မာ့ ပြည်ကိုလည်း ရရောက်နိုင်တယ်။ နောက်ဆုံး နိဗ္ဗာန်အထိ ရရောက်နိုင်တယ်။

ဒါ့ကြောင့် သဒ္ဓါဆိုတဲ့ဥစ္စာဟာ အမြတ်ဆုံးဖြစ်တယ်လို့ ဘုရားဖြေပြတာ သဘောကျရမယ်နော်။ (မှန်လှပါဘုရား)

ကဲ- လက်ာလေးတွေ လိုက်ဆိုကြ

* ရွှေ၊ ငွေစစ္စာ၊ ရင်းနှီးရှာ၊ များစွာလူသားတွေ။
* ရွှေ၊ ငွေစစ္စာ၊ ရတနာ၊ များစွာရမယ်လေ။
* နတ်နှင့် ဗြဟ္မာ၊ နိဗ္ဗာန်ရွာ၊ ဝေးကွာမရပေ။
* သဒ္ဓါဥစ္စာ၊ ရင်းနှီးရှာ၊ များစွာလူသားတွေ။
* ရွှေ၊ ငွေစစ္စာ၊ ရတနာ၊ များစွာရမယ်လေ။
* နတ်ပြည်လည်းရောက်၊ ဗြဟ္မာရောက်၊ ထို့နောက်မှာတော့လေ။
* အေးရာအမှန်၊ အေးနိဗ္ဗာန်၊ ကေန်မြင်ရောက်ပေ။
* သဒ္ဓါဥစ္စာ၊ မြတ်ဆုံးပါ၊ မြတ်စွာဟောပြပေ။

http://www.dhammadownload.com



မေး။ ။ ဒီတော့ တရားနာပရိသတ် ရွှေ၊ ငွေစတဲ့ရတနာတွေကို လည်မှာ ဆွဲရမှာလား၊ သဒ္ဓါကို ဆွဲရမှာလား။

ဖြေ။ ။ သဒ္ဓါကို ဆွဲရမှာပါဘုရား။

မေး။ ။ ရွှေ ငွေစတဲ့ရတနာတွေကို စွဲရမှာလား၊ သဒ္ဓါကိုစွဲရမှာလား။

ဖြေ။ ။ သဒ္ဓါကို စွဲရမှာပါဘုရား။

မေး။ ။ ရွှေငွေစတဲ့ရတနာတွေကို ချစ်ရမှာလား၊ သဒ္ဓါကိုချစ်ရမှာလား။

ဖြေ။ ။ သဒ္ဓါကိုချစ်ရမှာပါ ဘုရား။

မေး။ ။ ရွှေငွေစတဲ့ရတနာတွေကို ဆောင်ရမှာလား၊သဒ္ဓါကိုဆောင်ရမှာလား။

ဖြေ။ ။ သဒ္ဓါကိုဆောင်ရမှာပါဘုရား။

မေး။ ။ ရွှေ ငွေစတဲ့ရတနာတွေနဲ့ ကြွားရမှာလား၊ သဒ္ဓါနဲ့ကြွားရမှာလား။

ဖြေ။ ။ သဒ္ဓါနဲ့ ကြွားရမှာပါဘုရား။

မေး။ ။ ရွှေငွေစတဲ့ရတနာတွေနဲ့ ပျော်ရမှာလား၊ သဒ္ဓါနဲ့ပျော်ရမှာလား။

ဖြေ။ ။ သဒ္ဓါနဲ့ပျော်ရမှာပါဘုရား။

မေး။ ။ ရွှေ ငွေ စတဲ့ရတနာတွေနဲ့ သွားရမှာလား၊ သဒ္ဓါနဲ့သွားရမှာလား။

ဖြေ။ ။ သဒ္ဓါနဲ့သွားရမှာပါဘုရား။

မေး။ ။ ရွှေငွေ စတဲ့ရတနာတွေနဲ့ နေရမှာလား၊ သဒ္ဓါနဲ့နေရမှာလား။

ဖြေ။ ။ သဒ္ဓါနဲ့နေရမှာပါဘုရား။

မေး။ ။ ရွှေငွေ စတဲ့ရတနာတွေနဲ့ သေရမှာလား၊ သဒ္ဓါနဲ့သေရမှာလား။

ဖြေ။ ။ သဒ္ဓါနဲ့သေရမှာပါဘုရား။

ဒီလိုမေးနေတာ လေရှည်တယ်လို့ မအောက်မေ့ပါနဲ့။ သဒ္ဓါရဲ့အစွမ်း၊ သဒ္ဓါရဲ့အကြောင်းတွေကို ဒီတရားနာပရိသတ်တွေ တကယ်သိတတ်နားလည် သဘောပေါက်စေချင်လို့ အမေးအဖြေပြုလုပ်နေတာဟာ တရားဟောသူရဲ့မေတ္တာ အလှ စေတနာအလှတွေပါ။

ဒီတော့ တရားနာပရိသတ် အဆွဲမှန်ရမယ်။ အစွဲမှန်ရမယ်၊ အချစ်မှန်ရ မယ်။ အဆောင်မှန်ရမယ်။ အကြွားမှန်ရမယ်။ အပျော်မှန်ရမယ်။ အသွားမှန်ရ မယ်။ အနေမှန်ရမယ်။ အသေမှန်ရမယ်နော်။ (မှန်လှပါဘုရား)

ကဲ– အဲဒီမှန်ရမယ် လင်္ကာလေးတွေ လိုက်ဆိုကြပါ

* ရွှေငွေ မဆွဲ၊ သဒ္ဓါဆွဲ၊ အဆွဲမှန်ရမယ်။
* ရွှေငွေ မစွဲ၊ သဒ္ဓါစွဲ၊ အစွဲမှန်ရမယ်။

http://www.dhammadownload.com



*ရွှေငွေ မချစ်၊ သဒ္ဓါချစ်၊ အချစ်မှန်ရမယ်။
*ရွှေငွေ မဆောင်၊ သဒ္ဓါဆောင်၊ အဆောင်မှန်ရမယ်။
*ရွှေငွေ မကြွား၊ သဒ္ဓါကြွား၊ အကြွားမှန်ရမယ်။
*ရွှေငွေ မပျော်၊ သဒ္ဓါပျော်၊ အပျော်မှန်ရမယ်။
*ရွှေငွေ မသွား၊ သဒ္ဓါသွား၊ အသွားမှန်ရမယ်။
*ရွှေငွေ မနေ၊ သဒ္ဓါနေ၊ အနေမှန်ရမယ်။
*ရွှေငွေ မသေ၊ သဒ္ဓါသေ၊ အသေမှန်ရမယ်၊
သဒ္ဓါနဲ့သေ၊ ထက်နတ်ပြေ၊ ရောက်လေပြဟ္မာ့နယ်။
နောက်ဆုံးအမှန်၊ အေးနိဗ္ဗာန်၊ ကေန်ရောက်နိုင်တယ်။

၂။ အမြဲလေ့ကျက် ပွားများကြိုးစားအားထုတ်နေရင် လူ နတ် နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရအောင် ရောက်အောင် ရွက်ဆောင်နိုင်တဲ့တရားက သုစရိုက်ဆယ်ပါး ကုသိုလ်ကမ္မပထတရားတွေပါ။ (ဝါ) သုစရိုက်ဆယ်ပါး ကုသိုလ်ကမ္မပထတရားတွေကို အမြဲတစေ ကောင်းစွာလေ့ကျက်နေရင် လူ နတ် နိဗ္ဗာန် သုံးတန်သောချမ်းသာမှန်ကို ကေန်ပိုင်ပိုင် ရွက်ဆောင်နိုင်တယ်။

အဲဒီ သုစရိုက်ဆယ်ပါး ကုသိုလ်ကမ္မပထတရားတွေဟာ

၁။ ပါဏာတိပါတာဝိရတိ။
၂။ အဒိန္နာဒါနာဝိရတိ။
၃။ ကာမေသု မိစ္ဆာစာရာဝိရတိ။ (သုစရိုက် ကာယကံသုံးပါး)

၄။ မုသာဝါဒာ ဝိရတိ။
၅။ ပိသုဏာဝါစာဝိရတိ။
၆။ ဖရုသဝါစာဝိရတိ။
၇။ သမ္ဖပ္ပလာပဝိရတိ။ (သုစရိုက် ဝစီကံလေးပါး)

၈။ အနဘိဇ္ဈာ။
၉။ အဗျာပါဒ။
၁၀။ သမ္မာဒိဋ္ဌိ။ (သုစရိုက် မနောကံ သုံးပါး)

တို့ဖြစ်တယ်။

အဓိပ္ပာယ်ကတော့ ပေါ်လွင်နေတဲ့အတွက်ကြောင့် မပြောတော့ပါဘူး။ နောက်ပြီး ဒါန သီလစတဲ့ ပုညကိရိယာဝတ္ထုဆယ်ပါး မြတ်တရားတွေ

http://www.dhammadownload.com



ဟာလည်း လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာမှန်ကို ကောင်ပိုင်ပိုင် ရအောင် အောင်အောင် ရွက်ဆောင်နိုင်တဲ့ တရားတွေပါပဲ။

အဲဒီ ဆယ်ပါးက

၁။ ဒါန– စွန့်ကြဲပေးကမ်းလှူဒါန်းမှု၊

၂။ သီလ– ဆိုင်ရာသီလများကို စောင့်ထိန်းမှု၊

၃။ ဘာဝနာ– ဘုရားဂုဏ်တော်စသည်ကို အာရုံပြုနေမှု (ကမ္မဋ္ဌာန်းအား ထုတ်မှု)။

၄။ အပစာယန– ရိုသေထိုက်သူကို ရိုသေမှု၊

၅။ ဝေယျာဝစ္စ– သူတစ်ပါး၏ကိုသိုလ်ကိစ္စ၌ ကူညီမှု၊

၆။ ပတ္တိဒါန– မိမိကုသိုလ်၏အဖို့ကို အမျှဝေမှု၊

၇။ ပတ္တာနုမောဒနာ– သူတစ်ပါးက အမျှပေးလျှင် ဝမ်းမြောက်နမော် သာဓုခေါ်မှု၊

၈။ ဓမ္မဿဝန– တရားစကားကို နားထောင်မှု၊

၉။ ဓမ္မဒေသနာ– ပစ္စည်းလာဘ်မငဲ့ဘဲ တရားဟောမှု၊

၁၀။ ဒိဋ္ဌုဇုကမ္မ– အယူကို ဖြောင့်မှန်စွာယူမှု၊ (ကံ ကံ၏အကျိုးကိုယုံကြည်မှု) တို့ဖြစ်တယ်။

ကဲ– အဲဒီပုညကိရိယဝတ္ထုဆယ်ပါး လင်္ကာလေးတွေ လိုက်ဆိုကြ

၁။ နည်းများမဟူ၊ ပေးကမ်းလှူ၊ စွန့်မှုမြတ်ဒါနာ၊

၂။ ဆိုင်ရာသီလ၊ စောင့်ထိန်းက၊ သီလကိုယ့်ကျင့်ပါ။

၃။ သ+ ဝိလူရှင်၊ ပွားများလျှင်၊ ခေါ်တွင်ဘာဝနာ။

(မှတ်ချက်။ ။ သ= သမထ၊ ဝိ= ဝိပဿနာ။)

၄။ ရိုသေထိုက်သူ၊ ရိုသေမှု၊ မှတ်ယူအပစာ။

၅။ သူများကုသိုလ်၊ ကူညီပို၊ ခေါ်ဆိုမြတ်ဝေယျာ။

၆။ ကိုယ့်ကုသိုလ်တွေ၊ မျှပေးဝေ၊ မှတ်လေပတ္တိဒါ။

၇။ သူများကုသိုလ်၊ ဝမ်းမြောက်ပို၊ ခေါ်ဆိုနုမောဒါ။

၈။ တရားဟောပြ၊ နာကြားက၊ ဓမ္မဿဝနာ။

၉။ ပစ္စည်းမလို၊ တရားကို၊ ဟောဆိုဒေသနာ။

၁၀။ ကံ= ကံကျိုးသိ၊ ယုံကြည်ဘိ၊ ဒိဋ္ဌိဇုကမ္မာ။

http://www.dhammadownload.com



မေး။ ။ တရားနာပရိသတ် လူ၊ နတ်၊ ဗြဟ္မာ သုံးတန်သောချမ်းသာကို မလိုချင်ကြဘူးလား။

ဖြေ။ ။ လိုချင်ကြပါတယ် ဘုရား။

မေး။ ။ လိုချင်ရင် ဘာတွေကျင့်ရမလဲ။

ဖြေ။ ။ သုစရိုက်ဆယ်ပါး၊ ပုညကိရိယဝတ္ထုဆယ်ပါး ကြိုးစားအားထုတ် ကျင့်ကြရမှာပါဘုရား။

ဦးဇင်းရဲ့ တရားနာပရိသတ်အပေါင်းသူတော်ကောင်းတွေ လူ နတ် ဗြဟ္မာသုံးတန်သော ချမ်းသာမှန်တွေကို ရရာရကြောင်း သုစရိုက်ဆယ်ပါး၊ ပုညကိရိယဝတ္ထုဆယ်ပါး မြတ်တရားတွေကို ကျင့်ကြံကြိုးစား ပွားများအားထုတ် နိုင်ပါစေလို့ တောင်းဆုတွေ အခါခါချွေမိတာ ကောင်းမှုအထွေထွေပြုတဲ့ နေ့ တိုင်း ညတိုင်းပါပဲ တရားနာ။

ဒါ့ကြောင့် " လူ နတ် နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ ရဖို့ရာတွက်၊ သဒ္ဒါ လက်ဖြင့်၊ ဆက်ဆက်ခါခါ၊ တရားနာတို့၊ များစွာနှစ်ခြိုက်၊ သုစရိုက်ဆယ်ပါး၊ မြတ်တရားနှင့်၊ ဆယ်ပါးပုည၊ ကိရိယဝတ္ထု၊ အစုစုကို၊ ယခုကစ၊ ပြုနိုင်ကြ ပါစေ၊ တောင်းဆုချွေသည်၊ ကောင်းမှုထွေထွေပြုသောနေ့" လို့ ဒီကာရွှာနေ .ႉး စီကာ တွေးကာ ရေးမိပါတယ်။

၃။ အရသာတွေထဲမှာ ပရမတ္ထသစ္စာဖြစ်တဲ့ နိဗ္ဗာန်၊ ပိရဝိသစ္စာဖြစ်တဲ့ မုသာဝါဒဝိရတီ စေတသိက်၊ ဝစီသစ္စာလို့ခေါ်ရတဲ့ မှန်ကန်တဲ့စကားသုံး ဒီ သစ္စာသုံးပါးဟာ အချိုမြိန်ဆုံး အကောင်းဆုံး အမြတ်ဆုံးပါ။ ဝိရတီသစ္စာ၊ ဝစီသစ္စာအရသာမှာ တည်မှီပြီဆိုရင် ရေဟုန်အလျဉ် တသွင်သွင် တဒီးဒီးစီးနေ တဲ့ မြစ်ကြီးကိုပင် (မြစ်ရေကြီးကိုပင်) ရေဟုန်ကုန်ပြန် အထက်သို့ဆန်စေနိုင် တယ်။ (ရေစီးကိုရပ်တန့်စေနိုင်တယ်၊ ရေပြင်ပေါ်မှာ သွားနေရသည့် မြေပြင် ပေါ် မှာ သွားနေရသလို ကျောက်ဖျာကြီးရဲ့အပေါ်မှာ သွား နေရသလို ဖြစ်စေနိုင် တယ်။

ခမ္မပဒ အဋ္ဌကထာလာတဲ့ မဟာကပ္ပိနဝတ္ထုအကြောင်း သိမှတ်ပါ။ ဒီနေရာ မှာတော့ အကျဉ်းမျှပဲ ညွှန်းပြခဲ့ပါတယ်။)

နောက်ပြီး အဆိပ်အမျိုးမျိုးကိုလည်း ဖျက်ချိုးဆီးတား လျော့ကျပျက်ပြား စေနိုင်တယ်။ ဒါကို "ကဏှဒီပါယနဇာတ်တော်အတိုင်း သိရမယ်" လို့ ဋီကာက ပြထားပါတယ်။

http://www.dhammadownload.com



နောက်ပြီးတော့ တောမီးတွေကိုလည်း အပြီးပိုင်ပိုင် ငြိမ်းစေနိုင်တယ်။ ဒါကို "ဝဋ္ဋသုတ်ပရိတ်တော်နဲ့ မဟာသုတသောမဇာတ်တော်တို့" အတိုင်းသိမှတ်ပါ။

နောက်ပြီးတော့ မိုးကိုလည်း အချိန်မရွေး ရွာချပေးစေနိုင်တယ်။ မစ္ဆရာဇ ဇာတ်တော်အတိုင်း သိမှတ်ပါ။

အဲဒီလို ရေစီးကို ရပ်တန့်စေနိုင်၊ အဆိပ်ဘေး၊ မီးဘေးတွေကို တားဆီး ကာကွယ်ပြီးတော့ပေးနိုင်၊ မိုးခေါင်နေရင် မိုးကိုရွာသွန်းစေနိုင်တဲ့အတွက်ကြောင့် လောကမှာ သာယာနှစ်သက်ဖွယ်လို့ သတ်မှတ်ထားတဲ့ ချို ချဉ် စပ် ဖန် အငန် အခါးဆိုတဲ့အရသာခြောက်ပါးတွေထက် (အလုံးစုံသော အရသာတွေ ထက်) သစ္စာဆိုတဲ့အရသာဟာ အချိုမြိန်ဆုံး အကောင်းဆုံး အမြတ်ဆုံးဖြစ်တယ် လို့ မှတ်ပါ။

"ကြာလေ ကောင်းလေ ဟောင်းလေသစ်လေဆိုတဲ့တရားဟာ သစ္စာ တရား"လို့ မှတ်သားလိုက်ပါ တရားနာ။

မေး။ ။ ဒီတော့ တရားနာပရိသတ် သစ္စာတရားဟာ တကယ်အံ့သြစရာ မကောင်းဘူးလား။

ဖြေ။ ။ ကောင်းပါတယ်ဘုရား။

မေး။ ။ ဘာ့ကြောင့်အံ့သြစရာကောင်းပါလိမ့်။

ဖြေ။ ။ ရေပြင်ပေါ်မှာ သွားနိုင်ပြီး အဆိပ်ဘေး၊ မီးဘေး၊ မိုးခေါင်တဲ့ဘေး တွေကို တားဆီးကာကွယ်ပေးနိုင်လို့ပါ ဘုရား။

မေး။ ။ ဒီလိုဆိုရင် ဒီလောကကြီးမှာ လူတွေ အဆိပ်ဘေး၊ မီးဘေး၊ မိုး ခေါင်တဲ့ဘေးတွေကို တွေ့ကြုံနေရတာ ဘာ့ကြောင့်ပါလိမ့်။

ဖြေ။ ။ သစ္စာတရားမရှိလို့ပါဘုရား။

မေး။ ။ ဒါဆိုရင် ဒီလောကကြီးက သစ္စာမဲ့တဲ့လောကကြီးလား။ သစ္စာရှိတဲ့ လောကကြီးလား။

ဖြေ။ ။ သစ္စာမဲ့တဲ့လောကကြီးပါဘုရား။

(ဦးဇင်းမပြောဘူးနော်၊ တရားနာပရိသတ်ပြောတာ၊ ဦးဇင်းကမေးရုံ မေးတာ။ ရယ်မောကြ)

ကဲ- ကဲ သစ္စာစွမ်းအား တရားကဗျာ တရားစာလေးတွေ လိုက်ဆိုကြ ပါ တရားနာ

*သစ္စာဆိုတာ ရေပြင်ကြီး၌

http://www.dhammadownload.com



အစဉ်ကူးပြီး သွားနိုင်တယ်။
*မင်းမြတ်မဟာကပ္ပိနကို
ဖတ်ကြည့်ကြဖို့ လိုပါတယ်။
*အဆိပ် မီးဘေး မိုးခေါင်ဘေးကို
ဓနေးတားဆီး ပေးနိုင်တယ်။
*ဝဋ္ဋ မဟာ သုတသောမ
မစ္ဆရာဇ ဖတ်ကြကွယ်။
*သစ္စာမဲ့သော လောကကြီးမှာ
ဟောပြပြီးတော့ ပြခဲ့တယ်။
*သစ္စာဆိုတာ အမြတ်ဆုံးမို့
မပြတ်သုံးဖို့ လိုပါတယ်။
*သစ္စာပန်းတွေ ပန်ဆင်ကြမှ
မြန်ပင်နေ့ည လှနိုင်တယ်။
*သစ္စာအေးရေ အမှန်သောက်က
အမြန်ရောက်ရ နိဗ္ဗာန်နယ်။
*သစ္စာတရား စွမ်းပကားက
လွန်ဆန်းပြားလှ အံ့ဩဖွယ်။
*သစ္စာအမှန် မြတ်တရားကို
မပြတ်မနား ဆောင်ပါကွယ်။
*ဆင်လှရတနာ ကဗျာတေးကို
မကြာရေးလို့ ဝေခဲ့တယ်။

တစ်နည်း မှတ်ဖွယ် လင်္ကာချယ်

*သစ္စာဆိုတာ၊ ရေပေါ်မှာ၊ သေချာသွားနိုင်တယ်။
*အဆိပ် မီးဘေး၊ မိုးခေါင်ဘေး၊ တားဆီးပေးနိုင်တယ်။
*သစ္စာတရား၊ စွမ်းပကား၊ ဆန်းပြားသိမှတ်ဖွယ်။
*အံ့ဩစရာ၊ ကောင်းလှတာ၊ သစ္စာတရားကွယ်။
*သစ္စာရှိအောင် သတိဆောင်၊ ခုနှောင်ပြော ပြုကွယ်။

သစ္စာပန်းတွေကိုပန်ပြီး သစ္စာရေမိုးအမျိုးမျိုးတွေကို သောက်ချိုးနိုင်ပါစေ။ သစ္စာရေချမ်းတွေနဲ့ ဒီလောက ဒီကမ္ဘာကြီး အေးမြအောင် ပက်ဖျန်းပေးနိုင်

http://www.dhammadownload.com



ကြပါစေ။ သစ္စာအကြံ၊ သစ္စာအပြုတွေ ကြံပြောပြုနိုင်ကြပါစေ။ သစ္စာဆိုတဲ့ လမ်းမကြီးပေါ်မှာ လျှောက်လှမ်းသွားရောက်နိုင်ကြပါစေဆိုတဲ့အနေအားဖြင့် သစ္စာအကြောင်းတွေကို မေတ္တာသောင်းလို့ ဟောပြခဲ့ပါတယ် တရားနာ။

ကဲ- သစ္စာဆိုင်ရာ ဆုတောင်းလင်္ကာတွေ လိုက်ဆိုကြ

* သစ္စာပန်းပွင့်၊ အဆင့်မြင့်၊ အသင့်ပန်နိုင်စေ။
* သစ္စာရေမိုး၊ အမျိုးမျိုး၊ သောက်ချိုးနိုင်ပါစေ။
* သစ္စာရေချမ်း၊ ကိုယ်စိဖျန်း၊ အေးချမ်းကြပါစေ။
* သစ္စာအကြံ၊ အမြဲကြံ၊ အမှန်ပြော ပြုစေ။
* သစ္စာပန်းခင်း၊ လမ်းအတွင်း၊ လျှောက်နင်းသွားနိုင်စေ။

ကဲ- ကဲ ဗုဒ္ဓရဲ့ စတုတ္ထအဖြေကို ဆက်ပြီးတော့ ဟောကြနာကြပါစို့

၄။ "လောကမှာ ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုတဲ့သူ (ပညာဖြင့် အသက်ရှင်တဲ့သူ) ဟာ အမြတ်ဆုံးပါပဲ" လို့ ဖြေကြားတော်မူလိုက်ပါတယ်။

အဲဒီလို ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုတဲ့သူကို ဘုရားစတဲ့ သူတော်ကောင်းတွေက ချီးမွမ်းကြပါတယ်။

ပညာရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးဟာ ငါးပါးသီလတည် ပြီးတော့ စာရေးတန်ဆွမ်းစသည်ဖြစ်စေတာ၊ လောင်းလှူနိုင်တာဟာ ပညာဖြင့် အသက်မွေးတာပါပဲ။ ပညာမရှိတဲ့သူတွေကျတော့ သီလဆောက်တည်ဖို့ ဒါနပြု ဖို့ မလွယ်ပါဘူး။

ရဟန်းဆိုရင်လည်း ရလာတဲ့ဆွမ်းစတဲ့ ပစ္စည်းတွေကို အကျိုးရှိအောင် ပစ္စဝေက္ခဏာဆင်ခြင်ပြီးတော့ သုံးဆောင်ကာ ကမ္မဋ္ဌာန်းယူပြီး ဝိပဿနာ အား ထုတ်ရင် (ဖြစ်စေရင်) အရိယာဖိုလ်ကို ရခြင်းရဲ့အစွမ်းဖြင့် ပညာနဲ့ အသက်မွေးရ တယ်။ (အသက်ရှင်ရတယ်)။

ဒီတော့ လူဆိုရင် ဒါနပြု၊ သီလဆောက်တည်သူ၊ ရဟန်းဆိုရင် ပစ္စည်း လေးပါး ဆင်ခြင် ကမ္မဋ္ဌာန်းယူ ဝိပဿနာအားထုတ်ပြီး အရိယာဖိုလ်ကို ရသူဟာ ပညာဖြင့် အသက်မွေးသူပါပဲ။ အဲဒီလို လူပဲဖြစ်ဖြစ်၊ ရဟန်းပဲဖြစ်ဖြစ် ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုတဲ့သူကို ချီးမွမ်းအပ် အမြတ်ဆုံးပုဂ္ဂိုလ်ပဲလို့ ဘုရား စတဲ့ သူတော်ကောင်းတွေ မိန့်ဆိုဟောပြကြတယ်။

ဒီတော့ ဒါန၊ သီလ၊ ဘာဝနာတရားတွေကို ကြိုးစားအားထုတ်နေရင် ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုတယ်လို့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



မေး။ ။ ပညာနဲ့အသက်ရှင်တာက ကောင်းသလား၊ ဥစ္စာနဲ့အသက်ရှင်တာက ကောင်းသလား။

ဖြေ။ ။ ပညာနဲ့အသက်ရှင်တာက ကောင်းပါတယ်ဘုရား။

မေး။ ။ ဒီလောကကြီးမှာ ပညာနဲ့အသက်ရှင်တဲ့သူနဲ့ ဥစ္စာနဲ့အသက်ရှင်တဲ့သူ ဘယ်သူက ပိုများသလဲ။

ဖြေ။ ။ ဥစ္စာနဲ့ အသက်ရှင်တဲ့သူက ပိုများပါတယ်ဘုရား။

မေး။ ။ ဒီနေ့တရားနာပရိသတ်တွေက

ဖြေ။ ။ ပညာနဲ့ အသက်ရှင်သူတွေပါဘုရား။

မှန်တာပေါ့ တရားနာ။ တရားပွဲမှာ ဓမ္မဒါနတရားအလှူတွေ လှူကြ၊ သီလကော ဆောက်တည်နေကြတာဆိုတော့ ဒီလိုပဲ ဖြေရမယ်နော်။ (မှန်လှပါဘုရား)

မေး။ ။ ပညာမှည်းတဲ့ (ပညာမဲ့တဲ့) သူတွေ တရားနာနိုင်ရဲ့လား။

ဖြေ။ ။ မနာနိုင်ပါဘူး ဘုရား။

မေး။ ။ တရားလှူနိုင်ရဲ့လား။

ဖြေ။ ။ မလှူနိုင်ပါဘူး ဘုရား။

မေး။ ။ သီလဆောက်တည်နိုင်ရဲ့လား။

ဖြေ။ ။ မဆောက်တည်နိုင်ပါဘူးဘုရား။

မေး။ ။ ဒီတော့ ဒီလောကကြီးက ဘာလောကကြီးပါလိမ့်။

ဖြေ။ ။ ပညာမဲ့တဲ့ လောကကြီးပါဘုရား။

ကဲ- ဒါဆိုလိုက်ဆိုကြ

*လောကကြီး လောကကြီး
ပညာမဲ့တဲ့ လောကကြီး။
*လောကကြီး လောကကြီး
သီလမဲ့တဲ့ လောကကြီး။
*လောကကြီး လောကကြီး
တရားမဲ့တဲ့ လောကကြီး။

ကဲ- ဘုရားအဖြေပေးတဲ့ လင်္ကာတွေ ထပ်ဆိုကြ

၁။ *အမြတ်ဆုံးခေါ်၊ ဥစ္စာကျော်၊ ဟောဖော်သဒ္ဓါပဲ။

http://www.dhammadownload.com



၂။ *ကောင်းစွာကျင့်က၊ ချမ်းသာရ၊ ဆောင်ပြ သု+ ပုပဲ။
(မှတ်ချက်။ ။ သု= သုစရိုက်ဆယ်ပါး၊ ပု= ပုညကိရိယဝတ္ထု ဆယ်ပါး)

၃။ *ဤလောကမှာ၊ အရသာ၊ သစ္စာကောင်းဆုံးပဲ။

၄။ *ပညာဖြင့်သာ၊ သက်မွေးတာ၊ လူ့ရွာမြတ်ဆုံးပဲ။

မေးဖြေတွဲကာ မှတ်သားပါ

၁။ အမြတ်ဆုံးခေါ်၊ ဥစ္စာကျော်၊ ဟောဖော်ဘယ်ဟာလဲ။
အမြတ်ဆုံးခေါ်၊ ဥစ္စာကျော်၊ ဟောဖော်သဒ္ဓါပဲ။

၂။ ကောင်းစွာကျင့်က၊ ချမ်းသာရ၊ ဟောပြဘယ်ဟာလဲ။
ကောင်းစွာကျင့်က၊ ချမ်းသာရ၊ ဆောင်ပြ သု+ ပုပဲ။

၃။ ဤလောကမှာ၊ အရသာ၊ ဘယ်ဟာကောင်းဆုံးလဲ။
ဤလောကမှာ၊ အရသာ၊ သစ္စာကောင်းဆုံးပဲ။

၄။ အဘယ်ဖြင့်သာ၊ သက်မွေးတာ၊ ဟောပါမြတ်ဆုံးလဲ။
ပညာဖြင့်သာ၊ သက်မွေးတာ၊ လူ့ရွာမြတ်ဆုံးပဲ။

ကဲ– ဒီနေ့ မြန်လာလို ပေးထားတဲ့ တရားနာမည်လေး ပေါ်သွားပြီလား (မပေါ်သေးပါဘုရား) မပေါ်သေးရင် တရားရှည်သွားပေမယ့် မတော်သေးဘူး တရားနာ၊ တရားအဓိပ္ပာယ်နာမည်ပေါ်အောင် ဆက်နာမယ်မဟုတ်လား။ (နာပါ့မယ်ဘုရား)

နတ်သားမေးလျှောက်တဲ့ နောက်ဆုံးအချက်မှာ "ဘုန်းတော်ကြီးမားမြတ်စွာဘုရား ဘယ်လိုအသက်မွေးဝမ်းကျောင်းပြုတဲ့သူဟာ (အဘယ်အမှုဖြင့် အသက်မွေးဝမ်းကျောင်းပြုတဲ့သူဟာ) ချီးမွမ်းအပ်သူ ဖြစ်ပါသလဲ။ (ချီးမွမ်းအပ်သူ+ ဘယ်လိုလူ) ပါလဲ" လို့ မေးမြန်းလျှောက်ထားပါတယ်။

အဲဒီလို မေးမြန်းလျှောက်ထားတဲ့ ဒီနေရာလေးကို ယူပြီးတော့ ဒီနေ့ ဟောနေတဲ့တရားတော်ကို "ချီးမွမ်းအပ်သူ+ ဘယ်လိုလူ" လို့ တရားနာမည်ပေးလိုက်တာပါပဲ။

မေး။ ။ ဒီတော့တရားနာမည် ပေါ်သွားပြီလား။

ဖြေ။ ။ ပေါ်သွားပါပြီ ဘုရား။

အဲဒီလို နတ်သားက "ချီးမွမ်းအပ်သူ ဘယ်လိုလူ" လို့ မေးမြန်းလျှောက်ထားတော့ ဘုရားရှင်ကိုယ်တော်မြတ်က "အို နတ်သား၊ ပညာဖြင့် အသက်မွေး

http://www.dhammadownload.com



ဝမ်းကျောင်းပြုတဲ့သူဟာ (ပညာဖြင့် အသက်ရှင်သူဟာ) ချီးမွမ်းအပ်သူပဲ" လို့ ဖြေပြတော်မူပါတယ်။

"ဒီတော့ တရားနာ့ပရိသတ် သဒ္ဓါရှိသူ၊ သုစရိုက်ဆယ်ပါးကျင့်သူ၊ သစ္စာရှိသူတွေကိုလည်း ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ (ပညာရှိသူ) ကို ချီးမွမ်းအပ်သလို ချီးမွမ်းအပ်တယ်" လို့ မှတ်ရမယ်နော်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ချီးမွမ်းအပ်သူ၊ ဘယ်လိုလူ၊ မေးယူလျှောက်ထားနတ်။

*ပညာရှိသူ၊ အများလူ၊ အားယူချီးမွမ်းအပ်။

*သဒ္ဓါရှိသူ၊ အများလူ၊ အားယူချီးမွမ်းအပ်။

*သဒ္ဓါရှိသူ၊ အများလူ၊ အားယူချီးမွမ်းအပ်။

*သစ္စာရှိသူ၊ အများလူ၊ အားယူချီးမွမ်းအပ်။

*ချီးမွမ်းအပ်သူ၊ ဒီလိုလူ၊ ဖြေသူဘုရားမြတ်။

*ချီးမွမ်းအပ်သူ၊ ဘယ်လိုလူ၊ မေးယူတရားတော်။

*ဒီနေရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးပြီနော်။

*ယနေ့ဟောရ၊ ကုသလ၊ ပုညအာနုဘော်။

*မိဘ ဆရာ၊ ဉာတကာ၊ တူစွာရစေသော်။

*ပစ္စည်းလေးဖြာ၊ ဒါယကာ၊ တူစွာရစေသော်။

*သိကြား ဗြဟ္မာ၊ နတ်ဒေဝါ၊ တူစွာရစေသော်။

*ပြည့်ရှင်မင်းပါ၊ ယမပါ၊ တူစွာရစေသော်။

*လုံးစုံများစွာ၊ သတ္တဝါ၊ တူစွာရစေသော်။

*အမျှ အမျှ၊ ပေးသေငှ၊ အေးမြသာစုခေါ်။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

မှတ်ချက်။ ။ *ရဟန်းခံ ရှင်ပြုအလှူပွဲတိုင်း၊ မိဘ ဆရာသမား ကျေးဇူးဆပ်ပွဲတိုင်း။ စာအောင်သံဃာ၊ ဘွဲ့ကံဆိပ် ချီးကျူးဂုဏ်ပြုပူဇော်ပွဲတိုင်း။ မွေးနေ့ မင်္ဂလာပွဲတိုင်း။ ပစ္စည်းလေးပါး လှူဒါန်းပွဲတိုင်း။ ပွဲမျိုးစုံ ဟောနိုင်ပါ၏။

*သက်ဆိုင်ရာ အလှူပွဲအမည်ဖြင့် ပြောင်းလွဲပြီး အမေးလေးတွေကို မေးပါ။

http://www.dhammadownload.com



* ရဟန်းခံ ရှင်ပြုအလှူဖြစ်ပါက ယနေ့ ရဟန်းခံရှင်ပြုအလှူပွဲ ဆင်နွှဲနေကြတဲ့ ရဟန်းဒကာ ရဟန်းဒကာမတွေက ဘယ်လိုလူတွေပါလိမ့် (သဒ္ဓါရှိသူ တွေပါဘုရား) သဒ္ဓါရှိသူတွေဆိုရင် ချီးမွမ်းအပ်သူလား၊ ကဲ့ရဲ့အပ်သူလား (ချီးမွမ်းအပ်သူပါ ဘုရား) ဒီနေ့ ဟောတဲ့တရားက ဘာတရားပါလိမ့် (ချီးမွမ်းအပ်သူ+ ဘယ်လိုလူ) ပါဘုရား။ ဒီလိုဆိုရင် ချီးမွမ်းအပ်သူဟာ ဘယ်လိုလူပါလိမ့် (သဒ္ဓါရှိသူပါဘုရား) စသည်ဖြင့် အမေး အဖြေတွေ ပြောင်းလွဲပြင်ဆင်ပြီး မိမိဟောပြောတဲ့ တရားအမည် အဓိပ္ပာယ်သဘောတို့ကို ကွက်ကွက်ကွင်းကွင်း ပေါ်လွင်ထင်ရှားအောင် ဟောပြောပါဟု တိုက်တွန်းပြုပါ၏။ သုစရိုက်+ သစ္စာ+ ပညာ အတူသိပါ။

* ဤသို့ မှတ်ချက်များဖြင့် ရေးသားရခြင်း ရည်ရွယ်ရင်းမှာ စာပေဗဟုသုတ အသိမကြွယ် နုနယ်သေးသော ရှင်ရဟန်းငယ်အတွက် အခက်အခဲမတွေ့ စေလိုသောကြောင့် ဖြစ်ပါ၏။

❂

http://www.dhammadownload.com

# သံယုတ္တနိကာယ+ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ ဒေဝတာသံယုတ်+ ဆေတွာဝဂ်+ ဘီတာသုတ္တန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "နောက်ဘဝဝယ် + မကြောက်ဖွယ်" တရားတော်

အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း ကိန်းအောင်းစံပျော်နေတော်မူစဉ် သန်းခေါင်းယံအချိန်မှာ နတ်သားတစ်ယောက် လာပြီးတော့ ဂါထာ တစ်ပုဒ်နဲ့ လျှောက်ထားပါတယ်။

ဘယ်လိုလျှောက်ထားသလဲဆိုရင်

ကိံ သူဓ ဘီတာ ဇနတာ အနေကာ၊
မဂ္ဂေါစ နေကာယတနပ္ပဝုတ္တော၊
ပုစ္ဆာမိ တံ ဂေါတမ ဘူရိပည၊
ကိသ္မိံ ဌိတော ပရလောကံ န ဘာယေ။

မဂ္ဂေါစ– နိဗ္ဗာန်ရောက်ကြောင်း၊ အကျင့်ကောင်းခေါ်တွင်၊ လမ်းမဂ္ဂင်ကိုလည်း။ အနေကာယတနံ– အနေကာယတနေပဒ= မများမစောင်း၊ များသောအကြောင်းကို့ဖြင့်။ တုမေ့ဟိ– အထင်အရှား၊ အံရှင်ဘုရားတို့သည်။ (ပါ) ထင်ပေါ်ကျော်ကြား၊ ရှင်တော်ဘုရားတို့သည်။ ပဝုတ္တော– သဘောကျဲ့အေးဟင်၊ လောကဘောင်မှာ၊ ဟောပြဖော်မူအပ်ပါပေပြီ။ အထ– သဘောကျေအောင်၊ လောဘောင်မှာ၊ ထိုသို့ဟောပြဖော်မူအပ်ပါလျက်။ ဣဓ– အတည်ပြုဖွယ်၊ ဤလောကဌ်။ အနေကာဇနတာ– များစွာသောင်းသောင်း၊ လူအပေါင်းတို့သည်။ ကိံသု–အဘယ့်ကြောင့်။ ဘီတာ– အမြဲခါခါ၊ ကြောက်နေပါသနည်း။ ဘူရိပည– ကြီးကျယ်များဘိ၊ ပညာရှိတော်မူသော။ ဂေါတမ– ဂေါတမနွယ်ဖွား၊ ရှင်တော်မြတ်ဘုရား။ တံ– အထင်အရှား၊ ထိုအရှင်ဘုရားကို။ ပုစ္ဆာမိ– သိလိုလာရောက်၊ တပည့်တော် မေးလျှောက်ပါ၏။ ကိသ္မိံ– တကယ်မမှား၊ အဘယ်တရား၌။ ဌိတော– နေ့ညမဟူ၊ တည်သောသူသည်။ ပရလောကံ– တမလွန်လောက၊ နောက်ဘဝကို။ န ဘာယေ– တကယ်ထောက်ဆ၊ မကြောက်ရပါသနည်း။

http://www.dhammadownload.com



တွတိ– ဤသို့ဂါထာ၊ ဤသို့သာလျှင်။ ဒေဝတာ– သေချာအထူး၊ နတ်သား တစ်ဦးသည်။ အဘာသိ– မနှေးမြန်စွာ၊ ရွတ်ဆိုမေးလျှောက်လိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဘုန်းတော်ကြီးမား မြတ်စွာဘုရား "နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ဆိုတဲ့ လမ်းကောင်းကို အကြောင်းအမျိုးမျိုး ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်ပါပြီ။ အဲဒီလို ဟောကြားပြီးပါလျက် ဒီလောကကြီးမှာ ရှိနေကြတဲ့လူတွေဟာ အဘယ့်ကြောင့် အမြဲနေ့ည ကြောက်နေကြပါသလဲ။

ကြီးသော ပညာရှိတော်မူသော မြတ်စွာဘုရား ရှင်တော်ဘုရားကို တပည့်တော် နတ်သား မေးမြန်းလျှောက်ထားပါတယ်။ အဘယ်တရားတွေမှာ အမြဲတစေ တည်နေတဲ့သူဟာ တမလွန်လောက နောက်ဘဝကို မကြောက်ရပါသလဲ" လို့ ဒီလိုလျှောက်ထားပါတယ်။

ကဲ– နတ်သားအမေးကဗျာလင်္ကာလေးတွေ လိုက်ဆိုကြ

* နိဗ္ဗာန်ရောက်ရန်၊ လမ်းအမှန်၊ ဧကန်ဟောထားပြီ။
* လူအများဟာ၊ ဘယ့်ကြောင်သာ၊ ကြောက်ခါနေကြသည်။
* ပညာကြီးမား၊ မြတ်ဘုရား၊ လျှောက်ထားမေးမိပြီ။
* ဘယ်တရားမှာ၊ တည်သူဟာ၊ နောက်ရွာမကြောက်သည်။
* နောက်ဘဝဝယ်၊ မကြောက်ဖွယ်၊ လျှောက်ကွယ်မေးမြန်းသည်။

အဲဒီလို မေးမြန်းလျှောက်ထားတော့ ဘုရားရှင်ကိုယ်တော်မြတ်က ဂါထာတစ်ပုဒ်နဲ့ ဖြေကြားတော်မူပါတယ်။ ဘယ်လိုဖြေကြားလိုက်သလဲဆိုရင်

ဝါစံ မနဉ္စ ပဏိဓာယ သမ္မာ၊
ကာယေန ပါပါနိ အကုဗ္ဗမာနော။
ဗဟွန္နပါနံ ဃရ'မာဝသန္တော၊
သဒ္ဓေါ မုဒု သံဝိဘာဂီ ဝဒညူ။
ဧတေသု ဓမ္မေသု ဌိတော စတူသု။
ဓမ္မေဌိတော ပရလောကံ နဘာယေတိ။

ဝါစံစ– နှုတ်ကိုလည်းကောင်း။ မနဉ္စ– စိတ်ကိုလည်းကောင်း၊ သမ္မာ– ကောင်းစွာ။ ပဏိဓာယ– ဆောက်တည်၍။ ကာယေန– ကိုယ်ဖြင့်။ ပါပါနိ– ပါပဟုဆို၊ မကောင်းမှုအကုသိုလ်တို့ကို။ အကုဗ္ဗမာနော– နေ့ညအဟုတ်၊

http://www.dhammadownload.com



မပြုလုပ်ဘဲ။ (ဝါ) နေ့ညအတည်၊ ပြုလုပ်ခြင်းမရှိသည်ဖြစ်၍။ ဗဟွန္နပါန်– များသောထမင်းအဖျော်ရှိသော။ ယရံ– လူတို့နေရာ၊ အိမ်ဂေဟာ၌။ အာဝသန္တော– အမြဲတစေနေသော။ ယော– တကယ်ပြောမူ၊ အကြင်သူသည်။ သဒ္ဓေါ– ရတနာသုံးတန်၊ ကံ ကံအကျိုး၊ ဤငါးမျိုး၌၊ မြတ်နိုးကျေနပ်၊ ယုံကြည်တတ်၏။ မုဒု– ရွှေကောင်းရွှေသန့်၊ ပြုတိုင်းခန့်သို့၊ နူးညံ့ခြင်းတွေ၊ ရှိပါပေ၏။ သံဝိဘာဂီ– စားဖွယ်သောက်ဖွယ်၊ အသွယ်သွယ်ကို၊ တကယ်ခွဲ၍၊ ဝေဖန်သုံးဆောင်လေ့ရှိ၏။ ဝဒညူ– အလှူခံများ၊ ဆိုစကားကို၊ လိုလားနားလည်လေ့ရှိ၏။ (ဝါ) စကားဆိုရာ၊ လွန်လိမ္မာ၏။ စတူသု– လေးပါးကုန်သော။ ဧတေသု ဓမ္မေသု– အဆိုမမှား၊ ထိုတရားတို့၌။ ဌိတော– တည်နေသော။ သော– ထိုသူသည်။ ဓမ္မေ– တရား၌။ ဌိတော– တည်သည်ဖြစ်၍။ ပရလောကံ– တမလွန်လောက၊ နောက်ဘဝကို။ နဘာယေ– တကယ်မုချ၊ မကြောက်ရပါ။ ဣတိ– ဤသို့ဂါထာ၊ ဤသို့သာလျှင်။ ဘဂဝါ– ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရားသည်။ အဝေါစ– သဘောကျအောင်၊ ဟောပြဖြေကြားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

သိလိုတဲ့အရေး မနေးလျှောက်ထား အိုနတ်သား "ထမင်းတွေ၊ အဖျော်တွေ များစွာရှိပြီးတော့ အိမ်မှာစိုးအုပ်နေတဲ့သူဟာ ကိုယ်နဲ့ နှုတ်နဲ့ စိတ်နဲ့ အပါယ်ရောက်ကြောင်း မကောင်းမှုအကုသိုလ်တွေကို မပြု၊ မပြော မကြံဘဲ

၁။ ရတနာသုံးပါး၊ ကံ ကံ၏အကျိုးမှာ ယုံကြည်တဲ့သဒ္ဓါ။

၂။ နူးညံ့ပျော့ပျောင်းတဲ့ မုဒု။

၃။ ခွဲခြမ်းပေးကမ်းလှူဒါန်းတဲ့ သံဝိဘာဂ။

၄။ အလှူခံတွေရဲ့စကားကို နားလည်သဘောပေါက်တဲ့၊ ဝဒညူ။ (သူတော်ကောင်းတွေရဲ့စကားကို လေးစားလိုက်နာ နားထောင်တတ်တဲ့) ဝဒညူ။ ဆိုတဲ့ ဒီတရားလေးမျိုးမှာ တည်တဲ့သူဟာ တရား၌တည်သူ (တရားရှိသူ) ဖြစ်တဲ့အတွက်ကြောင့် တမလွန်လောက နောက်ဘဝဝယ် ကြောက်လန့်ဖွယ်မလိုတော့ပါဘူး လို့ ဒီလိုဖြေကြားတော်မူလိုက်ပါတယ်။

မေး။ ။ ဒီတော့တရားနာပရိသတ် နောက်ဘဝဆိုတာ ရှိသလား။

ဖြေ။ ။ ရှိပါတယ်ဘုရား။

မေး။ ။ နောက်ဘဝဆိုတာ ကြောက်စရာမကောင်းဘူးလား။

http://www.dhammadownload.com



ဖြေ။ ။ ကြောက်စရာကောင်းပါတယ်ဘုရား။

မေး။ ။ သဒ္ဓါ မုဒု သံဝိဘာဂ ဝဒညူဆိုတဲ့ တရားလေးမျိုးရှိရင် နောက်ဘဝ ကြောက်စရာလိုသေးရဲ့လား။

ဖြေ။ ။ မလိုတော့ပါဘူး ဘုရား။

မေး။ ။ ဒီနေ့ အလှူဒကာ အလှူဒကမတွေမှာ ဒီတရားလေးမျိုး မရှိကြဘူးလား။

ဖြေ။ ။ ရှိကြပါတယ်ဘုရား။

မေး။ ။ ဒီတရားလေးမျိုးရှိထားတော့ နောက်ဘဝကို ကြောက်ကြသေးသလား။

ဖြေ။ ။ မကြောက်တော့ပါဘူး ဘုရား။

မေး။ ။ ဒီလိုဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

ဖြေ။ ။ "နောက်ဘဝဝယ်+ မကြောက်ဖွယ်" တရားတော်ပါဘုရား

ကဲ- ဘုရားအဖြေပေး လင်္ကာလေးတွေလိုက်ဆိုကြ

*သဒ္ဓါရှိက၊ နောက်ဘဝ၊ တွေးဆမကြောက်ဖွယ်။

*နူးညံ့ပါက၊ နောက်ဘဝ၊ တွေးဆမကြောက်ဖွယ်။

*ခွဲခြမ်းလှူက၊ နောက်ဘဝ၊ တွေးဆမကြောက်ဖွယ်။

*ယူတော်ကောင်းများ၊ ပြောစကားကို၊ လေးစားလိုက်နာ
ကျင့်သုံးပါက၊ နောက်ဘဝ၊ တွေးဆမကြောက်ဖွယ်။

*နောက်ဘဝဝယ်၊ မကြောက်ဖွယ်၊ သိကွယ်တရားတော်။

*ဒီနေ့ရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးပြီနော်။

*ယနေ့ဟောရဲ၊ ကုသလ၊ ပုညအာနုဘော်။

*မိဘ ဆရာ၊ ဉာတကာ၊ တူစွာရစေသော်။

*ပစ္စည်းလေးဖြာ၊ ဒါယကာ၊ တူစွာရစေသော်။

*သိကြား ဗြဟ္မာ၊ နတ်ဒေဝါ၊ တူစွာရစေသော်။

*ပြည့်ရှင်မင်းပါ၊ ယမပါ၊ တူစွာရစေသော်။

*လုံးစုံများစွာ၊ သတ္တဝါ၊ တူစွာရစေသော်။

*အမျှ အမျှ၊ ပေးဝေငှ၊ အေးမြသာဓုခေါ်။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

http://www.dhammadownload.com



မှတ်ချက်။ ။ * ပွဲမျိုးစုံ ဟောနိုင်ပါသည်။
* အချိန်မရပါက အနက် လင်္ကာမသုံးပါနဲ့။
* ဂါထာရွတ် မြန်မာပြန်နဲ့ဟောပါ။
* အမေး သဘောပေါက်ရုံမျှမေးပါ။

❂

http://www.dhammadownload.com

## သံယုတ္တနိကာယ+ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ ကောသလသံယုတ်+ ပထမဝဂ်+ ပိယသုတ္တန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "ချစ်သလား + မုန်းသလား" တရားတော်

ကေမန္တိ နိသိန္နော ခေါ ရာဇာ ပသေနဒိကောသလော ဘဂဝန္တံ ဧတဒ ဝေါစ- ဣဓ မယှံ ဘန္တေ ရဟောဂတဿ ပဋိသလ္လီနဿ ဧဝံ စေတသော ပရိဝိတက္ကော ဥဒပါဒိ "ကေသံ နုခေါ ပိယော အတ္တာ ကေသံ အပ္ပိယော အတ္တာ" တိ။

ကေမန္တိ- သင့်တင့်လျောက်ပတ်၊ တစ်ခုသောအရပ်၌။ နိသီဒိ- ထိုင်နေ၏။ ကေမန္တိ- သင့်တင့်လျောက်ပတ်၊ တစ်ခုသောအရပ်၌။ နိသိန္နောခေါ- ထိုင်နေပြီးသော။ ပသေနဒီ- ပသေနဒီအမည်ရှိသော။ ကောသလော- ကောသလခေါ်၊ တိုင်းအကျော်ကို၊ ပျော်ပျော်နေ့ညှ၊ အစိုးရသော။ ရာဇာ- မင်းသည်။ ဘဂဝန္တံ- မြတ်စွာဘုရားကို။ ဧတံဝစနံ- အတည်မမှား၊ ဤစကားကို။ အဝေါစ-သေချာကောင်းစွာ၊ လျှောက်ထားလိုက်ပါ၏။ ။ ကိံအဝေါစ- အဘယ်သို့ လျှောက်ထားလိုက်သနည်း။

ဘန္တေ- ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရား။ ဣဓ- ဤအရပ်၌။ ရဟောဂတဿ- ဆိတ်ငြိမ်ရာမည်၊ အရပ်ဆီသို့၊ အတည်စင်စစ်၊ ကပ်သည်ဖြစ်၍။ ပဋိသလ္လီနဿ- အဖော်မမှီး၊ တစ်ဦးတည်းပေ၊ ကိန်းအောင်းနေသော။ မယှံ- ကောသလဟု၊ လောကခေါ်ဝေါ်၊ တပည့်တော်အား။ ဧဝံ- ဤသို့၊ စေတသော- စိတ်၏။ ပရိဝိတက္ကော- အကြံသည်။ ဥဒပါဒိ- ထင်ရှားခါခါ၊ ဖြစ်ပေါ်လာ၏။ ကိံဥဒပါဒိ- အဘယ်သို့ ထင်ရှားခါခါ၊ ဖြစ်ပေါ်လာသနည်း။ ကေသံ- ရဟန်းရှင်လူ၊ အဘယ်သူတို့အား။ အတ္တာ- မိမိကိုယ်ကို။ ပိယောနုခေါ- ဧကန်စင်စစ်၊ ချစ်အပ်သည် မည်ပါသနည်း။ ကေသံ- ရဟန်းရှင်လူ၊ အဘယ်သူတို့သည်။ အတ္တာ- မိမိကိုယ်ကို။ အပ္ပိယောနုခေါ- ဧကန်စင်စစ်၊ မချစ်အပ်သည် မည်ပါသနည်း။ ဣတိ- ဤသို့။ ပရိဝိတက္ကော- အကြံသည်။ ဥဒပါဒိ- ထင်ရှားခါခါ ဖြစ်ပေါ်လာပါ၏။

http://www.dhammadownload.com



သင့်တင့်လျောက်ပတ်လှတဲ့ နေရာတစ်ခုမှာ ထိုင်နေပြီးတဲ့ ပသေနဒီ ကောသလမင်းက ဘုန်းတော်ကြီးမား မြတ်စွာဘုရားကို ဆိတ်ငြိမ်ရာ ဒီအရပ်ကို တစ်ယောက်တည်း ရောက်လာတဲ့ တံပည့်တော်ရဲ့စိတ်ထဲမှာ ဒီလိုတွေးတော ကြံစည်ချက် ဖြစ်လာပါတယ်ဘုရား။

ဘယ်လိုဖြစ်ပေါ်လာသလဲဆိုရင် "ဒီလောကမှာ မိမိကိုယ်ကိုချစ်တဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်လိုပုဂ္ဂိုလ်တွေလဲ၊ မိမိကိုယ်ကို မချစ်တဲ့ပုဂ္ဂိုလ်တွေဟာ ဘယ်လိုပုဂ္ဂိုလ်တွေလဲ"လို့ ရှေးဦးစွာ တွေးတောကြံစည်ချက် ဖြစ်ပေါ်လာပါ တယ် ဘုရား။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ကိုယ်ကိုချစ်သူ၊ လောကလူ၊ ဘယ်သူဖြစ်သလဲ။
* ကိုယ်ကိုမုန်းသူ၊ လောကလူ၊ ဘယ်သူဖြစ်သလဲ။
* ချစ်သူ မုန်းသူ၊ လောကလူ၊ ဘယ်သူဖြစ်သလဲ။
* ဤသို့ဤနှယ်၊ စိတ်ထဲဝယ်၊ ဖြစ်တယ်အကြံပဲ။
* ကောသလရာဇာ၊ စောမြတ်စွာ သေချာလျှောက်ပြမြဲ။

နောက်ထပ်တစ်ဖန် ဆက်ပြီးတော့ သူ့ရဲ့တွေးတောကြံစည်ချက်ကို လျှောက်ထားပုံက

တဿမယှံ ဘန္တေ တေဒဟောသိ "ယေ ခေါ်ကေစိ ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ၊ တေသံ အပ္ပိယော အတ္တာ။ ကိဉ္စာ ပိတေ ဧဝံ ဝဒေယျုံ 'ပိယော နော အတ္တာ' တိ။ အထခေါ တေသံ အပ္ပိယော အတ္တာ။ တံ ကိဿ ဟေတု၊ ယံ ဟိ အပ္ပိယော အပ္ပိယဿ ကရေယျ၊ တံ တေ အတ္တနာဝ အတ္တနော ကရောန္တိ– တသ္မာ တေသံ အပ္ပိ ယော အတ္တာ။

ဘန္တေ– မြတ်စွာဘုရား။ တဿမယှံ– ကောသလဟု၊ လောကအခေါ်၊ ထိုတပည့်တော်၏။ ဧဝံ သော ပရိဝိတက္ကော– ဤသို့သောအကြံသည်။ အဟောသိ– နောက်ထပ်တစ်ဖန် ဖြစ်ပေါ်၍လာပြန်ပါ၏။ ကိံအဟောသိ– အဘယ်သို့ဖြစ်ပေါ်လာပြန်သနည်းဟူမူကား "ကေစိ– အချို့ကုန်သော။ ယေခေါ– အကြင်သူတို့သည်။ ကာယေန– ကိုယ်ဖြင့်။ ဒုစ္စရိတံ– ကာယဒုစရိုက်သုံးပါးကို။ စရန္တိ– ကျင့်ကြကုန်၏။ ဝါစာယ– နှုတ်ဖြင့်။ ဒုစ္စရိတံ– ဝစီဒုစရိုက်လေးပါးကို။

http://www.dhammadownload.com



စရန္တိ– ကျင့်ကြကုန်၏။ မနသာ– စိတ်ဖြင့်။ ဒုစ္စရိတံ– မကောင်းသောဒုစရိုက်သုံးပါးကို။ စရန္တိ– ကျင့်ကြကုန်၏။ တေသံ– ထိုသူတို့သည်။ အတ္တာ– မိမိကိုယ်ကို။ အပ္ပိယော– မချစ်အပ်သည်။ ဟောတိ– ဖြစ်၏။ နော– ငါတို့သည်။ အတ္တာ– မိမိကိုယ်ကို၊ ပိယော– ချစ်အပ်၏။ တေ– ထိုဒုစရိုက်ကျင့်သူ၊ အများလူတို့သည်။ ဧဝံ– ဤသို့။ ကိဉ္စာပိဝဒေယျုံ– အကယ်၍ကား၊ ဆိုကုန်ငြားအံ့။ အထခေါ– ထိုသို့ခါခါ၊ ဆိုကြပါကုန်သော်လည်း။ တေသံ– ထိုသူတို့သည်။ အတ္တာ– မိမိကိုယ်ကို။ အပ္ပိယော– မချစ်အပ်သည်။ ဟောတိ– ဖြစ်၏။ တံ– ထိုမချစ်အပ်သူ၏ အဖြစ်သည်။ ကိဿဟေတု– အဘယ်အကြောင်းကြောင့်နည်း။ ဟိယသ္မာ– အကြင်ကြောင့်၊ အပ္ပိယော– မချစ်အပ်သောသူသည်။ အပ္ပိယဿ– မချစ်အပ်သောသူ၏အပေါ်၌။ ယံကမ္မံ– အကြင်မှုကို။ ကရေယျ– ပြုရာ၏။ တေ– ထိုသူတို့သည်။ အတ္တနာဝ– မိမိသည်ပင်လျှင်။ အတ္တနော– မိမိအတွက်။ တံကမ္မံ– ထိုအမှုကို။ ကရောန္တိ– ပြုကုန်၏။ တသ္မာ– ထို့ကြောင့်။ တေသံ– ထိုသူတို့သည်။ အတ္တာ– မိမိကိုယ်ကို။ အပ္ပိယော– မချစ်အပ်သည်။ ဟောတိ– ဖြစ်၏။

ဘုန်းတော်ကြီးမား မြတ်စွာဘုရား တပည့်တော်ထပ်ပြီး အကြံဖြစ်ပုံက "ကိုယ် နှုတ် နှလုံး ဤသုံးပါးဖြင့် မကောင်းမှုဒုစရိုက်ပြုနေကြသူတွေဟာ မိမိကိုယ်ကို မချစ်ကြတဲ့သူတွေပါပဲ။

အဲဒီပုဂ္ဂိုလ်တွေက "ငါတို့ဟာ မိမိကိုယ်ကို တကယ်ချစ်ကြတယ်"လို့ ပြောဆိုပင် ပြောဆိုစေကာမူ အမှန်ကတော့ ဒီသူတွေဟာ မိမိကိုယ်ကို မချစ်တဲ့ သူတွေပါပဲ။

ဘာ့ကြောင့်လဲဆိုရင် ရန်သူတစ်ယောက်က ကိုယ့်အပေါ်မှာ ပြုလုပ်မယ့် အကျိုးဆုတ်ယုတ်မှုလုပ်ငန်းတွေကို အဲဒီဒုစရိုက်သမားတွေဟာ ကိုယ်တိုင်ပင် ကိုယ့်အပေါ်မှာ ပြုလုပ်မိရာရောက်နေကြလို့ပါပဲ။

မေး။ ။ ဒီတော့ တရားနာပရိသတ် မိမိကိုယ်ကို မချစ်တဲ့သူ (မုန်းတဲ့သူ) တွေဟာ ဘယ်သူတွေတဲ့လဲ။

ဖြေ။ ။ ဒုစရိုက်ပြုသူတွေပါဘုရား။

မေး။ ။ ဒုစရိုက် (မကောင်းမှုပြု) တဲ့သူတွေဟာ မိမိကိုယ်ကို မုန်းတဲ့သူတွေ လား၊ ချစ်တဲ့သူတွေလား။

ဖြေ။ ။ မုန်းတဲ့သူတွေပါ ဘုရား။

http://www.dhammadownload.com



ကဲ– လင်္ကာလေးတွေလိုက်ဆိုကြ

* ကိုယ့်ကိုမုန်းသူ၊ လောကလူ၊ ဘယ်သူဖြစ်သလဲ။
* မကောင်းပြုသူ၊ ပြောကြံသူ၊ မုန်းသူခေါ်အမြဲ။

ယေစခေါ ကေစိ ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊ မနသာ သုစရိတံ စရန္တိ၊ တေသံ ပိယော အတ္တာ။

ကေစိ– အချို့ကုန်သော။ ယေစခေါ– အကြင်သူတို့သည်ကား။ ကာယေန– ကိုယ်ဖြင့်။ သုစရိတံ– ကာယသုစရိုက်သုံးပါးကို။ စရန္တိ– ကျင့်ကြကုန်၏။ ဝါစာယ– နှုတ်ဖြင့်။ သုစရိတံ– ဝစီသုစရိုက်လေးပါးကို။ စရန္တိ– ကျင့်ကြကုန်၏။ မနသာ– စိတ်ဖြင့်။ သုစရိတံ– မနောသုစရိုက်သုံးပါးကို။ စရန္တိ– ကျင့်ကြကုန်၏။ တေသံ– ထိုသူတို့သည်။ အတ္တာ– မိမိကိုယ်ကို။ ပိယော– ချစ်အပ်သည်။ ဟောတိ– ဖြစ်၏။

အချို့ပုဂ္ဂိုလ်တွေဟာ ကိုယ် နှုတ် နှလုံး သုံးပါးလုံးဖြင့် ကောင်းမှုသုစရိုက်တွေ ပြုနေကြပါတယ်။ အဲဒီသုစရိုက်ပြုနေကြတဲ့သူတွေဟာ မိမိကိုယ်ကို တကယ်ချစ်ခင်နှစ်သက် မြတ်နိုးကြတဲ့သူတွေပါပဲ။

ကိဉ္စာပိ တေ ဧဝံ ဝဒေယျုံ 'အပ္ပိယော နော အတ္တာ' တိ၊ အထခေါ တေသံ ပိယော အတ္တာ။

'နော– ငါတို့သည်။ အတ္တာ– မိမိကိုယ်ကို။ အပ္ပိယော– မချစ်အပ်သည်။ ဟောတိ– ဖြစ်၏။' ဣတိဧဝံ– ဤသို့။ တေ– ထိုသူတို့သည်။ ကိဉ္စာပိဝဒေယျုံ– အကယ်၍ကား၊ ဆိုကုန်ငြားအံ့။ အထခေါ– ယိုသို့ခါခါ၊ ဆိုကြပါကုန်သော်လည်း။ တေသံ– ထိုသူတို့သည်။ အတ္တာ– မိမိကိုယ်ကို။ ပိယော– မှန်စွာစင်စစ်၊ ချစ်အပ်သည်။ ဟောတိ– ဖြစ်ပါပေ၏။

အဲဒီလို ကောင်းတဲ့အမှု သုစရိုက်တရားတွေကို ကိုယ် နှုတ် နှလုံး သုံးပါးဖြင့် ပြု ပြော ကြံစည်နေကြတဲ့သူတွေက "ငါတို့ဟာ ကိုယ့်ကိုယ်ကို မချစ်ဘူး မုန်းတယ်" လို့ ပြောဆိုပင် ပြောနိုင်စေကာမူ အမှန်ကတော့ အဲဒီ သုစရိုက်ကျင့်တဲ့သူတွေဟာ မိမိကိုယ်ကို တကယ်ချစ်ခင်နှစ်သက်မြတ်နိုးတဲ့သူတွေပါပဲ။

တံ ကိဿ ဟေတု၊ ယံ ဟိ ပိယော ပိယဿ ကရေယျ၊ တံ တေ အတ္တနာဝ အတ္တနော ကရောန္တိ။ တသ္မာ တေသံပိယော အတ္တာ" တိ။

http://www.dhammadownload.com



တံ– ထိုချစ်အပ်သူ၏အဖြစ်ဟူသည်။ ကိသ္မာဟေတု– အဘယ်အကြောင်းကြောင့်နည်း။ ဟိယတသ္မာ– အကြင်ကြောင့်။ ပိယော– ချစ်သောသူသည်။ ပိယသ်– ချစ်အပ်သောသူ၏အပေါ်၌။ ယံကမ္မံ– အကြင်အမှုကို။ ကရေယျ– ပြုရာ၏။ တေ– ထိုသူတို့သည်။ အတ္တနာဝ– မိမိသည်ပင်လျှင်။ အတ္တနော– မိမိအတွက်။ တံကမ္မံ– ထိုအမှုကို။ ကရောန္တိ– ပြုကုန်၏။ တသ္မာ– ထို့ကြောင့်။ တေသံ– ထိုသူတို့သည်။ အတ္တာ– မိမိကိုယ်ကို။ ပိယော– ချစ်အပ်သည်။ ဟောတိ– ဖြစ်၏။ ဣတိ– ဤသို့။ အဝေါစ– အကြံဖြစ်မှု၊ သတိပြုကာ၊ လျှောက်ထားလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

အဘယ့်ကြောင့် ချစ်အပ်သူတွေလို့ ပြောဆိုရသလဲဆိုရင် အကျိုးစီးပွားလိုလားတဲ့ မိတ်ဆွေတစ်ယောက်က မိမိအတွက် ပြုလုပ်ဆောင်ရွက်ပေးမည့် ကောင်းကျိုးချမ်းသာ မင်္ဂလာမှန်သမျှကို အဲဒီသုစရိုက်ပြုသူ ကိုယ်တိုင်ပင် ကိုယ့်အတွက် ပြုလုပ်ဆောင်ရွက်ရာ ရောက်နေလို့ပါပဲ။ တပည့်တော် ဒီလို စဉ်စားတွေးတောကြံစည်မိပါတယ် ဘုရား လို့ လျှောက်ထားပါတယ်။

မေး။ ။ တရားနာပရိသတ်၊ မိမိကိုယ်ကိုချစ်တဲ့သူတွေက ဘယ်သူတွေလဲ။

ဖြေ။ ။ သုစရိုက်ပြုသူတွေပါဘုရား။

မေး။ ။ သုစရိုက်ပြုသူတွေက တို့ကတော့ ကိုယ့်ကိုယ်ကို တကယ်မုန်းတယ်လို့ ပြောဆိုလာရင် တကယ်မုန်းရာရောက်ရဲ့လား။

ဖြေ။ ။ မရောက်ပါဘူး ဘုရား။

မေး။ ။ သုစရိုက်ပြုနေတဲ့သူတွေဟာ မိမိကိုယ်ကို ချစ်တဲ့သူတွေလား၊ မုန်းတဲ့သူတွေလား။

ဖြေ။ ။ ချစ်တဲ့သူတွေပါဘုရား။

မေး။ ။ မိမိကိုယ်ကို ချစ်ရမှာလား၊ မုန်းရမှာလား။

ဖြေ။ ။ ချစ်ရမှာပါဘုရား။

မေး။ ။ တရားနာပရိသတ်က မိမိကိုယ်ကို ချစ်သလား၊ မုန်းသလား။

ဖြေ။ ။ ချစ်ပါတယ်ဘုရား။

မေး။ ။ ဒီနေ့ဟောတဲ့တရားတော်က ဘာတဲ့လဲ။

ဖြေ။ ။ "ချစ်သလား မုန်းသလား" တရားတော်ပါဘုရား။

http://www.dhammadownload.com



အေး ဟုတ်ပြီ။ မိမိကိုယ်ကို တကယ်ချစ်ခင်နှစ်သက်မြတ်နိုးသော အားဖြင့် သုစရိုက်တရားတွေကို ကျင့်ကြံကြိုးစားနိုင်ကြပါစေလို့ စိတ်ထဲကနေ အာရုံပြု နှလုံးသွင်းပြီး ဒီ "ချစ်သလား မုန်းသလား" တရားတော်ကို ယော ပြောခြင်းပါပဲ။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ
*ကိုယ့်ကိုချစ်သူ၊ လောကလူ၊ ဘယ်သူဖြစ်မလဲ။
*ကောင်းတာပြုသူ၊ ပြော ကြံသူ၊ ချစ်သူခေါ်အမြဲ။

ဝေမေတံ မဟာရာဇ ဝေမေတံ မဟာရာဇ၊ ယေတိ ကေစိ မဟာရာဇ ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံစရန္တိ၊ တေသံ အပ္ပိယော အတ္တာ။ ကိဉ္စာ ပိ တေ ဧဝံ ဝဒေယျုံ 'ပိယော နော အတ္တာ" တိ။ အထခေါ်တေသံ အပ္ပိယော အတ္တာ။ တံ ကိဿဟေတု ယံ ဟိ မဟာရာဇ အပ္ပိယော အပ္ပိယဿ ကရေယျ၊ တံ တေ အတ္တနာဝ အတ္တနော ကရောန္တိ၊ တသ္မာ တေသံ အပ္ပိယော အတ္တာ။

ယေစခေါ်ကေစိ မဟာရာဇ ကာယေန သုစရိတံ စရန္တိ၊ ဝါစာယ သုစရိတံ စရန္တိ၊ မနသာ သုစရိတံ စရန္တိ၊ တေသံပိယော အတ္တာ။ ကိဉ္စာပိတေ ဧဝံ ဝဒေယျုံ "အပ္ပိယော နော အတ္တာ" တိ။ အထခေါ် တေသံ ပိယော အတ္တာ။ တံ ကိဿဟေတု၊ ယံဟိမဟာရာဇ ပိယော ပိယဿ ကရေယျ၊ တံတေ အတ္တနာဝ အတ္တနော ကရောန္တိ။ တသ္မာ တေသံ ပိယော အတ္တာတိ။

မဟာရာဇ– မြတ်သောမင်းကြီး။ ဧဝံ– သော= ထိုသို့မင်းကြီးကြံ သော အကြံသည်။ ဧဝံ– မင်းကြီးကြံသည့်အတိုင်း မှန်၏။ မဟာရာဇ– မြတ်သော မင်းကြီး။ ဧဝံ– သော= ဤသို့ မင်းကြီးကြံသောအကြံသည်။ ဧဝံ– မင်းကြီးကြံသည့်အကြံအတိုင်း မှန်၏။

မြတ်သောမင်းကြီး၊ သင်မင်းကြီးကြံတဲ့အတိုင်း မှန်ကန်လှတယ်။ မှန် ကန်လှတယ်လို့ မိန့်တော်မူပြီးနောက် ဘုရားရှင်ကလည်း ကောသလမင်းတရား လျှောက်ထားချက်တွေကိုပင် ထပ်ပြီးတော့ ဟောကြားတော်မူပါတယ်။

(မှတ်ချက်။ အနက်+ အဓိပ္ပာယ်+ ကဗျာ လင်္ကာအားလုံး ကောသလ လျှောက်ထားချက်အတိုင်းမှတ်ပါ။)

http://www.dhammadownload.com



ဣဒမဝေါစ ဘဂဝါ၊ ဣဒံတဝတွာန သုဂတော အထာပရံ ဧတဒဝေါစ သတ္ထာ။

ဣဒံ- ဤစုဏ္ဏိယစကားကို။ ဘဂဝါ- မြတ်စွာဘုရားသည်။ အဝေါစ- မိန့်တော်မူ၏။ သုဂတော- မြတ်စွာဘုရားသည်။ ဣဒံ- ဤစုဏ္ဏိယစကားကို။ ဝတွာန- မိန့်တော်မူပြီး၍။ အထာပရံ- ဆိုပြမှား၊ ထိုမှတစ်ပါး။ သတ္ထာ- မြတ်စွာဘုရားသည်။ ဧတံ- အတည်မမှား၊ ဤဂါထာဗန္ဓစကားကို။ အဝေါစ- မိန့်တော်မူ၏။

အဲဒီလို ကောသလမင်း လျှောက်ထားချက်အတိုင်း ဟောပြီးတော့ အောက်ပါဂါထာစကားတော်တွေကိုလည်း ဆက်မိန့်တော်မူပါတယ်။

ကိံအဝေါစ- ဘယ်လိုများ မိန့်ကြားတော်မူလိုက်သလဲဆိုရင်

၁။ အတ္တာနဉ္စေ ပိယံ ဇညာ၊ န နံ ပါပေန သံယုဇေ။

န ဟိတံ သုလဘံ ဟောတိ၊ သုခံ ဒုက္ကဋကာရိနာ။

(မဟာရာဇ-ကောသလဟု၊ လောကထိန်လင်း၊ အိုမြတ်သောမင်းကြီး။)

အတ္တာနံ- အချစ်ဆုံးဟု၊ စစ်ထုံးပြုဆို၊ မိမိကိုယ်ကို။ ပိယံ- တကယ်စင်စစ်၊ တကယ်ချစ်အပ်၏ဟူ၍။ စေဇညာ- အကယ်၍ကား၊ သိရှိငြားအံ့။ နံ- အချစ်ဆုံးဟု၊ စစ်ထုံးပြုဆို၊ ထိုမိမိကိုယ်ကို။ ပါပေန- မကောင်းပြော ပြု၊ ကြံစည်မှုနှင့်။ နသံယုဇေ- နေ့နေ့ညည၊ မချုပ်သေ၊ မယှဉ်စေရာ။ ဟိကသ္မာ- ဖြောင့်ဖြောင့်အပြီး၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဒုက္ကဋကာရိနာ- မကောင်းအစု၊ မကောင်းမှုကို၊ ပြုလေ့ရှိသူ၊ အများလူသည်။ တံသုခံ- ကိုယ်တိုင်တွေ့လို၊ ခံစားလိုသည့်၊ ထိုထိုချမ်းသာ၊ အဖြာဖြာကို။ သုလဘံ- နေ့ညတကယ်၊ ရရှိလွယ်သည်။ နဟောတိ- မချုပ်ပိုင်ပိုင်၊ မဖြစ်နိုင်ပေ။ တသ္မာ- ချမ်းသာရရန်၊ မလွယ်ပြန်သော၊ ထိုသဘောကြောင့်ပါပေတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဒကတော် ကောသလမင်းကြီး၊ မိမိကိုယ်ကို အမှန်တကယ်ချစ်တဲ့သူဟာ မကောင်းတဲ့အပြုတွေ၊ အပြောတွေ၊ အကြံတွေ၊ မပြုသင့် မပြောသင့် မကြံသင့်ဘူး။

ဘာ့ကြောင့်မပြုသင့် မပြောသင့် မကြံသင့်သလဲဆိုရင် မကောင်းမှုကို ပြုတဲ့သူဟာ ကိုယ်အလိုရှိတဲ့ချမ်းသာမှုတွေကို ရရှိဖို့မလွယ်ကူဘူး။ ဒါ့ကြောင့် မကောင်းမှုတွေကို မပြုသင့်၊ မပြောသင့်၊ မကြံသင့်တာပါပဲ။

http://www.dhammadownload.com



မေး။ ။ တရားနာပရိသတ် မိမိကိုယ်ကို တကယ်ချစ်ရဲ့လား။
ဖြေ။ ။ ချစ်ပါတယ်ဘုရား။
မေး။ ။ တကယ်ချစ်ရင် ဘာတွေ ရှောင်ရမလဲ။
ဖြေ။ ။ မကောင်းမှုတွေကို ရှောင်ရမှာပါဘုရား။
မေး။ ။ ကောင်းကျိုးချမ်းသာတွေကို မလိုချင်ကြဘူးလား။
ဖြေ။ ။ လိုချင်ကြပါတယ်ဘုရား။
မေး။ ။ လိုချင်ရင် ဘာတွေကို ဆောင်ရမလဲ။
ဖြေ။ ။ ကောင်းမှုတွေကို ဆောင်ရမှာပါဘုရား။
မေး။ ။ မကောင်းမှုပြုတဲ့သူ ချမ်းသာရနိုင်ပါ့မလား။
ဖြေ။ ။ မရနိုင်ပါဘုရား။

မကောင်းမှုက ရှောင်ရမည့်တရား၊ ကောင်းမှုကဆောင်ရမည့်တရား နော်။ (မှန်လှပါဘုရား)

ခုဘဝ နောက်ဘဝ ကောင်းကျိုးချမ်းသာ မဂ် ဖိုလ် နိဗ္ဗာန်အထိ ကောင်းကျိုးချမ်းသာအဖြာဖြာကို တကယ်လိုလားတဲ့သူဟာ မကောင်းမှုတွေ မပြုရဘူး နော်။ (မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ
* မိမိကိုယ်ကို၊ အချစ်ဆို၊ ထိုထိုများသူငါ။
* မကောင်းပြော ပြု၊ ကြံစည်မှု၊ ရှောင်ပြုနေ့ညပါ။
* မကောင်းမှုပင်၊ ပြုနေလျှင်၊ လူရှင်များသူငါ။
* ချမ်းသာရရန်၊ မလွယ်ပြန်၊ ကေန်မှတ်ကြပါ။
* ခု နောင်ဘဝ၊ ချမ်းသာလှ၊ မုချမရပါ။
* မဂ် ဖို နိဗ္ဗာန်၊ ချမ်းသာမှန်၊ ကေန်ဝေးရရှာ။
* ချမ်းသာလိုလျှင်၊ ကောင်းမှုပင်၊ လူ ရှင် ပြုရမှာ။
* မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်မွေးပါ။

တရားနာပရိသတ် တကယ်ချမ်းသာလိုကြတယ်နော်။ (မှန်လှပါဘုရား)

ဟိုတုန်းက ရွာတစ်ရွာက အမျိုးသမီးချောလေးလိုလည်း ဖြစ်နေဦးမယ်။ ဟိုတုန်းက ရွာတစ်ရွာမှာ အင်မတန်ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝပြီး ဘယ်သူမှ မကြိုက်ချင်လောက်အောင် အင်မတန် အကျည်းတန် အရုပ်ဆိုးလွန်းတဲ့ ကိုလှအောင်ဆိုတဲ့ ဒကာတစ်ယောက်ရှိတယ်။

http://www.dhammadownload.com



လူကသာ အရုပ်ဆိုးပေမယ့် နာမည်ကတော့ တော်တော်ကောင်း တော်တော်လှတယ်နော်။ (မှန်လှပါဘုရား)

ချမ်းသာကြွယ်ဝပေမယ့် ရုပ်ကဆိုးလွန်းနေတော့ ချစ်မယ့်ကြိုက်မယ့်သူဆိုလို့ တစ်ယောက်မှ မရှိဘူး။

တစ်နေ့တော့ အမျိုးသမီးချောလေးတစ်ယောက်ရဲ့အမေက "သမီး၊ သမီးလည်း အချိန်တန် အရွယ်ရောက်လာပြီ၊ ဒီတော့ သမီး ရွှေလက်ကောက်ကြီး မလိုချင်ဘူးလား၊ (မဝတ်ချင်ဘူးလား)" လို့ မေးပါတယ်။

အဲဒီလိုမေးတော့ သမီးချောလေးက "အမေရယ်၊ ဘယ်လိုပြောလိုက်ပါလိမ့်၊ သူများတွေ ဝတ်တာ စားတာတွေ မြင်တွေ့ရတော့ သမီးလည်း ဝတ်ချင်စားချင် လိုချင်တာပေါ့ အမေရယ်" လို့ ပြန်ပြောလိုက်ပါတယ်။

အဲဒီလို ပြန်ပြောတော့ အမေက "ဒါဆို သမီးရယ်၊ တို့ရွာထဲမှာ ရွှေလက်ကောက်တွေ အများကြီးပေါ်ပြီး ပစ္စည်းဥစ္စာ အင်မတန်ချမ်းသာကြွယ်ဝတဲ့ ကိုလှအောင်ကြီးကို သမီးမလိုချင်ဘူးလား။ ကိုလှအောင်ကြီးက သမီးကိုသဘောကျနေတယ်။ သမီးကို ပြောခိုင်းနေတယ်လေ။ အမေကတော့ အမှန်ပြောရရင် သမီး ဝတ်ချင်နေတဲ့ ရွှေလက်ကောက်ကြီးတွေလည်း သမီးဝတ်ရပြီး ကိုလှအောင်ကြီးလည်း အဆင်ပြေစေချင်တယ် သမီးရယ်။ အဲဒီကိစ္စ သမီးဘယ်လိုသဘောရသလဲ" လို့ မေးလိုက်တော့ သမီးချောလေးက "အမေရယ် ရွှေလက်ကောက်ကြီးတွေကိုတော့ လိုချင်ပါတယ်၊ (ဝတ်ချင်ပါတယ်)။ ဒါပေမဲ့ ကိုလှအောင်ကြီးကိုတော့ အရုပ်ဆိုးလွန်းတဲ့အတွက် ဟင့်အင် မလိုချင်ဘူး အမေရယ်" လို့ ပြန်ပြောလိုက်ပါတယ်။ (ရယ်မောကြ)

ကဲ- အိပ်ချင်ပြေအောင် လိုက်ဆိုကြ

* ရွှေလက်ကောက်ကြီးကိုတော့ လိုချင် လိုချင်။
* ကိုလှအောင်ကိုတော့ ဟင့်အင် ဟင့်အင်။

တရားနာပရိသတ်ထဲမှာ ကိုလှအောင်ဆိုတဲ့ နာမည်တူဒကာများပါနေရင် ဦးဇင်းကို ခွင့်လွှတ်ပါ။ ရွဲ့စောင်းပြီး ဟောတယ်လို့ မထင်ပါနဲ့။ တဲ့တဲ့ကြီး ဟောနေတာပါ။ (ရယ်မောကြ)

ပြောလိုတာက ဒီလိုပါ တရားနာပရိသတ်ရဲ့။

"ချမ်းသာကို မလိုချင်ကြဘူးလား" မေးတော့ "လိုချင်ပါတယ်ဘုရား"

http://www.dhammadownload.com



တဲ့။ ဒီတော့ လိုချင်ရင် တရားတွေနာပါဆိုတော့ ဘာတဲ့လဲ။

(ဟင့်အင် ဟင့်အင်ပါဘုရား)။

တရားထိုင်ပါဆိုတော့ (ဟင့်အင် ဟင့်အင်ပါဘုရား)။

ဒါနပြုပါဆိုတော့ (ဟင့်အင် ဟင့်အင်ပါဘုရား)။

သီလစောင့်ထိန်းပါဆိုတော့ (ဟင့်အင် ဟင့်အင်ပါဘုရား)။

ဘာဝနာပွားပါဆိုတော့ (ဟင့်အင် ဟင့်အင်ပါဘုရား)။

ဘုရားရှိခိုးပါဆိုတော့ (ဟင့်အင် ဟင့်အင်ပါဘုရား)။

ဒီတော့ တရားနာပရိသတ် ရွှေလက်ကောက်ကြီးတော့ ဝတ်ချင်၊ လိုချင်ပြီး ကိုလှအောင်ကြီးကိုတော့ ဟင့်အင် ဟင့်အင် မလိုချင်တဲ့ ဒကာမလေးနဲ့ တရားနာ ပရိသတ်ဟာ တူပြီးတော့မနေဘူးလား။ (တူပြီးတော့နေပါတယ်ဘုရား)

ကဲ- ဒါဆိုရင် အငိုက်ပြေအောင် လိုက်ဆိုကြ

*ချမ်းသာကိုတော့ လိုချင် လိုချင်။

တရားနာပါဆိုတော့ ဟင့်အင် ဟင့်အင်။

*ချမ်းသာကိုတော့ လိုချင် လိုချင်။

တရားထိုင်ပါဆိုတော့ ဟင့်အင် ဟင့်အင်။

*ချမ်းသာကိုတော့ လိုချင် လိုချင်။

ဒါနပြုပါဆိုတော့ ဟင့်အင် ဟင့်အင်။

*ချမ်းသာကိုတော့ လိုချင် လိုချင်။

သီလစောင့်ပါဆိုတော့ ဟင့်အင် ဟင့်အင်။

*ချမ်းသာကိုတော့ လိုချင် လိုချင်။

ဘာဝနာပွားပါဆိုတော့ ဟင့်အင် ဟင့်အင်။

*ချမ်းသာကိုတော့ လိုချင် လိုချင်။

ဘုရားရှိခိုးပါဆိုတော့ ဟင့်အင် ဟင့်အင်။

ကဲ- ရှေ့ဂါထာတွေ ဆက်ပြီးဟောကြ နာကြရအောင်။

၂။ အတ္တကေနာဓိပန္နဿ၊ ဇဟတော မာနုသံ ဘဝံ။

ကိစ္စဿ အနုဂံ ဟောတိ၊ ဆာယာဝ အနပါယိနီ။

ဟိသတ္တံ- စင်စစ်ဧကန်၊ မှန်ကြီးမှန်၏။ အတ္တကေန- သုံးဆယ့်တစ်ဘုံ၊ ပြုံးဖွယ်ကုန်အောင်၊ လွှမ်းခြုံနှိမ်နင်း၊ ရှင်သေမင်းသည်။ အဓိပန္နဿ- အမြဲ

http://www.dhammadownload.com



မပြတ်၊ မလွဲလတ်အောင်၊ နှိပ်အပ်စက်အပ်၊ နှိပ်စက်အပ်သူ၊ အများလူအား။ မာနုသံ– လူ့ခန္ဓာစင်စစ်၊ ဖြစ်ကြီးဖြစ်သော။ ဘဝံ– ဘဝကို။ ဇဟံတော– စွန့်ရသော။ တာသ– မှတ်ကြဖိုလ်လူ၊ ထိုသည့်သူအား။ ကိံ– တကယ်မမှား၊ အဘယ်အရာသည်။ သကံ– အမှန်အဟုတ်၊ ကိုယ်ပိုင်ဥစ္စာထုပ်သည်။ ဟောတိ– မုချပိုင်ပိုင်၊ ဖြစ်နိုင်ပါသနည်း။ ကိံစ– ချိန်ပြပြောဆို၊ အဘယ်ကိုလျှင်။ အာဒါယ– နေ့ညကြည်ဖြူ၊ ယူကြီးယူ၍။ ဂစ္ဆတိ– မမှားမပျက်၊ တရားဖက်၍၊ အားတက်ပိုင်ပိုင်၊ ယူသွားနိုင်ပါသနည်း။ အဿ– မှတ်ကြဖိုလ်လူ၊ ထိုသည့်သူအား။ ဆာယာ– ကိုယ့်ရဲ့ကိုယ်စား၊ ကိုယ်ပွားအနေ၊ ဆိုငြားပေရ၊ အရိပ်လှသည်။ အနုပါယိနီဣဝ– အစဉ်တစိုက်၊ အမြဲလိုက်သကဲ့သို့။ ကိဥ္စ– တကယ်မမှား၊ အဘယ်တရားသည်လျှင်။ အနုဂံ– အစဉ်တစိုက်၊ အမြဲလိုက်သည်။ ဟောတိ– မုချပိုင်ပိုင် ဖြစ်နိုင်ပါသနည်း။

သေမင်းရဲ့ လွှမ်းမိုးနှိပ်စက်ခြင်းတွေ ခံနေကြရတဲ့လူတွေဟာ လူ့ဘဝကြီးကို စွန့်လွှတ်ပြီးတော့ နောက်ဘဝ နောက်လောကကို ပြောင်းသွားရတဲ့အခါမှာ

၁။ အများမဆိုင် ကိုယ်ပိုင်ဥစ္စာဟာ ဘယ်အရာလဲ။
၂။ ဘယ်အရာကို ယူဆောင်ပြီးတော့ သွားရမှာလဲ။
၃။ ကိုယ့်ရဲ့အရိပ်ဟာ ကိုယ့်နောက်မှာ အမြဲကပ်ပြီးတော့ လိုက်ပါနေသလို ဘဝတစ်ပါး ပြောင်းသွားသူရဲ့နောက်ရဲ့ ဘဝသံသရာ အစဉ်ပါအောင် ခင်ကာမင်ကာ မကွာစိုက်စိုက် အမြဲလိုက်ပါမည့်အရာကား ဘယ်အရာပါလဲ။

ကဲ– အမေးလင်္ကာလေးတွေ လိုက်ဆိုကြ။
၁။ ကိုယ်ပိုင်ဆိုင်တာ၊ ကိုယ့်ဥစ္စာ၊ ဘယ်ဟာတွေတဲ့လဲ။
၂။ ဘယ်လိုဘယ်ဟာ၊ ယူဆောင်ကာ၊ သူငါသွားမှာလဲ။
၃။ အရိပ်ပမာ၊ ကိုယ့်နောက်ပါ၊ ဘယ်ဟာလိုက်မှာလဲ။

အဖြေဂါထာဆက်ပြီး ဟောကြနာကြရအောင်။
၃။ ဥဘောပုညဉ္စ ပါပဉ္စ၊ ယံ မစ္စော ကုရုတေ ဣဓ။
တံ ဟိ တဿ သကံ ဟောတိ၊ တဉ္စ အာဒါယ ဂစ္ဆတိ။
တဉ္စဿ အနုဂံ ဟောတိ၊ ဆာယာဝ အနုပါယိနီ။

http://www.dhammadownload.com



ဣ္ဆ– အတည်ပြောပြ၊ ဤလောကဦ။ မစ္ဆော– စစ်ပြောသူငါ၊ သတ္တဝါသည်။ ဥဘော– နှစ်ပါးကုန်သော။ ယံပုညဥ္စ– အကြင်ပေါင်းစု၊ မြတ်ကောင်းမှုကိုလည်းကောင်း။ ယံပါပဥ္စ– အကြင်ပေါင်းစု၊ မကောင်းမှုကိုလည်းကောင်း။ ကုရုတေ– အမြဲတစေ၊ ပြုလုပ်နေ၏။ ဟံဟိ– တံဖဝ= ကောင်းကံ၊ မကောင်းကံ၊ ထိုအကြောင်းနှစ်တန်သည်သာလျှင်။ တဿ– လူကိုယ်၊ လူ့ဘဝ၊ စွန့်ခွာရသူ၊ ထိုအများလူ၏။ သကံဟောတိ– ကိုယ်ပိုင်အစစ်၊ ဥစ္စာဖြစ်၏။ တဥ္စ– ကောင်းမှု၊ မကောင်းမှု၊ အကြောင်းနှစ်ခုဆို၊ ထိုဥစ္စာကိုသာလျှင်။ အာဒါယ– မကွာအတူ၊ အပါယူ၍။ ဂစ္ဆတိ– မလွဲမသွေ၊ မခွဲစေတာ၊ သွားရပါ၏။ ဆာယာ– ကိုယ့်ရဲ့ကိုယ်စား၊ ကိုယ်ပွားအနေ၊ ဆိုငြားပေရ၊ အရိပ်လှသည့်။ အနုပါယိနီဣဝ– အစဉ်တစိုက်၊ အမြဲလိုက်သကဲ့သို့။ တဥ္စ– ကောင်းမှု၊ မကောင်းမှု၊ ထိုအကြောင်းနှစ်ခုသည်သာလျှင်။ အဿ– ဘဝပြောင်းသူ၊ ထိုရှင်လူအား။ အနုဂံ– အစဉ်တစိုက်၊ အမြဲလိုက်သည်။ ဟောတိ– မုချပုံသော၊ ဖြစ်ပါပေ၏။

၁။ အများမဆိုင် ကိုယ်ပိုင်ဥစ္စာဟာ ကောင်းမှု၊ မကောင်းမှုကံနှစ်မျိုးပါပဲ။

၂။ ကိုယ်ပိုင်ဥစ္စာဖြစ်တဲ့ ကောင်းမှု၊ မကောင်းမှု ကံနှစ်ခုကို ယူပြီးတော့ သွားရမှာပါပဲ။

၃။ ကောင်းမှု၊ မကောင်းမှု ကံနှစ်ခုဟာ မိမိရဲ့နောက်က အမြဲတစေ လိုက်ပါနေတဲ့ အရိပ်ပမာ မိမိသွားရာ ဘဝသံသရာ အစဉ်ပါအောင် မကွာစိုက်စိုက် အမြဲလိုက်နေမှာပါပဲ။

ကဲ– အဖြေလင်္ကာလေးတွေ လိုက်ဆိုကြ

* ကိုယ်ပိုင်ဆိုင်တာ၊ ကိုယ့်ဥစ္စာ၊ နှစ်ဖြာ ကု+ အပဲ။
* ကု+ အ နှစ်ဖြာ၊ ယူဆောင်ကာ၊ သူငါ သွားရမြဲ။
* အရိပ်ပမာ၊ ကိုယ့်နောက်ပါ၊ လိုက်မှာ ကု+ အ ပဲ။

(မှတ်ချက်။ ။ ကု= ကောင်းမှုကုသိုလ်။ အ= မကောင်းမှုအကုသိုလ်။)

ကဲ ပြီးတော့မှာပါ၊ နောက်ဆုံးဂါထာဆက်ပြီးတော့ ဖော်ကြနာကြရအောင်။

၄။ တသ္မာ ကရေယျ ကလျာဏံ၊ နိစယံ သမ္ပရာယိကံ။
ပုညာနိ ပရလောကသ္မိံ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနံ။

တသ္မာ– ကိုယ်ပိုင်ဥစ္စာ၊ ကု+ အ သာလျှင်၊ သွားရာလိုက်သော၊ ထို

http://www.dhammadownload.com



သဘောကြောင့်။ သမွရာယိကံ– စခန်းတမလွန်၊ အဆန်းတွင်လစ်၊ ကြီးပွားကြောင်းဖြစ်သော။ နိစယံ– နေ့ညမပြတ်၊ ဆည်းပူးအပ်သော။ ကလျာဏံ– ပေါင်းစုအဟုတ်၊ ကောင်းမှုဆိုတဲ့အလုပ်ကြီးကို။ ကရေယျ– မနေးအမြန်၊ အေးအကြဲဖြင့်၊ တွေးဉာဏ်ပါပါ၊ ပြုလုပ်ရာ၏။ ပုညာနိ– ယခုဘဝ၊ ယခုစ၍၊ ပြုကြကြည်နူး၊ ကောင်းမှုအထူးတို့သည်။ ပရလောကသ္မိံ– တမလွန်ဟု၊ ခေါ်တွင်ပြုရ၊ နောက်ဘဝ၌။ ပါဏိနံ– ကောင်းမှုပြုရှာ၊ သတ္တဝါတို့၏။ ပတိဋ္ဌာ– တည်ရာမှီရာ၊ အားထားရာတို့သည်။ ဟောန္တိ– မလွဲမသွေ၊ ဖြစ်ကြပါပေကုန်၏။ ဣတိ– ဤသို့ဂါထာ၊ ဤသို့သာလျှင်။ ဘဂဝါ– ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရားသည်။ အဝေါစ– ကောသလမင်း၊ သောတရှင်းအောင်၊ အလင်းဆောင်ကာ၊ ဟောပြမိန့်ကြားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ယနေ့ ဦးဇင်းရဲ့ ဟောဒီတရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ ပြုတဲ့ ကုသိုလ် အကုသိုလ်ဆိုတဲ့ ကိုယ်ပိုင်ဥစ္စာကသာလျှင် ကိုယ့်နောက်လိုက်ပါမယ်ဆိုတာ သေသေချာချာသိပြီး နောက်ဘဝမှာ ကြီးပွားကြောင်း တကယ် အကောင်းဆုံး လက်နက်ကြီးဖြစ်တဲ့ ဒါန သီလ ဘာဝနာ ကုသိုလ်အလုပ်ကြီးတွေကို နေ့နေ့ညည မမေ့ကြဘဲ အမြဲတစေ ပြုလုပ်နေကြပါ။

ယခုဘဝ ယခုကစပြီးတော့ လုပ်နေကြတဲ့ တရားဟော၊ တရားနာ၊ တရားပြ၊ စာသင် စာချ၊ ဒါန၊ သီလ၊ ဘာဝနာ ဒီကုသိုလ်ကောင်းမှုတွေဟာ ကောင်းမှုပြုသူ သတ္တဝါတွေအတွက် တကယ်တည်ရာ မှီရာ အားထားရာ အားကိုးရာဖြစ်တယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်က ကောသလမင်း သောတရှင်းအောင် ဟောပြတော်မူပါတယ်။

ဒီနေ့ ရဟန်းခံ ရှင်ပြု ကုသိုလ်ပြုကြတဲ့ ဒါယကာ ဒါယိကာမတွေ၊ ဆွမ်း သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းကြတဲ့ ဒါယကာ ဒါယိကာမတွေ၊ သိက္ခာထပ်ကုသိုလ်ပွဲတွေ ဆင်နွဲနေကြတဲ့ ဒါယကာ ဒါယိကာမတွေ၊ မွေးနေ့ပွဲ၊ မင်္ဂလာပွဲကို အကြောင်းပြုပြီးတော့ ဆွမ်းကပ်၊ သင်္ကန်းကပ်၊ ဆေးပစ္စည်းတွေကပ်၊ ကျောင်းဆောက်ရန်အတွက် အလှူဝတ္ထုငွေ ပါဝင်လှူဒါန်းကြတဲ့ မွေးနေ့ရှင်တွေ၊ မင်္ဂလာမောင်မယ်တွေ၊ ပစ္စည်းလေးဖြာ လိုအပ်သောနေရာမှာ လိုအပ်သလို အသုံးပြုနိုင်ရန် ထာဝရငွေပဒေသာပင်တွေ စိုက်ထူလှူဒါန်းကြတဲ့ ဒါယကာ ဒါယိကာမတွေ၊ ဘဝသံသရာခရီး သွားရောက်လျှောက်လှမ်း

http://www.dhammadownload.com



တဲ့အခါမှာ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးတို့လို 'ပညာဘုရင်+ ပညာရှင်' ဖြစ်ပြီး ပညာကြီးရန် အစိဋ္ဌာန်ဖြင့် စိတ်အကြံမြင့်မြတ် 'ပိဋကတ်သုံးသွယ်+ နိကယ်ပါးရပ်' ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစာအုပ်တွေ အားရပါးရလှူဒါန်းကြတဲ့ ဒါယကာ ဒါယိကာမတွေဟာ နောက်ဘဝအတွက် တကယ်စိတ်ချ အားထားရတဲ့ မှီရာ တည်ရာ အားကိုးအားထားရာတွေ ရရှိမှာ သေချာတယ်လို့ သဘောကျနှစ်သက်ပြီး ကိုယ်တိုင်ပြုလုပ်ထားတဲ့ ကုသိုလ်တွေရဲ့အပေါ်မှာ ဝမ်းသာကြည်နူး ပီတိထူးတွေ ဖြစ်ရမယ်နော်။ (မှန်လှပါဘုရား)

မေး။ ။ ကိုယ်ပိုင်ဥစ္စာက ဘာတဲ့လဲ။

ဖြေ။ ။ ကုသိုလ် အကုသိုလ်ပါဘုရား။

မေး။ ။ ကိုယ်ယူသွားရမှာက ဘယ်အရာတဲ့လဲ။

ဖြေ။ ။ ကုသိုလ် အကုသိုလ်ပါဘုရား။

မေး။ ။ အရိပ်ပမာ ကိုယ့်နောက်လိုက်နေမှာက ဘာတဲ့လဲ။

ဖြေ။ ။ ကုသိုလ် အကုသိုလ်ပါဘုရား။

မေး။ ။ ရာထူးဂုဏ်သိန်၊ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ အထွေထွေဟာ ကိုယ့်နောက် သေသွားရင် လိုက်ပါ့မလား။

ဖြေ။ ။ မလိုက်ပါဘူး ဘုရား။

မေး။ ။ ဒီနေ့ ရဟန်းခံ ရှင်ပြုစတဲ့ကောင်းမှုကုသိုလ်ပြုသူတွေဟာ မိမိကိုယ်ကို ချစ်တဲ့သူတွေလား၊ မုန်းတဲ့သူတွေလား။

ဖြေ။ ။ ချစ်တဲ့သူတွေပါဘုရား။

မေး။ ။ မိမိကိုယ်ကို တရားနာပရိသတ် ချစ်သလား၊ မုန်းသလား။

ဖြေ။ ။ ချစ်ပါတယ်ဘုရား။

ဒီနေ့ဟောတဲ့တရားတော်က ဘာတဲ့လဲ။

(ချစ်သလား+ မုန်းသလား) တရားတော်ပါဘုရား။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ကိုယ်ပိုင်ဥစ္စာ၊ ကု အ သာ၊ သွားရာလိုက်ပါမြဲ။

* နောက်ဘဝကောင်း၊ ကြီးပွားကြောင်း၊ မစောင်းပြုအမြဲ။

* ယခုပြုသွား၊ ကောင်းမှုများ၊ နောင်အားထားဖို့ပဲ။

* ချစ်သလား မုန်းသလား၊ သတိထား၊ စဉ်းစားတတ်ဖို့ပဲ။

http://www.dhammadownload.com



*ချစ်သလား မုန်းသလား၊ သတိထား၊ ခွဲခြားတတ်ဖို့ပဲ။
*ချစ်သလား မုန်းသလား၊ ဒီတရား၊ ဟောကြားခဲ့တာပဲ။
*ဆင်ဖြူကဆောင်၊ ဆင်ဖြူတောင်၊ မြင်အောင်ဟောပြမြဲ။
*ဆင်လှရတနာ၊ မြင်ကြပါ၊ ကဗျာရေးပြမြဲ။

*ချစ်သလား မုန်းသလား၊ ဒီတရား၊ ဟောကြားခဲ့တယ်နော်။
*ဒီနေရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးပြီနော်။
*ပန်းလိုလန်းကာ၊ စမ်းပမာ၊ များစွာအေးစေသော်။
*ပန်းပမာလို၊ လန်းဆန်းပို၊ စမ်းလိုအေးစေသော်။
*ပန်းထက်လည်းမွေး၊ စမ်းထက်အေး၊ ဆုပေးခဲ့တယ်နော်။
*ဆင်ဖြူကဆောင်၊ ဆင်ဖြူတောင်၊ ခုနှောင်ဆုပေးပျော်။
*ယနေ့ဟောရ၊ ကုသလ၊ ပုညအာနုဘော်။
*အဖို့ဘာဂ၊ မှန်သမျှ၊ မိဘာရစေသော်။
*ဆရာများစွာ၊ ဉာတကာ၊ တူစွာရစေသော်။
*ပစ္စည်းလေးဖြာ၊ ဒါယကာ၊ တူစွာရစေသော်။
*သိကြား မြဟ္မာ၊ နတ်ဒေဝါ၊ တူစွာရစေသော်။
*ပြည့်ရှင်မင်းပါ၊ ယမပါ၊ တူစွာရစေသော်။
*လုံးစုံများစွာ၊ သတ္တဝါ၊ တူစွာရစေသော်။
*အမျှ အမျှ၊ ပေးဝေ၄၊ အေးမြသာဓုခေါ်။
သာဓု၊ သာဓု၊ သာဓုပါဘုရား။

မှတ်ချက်။ ။ *ကုသိုလ်ပွဲတိုင်း၊ ပူဇော်ပွဲတိုင်း၊ မွေးနေ့ပွဲတိုင်း၊ မင်္ဂလာပွဲတိုင်း၊ ဉာတရားပွဲတိုင်း ဟောနိုင်ပါ၏။

http://www.dhammadownload.com

## သံယုတ္တနိကာယ+ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ ကောသလသံယုတ်+ ပဌမဝဂ်+ မလ္လိကာသုတ္တန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "အချစ်ဆုံး + အပြုံးနဲ့ဖြေ" တရားတော်

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည် အနာထပိဏ်သူဌေးရဲ့ ပျော်ဖွယ်ရာကောင်းတဲ့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတာကို အာရုံပြုထားကြပါ တရားနာ။

တေန ခေါ ပန သမယေန ရာဇာ ပသေနဒိကောသလော မလ္လိကာယ ဒေဝိယာ သဒ္ဓိံ ဥပရိပါသာဒဝရဂတော ဟောတိ။

တေန ခေါ ပန သမယေန– ထိုအခါ၌။ ပသေနဒိ– ပသေနဒီအမည်ရှိသော။ ကောသလော– ကောသလခေါ်၊ တိုင်းအကျော်ကို၊ ပျော်ပျော်နေ့ည၊ အစိုးရသော။ ရာဇာ– အသျှင်အရှား၊ မင်းတရားသည်။ မလ္လိကာယ– မလ္လိကာမည်သော။ ဒေဝိယာ– မိဖုရားနှင့်။ သဒ္ဓိံ– တကွ။ ဥပရိပါသာဒဝရဂတော– မြတ်သောပြာသာဒ်ထက်သို့ ရောက်နေသည်။ ဟောတိ– ဖြစ်၏။

အခါတစ်ပါး ကောသလမင်းနဲ့ မလ္လိကာမိဖုရား ကောင်းမြတ်တဲ့ပြာသာဒ်တက်မှာ အတူထိုင်နေပါတယ်။

အထခေါ ရာဇာ ပသေနဒိ ကောသလော မလ္လိကံ ဒေဝိံ ဧတဒဝေါစ "အတ္ထိ နုခေါ တေ မလ္လိကေ ကောစညော အတ္တနာ ပိယတရော" တိ။

အထခေါ– ထိုအခါ၌။ ပသေနဒိ– ပသေနဒီအမည်ရှိသော။ ကောသလော– ကောသလခေါ်၊ တိုင်းအကျော်ကို၊ ပျော်ပျော်နေ့ည၊ အစိုးရသော။ ရာဇာ– ထင်ပေါ်ကျော်ကြား၊ မင်းတရားသည်။ မလ္လိကံ– မလ္လိကာအမည်ရှိသော။ ဒေဝိံ–မိဖုရားကို။ ဧတံဝစနံ– အတည်မမှား၊ ဤစကားကို။ အဝေါစ– အတွေး

http://www.dhammadownload.com



တစ်ခန်း၊ မနေ့ဆန်းကာ၊ မေးမြန်းပြောဆိုလိုက်ပါ၏။ "မလ္လိကေ– ပန်းသည် ဘဝ၊ ဆန်းကြယ်လှစွာ၊ မိဖုရားလာဖြစ်၊ အသစ်ကောင်းသာ၊ အိုမိဖုရား မလ္လိကာ။ တေ– အကောင်းပထမ၊ အကြောင်းလှငြား၊ သင်မိဖုရားအား။ အတ္တနာ– မှတ်ပါဆက်ဆက်၊ မိမိထက်ပင်။ ပိယတရော– အခင်အချစ်၊ အစဉ်တစ်မှတ်၊ အလွန်ချစ်အပ်သော။ အညော– တစ်ပါးအခြားသော။ ကောစိ– လောကကြည့်မူ၊ တစ်စုံတစ်ယောက်သောသူသည်။ အတ္ထိနုခေါ– အမှန်မသွေ၊ ရှိသေးလေသလော။ ဣတိ– ဤသို့။ အဝေါစ– အတွေးတစ်ခန်း၊ မနေ့ဆန်း ကာ၊ မေးမြန်းပြောဆိုလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

အဲဒီလို အတူထိုင်နေပြီးတော့ ကောသလမင်းက မလ္လိကာမိဖုရားကို "မလ္လိကာ သင့်မှာ မိမိကိုယ်ထက် ပိုပြီးတော့ ချစ်ခင်နှစ်သက်မြတ်နိုးအပ်သူ တစ်စုံတစ်ယောက်သောလူ ရှိသလား" လို့ မေးလိုက်ပါတယ်။

"အို မလ္လိကာ သင်အချစ်ဆုံးသူကို အပြုံးနဲ့ အဖြေပေးပါ" လို့ ပြော လိုက်ပါတယ်။

မေး။ ။ ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

ဖြေ။ ။ "အချစ်ဆုံး+ အပြုံးနဲ့ဖြေ" တရားတော်ပါဘုရား။

ကောသလမင်း စဉ်းစားထားတာက "ဒီမလ္လိကာမိဖုရားဟာ မူလက ဆင်းရဲတဲ့ ပန်းသည်မလေးဖြစ်တယ်။ ငါကနေပြီး ချီးမြှောက်ထားလို့ မိဖုရား ကြီးဖြစ်နေတာ၊ သူ့ကို ငါက "မလ္လိကာ သင်ဘယ်သူ့ကို အချစ်ဆုံးလဲ၊ အပြုံးတရား၊ နှလုံးသားမှာထားပြီးတော့ ဖြေပါ" လို့ အဖြေခိုင်းလိုက်ရင် ကေန္တ မလွဲရေးချ မလွဲလောက်အောင် "အရှင်မင်းကြီးကို (မောင်တော့်ကို) အချစ်ဆုံးပါလို့ အပြုံးနဲ့ဖြေမှာ သေချာတယ်။ အထင်ကြီးနေတာ၊ အထင် ကြီးနေတာနော်။ (မှန်လှပါဘုရား)။

မလ္လိကာမိဖုရားက (သူက) တစ်ဖန်ပြန်ပြီးတော့ "အရှင်မင်းကြီးကော (မောင်တော်ကော) ဘယ်သူ့ကို အချစ်ဆုံးလဲ အပြုံးနဲ့ဖြေပါ" လို့ အဖြေခိုင်း ရင် "မလ္လိကာကို (နှမတော်) ကို မောင်တော် အချစ်ဆုံးပါ"လို့ ငါကလည်း အားရပါးရကြီးဖြေပြီးတော့ပြလိုက်မယ် ဒီလိုကြံစည်ရည်ရွယ်ချက်နဲ့ "အချစ်ဆုံး+ အပြုံးနဲ့အဖြေ" လို့ ပြောလိုက်တာနော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ မလ္လိကာမိဖုရားရဲ့ "အချစ်ဆုံး+ အပြုံးနဲ့အဖြေ) ပုံ ဆက်ပြီး ဟောကြ နာကြရအောင်

နတ္ထိခေါ မေ မဟာရာဇ ကောစညော အတ္တနာ ပိယတရော။

မဟာရာဇ– မြတ်သောမင်းကြီး။ မေ– အကျွန်ုပ်အား။ အတ္တနာ– မှန်စွာဆက်ဆက်၊ မိမိထက်ပင်။ ပိယတရော– အလွန်အကြူး၊ အထူးသတ်မှတ်၊ ချစ်ခင်အပ်သော။ အညော– တစ်ပါးသော။ ကောစိ– လောကကြည့်မူ၊ တစ်စုံတစ်ယောက်သောသူသည်။ နတ္ထိခေါ– နတ္ထိဝေ– မရှိသည်သာလျှင်တည်း။

မြတ်သောမင်းကြီး အကျွန်ုပ်မလ္လိကာမှာ မိမိကိုယ်ထက် ပိုပြီးတော့ ချစ်ခင်နှစ်သက် မြတ်နိုးအပ်တဲ့သူ ဒီလောကကြီးမှာ (နောက်လောကကြီးမှာ) တစ်စုံတစ်ယောက်သောလူ မရှိပါ လို့ အဖြေပေးလိုက်ပါတယ်။

မင်းကြီးရဲ့မှန်းချက်နဲ့ နှမ်းထွက် ကိုက်သေးရဲ့လား (မကိုက်တော့ပါဘူး ဘုရား)။

"မှန်းချက်နဲ့ နှမ်းထွက်မကိုက်" ဆိုတာ ဒီနေရာမျိုးကို ပြောတယ် လို့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား)။

"အချစ်ဆုံး+ အပြုံးနဲ့အဖြေ" ပြလိုက်တာ ဘယ်သူ့ကိုတဲ့လဲ။ (မိမိ ကိုယ်ကိုပါဘုရား)။

ဒီတော့ သေသေချာချာမှတ်နော်။ ဒကာက ဒကာမကို၊ ဒကာမက ဒကာကို တစ်ဦးနဲ့တစ်ဦး အပြန်အလှန် အချစ်ဆုံးပဲလို့ ပြောနေကြတာတွေဟာ မလ္လိကာမိဖုရားအဖြေနဲ့ ညှိပြီးတော့ကြည့်တဲ့အခါမှာ ဟုတ်နိုင်ပါ့မလား။ (မဟုတ်နိုင်ပါဘူးဘုရား)။

ဒါပေမဲ့ ဟုတ်တယ်ထင်ထင်ပြီး ယုံတဲ့သူတွေ မများဘူးလား။ (များပါတယ်ဘုရား)

"နတ္ထိ အတ္တသမံ ပေမံ" (သံ ပါဠိ ၁–၆)

အတ္တသမံ– မိမိကိုယ်နှင့်တူသော။ ပေမံ– အသစ်မဟား၊ အချစ်တရားသည်။ (လောကေ– ယခုလောက၊ နောက်လောကကြီးမှာ) နတ္ထိ ရှိမည်ထင် လျှက်၊ စကြဝဠာ ကမ္ဘာမိုးမြေ၊ ဆုံးအောင်ဖွေရှာ၊ သေချာလိုက်ကြည့်၊ မရှိနိုင်ပါ" တဲ့။ ဒါ ဘုရားရှင် နတ္ထိ ပုတ္တသမသုတ်မှာ ဟောထားတာဖြစ်တယ်။

အဲဒီလို မလ္လိကာက ဖြေလိုက်တော့ ကောသလမင်းတရား မျက်နှာထား ပြောင်းပြီး သဘောမကျ ဖြစ်သွားတယ်။

http://www.dhammadownload.com



မလ္လိကာ က ပညာရှိ အမျိုးသမီးဆိုတော့ ဘုရင့်မျက်နှာကြည့်ပြီးတော့ ...င်းလိုလိုက် မင်းအကြိုက်ဆောင်ကာ အဖြေမပေးဘူးနော်။ (မှန်လှပါဘုရား)။

သာပနဒေဝီ ပဏ္ဍိတာ ဗုဒ္ဓုပဋ္ဌာယိကာ ဓမ္မုပဋ္ဌာယိကာ သံဃုပဋ္ဌာယိကာ မဟာပုညာ၊ တသ္မာဝေ် စိန္တေသိ "နာယံ ပဥှော ရညော မုခံ ဩလောကေတွာ ကထေတဗ္ဗော" တိ။ (သံ၌ ၁- ၁၂၉)

သာပနဒေဝီ- ထိုမလ္လိကာမိဖုရားသည်ကား။ ပဏ္ဍိတာ- ပညာနှင့် ပြည့်စုံ၏။ ဗုဒ္ဓုပဋ္ဌာယိကာ- ဘုရားသခင်ကို အရိုအသေ လုပ်ကျွေးခြင်းရှိ၏။ ဓမ္မုပဋ္ဌာယိကာ- တရားတော်ကို အရိုအသေပြုစုလုပ်ကျွေးခြင်းရှိ၏။ သံဃုပဋ္ဌာယိကာ- သံဃာတော်ကို အရိုအသေ ပြုစုလုပ်ကျွေးခြင်းရှိ၏။ မဟာပုညာ- ကြီးသောဘုန်းကံ၊ အတန်တန်တွေ၊ ရှိပါပေ၏။ တသ္မာ- ထို့ကြောင့်။ ဧဝံ- ဤသို့။ စိန္တေသိ- ကြံ၏။ အယံပဥှော- ဤအမေးကို။ ရညော- မင်း၏။ မုခံ- မျက်နှာကို။ ဩလောကေတွာ- ကြည့်၍။ နကထေတဗ္ဗော- မဖြေဆိုထိုက်ချေ။ ဣတိ- ဤသို့။ စိန္တေသိ- ကြံ၏။

မလ္လိကာမိဖုရားဟာ ပညာနဲ့ပြည့်စုံတယ်။ ရတနာသုံးပါးကိုအမြဲဆည်းကပ်ပြီး ပြုစုလုပ်ကျွေးနေသူဖြစ်တယ်။ ဘုန်းကံလည်း အင်မတန် ကြီးမားတယ်။ အင်မတန်ရှိတယ်။ ဒါ့ကြောင့် သေသေချာချာ စဉ်းစားဆင်ခြင်တွေးတောပြီး မင်းရဲ့မျက်နှာကိုမကြည့်ဘဲ "အချစ်ဆုံး" ဆိုတာ "မိမိကိုယ်ပါ" ပါလို့ အပြုံးနဲ့ အဖြေပေးလိုက်ခြင်းပါ။

သာ သရသေနေဝ ကထေတွာ ရာဇာနံ ပုစ္ဆိ။

သာ- ထို မလ္လိကာမိဖုရားသည်။ သရသေနေဝ- မိမိသဘောဖြင့်သာလျှင်။ ကထေတွာ- လျှောက်ဆို၍။ ရာဇာနံ- မင်းကို။ ပုစ္ဆိ- မေးလိုက်ပါ၏။

အဲဒီ မလ္လိကာမိဖုရားဟာ မိမိသဘောနဲ့ ဖြေပြီးတော့ မျက်နှာမသာမယာ ဖြစ်နေတဲ့မင်းကြီးကို မေးလိုက်ပြန်က

တုယှံ့ ပန မဟာရာဇ အတ္တနော ကောစိ အတ္တနာ ပိယတရောတိ။

မဟာရာဇ- မြတ်သောမင်းကြီး။ တုယှံ့- သင့်အား။ အတ္တနာ- မိမိထက်။ ပိယတရော- အလွန်ချစ်အပ်သော။ အညော- တစ်ပါးသော။ ကောစိ- တစ်စုံ တစ်ယောက်သောသူသည်။ အတ္ထိပန- ရှိသလော။ ဣတိ- ဤသို့။ အ...ဇ- မေးလျှောက်၏။

http://www.dhammadownload.com



အရှင်မင်းမြတ်မှာကော မိမိကိုယ်ထက် ပိုပြီးတော့ ချစ်ခင်မြတ်နိုးအပ်သူ တစ်စုံတစ်ယောက်သောလူ ရှိပါသေးသလော လို့ မေးလျှောက်လိုက်ပါတယ်။

မယှမ္ဘိ ခေါ မလ္လိကေ နတ္ထညော ကောစိ အတ္တနာ ပိယတရောတိ။

မလ္လိကေ– မလ္လိကာ။ မယှမ္ဘိ– ငါ့အားလည်း။ အတ္တနာ– မိမိထက်။ ပိယတရော– အလွန်ချစ်အပ်သော။ အညော– တစ်ပါးသော။ ကောစိ–တစ်စုံ တစ်ယောက်သောသူသည်။ နတ္ထိခေါ– နတ္ထိဧဝ– မရှိသည်သာလျှင်တည်း။

မလ္လိကာ ငါ့မှာလည်း မိမိကိုယ်ထက် ပိုပြီးတော့ ချစ်ခင်မြတ်နိုးအပ်သူ တစ်စုံတစ်ယောက်သောလူ မရှိပါဘူးလို့ ပြောလိုက်ပါတယ်။

"သူကမှ သူ့ကိုယ်သူ အချစ်ဆုံးဆိုရင် ငါကလည်း ငါ့ကိုယ်ကို အချစ် ဆုံးပေါ့" လို့ ပြောပြလိုက်တာနော်။ (မှန်လှပါဘုရား)။

အထခေါ ရာဇာ ပသေနဒိကောသလော ပါသာဒါ ဩရောဟိတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ- နိသီဒိ၊ ဧကမန္တံ နိသိန္နော ခေါ ရာဇာ ပသေနဒိ ကောသလော ဘဂဝန္တံ ဧတ ဒဝေါစ "ဣဓာဟံ ဘန္တေ မလ္လိကာယ ဒေဝိယာ သဒ္ဓိံ ဥပရိပါသာဒဝရဂတော မလ္လိကံ ဒေဝိံ ဧတဒဝေါစံ 'အတ္ထိနုခေါ တေ မလ္လိကေ ကောစညော အတ္တနာ ပိယတရော' တိ။

အဲဒီလို အချင်းချင်း မေးမြန်းပြောဆိုပြီးတော့ ကောသလမင်းဟာ ပြာသာဒ်မှ ဆင်းကာ မြတ်စွာဘုရားရှိရာကို ရောက်လာပါတယ်။ ရောက်လာပြီး တော့ "မြတ်စွာဘုရား မိမိထက်ပိုပြီးတော့ ချစ်တဲ့သူရှိသလား" လို့ မေးပါတယ်။

ဧဝံ ဝုတ္တေ ဘန္တေ မလ္လိကာ ဒေဝီ မံ ဧတဒါဝေစ 'နတ္ထိခေါမေ မဟာ ရာဇ ကောစညော အတ္တနာ ပိယတရော။

တပည့်တော် ဒီလိုမေးလိုက်တော့ မလ္လိကာမိဖုရားက တပည့်တော်ကို 'အရှင်မင်းကြီး မိမိထက်ပိုပြီးတော့ ချစ်တဲ့လူမရှိပါဘူး' လို ပြောပါတယ်။

တုယှံ ပနမဟာရာဇ အတ္ထညော ကောစိ အတ္တနာ ပိယတရော' တိ။

အရှင်မင်းကြီးကော အရှင်မင်းကြီးထက်ပိုပြီး ချစ်တဲ့လူရှိသလား လို့ မေးပြန်တဲ့အခါ

ဧဝံ ဝုတ္တာဟံ ဘန္တေ မလ္လိကံ ဒေဝိံ ဧတဒဝေါစံ 'မယှမ္ဘိခေါ မလ္လိကေ နတ္ထညော ကောစိ အတ္တနာ ပိယတရော' တိ။

'မလ္လိကာ ငါလည်း မိမိကိုယ်ထက်ပိုပြီးတော့ ချစ်တဲ့လူတစ်ဦးတစ် ယောက်မျှ မရှိပါ' လို့ ပြောပြလိုက်ပါတယ်။

http://www.dhammadownload.com



အဲဒီလို မင်းကြီးနဲ့ မလ္လိကာ မိမိတို့အချင်းချင်း မေးမြန်းပြောဆိုခဲ့ပုံ စကားအလုံးစုံကို မြတ်စွာဘုရားအား လျှောက်ထားပြလိုက်ပါတယ်။

အထခေါ ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ ဂါထံ အဘာသိ။

အထခေါ- ထိုအခါ၌။ ဘဂဝါ- မြတ်စွာဘုရားသည်။ ဧတမတ္ထံ- ထိုအကြောင်းကို။ ဝိဒိတွာ- သိတော်မူ၍။ တာယံ ဝေလာယံ- ထိုအချိန်၌။ ဣမံဂါထံ- ဤဂါထာကို။ အဘာသိ- ရွတ်ဆိုတော်မူလိုက်ပါပေ၏။

သဗ္ဗာ ဒိသာ အနုပရိဂမ္မ စေတသာ၊
နေဝဇ္ဈဂါ ပိယတရ မတ္တနာ ကွစိ။
ဧဝံပိယော ပုထု အတ္တာ ပရေသံ။
တသ္မာ နဟိံသေ မရမတ္တကာမော တိ။

သဗ္ဗာဒိသာ- ခပ်သိမ်းဥဿုံ၊ အလုံးစုံများစွာ၊ အရပ်မျက်နှာတို့ကို။ စေတသာ- အာရုံသိထား၊ စိတ်တရားဖြင့်။ အနုပရိဂမ္မ- အစဉ်လှည့်ပတ်၊ အထပ်ထပ်ရှာဖွေ၊ သွားလာပါပေသော်လည်း။ ကွစိ- အကုန်သိမှတ်၊ တစ်စုံတစ်ခုသောအရပ်၌မျှ။ အတ္တနာ- မှန်စွာဆက်ဆက်၊ မိမိထက်ပင်။ ပိယတရံ- မပြစ်မမုန်း၊ အချစ်ဆုံးမှတ်၊ ပိုမိုချစ်ခင် မြတ်နိုးအပ်သူကို။ နေဝဇ္ဈဂါ- သေချာပိုင်ပိုင်၊ မတွေ့မရနိုင်ပါချေ။ ဧဝံ- မိမိကိုယ်ကို၊ ပြစ်မဆိုဘဲ၊ ချစ်ပိုခင်သူ၊ ဤအတူပင်။ ပုထု- ကိုယ်မှတစ်ပါး၊ ဆိုပြငြားစုံ၊ များပြားကုန်သော။ ပရေသံ- အခြားအခြား၊ သတ္တဝါများတို့သည်လည်း။ အတ္တာ- မှတ်ပါပိုမို။ မိမိကိုယ်သာ။ ပိယော- အခင်အချစ်၊ အစဉ်တစ်မှတ်၊ ချစ်ခင်အပ်ပါပေ၏။ တသ္မာ- ကိုယ်လည်း ကိုယ့်ကို၊ သူသူ့ကိုယ်၌။ အာရုံစိုက်၍၊ ချစ်ကြိုက်ပါသော၊ ထိုသဘောကြောင့်။ အတ္တကာမော- ကိုယ်ကျိုးစီးပွား၊ အစားစားကို၊ လိုလားခင်သူ၊ များရှင်လူသည်။ ပရံ- ကိုယ်မှခြား၊ သူတစ်ပါးကို။ နဟိံသေ- တစ်စက္ကန့်စစ်၊ တစ်မိနစ်မည်၊ တစ်နာရီမျှ၊ ဆင်းရဲရအောင်၊ နှေ့ညအမြဲ၊ မညှဉ်းဆဲရာ၊ ဣတိ- ဤသို့သေချာ၊ ဤသို့သာလျှင်။ အဝေါစ- ကောသလမင်း၊ သောတရှင်းအောင်၊ ဟောပြဆောင် ကာ၊ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ပန်းသည်ဘဝကနေ ဆန်းကြယ်လှစွာ မိဖုရားဖြစ်လာတဲ့ မလ္လိကာနဲ့ ကောသလမင်းတို့ရဲ့ အချင်းချင်း အပြန်အလှန်ပြောဆိုတဲ့အကြောင်းတွေကို

http://www.dhammadownload.com



သိတော်မူတဲ့အချိန်မှာ မြတ်စွာဘုရားကလည်း အလုံးစုံသောအရပ်မျက်နှာတို့ကို စိတ်နဲ့လှည့်ပတ်သွားလာ အစဉ်မပြတ် ရှာဖွေသော်လည်း တစ်စုံတစ်ခုသော အရပ်၌မျှ မိမိထက်ပိုပြီးတော့ ချစ်အပ်သူကို မတွေ့နိုင်၊ မရနိုင်ဘူး။

မိမိကိုယ်ကိုပင် အလွန်ချစ်ခင်နှစ်သက်မြတ်နိုးသလို (မြတ်နိုးသကဲ့သို့) ကိုယ်မှတစ်ပါး အခြားသူတွေဟာလည်း သူတို့ကိုယ်သူတို့ အချစ်ဆုံးဖြစ်တယ်။

အဲဒီလို ကိုယ်ကလည်း ကိုယ့်ကို၊ သူတစ်ပါးတွေကလည်း သူတို့ကိုယ်သူတို့ အချစ်ဆုံးဖြစ်တဲ့အတွက်ကြောင့် မိမိရဲ့ကောင်းကျိုးစီးပွားတွေကို တကယ်လိုလားသူဟာ သူတစ်ပါးကိုဆင်းရဲအောင် မညှဉ်းဆဲရဘူး လို့ အထူးအားဖြင့် ဟောကြားတော်မူပါတယ်။

မေး။ ။ မလ္လိကာဟာ ဘယ်ဘဝကနေ မိဖုရားဖြစ်လာတာလဲ။
ဖြေ။ ။ ပန်းသည်ဘဝကပါဘုရား။
မေး။ ။ ပန်းသည်ဘဝကနေ မိဖုရားဖြစ်လာတော့ မဆန်းကြယ်ဘူးလား။
ဖြေ။ ။ ဆန်းကြယ်ပါတယ် ဘုရား။

ကဲ– ဆန်းကြယ်ပုံလေး နာကြည့်ရအောင်

အယံ ကိရ မလ္လိကာ ဒုဂ္ဂတမာလာကာရဿ ဓီတာ၊ ကေဒိဝသံ အာပဏတော ပူဝံ ဂဟေတွာ "မာလာရာမံ ဂန္တွာဝ ခါဒိဿာမိ" တိ ဂစ္ဆန္တီ ပဋိပထေ ဘိက္ခုသံဃပရိဝါရံ ဘဂဝန္တံ ဘိက္ခာစာရံ ပဝိသန္တံ ဒိသွာ ပသန္နစိတ္တာ တံ ဘဂဝတော အဒါသိ၊ သတ္ထာ နိသီဒနာကာရံ ဒဿေသိ။

ကိရ– မှန်စွာမသေ့၊ ထင်ရှားစေအံ့။ ဒုဂ္ဂတမာလာကာရဿ– ဆင်းရဲ တကယ်၊ ပန်းရောင်းသည်၏။ ဓီတာ– အပြီးစင်စစ်၊ သမီးဖြစ်သော။ အယံ မလ္လိကာ– အမှန်သိထား၊ ဤမလ္လိကာမိဖုရားသည်။ ကေဒိဝသံ– တစ်နေ့၌။ အာပဏတော– အိမ်ဈေးမှ။ ပူဝံ– မုန့်ကို။ ဂဟေတွာ– ယူ၍။ "မာလာရာမံ– အဘပိုင်ပန်းခြံအရာမ်သို့။ ဂန္တွာဝ– စောင့်ရှောက်အမှန်၊ ဆွတ်ယူရန်ပင်၊ သွား၍လျှင်။ (ဝါ) စောင့်ရှောက်ဆွတ်ယူရင်း သွား၍လျှင်။ ခါဒိဿာမိ– ခဲအံ့" ဣတိ– ဤသို့ကြံ၍။ ဂစ္ဆန္တီ– သွားသည်ရှိသော်။ ပဋိပထေ– ရင်ဆိုင်ခရီး၌။ ဘိက္ခုသံဃပရိဝါရံ– ရဟန်းအပေါင်း ခြံရံလျက်။ ဘိက္ခာစာရံ– ဆွမ်းခံရွာသို့။ ပဝိသန္တံ– ဝင်တော်မူသော။ ဘဂဝန္တံ– ဘုရားသခင်ကို။ ဒိသွာ– မြင်၍။ ပသန္နစိတ္တာ– ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။ တံ– ထိုယူခဲ့သောမုန့်ကို။ ဘဂဝတော– ဘုရားသခင်အား။ အဒါသိ– ကြည်ကြည်ဖြူဖြူ အရေးယူကာ၊

http://www.dhammadownload.com



ပေးလှူလိုက်ပါပေ၏။ သတ္တာ- မြတ်စွာဘုရားသည်။ နိသီဒနာကာရံ- နေတော်မူအံ့သောအခြင်းအရာကို။ ဒဿေသိ- ပြတော်မူ၏။

မလ္လိကာဟာ ဆင်းရဲတဲ့ ပန်းရောင်းသမားရဲ့ သမီးဖြစ်တယ်။ တစ်နေ့တော့ ပန်းရောင်းပြီး ဈေးကနေ စားဖို့မုန့်ကို ဝယ်ယူကာ "မိမိတို့အဘပိုင်တဲ့ပန်းခြံကို သွားရင်းစားမယ်" လို့ ကြံစည်လာတဲ့အခါမှာ ရဟန်းအပေါင်းခြံရံပြီး ဆွမ်းခံကြွတော်မူလာတဲ့ မြတ်စွာဘုရားနဲ့ လမ်းမှာ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရတော့ ကြည်ညိုတဲ့စိတ်တွေ တဖွားဖွားဖြစ်ပေါ်လာတဲ့အတွက် မိမိစားမည့်မုန့်ကို မြတ်စွာဘုရားအား လှူဒါန်းလိုက်ပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ် မလ္လိကာ မုန့်ကပ်လှူတဲ့နေရာမှာ ထိုင်ပြီးတော့ ဘုဉ်းပေးတော်မူလိုတဲ့ အခြင်းအရာကို ပြတော်မူတယ်။

အာနန္ဒတ္ထေရော စီဝရံ ပညာပေတွာ အဒါသိ။

ရှင်အာနန္ဒာကိုယ်တော်မြတ် သင်္ကန်းကိုခင်းပြီးတော့ ပေးတော်မူလိုက်ပါတယ်။

ဘဂဝါတတ္ထ နိသီဒိတွာ တံ ပူဝံ ပရိဘုဉ္ဇိတွာ- မုခံ ဝိက္ခာလေတွာ သိတံ ပါတွာကာသိ။

ဘုရားရှင်ကိုယ်တော်မြတ် ထိုနေရာ၌ပင် ထိုင်တော်မူကာ မုန့်ကိုဘုဉ်းပေးတော်မူပြီး အာခံတွင်းတော်ကို သန့်ရှင်းစင်ကြယ်အောင် ဆေးတော်မူပြီးနောက် ထင်ရှားအောင် ပြုံးတော်မူလိုက်ပါတယ်။

ထေရာ "ကိမိဿာ ဘန္တေ ကော ဝိပါကော ဘဝိဿတိ" တိ ပုစ္ဆိ။

ဘုရားရှင် ကိုယ်တော်မြတ်တို့ ပြုံးတော်မူတာဟာ အကြောင်းမဲ့ ပြုံးတော်မူတာမဟုတ်ဘူး၊ အကြောင်းရှိတယ်။ ဘုရားရှင်ရဲ့ထင်ရှားတဲ့အပြုံးကို တွေ့မြင်လိုက်ရတဲ့ ရှင်အာနန္ဒာက "မြတ်စွာဘုရား ဒီမုန့်ဒါယိကာမလေး ဘယ်လိုအကျိုးဖြစ်ပွားနိုင်ပါသလဲ ဘုရား" လို့ လျှောက်မေးတဲ့အခါ

အာနန္ဒ အဇ္ဇေသာ တာထာဂတဿ ပဌမဘောဇနံ အဒါသိ၊ အဇ္ဇေဝ ကောသလရညော အဂ္ဂမဟေသီ ဘဝိဿတီတိ။

"အာနန္ဒာ ဒီမုန့်ဒါယိကာမလေးဟာ မြတ်စွာဘုရားအား ယနေ့အဖို့ ပထမဆုံး ဆွမ်းဦးအလှူကို ထက်သန်တဲ့စေတနာ သဒ္ဓါတရားနဲ့ လှူဒါန်းတယ်။ ဒီမုန့်ဒါယိကာမလေး ဒီနေ့ပင် ကောသလမင်းရဲ့ မိဖုရားကြီးဖြစ်လိမ့်မယ်" လို့ မိန့်တော်မူလိုက်ပါတယ်။

http://www.dhammadownload.com



မြတ်စွာဘုရား ဒါ့ကြောင့် ပြုံးတော်မူတာနော်။ (မှန်လှပါဘုရား။)

အလကား အကြောင်းမဲ့ပြုံးတာ ဟုတ်ရဲ့လား။ (မဟုတ်ပါဘူးဘုရား။)

တံ ဒိဝသမေဝစ ရာဇာ ကာသိဂါမေ ဘာဂိနေယျေန ယုဒ္ဓေန ပရာဇိတော ပလာယိတွာ နဂရံ အာဂစ္ဆန္တော မာလာရာမံ ပဝိသိတွာ ဗလကာယဿ အာဂမနံ အာဂမေသိ။

အဲဒီမုန့်လှူတဲ့နေ့မှာပဲ ပသေနဒီကောသလမင်းကြီးဟာ ကာသိတိုင်း၏ ရွာကြီးမှာ တူမောင်ဖြစ်တဲ့ အဇာတသတ်မင်းနဲ့ စစ်တိုက်ရာဝယ် စစ်ရှုံးပြီး အလွတ်ပြေးခွာ မြို့ကိုပြန်လာတဲ့အခါ မလ္လိကာဝို့ရဲ့ပန်းခြံထဲဝင်ပြီးတော့ မိမိရဲ့စစ်သားတွေကို စောင့်မျှော်နေပါတယ်။

တဿ သာ ဝတ္တံ အကာသိ။

ထိုပသေနဒီကောသလမင်းကြီးအား ပန်းသည်မလေးမလ္လိကာက ဝတ္တရား ကျေပွန်စွာ ပြုစုစောင့်ရှောက်ပေးပါတယ်။

ပန်းသည်မလေး မလ္လိကာရဲ့ ဆန်းကြယ်လှတဲ့မုန့်အလှူနဲ့ ဆန်းကြယ်လှတဲ့ အပြုအစု တာဝန်ကျေမှုတွေနော်။ (မှန်လှပါဘုရား။)

သော တာယ ဝတ္တေ ပသီဒိတွာ တံ အန္တေပုရံ အတိဟာရာပေတွာ တံ အဂ္ဂမဟေသိဋ္ဌာနေ ဌပေသိ။

သော– ထိုကောသလမင်းသည်။ တာယ– ထိုမလ္လိကာ၏။ ဝတ္တေ– ကျင့်ဝတ်၌။ ပသီဒိတွာ– ဘဝင်အသည်း၊ အစဉ်စွဲမှတ်၊ အားရကျေနပ်တော်မူ၍။ တံ– ထိုမလ္လိကာကို။ အန္တေပုရံ– နန်းတော်တွင်းသို့။ အတိဟာရာပေတွာ– အမှန်မကြာ၊ အမြန်ပါအောင်၊ ဆောင်စေတော်မူ၍။ တံ– ထိုမလ္လိကာကို။ အဂ္ဂမဟေသိဋ္ဌာနေ– မိဖုရားကြီးအရာ၌။ ဌပေသိ– အမြဲတစေ၊ မလွဲလေအောင်၊ ထားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

မလ္လိကာရဲ့ပြုစုမှု၊ တာဝန်ကျေပွန်မှုတွေကို သဘောကျနှစ်သက်မြတ်နိုး လွန်းလှတဲ့အတွက် မလ္လိကာကို မိဖုရားကြီးမြှောက်လိုက်တာနော်။ (မှန်လှပါ ဘုရား။)

ဘုရားရှင်ကို မုန့်ကပ်လှူတဲ့နေ့မှာပင် ကောသလမင်းကြီးရဲ့ မိဖုရား ကြီး ဖြစ်သွားပါတယ်။

http://www.dhammadownload.com



ဒီတော့ ပန်းသည်မဘဝကနေ မိဖုရားကြီးဖြစ်သွားရတော့ မဆန်းကြယ်ဘူးလား။ (ဆန်းကြယ်ပါတယ်ဘုရား။)

ဘုရားကို မုန့်ဆွမ်းဦး လှူရတဲ့ကုသိုလ်ဟာ ချက်ချင်းလက်ငင်း ကောင်းကျိုး ရမသွားဘူးလား။ (ရသွားပါတယ်ဘုရား။)

ဒီတော့ ဘာပဲဖြစ်ဖြစ် ကိုယ်မစားမီ၊ ကိုယ်မစားဘဲ ဦးဦးဖျားဖျား လှူရတာ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား။)

ဘဝဆိုတာ မဆန်းကြယ်ဘူးလား တရားနာ။ (ဆန်းကြယ်ပါတယ်ဘုရား။)

ဒီနေ့ဆင်းရဲနေပေမယ့် နောက်နေ့ ချမ်းသာတဲ့သူ မဖြစ်နိုင်ဘူးလား။ (ဖြစ်နိုင်ပါတယ်ဘုရား။)

ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ

*ဦးဦးဖျားဖျား– ဘုရားမြတ်စွာ။
မုန့်ထုးမုန့်ဆွမ်း– လှူဒါန်းနေ့မှာ၊
မိဖုရားကြီး– အပြီးဖြစ်လာ၊
ပန်းသည်မ– ဘဝဆန်းကြယ်တာ။

တစ်နေ့တော့ ကောသလမင်း အကြံတစ်ခုဖြစ်ပေါ်လာပါတယ်။ ဘယ်လို အကြံဖြစ်ပေါ်လာသလဲဆိုရင် "ဒီမလ္လိကာဟာ မူလက ဆင်းရဲတဲ့ ပန်းသည်မလေး ဖြစ်တယ်။ ခုတော့ ကြီးကျယ်တဲ့ မိဖုရားကြီးစည်းစိမ်ကို ငါပေးထားတဲ့အတွက် ရရှိနေပြီ။ ငါက မလ္လိကာ ဘယ်သူ့ကို အချစ်ဆုံးလဲ၊ အပြုံးနဲ့ဖြေပါလို့ ပြောလိုက်ရင် မောင်တော့်ကို အချစ်ဆုံးပါလို့ အဖြေပေးမှာ သေချာတယ်။ သူက မောင်တော်ကော ဘယ်သူ့ကို အချစ်ဆုံးလဲလို့မေးရင် ငါကလည်း နှမတော် မလ္လိကာကို အချစ်ဆုံးလို့ အဖြေပေးလိုက်မယ်။ ဒီလို တွေးတောကြံစည်ပြီးတော့ (အချစ်ဆုံး+ အပြုံးနဲ့အဖြေ) လို့ ရှေ့က ဟောခဲ့တဲ့အတိုင်း မေးကြ ဖြေကြတာ ဖြစ်တယ်။

မေး။ ။ ကောသလမင်းက မလ္လိကာကို အချစ်ဆုံးလူကို အပြုံးနဲ့ဖြေပါဆိုတော့ မလ္လိကာက ဘယ်လိုဖြေလိုက်သလဲ။

ဖြေ။ ။ "မိမိကိုယ်" လို့ ဖြေလိုက်ပါတယ်ဘုရား။

မေး။ ။ ကောသလမင်းကို မလ္လိကာက အရှင်မင်းကြီးရဲ့အချစ်ဆုံးလူကို အပြုံးနဲ့ဖြေပါလို့ မေးလိုက်ပြန်တော့ ဘယ်လိုဖြေလိုက်သတဲ့လဲ။

http://www.dhammadownload.com



ဖြေ။ ။ ငါလည်း "မိမိကိုယ်ပဲ" လို့ ဖြေလိုက်ပါတယ်ဘုရား။

မေး။ ။ မြတ်စွာဘုရားကကော မိမိကိုယ်ကို အချစ်ဆုံးဆိုတာ မှန်ကန်တဲ့ အကြောင်း ဂါထာတစ်ပုဒ်နဲ့ မဟောလိုက်ဘူးလား။

ဖြေ။ ။ ဟောလိုက်ပါတယ် ဘုရား။

မေး။ ။ မိမိက မိမိကိုယ်ကိုချစ်သလို အခြားသတ္တဝါတွေကော သူတို့ကိုယ် သူတို့ မချစ်ကြဘူးလား။

ဖြေ။ ။ ချစ်ကြပါတယ်ဘုရား။

မေး။ ။ ဒီနေ့တရားနာနေကြတဲ့ ဒကာ ဒကာမတွေ ဘယ်သူ့ကိုအချစ်ဆုံးလဲ အပြိုင်းနဲ့ဖြေပါဆိုရင် ဘယ်လိုဖြေမလဲ။

ဖြေ။ ။ မိမိကိုယ်ကိုပါဘုရား။

မေး။ ။ ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

ဖြေ။ ။ "အချစ်ဆုံး= အပြိုင်းနဲ့ဖြေ" တရားတော်ပါဘုရား

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ပန်းသည်ဘ၀၊ ဆန်းကြယ်လှ၊ နှမမလ္လိကာ။
* အချစ်ဆုံးလူ၊ လောကမူ၊ ဘယ်သူဖြစ်လဲကွာ။
* အချစ်ဆုံးကို၊ ရှင်ပြိုးချို၊ ဖြေဆိုပေးစမ်းပါ။
* ကောသလတွင်၊ လောကရှင်၊ ဘုရင်မင်းကြီးရာ။
* အချစ်ဆုံးလူ၊ လောကမူ၊ မှတ်ယူမိမိပါ။
* အချစ်ဆုံးကို၊ ရှင်ပြိုးချို၊ ဖြေဆိုပြလိုက်တာ။
* ကောသလတွင်၊ လောကရှင်၊ ဘုရင်မင်းကြီးလည်း။ (လဲ)
* အချစ်ဆုံးလူ၊ လောကမူ၊ ဘယ်သူဖြစ်သလဲ။
* အချစ်ဆုံးကို၊ ရှင်ပြိုးချို၊ ဖြေဆိုပြအမြဲ။
* ပန်းသည်ဘ၀၊ ဆန်းကြယ်လှ၊ နှမမလ္လိကာ။
* အချစ်ဆုံးလူ၊ လောကမူ၊ မှတ်ယူ ငါ့ကိုယ်ပါ။
* ငါလည်း ငါ့ကို၊ အချစ်ပို၊ သင့်လိုဖြေပြတာ။
* အချစ်ဆုံးကို၊ ရှင်ပြိုးချို၊ ဖြေဆိုပြလိုက်တာ။
* သူလည်းသူ့ကိုယ်၊ ကိုယ့်ကိုယ်ကို၊ ချစ်ပိုနေကြတာ။
* ဆင်းရဲရအောင်၊ သတိဆောင်၊ ခုနှောင်မပြုရာ။

http://www.dhammadownload.com



* သူကာစ်ပါးကို၊ ညှဉ်းဆဲလို၊ စိတ်ကိုမမွေးရာ။
* မေတ္တာတရား၊ လက်ကိုင်ထား၊ သနားကရုဏာ။

* အချစ်ဆုံးချဲ့၊ အပြုံးနဲ့၊ ဖြေတဲ့တရားတော်။
* ဒီနေရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးပြီမှော်။
* အားလုံးအမျှ၊ ပေးဝေငှ၊ ရှင်ပျူးသာခုခေါ်။

သာခု၊ သာခု၊ သာခုပါဘုရား။

မှတ်ချက်။ ။ * မုန့်ဆွမ်းကပ်ပွဲတိုင်း (အခါက) ဟောပါ။
* ဆွမ်းကပ်ပွဲကိုင်း။ ညတရားပွဲတိုင်းလည်း ဟောနိုင်ပါသည်။

✪

http://www.dhammadownload.com

## သံယုတ္တနိကာယ+ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ ကောသလသံယုတ်+ ဒုတိယဝဂ်+ အပ္ပမာဒသုတ္တန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "ကောင်းကျိုးရဲ့အောင် + သတိဆောင်" တရားတော်

ဧကမန္တံ နိသိန္နော ခေါ ရာဇာ ပသေနဒိကောသလော ဘဂဝန္တံ ဧတဒဝေါစ "အတ္ထိနုခေါ ဘန္တေ ဧကော ဓမ္မော၊ ယော ဥဘော အတ္ထေ သမဓိဂ္ဂယှ တိဋ္ဌတိ ဒိဋ္ဌဓမ္မိကဉ္စေဝ အတ္ထံ သမ္ပရာယိကဉ္စာ" ဟိ။

ဧကမန္တံ– သင့်တင့်လျောက်ပတ်၊ တစ်ခုသောအရပ်၌။ နိသီဒိ– ထိုင်နေ၏။ ဧကမန္တံ– သင့်တင့်လျောက်ပတ်၊ တစ်ခုသောအရပ်၌။ နိသိန္နောခေါ– ထိုင်နေပြီးသော။ ပသေနဒိ– ပသေနဒီအမည်ရှိသော။ ကောသလော– ကောသလတိုင်းကို အစိုးရသော။ ရာဇာ– မင်းကြီးသည်။ ဘဂဝန္တံ– မြတ်စွာဘုရားကို။ ဧတံဝစနံ– ဤစကားကို။ အဝေါစ– လျှောက်၏။ ကိံအဝေါစ– အဘယ်သို့ လျှောက်သနည်း။ "ဘန္တေ– မြတ်စွာဘုရား။ ဧကော– တစ်ပါးသော၊ ယောဓမ္မော– အကြင်တရားသည်။ ဒိဋ္ဌဓမ္မိကံ– အမှန်အဟုတ်၊ ပစ္စုပ္ပန် စစ်စစ်၊ အတ္တဘော၌ဖြစ်သော။ အတ္ထဉ္စေဝ– ကောင်းဂုဏ်ပွားတိုး၊ ကောင်းအကျိုးကိုလည်းကောင်း။ သမ္ပရာယိကံ– တမလွန်ဟု၊ ခေါ်တွင်ပြုလစ်၊ နောက်ဘဝ၌ဖြစ်သော။ အတ္ထဉ္စ– ကောင်းဂုဏ်ပွားတိုး၊ ကောင်းအကျိုးကိုလည်းကောင်း။ ဣတိ– ဤသို့။ ဥဘော– မပွားအစုံ၊ နှစ်ပါးကုန်သော။ အတ္ထေ– ကောင်းဂုဏ်ပွားတိုး၊ ကောင်းအကျိုးတို့ကို။ သမဓိဂ္ဂယှ– အသင့်အားဖြင့် အလွှန်ယူ၍။ တိဋ္ဌတိ– တည်၏။ သောဓမ္မော– အဆိုမမှား၊ ထိုတရားသည်။ အတ္ထိနုခေါ– ရှိပါသလော။ ဣတိ– သို့။ အဝေါစ– ကောင်းစွာမဆွေး၊ လျှောက်ထားလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း ကိန်းအောင်းစံပျော်နေတော်မူတဲ့အချိန်မှာ ပသေဒနီကောသလမင်း ရောက်လာပြီးတော့

http://www.dhammadownload.com



သင့်တင့်တဲ့နေရာတစ်ခုမှာ နေထိုင်ကာ မြတ်စွာဘုရားကို "ဘုန်းတော်ကြီးမား မြတ်စွာဘုရား ယခုဘဝ နောက်ဘဝ အကျိုးနှစ်ဝကို မုချပိုင်ပိုင် သည်ပိုးဆောင် ရွက်နိုင်တဲ့ တစ်ခုတည်းသော အကြောင်းတရား ရှိပါသလား" လို့ လျှောက်ထား ပါတယ်။

အဲဒီလို မေးလျှောက်တဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က

အတ္ထိခေါ မဟာရာဇ ဧကော ဓမ္မော၊ ယော ဥဘော အတ္ထေ သမဓိဂ္ဂယှ တိဋ္ဌတိ ဒိဋ္ဌဓမ္မိကဉ္စေဝ အတ္ထံ သမ္ပရာယိကဉ္စာ" တိ။

ဒကာတော်မင်းမြတ် ရှိပေတယ်လို့ ဖြေတော်မူပါတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ယခုဘဝ၊ နောက်ဘဝ၊ ကျိုးလှနှစ်ပါးကို။

*ဆောင်ရွက်တတ်ငြား၊ မြတ်တရား၊ ရှိသလားလို့ဆို။

*ယခုဘဝ၊ နောက်ဘဝ၊ ကျိုးလှနှစ်ပါးကို။

*ဆောင်ရွက်တတ်ငြား၊ မြတ်တရား၊ ဖြေကြားရှိတယ်ဆို။

ကတမော ပန ဘန္တေ ဧကော ဓမ္မော၊ ယော ဥဘော အတ္ထေ သမဓိဂ္ဂယှ တိဋ္ဌတိ ဒိဋ္ဌဓမ္မိကဉ္စေဝ အတ္ထံ သမ္ပရာယိကဉ္စာ" တိ။

မြတ်စွာဘုရား၊ အဘယ်တရားပါလဲလို့ ကောသလမင်းက လျှောက်ထား ပါတယ်။

အပ္ပမာဒေါ ခေါ မဟာရာဇ ဧကော ဓမ္မော၊ ယော ဥဘော အတ္ထေ သမဓိဂ္ဂယှ တိဋ္ဌတိ ဒိဋ္ဌဓမ္မိကဉ္စေဝ အတ္ထံ သမ္ပရာယိကဉ္စာတိ။

ဒကာတော်မင်းမြတ်၊ မမေ့မလျော့ မပေါ့မဆကြောင်း ကောင်းမြတ်သော သတိတရားဖြစ်တယ်လို့ မိန့်ကြားတော်မူပါတယ်။

သေယျထာပိ မဟာရာဇ ယာနိကာနိစိ ဇင်္ဂလာနံ ပါဏာနံ ပဒဇာတာနိ၊ သဗ္ဗာနိ တာနိ ဟတ္ထိပဒေ သမောဓာနံ ဂစ္ဆန္တိ၊ ဟတ္ထိပဒံ တေသံ အဂ္ဂမက္ခာယတိ ယဒိဒံ မဟန္တတ္တေန။

မဟာရာဇ- မြတ်သောမင်းကြီး။ သေယျထာပိ- ဥပမာမည်သည်ကား။ ဇင်္ဂလာနံ- ကြည်းကုန်း၌သွားကုန်သော။ ပါဏာနံ- နွားစသောသတ္တဝါတို့၏။ ယာနိကာနိစိ- အမှတ်မရှိကုန်သော။ ပဒဇာတာနိ- ခြေရာတို့သည်။ သန္တိ- ရှိကုန်၏။ သဗ္ဗာနိ- အလုံးစုံကုန်သော။ တာနိ- ထိုခြေရာတို့သည်။ ဟတ္ထိပဒေ- ဆင်ခြေရာ၌။ သမောဓာနံ- ပေါင်းဝင်ခြင်းသို့။ ဂစ္ဆန္တိ- ရောက်ကုန်၏။

http://www.dhammadownload.com



ယဒိဒံယံက္ကဒံပာတ္တိပဒံ– အကြင်ဆင်ခြေရာသည်။ အတ္ထိ–ရှိ၏။ တဒိဒံ– တံက္ကဒံ ပာတ္တိပဒံ– ထိုဆင်ခြေရာကို။ မဟန္တတ္တေန– ကြီးသည်၏အဖြစ်ကြောင့်၊ တေသံ– ထိုနွားအစရှိသော သတ္တဝါတို့၏ခြေရာတို့တွင်။ အဂ္ဂံ– အစဉ်အမြဲ၊ လွန်ကဲ၏ ဟူ၍။ အက္ခာယတိ ယထာ– အမှန်မပြတ်၊ ပြောကြားအပ်သကဲ့သို့။

ဒကာတော်မင်းမြတ် ဥပမာအားဖြင့် သိလွယ်အောင် (သဘောပေါက်အောင်) ပြောမယ်ဆိုရင် ကြည်းကုန်းမှာ သွားလာနေကြတဲ့ နွားအစရှိတဲ့သတ္တဝါတွေရဲ့ ခြေရာတွေရှိကြပါတယ်။

အဲဒီခြေရာတွေ များစွာရှိကြရာမှာ ဆင်ခြေရာဟာ အကြီးဆုံးဖြစ်တယ်။ အားလုံးသော ခြေရာပေါင်းစုံ ခြေရာအမျိုးမျိုးဟာ ဆင်ခြေရာမှာ အကျုံးဝင်ကြရတယ်။

အဲဒီအဓိပ္ပာယ်အတွက် ကဗျာလင်္ကာလေးတွေ စီကုံးထားတယ်။ အားလုံး လိုက်ဆိုကြပါ။

* ကုန်း၌သွားလာ၊ နွားစသွာ၊ ခြေရာများစွာရှိ၊
* ဤလောကမှာ၊ ဆင်ခြေရာ၊ မှတ်ပါကြီးဆုံးသိ။
* ဆင်ခြေရာတွင်၊ အားလုံးပင်၊ ကျုံးဝင်ကြရ၏။

ဧဝမေဝ ခေါ မဟာရာဇ အပ္ပမာဒေါ ကောဝ ဓမ္မော၊ ယော ဥသော အတ္တေ သမဓိဂ္ဂယှ တိဋ္ဌတိ၊ ဒိဋ္ဌဓမ္မိကဉ္စေဝ အတ္ထံ သမ္ပရာယိကဉ္စာတိ။

ဒကာတော်မင်းမြတ်၊ အဲဒီဥပမာအတိုင်းပါပဲ (ငါဘုရားဟောခဲ့တဲ့တရားအားလုံးဟာ) အပ္ပမာဒ လို့ခေါ်ဆိုရတဲ့ မမေ့မလျော့၊ မပေါ့မဆကြောင်း ကောင်းမြတ်သော သတိတရားမှာ အကျုံးဝင်ပြီးတော့ သွားကြပါတယ်။ သတိတရားဟာ ဆင်ခြေရာကြီးနဲ့တူတယ်လို့ ဒကာတော်မင်းမြတ် သဘောကျပါ။

မေး။ ။ တရားနာပရိသတ်၊ သတိတရားဟာ ဘာနဲ့တူသတဲ့လဲ။

ဖြေ။ ။ ဆင်ခြေရာကြီးနဲ့ တူပါတယ်ဘုရား၊

မေး။ ။ ဘုရားဟောထားခဲ့တဲ့ တရားတွေအားလုံးဟာ ဘယ်ထဲအကျုံးဝင်ပြီး တော့ သွားသတဲ့လဲ။

ဖြေ။ ။ သတိတရားထဲ အကျုံးဝင်သွားတယ်ဘုရား။

မေး။ ။ ဘုရားဟောခဲ့တဲ့တရားအားလုံးရဲ့ အဓိကလိုရင်းအချုပ်ကျတဲ့ တရား က ဘာတရားတဲ့လဲ။

http://www.dhammadownload.com



ဖြေ။ ။ အပ္ပမာဒ (သတိ) တရားပါဘုရား။

မေး။ ။ ခုဘဝ နောက်ဘဝ ကောင်းကျိုးတွေရအောင် သည်ပိုးဆောင်ရွက်နိုင်တဲ့ တရားက ဘာတရားတဲ့လဲ။

ဖြေ။ ။ သတိတရားပါဘုရား။

မေး။ ။ ဘုရားဟောခဲ့တဲ့ တရားတွေထဲမှာ အလွန်ကဲဆုံး၊ အကြီးဆုံးတရားက ဘယ်တရားတဲ့လဲ။

ဖြေ။ ။ သတိတရားပါဘုရား။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*မြတ်စွာဘုရား၊ ဟောဖော်ထား၊ တရားများစွာရှိ။

*အကြီးဆုံးဟာ၊ သတိပါ၊ သေချာမှန်လှ၏။

*တရားများစွာ၊ သတိမှာ၊ သေချာကျုံးဝင်၏။

*သတိတစ်လုံး၊ အမြဲသုံး၊ ရှင်ပြုံးနိဗ္ဗာန်ထိ။

*ခု နောင်ဘဝ၊ သတိက၊ ကျိုးလှဆောင်နိုင်၏။

အဲဒီလို သတိတရားဟာ ခုဘဝ နောက်ဘဝ ကောင်းကျိုးရအောင် ဆောင်နိုင်တဲ့ တရားပဲလို့ ဟောကြားတော်မူပြီးနောက် အောက်ပါဂါထာတော်တို့ကိုလည်း ဆက်လက်ပြီးတော့ ဟောကြားတော်မူပါတယ်။

၁။ အာယုံ အရောဂိယံ ဝဏ္ဏံ၊ သဂ္ဂံ ဥစ္စာကုလီနတံ။

ရတိယော ပတ္ထယန္တေန၊ ဥဠာရာ အပရာပရာ။

အာယုံ- အသက်ရှည်ခြင်းကိုလည်းကောင်း။ အရောဂိယံ- အနာရောဂါကင်းခြင်းကိုလည်းကောင်း။ ဝဏ္ဏံ- အဆင်းလှခြင်းကိုလည်းကောင်း။ သဂ္ဂ- နတ်ပြည်ကိုလည်းကောင်း။ ဥစ္စာကုလီနတံ- တန်ခိုးထပ်ထပ်၊ အမျိုးမြတ်ခြင်းကိုလည်းကောင်း။ ရတိယော- မွေ့လျော်ဖွယ်၊ အသွယ်သွယ်တို့ကိုလည်းကောင်း။ ဥဠာရာ- မြတ်ကုန်သော။ အပရာပရာ- တစ်ပါးတစ်ပါးသော အလိုတို့ကိုလည်းကောင်း။ ပတ္ထယန္တေန- နေ့နေ့ညည၊ တောင့်တသောသူသည်။ (အပ္ပမာဒေါ- အပ္ပမာဒခေါ်ကြား၊ သတိတရားကိုသာလျှင်။ ကာတဗ္ဗော- လေးလေးစားစား၊ အရေးထားကာ၊ ပြုလုပ်ထိုက်ပါပေသတည်း။)

သာဓု၊ သာဓု၊ သာဓုပါဘုရား။

http://www.dhammadownload.com



အသက်ရှည်ချင်ရင် ကိုးဆယ့်ခြောက်ဖြာ အနာရောဂါတွေ ကင်းဝေးချင်ရင်၊ အဆင်းလှချင်ရင်၊ နတ်ပြည်ကိုရောက်ချင်ရင်၊ အမျိုးမြတ်ချင်ရင်၊ မွေ့လျော်ဖွယ်တွေကို ရချင်ရင်၊ အခြားမြတ်တဲ့ကောင်းတဲ့ အလိုဆန္ဒတွေ ပြည့်ဝချင်ရင် ပြည့်ဝတဲ့သူဟာ သတိတရားကို အမြဲလက်ကိုင်ထားရမယ်လို့ ဒီဂါထာက ဆိုလိုပါတယ်။

ကဲ– လင်္ကာလေးတွ လိုက်ဆိုကြ
*အသက်ရှည်ခြင်း၊ အနာကင်း၊ ဆင်းလှလိုသူ။
*နတ်ပြည်ရောက်လတ်၊ အမျိုးမြတ်၊ မပြတ်လိုလားသူ။
*မွေ့လျော်ဖွယ်၊ သွယ်သွယ်၊ တကယ်လိုလားသူ။
*အခြားမြတ်ပေ၊ အလိုတွေ၊ မသွေလိုလားသူ။
*အဆင့်ဆင့်သာ၊ မွန်မြတ်တာ၊ များစွာလိုလားသူ။
*သတိတရား၊ လက်ကိုင်ထား၊ ကြိုးစားကြည်ကြည်ဖြူ။
*သတိတရား အရေးထား၊ လေးစားလက်ကိုင်ယူ။

၂။ အပ္ပမာဒံ ပသံသန္တိ၊ ပုညကိရိယာသု ပဏ္ဍိတာ။
အပ္ပမတ္တော ဥဘော အတ္ထေ၊ အဓိဂ္ဂဏှာတိ ပဏ္ဍိတော။

ပဏ္ဍိတာ– မှန်ရာမြင်သိ၊ ပညာရှိတို့သည်။ ပုညကိရိယာသု– သုံးပါးကုန်သော ပုညကိရိယဝတ္ထုတို့၌။ (ဝါ) ဒါန၊ သီလ၊ အစပြုထား၊ ဆယ်ပါးအရှိ ပုညကိရိယဝတ္ထုတို့၌။ အပ္ပမာဒံ– မမေ့မလျော့ခြင်းကို။ (ဝါ) မမေ့မလျော့သူ သူကို။ ပသံသန္တိ– အမြဲနေ့ည၊ ချီးမွမ်းကြကုန်၏။ အပ္ပမတ္တော– မမေ့မလျော့သော၊ ပဏ္ဍိတော– မှန်ရာမြင်သိ၊ ပညာရှိသည်။ ဥဘော– မှားအစုံ၊ နှစ်ပါးကုန်သော။ အတ္ထေ– ကောင်းပွားတိုး၊ ကောင်းအကျိုးတို့ကို။ အဓိဂ္ဂဏှာတိ– သေချာပိုင်ပိုင်၊ သိမ်းယူနိုင်၏။

ပညာရှိအပေါင်း သူတော်ကောင်းတွေက ဒါနအစရှိတဲ့ ပုညကိရိယာဝတ္ထု သုံးမျိုး (ဒါန၊ သီလ၊ ဘာဝနာ) အကျဉ်း။

ဒါနအစရှိတဲ့ ပုညကိရိယဝတ္ထု (၁၀)မျိုး၊ ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒနာ၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ။ (အကျယ်) တို့၌ မမေ့မလျော့သူကို နှစ်ထောင်းအားရ နေ့နေ့ညည ချီးမွမ်းကြတယ်။

http://www.dhammadownload.com



မမေ့မလျော့တဲ့ပညာရှိဟာ ခုဘဝ နောက်ဘဝ အကျိုးနှစ်ပါးကို တိုးပွား ပိုင်ပိုင် သိမ်းယူနိုင်တယ်၊ ရရှိနိုင်တယ်။

ခုဘဝ နောက်ဘဝ ကောင်းကျိုးတွေရရှိအောင် သတိတရားကို အမြဲ ဆောင်ထားရမယ်။

အသက်ရှည်ခြင်းဆိုတဲ့ ကောင်းကျိုး၊ အနာရောဂါကင်းရှင်းခြင်းဆိုတဲ့ ကောင်းကျိုး၊ အဆင်းလှခြင်းဆိုတဲ့ ကောင်းကျိုး၊ နတ်ပြည်ကိုရောက်ရခြင်းဆိုတဲ့ ကောင်းကျိုး၊ အမျိုးမြတ်ခြင်းဆိုတဲ့ ကောင်းကျိုး၊ မွေ့လျော်ဖွယ်ဆိုတဲ့ ကောင်း ကျိုး၊ အခြားအခြား အဆင့်ဆင့် မွန်မြတ်တဲ့ကောင်းကျိုးတွေ ရရှိအောင် သတိ တရားကို အမြဲဆောင်ထားရမယ်။

ဒါကြောင့် ဒီနေ့ဟောတဲ့တရားတော်ကို "ကောင်းကျိုးရအောင်+ သတိ ဆောင်"လို့ အမည်ပေးလိုက်တာပါ။

လောကမှာ ဆိုရိုးစကားတစ်ခုရှိတာက "ဘူးတစ်လုံးဆောင် အိုအောင် မဆင်းရဲ" တဲ့။ အခြားလူတစ်ယောက်ကနေ ဒါသိသလား၊ ဖြေတတ်သလား၊ ရေးတတ်သလား၊ လုပ်တတ်သလားစသည်ဖြင့် မေးလာ ခိုင်းလာတဲ့အခါ မသိဘူး၊ မဖြေတတ်ဘူး၊ မရေးတတ်ဘူး၊ မလုပ်တတ်ဘူးလို့ "ဘူးတစ်လုံးဆောင်" ပြီးတော့ ပြန်ပြောလိုက်ရင် သက်သာပြီးတော့သွားတယ်။ မဆင်းရဲတော့ဘူး နော်။ (မှန်လှပါဘုရား။)

ဘယ်ထိအောင် မဆင်းရဲသလဲဆိုရင် အိုထိအောင် မဆင်းရဲတော့ဘူး လို့ ဆိုလိုပါတယ်။

အဲဒီ ဥပမာအတိုင်းပဲ "သတိတစ်လုံးဆောင်" ထားလိုက်ရင် အိုအောင် လည်း မဆင်းရဲတော့ဘူး။ နာအောင်လည်း မဆင်းရဲတော့ဘူး။ နောက်ဆုံး သေထိအောင်လည်း မဆင်းရဲတော့ဘူး။ ဒီလိုပြောလို ဟောလိုတာနော်။ (မှန်လှ ပါဘုရား။)

အိုလာတော့လည်း ရတနာသုံးပါး ဂုဏ်တော်တွေ ပွားများပြီး သတိလေး နဲ့နေတော့ စိတ်ထဲမှာ ကြည်လင်အေးမြလို့၊ အပူအပင်တွေ ကင်းစင်လို တကယ် ချမ်းသာပါတယ်။ မဆင်းရဲတော့ပါဘူး။ နာလာတဲ့အခါမှာလည်း နာခြင်း သဘောကို မမြဲဘူး၊ ဆင်းရဲတယ်၊ အစိုးမရဘူး (ကိုယ်မပိုင်ဘူး၊ အနှစ်သာရမရှိ ဘူး) လို့ ဆင်ခြင်လိုက်တဲ့အခါမှာ ဖြေဆည်ရာ သက်သာရာတွေရပြီးတော့ ဆင်းရဲမှုတွေဝေးကွာပြီး ချမ်းသာနိုင်ပါတယ်။ သေခါနီးအချိန်မှာလည်း မမေ့

http://www.dhammadownload.com



မလျော့ သတိထားပြီး တရားတွေနာ၊ တရားတွေ နှလုံးသွင်းရင် ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေ ပွားများနေရင် နောက်ဘဝမှာ သုဂတိဘဝတွေကို ရောက်ရခြင်း ဆိုတဲ့ ကောင်းကျိုးတွေရရှိပြီး တကယ်ချမ်းသာနိုင်ပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*သတိကိုဆောင်၊ အို နာအောင်၊ သေအောင်မဆင်းရဲ။

*သတိကိုဆောင်၊ အို နာအောင်၊ သေအောင် ချမ်းသာမြဲ။

ယနေ့ ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်သူမြတ်တွေကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး အရေးထားပြီးတော့ လှူဒါန်းကြတဲ့ ဒါကာ ဒကာမတွေဟာ မမေ့တဲ့ သတိတရားလေးဆောင်ထားကာ ကပ်လှူကြတာ ဖြစ်ပါတယ်။ ရတနာသုံးပါးကို မေ့နေတဲ့သူတွေ မကပ်လှူနိုင်ဘူးနော်။ (မှန်လှပါ ဘုရား။)

အမှန်တော့ 'သတိ'တရားလေး မဟုတ်ပါဘူး။ 'သတိ' တရားကြီးပါ။ စကားပြော၊ တရားဟောတဲ့အခါ ပြောလို့ ဟောလို့ ရွတ်ဆိုလွယ်ကူအောင်လို့သာ 'သတိ' တရားလေးလို့ သုံးလိုက်တာပါ။

ရတနာသုံးပါး မိဘ ဆရာသမား အနန္တော အနန္တငါးပါးကို ဘယ်တော့မှ မမေ့ကြပါနဲ့။ ခုဘဝ နောက်ဘဝ မဂ် ဖိုလ် နိဗ္ဗာန်ရရောက်သည်အထိ ကောင်း ကျိုးတရား အစားစားတွေ တိုးပွားရရှိအောင် သတိတရားကို ဆောင်ထားနိုင် ကြပါစေဆိုတဲ့ အနေအားဖြင့် "ကောင်းကျိုးရအောင်+ သတိဆောင်" ဆိုတဲ့ တရားတော်ကို ဟောကြားခဲ့ပါတယ်။

မကောင်းတာတွေဆိုရင် အကုန်လုံးမေ့ပစ်လိုက်၊ ကောင်းတာတွေဆိုရင် အကုန်လုံး မမေ့ရဘူးနော်။ (မှန်လှပါဘုရား။)

ဒီတော့ မမေ့ရမည့်အရာတွေကို စစ်တမ်းထုတ်ပြီး ကြည့်လိုက်တော့ အနန္တော အနန္တငါးပါး မမေ့နဲ့၊ ပုညကိရိယဝတ္ထုဆယ်ပါး မမေ့နဲ့။ ဒါတွေ မတွေ့ရဘူးလား။ (တွေ့ပါတယ်ဘုရား။)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*သုံးပါးရတနာ၊ မိဘ ပါ၊ ဆရာ မမေ့နဲ့။

*အနန္တောပြ၊ အနန္တ၊ ငါးဝမမေ့နဲ့။

*အနန္တငါး၊ မမေ့ကြား၊ ကြီးပွားမှုချက်ခွဲ့။

http://www.dhammadownload.com



* ပုညကိရိ၊ ဆယ်ပါးရှိ၊ မှတ်သိမမေ့နဲ့။
* ကောင်းကျိုးရအောင်၊ သတိဆောင်၊ ခု နောင်ဟောဖော်ခဲ့။
* အပ္ပမာဒ၊ သုတ္တန်မှ၊ ထုတ်ပြဟောဖော်ခဲ့။

နောက်ပြီး 'သတိ' ဆိုတာ ဘာနဲ့တူသလဲဆိုရင် 'ဆား' နဲ့တူတယ်။ ဘာနဲ့တူသတဲ့လဲ။ (ဆားနဲ့တူပါတယ်ဘုရား။)

ချက်ပြီး ပြုတ်ပြီး၊ ကြော်ပြီး လှော်ပြီးထားတဲ့ စားဖွယ် သောက်ဖွယ်တွေ သဲမှာ 'ဆား' မပါဘူးဆိုရင် တန်းပြီးမသိသာဘူးလား။ (သိသာပါတယ်ဘုရား။)

ဘယ်လိုနေသလဲ။ (ပေါ့တော့တော့ကြီးပါဘုရား။)

ဒီတော့ စားဖွယ်သောက်ဖွယ်တွေ စီမံပြီဆိုရင် 'ဆား' ကို မေ့လို့ဖြစ်ပါ့မလား။ (မဖြစ်ပါဘူး ဘုရား။)

အဲဒီ ဥပမာအတိုင်းပဲ ခုဘဝ နောက်ဘဝ ကောင်းကျိုးတွေ ရယူလိုတဲ့သူဟာ ဆားနဲ့တူတဲ့ သတိတရားကို မေ့ထားလို့ ဖြစ်ပါ့မလား။ (မဖြစ်ပါဘုရား။)

သတိတရားကို ဆောင်ထားရမှာလား၊ မေ့ထားရမှာလား။ (ဆောင်ထားရမှာပါ ဘုရား။)

ဒကာ ဒကာမတွေ ခုဘဝ နောက်ဘဝ အသက်ရှည်ခြင်းစတဲ့ ကောင်းကျိုးတွေ ရမချင်ဘူးလား။ (ရချင်ပါတယ်ဘုရား)

ရချင်ရင် ဘာကိုဆောင်ရမယ်လဲ။ (သတိကိုဆောင်ရပါမယ်ဘုရား။)

ဒါဆိုရင် ဒီနေ့ ဟောတဲ့ပါဠိတော်က ဘာတရားတဲ့လဲ။

(ကောင်းကျိုးရအောင် သတိဆောင်) တရားတော်ပါဘုရား။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ။

* သတိဆိုတာ၊ ဆားပမာ၊ ဘယ်ခါမမေ့နဲ့။
* ကောင်းကျိုးလိုလား၊ ရှင် လူများ၊ ဆောင်ထားသတိတွဲ့။

ဆားမပါရင် ပေါ့တော့တော့ကြီး နေသလို သတိမပါရင်လည်း ဘာပဲလုပ်လုပ် အလွဲလွဲအချော်ချော် ဖြစ်ပြီး မအောင်မြင်နိုင်ဘူး၊ ပေါ့တော့တော့ကြီးပဲနော်။ (မှန်လှပါဘုရား)

ဒါကြောင့် နေရာတိုင်းမှာ 'သတိ' ဆိုပြီး ရေးထားတာ မတွေ့ရဘူးလား။ (တွေ့ရပါတယ်ဘုရား။)

နောက်ဆုံး မော်တော်ကားတွေရဲ့နောက်ပိုင်းမှာ သတိ ကပ်မလိုက်နဲ့။

http://www.dhammadownload.com



ဝေးလေကောင်းလေ၊ ခပ်ခွာခွာလေးပဲ ကောင်းပါတယ် လို့ ရေးထားတာတွေ မတွေ့ရဘူးလား။ (တွေ့ရပါတယ်ဘုရား။)

လူကို ကားတိုက်ခံရတဲ့ဘေး၊ ကားချင်းတိုက်မှဲ့ဘေးတွေက ကင်းဝေးအောင် သတိထားပြီး ကပ်မလိုက်ဘဲ (ကားနားကိုမကပ်ဘဲ) ခပ်ခွာခွာလေး နေရမယ်နော်။ (မှန်လှပါဘုရား။)

ဒီတော့ ဝေးလေကောင်းလေ မဟုတ်လား။ (ဟုတ်ပါတယ်ဘုရား။)

အဲဒီလိုပဲ အကုသိုလ်တရားတွေရဲ့ အနားမှာလည်း ကပ်မနေရဘူး။ (ကပ်မလိုက်ရဘူးနော်။) (မှန်လှပါဘုရား။)

မကောင်းမှု အကုသိုလ်တရားတွေနဲ့ ဝေးလေကောင်းလေပါပဲ။ ခပ်ခွာခွာလေး နေတာ အကောင်းဆုံးပါပဲ။ အကုသိုလ်တရားတွေနဲ့ ဝေးဝေးလေး၊ ခပ်ခွာခွာလေး နေတာဟာ ခုဘဝ နောက်ဘဝ ကောင်းကျိုးတွေ ရနိုင်တယ်လို့ မှတ်သားလိုက်ပါ တရားနာ။

ကောင်းမှုကုသိုလ်တွေနဲ့ကျတော့ ကပ်ပြီးလိုက်ရမယ်။ နီးလေကောင်းလေ၊ ခပ်နီးနီးလေး ကောင်းပါတယ်။ ခပ်ကပ်ကပ်လေး ကောင်းပါတယ်လို့ ဒီလိုမှတ်ရမယ်နော်။ (မှန်လှပါဘုရား။)

အကုသိုလ်တရားတွေနဲ့ ဝေးအောင်၊ ကုသိုလ်တရားတွေနဲ့နီးအောင် အမြဲသတိထားရမယ်နော်။ (မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* အကုသိုလ်တွေ၊ ဝေးလေလေ၊ မသွေကောင်းပါတယ်။
* မြတ်ကုသိုလ်တွေ၊ နီးလေလေ၊ မသွေကောင်းပါတယ်။
* အကုသိုလ်၌၊ ကပ်မလိုက်၊ ကု ၌ ကပ်လိုက်ကွယ်။
* ကောင်းကျိုးရအောင်၊ သတိဆောင်၊ နေ့နောင်နေရမယ်။

ကဲ– နောက်ဆုံးဂါထာလေး ဆက်နာကြရအောင်

၃။ ဒိဋ္ဌေဝဓမ္မေ စ ယော အတ္ထော၊ ယော စတ္ထော သမ္ပရာယိကော။
အတ္ထာဘိသမယာ ဓီရော၊ ပဏ္ဍိတောတိ ပဝုစ္စတီတိ။

ဒိဋ္ဌေဝဓမ္မေ– မျက်မှောက်ဘဝ၌၊ ပဝတ္တော– ဖြစ်သော၊ ယောအတ္ထောစ– အစဉ်ပွားတိုး၊ အကြင်အကျိုးသည်လည်းကောင်း၊ သမ္ပရာ ယိကော– တမလွန်ဟု ခေါ်တွင်ပြုရ၊ နောက်ဘဝ၌ဖြစ်သော။ ယောအတ္ထောစ– အစဉ်ပွားတိုး၊ အကြင်အကျိုးသည်လည်းကောင်း။ (အတ္ထိ– ရှိ၏) ဣတိ– ဤသို့။ အတ္ထာဘိ

http://www.dhammadownload.com



သမယာ– အစဉ်တိုးပွား၊ အကျိုးနှစ်ပါးကို ရခြင်းကြောင့်၊ ဓီရော– မှန်ရာမြင်သိ၊ ပညာရှိသောသူကို၊ ပဏ္ဍိတောတိ– ပဏ္ဍိတဟူ၍၊ ပဝုစ္စတိ– ကောင်းစွာမသွေ၊ ဆိုအပ်ပါပေ၏။ ဣတိ– ဤသို့သောချာ၊ ဤသို့သာလျှင်။ အဝေါစ– ကရုဏာရှေ့ဆော်၊ မေတ္တာတော်ဖြင့်၊ ဖွင့်ဖော်ကောင်းစွာ၊ မိန့်ကြားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ယခုဘဝရဲ့ကောင်းကျိုး၊ နောက်ဘဝရဲ့ကောင်းကျိုးတွေကို ရရှိအောင် သတိဆောင်ထားတဲ့သူကို ပညာရှိလို့ ခေါ်ဆိုပါတယ်။

ကောသလမင်းတရားကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဒီအတိုင်း မိန့်တော်မူလိုက်ပါတယ်။

ကဲ– နောက်ဆုံး ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ

ခုနောင်မုချ+ ဘဝနှစ်ဖြာ၊

ကောင်းကျိုးရရေး+ ရည်တွေးသာယာ၊

သတိတရား+ ဆောင်ထားသူငါ၊

ပညာရှိ+ ခေါ်၏မှတ်ကြပါ။

ယနေ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတွေကို လှူဒါန်းကြတဲ့ ဒကာ ဒကာမတွေဟာ (ခုဘဝ နောက်ဘဝ) ကောင်းကျိုးရအောင်၊ သတိဆောင်ပြီး လှူဒါန်းကြတဲ့သူတွေဖြစ်တော့ ပညာရှိသူတွေ ဖြစ်ပါတယ်။

ယနေ့ကစပြီး မဂ် ဖိုလ်နိဗ္ဗာန်ရရောက်တဲ့ဘဝအထိ ပညာရှိသူတွေ ဖြစ်ကြပါစေလို့ ဆုပေး ဆုတောင်းခဲ့ပါတယ်။

ကဲ ရေစက်သွန်းချ အမျှဝေကြရအောင်၊ လိုက်ဆိုကြ။

## "ကောင်းကျိုးရအောင် သတိဆောင်" ရေစက်ချ

* အရှင်ဘုရား၊ တပည့်တော်တို့သည် သံသရာဝဋ် ဆင်းရဲလွတ်ရန် ရည်စိတ်သန်၍လည်းကောင်း၊ တပည့်တော်တို့အား လောကီ လောကုတ္တရာ မင်္ဂလာအမျိုးမျိုး၊ ပညာအမျိုးမျိုး၊ ကောင်းခြင်းအမျိုးမျိုး၊ အောင်ခြင်းအမျိုးမျိုး၊ တရာထူးဂုဏ်သိန် အရှိန်အဝါအမျိုးမျိုး၊ စီးပွားအမျိုးမျိုး တိုးတက်ပါစေခြင်း အကျိုးငှာလည်းကောင်း၊ တပည့်တော်တို့အား ဘေးအ[illegible]ကန်၊ ရန်အသွယ်

http://www.dhammadownload.com



သွယ်၊ အန္တရာယ်အပေါင်း မကောင်းဟူသမျှ ဝေးပါစေခြင်းအကျိုးငှာလည်း ကောင်း ရည်ရွယ်၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား မွန်မြတ်လှသော ဤဆွမ်းခဲဖွယ် (မုန့်ဆွမ်းခဲဖွယ်) အသွယ်သွယ်တို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ပါကုန်၏။

*ဤကောင်းမှုကြောင့် တပည့်တော်တို့သည် ယခုဘဝ နောက်နောင်ဘဝ ကောင်းကျိုးရအောင် ဆောင်ရွက်နိုင်သော သတိရှိသူ၊ ပညာရှိသူ၊ သီလရှိသူ၊ သမာဓိရှိသူ ဘဝတိုင်း ဖြစ်ကြရ၍ မဂ် ဖိုလ် နိဗ္ဗာန်ချမ်းသာမှန်ကို ဧကန်ပိုင်ပိုင် ရနိုင် ရောက်နိုင်ရလို တောင်းဆုဆိုကြပါကုန်၏။

*ဤကောင်းမှု၏ အဖို့ဘာဂ မှန်သမျှကို မိဘ ဆရာ ဉာတကာများ အစထား၍ သုံးဆယ့်တစ်ဘုံ ရှိကြကုန်သော သတ္တဝါတို့အား အကျွန်ုပ်တို့နှင့် အတူတကွ အမျှရစေ ပေးငှဝေသည် များထွေသာဓုခေါ်စေသော်။

အားလုံး အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော။

သာဓု သာဓု၊ သာဓု။

မှတ်ချက်။ ။ *တရားအမည်ပေးသောအခါ ဤသုတ္တန်ပါအဓိပ္ပါယ်၊ စာရေးသူ၏အတွေးဖြင့် ရေးထားသော စကားရပ်တို့ကို သတိထား ကြည့်ရှုမှတ်သားပြီး "သတိဆိုတာ+ ဆင်ခြေရာ"၊ "သတိဆိုတာ+ ဆားပမာ"၊ "အကြီးဆုံးတရား"၊ "ကပ်မလိုက်နဲ့"၊ "ဝေးလေ ကောင်းလေ"၊ "နီးလေ ကောင်းလေ"၊ "ခပ်ခွာခွာပဲကောင်းပါတယ်"၊ "ပညာရှိတွေ ဖြစ်ပါစေ" စသည်ဖြင့် မိမိကြိုက်နှစ်သက်သလို အမည်ပေးပြီး ဟောကြားနိုင်ပါသည်။

သို့သော် မိမိဟောထားတဲ့ အမည်နဲ့လိုက်အောင် ပြောတတ် ဟောတတ်ဖို့အတွက် စာများများကြည့်ပါ။ စာကြေညက်ဖို့ စာကြည့်ဖို့ လိုအပ်ပါသည်။

ဤသို့ လိုက်ဖက်ညီအောင် မြန်မာလို တရားအမည်လေးတွေပေးပြီး ဟောကြားခြင်းသည် တရားနာပရိသတ်ကို စိတ်ပါဝင်စားအောင် (သဘောပေါက်အောင် နားလည်အောင်) ဆွဲဆောင်ခြင်း အားကောင်းတစ်ခုဖြစ်သည်ကို သတိပြုသင့်ပါ၏။ ခေတ်ဆန်ခြင်းမဟုတ်၊ ခေတ်နဲ့ရင်ပေါင်တန်းပြီး

http://www.dhammadownload.com



ခေတ်နဲ့ညီစေခြင်းဟူသာ စာရေးသူ သုံးသပ်ရှုမြင်မိပါ၏။
သရုပ်ပျက်၊ တရားပျက်သော အမည်ပေးခြင်းကိုကား ရှောင်ရှားသင့်ပါ၏။
*ပုညကိရိယဝတ္ထု (၃) မျိုး၊ (၁၀) မျိုးလုံး ပါဝင်နေခြင်း။ အဓိကတရားဖြစ်ခြင်းတို့ကြောင့် ဒါနပွဲတိုင်း၊ သီလပွဲတိုင်း၊ ဘာဝနာပွဲတိုင်း ဟောနိုင်ပါသည်။
*ရေစက်ချရာ၌လည်း ဟောတဲ့တရားနဲ့ လိုက်ဖက်ညီအောင် ရေစက်ချပုံကို ညှိနှိုင်းယူပါ၊ သတိပြုပါ။ ဆုတောင်းပိုင်း အဓိက ညီရမည်။

✪

http://www.dhammadownload.com

## သံယုတ္တနိကာယ+ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ မာရသံယုတ်+ ပဌမဝဂ်+ ပဌမအာယုသုတ္တန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "ကုသိုလ်ကောင်းမှု + မြန်မြန်ပြု" တရားတော်

ဧဝံမေသုတံ- ဧကံသမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ။

ဘန္တေ- အရှင်ဘုရားကသဿပ။ ဣဒံသုတ္တံ- ဤအာယုသုတ်ကို။ မေ မယာ- အာနန္ဒာခေါ်၊ တပည့်တော်သည်။ ဘဂဝတော- မြတ်စွာဘုရား၏။ သမ္မုခါ- မျက်မှောက်တော်မှ။ ဧဝံ- ဤသို့။ သုတံ- ကြားအပ်ပါ၏။ ကိံ သုတံ- အဘယ်သို့ ကြားအပ်ပါသနည်း။

ဧကံ- တစ်ပါးသော။ သမယံ- အခါ၌။ ဘဂဝါ- မြတ်စွာဘုရားသည်။ ရာဇဂဟေ- ရာဇဂြိုဟ်ပြည်၌။ ကလန္ဒကနိဝါပေ- ရှဉ့်နက်တို့အား အစာပေး၍ ကျွေးမွေးရာဖြစ်သော။ ဝေဠုဝနေ- ဝေဠုဝန်ကျောင်းတော်၌။ ဝိဟရတိ- သီတင်း သုံးသွင်ပျော်၊ နေထိုင်တော်မူပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တွေကို အစာပေးရာ ကျွေးရာဖြစ်တဲ့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေထိုင်တော် မူပါတယ်။

တတြခေါ ဘဂဝါ ဘိက္ခူ အာမန္တေ သိ 'ဘိက္ခဝေါ' တိ။

အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတွေကို ရဟန်းတို့ဟူ၍ ခေါ်တော် မူလိုက်ပါတယ်။

'ဘဒ္ဒန္တေ' တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။

'အရှင်ဘုရား' ဟူ၍ ထိုရဟန်းတွေကလည်း မြတ်စွာဘုရားရဲ့ စကား တော်ကို ရိုသေစွာ နာယူကြပါတယ်။

http://www.dhammadownload.com



ဘဂဝါ တေဒဝေါစ– မြတ်စွာဘုရားက ရဟန်းတော်တွေကို အောက်ပါ သတိပေးတရားတော်ကို ဟောကြားတော်မူပါတယ်။

ကိံအဝေါစ– ဘယ်လိုများ သတိပေး ဟောကြားတော်မူလိုက်သလဲဆိုရင်

အပ္ပမိဒံ ဘိက္ခဝေ မနုဿာနံ အာယု၊ ဂမနီယော သမ္ပရာယော၊ ကတ္တဗ္ဗံ ကုသလံ၊ စရိတဗ္ဗံ ဗြဟ္မစရိယံ၊ နတ္ထိ ဇာတဿ အမရဏံ။ ယော ဘိက္ခဝေ စိရံ ဇီဝတိ၊ သော ဝဿသတံ အပ္ပံဝါ ဘိယျောတိ။

ဘိက္ခဝေ– သံသရာဘေး၊ လာမည့်ရေးကို၊ မျှော်တွေးကြောက်ငြား၊ အိုချစ်သား ရဟန်းများတို့။ မနုဿာနံ– လောကရှိငြား၊ လူအများတို့၏။ ဣဒံအာယု– ဤအသက်သည်။ အပ္ပံ– တကယ်နည်းလှ၊ တိုတောင်းလှ၏။ သမ္ပရာယော– တမလွန်ဟု၊ ခေါ်တွင်ပြုရ၊ နောက်ဘဝသို့။ ဂမနီယော– မုချ မသွေ၊ သွားရ ရောက်ရပေဦးမည်။ ကုသလံ– ကောင်းမှုတရား၊ အစားစားကို။ ကတ္တဗ္ဗံ– နှစ်နှစ်ခြိုက်ခြိုက် ပြုလုပ်ထိုက်၏။ ဗြဟ္မစရိယံ– ဖြူစင်မြင့်မြင့်၊ မြတ်အကျင့်ကို။ စရိတဗ္ဗံ– နှစ်နှစ်ခြိုက်ခြိုက် ကျင့်ကြံထိုက်၏။ ဇာတဿ– ပဋိသန္ဓေနေခြင်းရှိသောသူအား။ အမရဏံ– မသေခြင်းမည်သည်။ နတ္ထိ– လူ့ဘုံ+ နတ်ဘုံ၊ အရပ်စုံကြည့်၊ မှန်မရှိပေ။ ဘိက္ခဝေ– စိတ်နေစိတ်ထား၊ သဘောအားဖြင့်၊ တရားသံဝေ၊ ရကြောင်းစေ၍၊ ရှုနေကာပွား၊ ရဟန်းများတို့။ ယော– အကြင်သူသည်။ စိရံ– ကြာမြင့်စွာမှတ်၊ ကာလပတ်လုံး၊ ဇီဝတိ– နေ့ညအစဉ်၊ အသက်ရှင်၏။ သော– ထိုသူသည်။ ဝဿသတံ– အနှစ်တစ်ရာ၊ ကာလကြာအောင်။ ဇီဝတိ– အသက်ရှင်၏။ (အသက်ရှည်၏။) တဘော– ထိုအနှစ်တစ်ရာ၊ အသက်ရှည်ကြာခြင်းထက်။ ဘိယျောဝါ– ပိုလွန်ပါမူလည်း။ အပ္ပံ– မလွဲတကယ်၊ အနည်းငယ်မျှသာ။ ဘိယျော– သေချာပိုင်ပိုင်၊ ပိုလွန်နိုင်၏။ ဣတိ– ဤသို့။ အဝေါစ– သတိတရား၊ အပြည့်ထားဖို့၊ ဟောကြားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ချစ်သား ရဟန်းများတို့

၁။ လူတွေရဲ့အသက်ဟာ သိပ်ပြီးတော့ တိုတောင်းတယ်။

၂။ နောက်ဘဝကို မုချသွားရောက်ရဦးမယ်။

၃။ ကုသိုလ်တရားတွေကို ပြုလုပ်ပါ။

၄။ မြင့်မြတ်တဲ့အကျင့်တွေကို ကျင့်ပါ။

http://www.dhammadownload.com



၅။ မွေးဖွားလာရင် မသေတဲ့သူ မရှိပါဘူး။

၆။ အသက်အရှည်ဆုံးသူဟာ အနှစ်တစ်ရာသာ ရှည်ကြာနိုင်တယ်။ အသက်တစ်ရာထက်ပိုရင် အနည်းငယ်သာ ပိုနိုင်တယ်။ နောက် အသက်တစ်ရာ (အနှစ်တစ်ရာ) အသက်ရှည်နိုင်တဲ့သူ မရှိပါဘူး။ (အနှစ် ၂၀၀) အသက်ရှည်သူ မရှိနိုင်ပါ။

အဋ္ဌကထာက အပ္ပံဝါ ဘိယျောတိ ဘိယျော ဇီဝန္တော အပရံ ဝဿသတ ဇီဝိတုံ နသက္ကောတိ၊ ပဏ္ဏာသံဝါ သဋ္ဌိဝါ ဝဿာနိ ဇီဝတိ။

အပ္ပံဝါ ဘိယျောတိ– အပ္ပံဝါဘိယျောဟူသည်ကား။ ဘိယျော– အနှစ်တစ်ရာထက်အလွန်။ ဇီဝန္တော– အသက်ရှည်သောသူသည်။ အပရံ ဝဿသတံ– နောက်ထပ်အနှစ်တစ်ရာ ကာလကြာအောင်။ ဇီဝိတုံ– အသက်ရှည်ခြင်းငှာ။ နသက္ကောတိ– မစွမ်းနိုင်။

ပဏ္ဏာသံဝါ ဝဿာနိ– အနှစ်ငါးဆယ်တို့ပတ်လုံးသော်လည်း။ သဋ္ဌိဝါ ဝဿာနိ– အနှစ်ခြောက်ဆယ်တို့ပတ်လုံးသော်လည်း။ ဇီဝတိ– တစ်ရာကိုလွန်၍ အသက်ရှည်နိုင်ပါ၏ လို့ ဆိုပြပါတယ်။

အသက်တစ်ရာကို ပိုလွန်ပြီးတော့ အနှစ်ငါးဆယ်၊ အနှစ်ခြောက်ဆယ်သာ ရှည်နိုင်ပါတယ်။ ဋီကာက အရှင်အနုရုဒ္ဓါနဲ့ ရှင်ဗာကုလကို ဖော်ပြထားပါတယ်။

(ပဏ္ဏာသံဝါ ဝဿာနိ ဇီဝတိ သဿသတတော ဥပရိသေယျထာပိ ထေရာ အနုရုဒ္ဓေါ။ သဋ္ဌိဝါ ဝဿာနိ သေယျထာပိ ထေရော ဗာကုလော။)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* လူ့ဘဝမှာ၊ အသက်ဟာ၊ သူငါ တိုလှသည်။
* နောက်ဘဝလည်း၊ သူငါပဲ၊ အမြဲသွားရမည်။
* ကုသိုလ်တရား၊ အစားစား၊ ပြုထားရပေမည်။
* အကျင့်မြတ်လည်း၊ သူငါပဲ၊ အမြဲကျင့်ရမည်။
* မွေးဖွားလာမူ၊ မသေသူ၊ ရှင်လူမရှိပြီ။
* သက်တမ်းရှည်ကြာ၊ ဤလူ့ရွာ၊ တစ်ရာနေရမည်။
* အသက်တစ်ရာ၊ ပိုရှည်ကြာ၊ လူ့ရွာနည်းလှသည်။
* ပိုရှည်လည်းကွယ်၊ နှစ်ငါးဆယ်၊ ခြောက်ဆယ်ရှည်နိုင်သည်။
* အနုရုဒ္ဓါ၊ ဗာကုလာ၊ ဋီကာထုတ်ပြသည်။

http://www.dhammadownload.com



အထခေါ မာရော ပါပိမာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ-

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်က ရဟန်းတော်တွေကို သတိပေးတရားဟောကြားနေတဲ့အချိန်မှာ အင်မတန်ယုတ်မာလှတဲ့ မာရ်နတ်ကြီး ဘုရားထံရောက်လာပြီး ဘုရားရှင်ကို ဆန့်ကျင်ဘက် အရွဲ့တိုက်တဲ့အနေဖြင့် ဂါထာရွတ်ဆိုပြောကြားပါတယ်။

ဘယ်လို ရွတ်ဆိုပြောကြားလိုက်သလဲဆိုရင်

ဒီဃမာယု မနုဿာနံ၊ နနံ ဟီဠေ သုပေါရိသော။

စရေယျ ခီရမတ္တောဝ၊ နတ္ထိ မစ္စုဿ အာဂမော တိ။

မနုဿာနံ- လောကရှိတောင်း၊ လူအပေါင်းတို့၏။ အာယု- အသက်သည်။ ဒီဃံ- အမြဲတစေ၊ ရှည်လှချေ၏။ နံ-သူသူငါငါ၊ လူတကာ၏၊ ရှည်ကြာဆက်ဆက်၊ ထိုအသက်ကို။ သုပေါရိသော- သူတော်ကောင်းဟု၊ ခေါ်ပြုသတ်မှတ်၊ ပုဂ္ဂိုလ်မြတ်သည်။ နဟီဠေ- အသက်ဆိုတာ၊ တိုသည်သာဟု၊ ခါခါမဲ့ရွဲ့၊ မကဲ့ရဲ့ရာ။ ခီရမတ္တော- ပက်လက်အိပ်ခါ၊ နို့သောက်ခါနှင့်၊ သေချာဆက်ဆက်၊ အနီးထက်၌၊ အိပ်စက်တကယ်၊ ကလေးငယ်သည်။ (ဝါ) နို့ရည်ယစ်တွယ်၊ ပက်လက်အိပ် ကလေးငယ်သည်။ အာယုံ-အသက်တိုသည်၊ ရှည်ကြာသည်ကို။ နစိန္တေတိတ္တဝ- မကြံစည်ငြား၊ မစဉ်းစားသကဲ့သို့။ တထာ- မတွေးတကယ်၊ ထိုကလေးငယ်အတူ။ သုပေါရိသော- သူတော်ကောင်းခေါ်၊ ပုဂ္ဂိုလ်ကျော်သည်။ စရေယျ- အသက်တို ရှည်၊ ထိုနှစ်လီကို၊ အတည်မတွေး၊ အလေးမမူ၊ ရေးမယူဘဲ၊ စိတ်ဆင်းရဲခြင်း၊ အမြင်ကင်းကာ၊ ကျင့်ကြံရာ၏။ မစ္စုဿ- သေမင်း၏။ အာဂမော- သူငါထံမှောက်၊ အမြန်ရောက်လာခြင်းသည်။ နတ္ထိ- မှတ်ကြည့်ပိုင်ပိုင်၊ မရှိနိုင်ပေ။ တ္တတိ- ဤသို့။ မာရော- ဆန့်ကျင်ဘက်တွင်၊ ဘုရင်တစ်ဆူ၊ တစ်စင်ထူသည့်၊ ပါပိမဟု၊ ခေါ်ပြုသမုတ်၊ မာရ်နတ်ယုတ်သည်။ တ္တမာယဂါထာယ- မနှေးရောက်လာ၊ ဤဂါထာဖြင့်။ ဘဂဝန္တံ- အပွမိဒ်- အစခံထား၊ မြတ်တရားကို၊ ဟောကြားသွန်သင်၊ ဘုရားရှင်ကို။ အဇ္ဈဘာသိ- မလိုမလား၊ အတိုအားဖြင့်၊ ဆိုငြားရင်မာ၊ လျှောက်ထားလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

http://www.dhammadownload.com



(အိုရှင်ကြီးဂေါတမ) လူတွေရဲ့အသက်ဟာ တကယ်ရှည်လှပါတယ်။ သူတော်ကောင်းဆိုရင် အသက်တိုတယ်လို့ မပြောသင့်၊ မဟောသင့်ပါဘူး။ မကဲ့ရဲ့သင့်ပါဘူး။ နို့ရည်ယစ်တွယ် ပက်လက်အိပ် ကလေးသူငယ်ဟာ အသက်တိုတာ၊ ရှည်တာ၊ မကြံစည် မစဉ်းစားသလို သူတော်ကောင်းဆိုတဲ့သူဟာ အသက်တိုတာ၊ ရှည်တာ မကြံစည် မစဉ်းစားသင့်ပါဘူး။ သေမင်း၏ရောက်လာခြင်းဆိုတာ မဖြစ်နိုင်ပါ၊ မရှိနိုင်ပါလို့ မာရ်နတ်ကြီးက မြတ်စွာဘုရားကို ဂါထာတစ်ပုဒ်ရွဆိုပြီးတော့ ပြောကြားပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* လူ့အသက်ဟာ၊ ရှည်သည်သာ၊ ပြောတာမာရ်နတ်ယုတ်။

* အသက်တိုဟု၊ ကဲ့ရဲ့မှု၊ ပြောပြုမသင့်ဟုတ်။

* ကလေးငယ်လို၊ ကျင့်ဖို့လို၊ ပြောဆိုမာရ်နတ်ယုတ်။

* သေမင်းဆိုတာ၊ ရောက်မလာ၊ ပြောတာမာရ်နတ်ယုတ်။

* ကလေးငယ်သည်၊ သက်တိုရှည်၊ ကြံစည်ကင်းအဟုတ်။

* စိတ်ဆင်းရဲဖွယ်၊ ကလေးငယ်၊ ကင်းတယ်ဆိုလိုထုတ်။

အဲဒီလို မာရ်နတ်ကြီးက ပြောဆိုတဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က

အပ္ပမာယု မနုဿာနံ၊ ဟီဠေယျနံ သုပေါရိသော။

စရေယျာဒိတ္တ သီသောဝ၊ နတ္ထိ မစ္စုဿ နာဂမောတိ။

မနုဿာနံ၊ လောကရှိတောင်း၊ လူအပေါင်းတို့၏။ အာယု– အသက်သည်။ အပ္ပ– ခုခေတ်လူများ၊ ရှုစစ်ပြားက၊ ထင်ရှားသက်သေ၊ တိုလှချေ၏။ သုပေါရိသော– သူတော်ကောင်းခေါ်၊ ပုဂ္ဂိုလ်ကျော်သည်။ နံ– သူသူငါငါ၊ သတ္တဝါတို့၏။ တိုစွာဆက်ဆက်၊ ထိုအသက်ကို။ ဟီဠေယျ– အသက်ဆိုတာ၊ တိုသည်သာဟု၊ သတိပြု၍၊ မမေ့ခါခါ၊ ကဲ့ရဲ့ရာ၏။ အာဒိတ္တသီသော– ရဲရဲပြောင်ပြောင်၊ မရှောင်မသာ၊ ဦးခေါင်းမှာမူ၊ မီးလောင်ခံရသောသူသည်။ ဝါယမေယျယထာ– တစ်စုံတစ်ခု၊ ကိစ္စမှုကို၊ ဂရုမထား၊ မီးငြိမ်းသွားအောင်၊ ကြိုးစားအဟုတ်၊ အားထုတ်လေသကဲ့သို့။ ဧဝံ– ဦးခေါင်းမှာမူ၊ မီးလောင်သူကို၊ ပမာဆိုယူ၊ ထို့အတူပင်။ သုပေါရိသော– သူတော်ကောင်းခေါ်၊ ပုဂ္ဂိုလ်ကျော်သည်။ စရေယျ– အသက်တိုမှု၊ သတိပြုလျက်၊ ဖြစ်ပျက်မမြဲ၊ ဆင်းရဲတစ်မျိုး၊ အစိုးမရ၊ မပိုင်ကြပါ၊ ဤသို့သာလျှင်၊ ခန္ဓာငါးခု၊ ပွားများရှု၍၊ မမေ့နေ့ည၊ သင်္ခါရများ၊ ကင်းဝေးသွားအောင်၊ ကြိုးစားအားထုတ်ပေရာသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

http://www.dhammadownload.com



ဟဲ့ မာရ်နတ်၊ လူတွေရဲ့အသက်ဟာ တကယ်တိုလှ၊ နည်းလှတယ်။ သူတော်ကောင်းဆိုတဲ့သူဟာ အဲဒီတကယ်တိုတောင်းလှ နည်းလှတဲ့အသက်ကို စက်ဆုပ်ရမယ်၊ ကဲ့ရဲ့ပြစ်တင်ရမယ်။

ဦးခေါင်းမှာ မီးလောင်မှုခံစားနေရတဲ့သူဟာ အခြားကိစ္စတွေကို မပြုသေးဘဲ ဦးခေါင်းမှာလောင်နေတဲ့ မီးကိုငြိမ်းအေးသွားအောင် အမြန်ဆုံး ကြိုးစားရမယ်။ သတ်ပစ်ရမယ်။ အဲဒီ မီးလောင်မှု ခံစားနေရတဲ့သူ ဦးခေါင်းကမီး အမြန်ဆုံး ငြိမ်းအေးသွားအောင် ကြိုးစားအားထုတ်သလို သူတော်ကောင်းပုဂ္ဂိုလ်တွေဟာ အသက်ဆိုတာ တကယ်တိုတယ်လို့ သိပြီးတော့ ဒါန သီလ ဘာဝနာ တရားတွေကို အမြန်ဆုံးကြိုးစားအားထုတ်ရမယ်။

ဒီနေရာမှာ ဋီကာကတော့ ရုပ်နာမ်ဓမ္မ သင်္ခါရတရားအားလုံးဟာ အနိစ္စ- အမြဲမရှိဘူး၊ မမြဲတဲ့အတွက်ကြောင့်၊ ဒုက္ခ- တကယ်ဆင်းရဲတယ်။ အနတ္တ- အစိုးမရဘူး၊ အနှစ်သာရ ဘာတစ်ခုမျှမရှိဘူး။ ကိုယ်ပိုင်တာ၊ သူပိုင်တာ ဘယ်အရာမျှမရှိဘူးလို့ ဝိပဿနာပွားများရှုမှတ်ရမယ်။ သင်္ခါရတရားတွေ ကင်းဝေးသွားအောင် (ဦးခေါင်းမီးလောင်ခံနေရသူလို) ကျင့်ကြံကြိုး စားပွားများ အားထုတ်ရမယ်လို့ ဝိပဿနာ ရှုမှတ်ရေးကို အဓိကထားပြီးတော့ ဖွင့်ပြတော်မူပါတယ်။

သေမင်းနဲ့ မတွေ့တဲ့သူဆိုတာ တစ်ယောက်တစ်လေမျှ မရှိနိုင်ဘူး၊ အားလုံး သတ္တဝါတွေဟာ သေမင်းနဲ့ တွေ့ကြရမယ်လို့ ဟောပြတော်မူပါတယ်။

အသက်တစ်ရာမရောက်လာခင်မှာပဲ သတ္တဝါတွေဟာ သေမင်းရဲ့အာခံတွင်းမှာ အားလုံးဆင်းသက်ကျရောက်မှာ သေချာတယ်နော်။ (မှန်လှပါဘုရား)

ဒီတော့ တရားဟောသူ တရားနာသူတွေရဲ့နောက်က ကပ်ပြီးတော့ လိုက်ပါမည့်တရားက ဒါန သီလ ဘာဝနာတရားတွေပါ။ အခြားရာထူးတွေ၊ ဂုဏ်သိန်တွေ၊ စီးပွားဥစ္စာ ရတနာရွှေငွေ အထွေထွေက သေသွားတော့ လိုက်ပါနိုင်ပါ့မလား။ (မလိုက်နိုင်ပါဘူးဘုရား။)

နေ့တိုင်း ညတိုင်း ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တွေနဲ့ အမြဲနေရမယ်နော်။ (မှန်လှပါဘုရား။)

ဒါကြောင့် "အနှစ်တစ်ရာ၊ မရောက်လာမီ၊ မကြာသေမင်း၊ အာခံတွင်း၌၊ သက်ဆင်းကျရောက်၊ အားလုံးပျောက်လိမ့်၊ ကိုယ့်နောက်လိုက်ပါ၊ ဒါ သီ ဘာမှု၊ ခါခါပြု၊ ကုသိုလ်ရအောင်နေ" လို့ သတိပေးကဗျာလေး ရေးမိပါတယ်။

http://www.dhammadownload.com



ဒီတော့ တရားနာပရိသတ် သတ္တဝါတွေရဲ့အသက်ဟာ (လူတွေရဲ့ အသက်ဟာ) အနှစ်တစ်ရာ မရောက်လာခင်မှာပဲ သေရမှာဆိုတော့ လူတွေရဲ့ အသက်ဟာ မတိုဘူးလား။ (တိုပါတယ်ဘုရား။)

မာရ်နတ်ဟောတာနဲ့ ဘုရားဟောတာ ဘယ်ဟာက မှန်သလဲ။ (ဘုရားဟောတာက မှန်ပါတယ်ဘုရား။)

တရားဟောသူ၊ တရားနာသူတွေ အသက်တစ်ရာမရောက်မီမှာပဲ အားလုံးသေမင်းရဲ့ အာခံတွင်းမှာ ရောက်ရမယ်ဆိုတော့ ကုသိုလ်ကောင်းမှုတွေကို မြန်မြန်ပြုရမှာလား၊ နှေးနှေးပြုရမှာလား။ (မြန်မြန်ပြုရမှာပါဘုရား။)

ဒါန မြန်မြန်ပြုရမှာလား၊ နှေးနှေးပြုရမှာလား။ (မြန်မြန်ပြုရမှာပါဘုရား။)

ဥပုသ်သီလ မြန်မြန်စောင့်ရမှာလား၊ နှေးနှေးစောင့်ရမှာလား။ (မြန်မြန်စောင့်ရမှာပါဘုရား။)

ဝိပဿနာတရား မြန်မြန်အားထုတ်ရမှာလား၊ နှေးနှေးအားထုတ်ရမှာလား။ (မြန်မြန်အားထုတ်ရမှာပါဘုရား။)

ဘယ်ပုဂ္ဂိုလ်လို မြန်မြန်အားထုတ်ရမတဲ့လဲ။ (ဦးခေါင်းမီးလောင်နေတဲ့ ပုဂ္ဂိုလ်လို မြန်မြန်အားထုတ်ရမှာပါဘုရား။)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(ကုသိုလ်ကောင်းမှု+ မြန်မြန်ပြု) တရားတော်ပါဘုရား။

ဒါန သီလ ဝိပဿနာ ဘာဝနာကုသိုလ်တွေကို အသက်တိုမှု သတိပြုပြီးတော့ မြန်မြန်ပြုရ၊ စောင့်ရ၊ ပွားများကြရမယ်နော်။ (မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* အသက်ဆိုတာ၊ တိုသည်သာ၊ မြတ်စွာဘုရားဟော။

* တိုသည့်အသက်၊ တိုသည့်တွက်၊ ဆက်ဆက်ကဲ့ရဲ့ဟော။

* ဦးခေါင်းမှာမူ၊ မီးလောင်သူ၊ နည်းယူကျင့်ဖို့ဟော။

* ဒါန၊ သီလာ၊ ဘာဝနာ၊ မြန်စွာပြုဖို့ဟော။

* ဒီနေရာမှာ၊ အဓိကာ၊ ဝိ+ သာကျင့်ဖို့ဟော။

(မှတ်ချက်။ ။ ဝိ= ဝိပဿနာ)

* ရုပ်နာမ်ခန္ဓာ၊ မမြဲပါ၊ မှန်စွာဆင်းရဲဟော။

* အစိုးမရ၊ အနှစ်လှ၊ ဘာမှမရှိဟော။

* အနိစ္စ ဒုက္ခာ၊ အနတ္တာ၊ သုံးဖြာရှုဖို့ဟော။

http://www.dhammadownload.com



*သေမင်းနဲ့မှု၊ မတွေ့သူ၊ ရှင်လူမရှိ ဟော။

*ဦးခေါင်းမှာပင်၊ မီးလောင်လျှင်၊ လူရှင်မီးငြိမ်းရန်။
*အမြန်ကြိုးစား၊ ပမာထား၊ လူသားကောင်းအမှန်။
*အသက်ကားတို၊ သိရှိပို၊ ကုသိုလ်ပြုမြန်မြန်။
*အသက်တိုမှု၊ သတိပြု၊ ပွားရှုခပ်မြန်မြန်။
*ဒါနကိုလည်း၊ မြန်မြန်ပဲ၊ အမြဲပြုရမည်။
*သီလကိုလည်း၊ မြန်မြန်ပဲ၊ အမြဲပွားရမည်။
*ကုသိုလ်ကောင်းမှု၊ မြန်မြန်ပြု၊ ယခုဟောခဲ့သည်။

*အသက်ဆိုတာ တိုလွန်းလို့
ကုသိုလ်မြန်မြန်ပြုကြစို့။
*လူ့ဘဝဟာ မကြာလှ
ကုသိုလ်မြန်မြန် ပြုသွားကြ။
*မဂ် ဖိုလ် နိဗ္ဗာန် စိတ်ရည်စူး
မြန်မြန်ပြုကြ ဒါနထူး။
*မဂ် ဖိုလ် နိဗ္ဗာန် စိတ်ရည်စူး
မြန်မြန်စောင့်ကြ သီလထူး။
မြန်မြန်ပွားကြ (ဝိ) အထူး။
(မှတ်ချက်။ ဝိ= ဝိပဿနာ။)

အထခေါ မာရော ပါပိမာ 'ဇာနာတိ မံ ဘဂဝါ၊ ဇာနာတိ မံ သုဂတော' တိ ဒုက္ခီ ဒုမ္မနော တတ္ထေဝန္တရဓာယီတိ။

အထခေါ– ထိုအခါ၌။ ပါပိမာ– ချာတိချာတာ၊ လွန်ယုတ်မာသော။ မာရော– မာရ်နတ်သည်။ 'ဘဂဝါ– မြတ်စွာဘုရားသည်။ မံ– ငါ့ကို။ ဇာနာတိ– သိတော်မူ၏။ သုဂတော– မြတ်စွာဘုရားသည်။ မံ– ငါ့ကို။ ဇာနာတိ– သိတော်မူ၏' ဣတိ– ဤသို့။ ဒုက္ခီ– ဆင်းရဲခြင်းရှိသည်ဖြစ်၍။ ဒုမ္မနော– နှလုံးမသာယာသည်ဖြစ်၍။ တတ္ထေဝ– ထိုအရပ်ပင်လျှင်။ အန္တရဓာယိ– အမြန်မသွေ၊ ကွယ်ပျောက်လေ၏။ ဣတိ– ဤသို့။ သုတံ– အမှန်မသွေ၊ ကြားအပ်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

http://www.dhammadownload.com



အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်က အပွမာယု စတဲ့ ဂါထာတော်ကို ဟောကြားလိုက်တော့ မာရ်နတ်ယုတ်ဟာ 'ငါ့ကို မြတ်စွာဘုရား သိသွားပြီ'လို့ စိတ်ဆင်းရဲကာ နှလုံးမသာမယာဖြစ်ပြီးတော့ ထွက်ပြေးကွယ်ပျောက်သွားပါတယ်။

ရှင်အာနန္ဒာကိုယ်တော်မြတ်က ဒီလို ကြားခဲ့ရပါတယ်လို့ ရှင်မဟာကဿပကို ဒီအာယုသုတ္တန်ကို လျှောက်ထားပြလိုက်တာနော်။ (မှန်လှပါဘုရား)

လူတွေရဲ့အသက်နဲ့ ပတ်သက်တဲ့ အကြောင်းတွေကို ဟောထားတဲ့ သုတ္တန်လို့ မှန်ရမယ်နော်။ (မှန်လှပါဘုရား။)

ကဲ– ဒီနေ့ (ဆွမ်း၊ သင်္ကန်း) အလှူဒါယကာ ဒါယိကာမတွေ ဒီနေ့လိုပဲ နောက်နေ့ နောက်လ နောက်နှစ်တွေမှာလည်း ဒါန သီလ ဘာဝနာကုသိုလ်တွေကို မြန်မြန်ပြုနိုင်ကြပါစေ။ မြန်မြန်ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ ရတနာရွှေငွေ အထွေထွေတွေ တိုးတက်ကြပါစေ။ မြန်မြန် သာသနာပြုနိုင်ဖို့အတွက် မြန်မြန်ထီတွေပေါက်ကြပါစေ၊ မြန်မြန်ကုသိုလ်ကောင်းမှုတွေ ပြုပြီး မြန်မြန် မဂ် ဖိုလ် နိဗ္ဗာန်ရကြ၊ ရောက်ကြပါစေလို့ ဆုပေးခဲ့ပါတယ်။

ကဲ ရေစက်ချကြရအောင် လိုက်ဆိုကြ။

## 'ကုသိုလ်ကောင်းမှု+ မြန်မြန်ပြု' ရေစက်ချ

*အရှင်ဘုရား တပည့်တော်တို့သည် ရတနာသုံးတန် ကံ ကံအကျိုး ဤငါးမျိုးကို မြတ်နိုးယုံကြည်ပါကုန်၍ သရဏဂုံသုံးပါးနှင့် ငါးပါးသီလတို့ကို ကျင့်သုံးကြကာ အရှင်ဘုရားတို့အား မွန်မြတ်လှသော ဤဆွမ်းခဲဖွယ် လျှဖွယ် ဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းပါကုန်၏။

*ယနေ့ယခု မြန်မြန်ပြုရသော ဒါန သီလ ဘာဝနာပေါင်းစု မြန်ကောင်းမှုတို့ကြောင့် ယနေ့ကဲ့သို့ပင် နောက်နေ့ နောက်လ နောက်နှစ်တွေမှာလည်း ဒါန သီလ ဘာဝနာတရားတို့ကို မြန်မြန်ပြုလုပ်နိုင်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ ဖြစ်ကြရ၍ မဂ် ဖိုလ် နိဗ္ဗာန် ချမ်းသာမှန်ကို မြန်မြန်ရရပါလို ရောက်ရပါလို တောင်းဆုဆိုကြပါကုန်၏။

*ယနေ့ယခု မြန်မြန်ပြုရသော ဒါန သီလ ဘာဝနာပေါင်းစု မြန်ကောင်းမှုတို့၏ အဖို့ဘာဂ မှန်သမျှကို မိဘဆရာ ဉာတကာများ အစထား၍ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ဝိုင်းစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊

http://www.dhammadownload.com



သာသနာစောင့်နတ်၊ သိကြားမင်း၊ ယမမင်း၊ စတုလောကပါလနတ်မင်းကြီး လေးယောက်၊ ပြည့်ရှင်မင်းတို့နှင့်တကွ ဘဝဟောင်းက တော်စပ်ခဲ့သော ဆွေဟောင်း မျိုးဟောင်း၊ ဘိုးဟောင်း ဘွားဟောင်း၊ ပြိတ္တာဟောင်း၊ သိုက်နန်းရှင် သတ္တဝါအပေါင်းတို့အား အမျှရစေ ပေးဝေသည် များထွေသာဓုခေါ်စေသော်။

အားလုံး အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု။

မှတ်ချက်။ ။ *ဒါနပွဲတိုင်း သီလပွဲတိုင်း၊ ဘာဝနာပွဲတိုင်းဟောပါ။
*အသုဘ (နာရေး) ၌လည်း ဟောနိုင်ပါသည်။
*ရေစက်ချ (.....) ၌ အလှူ့ဝတ္ထုအမည်ပြောင်းထည့်ပါ။

http://www.dhammadownload.com

## သံယုတ္တနိကာယ+ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ မာရသံယုတ်+ ပထမဝဂ်+ ဒုတိယအာယုသုတ္တန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "အသက်တွေက + ကုန်လွယ်လှ" တရားတော်

မြတ်စွာဘုရားထံ မာရ်နတ်ကြီးရောက်လာတော့ အောက်ပါဂါထာဖြင့် ရွတ်ဆိုပြောကြားပါတယ်။

ဘယ်လိုရွတ်ဆိုကြ ပြောကြားလိုက်သလဲဆိုရင်

နာစ္စယန္တိ အဟောရတ္တာ၊ ဇီဝိတံ နူပရုဇ္ဈတိ။

အာယု အနုပရိယာယတိ မစ္စာနံ၊ နေမိဝ ရထကုဗ္ဗရ န္တိ။

အဟောရတ္တာ– နေ့ညဥ့်တိုသည်။ နာစ္စယန္တိ– မလွန်ကုန်။ ဇီဝိတံ– အသက်သည်။ နူပရုဇ္ဈတိ– မချုပ်။ မစ္စာနံ– သတ္တဝါတို့၏။ အာယု– အသက်သည်။ အနုပရိယာယတိ– သတ္တဝါတို့သို့ပင် အစဉ်လိုက်၏။ ကိမိဝ– အဘယ်ကဲ့သို့နည်းဟူမူကား။ နေမိ– ရထားလှည်းဘီး၏ အကွပ်တံကူဟာ။။ ရထကုဗ္ဗရံ– ရထားပုံတောင်းသို့။ အနုပရိယာယတိဣဝ– အစဉ်လိုက်ကဲ့သို့ တည်း။ ဣတိ– ဤသို့။ အဇ္ဈဘာသိ– ရွတ်ဆိုကောင်းစွာ၊ ပြောလိုက်ပါ၏။

နေ့တွေညဥ့်တွေဟာ မကုန်လွယ်ပါဘူး။ သတ္တဝါတွေရဲ့အသက်ဟာ မချုပ်ဆုံးနိုင်ပါဘူး။ ရထားလှည်းဘီး၏ အကွပ်ကူတံဟာ ရထားပုံတောင်းကို အစဉ်လိုက်သလို သတ္တဝါတွေရဲ့အသက်ဟာလည်း သတ္တဝါတို့သို့ပင် အစဉ် လိုက်နေပါတယ်လို့ ဒီလိုပြောဆိုပါတယ်။

အဲဒီလိုပြောဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်က

အစ္စယန္တိ အဟောရတ္တာ၊ ဇီဝိတံ ဥပရုဇ္ဈတိ။

အာယု ခီယတိ မစ္စာနံ၊ ကုန္နဒီနံဝ ဩဒကန္တိ။

အဟောရတ္တာ– နေ့ညဥ့်တို့သည်။ အစ္စယန္တိ– ကုန်လွယ်ကုန်၏။ ဇီဝိတံ– အသက်သည်။ ဥပရုဇ္ဈတိ– ချုပ်၏။ မစ္စာနံ– သတ္တဝါတို့၏။ အာယု– အသက်သည်။ ခီယတိ– အမှန်မသွေ၊ ကုန်လွယ်ပေ၏။ ကိမိဝ–

http://www.dhammadownload.com



ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား ကုန္တဒိန်– မြစ်ငယ် ချောင်းငယ် အသွယ်သွယ်တို့။ ဩဒကံ– ရေသည်။ ခီယတိ– နေ့ညတကယ်၊ ကုန်လွယ်သကဲ့သို့တည်း။ ဏ္ဍတိ– ဤသို့။ ဘဂဝါ– မြတ်စွာဘုရားသည်။ အဝေါစ– မိန့်ဆိုတော်မူလိုက်ပါပေ၏။

နေ့တွေ ညဥ့်တွေဟာ တကယ်ကုန်လွယ်လှတယ်။ အသက်ဟာ ချုပ်ဆုံးတယ်။ မြစ်ငယ် (ချောင်းငယ်) တွေရဲ့ ရေဟာ ကုန်လွယ်လှသလို သတ္တဝါတွေရဲ့ အသက်ဟာလည်း တကယ်ပင် ကုန်လွယ်လှတယ်လို့ မိန့်ဆိုတော်မူလိုက်ပါတယ်။

အဲဒီလို မိန့်ဆိုတော်မူလိုက်တော့ မာရ်နတ်ကြီးဟာ 'ငါ့ကို ဘုရားသိသွားပြီဆိုပြီး' ထွက်ပြေးသွားပါတယ်။

တစ်နေ့တစ်နေ့နဲ့ တရွေ့ရွေ့ ပြောင်းသွားတဲ့နေ့တွေ ညတွေဟာ ဘယ်မှကြာတယ်လို့ မထင်လိုက်ရဘူး။ တကယ်ကုန်လွယ်လှတယ်နော်။ (မှန်လှပါဘုရား။)

သတ္တဝါတွေရဲ့အသက် ချုပ်ဆုံးမှုတွေဟာလည်း တကယ်မကုန်မလွယ်ဘူးလား။ (ကုန်လွယ်ပါတယ်ဘုရား။)

ကြည့်လေ ဟိုပြီးခဲ့တဲ့ လေးငါးရက်လောက်က အကောင်းရှိသေးတဲ့ ဒကာကြီး (.....) ဟာ၊ ဒကာမကြီး (.....) ဟာ ခု သေဆုံးသွားပြီ။ အသက်ဆိုတာ ကုန်လွယ်တယ်၊ သေလွယ်တယ်နော်။ (မှန်လှပါဘုရား။)

ဒီတော့ ငါ့အသက် ငယ်ငယ်ကလေးပဲ ရှိသေးတယ်။ မသေနိုင်သေးဘူးလို့ ထင်မှတ်နေတာဟာ အမှားလား၊ အမှန်လား။ (အမှားပါဘုရား။)

နွေလရာသီဖြစ်တဲ့ အထူးအားဖြင့် တပေါင်း၊ တန်ခူး၊ ကဆုန်လတွေမှာ မြစ်ငယ် ချောင်းငယ်တွေထဲမှာ ရှိနေကြတဲ့ ရေတွေဟာ မကုန်လွယ်ဘူးလား။ (ကုန်လွယ်ပါတယ်ဘုရား။)

အသက်ကိုလည်း ဒီမြစ်ငယ်ချောင်းငယ်တွေထဲက ရေတွေကုန်လွယ်သလို ကုန်လွယ်တယ်၊ သေလွယ်တယ်လို့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား။)

ဒီတော့ မသေရခင် နေရစဥ်လေးမှာ တစ်ဦးရဲ့ကောင်းကျိုးကို တစ်ဦးက လိုလိုလားလား အားပါးတရ ရွှင်ရွှင်ပျပျ ဆောင်ရွက်ကူညီပြီးတော့ နေထိုင်ကြရမယ်။

ဒကာ ဒကာမတွေ နေ့တိုင်းနေ့တိုင်း ထမင်းစတဲ့ စားဖွယ်သောက်ဖွယ် အသွယ်သွယ်တွေကို ခန္ဓာကိုယ်ကြီး တည်တံ့ခိုင်ခံ့ဖို့အတွက် မစားချင်လည်း

http://www.dhammadownload.com



စား၊ စားချင်လည်းစားကြသလို ဒါန သီလ ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုတွေကိုလည်း မပြုချင်လည်းပြု၊ ပြုချင်လည်းပြုကြရမယ်နော်။ (မှန်လှပါဘုရား။)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* နေ့ညဥ့်ထွေထွေ၊ ကုန်လွယ်ပေ၊ လူတွေသိရမယ်။
* အသက်လည်းပဲ၊ ကုန်လွယ်မြဲ၊ မလွဲသိရမယ်။
* မြစ် ချောင်းငယ်မှာ၊ ရေတွေဟာ၊ ကုန်တာလွယ်လှတယ်။
* မြစ်ချောင်းငယ်မှာ၊ ရေပမာ၊ တူတာအသက်ကွယ်။

* မစားချင်စား၊ စားချင်စား၊ အစားစားသလို။
* မပြုချင်ပြု၊ ပြုချင်ပြု၊ ကောင်းမှုဒါနကို။
* မစောင့်ချင်စောင့်၊ စောင့်ချင်စောင့်၊ ဖြောင့်ဖြောင့်သီလကို။
* မပွားချင်ပွား၊ ပွားချင်ပွား၊ တရားဘာဝနာကို။
* မပို့ချင်ပို့၊ ပို့ချင်ပို့၊ မချို့မေတ္တာကို။
* မရှိချင်ရှိ၊ ရှိချင်ရှိ၊ မှန်သည့်သစ္စာကို။
* မလုပ်ချင်လုပ်၊ လုပ်ချင်လုပ်၊ အဟုတ်ကောင်းတာကို။
* မပြောချင်ပြော၊ ပြောချင်ပြော၊ ကောင်းသောစကားကို။
* မကြံချင်ကြံ၊ ကြံချင်ကြံ၊ အမှန်ကောင်းတာကို။
* မဖူးချင်ဖူး၊ ဖူးချင်ဖူး၊ အထူးဘုရားကို။
* မနာချင်နာ၊ နာချင်နာ၊ ကောင်းစွာတရားကို။

ကဲ- ဒီနေ့ ဘဝတစ်ပါးပြောင်းသွားတဲ့ ဒကာကြီး (.....)၊ ဒကာမကြီး (.....) ရဲ့အသက်ဟာ တကယ်ကုန်လွယ်ပြီးတော့ သေဆုံးရပုံတွေကို သတိသံဝေဂတွေ ရယူကြပြီး တို့လည်း တစ်နေ့မလွဲတကယ် သွားရမည့်လမ်းကြီးပဲလို့ စဉ်းစားဆင်ခြင်ကြကာ ကုသိုလ်တရားတွေကို နေ့စဉ် ညစဉ် မလုပ်ချင်သော်လည်း အဟုတ်တကယ်ပင် ပြုလုပ်နိုင်ကြပါစေလို့ ဆုတောင်းရင်း ဒီတရားတော်ကို အဆုံးသတ်ကြပါစို့။

ယနေ့ ဘဝတစ်ပါးပြောင်းသွားတဲ့ (.....) သူကို ရည်စူးပြုရတဲ့ ကောင်းမှုကြောင့် သေသွားသူဟာ ငါ့အတွက် ကျန်ရစ်သူတွေက ကောင်းမှုတွေပြုလုပ်ပေးနေတယ်လို့ သိရှိ သာဓုခေါ်နိုင်ကာ လူ့ဘုံ၊ နတ်ဘုံ အရပ်စုံမှာ ကောင်းကျိုးချမ်းသာ အဖုံဖုံတွေကို ခံစားစံစားနိုင်ပါစေလို့ အာရုံပြုပြီး ရေစက်သွန်းချအမျှဝေကြရအောင်။

http://www.dhammadownload.com



ကဲ- အားလုံး ညီညီညာညာ လိုက်ဆိုကြ။

"အသက်တွေက+ ကုန်လွယ်လှ" ရေစက်ချ

*အရှင်ဘုရား၊ တပည့်တော်တို့သည် ဘဝတစ်ပါးပြောင်းသွားသော (.....) ၏ လူ့ဘုံ နတ်ဘုံ အရပ်စုံ၌ ကောင်းကျိုးချမ်းသာ အဖုံဖုံကို ခံစား စံစားနိုင်ပါစေခြင်းအကျိုးငှာ ရည်ရွယ်၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား မွန်မြတ်လှသော ဆွမ်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ နဝကမ္မဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းကြပါကုန်၏။

*ယနေ့ယခု ပြုလုပ်လှူဒါန်းရသော ကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း၊ အခြားအခြားသော ကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း၊ မြန်မြန်ဆန်ဆန် အသက်ကုန်လွယ်လှကာ သေဆုံးသွားသော ဦး/ ဒေါ် (....) သည် ငါ့အတွက် ကျန်ရစ်သူတို့က ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ပေးနေတယ်ဟူ၍ သိရှိနိုင်ပါစေ။ သိရှိပြီးတော့ ဝမ်းမြောက်နှမ်း သာဓုခေါ်ဆိုနိုင်ပါစေ။ သာဓုခေါ်ဆိုနိုင်၍ နတ်၌ဖြစ်သော ဘုံဗိမာန်၊ ပဒေသာပင်၊ စားဖွယ်၊ သောက်ဖွယ်၊ ထီး၊ ဖိနပ်၊ ယာဉ်အစရှိသည်တို့ကို ခံစား စံစားနိုင်ပါစေ။

တပည့်တော်တို့သည်လည်း မြစ်ငယ် ချောင်းငယ်တို့၌ရှိကြသော ရေပမာ အသက်၏ ကုန်လွယ်လှပုံကို သတိထားဆင်ခြင်ကြပြီးလျှင် အို နာ သေဘေး မရောက်သေးခင် ကြိုတင်၍ ဒါန သီလ ဘာဝနာ တို့ကို မမေ့မလျော့ မပေါ့မဆ ပြုလုပ်နိုင်ကြကာ မဂ် ဖိုလ် နိဗ္ဗာန် ချမ်းသာမှန်ကို ဧကန်ပိုင်ပိုင် ရောက်နိုင်ရလို တောင်းဆုဆိုကြပါကုန်၏။

*ယနေ့ယခု ဘဝတစ်ပါး ပြောင်းသွားသူ (.....)အား ရည်စူး၍ ပြုလုပ်သော ကုသိုလ်၏အဖို့ဘာဂ မှန်သမျှကို အထူးအားဖြင့် ဘဝတစ်ပါးပြောင်းသွားလေသော (.....) အား အမျှရစေ ပေးဝေပါ၏။

ထိုမှတစ်ပါး ကိုယ်စောင့်နတ်အား အစထား၍ များပြားလှစွာ သတ္တဝါတို့အား အကျွန်ုပ်တို့နှင့် အတူတကွ အမျှရစေ ပေးဝေသည်၊ များထွေသာဓုခေါ်စေသောဝ်။

အားလုံးအမျှ အမျှ အမျှ ယူတော်တော်မူကြပါကုန်လော့။

သာဓု၊ သာဓု၊ သာဓု။

မှတ်ချက်။ ။ *အသုံဘ (နာရေး) ဟောပါ။

✪

http://www.dhammadownload.com

# သံယုတ္တနိကာယ+ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်+ ဗြဟ္မသံယုတ်+ ဒုတိယဝဂ်+ ပရိနိဗ္ဗာနသုတ္တန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "နောက်ဆုံးစကား + တရားမျက်ရည်" တရားတော်

ဧကံသမယံ ဘဂဝါ ကုသိနာရာယံ ဝိဟရတိ ဥပဝတ္တနေ မလ္လာနံ သာလဝနေ အန္တရေန ယမကသာလာနံ ပရိနိဗ္ဗာနသမယေ။

ဧကံ– တစ်ပါးသော။ သမယံ– အခါ၌။ ဘဂဝါ– မြတ်စွာဘုရားသည်။ ကုသိနာရာယံ– ကုသိနာရုံပြည်၌။ ဥပဝတ္တနေ– အကွေ့၌။ မလ္လာနံ– မလ္လာမင်းတို့၏။ သာလဝနေ– အင်ကြင်းပင်ပေါ၊ အင်ကြင်းဥယျာဉ်တော၌။ ယမကသာလာနံ– ခြေရင်း ခေါင်းရင်း အစုံရောက်သော အင်ကြင်းပင်ပျိုတို့၏။ အန္တရေန– အလယ်၌။ ပရိနိဗ္ဗာနသမယေ– ပရိနိဗ္ဗာန်၊ ပြုဖို့ရန်အတွက်၊ အမှန်နီးကပ်၊ အချိန်မြတ်၌။ ဝိဟရတိ– သီတင်းသုံးနေတော်မူ၏။

အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ် ကုသိနာရုံပြည်အကွေ့ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော အင်ကြင်းပင်ပျိုတို့ရဲ့အကြားမှာ ပရိနိဗ္ဗာန်ပြုခါနီး သီတင်းသုံးနေတော်မူတာကို အာရုံပြု နှလုံးသွင်းထားလိုက်ပါ တရားနာ။

အထခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ 'ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထာ' တိ။

အထခေါ– ထိုအခါ၌။ ဘဂဝါ– မြတ်စွာဘုရားသည်။ ဘိက္ခူ– ရဟန်းတို့ကို။ အာမန္တေသိ– မိန့်တော်မူ၏။ ကိံအာမန္တေသိ– ဘယ်လိုမိန့်တော်မူသလဲ ဆိုရင် 'ဘိက္ခဝေ– ရဟန်းတို့။ ဟန္ဒဒါနိ– အမှန်ရှုပါ။ ယခုအခါ၌။ ဝေါ– တုမှာကံ= သင်ချစ်သားတို့အား။ အဟံ– ငါဘုရားသည်။ အာမန္တယာမိ– သိစေဖို့ရာ၊ မိန့်မှာတော်မူခဲ့အံ့။ သင်္ခါရာ– ပြုပြင်အပ်ငြား၊ သင်္ခါရတရားတို့သည်။ ဝယဓမ္မာ– အမြဲမပြတ်၊ ပျောက်ပျက်တတ်ဘိ၊ သဘောရှိကုန်၏။ တေသင်္ခါရေ– ပြုပြင်တတ်ငြား၊ ထိုသင်္ခါရတရားတို့ကို။ တုမှေ– သင်ချစ်သားတို့သည်။ အပ္ပမာ

http://www.dhammadownload.com



ဒေန– ကုသိုလ်တရား၊ မမေ့ပြောတတ်၊ သတိမြတ်ဖြင့်။ သမ္ပာဒေထ– နေ့ည အပတ်၊ ကုသိုလ်လုပ်ငန်း၊ ကြိုးပမ်းပြည့်စုံစေကုန်လော့'။ ဣတိ– ဤသို့။ အာမန္တေသိ– မိန့်တော်မူ၏။

'ချစ်သား ရဟန်းတို့ ယခုအခါ သင်ချစ်သားတို့အား ငါဘုရား မိန့်မှာတော်မူခဲ့တယ်။ ရုပ် နာမ်ဓမ္မ ပြုပြင်အပ်တဲ့ သင်္ခါရတရား မှန်သမျှတွေဟာ အကုန်လုံး ပျောက်တတ်၊ ပျက်တတ်တဲ့သဘော ရှိတယ်။ အဲဒီ သင်္ခါရတရားတွေကို သင်ချစ်သားတို့သည် မမေ့မလျော့ မပေါ့မဆတဲ့ သတိတရားဖြင့် ကုသိုလ်ကိစ္စ အဝဝတွေကို ပြီးစီးအောင် ပြည့်စုံအောင် အားထုတ်ကြပါ'လို့ မိန့်မှာတော်မူပါတယ်။

အယံ တထာဂတဿ မစ္ဆိမာ ဝါစာ။

အယံ– ဟန္ဒဒါနိ အစရှိသား၊ ဤစကားသည်။ တထာဂတဿ– မြတ်စွာဘုရား၏။ မစ္ဆိမာဝါစာ– နောက်ဆုံးဖြစ်သော စကားတော်ပါပေတည်း။

ဟန္ဒဒါနိ အစရှိတဲ့ မှာတမ်းတော်ဟာ မြတ်စွာဘုရားရဲ့ နောက်ဆုံး စကားတော်ဖြစ်ပါတယ်။

မြတ်စွာဘုရားရဲ့နောက်ဆုံးစကားတော်ဟာ ဘာလဲဆိုရင် အပ္ပမာဒ လို့ခေါ်တဲ့ သတိတရားပါ။

(ဥပမာနဲ့ပြောမယ်ဆိုရင် သေခါနီး ညောင်စေင်းပေါ်မှာ အိပ်နေတဲ့ဥစ္စာတွေ များစွာရှိတဲ့ သူဌေးသူကြွယ်ကြီးဟာ သားသမီးတွေကို ဥစ္စာနှစ်ကွေ ညွှန်ကြားပြောကြားနေတယ်။ အဲဒီဥပမာအတိုင်းပဲ ပရိနိဗ္ဗာန်ပြုတော်မူခါနီး ညောင်စောင်းပေါ်မှာ လျောင်းတော်မူနေတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး (၄၅) ဝါကာလကြာအောင် ဟောကြားတော်မူခဲ့တဲ့ အလုံးစုံသော အဆုံးအမတရားတွေကို အပ္ပမာဒလို့ခေါ်တဲ့ သတိတရားတစ်ခုမှာ ထည့်ပြီးတော့ မိန့်ဟော်မူလိုက်ပါတယ်။ (သံ၊ ဋ္ဌ၊ ၁၊ ၂၀၄)

ဒီတော့ နောက်ဆုံးစကားတော်က ဘာတဲ့လဲ။ (သတိတရားပါဘုရား။)

အနှစ်သာရအရှိဆုံးတရားက ဘာတဲ့လဲ။ (သတိတရားပါဘုရား။)

သွားရာ လာရာ နေရာ ထိုင်ရာ အိပ်ရာ စားရာ ပြောရာ ဟောရာ အရာရာမှာ သတိဟာ အရေးမကြီးဘူးလား။ (အရေးကြီးပါတယ်ဘုရား။)

ဒီလိုဆိုရင် အရေးအကြီးဆုံးတရားက ဘယ်တရားတဲ့လဲ။ (သတိပါပဲဘုရား)

http://www.dhammadownload.com



သတိနဲ့ နေရမယ်၊ သွားရလာရမယ်၊ ထိုင်ရ အိပ်ရ စားရ ပြောရ ဟောရမယ်နော်။ (မှန်လှပါဘုရား။)

ဒီတော့ တကယ်အရေးကြီးတဲ့ ဒီသတိတရားကို လက်ကိုင်ထားရမှာလား၊ လက်လွှတ်ထားရမှာလား။ (လက်ကိုင်ထားရမှာပါဘုရား။)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ချစ်သားတို့အား၊ ငါဘုရား၊ တရားဟောခဲ့မယ်။
* ယခုအခါ၊ နောက်ဆုံးသာ၊ မြတ်စွာငါမိန့်မယ်။
* သင်္ခါရတွေ၊ ပျက်မြဲပေ၊ မသွေမှတ်ရမယ်။
* ပြုပြင်သမျှ၊ သင်္ခါရ၊ ပျက်ကြမှာပဲကွယ်။
* သတိတရား၊ အပြည့်ထား၊ ကြိုးစားနေကြကွယ်။
* နောက်ဆုံးစကား၊ ငါဘုရား၊ မိန့်ကြားဟောခဲ့တယ်။
* သူဌေးကြီးဟာ၊ မြတ်ဥစ္စာ၊ ညွှန်ကာပြောသို့နှယ်။
* လေးဆယ့်ငါးဝါ၊ ကာလကြာ၊ မြတ်စွာဟောခဲ့တယ်။
* တရားများစွာ၊ သတိမှာ၊ ထည့်ကာဟောပြတယ်။
* သတိဆိုတာ၊ အနှစ်ပါ၊ မိန့်မှာနောက်ဆုံးကွယ်။
* အရေးကြီးတာ၊ သတိပါ၊ ကိုင်ကာထားရမယ်။

အထခေါ ဘဂဝါ ပဌမံ ဈာနံ သမာပဇ္ဇိ၊ ပဌမာ ဈာနာဝုဋ္ဌဟိတွာ ဒုတိယံ ဈာနံ သမာပဇ္ဇိ၊ ဒုတိယာ ဈာနာ ဝုဋ္ဌဟိတွာ တတိယံ ဈာနံ သမာပဇ္ဇိ၊ တတိယာ ဈာနာ ဝုဋ္ဌဟိတွာ၊ စတုတ္ထံ ဈာနံ သမာပဇ္ဇိ၊ စတုတ္ထာဈာနာ ဝုဋ္ဌဟိတွာ အာကာသာနဉ္စာယတနံ သမာပဇ္ဇိ၊ အာကာသာနဉ္စာယတနာ ဝုဋ္ဌဟိတွာ ဝိညာဏဉ္စာယတနံ သမာပဇ္ဇိ၊ ဝိညာဏဉ္စာယတနာ ဝုဋ္ဌဟိတွာ အာကိဉ္စညာယတနံ သမာပဇ္ဇိ၊ အာကိဉ္စညာယတနာ ဝုဋ္ဌဟိတွာ နေဝသညာ နာသညာယတနံ သမာပဇ္ဇိ၊ နေဝသညာနာသညာယတနာ ဝုဋ္ဌဟိတွာ သညာဝေဒယိတ နိရောဓံ သမာပဇ္ဇိ။

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ် နောက်ဆုံးစကား မိန့်ကြားတော်မူပြီးတော့ ပဌမဈာန်ကို ဝင်စားတော်မူပါတယ်။ ပဌမဈာန်မှ ထတော်မူပြီးတော့ ဒုတိယဈာန်ကို ဝင်စားတော်မူပါတယ်။ ထို့နောက် (အစဉ်အတိုင်း) ဒုတိယဈာန်မှ ထတော်မူ၍ တတိယဈာန်၊ တတိယဈာန်မှ ထတော်မူ၍ စတုတ္ထဈာန်၊

http://www.dhammadownload.com



စတုတ္ထဈာန်မှ ထတော်မူ၍ အာကာသာနဉ္စာယတန အရူပဈာန်၊ ထိုမှထတော်မူ၍ ဝိညာဏဉ္စာယတန အရူပဈာန်၊ ထိုမှထတော်မူ၍ အာကိဉ္စညာယတန အရူပဈာန်၊ ထိုမှထတော်မူ၍ နေဝသညာ နာသညာယတန အရူပဈာန်၊ ထိုမှ ထတော်မူ၍ သညာ ဝေဒနာနှင့်တကွ စိတ် စေတသိက် (ထိုစိတ် စေတသိက်ကြောင့်ဖြစ်သော) စိတ္တဇရုပ်တို့၏ ချုပ်ဆုံးခြင်းဟူသော နိရောဓသမာပတ်ကို ဝင်စားတော်မူပါတယ်။

သညာဝေဒယိတ နိရောဓာ ဝုဋ္ဌဟိတွာ နေဝသညာနာသညာယတနံ သမာပဇ္ဇိ၊ နေဝသညာနာသညာယတနာ ဝုဋ္ဌဟိတွာအာကိဉ္စညာယတနံ သမာပဇ္ဇိ၊ အာကိဉ္စညာယတနာ ဝုဋ္ဌဟိတွာ ဝိညာဏကဉ္စာယတနံ သမာပဇ္ဇိ၊ ဝိညာဏဉ္စာယတနာ ဝုဋ္ဌဟိတွာ အာကာသာနဉ္စာယတနံ သမာပဇ္ဇိ၊ အာကာသာနဉ္စာယတနံ ဝုဋ္ဌဟိတွာ စတုတ္ထံ ဈာနံ သမာပဇ္ဇိ။ စတုတ္ထဈာနာ ဝုဋ္ဌဟိတွာ တတိယဈာနံ သမာပဇ္ဇိ။ တတိယဈာနာ ဝုဋ္ဌာဟိတွာ ဒုတိယံဈာနံသမာပဇ္ဇိ။ ဒုတိယဈာနာ ဟိတွာ ပဌမံဈာနံ သမာပဇ္ဇိ။ ပဌမဈာနာ ဝုဋ္ဌဟိတွာ ဒုတိယံဈာနံသမာပဇ္ဇိ၊ ဒုတိယဈာနာ ဝုဋ္ဌဟိတွာ တတိယံဈာနံ သမာပဇ္ဇိ၊ တတိယာဈာနာ ဝုဋ္ဌဟိတွာ စတုတ္ထံဈာနံ သမာပဇ္ဇိ၊ စတုတ္ထဈာနာ ဝုဋ္ဌဟိတွာ သမနန္တရာ ဘဂဝါ ပရိနိဗ္ဗာတိ။

အဲဒီနိရောဓသမာပတ်မှ ထတော်မူကာ နေဝသညာနာသညာယတန အရူပဈာန်မှစ၍ ပဋိလုံပြောင်းပြန် ပြန်ပြီးတော့ ဝင်စားတော်မူခဲ့ရာ ရူပါဝစရ ပဌမဈာန်သို့ ရောက်လာတော်မူတယ်။ တစ်ဖန် ပထမဈာန်မှ ထတော်မူ၍ ဒုတိယဈာန်၊ ထိုမှထတော်မူ၍ တတိယဈာန်၊ ထိုမှထတော်မူ၍ စတုတ္ထဈာန်၊ ထိုစတုတ္ထဈာန်မှ ပစ္စဝေက္ခဏာဝီထိ၏ အခြားမဲ့မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပါတယ်။

ပရိနိဗ္ဗုတေ ဘဂဝတိ သဟ ပရိနိဗ္ဗာနာ ဗြဟ္မာ သဟမ္ပတိ ဣမံ ဂါထံ အဘာသိ။

ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူတာနဲ့ တစ်ပြိုင်နက် သဟမ္ပတိ ဗြဟ္မာက ဤဂါထာကို ရွတ်ဆိုပါတယ်။

"သဗ္ဗေဝ နိက္ခိပိဿန္တိ၊ ဘူတာ လောကေ သမုဿယံ။
ယတ္ထ ဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော" တိ။

http://www.dhammadownload.com



သောကျွော– နိဗ္ဗာန်ကြွသွား၊ မြတ်စွာဘုရား၏၊ ထံပါးခပြောင်း အဆို အရှင်ကောင်းတို့။ ယတ္ထ– ယသ္မိံလောကေ– အစဉ်ပြောပြ၊ အကြင်လောက၌။ တောဒိသော– ထိုသို့အမှန်၊ သဗ္ဗညုဉာဏ်နှင့်၊ ကေန်ကုံလုံ၊ ပြည့်စုံလေသည့်၊ သဘောရှိသော။ သတ္ထာ– လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာစင်စစ် ဖြစ်ကြီးဖြစ်တော်မူထသော၊ အပ္ပဋိပုဂ္ဂလော– ပြိုင်ဘက်ကင်းသူ ဖြစ်တော်မူထသော။ တထာဂတော– ရှေးရှေးအများ မြတ်ဘုရားတို့ကဲ့သို့၊ မခြားအတူ၊ လာခြင်းကောင်းတော်မူပါပေထသော။ ဗလပ္ပတ္တော– ကာယ+ ဉာဏ၊ အားဆယ်ဝသို့၊ မှချပုံသေ၊ ရောက်တော်မူပါပေထသော။ သမ္ဗုဒ္ဓေါ– သယမ္ဘူတွင်၊ ဘုရားရှင် သော်မှလည်း။ ပရိနိဗ္ဗုတော– ရွှေရည်ရုပ်ဝါ၊ အပြုတ်ခွာ၍၊ ခန္ဓာကိုယ်ကြီး၊ စွန့်ပစ်ပြီးပြန်၊ ပရိနိဗ္ဗာန် ဝင်စံတော်မူရချေသေး၏။ တတ္ထ– တသ္မိံလောကေ ဆိုပြောပြအပြီး၊ ထိုလောကကြီးအတွင်း၌။ သဗ္ဗေ– မှတ်လေ သိမ်းခြုံ၊ အလုံးစုံကုန်သော။ ဘူတာ– ဖြစ်ပွားပေါ်လာ၊ သတ္တဝါတို့သည်။ သမုဿယံ– ခန္ဓာငါးခု၊ ပေါင်းစုစွဲထုတ်၊ ခန္ဓာရုပ်ကို။ နိက္ခိပိဿန္တိ ဧဝ– အမှန်စင်စစ်၊ အားလုံးစွန့်ပစ်ကြရကုန်မည်သာတည်း။ ဣတိ– ဤသို့မှန်စွာ၊ ဤသို့သာလျှင်။ အဘာသိ– သံဝေဂတရား၊ ဉာဏ်ရှေ့ထား၍ ရွတ်ပွားလိုက်ပါပေသတည်း။

သာဓု၊ သာဓု သာဓုပါဘုရား။

အဲဒီလို သတ္ထာ၊ အပ္ပဋိပုဂ္ဂလ၊ တထာဂတ၊ ဗလပ္ပတ္တ၊ သမ္ဗုဒ္ဓဆိုတဲ့ ဂုဏ်ပေါင်စုံတွေနဲ့ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သော်မှလည်း ရွှေရည်ရုပ်ဝါ ကိုယ်ခန္ဓာကြီး စွန့်ခွာစွန့်ပစ်ပြီးတော့ ပရိနိဗ္ဗာန်ဝင်စံတော်မူရသေးတယ်။ ဒီလောကမှာ ရှိနေကြတဲ့ သာမညသတ္တဝါအားလုံးတွေဟာ ဒီခန္ဓာကိုယ်ကြီးကို အဘယ်မှာ မစွန့်ပစ်ရဘဲ ရှိချေအံ့နည်း။ ကေန်စင်စစ် အားလုံးစွန့်ပစ်ကြရမှာဖြစ်တယ်လို့ သဟမ္ပတိဗြဟ္မာ သံဝေဂဖြစ် ရွတ်ဆိုပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* လူ နတ် ဗြဟ္မာ၊ တို့ဆရာ၊ ခန္ဓာစွန့်ရသည်။
* ပြိုင်ဘက်ကင်းရှာ၊ တို့မြတ်စွာ၊ ခန္ဓာစွန့်ရသည်။
* လာခြင်းကောင်းစွာ၊ တို့မြတ်စွာ၊ ခန္ဓာစွန့်ရသည်။
* အားတော်ဆယ်ဖြာ၊ တို့မြတ်စွာ၊ ခန္ဓာစွန့်ရသည်။

http://www.dhammadownload.com



*လုံးစုံသိရှာ၊ တို့မြတ်စွာ၊ ခန္ဓာစွန့်ရသည်။
*ဖြစ်ပွားပေါ်လာ၊ သတ္တဝါ၊ ခန္ဓာစွန့်ရသည်။
*ခန္ဓာကိုယ်မူ၊ မစွန့်သူ၊ ဘယ်လူမရှိပြီ။
*မြုပ်နှံပလေ၊ သုသာန်မြေ၊ မသွေစွန့်ရမည်။
*သဟာမ်ပြဟ္မာ၊ အမြန်သာ၊ သေချာရွတ်ပွားပြီ။

ပရိနိဗ္ဗုတေ ဘဂဝတိ သဟ ပရိနိဗ္ဗာနာ သက္ကော ဒေဝါနမိန္ဒော ဣမံ ဂါထံ အဘာသိ

အဲဒီလို သဟမ္ပတိဗြဟ္မာ ရွတ်ဆိုပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန်ပြုတော်မူတာနဲ့ တစ်ပြိုင်နက် သိကြားမင်းကလည်း အောက်ပါဂါထာကို ရွတ်ဆိုပါတယ်။

'အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။

ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ' တိ။

သောဏ္ဍော– နိဗ္ဗာန်ကြွသွား၊ မြတ်ဘုရား၏၊ ထံပါးခညောင်း၊ အို အရှင်ကောင်းတို့။ သင်္ခါရာ– ပြုပြင်အပ်ငြား၊ သင်္ခါရတရားတို့သည်။ အနိစ္စာဝတ– စိတ်သာချနေ၊ မမြဲပေကုန်စွာတကား။ ဥပ္ပါဒဝယဓမ္မိနော– စစ်တွက်ပြောကြည့်၊ ဖြစ်ပျက်သဘော ရှိကုန်၏။ ဥပ္ပဇ္ဇိတွာ– အကြောင်းစွဲလစ်၊ စင်စစ်ပေါင်းဆုံ၊ ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ– မှန်စွာမသွေ၊ ချုပ်ပျောက်လေကုန်၏။ တေသံ– ဖြစ်လျှင်ပျက်မြဲ၊ မှန်မလွဲလှ၊ ထိုသင်္ခါရတရားတို့၏။ ဝူပသမော– အပူစာတ်သိမ်း၊ အေးရာငြိမ်းရာ၊ နိဗ္ဗာန်တရားသည်သာလျှင်။ သုခေါ– အဧကန္တဝတ– သဘောကျလစ်၊ ချမ်းသာစစ်ပါပေတည်း။ ဣတိ– ဤသို့မှန်စွာ၊ ဤသို့သာလျှင်။ အဘာသိ– ဖြစ်လျှင်ပျက်မြဲ၊ မလွဲတံထွာ၊ ဓမ္မတာဟု၊ ဉာဏ်မှာရှုကာ၊ ရွတ်ပွားလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

သင်္ခါရတရားတွေ မမြဲကြဘူး၊ စစ်တွက်ကြည့်လိုက်တော့ ဖြစ်ပျက်သဘောတွေသာ ရှိကြတယ်။ အကြောင်းတရားတွေကို စွဲကာ ဖြစ်ပေါ်လာပြန်တော့လည်း နောက်ဆုံးတော့ အားလုံးချုပ်ပျောက်ကြရတယ်။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေရဲ့ အေးငြိမ်းရာ နိဗ္ဗာန်တရားသာလျှင် တကယ်စင်စစ် ချမ်းသာဖြစ်တယ်လို့ သိကြားမင်း သံဝေဂဖြစ် ရွတ်ဆိုပါတယ်။

http://www.dhammadownload.com



ကဲ–သံဝေဂလင်္ကာလေးတွေ လိုက်ဆိုကြ

* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ မုချမမြဲပါ။
* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ မုချဆင်းရဲတာ။
* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ မုချမပိုင်ပါ။
* ရုပ်နာမ်ဓမ္မ၊ ဖြစ်ပျက်ကြ၊ မုချဓမ္မတာ။
* ဖြစ်ပြီးအမှန်၊ ချုပ်ပျောက်ပြန်၊ ကေန်ဓမ္မတာ။
* ဖြစ်ပျက်ကင်းပြန်၊ အေးနိဗ္ဗာန်၊ အမှန်လွန်ချမ်းသာ။
* သိကြားမင်းလှ၊ သံဝေဂ၊ ရွတ်ပြဉ်သို့လာ။
* သိကြားမင်းလို၊ သံဝေပို၊ ရွတ်ဆိုရှုပွားပါ။

ပရိနိဗ္ဗုတေ ဘဂဝတိ သဟ ပရိနိဗ္ဗာန အာယသ္မာ အာနန္ဒော ဣမံ ဂါထံ အဘာသိ

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူတာနဲ့တစ်ပြိုင်နက် ရှင်အာနန္ဒာသည် အောက်ပါဂါထာကို ရွတ်ဆိုတော်မူပါတယ်။

'တဒါ သိ ယံ ဘိံသနကံ၊ တဒါ သိ လောမဟံသနံ။

သဗ္ဗာကာရဝရူပေတေ၊ သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ'. တိ။

သဗ္ဗာကာရဝရူပေတေ– ခပ်သိမ်းများစွာ၊ အခြင်းအရာဉသုံ၊ ဂုဏ်ပေါင်းစုံနှင့်၊ သင်းထုံကျော်ကျော်၊ ပြည့်စုံတော်မူသော။ သမ္ဗုဒ္ဓေ– သယမ္ဘူခေါ်တွင်၊ ဘုရားရှင်သည်။ ပရိနိဗ္ဗုတေ– ပရိနိဗ္ဗာန်စံဝင်တော်မူသည်ရှိသော်။ တဒါ– ပရိနိဗ္ဗာန်ပြုရာ၊ ထိုအခါ၌။ ဘိံသနကံ– ကြောက်ခြင်းမပြတ်၊ ဖြစ်စေတတ်သည့်၊ သိမှတ်အဟုတ်၊ မြေကြီးလှုပ်ခြင်းသည်။ အသိ– မလွဲမသွေ၊ ဖြစ်ပေါ်လေပြီတကား။ တဒါ– ပရိနိဗ္ဗာန်ပြုရာ၊ ထိုအခါ၌။ လောမဟံသနံ– ကြက်သီးမွေးညင်း၊ ထခြင်းမပြတ်၊ ဖြစ်စေတတ်ဟုတ်၊ မြေကြီးလှုပ်ခြင်းသည်။ အသိ– မလွဲမသွေ၊ ဖြစ်ပေါ်လေပြီတကား။ ဣတိ– ဤသို့မှန်စွာ၊ ဤသို့သာလျှင်။ အဘာသိ– ကောင်းစွာမသွေ၊ ရွတ်ဆိုတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ခပ်သိမ်းဉသုံ ဂုဏ်ပေါင်းစုံတွေနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့အခါမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ကြက်သီးမွေးညင်း ထလောက်အောင် မြေကြီးတုန်လှုပ်ပြီလို့ ရှင်အာနန္ဒာ ရွတ်ဆိုတော်မူပါတယ်။

http://www.dhammadownload.com



ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ခပ်သိမ်းဥသုံ၊ ဂုဏ်ပေါင်းစုံ၊ သင်းထုံတို့မြတ်စွာ
* ပရိနိဗ္ဗာန်၊ ဝင်ကာစံ၊ အမှန်ထိုအခါ။
* ကြောက်ဖွယ်ဖြစ်စေ၊ မြေကြီးတွေ၊ မသွေလှုပ်၍လာ။
* ကြက်သီးထစေ၊ မြေကြီးတွေ၊ မသွေလှုပ်၍လာ။
* ရှင်မြတ်အာနန္ဒ၊ ရွတ်ဆိုပြန်၊ အမှန်သိစရာ။

ပရိနိဗ္ဗုတေ ဘဂဝတိ သဟ ပရိနိဗ္ဗာနာ အာယသ္မာ အနုရုဒ္ဓေါ ဣမာ ဂါထာယော အဘာသိ

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူတာနဲ့ တစ်ပြိုင်နက် ရှင်အနုရုဒ္ဓါကိုယ်တော်မြတ် အောက်ပါဂါထာတို့ကို ရွတ်ဆိုတော်မူတယ်။

'နာဟု အဿာသပဿာသော၊ ဌိတစိတ္တဿ တာဒိနော။

အနေဇော သန္တိ မာရဗ္ဘ၊ စက္ခုမာ ပရိနိဗ္ဗုတော။

ဌိတစိတ္တဿ– တည်ကြည်မြင့်မြတ်၊ စိတ်ဓာတ်ရှိတော်မူထသော။ တာဒိနော– လာဘစပြန်၊ လောကဓံကြောင့်၊ ဖောက်ပြန်မရှိ၊ တာဒိဂုဏ်နှင့်၊ ပြည့်စုံကြည်လင်၊ ဘုရားရှင်၏၊ အဿာသပဿာသော– ထွက်သက်ဝင်သက်သည်။ နာဟု– မဖြစ်တော့ပြီ။ အနေဇော– တဏှာအရှင်း၊ ကင်းတော်မူသော။ စက္ခုမာ– စက္ခုငါးပါးနှင့်၊ ပြည့်ငြားစုံလင်၊ ဘုရားရှင်သည်။ သန္တိ– အပူခပ်သိမ်း၊ အေးငြိမ်းရာမှန်၊ မြတ်နိဗ္ဗာန်ကို။ အာရဗ္ဘ– ဉာဏ်တော်ရှေ့ရှု၊ အာရုံပြု၍။ ပရိနိဗ္ဗုတော– ပရိနိဗ္ဗာန် ဝင်စံတော်မူလေပြီတကား။

တည်ကြည်မြင့်မြတ်သော စိတ်ဓာတ်ရှိတော်မူတဲ့ တာဒိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား၏ ထွက်သက်ဝင်သက် မရှိတော့ပါ။ (မဖြစ်တော့ပါ)။

တဏှာခပင်း၊ အကုန်ကင်းပြတ်၊ ငါးရပ်စက္ခုနှင့် ပြည့်စုံတော်မူသွားမြတ်စွာဘုရားသည် အပူငြိမ်းပြန် အေးနိဗ္ဗာန်ကို ရှေ့ဉာဏ်တော်ဖြင့် ရှေးရှုအာရုံပြုကာ ပရိနိဗ္ဗာန် ဝင်စံတော်မူပါပေပြီ။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* တည်ကြည်စိတ်ရှိ၊ မြတ်တာဒိ၊ ဂုဏ်ပြည့်ဘုရားရှင်။
* ထွက်သက် ဝင်သက်၊ ထိုနှစ်ချက်၊ ဆက်ဆက်ကင်းဝေးစင်။
* တဏှာကင်းသွား၊ စက္ခုငါး၊ ပြည့်ထားဘုရားရှင်။
* နိဗ္ဗာန်ရှေးရှု၊ အာရုံပြု၊ ယခု ပရိဝင်။

http://www.dhammadownload.com



အသလ္လီနေန စိတ္တေန၊ ဝေဒနံ အဇ္ဈဝါသယိ။
ပဇ္ဇောတဿေဝ နိဗ္ဗာနံ၊ ဝိမောက္ခော စေတသောအဟူ' တိ။

အသလ္လီနေန– တွန့်ဆုတ်ခြင်းသို၊ မှန်မရှိသော။ စိတ္တေန– စိတ်တော်ဖြင့်။ ဝေဒနံ– ခံခက်လှစွာ၊ ကာယိကဒုက္ခဝေဒနာကို။ အဇ္ဈဝါသယိ– အပြီးအမှန်၊ အကျည်းတန်လည်း၊ ကေန်ကြည်ဖြူ၊ သည်းခံတော်မူပြီ။ ပဇ္ဇောတဿ– ဆီမီးလျှံ၏။ နိဗ္ဗာနံဣဝ– ငြိမ်းသကဲ့သို့။ တဿမုနိနော– ထိုမြတ်စွာဘုရား၏။ စေတသော– စိတ်၏။ ဝိမောက္ခော– သင်္ခါရတရားတို့မှ လွတ်မြောက်ခြင်းသည်။ အဟု– ကေန်စင်စစ်၊ အမှန်ဖြစ်ပြီ။ ဣတိ– ဤသို့သေချာ၊ ဤသို့သာလျှင်။ အဘာသိ– ကောင်းစွာမသွေ၊ ရွတ်ဆိုတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

တရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မတွန့်ဆုတ်သော စိတ်တော်ဖြင့် အင်မတန်အခံရခက်လှတဲ့ ကိုယ်ဒြဖြစ်လာ ကာယိကဒုက္ခဝေဒနာကို သည်းခံတော်မူပြီ။ ဆီမီးလျှံငြိမ်းပျောက်သွားသလို ထိုမြတ်စွာဘုရား၏ စိတ်တော်၏ သင်္ခါရတရားတို့မှ လွတ်မြောက်ခြင်းသည် ဧကန်စင်စစ် အမှန်ပင် ဖြစ်ပြီလို့ ရှင်အနုရုဒ္ဓါကိုယ်တော်မြတ် ရွတ်ဆိုတော်မူပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* တရားသိမြင်၊ ဘုရားရှင်၊ ကင်းစင်တွန့်ဆုတ်တာ။
* စိတ်ဖြင့်မှန်လှ၊ ကာယိက၊ ဒုက္ခဝေဒနာ။
* အပြီးအမှန်၊ အကျည်းတန်၊ သည်းခံစောမြတ်စွာ။
* ဆီမီးငြိမ်းဟန်၊ ပမာဆန်၊ သည်းခံစောမြတ်စွာ။
* သင်္ခါရမှ၊ လွတ်မြောက်ရ၊ ဗုဒ္ဓဘဂဝါ။
* ရှင်မြတ် အနု၊ ရွတ်ဆိုပြု၊ ယခုမှတ်စရာ။

ကဲ– ပရိနိဗ္ဗာနသုတ္တန်ကို ထုတ်ပြန်ဟောကြား နာယူလို့ပြီးသွားပါပြီ။ ဒီတော့ ဒီနေ့ပေးထားခဲ့တဲ့ တရားအမည်ကို ပေါ်လွင်အောင် အစိပ္ပါယ်ဖော်ပြီး ကြည့်ကြပါစို့။

မေး။ ။ မြတ်စွာဘုရားဟောခဲ့တဲ့ နောက်ဆုံးစကားတော်က ဘာစကားတဲ့လဲ။

ဖြေ။ ။ သတိဆိုတဲ့ တရားပါဘုရား။

http://www.dhammadownload.com



သေသေချာချာ ရေရေရာရာ မှတ်ထားကြနော်။ (မှန်လှပါဘုရား)

နောက်ဆုံးစကားဆိုတာ အဓိပ္ပါယ်ပေါ်သွားပြီလား။ (ပေါ်သွားပါပြီဘုရား)

မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံကြွသွားတော်မူတဲ့အခါမှာ အနာဂါမ်၊ရဟန္တာ မဖြစ်ကြသေးတဲ့ (ရာဂမကင်းကြသေးတဲ့) နတ်တွေ၊ လူတွေ၊ ရဟန်း သံဃာတော်တွေဟာ လက်ကိုမြှောက်မြှောက်ပြီးတော့ ပြင်းပြင်းထန်ထန် ငိုကြွေးကြတယ်။

အဲဒီနတ်တွေ၊ လူတွေ၊ ရဟန်းသံဃာတော်တွေရဲ့ လက်မြှောက်ပြီး ပြင်းပြင်းထန်ထန် ငိုကြွေးကြတဲ့အတွက် ပါးပြင်ပေါ်မှာ ကျဆင်းလာတဲ့မျက်ရည်တွေဟာ တရားတဲ့မျက်ရည်တွေလား၊ မတရားတဲ့မျက်ရည်တွေလား။ (တရားတဲ့ မျက်ရည်တွေပါဘုရား)

လူနတ်ဗြဟ္မာ သတ္တဝါတွေအတွက် လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာ ရရှိရေးကို လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလကြာအောင် တရားရေအေး အမြိုက်ဆေးတွေ တိုက်ကျွေးသွားတော်မူတဲ့ မြတ်စွာဘုရားတည်းဟူသော နေမင်း လမင်းကြီး ပရိနိဗ္ဗာန်ဝင်စံပြီးသွားတော့ နောက်ဆုံးအနေနဲ့ ရာဂမကင်းသေးသူတွေ (အနာဂါမ်၊ ရဟန္တာမဖြစ်သေးသူတွေ) ဝမ်းနည်းမျက်ရည် အလီလီအဝဝ မကျသင့်ဘူးလား၊ ကျသင့်သလား။ (ကျသင့်ပါတယ်ဘုရား)

ဘုရားကို လွမ်းတ သတိရပြီး ဝမ်းနည်းကာ ပါးပြင်ပေါ်မှာ ကျဆင်းလာ တဲ့ ဒီမျက်ရည်တွေဟာ ဘာမျက်ရည်တွေပါလိမ့်။ (တရားတဲ့မျက်ရည်တွေပါ ဘုရား)

ဘုရားကို လွမ်းတသတိရလို့ ကျဆင်းလာတဲ့ မျက်ရည်တွေဟာ သူ တစ်ပါးတွေကို ထိခိုက်နစ်နာမှုတွေ ဖြစ်စေနိုင်သလား။ (မဖြစ်နိုင်ပါဘူးဘုရား)

ဒါဆိုရင် ဒီမျက်ရည်တွေက ဘာမျက်ရည်တွေပါလိမ့်။ (တရားတဲ့မျက် ရည်တွေပါ ဘုရား)

တရားမျက်ရည် ဆိုတာကို ပေါ်လွင်အောင် သိလွယ်အောင် သဘော ပေါက်အောင် ပြောနေ မေးနေတာနော်။ (မှန်လှပါဘုရား)

တရားမျက်ရည်ဆိုတဲ့အဓိပ္ပါယ် ပေါ်လွင်သွားပြီလား။ (ပေါ်လွင်သွားပါပြီ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။ (နောက်ဆုံး စကား+ တရားမျက်ရည်) တရားတော်ပါဘုရား။

http://www.dhammadownload.com



မှတ်ချက်။ ။ မျက်ရည်ကျခြင်းသည် သောက ဒေါသ ဒေါမနဿ ဖြစ်၏။ မိမိကား လောကဘက်အတွေးဖြင့် တရားမျက်ရည်ဟု ရေးသားခြင်းဖြစ်ပါ၏။

ပရိနိဗ္ဗုတေ ဘဂဝတိ ယေ တေ တတ္ထ ဘိက္ခူ အဝီတရာဂါ အပ္ပေကစ္စေ ဗာဟာ ပဂ္ဂယှ ကန္ဒန္တိ၊ ဆိန္နပါတံ ပပတန္တိ၊ အာဝဋ္ဋန္တိ၊ 'အတိခိပ္ပံ ဘဂဝါ ပရိနိဗ္ဗုတော၊ အတိခိပ္ပံ သုဂတော ပရိနိဗ္ဗုတော၊ အတိခိပ္ပံ စက္ခုံ လောကေ အန္တရဟိတော' တိ။ (သုတ်မဟာဝါ၊ ပါဠိ၊ ၁၂၉)

ဘဂဝတိ– တရားသခင်၊ ဘုရားရှင်သည်။ ပရိနိဗ္ဗုတေ– ပရိနိဗ္ဗာန်၊ ဝင်စံချုပ်ငြိမ်း၊ ရုပ်သိမ်းတော်မူသည်ရှိသော်။ တတ္ထ– ထိုပရိနိဗ္ဗာန်ပြုရာ၌။ အပ္ပေကစ္စေ– အချို့ကုန်သော။ ယေတေဘိက္ခူ– အကြင်ရဟန်းတို့သည်။ အဝီတရာဂါ– မကင်းသေးသည့်၊ ရာဂါရှိကုန်၏။ တေဘိက္ခူ– ထိုရဟန်းတော်တို့သည်။ ဗာဟာ– လက်တို့ကို။ ပဂ္ဂယှ– မြှောက်၍။ ကန္ဒန္တိ– တရားမျက်ရည်၊ အလီလီတို့၊ စီစီစိမ့်စိမ့်၊ ပါးပြင်လိမ့်ကျ၊ ငိုကြွေးမည်တမ်းကြကုန်၏။ ဆိန္နပါတံ– ကမ်းပါးပြတ်သို့ ကျသကဲ့သို့။ ပပတန္တိ– လည်းကျကုန်၏။ အာဝဋ္ဋန္တိ– ရှေးရှူလူးလိမ့်ကုန်၏။ ဝိဝဋ္ဋန္တိ– ထိုမှ ဤမှ လူးလိမ့်ကုန်၏။ ကထံ– အဘယ်သို့ သောစကားကို။ ဝတွာ– ပြောဆို၍။ ကန္ဒန္တိ– ငိုကြွေးမြည်တမ်းကြကုန်သနည်း ဟူမူကား။ 'ဘဂဝါ– ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရားသည်။ အတိခိပ္ပံ– အစဉ်အမှန်၊ အလွန်လျှင်မြန်စွာ။ ပရိနိဗ္ဗုတော– ပရိနိဗ္ဗာန်၊ ဝင်စံတော်မူလေပြီ။ သုဂတော– စကားကောင်းကို၊ ပြောကြားဆိုတတ်၊ ဘုရားမြတ်သည်။ အတိခိပ္ပံ– အစဉ်အမှန်၊ အလွန်လျင်မြန်စွာ။ ပရိနိဗ္ဗုတော– ပရိနိဗ္ဗာန်၊ ဝင်စံတော်မူလေပြီ။ လောကေ– ဖြစ်တတ် ပျက်တတ်၊ လောကဓာတ်၌။ စက္ခုံ– ပညာမျက်စိသည်။ အတိခိပ္ပံ– အစဉ်အမှန်၊ အလွန်လျှင်မြန်စွာ။ အန္တရဟိတော– တရားမျက်ရည် အလီလီတို့၊ စီစီစီးကျ၊ တားမရအောင်၊ မုချပုံသေ၊ ကွယ်ပျောက်တော်မူလေပြီ။' ဣတိဣဒံဝစနံ– အဟည်မမှား၊ ဤစကားကို။ ဝတွာ– ပြောဆို၍၊ ကန္ဒန္တိ– ဘုရားကျေးဇူး၊ အထူးထူးလွမ်းတ၊ သတိရနေ၊ ငိုကြွေးကြပါပေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

http://www.dhammadownload.com



ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* နောက်ဆုံးစကား၊ မြတ်ဘုရား၊ ဟောကြား 'သတိ' ပါ။
* ရာဂတရား၊ မကင်းငြား၊ အမျှားငိုကြွေးရှာ။
* တရားမျက်ရည်၊ အလီလီ၊ စီစီးကျလာ။
* ဘုန်းတော်ကြီးမား၊ မြတ်ဘုရား၊ မြန်ငြားဝင်စံတာ။
* ကောင်းသောစကား၊ ပြောဘုရား၊ မြန်ငြားဝင်စံတာ။
* လူနတ်မျက်စိ၊ မြတ်မုနိ၊ မြန်ဘိကွယ်ပျောက်တာ။
* ပညာမျက်စိ၊ ဘုရားရှိ၊ မြန်ဘိကွယ်ပျောက်တာ။
* ဤစကားကို၊ ပြောကြားဆို၊ ငိုငိုပူဆွေးရှာ။

ကဲ- ကဲ "နောက်ဆုံးစကား+ တရားမျက်ရည်" ပြီးသွားပြန်တော့ 'နောက်ဆုံးစကား+ တရားနဲ့ဖြေ' ဆိုတဲ့အခိပ္ပါယ်ကို ဆက်ပြီးတော့ နာကြားကြရမယ်နော်။ (မှန်လှပါဘုရား)

နောက်ဆုံးစကားတော်က သတိပါပဲ။ ဒါ ရှေ့က ပြောခဲ့ပြီးပြီ။ တရားနဲ့ ဖြေဆိုတာပဲ ပြောဖို့ကျန်တော့တယ်နော်။ (မှန်လှပါဘုရား)

ရာဂကင်းပြီးတဲ့ (အနာဂါမ်၊ ရဟန္တာဖြစ်ပြီးတဲ့) လူတွေ နတ်တွေ ရဟန်းသံဃာတော်တွေကတော့ 'ပြုပြင်ရတဲ့ သင်္ခါရတရားတွေဟာ မမြဲသောသဘော ရှိတယ်။ အဲဒီအမြဲမရှိတဲ့ သင်္ခါရတရားထဲမှာ အကျုံးဝင်နေတဲ့ မြတ်စွာဘုရားရဲ့ ခန္ဓာကိုယ်ကို အဘယ်မှာမပျက်စီးရအောင် တားဆီးလို့ ရနိုင်မှာလဲ။ ဖြစ်လာသမျှ သင်္ခါရတွေဟာ အစဉ်ထာဝရပျက်စီးများပဲ' လို့ ဝမ်းနည်းမှု ပူဆွေးမှု ငိုကြွေးမှု မဖြစ်ဘဲ တရားနဲ့ဖြေကြပါတယ်။

မေး။ ။ အနာဂါမ် ရဟန္တာတွေက ဘာနဲ့ဖြေကြသတဲ့လဲ။

ဖြေ။ ။ တရားနဲ့ဖြေကြပါတယ်ဘုရား။

မေး။ ။ ဘာတရားတွေနဲ့ ဖြေကြသတဲ့လဲ။

ဖြေ။ ။ သတိတရား၊ ပညာတရားတွေနဲ့ ဖြေကြပါတယ်ဘုရား။

ဒီတော့ ရာဂမကင်းသေးတဲ့ (အနာဂါမ်၊ ရဟန္တာမဖြစ်သေးတဲ့) သူတွေအတွက် 'နောက်ဆုံးစကား+ တရားမျက်ရည်''၊ ရာဂကင်းပြီးတဲ့ (အနာဂါမ်+ ရဟန္တာဖြစ်ပြီးတဲ့) သူတွေအတွက် 'နောက်ဆုံးစကား+ တရားနဲ့ဖြေ' လို့

http://www.dhammadownload.com



ဒီလို ဒီနေ့ဟောတဲ့တရားတော်ကို နှစ်ပိုင်းခွဲပြီးတော့ မှတ်ရ နာကြားရမယ်နော်။ (မှန်လှပါဘုရား)

ယေ ပန တေ ဘိက္ခူ ဝီတရာဂါ၊ တေ သတာ သမ္ပဇာနာ အဓိဝါသေန္တိ 'အနိစ္စာ သင်္ခါရာ၊ တံ ကုတေတ္ထ လဗ္ဘာ' တိ။ (သုတ်မဟာဝါ ပါဠိ၊ ၁၂၉)

ယေပနတေဘိက္ခူ– အကြင်ရဟန်းတို့သည်ကား။ ဝီတရာဂါ– ကင်းသောရာဂ ရှိကြကုန်၏။ တေဘိက္ခူ– ထိုရဟန်းတို့သည်။ သတာ– မပြတ်မလတ်၊ အမှတ်ရဘိ၊ သတိရှိကုန်သည်။ သမ္ပဇာနာ– ကောင်းစွာအပြား၊ သိတတ်ငြားသည့်၊ ပညာရှိကုန်သည်။ (ဟုတွာ– ဖြစ်၍) အဓိဝါသေန္တိ– သည်းခံကုန်၏။ (ကိံ အဓိဝါသေန္တိ– အဘယ်သို့ သည်းခံကုန်သနည်းဟူမူကား။ အဘယ်သို့ တရားနဲ့ဖြေကြကုန်သနည်းဟူမူကား) သင်္ခါရာ– ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့သည်။ အနိစ္စာ– မှတ်စွဲကာကြည့်၊ အမြဲမရှိကုန်။ ဧတ္ထ– ရှုကြည့်အများ၊ ဤသင်္ခါရတရားတို့၌။ ပရိယာပန္န– အဆုံးအစဉ်၊ အကျုံးဝင်သော။ တံတထာဂတသရီရံ– ဆိုငြားလေသော်၊ ထိုဘုရားကိုယ်တော်ကို။ ကုတော– ရှုပြောသေချာ၊ အဘယ်မှာလျှင်။ အပလုဇ္ဇနတ္ထာယ– အဟုတ်အပြီး၊ မပျက်စီးစိမ့်သောငှာ။ လဗ္ဘာ– မှတ်ပါသန့်သန့်၊ ရပါအံ့နည်း' ဣတိ မနသိကတွာ– ဤသို့ ဆင်ခြင်နှလုံးသွင်း၍။ အဓိဝါသေန္တိ– သည်းခံကြကုန်၏။ (ဝါ) မမှားမသွေ၊ တရားနဲ့ဖြေကြပါပေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* နောက်ဆုံးစကား၊ မြတ်ဘုရား၊ ဟောကြားသတိပေး။
* ရာဂတရား၊ ကင်းစင်ငြား၊ အများရဟန်းတွေ။
* သတိ ပညာ၊ ရှိကြကာ၊ မှန်စွာသည်းခံနေ။
* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ မုချမမြဲဖြေ။
* သင်္ခါရတွင်၊ အကျုံးဝင်၊ မြတ်ရှင်ကိုယ်ကိုလေ။
* မပျက်စီးရန်၊ တားဆီးကြံ၊ အမှန်မရပေ။
* သတိ ပညာ၊ ဤနှစ်ဖြာ၊ ရှိကာတရားဖြေ။
* တရားနဲ့သာ၊ ဖြေကြရှာ၊ တဏှာကင်းသူတွေ။
* အနာဂါမ်ပါ၊ ရဟန္တာ၊ သေချာမှတ်ကြလေ။
* ဒေါသ ဒေါမနဿ၊ ပယ်ပြီးလတ်၊ အမြတ်ပုဂ္ဂိုလ်တွေ။

http://www.dhammadownload.com



ဒီနေ့ဘဝတစ်ပါး ပြောင်းသွားကြတဲ့ ကျေးဇူးကြီးမား မိဘ ဆရာသမား တွေကို ရည်စူးပြီးတော့ ကုသိုလ်ပြုကြတဲ့ ဒကာ ဒကာမတွေရဲ့အပေါ်မှာ အဲဒီ အမေ အဖေ၊ ဆရာသမားတွေဟာ တကယ်ကျေးဇူးတွေ မကြီးမားကြ ဘူးလား။ (ကြီးမားကြပါတယ်ဘုရား)

အဲဒီလို ကျေးဇူးကြီးမားတော့ ကျေးဇူးတွေကို လွမ်းတ သတိရပြီးတော့ မျက်ရည်တွေ ကျမလာဘူးလား။ (ကျလာပါတယ်ဘုရား)

အဲဒီကျလာတဲ့ မျက်ရည်တွေဟာ သူတစ်ပါးတွေကို ထိခိုက်နစ်နာမှုတွေ ဖြစ်စေသလား။ (မဖြစ်စေပါဘူးဘုရား)

ဒါဆိုရင် အဲဒီမျက်ရည်တွေဟာ ဘာမျက်ရည်တွေပါလိမ့်။ (တရားတဲ့ မျက်ရည်၊ တရားမျက်ရည်တွေပါဘုရား)

ကိုယ့်မိဘ ဆရာသမားနဲ့ပတ်သက်လို့ ကျလာတဲ့မျက်ရည်တွေဟာ တရား တဲ့မျက်ရည်တွေလား၊ မတရားတဲ့မျက်ရည်တွေလား။ (တရားတဲ့မျက်ရည်တွေပါ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားပါလိမ့်။ (နောက်ဆုံးစကား+ တရားမျက်ရည်) ပါဘုရား။

အနာဂါမ်၊ ရဟန္တာတွေ မဖြစ်သေးတော့ တရားနဲ့ဖြေနိုင်ကြသေးရဲ့လား။ (မဖြေနိုင်ကြသေးပါဘူး ဘုရား)

'နောက်ဆုံးစကား+ တရားမျက်ရည်' ဆိုတာ ဘယ်သူတွေပါလိမ့်။ (အနာဂါမ်၊ ရဟန္တာ မဖြစ်ကြသေးသူတွေပါဘုရား)

တရားနဲ့ဖြေနိုင်ကြသူတွေဟာ ဘယ်သူတွေပါလိမ့်။ (အနာဂါမ်၊ ရဟန္တာ တွေပါ ဘုရား)

ယနေ့ မိဘဆရာသမားတွေအတွက် ရည်စူးပြီးတော့ ကုသိုလ်ပြုပေးနေ ကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ 'တရားမျက်ရည်' ကနေ 'တရားနဲ့ဖြေ' နိုင်အောင် ကြိုးစားရမယ်နော်။ (မှန်လှပါဘုရား)

ဘယ်တရားတွေနဲ့ဖြေရမလဲဆိုရင် သတိတရား၊ ပညာတရားတွေနဲ့ ဖြေ ရမယ်။

ဘယ်တရားနဲ့ ဖြေရမတဲ့လဲ။ (သတိတရား၊ ပညာတရားနဲ့ ဖြေရမှာပါ ဘုရား)

http://www.dhammadownload.com



နောက်ပြီးတော့ သဟာမွတိဗြဟ္မာ ရွတ်ဆုံသံဝေဂယူတဲ့ ဂါထာတရား၊ သိကြားမင်း ရွတ်ဆိုသံဝေဂယူ ရှုပွားတဲ့ဂါထာတရားတွေ၊ အဲဒီ ဂါထာတွေမှာ လာတဲ့အတိုင်း သီကုံးရေးစပ်ထားတဲ့ လင်္ကာတရားတွေနဲ့လည်း ဖြေရမယ်နော်။ (မှန်လှပါဘုရား)

ကဲ- တရားသိမ်းကြရအောင်၊ လင်္ကာလေးတွေ လိုက်ဆိုကြ

* နောက်ဆုံးစကား၊ မြတ်ဘုရား၊ ဟောကြားသတိပါ။
* တရားမျက်ရည်၊ တရားတည်၊ ဖြေဆည်ခွဲခြားနာ။
* ရာဂတရား၊ မကင်းငြား၊ တရားမျက်ရည်ပါ။
* ရာဂတရား၊ ကင်းစင်ငြား၊ တရားဖြေဆည်ရာ။
* ယနေ့ဟောကြား၊ မြတ်တရား၊ မှတ်သားသေသေချာ။
* ဖြေဆည်နိုင်အောင်၊ သတိဆောင်၊ ခုနောင်ကြိုးစားပါ။
* ဖြေဆည်နိုင်အောင်၊ ပညာဆောင်၊ ခုနောင်ကြိုးစားပါ၊
* မျက်ရည်မှသည်၊ တရားဆီ၊ အားတည်ကြိုးစားပါ။
* ဗြဟ္မာ သိကြား၊ ဂါထာများ၊ ရွတ်ပွားဖြေဆည်ပါ။
* ရုပ် နာမ် ဓမ္မ၊ သင်္ခါရ၊ ရှုကြအနိစ္စာ။
* ရုပ် နာမ် ဓမ္မ၊ သင်္ခါရ၊ ဒုက္ခတွေချည်းပါ။
* ရုပ် နာမ် ဓမ္မ၊ သင်္ခါရ၊ ရှုကြအနတ္တာ။
* အနိစ္စ ဒုက္ခ၊ အနတ္တ၊ သုံးဝဖြေဆည်ရာ။
* ဒါနကိုလည်း၊ မမေ့ဘဲ၊ ပြုမြဲသတိပါ။
* သီလကိုလည်း၊ မမေ့ဘဲ၊ ထိန်းမြဲသတိပါ။
* ဘာဝနာကိုလည်း၊ မမေ့ဘဲ၊ ပွားမြဲသတိပါ။

ကဲ- 'နောက်ဆုံးစကား+ တရားမျက်ရည်'၊ 'နောက်ဆုံးစကား+ တရားနဲ့ဖြေ' ဆိုတဲ့ တရားတော်ကို နာကြားပြီးတော့ ဘဝတစ်ပါးပြောင်းသွားတဲ့ မိဘ ဆရာသမားတွေကို အတူရကြပါစေလို့ အာရုံပြုပြီး ရေစက်သွန်းချ အမျှဝေကြရအောင်၊ လိုက်ပြီးတော့ ဆိုကြ၊

* အရှင်ဘုရား၊ တပည့်တော်တို့သည် ဘဝတစ်ပါး ပြောင်းသွားသော (.....) ၏ (ပ) ခံစား စံစားနိုင်ပါစေ။

http://www.dhammadownload.com



တပည့်တော်တို့သည်လည်း (.....) ရဲ့ ကျေးဇူး အထူးထူးကို သိရှိပိုကာ ကျဆင်းလာကြား၊ တရားမျက်ရည် အလီလီကို သတိမိုလ်နဲ့ ဖြေဆည်နိုင်သူ ဖြစ်ကြရ၍ မဂ္ဂ၊ ဖလ်၊ အေးနိဗ္ဗာန်သို့ အမြန်ရောက်လို တောင်းဆုဆိုကြပါကုန်၏။

* ယနေ့ ယခု ဘဝတစ်ပါး ပြောင်းသွားသူ (.....) အား ရည်စူး၍ (ပ) သာဓု၊ သာဓု၊ သာဓု။

မှတ်ချက်။ ။ * (.....) ၌ အမည်ထည့်ပါ။ (ပ) ပေယျာလမှန်သမျှကို 'အသက်တွေက ကုန်လွယ်လှ' ရေစက်ချအတိုင်း မှတ်ပါ။
* အန္တိမ အင်္ဂရျာပန (ဘုန်ကြီးပျံ) ပွဲတိုင်းဟောပါ။
* အသုဘ (နာရေး) ပွဲတိုင်း။ သဗ္ဗေဝနိက္ခိပိဿန္တိဂါထာ၊ အနိစ္စာဝတ ဂါထာတို့ကို အဓိကဟောပါ။

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ+ ဝိမာနဝတ္ထုပါဠိတော်+ ဣတ္ထိဝိမာန+ မဉ္ဇိဋ္ဌကဝဂ်+ ပီတဝိမာနဝတ္ထု လာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍ အနည်းငယ်မျှ ဟောကြား ပြောကြားအပ်သော "ကောင်းကျိုးတွေက + အတူရ" တရားတော်

ယနေ့ ဗုဒ္ဓါဘိသေက (ဘုရားအနေကဇာတင်) ပွဲမှာ ဘုရားအမျှုးထားတဲ့ သံဃာတော်အရှင်မြတ်တွေကို မွန်မြတ်လှတဲ့ ဆွမ်း ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတွေနဲ့ ဆက်ကပ်လှူဒါန်းကော်ရော် ပူဇော်ကြတဲ့ ဒကာ ဒကာမတွေရဲ့ စိတ်ထဲမှာ

၁။ သက်တော်ထင်ရှား မြတ်စွာဘုရား၊

၂။ ပရိနိဗ္ဗာန်ဝင်စံကြွသွားတဲ့ မြတ်စွာဘုရား ရယ်လို့ ဘုရားနှစ်ဆူအာရုံ ယူထားရမယ်။

ယနေ့ ဒကာ ဒကာမတွေ သက်ဇော်ထင်ရှား မြတ်စွာဘုရားကို မတွေ့ လိုက်ရ၊ မဖူးမျှော်လိုက်ရပေမယ့် ဝမ်းနည်းစရာတော့ မဟုတ်ပါဘူး။

ဘာကြောင့်လဲဆိုတော့ ယနေ့ ဟောပြမည့်ဂါထာတော်က အားရစရာ ကောင်းလို့ပါပဲ။

ကဲ– အားရစရာကောင်းတဲ့ ဂါထာတော် ကြည်ညိုပူဇော်ကြည့်ရအောင်။

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမေ စိတ္တေ သမံ ဖလံ။

စေတောပဏိဓိ ဟေတုဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။

တိဋ္ဌန္တေ– သက်တော်ထင်ရှား၊ မြတ်စွာဘုရား၌သော်လည်းကောင်း။ နိဗ္ဗုတေစာပိ– ပရိနိဗ္ဗာန်၊ စံဝင်ကြွသွား၊ မြတ်စွာဘုရား၌သော်လည်းကောင်း။ (ဝါ) ပရိနိဗ္ဗာန်၊ ဝင်စံကြွသွား၊ မြတ်စွာဘုရား၏၊ ရုပ်ပွားဆင်းတု၊ ဓာတ်တော်စု၌ သော်လည်းကောင်း။ စိတ္တေ– မြတ်ဘုရားဂုဏ်၊ အလုံးစုံ၌၊ ယုံကြည်ပေတတ်၊ စိတ်ထားမြတ်သည်။ သမေ– သဒ္ဓါ+ ပညာ၊ မကွာအတူ၊ ညီမျှပါမူကား။ သမံဖလံ– ကောင်းကျိုးရဟာန်၊ အတန်တန်လည်း၊ အမှန်မသွေ၊ တန်းတူရရှိနိုင် ပါပေ၏။

http://www.dhammadownload.com



ကဲ- ယနေ့ ဒကာ ဒကာမတွေ ဘယ်လောက်ကျေနပ်အားရစရာ ကောင်းသလဲ။ သက်တော်ထင်ရှား မြတ်စွာဘုရားကိုပဲဖြစ်ဖြစ်၊ ပရိနိဗ္ဗာန်ဝင်စံ ကြွသွားတော်မူတဲ့ မြတ်စွာဘုရားရဲ့ ကိုယ်စား ကိုယ်ပွားဖြစ်တဲ့ ယနေ့ အနေကဇာ တင်လိုက်တဲ့ ရုပ်ပွားဆင်းတုတော်မှာပဲဖြစ်ဖြစ်၊ ဓာတ်တော် ဆံတော်တွေမှာပဲ ဖြစ်ဖြစ် ယုံကြည်တဲ့သဒ္ဓါ၊ အသိဉာဏ်ပညာ ဒီနှစ်ခုအတူထားပြီးတော့ ကိုးကွယ် ပူဇော်ကြရင် ကိုးကွယ်ပူဇော်ကြတဲ့ ဒကာ ဒကာမတွေမှာ (နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါတွေမှာ) သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရသလို ကောင်း ကျိုးတွေ အတူရပါတယ် တဲ့။

ဒီတော့ ရုပ်ပွားတွေ၊ ဆင်းတုတော်တွေ၊ ဓာတ်တော်တွေ၊ ဓာတ်ပုံတွေ (ပန်းချီကားတွေ)၊ ဆံတော်တွေ၊ စွယ်တော်တွေကို ပူဇော်တဲ့အခါမှာ မိမိရဲ့စိတ် က သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်နေရသလို သဒ္ဓါ၊ ပညာ အတူထားပြီးတော့ ပူဇော်ဖို့ လိုတယ်နော်။ (မှန်လှပါဘုရား)

ဘုရားရဲ့ပုံပေါ်မှာ အရဟတာ အစလာတဲ့ ဂုဏ်တော်တွေကို ရောက် အောင် ပွားများရမယ်။ သဒ္ဓါ၊ ပညာ အတူမထားတတ်ရင်တော့ ကောင်းကျိုး တွေ အတူရနိုင်ပါ့မလား။ (မရနိုင်ပါဘူးဘုရား)

ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး အသီးသီးတွေ ဆက်ကပ်လှူဒါန်းတဲ့အခါ မှာလည်း သက်တော်ထင်ရှား မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး တို့ရဲ့ အိမ်မှာ ကြွရောက်ပြီးတော့ ဘုဉ်းပေးသုံးဆောင်နေတော်မူတယ်လို့ စိတ်က မှန်းပြီးတော့ ဆက်ကပ်ပူဇော်ရမယ်။

အဲဒီလို ပုံပေါ်မှာ ဂုဏ်ဖော်ပြီးတော့ သဒ္ဓါ ပညာအတူထားကာ ဆက် ကပ် ပူဇော်ရင် သက်တော်ထင်ရှား မြတ်စွာဘုရားကို ဆက်ကပ်လှူဒါန်းပူဇော်ရ သလို ကောင်းကျိုးတွေ အတူရနိုင်တယ်လို့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား)

ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ။ (ကောင်းကျိုးတွေက အတူရ ပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ။

*သက်တော်ထင်ရှား၊ မြတ်ဘုရား၊ ကိုယ်စားဓာတ်တော်မှာ။

*သက်တော်ထင်ရှား၊ မြတ်ဘုရား၊ ရုပ်ပွားစေတီမှာ။

*သက်တော်ထင်ရှား၊ မြတ်ဘုရား၊ ကိုယ်စားဆင်းတုမှာ။

http://www.dhammadownload.com



*သက်တော်ထင်ရှား၊ မြတ်ဘုရား၊ ကိုယ်စားစွယ်တော်မှာ။
*သက်တော်ထင်ရှား၊ မြတ်ဘုရား၊ ကိုယ်စားပုံတော်မှာ။
*ယုံကြည်သိဉာဏ်၊ တူကြပြန်၊ တူဟန်ကောင်းကျိုးမှာ။
*ကောင်းကျိုးတွေက၊ အတူရ၊ နေ့ညတ်မှတ်စရာ။
*ပုံတော်မှာပင်၊ ဂုဏ်တော်တင်၊ အစဉ်ပူဇော်ပါ။

ကဲ– နောက်တစ်ပိုဒ် ဆက်နာကြည့်လိုက်

ဟီ– အပိုမကြွား၊ ထိုစကားကို မှန်ငြားမှန်ရာ၊ ဆိုလိုက်ပါယေအံ့။ သတ္တာ– ရှင်လူများစွာ၊ သတ္တဝါတို့သည်။ စေတောပဏိဓိဟေတု– စိတ်ထားကောင်းခြင်း၊ အကြောင်းရင်းကြောင့်။ သုဂ္ဂတိံ– လူပြည်၊ နတ်ပြည်၊ အလီလီကောင်းလှ၊ သုဂတိဘုံဘဝသို့။ ဂစ္ဆန္တိ– အောက်ကျ နောက်ကျ၊ ကင်းဝေးရကာ၊ ရောက်ကြရပါပေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဟော– ကြည့်လိုက်စမ်း၊ ဘယ်လောက်ထိအောင် အားရစရာကောင်းသလဲဆိုရင် ဘုရားအနေကဇာတင်တဲ့ စိတ်ထားကောင်း၊ စိတ်ထားမြတ်တွေယခု အနေကဇာတင်အကြောင်း တရားတော်နာကြားနေတဲ့ စိတ်ထားကောင်း၊ စိတ်ထားမြတ်တွေ အနေကဇာတင်ပွဲတော် ကြွရောက်လာကြတဲ့ သံဃာတော်အရှင်သူမြတ်တွေကို ဆွမ်းစတဲ့ လှူဖွယ်ဝတ္ထုအစုစုတွေ လှူဒါန်းပူဇော်ခြင်းဆိုတဲ့ စိတ်ထားကောင်း စိတ်ထားမြတ်တွေကြောင့် လူ့ဘဝ၊ လူ့ခန္ဓာကိုယ်ကြီး စွန့်ပြီးတော သွားရတဲ့ (သေဆုံးသွားတဲ့) အခါမှာလည်း လူ့ဘဝ၊ နတ်ဘဝ ကောင်းမြတ်တဲ့ သုဂတိတွေကိုပဲ မုချပိုင်ပိုင် ရောက်နိုင်ပါတယ်တဲ့။

ဘယ်တော့မှ အောက်တန်း နောက်တန်းကျတဲ့ဘဝတွေကို (အပါယ်လေးပါး) တွေကို မရောက်နိုင်တော့ပါဘူး။ ဒီတော့ ဒီနေ့ ဘုရားဒကာ ဘုရားဒကာမတွေ ဘုရားအနေကဇာတင်တာ၊ ဘုရားလှူတာ၊ ဘုရားပူဇော်တာတွေဟာ ခုဘဝ နောက်ဘဝ ကောင်းကျိုးရတဲ့အတွက် အားရစရာ မကောင်းဘူးလား။ (အားရစရာကောင်းပါတယ်ဘုရား)

ဟိုတုန်းက ဒီ 'ပီတဝိမာနဝတ္ထု' မှာလာတဲ့ ပန်းဒကာမလေးတစ်ယောက်ဟာ အဇာတသတ်မင်း တည်ထားတဲ့ ဓာတ်တော်စေတီကို သပွတ်ခါးပန်းလေးပွင့်နဲ့ ပူဇော်ဖို့အသွား လမ်းမှာ နွားမကြီးတစ်ကောင်က ဝှေ့သတ်လိုက်တဲ့အတွက်

http://www.dhammadownload.com



စေတီကို ရောက်အောင် ပန်းမပူဇော်နိုင်ခဲ့ဘဲ သေဆုံးပြီး နတ်ပြည်ကိုရောက်သွားပါတယ်။ ရွှေနတ်သမီး ဖြစ်သွားပါတယ်။

ဒီနေ့ ဒကာ ဒကာမတွေကတော့ ကိုယ်တိုင် ဘုရား တရား သံဃာ ရတနာ သုံးပါးလုံးကို မပူဇော်နိုင်ဘူးလား။ (ပူဇော်နိုင်ပါတယ်ဘုရား)

အဲဒီ ရွှေနတ်သမီးဖြစ်ရသူ ဒကာမလေးထက် ကောင်းကျိုးတွေ ပိုပြီးတော့ မရနိုင်ဘူးလား။ (ရနိုင်ပါတယ်ဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်။

*စိတ်ထားမှန်ကန်၊ ကောင်းကြပြန်၊ ရောက်ဟန်ထက်နတ်ရွာ။

*ရွှေနတ်သမီး၊ ပမာမှီး၊ အပြီးသိကြပါ။

*ကောင်းကျိုးတွေက၊ အတူရ၊ ဟောပြတရားစာ။

*ဒီနေရာဝယ်၊ ကဗျာခြယ်၊ တကယ်ပြီးသွားတာ။

မှတ်ချက်။ ။ *အနေကဇာတင်ပွဲတိုင်း၊ ဘုရားပွဲတိုင်း၊ နှစ်ကိုပ်ရှစ်ဆူပူဇော်ပွဲတိုင်း၊ ဘုရားပန်းကပ်၊ ဆွမ်းကပ်၊ ရေချမ်းကပ်၊ သင်္ကန်းကပ်၊ ဆီမီးကပ်လှူပွဲတိုင်း ဟောနိုင်ပါသည်။

✪

http://www.dhammadownload.com

ခုဒ္ဒကနိကာယ+ ထေရာပဒါနပါဠိတော်+
ဗုဒ္ဓဝဂ်+ ဗုဒ္ဓအပါဒန်လာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍ ဟောကြား
ပြောကြားအပ်သော

## "မကြဲစည်အပ် + အကျိုးမြတ်"

တရားတော်

ယနေ့ ဗုဒ္ဓါဘိသေက (ဘုရားအနေကဇာတင်) ကြတဲ့ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့ရဲ့ အလှူပွဲမှာ တိုတိုကျဉ်းကျဉ်း လိုရင်းမိမိ ဟောခဲ့ပါမယ်။

'တရားတိုမှ၊ စကားချိုမှ' ဆိုတဲ့ ဆောင်ပုဒ်ကို အမြဲကိုင်ပြီးတော့ ဒီလို နံနက် ဆွမ်းကပ်၊ နေ့ဆွမ်းကပ်ပွဲတွေမှာ ဦးဇင်းတို့ကတော့ ငါးမိနစ်၊ အလွန်ဆုံး (၁၀) မိနစ်၊ (၁၅) မိနစ်လောက်ပဲ ဟောပါတယ်။

တရားဟော ဓမ္မကထိက ဆိုတာ ကာလ ဒေသ ပုဂ္ဂလကိုသိမှ ကောင်းပါတယ်။ မသိရင် အချိန်အခါနဲ့ အလုပ်လုပ်နေသူတွေမှာ စိတ်ဆင်းရဲမှု ဖြစ်စေတတ်ပါတယ်။

ကဲ- 'မကြဲစည်အပ်+ အကျိုးမြတ်' ဆိုတဲ့တရားတော် ဟောကြ နာကြရအောင်

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။

အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဗုဒ္ဓါ- သစ္စာသိမြင်၊ ဘုရားရှင်တို့ကို။ ဧဝံ အစိန္တိယာ- ဤသို့ပိုင်ပိုင်၊ မကြံစည်နိုင်ကုန်။ (ဝါ) ဤသို့တွေးရင်း၊ ကြံစည်ခြင်းငှာ၊ မတတ်သာကုန်။ ဗုဒ္ဓဓမ္မာ- ရှင်တော်ဟောထား၊ သတိပဋ္ဌာန်စတဲ့ တရားတော်တို့ကို။ (ဝါ) တရားသိမြင်၊ ဘုရားရှင်တို့၏၊ အစဉ်အကျော်၊ တရားတော်တို့ကို။ အစိန္တိယာ- ကြံစည်ခြင်းငှာ၊ မတတ်သာကုန်။ အစိန္တိယာ- ကြံစည်ခြင်းငှာ၊ မတတ်သာသည့်၊ မြတ်စွာဘုရား၊ မြတ်တရား၌။ ပသန္နာနံ- သဒ္ဓါပိုမို၊ ကြည်ညိုကြသူ၊ နတ်နှင့်လူတို့အား။ အစိန္တိယော- မှန်စွာပိုင်ပိုင်၊ မကြံစည်နိုင်သော။ ဝိပါကော၊ လူ၊

http://www.dhammadownload.com



နတ်၊ နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ ဆိုအပ်ပါသည့်၊ သချာတွက်ရေ၊ မရချေများ၊ အကျိုးတရားသည်။ ဟောတိ– ဗုဒ္ဓ ဓမ္မ၊ အစွမ်းလှကြောင့် ဆန်းရပုံသေ၊ ဖြစ်နိုင်ပေ၏။

ဒီဂါထာ ဆိုလိုတာက ဘုရားနဲ့ တရားတော်တွေကို မကြံစည်ကြနဲ့တဲ့။ မကြံစည်နိုင်လောက်အောင် ကျေးဇူးတော်တွေ၊ ဂုဏ်တော်တွေ ရှိကြတယ်လို့ စိတ်ထဲက သဘောကျ နှစ်သက်ကြည်ညိုနေရမှာနော်။ (မှန်လှပါဘုရား)

ဘုရားရဲ့ဂုဏ်တော်တွေဟာ တကယ်တော့ ဘယ်လောက်များတယ်၊ ဘယ်လောက်ကြီးတယ်၊ ဘယ်လောက်ရှိတယ်လို့ ပြောဆိုရေတွက်ခြင်းငှာ ဘယ်သူမှ မစွမ်းနိုင်ပါဘူး။

ဘုရားရှင်ရဲ့ဂုဏ်ကို ဘုရားရှင်ကိုယ်တိုင်ကပင် မဟာကပ်တစ်ကပ်လုံး အခြားစကားတွေ မပြောမဆိုဘဲ ချီးမွမ်းနေငြားအံ့၊ မဟာကပ်သာ ကုန်သွားမယ်၊ မြတ်စွာဘုရားရဲ့ဂုဏ်ကို ချီးမွမ်းပြောဆိုလို့ မကုန်နိုင်ပါဘူးလို့ (သီလက္ခန်၊ ဋ္ဌ– ၂၅၇) မှာ

ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ၊
ကပ္ပမ္ပိ စေ အညမဘာသမာနော။
ခီယေထ ကပ္ပေါ စိရဒီဃ မန္တရေ၊
ဝဏ္ဏော နခီယေထ တထာဂတဿ

ဟု ဖွင့်ပြတော်မူပါတယ်။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ။

* သဗ္ဗာသိမြင်၊ ဘုရားရှင်၊ အစဉ်မကြံနဲ့။
* ရှင်တော်ဟောထား၊ မြတ်တရား၊ အများမကြံနဲ့။
* ကြံစည်ခြင်းငှာ၊ မတတ်သာ၊ တွေးကာကြည်ညိုကြွ။
* ဘုရားဂုဏ်အင်၊ ဘုရားပင်၊ ပြောလျှင် မကုန်တဲ့။

ဒီတော့ တရားနာပရိသတ်၊ ဘုရားကို (ဘုရားရှင်ရဲ့အကြောင်းအရာတွေကို) ကြံစည်ရမှာလား၊ ကြည်ညိုရမှာလား။ (ကြည်ညိုရမှာပါဘုရား)

ကိုယ့်ရဲ့ဉာဏ် နမ်းစိလောက်နဲ့ ဘုရားရဲ့အံ့ဩစရာကောင်းတဲ့အကြောင်းတွေကို သွားပြီးတော့ မကြံနဲ့၊ မူးသွား ရူးသွားမယ်နော်။ (မှန်လှပါဘုရား)

ဘုရားဟောခဲ့တဲ့ တရားတွေက နည်းနည်းလေးလား၊ အများကြီးလား။ အများကြီးပါဘုရား)

http://www.dhammadownload.com



ဟုတ်တယ်၊ အများကြီးပါ အင်္ဂကထာက

ဗုဒ္ဓမမှာတိ ဗုဒ္ဓေဟိ ဒေသိတာ စတ္တာရော သတိပဋ္ဌာနာ (ပ) အဋ္ဌင်္ဂိကော မဂ္ဂေါ ပဉ္စက္ခန္ဓာ ဟေတုပစ္စယော အာရမ္မဏပစ္စယောတိ အာဒယော ဓမ္မာ၊ ဗုဒ္ဓါနံဝါ သဘာဝါ အစိန္တိယာ စိန္တေတုံ အသက္ကုဏေယျာ လို့ ဖွင့်ပြပါတယ်။

အဲဒီများပြားတဲ့ မြတ်စွာဘုရား ဟောထားတဲ့ တရားတွေဟာ ဘာတွေလဲ ဆိုရင် သတိပဋ္ဌာန်လေးပါးစတဲ့ ဗောဓိပက္ခိယတရား (၃၇) ပါး၊ ခန္ဓာ (၅) ပါး၊ ဟေတုပစ္စယောစတဲ့ ပဋ္ဌာန်းတရားတော်တွေပါပဲ။

အဲဒီ ဘုရားနဲ့ တရားတော်တွေကို ကြည်ညိုပူဇော်တဲ့သူတွေမှာ (ယနေ့ ဘုရား ဒါယကာ ဒါယိကာမတွေမှာ) လည်း မကြံစည်နိုင်လောက်အောင် ရေတွက်လို့မရနိုင်လောက်အောင် လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ဆိုတဲ့ ချမ်းသာတွေကို မုချပိုင်ပိုင် ရရှိနိုင်ပါတယ်။

မကြံစည်အပ်၊ မကြံစည်နိုင်လောက်အောင် ကျေးဇူးတော် ဂုဏ်တော်တွေနဲ့ ပြည့်စုံတဲ့ဘုရားတို့၊ တရားတို့ကို ပူဇော်လှူဒါန်းတော့ မကြံစည်နိုင်အောင် ရေတွက်လို့ မရနိုင်လောက်အောင် (မရေတွက်နိုင်အောင်) လူ၊ နတ်၊ နိဗ္ဗာန် ချမ်းသာမှန်တွေ မရကြဘူးလား။ (ရကြပါတယ်ဘုရား)

ယနေ့ ဘုရားဒကာ ဘုရားဒါယိကာမတွေ ရရှိတဲ့အကျိုးက ကြံစည်လို့ (ရေတွက်လို့) ရနိုင်ပါ့မလား။ (မရနိုင်ပါဘူးဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားက ဘာတရားတဲ့လဲ။ (မကြံစည်အပ်+အကျိုးမြတ်) တရားတော်ပါဘုရား။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ။

*မကြံစည်အပ်၊ ဘုရားမြတ်၊ မပြတ်ကြည်ညိုသူ။

*မကြံစည်အပ်၊ တရားမြတ်၊ မပြတ်ကြည်ညိုသူ။

*မကြံစည်အပ်၊ သံဃာမြတ်၊ မပြတ်ကြည်ညိုသူ။

*လူ နတ် နိဗ္ဗာန်၊ ချမ်းသာမှန်၊ ဧကန်အမြတ်ယူ။

(ပသန္နာနံ ထေဒမနုဿာနံ၊ ဝိပါကော ဒေဝမနုဿသမ္ပတ္တိ နိဗ္ဗာနသမ္ပတ္တိ သင်္ခါတော စိန္တေတုံ အသက္ကုဏေယျော သချာတိက္ကန္တော။ အပဒါန ဋ္ဌ ၁-၁၂၈)

*မကြံစည်အပ်၊ အကျိုးမြတ်၊ မပြတ်ရတော်မူ။

မကြံစည်အပ်တဲ့ (မဝေဖန်အပ်တဲ့) ရတနာသုံးပါးအပေါ်မှာ သက်ဝင်

http://www.dhammadownload.com



ယုံကြည်လေးစား အရေးထားကာ ကြည်ညိုနိုင်ကြပြီး လူ နတ် နိဗ္ဗာန်ချမ်းသာ မှန်တွေကို အမြန်မကြာ ရရှိကြပါစေလို့ ဆုပေး ဆုတောင်းပြီး တရားသိမ်း လင်္ကာလေး လိုက်ဆိုကာ တရားသိမ်းကြပါစို့။

*ဘုရားဒကာ ဖြစ်ရတာ၊ ငါ့မှာဝမ်းသာဖွယ်။
*တရားဒကာ ဖြစ်ရတာ၊ ငါ့မှာဝမ်းသာဖွယ်။
*ရဟန်းဒကာ ဖြစ်ရတာ၊ ငါ့မှာဝမ်းသာဖွယ်။
*လူ နတ် နိဗ္ဗာန်၊ ချမ်းသာမှန်၊ ဧကန်ရရှိမယ်။
*မကြဲစည်အပ်၊ အကျိုးမြတ်၊ ဟောမှတ်ပြီးပြီကွယ်။

မှတ်ချက်။ ။ *အနေကဇာပွဲတိုင်း၊ ရတနာသုံးပါး ပူဇော်ပါတိုင်း၊ ပဋ္ဌာန်းပွဲတိုင်း၊ ပိဋကတ် စာအုပ်လှူဒါန်းပွဲတိုင်း၊ အလှူပွဲတိုင်း၊ မွေးနေ့ မင်္ဂလာပွဲ၊ အိမ်သစ်၊ တိုက်သစ်၊ ကျောင်း၊ ဆေးရုံသစ် ဖွင့်လှစ်ပွဲတိုင်း အစုံဟောပါ။

http://www.dhammadownload.com

# ဒီဃနိကာယ+ မဟာပရိနိဗ္ဗာနသုတ္တန်+ ပါဋလိပုတ္တနဂရမာပနကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "နတ်တွေစောင့်ရှောက် + ချမ်းသာရောက်" တရားတော်

တေန ခေါ ပန သမယေန သုနိဓဝဿကာရာ မဂဓမဟာမတ္တာ ပါဋလိဂါမေ နဂရံ မာပေန္တိ ဝဇ္ဇီနံ ပဋိဗာဟာယ။

တေနခေါပန သမယေန- ဗုဒ္ဓမြတ်စွာ၊ ဆိတ်ငြိမ်ရာတွင်၊ ကပ်၍ဝင်ရာ၊ ထိုအခါ၌။ သုနိဓဝဿကာရာ- သုနိဓ၊ ဝဿကာရအမည်ရှိကုန်သော။ မဂဓမဟာမတ္တာ- မာဂဓတိုင်း၏၊ အမတ်ကြီးတို့သည်။ ပါဋလိဂါမေ- ပါဋလိရွာ၌။ ဝဇ္ဇီနံ- ဝဇ္ဇီမင်းတို့ကို။ ပဋိဗာဟာယ- တားဆီးပိတ်ဆို့ခြင်းငှာ။ နဂရံ- မြို့ကို။ မာပေန္တိ- ကောင်းစွာမသွေ၊ ဖန်ဆင်းစီရင်တည်ဆောက်ကြပါပေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ဘုရားရှင် ကိုယ်တော်မြတ် ပါဋလိရွာသူရွာသားတွေကို တရားဟောကြားပြီးလို့ ရွာသူရွာသားတွေ ပြန်သွားတဲ့အခါမှာ ဆိတ်ငြိတ်ရာအရပ်ကို ဝင်တော်မူပါတယ်။

အဲဒီအခါမှာ သုနိဓနဲ့ ဝဿကာရဆိုတဲ့ အမတ်ကြီးတွေဟာ ဝဇ္ဇီမင်းတွေကို တားဆီးပိတ်ဆို့ရန်အတွက် ပါဋလိရွာမှာ မြို့တည်ထောင်ဖန်ဆင်းစီရင်နေကြပါတယ်။ ပါဋလိဆိုတဲ့ရွာကို အင်မတန်စည်ကားတဲ့မြို့ဖြစ်အောင် လုပ်နေကြတာနော်။ (မှန်လှပါဘုရား)

တေနသမယေန သမ္ဗဟုလာ ဒေဝတာယော သဟဿသော ပါဋလိဂါမေ ဝတ္ထူနိ ပရိဂ္ဂဏှန္တိ။

(အဲဒီလို ပါဋလိရွာကို မြို့ဖြစ်အောင် တည်ထောင်ကြတဲ့အခါမှာ များစွာသော နတ်တွေဟာ တစ်ထောင်တစ်စု၊ တစ်ထောင်တစ်စုအားဖြင့် ပါဋလိရွာမှာ အိမ်နေရာတွေ ယူနေကြတယ်။) အိမ်စောင့်နတ်တွေ၊ မြေစောင့်နတ်တွေက အိမ်မပြီးခင် ကြိုပြီးတော့ သူတို့ကရောက်နေကြပါတယ်။ ဒီနေရာကိုကြည့်ပြီး

http://www.dhammadownload.com



တော့ အိမ်စောင့်နတ်တွေ၊ မြေစောင့်နတ်တွေ ရှိတယ်ဆိုတာ သိကြ ယုံကြရမယ်နော်။ (မှန်လှပါဘုရား)

ဦးဇင်းတို့ ဒကာ ဒကာမတွေက ယုံပြီးသားပါ။ ဒါ ဦးဇင်းတို့ အထူးပြောစရာ မလိုတော့ပါဘူး။

ယသ္မိံ ပဒေသေ မဟေသက္ခာ ဒေဝတာ ဝတ္ထုနိ ပရိဂ္ဂဏှန္တိ၊ မဟေသက္ခာနံ တတ္ထ ရညံ ရာဇမဟာမတ္တာနံ စိတ္တာနိ နမန္တိ နိဝေသနာနိ မာပေတုံ။

(အကြင်အရပ်မှာ တန်ခိုးကြီးမားကြတဲ့ နတ်တွေ အိမ် နေရာတွေ ယူကြတယ်။ ထိုအရပ်မှာ တန်ခိုးကြီးမားကြတဲ့ မင်းတွေ၊ မင်းရဲ့အမတ်ကြီးတွေဟာ အိမ်နေရာ ဖန်ဆင်းတည်ဆောက်စီရင်ဖို့ စိတ်ညွတ်ကြပါတယ်။

ကဲ- လင်္ကာလေး လိုက်ဆိုကြ

*တန်ခိုးကြီးမား၊ နတ်အများ၊ ယူငြားအိမ်နေရာ။

*တန်ခိုးကြီးမြတ်၊ မင်း အမတ်၊ စိတ်ဓာတ်ညွတ်နေတာ။

ယသ္မိံပဒေသေ မဇ္ဈိမာ ဒေဝတာ ဝတ္ထုနိ ပရိဂ္ဂဏှန္တိ၊ မဇ္ဈိမာနံ တတ္ထ ရညံ ရာဇမဟာမတ္တာနံ စိတ္တာနိ နမန္တိ နိဝေသနာနိ မာပေတုံ။

(အကြင်အရပ်မှာ အလယ်အလတ် တန်ခိုးကြီးတဲ့နတ်တွေ အိမ်နေရာယူကြတယ်။ ထိုအရပ်မှာ တန်ခိုးအလယ်အလတ်ရှိတဲ့ မင်းတွေ၊ အမတ်တွေဟာ အိမ်နေရာဖန်ဆင်းတည်ဆောက် စီရင်ဖို့ စိတ်ညွတ်နေကြတယ်။)

ကဲ- လင်္ကာလေးလိုက်ဆိုကြ

*အလယ် အလတ်၊ တန်ခိုးနတ်၊ ယူမှတ်အိမ်နေရာ။

*အလယ် အလတ်၊ မင်း အမတ်၊ စိတ်ဓာတ်ညွတ်နေတာ။

ယသ္မိံ ပဒေသေ နီစာ ဒေဝတာ ဝတ္ထုနိ ပရိဂ္ဂဏှန္တိ၊ နီစာနံ တတ္ထ ရညံ ရာဇမဟာမတ္တာနံ စိတ္တာနိ နမန္တိ နိဝေသနာနိ မာပေတုံ။

(တန်ခိုး နိမ့်ကျတဲ့နတ်တွေ အိမ်နေရာယူကြတဲ့နေရာမှာ တန်ခိုးနိမ့်တဲ့ မင်းတွေ၊ အမတ်တွေ အိမ်နေရာဖန်ဆင်းတည်ဆောက်စီရင်ဖို့ စိတ်ဓာတ်တွေ ညွတ်နေကြပါတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ
*တန်ခိုးနည်းငြား၊ နတ်အများ၊ ယူထားအိမ်နေရာ။
*တန်ခိုးနိမ့်ငြား၊ နတ်အများ၊ ယူထားအိမ်နေရာ။
*တန်ခိုးနိမ့်ဇာတ်၊ မင်း အမတ်၊ စိတ်ဓာတ်ညွတ်နေတာ။

အဒ္ဒသာ ခေါ ဘဂဝါ ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန တာ ဒေဝတာယော သဟဿသော ပါဋလိဂါမေ ဝတ္ထူနိ ပရိဂ္ဂဏှန္တိယော။

(ဘုရားရှင် ကိုယ်တော်မြတ် တစ်ထောင်စီ၊ တစ်ထောင်စီ စုရုံးပြီးတော့ ပါဋလိရွာမှာ အိမ်နေရာ သိမ်းပိုက်ယူနေကြတဲ့ နတ်တွေကို အထူးသဖြင့် စင်ကြယ်တဲ့ လူတွေရဲ့မျက်စိထက်သာလွန်တဲ့ နတ်တို့ရဲ့မျက်စိနဲ့တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်တော်မူပါတယ်။)

ကဲ- လင်္ကာလေးတွ လိုက်ဆိုကြ
*တစ်ထောင်စီသာ၊ စုရုံးကာ၊ ရွာပါဋလိဝယ်။
*အိမ်နေရာတွေ၊ ယူကြပေ၊ နတ်တွေမြင်ရတယ်။

အထခေါ ဘဂဝါ ရတ္တိယာ ပစ္စူသသမယံ ပစ္စုဋ္ဌာယ အာယသ္မန္တံ အာနန္ဒံ အာမန္တေသိ 'ကေနုခေါ အာနန္ဒ ပါဋလိဂါမေ နဂရံ မာပေန္တီ' တိ။

(အဲဒီလိုအခါမှာ ဘုရားရှင်ကိုယ်တော်မြတ် ညဉ့်၏အဆုံး မိုးသောက်ယံ၌ လျောင်းစက်တော်မူရာမှ စောစောလေးထပြီးတော့ 'ချစ်သား အာနန္ဒာ- ပါဋလိရွာမှာ မြို့ဖြစ်အောင် တည်ထောင်ဖန်ဆင်းစီရင်နေတာ ဘယ်သူတွေလဲ' လို့ ရှင်အာနန္ဒာကို မေးတော်မူပါတယ်။)

သုနိဓဝဿကာရာ ဘန္တေ မဂဓမဟာမတ္တာ ပါဋလိဂါမေ နဂရံ မာပေန္တိ ဝဇ္ဇီနံ ပဋိဗာဟာယာတိ။

(အရှင်ဘုရား မာဂဓတိုင်းရဲ့ အမတ်ကြီးတွေဖြစ်တဲ့ သုနိဓနဲ့ ဝဿကာရတို့ ဝဇ္ဇီမင်းတွေကို တားဆီးပိတ်ဆို့ရန် ပါဋလိရွာကို မြို့ဖြစ်အောင် တည်ထောင်ဖန်ဆင်း စီရင်နေကြပါတယ်ဘုရား လို့ လျှောက်ထားတော်မူပါတယ်။

သေယျာထာပိ အာနန္ဒ ဒေဝေဟိ တာဝတိံသေဟိ သဒ္ဓိံ မန္တေတွာ၊ ဝေမေဝ ခေါ အာနန္ဒ သုနိဓဝဿာရာ မဂဓမဟာမတ္တာ ပါဋလိဂါမေ နဂရံ မာပေန္တိ ဝဇ္ဇီနံ ပဋိဗာဟာယ။

http://www.dhammadownload.com



(ချစ်သား အာနန္ဒာ၊ မဂဓတိုင်းရဲ့ အမတ်ကြီးတွေဖြစ်ကြတဲ့ သုနီဓနဲ့ ဝဿကာရတို့ဟာ ဝဇ္ဇီမင်းတွေကို တားဆီးပိတ်ဆို့ရန် ပါဋလိရွာကို မြို့ဖြစ်အောင် တည်ဆောက်နေကြတာဟာ တာဝတိံသာနတ်တွေနဲ့ တိုင်ပင်ဆွေးနွေးပြီးတော့ တည်ဆောက်ဖန်ဆင်းစီမံနေတာနဲ့တူတယ်။)

အိမ်တစ်အိမ်မှာ (သို့မဟုတ်) အမျိုးတစ်မျိုးမှာ ပညာရှိတစ်ယောက် ပေါ်ပေါက်လာရင် အဲဒီပညာရှိသူကို အကြောင်းပြုပြီးတော့ အဲဒီအိမ်က ပညာရှိတဲ့အိမ်၊ ပညာရှိတဲ့အမျိုးလို့ ထင်ပေါ်ကျော်ကြားသလို၊ ကျောင်းတစ်ကျောင်းမှာ ဗဟုသုတကြွယ်ဝတဲ့ အကြားအမြင်များတဲ့ ရဟန်းတစ်ပါးရှိရင် အဲဒီရဟန်းကို အကြောင်းပြုပြီးတော့ အဲဒီကျောင်းက ရဟန်းတွေဟာ ဗဟုသုတရှိကြတယ်လို့ ထင်ပေါ်ကျော်ကြားတဲ့ ကျောစောသံတွေဖြစ်သလို၊ နတ်တို့ရဲ့အရှင်ဖြစ်တဲ့ သိကြားမင်းနဲ့ ဝိသကြံနတ်သားကို အကြောင်းပြုပြီးတော့ တာဝတိံသာနတ်တွေဟာ ပညာရှိကြတယ်လို့ ထင်ပေါ်ကျော်စောသံတွေ ပျံ့နှံ့နေတဲ့အတွက်ကြောင့် တာဝတိံသာနတ်တွေနဲ့ တိုင်ပင်ပြီးတော့ ဖန်ဆင်းတာနဲ့တူတယ်လို့ ဆိုထားတာဖြစ်ပါတယ်။ (ဒီဃ၊ ၌- ၂- ၁၃၀)

ဣဓာဟံ အာနန္ဒ အဒ္ဒသံ ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန သမ္ဗဟုလာ ဒေဝတာယော သဟဿသော ပါဋလိဂါမေ ဝတ္ထူနိ ပရိဂ္ဂဏှန္တိယော။

(အာနန္ဒာ၊ တစ်ထောင်စီ တစ်ထောင်စီ စုရုံးပြီးတော့ ပါဋလိရွာမှာ အိမ်နေရာ သိမ်းပိုက်ယူနေကြတဲ့နတ်တွေကို ငါဘုရား အထူးသဖြင့် စင်ကြယ်တဲ့ လူတွေရဲ့မျက်စိထက် သာလွန်တဲ့ နတ်မျက်စိနဲ့တူတဲ့ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်တော်မူတယ်။)

ယသ္မိံ အာနန္ဒ ပဒေသေ မဟေသက္ခာ ဒေဝတာ ဝတ္ထူနိ ပရိဂ္ဂဏှန္တိ၊ မဟေသက္ခာနံ တတ္ထ ရညံ ရာဇမဟာမတ္တာနံ စိတ္တာနိ နမန္တိ နိဝေသနာနိ မာပေတုံ။

(အာနန္ဒာ၊ တန်ခိုးကြီးတဲ့နတ်တွေ နေရာယူကြတဲ့ အိမ်အရပ်မှာ တန်ခိုးကြီးတဲ့မင်းတွေ၊ အမတ်တွေ အိမ်နေရာတည်ဆောက်ရန် စိတ်ညွတ်ကြတယ်။)

မှတ်ချက်။ မင်း အမတ်တို့၏ အိမ်နေရာတို့ကို ဖန်ဆင်းခြင်း၌ အိမ်ရာ၏ အကျိုးအပြစ်ကို သိတတ်သောအတတ်ကို ရွတ်ဖတ်တတ်ကုန်သော ဆရာ

http://www.dhammadownload.com



တို့၏ စိတ်ညွှတ်ခြင်းဖြစ်သည်။ တစ်နည်း။ ထိုဆရာတို့၏ကိုယ်၌ နတ်တို့ ပူးဝင်၍ နေအိမ်တို့ကို ဖန်ဆင်းခြင်းငှာ စိတ်ကိုညွှတ်စေခြင်းဖြစ်သည်ဟု မှတ်ပါ။
(ဒီ- ဋ္ဌ- ၂-. ၁၃၀)

ယသ္မိံ ပဒေသေ မဇ္ဈိမာ ဒေဝတာ ဝတ္ထူနိ ပရိဂ္ဂဏှန္တိ၊ မဇ္ဈိမာနံ တတ္ထ ရညံ ရာဇမဟာမတ္တာနံ စိတ္တာနိ နမန္တိ နိဝေသနာနိ မာပေတုံ။

(တန်ခိုးအလယ်အလတ်ရှိတဲ့ နတ်တွေ အိမ်နေရာယူကြတဲ့နေရာမှာ တန်ခိုးအလယ်အလတ်ရှိတဲ့ မင်းတွေ၊ မင်းရဲ့အမတ်တွေ အိမ်နေရာတည်ဆောက်ရန် စိတ်ညွှတ်ကြတယ်။)

ယသ္မိံ ပဒေသေ နီစာ ဒေဝတာ ဝတ္ထူနိ ပရိဂ္ဂဏှန္တိ၊ နီစာနံ တတ္ထ ရညံ ရာဇမဟာမတ္တာနံ စိတ္တာနိ နမန္တိ နိဝေသနာနိ မာပေတုံ။

(တန်ခိုးနည်းတဲ့၊ တန်ခိုးနိမ့်ကျတဲ့နတ်တွေ အိမ်ရာသိမ်းပိုက်ယူကြတဲ့ နေရာမှာ တန်ခိုးနည်းတဲ့၊ တန်ခိုးနိမ့်ကျတဲ့မင်းတွေ၊ မင်းရဲ့အမတ်တွေ အိမ်ရာတည်ဆောက်ရန် စိတ်ညွှတ်ကြတယ်။)

ယာဝတာ အာနန္ဒ အရိယံ အာယတနံ ယာဝတာ ဝဏိပ္ပထော ဣဒံ အဂ္ဂနဂရံ ဘဝိဿတိ ပါဋလိပုတ္တံ ပုဋဘေဒနံ။

အာနန္ဒ- အာနန္ဒာ။ ယာဝတာ- ယတ္တကံ- အကြင်မျှလောက်သော။ အရိယံ အာယတနံ- မြတ်သောလူတို့၏ စည်းဝေးရာအရပ်မည်သည်။ အတ္ထိ- ရှိ၏။ ယာဝတာ- ယတ္တကံ- အကြင်မျှလောက်သော။ ဝဏိပ္ပထော- ဥစ္စာကို ရောင်းဝယ်ရာအရပ်မည်သည်။ (ဝါ) ကုန်သည်တို့၏တည်ရာအရပ်မည်သည်။ အတ္ထိ- ရှိ၏။ (တေသံ- ထိုအရိယာယတန ဝဏိပ္ပထတို့၏။) ပါဋလိပုတ္တံ- ပါဋလိပုတ်အမည်ရှိသော။ ဣဒံ နဂရံ- ဤမြို့သည်။ အဂ္ဂနဂရံ- အမြတ်ဆုံး မြို့သည်။ ဘဝိဿတိ- ဖြစ်ပေလိမ့်မည်။ ပုဋဘေဒနံ- ဥစ္စာထုပ်ကို ဖြေရာမြို့ သည်။ ဘဝိဿတိ- ဖြစ်ပေလိမ့်မည်။

(အာနန္ဒာ၊ အရိယန်လူမျိုးတို့ရဲ့ စုဝေးနေထိုင်ရာ ကူးသန်းရောင်းဝယ်ရာ မြို့တို့တွင် ဤမြို့သစ်သည် ဥစ္စာထုပ် ကုန်ထုပ်များကို ဖွင့်လှစ်ရောင်းချရာ ပါဋလိပုတ်မည်သော အကြီးဆုံးမြို့ဖြစ်လာလိမ့်မယ်။)

http://www.dhammadownload.com



ပါဋလိပုတ္တဿ ခေါ အာနန္ဒ တယော အန္တရာယာ ဘဝိဿန္တိ အဂ္ဂိတောဝါ ဥဒကတောဝါ မိထုဘေဒါ ဝါ တိ။

အာနန္ဒ- အာနန္ဒာ။ ပါဋလိပုတ္တဿ- ပါဋလိပုတ်မြို့၏။ တယော- သုံးမျိုးကုန်သော။ အန္တရာယာ- အန္တရာယ်တို့သည်။ ဘဝိဿန္တိ- ဖြစ်ပေါ်ကြလိမ့်မယ်။

တယော- သုံးမျိုးကုန်သော။ အန္တရာယာ- အန္တရာယ်တို့သည်။ ကတမေ- အဘယ်သည့်တို့နည်းဟူမူကား။ အဂ္ဂိတောဝါ- မီးအန္တရာယ်လည်းကောင်း။ ဥဒကတောဝါ- ရေအန္တရာယ်လည်းကောင်း။ မိထုဘေဒါဝါ- အချင်းချင်းပျက်သော အန္တရာယ်လည်းကောင်း။ ဣတိဣမေတယော- ဤသုံးမျိုးတို့ပါပေတည်း။

(အာနန္ဒာ၊ ပါဋလိပုတ်မြို့တော်ကြီးဟာ တစ်စိတ်တစ်ပိုင်းက ငြိမ်း၍မနိုင်သော မီးဘေးကြောင့် ပျက်စီးလိမ့်မယ်။ တစ်စိတ်တစ်ပိုင်းက ဂင်္ဂါမြစ်ရေလွှမ်းမိုးခြင်းကြောင့် ပျက်စီးလိမ့်မယ်။ တစ်စိတ်တစ်ပိုင်းကတော့ အချင်းချင်းကုန်းတိုက်၍ မယုံကြည်မှုကြောင့် ပျက်စီးလိမ့်မယ်။)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ။

* ပါဋလိခေါ်၊ ဒီမြို့တော်၊ မုတ်နော် မီး+ ရေဘေး။
* အချင်းချင်းသာ၊ ကုန်းတိုက်ကာ၊ ပျက်မှာမလွဲသေး။

တစ်နေ့တော့ မဂဓတိုင်းရဲ့ အမတ်ကြီးတွေဖြစ်ကြတဲ့ သုနိဓနဲ့ ဝဿကာရတို့ဟာ မြတ်စွာဘုရားနှင့် သံဃာတော်တွေကို ပင့်ဖိတ်ပြီးတော့ ဆွမ်းဘောဇဉ်ချိုချဉ်ရသာ အဖြာဖြာတွေနဲ့ ဆက်ကပ်ပါတယ်။

အဲဒီလို ဆက်ကပ်ပြီးတဲ့အခါမှာ တစ်ခုသောနေရာမှာ ထိုင်နေကြတဲ့ သုနိဓနဲ့ ဝဿကာရတို့ကို ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူပါတယ်။

ဘာတရားဟောကြားတော်မူသတဲ့လဲ။ (ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူပါတယ် ဘုရား)

မြို့သစ်တည်ထောင်တာကို အကြောင်းပြုပြီးတော့ ဆွမ်းကပ်ကြတာနော်။ (မှန်လှပါဘုရား)

ဒီတော့ အိမ်သစ်၊ တိုက်သစ်၊ ကျောင်းသစ်၊ နေရာသစ်၊ မြို့သစ်၊ ရွာသစ်တွေ တည်ထောင်ကြတဲ့အခါ အဲဒီအိမ်၊ ကျောင်း၊ မြို့ရွာတွေ တည်ပြီးသွား

http://www.dhammadownload.com



တဲ့အခါ ဆွမ်းကပ်ကြတဲ့ အလေ့အထဟာ ခုမှရှိတာလား၊ ဘုရားလက်ထက်တော်ကပင် ရှိတာလား။ (ဘုရားလက်ထက်တော်ကပင် ရှိတာပါဘုရား)

မိမိတို့ မနေ့ထိုင်ခင်မှာ မင်္ဂလာအရှိဆုံး ရတနာသုံးပါးနဲ့ ဖွင့်လှစ်လိုက်တာနော်။ (မှန်လှပါဘုရား)

အဲဒီလို မင်္ဂလာအရှိဆုံး ရတနာသုံးပါးလုံးနဲ့ ဖွင့်လှစ်လိုက်တော့ ဒကာဒကာမတွေရဲ့ အိမ်သစ်၊ တိုက်သစ်၊ အခန်းသစ်၊ နေရာသစ်ကြီးမှာ မင်္ဂလာတွေ ရှိမသွားဘူးလား။ (ရှိသွားပါတယ်ဘုရား)

ယနေ့ ဒကာ ဒကာမတွေက မင်္ဂလာသိတော့ မင်္ဂလာအရှိဆုံး ရတနာသုံးပါးလုံးနဲ့ ဖွင့်နိုင်ကြတယ်။

တချို့မင်္ဂလာကို မသိကြတော့ ကပွဲတွေ၊ ဆိုပွဲတွေ၊ တီးပွဲတွေ၊ ပါတီပွဲတွေနဲ့ အပျော်ချဲ့ကာ ဖွင့်ကြပါတယ်။

မင်္ဂလာမသိတော့ မင်္ဂလာမရှိတော့ဘူးပေါ့။

မင်္ဂလာသိကြတဲ့ သုနိဓနဲ့ ဝဿကာရတို့ဟာ ဘုရားနှင့် သံဃာတော်တွေကို ဆွမ်းကပ်လှူကြပါတယ်။ ဘုရားရှင် ကိုယ်တော်မြတ်က ဂါထာတော် သုံးပုဒ်နဲ့ ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူပါတယ်။

ဘယ်နှစ်ပုဒ်နဲ့ ဟောသတဲ့လဲ။ (သုံးပုဒ်နဲ့ပါဘုရား)

ကဲ-- ဆက်ပြီးနာကြည့်ကြပါ။

၁။ ယသ္မိံ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတဇာတိယော။
သီလဝန္တေတ္ထ ဘောဇေတွာ၊ သညတေ ဗြဟ္မစာရယော။

(သုနိဓဝဿကာရာ- သုနိဓ ဝဿကာရ အမည်ရကုန်သော။ မဂဓမဟာမတ္တာ- မဂဓမင်း၏အမတ်ကြီးတို့။) ယသ္မိံ ပဒေသေ- အကြင်အရပ်၌။ ပဏ္ဍိတဇာတိယော- မှန်ကန်မြင်သိ၊ ပညာရှိလတ်၊ အမျိုးမြတ်သည် (ဝါ) မှန်ကန်စွာမြင်သိ၊ ပညာရှိသော၊ သဘောရိုးသား၊ အမျိုးသား၊ အမျိုးသမီးသည်။ ဝါသံ- အမှန်မသွေ၊ နေထိုင်ခြင်းကို။ ကပ္ပေတိ- ပြုမှ၏။ ဧတ္ထ- ထိုအရပ်ဒေသ၊ နေထိုင်ပြုလတ်၊ ဤအရပ်၌။ သညတေ- ကိုယ် နှုတ် စိတ်ပါ၊ ထိန်းသိမ်းခြင်းဖြင့်၊ မှန်စွာ နေ့ည၊ စောင့်စည်းကြကုန်သော။ ဗြဟ္မစာရယော- မြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်သော။ သီလဝန္တေ- သီလဖြူစင်၊ ထေရ်အရှင်ခေါ်၊ သံဃာတော်တို့ကို။ ဘောဇေတွာ- ဘောဇေတိ- စေတနာသုံးသွယ်၊ အပြုံးခြယ်၍၊ တကယ်

http://www.dhammadownload.com



ရှင်လန်း၊ လှူဒါန်းမနေး၊ ဆွမ်းဦးကျွေး၏။ ဘောဇေတွာ- စေတနာသုံးတန်၊ အပြုံးဖန်၍၊ အမှန်ရှင်လန်း၊ သဒ္ဒါပန်းဖြင့်၊ လှူဒါန်းမနေး၊ ဆွမ်းဦးကျွေးပြီး၍။

ဒီဂါထာက ဘာပြောသလဲဆိုတော့ အို သုနိဓနဲ့ ဝဿကာရ အမတ်ကြီးတို့ မိမိတို့နေထိုင်မည့် အိမ်သစ်၊ တိုက်သစ်၊ အခန်းသစ်၊ ရပ်ကွက်သစ်မှာ ကျက်သရေမင်္ဂလာ၊ အဖြာဖြာတွေရှိပြီး အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာတို့မှ လာလတ္တံ့သော ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ခပင်း အမှန်ပင်ကင်းရှင်းအောင် ပညာရှိတဲ့ အမျိုးသား အမျိုးသမီးဟာ ကိုယ်နှုတ် နှလုံးတို့ကို စောင့်စည်းကြတဲ့ မြတ်သောအကျင့်တွေကို ကျင့်နေကြတဲ့ သီလဖြူစင်၊ သီလဝန်ခေါ် သံဃာတော်တွေကို ပင့်ဖိတ်ပြီးတော့ ဆွမ်းဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတွေနဲ့ ရှေးဦးစွာ မိမိတို့ မနေထိုင်မီ ဆက်ကပ်ပြုစုလုပ်ကျွေးရမယ်လို့ ဆိုလိုတာပါပဲ။

သုနိဓနဲ့ ဝဿကာရတို့ ဆွမ်းစားပင့်ဖိတ်တဲ့ရည်ရွယ်ချက်ကလည်း 'ငါတို့ရဲ့မင်းဟာ ရဟန်းဂေါတမရဲ့ အလုပ်အကျွေးဖြစ်တယ်။ (ရဟန်းဂေါတမကို အလွန်ကြည်ညိုတယ်၊ ရဟန်းဂေါတမရဲ့ ဒကာရင်းဖြစ်တယ်။) အဲဒီ ငါတို့ရဲ့ အဇာတသတ်မင်းဘုရင်က ငါတို့ကို 'မြတ်စွာဘုရား ပါဋလိပုတ်ရွာကို ကြွလာတယ်မဟုတ်လား' လို့ မေးလိမ့်မယ်။

မြတ်စွာဘုရားရဲ့အထံ ချဉ်းကပ်ကြရဲ့လား၊ မချဉ်းကပ်ဘူးလား' လို့ မေးလိမ့်မယ်။

ချဉ်းကပ်ကြပါတယ်လို့ သံတော်ဦးတင်တဲ့အခါ 'ပင့်ဖိတ်ကြရဲ့လား၊ မပင့်ဖိတ်ကြဘူးလား' လို့ လည်း မေးလိမ့်မယ်။

အကယ်၍ မပင့်ဖိတ်ကြပါလို့ သံတော်ဦးတင်လျှောက်ထားရင် ငါတို့ရဲ့ အပေါ် အပြစ်တင်ပြီးတော့ အပြစ်ပေးနှိပ်ကွပ်လိမ့်မယ်။ ဒီလို မင်းကိုကြောက်တဲ့အတွက် ပင့်လိုတဲ့ ရည်ရွယ်ချက်က (၁) မျိုး။

ရဟန်းဂေါတမ ရောက်တဲ့အရပ်ဒေသဟာ မည်းညစ်တဲ့ မကောင်းကျိုးကို ပေးတတ်တဲ့ ပြုတတ်တဲ့သတ္တဝါ မကောင်းဆိုးရွား (ဆိုးဝါး) တွေ ဖဲကြရတယ်။ ငါတို့သည် မြတ်စွာဘုရားကို မြို့ရဲ့ကျက်သရေမင်္ဂလာရှိတဲ့ စကားကို ဟောကြားစေမယ်' လို့ ကြံစည်ပြီးတော့ ချဉ်းကပ်ကာ ပင့်ဖိတ်ကြတာဖြစ်တယ်။ ဒီလိုရွယ်ရွယ်ချက်က (၁) မျိုး၊ အဲဒီရည်ရွယ်ချက် (၂) မျိုးနဲ့ ပင့်ဖိတ်ကြတာဖြစ်ပါတယ်။ (ဒီဋ္ဌ ၂- ၁၃၁)

http://www.dhammadownload.com



ကဲ- နံပါတ် (၁) ဂါထာရဲ့ လင်္ကာလေး လိုက်ဆိုကြ
*ပညာရှိသူ၊ ဖြစ်ပါမူ၊ နည်းယူကျင့်သုံးဖွယ်။
*မိမိနေရာ၊ ဘေးကင်းကာ၊ မင်္ဂလာရှိဖို့ကွယ်။
*သီလရှိထား၊ ရဟန်းများ၊ ဆွမ်းစားပင့်ဖိတ်ကွယ်။
*မိမိတို့ပင်၊ မနေခင်၊ အရင်ဆွမ်းကပ်ကွယ်။

ပညာရှိသူဆိုရင် သုနိဓနဲ့ ဝဿကာရတို့ကို နည်းယူပြီး မိမိတို့နေထိုင်မည့် အိမ်သစ်၊ တိုက်သစ်၊ ဆေးရုံသစ်၊ ကျောင်းသစ်၊ ကန်သစ်၊ ရွာသစ်၊ ရပ်ကွက်သစ်တွေမှာ မကောင်းတဲ့သတ္တဝါတွေ မနေနိုင်ဘဲ ထွက်ပြေးအောင် မင်္ဂလာရှိအောင် သီလရှိတဲ့ သံဃာတော်တွေကို ပင့်ဖိတ်ပြီးတော့ ဆွမ်းကပ်ရမယ်နော်။ (မှန်လှပါဘုရား)

ကဲ- ဆွမ်းကပ်ပြီးနောက် ပြုရမယ့်အစီအစဉ် နံပါတ် (၂) ဂါထာကို ဆက်ပြီးတော့ ဟောကြ နာကြရအောင်

၂။ ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏမာဒိသေ။
တာပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။

တတ္ထ- ထိုမိမိတို့ပိုင်ဆိုင်၊ နေထိုင်ရာအရပ်၌။ ယာဒေဝတာ- စာပေလာ ငြား၊ အကြင်နတ်အများတို့သည်။ အာသုံ- ပတ္တာနမော်၊ သာစုခေါ်ဖို့၊ ရှင်မျှော် အစုံ၊ ရှိနှင့်ကြလေကုန်ပြီ။ တာသံ- အိမ်မှာစောင့်ကြပ်၊ ထိုအိမ်စောင့်နတ်တို့ အား။ ဒက္ခိဏံ- အိမ်သူအိမ်သား၊ လူအများပြုရ၊ အလှူ၏အဖို့ဘာဂကို။ အာဒိသေ- အိမ်သူအိမ်သား၊ တို့များရသလို၊ ရစေဆိုကာ၊ ပေးဝေရာ၏။

သီလရှိတဲ့ သံဃာတော်တွေကို ဆွမ်းကပ်ပြီးရင် မိမိတို့နေထိုင်ရာအိမ်၊ တိုက်၊ မြို့၊ရွာ၊ ကိုယ်စောင့်နတ်အစရှိတဲ့ နတ်တွေကို မိမိတို့အိမ်သူအိမ်သား လူအများတွေ ပြုလုပ်ထားတဲ့ ဒါန သီလ ဘာဝနာကုသိုလ်တွေရဲ့ အဖို့ဘာဂ မှန်သမျှကို တို့ရသလို ရပါစေ။ တို့နဲ့အတူ အညီအမျှ ရရှိကြပါစေလို့ အမျှ အတန်းပေးဝေရမယ်။

ဒါ ဘုရားပေးတဲ့ နတ်ပူဇော်နည်း၊ ဘုရားကြိုက်တဲ့ နတ်ပူဇော်နည်းပါပဲ။ ဘာတဲ့လဲ။ (ဘုရားကြိုက်တဲ့ နတ်ပူဇော်နည်းပါဘုရား)

ဘုရားကြိုက်တဲ့ နတ်ပူဇော်နည်းက ဘယ်လိုတဲ့လဲ။ (အမျှအတန်းပေးဝေခြင်းပါ ဘုရား)

http://www.dhammadownload.com



သဒ္ဓါရှိကြတဲ့ သူတော်ကောင်းတွေရဲ့အိမ် တိုက်နေရာတွေကို စောင့်ရှောက်မည့် နတ်တွေရဲ့အကြံဖြစ်ပုံက 'ဒီအရပ် ဒီနေရာမှာ လူတွေ အိမ်တွေ တိုက်တွေ ဆောက်ကြလိမ့်မယ်။ အဲဒီလို အိမ်တွေ တိုက်တွေဆောက်ပြီးရင် ရှေးဦးစွာ ပထမဆုံး ရဟန်းသံဃာတော်တွေကို နေ့စေပြီးတော့ မင်္ဂလာယူကြလိမ့်မယ်။ မင်္ဂလာတွေ တိုးပွားကြမှာဖြစ်တယ်။ အဲဒီလို မင်္ဂလာတွေ တိုးပွားစေတဲ့အခါမှာ ငါတို့ သီလရှိတဲ့ ရဟန်းသံဃာတော်တွေကို အားရပါးရ ဖူးမြင်ရမှာ သေချာတယ်။ တရားစကားတွေ၊ မရှင်းမလင်းတဲ့ပြဿနာတွေရဲ့ အမေး အဖြေတွေ၊ အနုမောဒနာ တရားရေအေး အမြိုက်ဆေးတွေ အေးအေးမြမြ သောမခံဘဲ နာယူခွင့်ရမှာ သေချာတယ်။ နောက်ပြီး လူတွေ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တွေ ပြုလုပ်ပြီးရင် သူတို့ပြုပြီးတဲ့ ကုသိုလ်တွေရဲ့အဖို့ဘာဂ မှန်သမျှကို ငါတို့အား ပေးဝေကြလိမ့်မယ်' လို့ အကြံအစည်ကောင်းတွေ ဖြစ်နေကြပါတယ်။

(သဒ္ဓါနံ ကုလာနံ သဒ္ဓါ ဒေဝတာ တထာ ကရောန္တိ၊ အသဒ္ဓါနံ ကုလာနံ အသဒ္ဓါ ဒေဝတာဝ။ ကိံ ကာရဏာ။ သဒ္ဓါဥ္ဟိ ဧဝံ ဟောတိ' ဣဓ မနုဿာ နိဝေသနံ မာပေတွာ ပဌမံ ဘိက္ခုသံဃံ နိသီဒါပေတွာ မင်္ဂလံ ဝဍ္ဎာပေဿန္တိ၊ အထ မယံ သီလဝန္တာနံ ဒဿနံ၊ ဓမ္မကထံ ပဉှာဝိဿဇ္ဇနံ၊ အနုမောဒနဥ္စ သောတုံ လဘိဿာမ၊ မနုဿာ ဒါနံ ဒတွာ အမှာကံ ပတ္တိံဒဿန္တိ' တိ။ (ဒီဃ ဋ ၂-၁၃၀)

ဒီတော့ တရားနာပရိသတ် တကယ့်နတ်ကောင်းနတ်မြတ်တွေ အလိုရှိတာက လိုချင်တာက ဘာတဲ့လဲ။ (အမျှပေးဝေခြင်းပါဘုရား)

ဒီတော့ အမျှပေးဝေခြင်းကို အမျှပေးဝေတာကို ဘုရားကြိုက်တဲ့နတ်ပူဇော်နည်း နတ်ကောင်းနတ်မြတ်တွေ တကယ်ကြိုက်တဲ့ နတ်ပူဇော်နည်းလို့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား)

ဒီတော့ တရားနာပရိသတ်၊ နတ်တွေကို ဘာနဲ့ပူဇော်ရမှာတဲ့လဲ။ (အမျှပေးဝေခြင်းနဲ့ ပူဇော်ရမှာပါဘုရား)

ဦးဇင်းတို့ရဲ့ ဒကာ ဒကာမတွေ ပူဇော်မှုတွေ လွဲနေမှာစိုးလို့ သေသေချာချာ မေးလိုက် ဖြေလိုက် ဟောပေး ပြောပေးနေတာနော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ဒါနပြုကာ၊ ပြီးသောခါ၊ အိမ်မှာစောင့်ကြပ်နေ။

*ကုသိုလ်ပြုကာ၊ ပြီးသောခါ၊ အိမ်မှာစောင့်ကြပ်နေ။

*ဆွမ်းကပ်လို့သာ၊ ပြီးသောခါ၊ အိမ်မှာစောင့်ကြပ်နေ။

*နတ်ကောင်းနတ်မြတ်၊ အရပ်ရပ်၊ မပြတ်အမျှဝေ။

*ဘုရားလည်းကြိုက်၊ နတ်လည်းကြိုက်၊ မှတ်ထိုက်သိထိုက်ပေ။

*နတ်ပူဇော်တာ၊ ဒီလိုပါ၊ မြတ်စွာဟောခဲ့ပေ။

သီလတွေ စောင့်ထိန်းပြီးရင် ဘာဝနာတွေ ပွားများပြီးရင်လည်း အမျှဝေရတယ်နော်။ (မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*သီလစောင့်ကာ၊ ပြီးသောခါ၊ အိမ်မှာစောင့်ကြပ်နေ။

*မြတ်ဘာဝနာ၊ ပွားပြီးရာ၊ အိမ်မှာစောင့်ကြပ်နေ။

*နတ်ကောင်းနတ်မြတ်၊ အရပ်ရပ်၊ မပြတ်အမျှဝေ။

*ဘုရားလည်းကြိုက်၊ နတ်လည်းကြိုက်၊ မှတ်ထိုက်သိထိုက်ပေ။

*နတ်ပူဇော်တာ၊ ဒီလိုပါ၊ မြတ်စွာဟောမိန့်ချွေ။

*သဒ္ဓါရှိကြား၊ နက်အများ၊ မှတ်သားကြံပုံမှာ။

*အိမ်ဆောက်ပြီးလျှင်၊ သံဃာတင်၊ အရင်နေစေမှာ။

*မင်္ဂလာတွေ၊ အထွေထွေ၊ တိုးစေ ပွားစေမှာ။

*သီလဝန္တ၊ ရဟန်းလှ၊ ဖူးရ မြင်ရမှာ။

*တရားစကား၊ မေး ဖြေများ၊ တို့ကြားနာရမှာ။

*ဝမ်းမြောက်ဖွယ်ခေါ်၊ တရားတော်၊ ဟောဖော်နာရမှာ။

*ဒါနပြုပြီး အဖို့လည်း၊ အပြီးတို့ရမှာ။

*ဒီလို ဒီလို၊ သဒ္ဓါပို၊ ကြည်ညိုကြံနေတာ။

ဒီတော့ တရားနာပရိသတ်၊ ဆွမ်းကပ်ပြီးရင် ဘာလုပ်ရမတဲ့လဲ။ (အမျှဝေရမှာပါ ဘုရား)

သင်္ကန်းတွေ၊ ကျောင်းတွေ၊ ဆေးတွေ လှူဒါန်းပြီးတဲ့အခါမှာလည်း ဆွမ်းကပ်ပြီးတဲ့အခါလိုပဲ အမျှဝေရမယ်နော်။ (မှန်လှပါဘုရား)

http://www.dhammadownload.com



ဘယ်ပုဂ္ဂိုလ်တွေကို ဝေရမှာတဲ့လဲ။ (အိမ်စောင့်နတ်တွေကိုပါဘုရား)

ဘုရားပေးတဲ့ အကောင်းဆုံး အမြတ်ဆုံးနည်းပါပဲ။ ဦးဇင်းတို့က ဘုရားပေးတဲ့ အဲဒီနည်းကောင်းကိုယူပြီးတော့ ဒကာ ဒကာမတွေ အကျိုးကြီးအောင်၊ အိမ်စောင့်နတ်၊ ကိုယ်စောင့်နတ်တွေလည်း အမျှရအောင် ဒကာ ဒကာမတွေ အလှူအတန်းများတဲ့ ဆွမ်း သင်္ကန်း ဆေး ပစ္စည်းတွေ လာလှူရင် တန်းပြီး အလှူမခံဘဲ သရဏဂုံနဲ့ သီလကို ခံယူစေကာ အောက်ဖော်ပြပါ အတိုချုပ် ရေစက်ချစာတမ်းကို လိုက်ဆိုစေပါတယ်။

ကဲ- ဒကာ ဒကာမတွေ အတိုချုပ် ရေစက်ချလေး လိုက်ဆိုကြပါ။

၁။ အရှင်ဘုရား တပည့်တော်တို့သည် မဂ် ဖိုလ် နိဗ္ဗာန် ချမ်းသာမှန်ကို ကောန်ပိုင်ပိုင် ရရှိနိုင်ပါစေခြင်းအကျိုးငှာလည်းကောင်း၊ လောကီ လောကုတ္တရာ မင်္ဂလာအမျိုးမျိုး၊ ပညာအမျိုးမျိုး၊ ကောင်းခြင်းအမျိုးမျိုး၊ အောင်ခြင်းအမျိုးမျိုး၊ ရာထူးဂုဏ်သိန်၊ အရှိန်အဝါအမျိုးမျိုး၊ စီးပွားအမျိုးမျိုး၊ တန်ခိုးအဖုံဖုံ၊ စုံစုံလင်လင် ပြည့်ပြည့်ဝဝ နေ့နေ့ညည ရရှိတိုးတက် များပြားပါစေခြင်းအကျိုးငှာလည်းကောင်း၊ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာတို့မှ လာလတ္တံ့သော ဘေးအတန်တန်၊ ရန်အသွယ်သွယ်၊ အန္တရာယ်အပေါင်း မကောင်းဟူသမျှ မကျမရောက် ကင်းပျောက်လွင့်စင်ပါစေခြင်းအကျိုးငှာလည်းကောင်း ရည်ရွယ်၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား (သံဃိက) အရှင်ဘုရားအား (ပုဂ္ဂလိက) ဤဆွမ်း၊ သင်္ကန်းအစရှိသော အလှူဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းပါကုန်၏။

၂။ ဤကောင်းမှုကြောင့် မဂ် ဖိုလ် နိဗ္ဗာန် ချမ်းသာမှန်ကို ရရပါလို၊ ရောက်ရပါလို တောင်းဆုဆိုကြပါကုန်၏။

၃။ ဤကောင်းမှု၏ အဖို့ဘာဂကို မိဘဆရာ ဉာတကာများ အစထား၍ အိမ်စောင့်နတ်၊ ကိုယ်စောင့်နတ် အစရှိကုန်သော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့နှင့် လုံးစုံများစွာ သတ္တဝါတို့အား အမျှရစေ ပေးဝေပါကုန်၏။ အမျှရကာ ကျန်းမာကြသည် ချမ်းသာကြသည်ဖြစ်ကြပါစေကုန်သောဝ်။

အားလုံး အမျှ အမျှ အမျှယူတော်မူကြပါကုန်လော။

သာဓု၊ သာဓု၊ သာဓု။

အဲဒီလို ပြုလုပ်ပေးလိုက်တော့ ဒကာ ဒကာမတွေလည်း အကျိုးကြီးသွား

http://www.dhammadownload.com



တယ်။ ဝစီကံကုသိုလ်တွေလည်း လိုက်ဆိုလိုက်တော့ ရသွားကြတယ်။ သူတို့ လှူတဲ့အလှူကို လေးလေးနက်နက် လုပ်ပေးလိုက်တော့ ဒကာ ဒကာမတွေ ပိုပြီးတော့ ပီတိဖြစ်ရ ကြည်ညိုကြရတယ်။

ဒါကြောင့် ဘုရားက 'မကြည်ညိုသေးတဲ့သူတွေ ကြည်ညိုအောင်၊ ကြည်ညိုပြီးတဲ့သူတွေ ပိုပြီးတော့ ကြည်ညိုအောင် တရားနည်းလမ်းကျကျ ပြောပြ ဟောပြ နေထိုင်ပြရမယ်' လို့ ညွှန်ကြားခဲ့တာပါပဲ။

ဦးဇင်းတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့သာသနာ့အရိပ်အောက်မှာ ရောက်နေကြတဲ့ ရဟန်းပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် ကောင်းကောင်းကြံနေရင်၊ ကောင်းကောင်းပြောနေရင်၊ ကောင်းကောင်းပြုနေရင် ကောင်းကောင်းကြီးပွားတိုးတက်မှာ သေချာပါတယ်။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ကောင်းကောင်းကြံကာ၊ သာသနာ၊ ကောင်းစွာကြီးပွားစေ။
* ကောင်းကောင်းပြောကာ၊ သာသနာ၊ ကောင်းစွာကြီးပွားစေ။
* ကောင်းကောင်းပြုကာ၊ သာသနာ၊ ကောင်းစွာကြီးပွားစေ။

အဲဒီလို အမျှဝေပေးလိုက်တော့ အိမ်စောင့်နတ်တွေလည်း အမျှရကာ ဝမ်းသာကြရတယ်နော်။ (မှန်လှပါဘုရား)

သံဃာတော်တွေကို ပစ္စည်းလေးပါး လှူပြီးရင် အဲဒီအိမ်စောင့်နတ်တွေကို အဓိက သတိရကာ အမျှပေးဝေလိုက်ပါတဲ့။

(တာသံ ဒက္ခိဏာ မာဒိသေတိ သံဃသ ဒိန္နေ စတ္တာရော ပစ္စယေ တာသံ ဃရဒေဝတာနံ အာဒိသေယျ၊ ပတ္တိံ ဒဒေယျ။ ဒီဋ္ဌ ၂-၁၃၂)

ကဲ- နောက်တစ်ပိုင်း ဆက်နာကြရအောင်

ပူဇိတာ အမျှဝေသော၊ မြတ်သဘောဖြင့်၊ ရှင်သောမနသ်၊ ပူဇော်အပ်ကုန်သော။ တာ- အိမ်မှာစောင့်ကြပ်၊ ထိုအိမ်စောင့်နတ်တို့သည်။ နံ- သဒ္ဓါဖြူဖွေး၊ အမျှပေးသူ၊ အိမ်လူအပေါင်း၊ ထိုသူတော်ကောင်းကို။ ပူဇယန္တိ- ဘေးရန်ကင်းပျောက်၊ ချမ်းသာရောက်ရန်၊ အတဲ့ပြန်၍၊ အမှန်မသွေ၊ စောင့်ရှောက်ပူဇော်ကြလေကုန်၏။

(အိမ်စောင့်နတ်တွေကို အမျှဝေလိုက်တော့ အဲဒီအိမ်စောင့်နတ်တွေက

http://www.dhammadownload.com



'ဒီ အိမ်သူအိမ်သား လူအများတွေဟာ တို့နဲ့ဆွေမတော် မျိုးမစပ်တို့ကို အမျှဝေဖော်ရတယ်' ဆိုပြီးတော့ အိမ်သူအိမ်သား လူအများတွေ ဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် အဟုံ့တစ်ဖန် ပြန်၍ပြီးအစောင့်အရှောက် အကာအကွယ်တွေ ပေးကြပါတယ်။)

အဲဒီလို အမျှရကြတဲ့ အိမ်စောင့်နတ်တွေက အိမ်သူအိမ်သား လူအများတွေ ဘေးရန်ကင်းဝေးအောင် အစောင့်အရှောက် အကာအကွယ် မပေးကြဘူးလား။ (ပေးကြပါတယ်ဘုရား)

အဲဒီလို အစောင့်အရှောက် အကာအကွယ်ပေးကြတော့ အိမ်သူအိမ်သား လူအများတွေ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ချမ်းသာမရောက်ကြဘူးလား။ (ရောက်ကြပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။ (နတ်တွေစောင့်ရှောက် ချမ်းသာရောက်) တရားတော်ပါဘုရား။

နတ်တွေ မစောင့်ရှောက်စေချင်ဘူးလား။ (စောင့်ရှောက်စေချင်ပါတယ်ဘုရား)

အေး နတ်တွေ စောင့်ရှောက်စေချင်ရင်၊ ချမ်းသာမှုတွေရချင်ရင်၊ ရောက်ချင်ရင် အိမ်စောင့်နတ်အစရှိတဲ့ နတ်တွေကို အမျှဝေရမယ်နော်။ (မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* အိမ်စောင့်နတ်တွေ၊ အမျှဝေ၊ မသွေပူဇော်လျှင်။
* အတုံ့တစ်ဖန်၊ ဘေးကင်းရန်၊ အမှန်စောင့်ရှောက်ခင်။
* အတုံ့တစ်ဖန်၊ ချမ်းသာရန်၊ အမှန်စောင့်ရှောက်ခင်။
* ဘေးရန်ကင်းအောင်၊ ချမ်းသာအောင်၊ ခုနှောင် စောင့်ရှောက်ခင်။
* နတ်တွေစောင့်ရှောက်၊ ချမ်းသာရောက်၊ မှတ်လောက်တရားပင်။

မာနိတာ– လေးလ+ ခြောက်လ၊ အတွင်းမျှ၌၊ စံပြုအရှိ၊ ဗလိနတ်စာ၊ အဖြာဖြာပေးတတ်၊ မြတ်နိုးအပ်ကုန်သော။ တာ– အိမ်မှာစောင့်ကြပ်၊ ထိုအိမ်စောင့်နတ်တို့သည်။ နံ– သဒ္ဓါဖြူဖွေး၊ အမျှပေးသူ၊ အိမ်လူအပေါင်း၊ ထိုသူတော်ကောင်းကို။ မာနယန္တိ– ဖြစ်ပေါ်ဘေးရန်၊ အတန်တန်ကင်းပျောက်၊ ချမ်းသာရောက်ရန်၊ အတုံ့ပြန်၍၊ အမှန်မသွေ၊ မြတ်နိုးကြလေကုန်၏။

http://www.dhammadownload.com



(ရံခါရံခါ ဗလိနတ်စာ ပူဇော်ပသတောင်မြှောက်ပေးခြင်းနဲ့ မြတ်နိုးအပ်တဲ့ နတ်တွေဟာ 'ဒီအိမ်သူအိမ်သား လူအများတို့သည် ငါတို့နဲ့ ဆွေမျိုးမတော်သော်လည်း လေးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ် ငါတို့အား ပူဇော်ပသတင်မြှောက်ခြင်းအမှု ပြုပေးကြတယ်' လို့ နှလုံးသွင်းပြီးတော့ ဖြစ်ပေါ်လာတဲ့ ဘေးအတန်တန်၊ ရန်အသွယ်သွယ်၊ အန္တရာယ်အပေါင်း မကောင်းဟူသမျှကို မြတ်နိုးတစ်ဖန် အတုံ့ပြန်ကာ တားဆီးပိတ်ပင် ဖယ်ရှားကာကွယ်ပေးကြပါတယ်။ ဒီဌ ၂- ၁၃၂။ ဒီဋ္ဌိ ၂- ၁၃၉)

ဒီနေရာမှာ ဗလိ (၅) ပါးကို မှတ်သားသင့်ပါတယ်။

၁။ ဉာတိဗလိ- ဆွေမျိုးတို့အား ပေးကမ်းတာ။

၂။ အတိထိဗလိ- ဧည့်သည်တို့အား ပေးကမ်းတာ။

၃။ ပုဗ္ဗပေတဗလိ- ကွယ်လွန်သွားတဲ့ အမိအဘ၊ ဆွေမျိုးတွေအတွက် ပေးကမ်းတာ။

၄။ ရာဇဗလိ- မင်းအား အခွန်ဘဏ္ဍာပေးကမ်းတာ။

၅။ ဒေဝတာဗလိ- နတ်တို့အတွက် ပူဇော်ပသပေးကမ်းတာ။

(အင်္ဂုတ္တရ ၁- ၃၇၉)

နတ်တွေကို သတိရစွာ စားဖွယ် သောက်ဖွယ်အသွယ်သွယ်တွေလည်း ကျွေးမွေးပေးကမ်း ပူဇော်ပသတင်မြှောက်သင့်ပါတယ်။

လောကမှာ လူအချင်းချင်း ထောက်ပံ့ပေးကမ်းကဲ့အခါ အမြဲတစေ မကူညီနိုင်ပေမယ့် တတ်နိုင်တဲ့အခါမှာ အကူအညီရသလို နတ်တွေကလည်း သူတို့တတ်နိုင်တဲ့ အရာတွေကို ကူညီစောင့်ရှောက်ပေးတတ်ကြပါတယ်။

ရတနာသုံးပါးထက် ပိုလွန်ပြီးတော့ နတ်ကိုအားကိုးယုံကြည်မှုတွေ များနေကာတွေကိုတော့ ပြင်သင့်ပါတယ်။ ဗုဒ္ဓဘာသာအမည်ခံထားတဲ့အတွက် ဗုဒ္ဓဘာသာ ပီသစေချင်ပါတယ်။

လေးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်စသည့်ဖြင့် အစာအာဟာရတွေ ပူဇော်ပသ တင်မြှောက်သင့်ပါတယ်။ အဲဒီလို ပူဇော်ပသတင်မြှောက်ပေးရင်း အိမ်သူအိမ်သားတွေအပေါ်မှာ မေတ္တာရောက်ပြီးတော့ အိမ်စောင့်နတ်တွေက ဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် အတုံ့တစ်ဖန် ပြန်ပြီးတော့ စောင့်ရှောက်ကြပါတယ်။

http://www.dhammadownload.com



တာ ပူဇိတာ ပူဇယန္တိ– အပိုဒ်က အမျှပေးဝေမှုကို ဖော်ပြတယ်။ ဒီ– မာနိတာ မာနယန္တိ– အပိုဒ်က ဗလိနတ်စာ (အစားအစာ အာဟာရတွေနဲ့ ကျွေးမွေးတင်မြှောက်ပူဇော်ပသတာ) ဒီလို ခွဲခြားပြီးတော့ ကွဲပြားအောင် မှတ်ရမယ်နော်။ (မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*ဗလိနတ်စာ၊ အဖြာဖြာ၊ ကျွေးကာ ပူဇော်လျှင်။

*အတို့တစ်ဖန်၊ ဘေးကင်းရန်၊ အမှန်စောင့်ရှောက်ခင်။

*အတို့တစ်ဖန်၊ ချမ်းသာရန်၊ အမှန်စောင့်ရှောက်ခင်။

*ဘေးရန်ကင်းအောင်၊ ချမ်းသာအောင်၊ အမှန်စောင့်ရှောက်ခင်။

*နတ်တွေစောင့်ရှောက်၊ ချမ်းသာရောက်၊ မှတ်လောက်တရားပင်။

(နတ်တွေစောင့်ရှောက်စေချင်ရင် ဘာလုပ်ရမတဲ့လဲ။ (ဗလိနတ်စာကျွေးရမှာပါဘုရား)

ကဲ– နံပါတ် (၃) ဂါထာ ဆက်နာကြရအောင်

၃။ တတော နံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံဝ ဩရသံ။

ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ တိ။

တတော– ထိုသို့သိမှတ်၊ အိမ်စောင့်နတ်ကောင်း၊ နတ်အပေါင်းတို့၊ နှစ်ထောင်းမပြတ်၊ မြတ်နိုးအပ်သည်၏အဖြစ်ကြောင့်။ မာတာ ချစ်တတ်ခင်တတ်၊ မိခင်မြတ်သည်။ ဩရသံပုတ္တံ– မိမိရင်သွေး၊ သားကလေးကို။ အနုကမ္ပတိဣဝ– အစဉ်ခါခါ၊ အကြင်နာတို့၊ လွှမ်းစွာဖြစ်ရင်း၊ ဘေးရန်ကင်းဝေး၊ ချမ်းသာအေးအောင်၊ မနေးပုံသေ၊ စောင့်ရှောက်လေသကဲ့သို့။ တထာ– ပမာထားယူ၊ အလားတူပင်။ ဒေဝတာ– အိမ်ကိုစောင့်ကြပ်၊ နတ်လှနတ်ကောင်း၊ နတ်အပေါင်းတို့သည်။ နံ– အမျှလည်းဝေ၊ အစာတွေပေး၊ အစာကျွေးကြ၊ များလှအကောင်း၊ ထိုအိမ်သူအိမ်သားအပေါင်းကို။ အနုကမ္ပန္တိ– ဘေးရန်ကင်းပျောက်၊ ချမ်းသာရောက်ရေး၊ အစဉ်တွေးကာ၊ စောင့်ရှောက်ကြပါကုန်၏။

(အိမ်စောင့်နတ်တွေက အမျှလည်းရ၊ အစာလည်းဝတဲ့အတွက် မိခင်အရင်းဟာ မိမိရင်ကဖြစ်တဲ့ သားလှရတနာလေးကို ဘေးရန်ကင်းပျောက်ခမ်းသာရောက်အောင် မျက်စိအောက်က အပျောက်မခံဘဲ အမြဲတစေ အသည်းမြေလှ စောင့်ရှောက်ပြသလို အစဉ်နှေ့ညစောင့်ရှောက်နေသလို အိမ်စောင့်နတ်

http://www.dhammadownload.com



တွေက အိမ်သူအိမ်သားတွေကို ဘေးရန်ကင်းပျောက် ချမ်းသာရောက်အောင် အမြဲနေ့ည စောင့်ရှောက်ကြပါပေတယ်။)

ဒေဝတာနုကမ္ပိတော– အိမ်စောင့်နတ်တွေ၊ နှစ်သက်ကျေနပ်၊ မြတ်နိုး စောင့်ရှောက်အပ်သော။ ပေါသော– ခုနှောင်ဘဝ၊ ချမ်းသာရကြောင်း၊ ကောင်း ကောင်းမြင်သိ၊ ပညာရှိအမျိုးသားသည်။ သဒါ– နေ့ရော ညပါ၊ ဘယ်ခါမပြတ်၊ အခါခပ်သိမ်း။ ဘဒြာနိ– ကောင်းကျိုးချမ်းသာ၊ မင်္ဂလာအဖုံဖုံ၊ ဣဋ္ဌာရုံတို့ကို။ ပဿတိ– တွေ့နိုင်မြင်နိုင်၊ တွေ့မြင်နိုင်ပါပေတော့သတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

(အိမ်စောင့်နတ်တွေ နှစ်သက်ကျေနပ်ပြီးတော့ စောင့်ရှောက်မှုကို ခံယူရရှိတဲ့ အမျိုးသား အမျိုးသမီးဟာ နေ့တိုင်းညတိုင်း ကောင်းကျိုးချမ်းသာ မင်္ဂလာ အဖုံဖုံ ဣဋ္ဌာရုံကောင်းတွေကို တွေ့ရမြင်ရတယ်။ မကောင်းတာဆို ဘယ်အရာမှ မတွေ့ရ မမြင်ရ မကြားရတော့ဘူးလို့ ဆိုလိုပါတယ်။)

ယနေ့ တရားနာကြတဲ့ ဒကာ ဒကာမတွေရဲ့ အိမ်သစ် တိုက်သစ် အခန်းသစ် စတိုးဆိုင်သစ်ကြီးတွေ ဖွင့်လှစ်ပွဲမှာ 'နတ်တွေစောင့်ရှောက်+ ချမ်းသာ ရောက်' ဆိုတဲ့ တရားတော်ကို ဟောကြားခဲ့ပါတယ်။

ဒီတော့ ဒီတရားတော်ကို အဓိက လိုရင်းချုပ်ကြည့်လိုက်တဲ့အခါမှာ အိမ်သစ်၊ တိုက်သစ်၊ အခန်းသစ်၊ မြေသစ်၊ နေရာသစ်၊ စတိုးဆိုင်သစ်၊ ကုမ္ပဏီသစ်၊ ဟိုတယ်သစ်တွေ တည်ဆောက်တဲ့အခါ တည်ဆောက်ပြီးတဲ့အခါ မှာ–

၁။ သံဃာတွေပင့်ဖိတ်ပြီး ဆွမ်းကပ်လှူဒါန်းရမယ်။

၂။ အိမ်စောင့်နတ်တွေကို အမျှပေးဝေရမယ်။

၃။ ဗလိနတ်စာ ပူဇော်ပသ ကျွေးမွေးတင်မြှောက်ရမယ်။

အဲဒီ (၃) ချက်နဲ့ ပြည့်စုံပြီဆိုရင် အိမ်စောင့်နတ်တွေက ချမ်းသာရောက် အောင် ကောင်းတဲ့အာရုံတွေနဲ့ တွေ့ကြုံရအောင် စောင့်ရှောက်ကူညီမှု ပေးပါလိမ့် မယ် တဲ့။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ဆွမ်းကပ် မျှဝေ၊ နတ်စာတွေ၊ မသွေကျွေးကြသော်။

* နတ်တွေ နေ့ည၊ စောင့်ရှောက်ကြ၊ ဗုဒ္ဓဟောမြွက်ဖော်။

http://www.dhammadownload.com.



ဣတိ– ဤသို့။ ဘဂဝါ– ဘုန်းတော်ကြီးမား၊ မြတ်စွာဘုရားသည်။ ကေမန္တံ– သင့်တင့်လျော်ပက်၊ တစ်ခုသောအရပ်၌။ နိသိန္နေခေါ– ထိုင်နေကြကုန်သော။ မဂဓမဟာမတ္တေ– မဂဓတိုင်းရဲ့အမတ်ကြီးတွေ ဖြစ်ကြကုန်သော။ သုနိဓ ဝဿကာရေ– သုနိဓနဲ့ ဝဿကာရတို့ကို။ ဣမာဟိဂါထာဟိ– ဤသုံးဂါထာတို့ဖြင့်။ အနုမောဒိ– အဖန်ဖန်ဝမ်းမြောက်၊ သဘောပေါက်ရေး၊ ရည်ရွယ်တွေးကာ၊ အနုမောဒနာ ပြုပေးတော်မူလိုက်ပါပေသတည်း။

သာဓု၊ သဓု၊ သာဓုပါဘုရား။

ကဲ– တရားသိမ်းလင်္ကာလေး လိုက်ဆိုကြ
* မှတ်တွေစောင့်ရှောက်၊ ချမ်းသာရောက်၊ မှတ်လောက်တရားတော်။
* ဒီနေရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးပြီနော်။
သာဓု၊ သာဓု၊ သာဓုပါဘုရား။

မှတ်ချက်။ ။ *အိမ်သစ်၊ တိုက်သစ်၊ အခန်းသစ်၊ ဆိုင်သစ်၊ ဈေးသစ်၊ မြို့သစ်၊ ရွာသစ်၊ ကျောင်းသစ်၊ ကန်သစ်၊ ဟိုတယ်သစ်၊ ကုမ္ပဏီသစ်စသည် မတည်ဆောက်မီနှင့် တည်ဆောက်ပြီးရာ ဆွမ်းကပ်ပွဲတိုင်း၊ ရေစက်ချပွဲတိုင်း အဓိကဟောပါ။
* ဒီ (၃) ချက်ကား ဒါန၊ သီလ၊ ဘာဝနာပွဲတိုင်းလည်း လုပ်ရမည်ဖြစ်၍ ပွဲမျိုးစုံ၊ ပွဲတိုင်းလည်း ဟောကြားနိုင်ပါသည်။

✪

http://www.dhammadownload.com

အင်္ဂုတ္တရနိကာယ+ နဝကနိပါတ်အဋ္ဌကထာ+
ပဌမပဏ္ဏာသက+ သီဟနာဒဝဂ်+ သဥပါဒိသေသသုတ္တဝဏ္ဏနာ လာ
နိဗ္ဗဒ္ဓကုသိုလ် (၇) မျိုးကို တန်ဆာဆင်၍ ဟောကြား
ပြောကြားအပ်သော
"သောတာပန္န + တူညီရ"
တရားတော်

ယနေ့ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ကြတဲ့ ဒကာ ဒကာမတွေရဲ့ အိမ်ဂေဟာမှာ 'သောတာပန္န+ တူညီရ' ဆိုတဲ့ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဟောပြောခဲ့ပါမယ်။

ဒီနေ့ ဟောမည့်တရားတော်က ဘာတရားတော်တဲ့လဲ။

(သောတာပန္န+ တူညီရ) တရားတော်ပါဘုရား။

ယေသံ ပန ကုလာနံ တိဏ္ဏိ သရဏာနိ၊ ပဉ္စသီလာနိ၊ ဧကံ သလာကဘတ္တံ၊ ဧကံ ပက္ခိကဘတ္တံ၊ ဧကံ ဝဿာဝါသိကံ၊ ဧကာ ပေါက္ခရဏီ၊ ဧကော အာဝါသောတိ ဧဝရူပါနိ နိဗဒ္ဓပုညာနိ အတ္ထိ၊ တေသံ ဂတိ နိဗဒ္ဓါ။

ယေသံပနကုလာနံ- အကြင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အားကား။ တိဏ္ဏိသရဏာနိစ- သုံးပါးပြည့်စုံ၊ သရဏဂုံတို့သည်လည်းကောင်း၊ ပဉ္စသီလာနိစ- ငါးပါးသီလဟိုသည်လည်းကောင်း။ ဧကံသလာကဘတ္တံ- တစ်ကြိမ်လှူဒါန်း၊ စာရေးတံဆွမ်းသည်လည်းကောင်း။ ဧကံပက္ခိကဘတ္တံ- တစ်ကြိမ်လှူဒါန်း၊ ပက္ခဆွမ်းသည်လည်းကောင်း။ ဧကံဝဿဝါသိကံ- တစ်စုံလှူဒါန်း၊ ဝါဆိုသင်္ကန်းသည်လည်းကောင်း။ (ဝါ) တစ်ကြိမ်လှူဒါန်း၊ ဝါဆိုသင်္ကန်းသည်လည်းကောင်း။ ဧကာပေါက္ခရဏီ- တစ်ခါလှူဒါန်း၊ ရေကန်ဆန်းသည်လည်းကောင်း။ ဧကောအာဝါသော- တစ်ဆောင်လှူဒါန်း၊ ကျောင်းတော်ဆန်းသည်လည်းကောင်း။ ဣတိဧဝရူပါနိ- ဤသို့ကြည့်ရှု၊ သဘောရှိကုန်သော။ နိဗဒ္ဓပုညာနိ- ဂတိမြဲကြောင်း၊ ကုသိုလ်ကောင်းတို့သည်။ အတ္ထိ- သန္တိ- စင်စစ်အစုံ၊ ရှိကြကုန်၏။ တေသံ- ထိုအမျိုးကောင်းသား၊ အမျိုးကောင်း

http://www.dhammadownload.com



သမီးများတို့အား။ ဂတိ– လူ့ပြည် နတ်ပြည်၊ ကျင်လည်ဖြစ်ရ၊ သုဂတိဘဝသည်။ နိဗဒ္ဓါ– မလွဲမသွေ၊ မြဲရပေ၏။

ယနေ့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြတဲ့ ဒကာ ဒကာမတွေဟာ ကောင်းမြတ်တဲ့ လူ့ဘဝ၊ နတ်ဘဝ မုချရကြောင်း ရောက်ကြောင်း လက်မှတ်ကြီးကို ဖြတ်နေကြတာပါပဲ။

ဘာလက်မှတ် ဖြတ်နေကြတာပါလိမ့်။ (လူ့ဘဝ၊ နတ်ဘဝ လက်မှတ်ကြီး ဖြတ်နေကြတာပါဘုရား)

ကုသိုလ်ကောင်းမှု ခုနစ်မျိုးရှိတဲ့သူတွေဟာ လူ့ဘဝ နတ်ဘဝ ကောင်းမြတ်တဲ့ သုဂတိဘဝတွေမှာ အမြဲတစေ ဖြစ်ရပါတယ်။

၁။ ရတနာသုံးပါးကို အမြဲမပြတ် ဆည်းကပ်ကိုးကွယ်အားထားတဲ့ ကုသိုလ်။

၂။ ငါးပါးသီလမြဲတဲ့ကုသိုလ်။

၃။ တစ်ပတ်တစ်ကြိမ်၊ တစ်လတစ်ကြိမ်၊ တစ်နှစ်တစ်ကြိမ်စသည်ဖြင့် စာရေးတံဆွမ်း လှူဒါန်းတဲ့ကုသိုလ်။

၄။ လဆန်းပက္ခမှာပဲဖြစ်ဖြစ်၊ လဆုတ်ပက္ခမှာပဲဖြစ်ဖြစ် တစ်ကြိမ်လှူဒါန်းတဲ့ ဆွမ်းကုသိုလ်၊ ဆွမ်းဟင်းကုသိုလ်၊ ဆန်ကုသိုလ်၊ ဆွမ်း ဆွမ်းဟင်း၊ ဆွမ်းဆန်တော်အတွက် လှူတဲ့နဝကမ္မဝတ္ထုငွေကုသိုလ်။

၅။ ဝါဆိုသင်္ကန်းလှူတဲ့ကုသိုလ်။

၆။ ရေရှားတဲ့အရပ်ဒေသတွေမှာ ရေတွင်း ရေကန်တစ်ခုခု တူးဖော်လှူဒါန်းခြင်း ကုသိုလ်။

၇။ ကျောင်းတစ်ဆောင်၊ ဇရပ်တစ်ခု လှူဒါန်းခြင်းကုသိုလ်တွေပါပဲ။

အဲဒီနိဗဒ္ဓပုညဲ အမြဲပြုတဲ့ကုသိုလ်ခုနစ်မျိုး ရှိနေရင် ဘယ်တော့မှ အပါယ်လေးပါး မကောင်းတဲ့ဘဝတွေကို မရောက်တော့ပါဘူး။ ကောင်းမြတ်တဲ့ လူ့ဘဝ၊ နတ်ဘဝတွေကိုပဲ အမြဲတစေ ရောက်ရပါတယ်။

အဲဒီကုသိုလ်ခုနစ်မျိုးလုံး မရှိစေကာမူ တစ်ခုခုသောကုသိုလ်ရှိနေရင်လည်း လူ့ဘုံ နတ်ရပ် ကောင်းမြတ်တဲ့ဘဝတွေကို မုချပိုင်ပိုင် ရနိုင်ရောက်နိုင်တယ်လို့ မှတ်ယူပါ။

အဲဒီကုသိုလ်ခုနစ်မျိုးကို အနုဿတိ အနေနဲ့ညှိပြီးတော့ ကြည့်လိုက်တဲ့

http://www.dhammadownload.com



အခါမှာ နံပါတ် (၁) ကုသိုလ်မှာ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ ရယ်လို့ ဒီလို အနုဿတိသုံးပါး ပါဝင်သွားတယ်နော်။ (မှန်လှပါဘုရား)

နံပါတ် (၂) ကုသိုလ်က သီလာနုဿတိ။

နံပါတ် (၃၊ ၄၊ ၅၊ ၆၊ ၇) ကုသိုလ်တွေက စာဂါနုဿတိ။ ဒီလိုသွင်းယူပြီးတော့ ကွဲပြားအောင် ခွဲခြားပြီး မှတ်ယူရမယ်နော်။ (မှန်လှပါဘုရား)

အဲဒီကုသိုလ်တွေ အနုဿတိတွေ အမြဲရှိနေကြတဲ့ ယနေ့ဒကာ ဒကာမတွေဟာ ဘာနဲ့တူသလဲဆိုရင် သောတာပန်ပုဂ္ဂိုလ်နဲ့တူတယ် တဲ့။

ဘာနဲ့တူသတဲ့လဲ။ (သောတာပန်ပုဂ္ဂိုလ်နဲ့ တူပါတယ်ဘုရား)

သောတာပန်ပုဂ္ဂိုလ်ဆိုတာ ဒိဋ္ဌိနဲ့ ဝိစိကစ္ဆာကို ပယ်ထားပြီးတဲ့အတွက် အပါယ်လေးပါးဆိုတဲ့ မကောင်းတဲ့ဘဝကို ဘယ်တော့မှ မရောက်တော့သလို (မရောက်သကဲ့သို့) နိဗ္ဗကုသိုလ်ခုနစ်မျိုးရှိတဲ့သူဟာလည်း ဒုတိယဘဝမှာ အပါယ်လေးပါးကို မရောက်တော့ပါဘူး။ ဂတိမြဲတယ်။

ဒီတော့ သောတာပန်ပုဂ္ဂိုလ်နဲ့ နိဗ္ဗကုသိုလ်ခုနစ်မျိုးရှိတဲ့သူတွေဟာ အပါယ်လေးပါး မရောက်ပုံ မတူညီဘူးလား။ (တူညီပါတယ်ဘုရား)

ဒီနေ့ ဝါဆိုသင်္ကန်းဆက်ကပ်ကြတဲ့ ဒကာ ဒကာမတွေက ဘယ်ပုဂ္ဂိုလ်နဲ့ တူသတဲ့လဲ။ (သောတာပန်ပုဂ္ဂိုလ်နဲ့ တူပါတယ်ဘုရား)

ဘယ်လို တူညီသတဲ့လဲ။ (ဒုတိယဘဝမှာ အပါယ်လေးပါး မရောက်ပုံချင်း တူညီပါတယ် ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။ (သောတာပန္န+တူညီရ) တရားတော်ပါဘုရား။

သောတာပန်ပုဂ္ဂိုလ်နဲ့ တူညီပြီးတော့ အပါယ်လေး : မကောင်းတဲ့ဘုံဘဝတွေ မရောက်တော့ဘူးဆိုတော့ ဒကာ ဒကာမတွေ ဝမ်းမြောက်စရာမကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)

သောတာပန်ပုဂ္ဂိုလ်က ဘာကိုပယ်သတဲ့လဲ။ (ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ပယ်ပါတယ် ဘုရား)

(ဧတ္ထ ပန သောတာပတ္တိမဂ္ဂ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနေန ပဟီနာပါယဂမနော သတ္တက္ခတ္တုပရမော သောတာပန္နော နာမ ဟောတိ။ (သင်္ဂဟပါဠိ ကမ္မဋ္ဌာန်းပိုင်း)

http://www.dhammadownload.com



သောတာပန္နသဒိသာနေဝ တာနိ ကုလာနိ။ (အံဋ္ဌ ၃- ၂၆၅)

တာနိကုလာနိ- ထိုနိဗ္ဗာန်ကုသိုလ်ခုနစ်ပါး အမြဲနေ့ည ရှိထားကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့သည်။ သောတာပန္နသဒိသာနေဝ- ဤ ဝိစိကိစ္ဆာ ပယ်ခွာ ပယ်သတ်ထားကြတဲ့ သောတာပန်ပုဂ္ဂိုလ်တို့နဲ့ တူကုန်သည်သာလျှင်။ (ဝါ) အပါယ်လေးပါး မရောက်သောအားဖြင့် သောတာပန်ပုဂ္ဂိုလ်တို့နှင့် တူညီကုန်သည်သာလျှင်။ ဟော့တွ- ယနေ့ကာစ နိဗ္ဗာန်ရအောင်၊ မှချပုံသေ၊ ဖြစ်ကြပါပေကုန်သတည်း။

သာဓု သာဓု သာဓုပါဘုရား။

ကဲ- လင်္ကာလေးတွေ လိုက်ဆိုပြီး တရားသိမ်းကြရအောင်

*သုံးပါးရတနာ၊ ကိုးကွယ်ရာ၊ မြဲစွာရှိတဲ့သူ။

*သီလငါးပါး၊ ထိန်းသိမ်းထား၊ ကြိုးစားလုံ့ခြုံသူ။

*စာရေးတံဆွမ်း၊ ကုသိုလ်ဆန်း၊ လှူဒါန်းကြတဲ့သူ။

*လဆန်း လဆုတ်၊ ဆွမ်းဘစ်ဆုပ်၊ အဟုတ်လှူဒါန်းသူ။

*ဝါဆိုသင်္ကန်း၊ ကုသိုလ်ဆန်း၊ လှူဒါန်းကြတဲ့သူ။

*ရေတွင်း ရေကန်၊ တူးဖော်ပြန်၊ စီမံလှူတဲ့သူ။

*နေ့လိုင်ဖို့မှတ်၊ ကျောင်း ဇရပ်၊ အမြတ်လှူတဲ့သူ။

*အပါယ်လွတ်ပြန်၊ သောတာပန်၊ အမှန်ပုဂ္ဂိုလ်တူ။

*ကောင်းရာဆင့်ဆင့်၊ ရောက်သဖြင့်၊ သောတာပန်နှင့်တူ။

*ကောင်းရာရောက်ပြန်၊ သောတာပန်၊ အမှန်ပုဂ္ဂိုလ်တူ။

*အဂ္ဂိတ္တရ၊ ဋ္ဌကထာ၊ ဖွင့်ပြမိန့်တော်မူ။

ယနေ့ ဝါဆိုသင်္ကန်း ဆက်ကပ်ကြတဲ့ ဒကာ ဒကာမတွေ အပါယ်လေးပါး မကောင်းတဲ့ဘဝတွေ ရောက်မှာ ကြောက်စရာလိုသေးရဲ့လား။ (မလိုတော့ပါဘူး ဘုရား)

ဒီတော့ ဒီနေ့ဟောတဲ့တရားတော်လာတဲ့အတိုင်း ပြောမယ်ဆိုရင် 'အပါယ်မကြောက်တဲ့သူ ခုနစ်ယောက်' ရှိတယ်လို့ ပြောရမယ်။

အပါယ်မကြောက်တဲ့သူ ဘယ်နှစ်ယောက်ရှိသတဲ့လဲ။ (ခုနစ်ယောက်ရှိပါတယ်ဘုရား)

http://www.dhammadownload.com



ရတနာသုံးပါး ကိုးကွယ်သူ၊ ငါးပါးသီလမြဲသူ၊ စာရေးတံဆွမ်းလှူသူ၊ လဆန်း၊ လဆုတ်ပက္ခမှာ ဆွမ်းလှူသူ၊ ဝါဆိုသင်္ကန်းလှူသူ၊ ရေတွင်း ရေကန် လှူသူ၊ ကျောင်း ဇရပ်လှူသူ ဒီခုနစ်ယောက်ပဲနော်။ (မှန်လှပါဘုရား)

နံပါတ် (၁) က ကိုးကွယ်ရာမှန်ကန်မှုကို ပြတယ်။ နံပါတ် (၂) က သီလကိုပြတယ်။ နံပါ (၃၊ ၄၊ ၅၊ ၆၊ ၇) တို့က ဒါနကိုပြတယ်။ ဒီလိုလည်း ကွဲပြားအောင် ခွဲခြားပြီးတော့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား)

ကဲ– ဒီနေ့ပြုတဲ့တဲ့ ကုသိုလ်တွေကို ရေစက်သွန်းချ အမျှဝေကြရအောင် အားလုံးလိုက်ဆိုကြ

၁။ အရှင်ဘုရား တပည့်တော်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါစေခြင်း အကျိုးငှာလည်းကောင်း၊ နောင်အခါ၌ ဖဟ်ဘိက္ခု ပဉ္စင်းရဟန်း ဖြစ်ရခြင်း၏ အထောက်အပံ့ကောင်း ဖြစ်ပါစေခြင်းအကျိုးငှာလည်းကောင်း ရည်ရွယ်၍ သံဃာတော်အရှင်မြတ်တို့အား (သံဃိက)၊ အရှင်ဘုရားအား (ပုဂ္ဂလိက) ဤဝါဆိုသင်္ကန်းကို လှူဒါန်းဆက်ကပ်ပါကုန်၏။

၂။ ဤဝါဆိုသင်္ကန်းအလှူသည် ဖဟ်ဘိက္ခု ပဉ္စင်းရဟန်းဖြစ်ရခြင်း၏ ကောင်းမြတ်သော အထောက်အပံ့ကောင်းနှင့် မဂ် ဖိုလ် နိဗ္ဗာန် အမြန်ရကြောင်း အထောက်အပံ့ကောင်းသည် စင်စစ်မသွေ ဖြစ်ပါစေသား။

၃။ ဤကောင်းမှုအဖို့ဘာဂ မှန်သမျှကို မိဘဆရာ ဉာတကာများ အစထား၍ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ် အစရှိကုန်သော သတ္တဝါအနန္တတို့အား အမျှရစေ ပေးဝေသည် များသွေ့ဘူမခေါ်စေသော်။

အားလုံး အမျှ အမျှ အမျှယူတော်မူကြပါကုန်လော့။

သာဓု၊ သာဓု၊ သာဓု။

မှတ်ချက်။ ။ *ပါဆို ကဆိန်သင်္ကန်း ကပ်လှူပွဲတိုင်း၊ ရဟန်းပြုပွဲ ပူဇော်ပွဲတိုင်း၊ သီလပွဲတိုင်း၊ စာရေးတံဆွမ်းကပ်ပွဲတိုင်း၊ လဆန်း လဆုတ် ဆွမ်းကပ်ပွဲတိုင်း၊ ရေတွင်း ရေကန် လှူဒါန်းပွဲတိုင်း၊ ကျောင်း ဇရပ်၊ ဆေးရုံ၊ စာသင်ကျောင်း လွှဲအပ် လှူဒါန်းပွဲတိုင်း ဟောနိုင်ပါသည်။

✪

http://www.dhammadownload.com

## အင်္ဂုတ္တရနိကာယ+ ပဉ္စကနိပါတ်+ ပထမပဏ္ဏာသက+ သုမနဝဂ်+ ပုတ္တသုတ္တန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြား အပ်သော

## "မျှော်လင့်ချက်ငါးပါး" တရားတော်

ယနေ့ ဘဝတစ်ပါး ပြောင်းသွားကြတဲ့ မိခင် ဘခင် ကျေးဇူးရှင်တွေ လူ့ဘုံ၊ နတ်ဘုံ အရပ်စုံမှာ ကောင်းကျိုးချမ်းသာ အဖုံဖုံတွေကို ခံစား စံစားနိုင်ပါစေဆိုတဲ့ရည်ရွယ်ချက်နဲ့ သံဃာတော်အရှင်သူမြတ်တွေကို ဆွမ်းကပ်၊ သင်္ကန်းကပ် လှူကြတဲ့ ဒကာ ဒကာမတွေကို 'မျှော်လင့်ချက် ငါးပါး' တရားတော်ကို ဟောကြားခဲ့ပါ့မယ်။

ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ သမ္ပဿန္တာ မာတာပိတရော ပုတ္တံ ဣစ္ဆန္တိ ကုလေ ဇာယမာနံ။

ဘိက္ခဝေ– ရဟန်းတို့။ ပဉ္စ– ငါးမျိုးကုန်သော။ ဣမာနိဌာနာနိ– ဤအကြောင်းတို့ကို။ သမ္ပဿန္တာ– ကောင်းစွာမြော်မြင်ကြကုန်သော။ မာတာပိတရော– မိခင် ဘခင်၊ ကျေးဇူးရှင်တို့သည်။ ပုတ္တံ– သားသမီးကို။ ကုလေ– အမျိုး၌။ ဇာယမာနံ– ဖြစ်ပေါ်လာသည်ကို။ ဣစ္ဆန္တိ– အမြဲနေ့ည၊ အလိုရှိကြပါပေကုန်၏။

(ချစ်သားရဟန်းတို့၊ အကြောင်းငါးမျိုးတို့ကို ကောင်းစွာမြော်မြင်ကြတဲ့ မိဘတွေဟာ မိမိတို့ရဲ့အမျိုးမှာ သား သမီး ဖြစ်ပေါ်လာတာကို အလိုရှိကြပါတယ်။)

ကတမာနိပဉ္စ– ဘတောဝါနော ဘရိဿတိ၊ ကိစ္စံဝါ နော ကရိဿတိ၊ ကုလဝံသော စိရံ ဌဿတိ၊ ဒါယဇ္ဇံ ပဋိပဇ္ဇိဿတိ၊ အထဝါ ပန ပေတာနံ ကာလင်္ကတာနံ ဒက္ခိဏံ အနုပ္ပဒဿတီတိ။ (အံ ပါဠိ ၂– ၃၇)

ကတမာနိပဉ္စ– အဘယ်ငါးမျိုးတို့နည်းဟူမူကား။ နော– ငါတို့သည်။ ဘတောဝါ– မွေးမြူထားအပ်၊ သားမြတ်ရတနာသည်မူလည်း။ နော– ငါတို့ကို။

http://www.dhammadownload.com



ဘရိယတိ– အိုမင်းသောအခါ၊ တစ်ဖန်သာလျှင်၊ ပြန်ကာရေးယူ၊ ပြုစုလုပ်ကျွေး မွေးမြူလတ္တံ့။ ပုတ္တော– သားသမီးသည်။ နော– ငါတို့၏။ ကိစ္စံဝါ– မင်းစိုး ကိစ္စ၊ အဝဝကိုလည်း။ ကရိဿတိ– နေ့ညမနေး၊ ပြုလုပ်ပေးလတ္တံ့။ ကုလဝံသော– အမျိုးအနွယ်သည်။ စိရံ– ကြာမြင့်စွာ။ ဌဿတိ– တည်လတ္တံ့။ ပုတ္တော– သားသမီးသည်။ ဒါယဇ္ဇံ– ငါတို့ထားရှာ၊ အမွေဥစ္စာကို။ ပဋိပဇ္ဇိဿတိ– ဆက်ခံထိန်းသိမ်းလတ္တံ့။ အထဝါပန– အခြားသောအကြောင်း တစ်မျိုးကား။ ပေတာနံ– တစ်ပါးဘဝ၊ ပြောင်းသွားကြကုန်သော။ ကာလကတာနံ– ကွယ်လွန် သွားကြကုန်သော။ (အမှာကံ– မိဘဖြစ်သော ငါတို့အား။ ပုတ္တော– သားသမီးသည်။) ဒက္ခိဏံ– မှန်စွာပြုဘိ၊ အလှူ၏အဖို့ကို။ အနုပ္ပဒဿတိ– အမြဲနေ့ည၊ ပေးဝေကြလတ္တံ့။ ဣတိ– ဤအကြောင်းငါးမျိုးတို့ ပါပေတည်း။

အဲဒီအကြောင်းငါးမျိုးက ဘာတွေလဲဆိုရင်

၁။ ငါတို့မွေးမြူထားတဲ့ သားသမီးဟာ တို့အသက်ကြီးရင့်လာပြီး အိုမင်း မစွမ်းဖြစ်တဲ့အခါမှာ တို့ကို ပြန်ပြီးတော့ ပြုစုလုပ်ကျွေးကြလိမ့်မယ်။

၂။ ငါတို့ရဲ့မင်းစိုးရာဇာနဲ့ပတ်သက်တဲ့ ကိစ္စကြီးငယ် အသွယ်သွယ်ကို လည်း ဆောင်ရွက်ပြီးတော့ ပေးကြလိမ့်မယ်။

၃။ ငါတို့ရဲ့ လယ်ယာရွှေငွေဥစ္စာတွေကို မပျက်စီးအောင် စောင့်ရှောက်ပြီး တော့ ငါတို့အမြဲမပြတ် ဖြစ်စေအပ်တဲ့ စာရေးတံဆွမ်းစသည်တွေကို အဆက်မပြတ်ဘဲ သားတွေ သမီးတွေက ဖြစ်စေကာ ဆက်လက်ထိန်း သိမ်းရင် တို့အမျိုးအနွယ်အစဉ်အဆက်ဟာ ကြာမြင့်စွာတည်လိမ့်မယ်။

၄။ ငါတို့ရှာထားတဲ့ အမွေဥစ္စာတွေကို ဆက်ခံကိုက်သူတွေ ဖြစ်ကြလိမ့် မယ်။

၅။ နောက်ဆုံး အဓိကအကြောင်းတစ်မျိုးကတော့ တို့သေသွားတဲ့အခါမှာ တို့အတွက် ကုသိုလ်ကောင်းမှုတွေပြုပြီးတော့ ကုသိုလ်ရဲ့အဖို့ကို ငါတို့ အား ရေစက်သွန်းချ အမျှပေးဝေကြလိမ့်မယ်လို့ အဲဒီလို အကြောင်း ငါးမျိုးကို မျှော်လင့်ပြီးတော့ မိဘတွေက သားသမီးတွေကို အလိုရှိ ကြတာ ဖြစ်ပါတယ်။

အဲဒီငါးမျိုးထဲမှာ အလှူလုပ်ပေးပြီး အမျှဝေမှုကို အဓိက အလိုရှိကြ တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဘာ့ကြောင့်လဲဆိုရင် သေခါနီးကာလမှာ သားသမီး အစွဲ ပစ္စည်းဥစ္စာအစွဲတွေ များစွာနဲ့ သေသွားရင် အကယ်၍ ပြိတ္တာဘဝမှာ ဖြစ်နေပါက ကုသိုလ်ပြုပြီး အမျှပေးဝေလိုက်တဲ့အခါ သာဓုခေါ်နိုင်ကာ ကောင်းရာသုဂတိဘုံဘဝကို မုချပိုင်ပိုင် ရောက်နိုင်လို့ပါပဲ။

တ္ထမာနိခေါ ဘိက္ခဝေ ပဥ္စဌာနာနိ သမ္ပဿန္တာ မာတာပိတရော ပုတ္တံ ဣစ္ဆန္တိ ကုလေ ဇာယမာနန္တိ။

ဘိက္ခဝေ– ရဟန်းတို့။ ပဥ္စ– ငါးမျိုးကုန်သော။ ဣမာနိဌာနာနိ– အတည်အကောင်း၊ ဤအကြောင်းတို့ကို။ သမ္ပဿန္တာ– ကောင်းစွာမြော်မြင်ကြကုန်သော။ မာတာပိတရော– မိခင် ဘခင်၊ ကျေးဇူးရှင်တို့သည်။ ပုတ္တံ– သားသမီးကို။ ကုလေ– အမျိုး၌။ ဇာယမာနံ– ဖြစ်ပေါ်လာသည်ကို။ ဣစ္ဆန္တိ– အမြဲနေ့ည၊ အလိုရှိကြပါပေကုန်၏။ ဣတိ– ဤသို့။ အဝေါစ– ကောင်းစွာမသွေ၊ ဟောကြားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

၁။ တို့အိုမင်းလာ၊ ကြီးသောခါ၊ ပြန်ကာကျွေးလိမ့်မယ်။
၂။ တို့ရဲ့ကိစ္စ၊ မှန်သမျှ၊ မုချပြုလိမ့်မယ်။
၃။ တို့မျိုးနွယ်တွေ၊ တည်အောင်လေ၊ မသွေပြုလိမ့်မယ်။
၄။ တို့ရှာတားပေး၊ ဥစ္စာတွေ၊ အမွေခံလိမ့်မယ်။
၅။ တို့သေသွားက၊ ကုသလ၊ ပြုမျှဝေလိမ့်မယ်။

မျှော်လင့်ချက်ကား၊ ဤငါးပါး၊ ဘုရားဟောခဲ့တယ်။
မိဘတို့ကား၊ သမီးသား၊ လိုလားဤငါးသွယ်။

ကဲ– အကျဉ်းချုပ်ဂါထာတွေ ဆက်နာကြရအောင်

၁။ ပဥ္စဌာနာနိ သမ္ပဿံ၊ ပုတ္တံ ဣစ္ဆန္တိ ပဏ္ဍိတာ။
ဘတော ဝါ နော ဘရိဿတိ၊ ကိစ္စံ ဝါ နော ကရိဿတိ။

ပဏ္ဍိတာ– ပညာရှိမိဘတို့သည်။ ပဥ္စ– ငါးမျိုးကုန်သော။ ဌာနာနိ– အတည်အကောင်း၊ ဤအကြောင်းတို့ကို။ သမ္ပဿံ– သမ္ပဿန္တာ– ကောင်းစွာနေ့ည၊ မြော်မြင်ကြကုန်သောကြောင့်။ ပုတ္တံ– သားသမီးကို။ ဣစ္ဆန္တိ– အလိုရှိ

http://www.dhammadownload.com



ကြကုန်၏။ ဘတော၀ါ- ငါတို့နို့ချို တိုက်ကျွေးပိုထား၊ ငါတို့သားသမီးသည် လည်း။ နော- ငါတို့ကို။ ဘရိဿတိ- အတုံ့တစ်ဖန်၊ အဟုတ်ပြန်ကာ၊ မွေးမြူပါလတ္တံ့။ ပုတ္တော- သားသမီးသည်။ နော- ငါတို့၏။ ကိစ္စံ၀ါ- မင်းရိုးကိစ္စ၊ အဝဝကိုလည်း။ ကရိဿတိ- မနေးမြန်စွာ၊ ပြုပေးပါလတ္တံ့။

၂။ ကုလဝံသော စိရံ တိဋ္ဌေ၊ ဒါယဇ္ဇံ ပဋိပဇ္ဇတိ။
အထဝါ ပန ပေတာနံ၊ ဒက္ခိဏံ အနုပ္ပဒဿတိ။

ပုတ္တော- မမှားခါခါ၊ သားသမီးရတနာသည်။ ရက္ခန္တေ- တို့ဥစ္စာများ၊ ပျောက်မသွားအောင်၊ စောင့်ထားထိန်းသိမ်းသည်ရှိသော်။ ကုလဝံသော- ငါတို့ မျိုးနွယ်၊ အသွယ်သွယ်သည်။ စိရံ- ခါခါဆင့်ဆင့်၊ လွန်ကြာမြင့်စွာ။ တိဋ္ဌေ- မလွဲမသွေ၊ တည်မြဲပေလတ္တံ့။ (ပုတ္တော- သားသမီးသည်။) ဒါယဇ္ဇံ- ငါတို့ ထားရှာ၊ အမွေဥစ္စာကို။ ပဋိပဇ္ဇတိ- ဆက်ခံထိန်းသိမ်းလတ္တံ့။ အထဝါပန- အခြားမှတ်ရိုး၊ အကြောင်းတစ်မျိုးကား။ ပေတာနံ- ဘဝတစ်ပါး၊ ပြောင်းကာ သွားကြ၊ မိဘနှစ်ပါး၊ ငါတို့အား။ ဒက္ခိဏံ- အလှူဒါန၊ ကုသိုလ်၏အဖို့ဘာဂ ကို။ အနုပ္ပဒဿတိ- နေ့နေ့ညည၊ သတိရ၍၊ ပေးကြဝေကြ၊ ပေးဝေကြလတ္တံ့။

၃။ ဌာနာနေတာနိ သမ္ပဿံ၊ ပုတ္တံ ဣစ္ဆန္တိ ပဏ္ဍိတာ။
တသ္မာ သန္တော သပ္ပုရိသာ၊ ကတညူ ကတဝေဒိနော။

ပဏ္ဍိတာ- ပညာရှိမိဘတို့သည်။ ဧတာနိဌာနာနိ- အတည်အကောင်း၊ ဤအကြောင်းငါးမျိုးတို့ကို၊ သမ္ပဿံ- သမ္ပဿန္တာ- ကောင်းစွာနေ့ည၊ တွေ့ မြင်ကြကုန်သောကြောင့်။ ပုတ္တံ- သားသမီးကို။ ဣစ္ဆန္တိ- အလိုရှိကြကုန်၏။ တသ္မာ- အကြောင်းငါးဖြာ၊ အကောင်းရှာ၍၊ ကောင်းစွာလိုလား၊ မျှော်လင့်ထား သော၊ ထိုသဘောကြောင့်။ ကတညူ- သူတစ်ပါးပြုဖူး၊ မြတ်ကျေးဇူးကို၊ အထူးအစုံ၊ သိတတ်ကုန်သော။ ကတဝေဒိနော- သူတစ်ပါးပြုဖူး၊ မြတ်ကျေးဇူး ကို၊ အထူးဖော်ပြ၊ ပေးဆပ်တတ်ကြကုန်သော။ သပ္ပုရိသာ- တင့်တယ်လှပ၊ ယောကျ်ားကောင်း ယောကျ်ားမြတ် ဖြစ်ကြကုန်သော။ သန္တော- အယူမကောင်း၊ သူတော်ကောင်းတို့သည်။

၄။ ဘရန္တိ မာတာပိတရော၊ ပုဗ္ဗေ ကတ မနုဿရံ။
ကရောန္တိ နေသံ ကိစ္စာနိ၊ ယထာ တံ ပုဗ္ဗကာရိနံ။

http://www.dhammadownload.com



ပုဗ္ဗေ– ရှေး၌။ ကတံ– မိဘပြုဖူး၊ ဂုဏ်ကျေးဇူးကို။ အနုဿရံ– အနုဿရန္တာ– အမြဲနေ့ည၊ သတိရကြကုန်လျက်။ မာတာပိတရော– မိဘတို့ကို။ ဘရန္တိ– ပြုစုလုပ်ကျွေး၊ အရေးတယူ၊ မွေးမြူကြကုန်၏။ ပုဗ္ဗကာရိနံ– ရှေးဦးကြည်ဖြူ၊ ကျေးဇူးပြုကြသူတို့၏။ (ကိစ္စာနိ– လုပ်ငန်းကိစ္စ၊ အဝဝတို့ကို။) ကရောန္တိယထာ– နေ့ညမနေး၊ ပြုလုပ်ပေးကြကုန်သကဲ့သို့။ တထာ– ပမာထားယူ၊ အလားတူပင်။ နေသံ– လက်ဦးဆရာ၊ ထက်ထူးစွာသား၊ ထိုမိဘနှစ်ပါးတို့၏။ ကိစ္စာနိ– လုပ်ငန်းကိစ္စ၊ အဝဝတို့ကို။ ကရောန္တိ– အမြန်မနေး၊ ပြုလုပ်ပေးကြကုန်၏။

(နံပါတ် ၁၊ ၂၊ ဂါထာနဲ့ နံပါတ် ၃ ဂါထာ အထက်အပိုဒ်က မိဘတို့ရဲ့ မျှော်လင့်ချက်ငါးပါးကို ဖော်ပြပါတယ်။ ရှေ့ဖော်ပြခဲ့ပြီးတဲ့အတွက် ထပ်မပြောတော့ပါဘူး။ နံပါတ် ၃ အောက် တသွာ စတဲ့အပိုဒ်နဲ့ နံပါတ် ၄ ဂါထာက မိဘကျေးဇူး အထူးသိတဲ့သူကို ကတညူ၊ သိတဲ့အတိုင်း မရိုင်းယဉ်ယဉ် ဘုရားအလောင်း သူတော်ကောင်းတွေလို သမိုင်းတွင်အောင် မိဘတွေရဲ့ ကျေးဇူးတွေကို အထူးထင်ရှားအောင် ဖော်ပြကျေးဇူးဆပ်တတ်သူဟာ ကတဝေဒီ၊ အဲဒီလို ကတညုတ၊ ကတဝေဒီ တရားတွေနဲ့ ပြည့်စုံတဲ့သူဟာ တယ့်တယ်လှပတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဖြစ်ပြီး သပ္ပုရိသ၊ သန္တ– သူတော်ကောင်းလို့ ခေါ်ဆိုရပါတယ်။

တင့်တယ်လှပတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဟာ မိဘတွေရဲ့ ရှေးကပြုပေးခဲ့ဖူးတဲ့ ကျေးဇူးတွေကို အမြဲနေ့ည သတိရကာ မိဘတွေကို ပြုစုလုပ်ကျွေးမွေးမြူကြတယ်။

ဒီနေ့ ဘဝတစ်ပါး ပြောင်းသွားကြတဲ့ အမေ အဖေတွေကို ရည်စူးပြီးတော့ ကုသိုလ်ပြုပေးနေကြတဲ့ ဒကာ ဒကာမတွေဟာ မိဘကျေးဇူးတွေကို သိတဲ့အတိုင်း ကျေးဇူးဆပ်ပေးနေကြတာ ဖြစ်တဲ့အတွက် တင့်တယ်လှပသူတွေပါပဲ။ သူတော်ကောင်းတွေပါပဲ။)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

* ဒီလောကမှူ၊ တင့်တယ်လှူ၊ လှသူ ဘယ်သူလဲ။

* မိဘကျေးဇူး၊ အထူးသိတတ်၊ အထူးဆပ်သူ၊

လောကမှူ၊ တင့်သူ လှသူပဲ။

http://www.dhammadownload.com



* မိဘနှစ်ပါး၊ ကျေးဇူးများ၊ သိထား ပေးဆပ်သူ။
* တင့်တယ်လှပ၊ ခေါ်ဆိုရ၊ ဗုဒ္ဓဟောတော်မူ။
* ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်၊ အမြတ်ရှင်နှဲ့လူ။
* မိဘကျေးဇူး၊ ဂုဏ်အထူး၊ ကြည်နူးဆပ်တော်မူ။

(ရှေးက ကိုယ့်အပေါ်မှာ ကျေးဇူးရှိကြတဲ့ အခြားသူတွေရဲ့ လုပ်ငန်းကိစ္စ အဝဝတွေကို မငြီးမငြင်ဘဲ ပြုလုပ်ပေးကြသလို မိဘတွေရဲ့လုပ်ငန်းတွေကိုလည်း မမေ့မလျော့ မပေါ့မဆ ပြုလုပ်ပြီးတော့ ပေးကြပါ။ မိဘတွေကို ကျေးဇူးဆပ်ကြပါ။ ဆရာသမားတွေကို ကျေးဇူးဆပ်ကြပါ။ မိဘ ဆရာသမားတွေရဲ့ ကျေးဇူးတွေကို သိပြီးတော့ ကျေးဇူးဆပ်ကြသူတိုင်း ယခုဘဝ နောက်ဘဝ ကောင်းကျိုးတွေရကြပါတယ်။)

၅။ သြဝါဒကာရီ ဘတပေါသီ၊ ကုလဝံသံ အဟာပယံ။
သဒ္ဓေါ သီလေန ပမ္ပန္နော၊ ပုတ္တော ဟောတိ ပသံသိယော။

သြဝါဒကာရီ– မိခင် ဘခင်၊ ကျေးဇူးရှင်တို့၊ သွင်သင်ဆုံးမ၊ သြဝါဒကို၊ လုံးဝမမေ့၊ ပြုကျင့်လိုက်နာလေ့ရှိသော။ ဘတပေါသီ– မိမိကိုမွေးမြူခဲ့သော၊ အမိအဘတို့ကို သတိတရ အတိအကျတုံ့ပြန်၍ ပြုစုလုပ်ကျွေး မွေးမြူလေ့ရှိသော။ ကုလဝံသံ– တန်ခိုးထည်ထည်၊ အမျိုးအနွယ်ကို။ အဟာပယံ– အဟာပယန္တော– အဟုတ်မသွေ၊ မဆုတ်မယုတ်စေသော။ သဒ္ဓေါ– ကြင်လင်ခါခါ၊ ပီပြင်စွာသား၊ သဒ္ဓါတရားရှိသော။ သီလေန– ဘဝတစ်ခွင်၊ အလှဆင်သော်၊ အလွန်လိုအပ်၊ သီလမြတ်နှင့်။ သမ္ပန္နော– အမှန်ပြေချော၊ ပြည့်စုံနေသော။ ပုတ္တော– မမှားခါခါ၊ သားသမီးရတနာသည်။ ပသံသိယော– ယခုကစ၊ ယခု ဘဝဒ္ဓပင်၊ နှေ့ညနှစ်ခြိုက်၊ ချီးမွမ်းထိုက်သည်။ ဟောတိ– မုချပုံသေ၊ အဖြစ် ကြီး ဖြစ်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

(မိဘတွေရဲ့ ဆုံးမခဲ့တာတွေကို လိုက်နာရမယ်။ မိဘတွေရဲ့ မျှော်လင့်ချက်တွေကို ဖြည့်စွက်ရမယ်။ မိဘတွေကို ပြန်ပြီးတော့ ပြုစုလုပ်ကျွေး မွေးမြူရမယ်။ မိဘတို့ရဲ့ အမျိုးအနွယ်ကို မဆုတ်မယုတ်အောင်၊ တိုးတက်လာအောင် ကြိုးစားရမယ်။ ရတနာသုံးတန် ကံ ကံရဲ့အကျိုးတရားတွေကို ယုံကြည်တတ်တဲ့

http://www.dhammadownload.com



သဒ္ဓါတရားနဲ့ ပြည့်စုံရမယ်။ သီလနဲ့ ပြည့်စုံရမယ်။ အဲဒီအချက်အလက်တွေနဲ့ ပြည့်စုံတဲ့ သားသမီးဟာ ယခုဘဝ၌ပင် လူတွေ၊ ရှင်တွေ၊ သူတော်ကောင်းတွေက ချီးမွမ်းထိုက်ပါတယ်။ နောက်ဘဝကျတော့လည်း နတ်ပြည်လောက ဘုံဘဝတွေကို မုချပိုင်ပိုင် ရောက်နိုင်ပါတယ်။)

ဒီတော့ တရားနာပရိသတ်၊ မိဘတွေရဲ့ကျေးဇူးတွေကို သိတတ်ပြီးတော့ ကျေးဇူးဆပ်ကြရမယ်နော်။ (မှန်လှပါဘုရား)

ဒီလောကမှာ ချီးမွမ်းထိုက်သူတွေက ဘယ်သူတွေတဲ့လဲ။ (မိဘကျေးဇူး သိတဲ့ သား သမီးတွေပါဘုရား)

သိရုံပဲ သိရမှာလား၊ သိပြီးတော့ ဆပ်ရမှာလား။ (သိပြီးတော့ ဆပ်ရမှာ ပါ ဘုရား)

ဒီနေ့ မိဘတွေအတွက် ရည်စူးပြီးတော့ ကုသိုလ်ပြု အမျှရစေ ပေးဝေနေတဲ့ ဒကာ ဒကာမတွေက ချီးမွမ်းထိုက်သူတွေလား၊ ကဲ့ရဲ့ထိုက်သူတွေလား။ (ချီးမွမ်းထိုက်သူတွေပါဘုရား)

ဒီနေ့ ဒကာ ဒကာမတွေက တင့်တယ်လှပသူတွေလား၊ အကျည်းတန်သူတွေလား။ (တင့်တယ်လှပသူတွေပါဘုရား)

ဒီလိုဆိုရင် ဒီနေ့ဟောတဲ့တရားတော်ကို 'ချီးမွမ်းထိုက်သူ+ လှပသူ' လို့ အမည်ပေးရင်ကော မရနိုင်ဘူးလား။ (ရနိုင်ပါတယ်ဘုရား)

'တင့်တယ်သောသူ+ လှပသူ' လို့ အမည်ပေးရင်ကော မရနိုင်ဘူးလား။ (ရနိုင်ပါတယ်ဘုရား)

ယနေ့ မိဘတွေအတွက် ရည်စူးပြီးတော့ ကုသိုလ်ကောင်းမှု ပြုလုပ်ကြတဲ့ ဒကာ ဒကာမတွေ ဘဝတိုင်း ဘဝတိုင်း မိဘတွေရဲ့ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းနိုင်ကြပါစေ၊ ချီးမွမ်းထိုက်သူ၊ တင့်တယ်လှပသူတွေ ဖြစ်နိုင်ကြပါစေဆိုတဲ့ အနေအားဖြင့် ပုတ္တသုတ္တန်ကို ထုတ်ပြန်ကာ 'မျှော်လင့်ချက်ငါးပါး' တရားတော်ကို ဟောပြခဲ့ပါတယ်။

မြင်းမိုရ်တောင်ဦး မကကျူးသည့် မိဘတွေရဲ့ ကျေးဇူးတွေကို သိပြီးတော့ သိတဲ့အတိုင်း ဆပ်နိုင်ကြပါစေလို့လည်း ဆုပေး ဆုတောင်းခဲ့ပါတယ်။

ကဲ- လက်ာလေးတွေလိုက်ဆိုကြ

* ချီးမွမ်းထိုက်သူ၊ လောကမှု၊ ဘယ်သူဖြစ်သလဲ။

http://www.dhammadownload.com

* ကျေးဇူးသိထား၊ ပေးဆပ်ကြား၊ သားနဲ့သမီးပဲ။
* ချီးမွမ်းထိုက်သူ၊ လှုပသူ၊ မှတ်ယူဖြစ်ရအောင်။
* မိဘကျေးဇူး၊ ဂုဏ်အထူး၊ ရည်စူးဆပ်+ ခု+ နောင်။

ကဲ– ယနေ့ သားတို့ သမီးတို့ အမေ အဖေတို့အတွက် ရည်မှန်းပြီးတော့ ပြုရတဲ့ကုသိုလ်တွေကို အမေတို့ အဖေတို့ အဓိကလိုလားတဲ့ 'လှူမျှဝေမှု' ကို ပြုလုပ်ပွေးပါတယ်။ အမေတို့ အဖေတို့ ရရှိကာ လူ့ဘုံ၊ နတ်ဘုံ အရပ်စုံမှာ ကောင်းကျိုးချမ်းသာ အဖြာဖြာတွေ ရရှိခံစားနိုင်ကြပါစေလို့ အာရုံပြုပြီးတော့ ရေစက်ချသွန်းချ အမျှဝေကြရအောင်။ အဲ့ားလုံးလိုက်ဆိုကြ

၁။ အရှင်ဘုရား တပည့်တော်တို့သည် ဘဝတစ်ပါး ပြောင်းသွားကြကုန်သော မိဘနှစ်ပါးတို့ လူ့ဘုံ နတ်ဘုံ အရပ်စုံ၌ ကောင်းကျိုးချမ်းသာ အဖုံဖုံတို့ကို ခံစား စံစားနိုင်ပါစေခြင်း အကျိုးငှာ မွန်မြတ်လှသော ဉာဆွမ်းဘောဇဉ်၊ ချိုချဉ်ရသာ အဖြာဖြာတို့နှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို သံဃာတော်တို့အား (သံဃိက)၊ အရှင်ဘုရားအား (ပုဂ္ဂလိက) လှူဒါန်းပါကုန်၏။

၂။ အရှင်ဘုရား ဉာကောင်းမှုကြောင့် ဘဝတစ်ပါး ပြောင်းသွားကြသော အမိအဘတို့သည် သေခါနီးအချိန်၌ မကောင်းသောအာရုံနိမိတ်တို့ကြောင့် ပြိတ္တာဘုံ၌ အကယ်၍ကျရောက်ခဲ့သော ထိုပြိတ္တာဘုံမှ ငါတို့အတွက် (အများ) ငါ့အတွက် (အနည်း) ရည်မှန်း၍ ကျန်ရစ်သူ သားသမီးတို့က ကုသိုလ်ကောင်းမှု အစုစုကို ပြုလုပ်၍ ကုသိုလ်၏အဖို့ကို အတူရရန် အမျှပေးဝေခြင်းကို ပြုကြကုန်၏ဟု သိရှိကာ သာဓုခေါ်နိုင်ကြ၍ ပြိတ္တာဘုံ၌ နတ်တို့၏အသုံးအဆောင် ဘုံဗိမာန်၊ ပဒေသာပင်၊ အဝတ်အစား၊ အဖျော်ယမကာ၊ ထီး၊ ဖိနပ်၊ ယာဉ် အစရှိသည်တို့ကို ရရှိခံစား စံစားနိုင်ကြပါစေသား။

တပည့်တော်တို့သည်လည်း အို နာ သေဆေးတို့ကို ဆင်ခြင်ပွားများနိုင်ကြ၍ မဂ် ဖိုလ် နိဗ္ဗာန် ချမ်းသာမှန်ကို အမြန်ရလို တောင်းဆုဆိုကြပါကုန်၏။

ထိုမှတစ်ပါး မိဘကျေးဇူး အထူးသိတတ် အထူးဆပ်နိုင်သော သားသမီးတွေ ဖြစ်ရပါလို တောင်းဆုဆိုကြပါကုန်၏။

၃။ ယနေ့ယခု ပြုရသော ကုသိုလ်၏ အဖို့ဘာဂ မှန်သမျှကို မိဘနှစ်ပါးတို့အား အထူးအားဖြင့် အမျှရစေ ပေးဝေပါကုန်၏။ ထိုမှတစ်ပါး အိမ်စောင့်နတ်၊ ကိုယ်စောင့်နတ်၊ အစထား၍ သုံးဆယ့်တစ်ဘုံ ရှိကြကုန်သော သတ္တဝါတို့အား အမျှရစေ ပေးဝေသည် များထွေသာဓုခေါ်စေသော်။

http://www.dhammadownload.com



အားလုံး အမျှ အမျှ အမျှယူတော်မူကြပါကုန်လော့။

သာဓု၊ သာဓု၊ သာဓု။

မှတ်ချက်။ ။ *မိဘများရည်စူး၍ ကုသိုလ်ပြုပွဲတိုင်း၊ ဆရာသမားများ ရည်စူး၍ ကုသိုလ်ပြုပွဲတိုင်း၊ မိဘ ဆရာကျေးဇူးဆပ်ပွဲတိုင်း၊ တိုင်းပြည် မြို့ ရွာ ခေါင်းဆောင်ကောင်းကြီးများကို ရည်စူး၍ ကုသိုလ်ပြုပွဲတိုင်း၊ နေရာဒေသတိုင်းမှာ မိဘကျေးဇူးသိမြင်ရေးအတွက် ဟောကြားနိုင်ပါသည်။

*တရားမည်ကို 'မျှော်လင့်ချက်ငါးပါး'၊ 'တင့်တယ်သောသူ+ လှပသူ'၊ 'ချီးမွမ်းထိုက်သူ+ လှပသူ'၊ 'ကျေးဇူးသိတတ်+ ကျေးဇူးဆပ်'၊ 'အမြတ်ဆုံး သားသမီးများ' စသည်ဖြင့် နှစ်သက်သလို ပေးနိုင်ပါသည်။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ+ ထေရာပဒါနပါဠိတော်+ ပိလိန္ဒဝစ္ဆဝဂ်+
ပိလိန္ဒဝစ္ဆတ္ထေရ အပဒါန်လာ "ဘေသဇ္ဇာနိသံသ" ဂါထာနှစ်ပုဒ်ကို
တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော
"မခွဲမခွာ + နေလိုပါသော်"
တရားတော်

၁။ ဘေသဇ္ဇံ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
ဒသာ'နိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

သုဂတေ– သုဂတဿ= စကားကောင်းကို၊ ပြောကြားဆိုတတ်၊ ဘုရားမြတ်အားလည်းကောင်း။ ဂဏဝရုတ္တမေ– ဂဏဝရုတ္တမဿ= ဂိုဏ်းမြတ်စင်စစ်၊ ဖြစ်ကြီးဖြစ်သော။ သံဃေ– သံဃဿ= ဘုရားသားခေါ်၊ သံဃာတော်အားလည်းကောင်း။ ဘေသဇ္ဇံ– ဆေးကို။ ဒတွာ– သဒ္ဓါဖြူဖွေး၊ အလှူပေးရသောကြောင့်။ ကမ္မာနုစ္ဆဝိကေ– ကောင်းမှုကံမြတ်၊ လျော်ပတ်ကုန်သော။ ဒသာနိသံသေ– တကယ်ပွားတိုး၊ ဆယ်ပါးသောအကျိုးတို့ကို။ မမ– ပိလိန္ဒဟု၊ နာမပြုခေါ်၊ ငါရဟန်းတော်အား။ အနုဘောမိ– အမြဲတစေ၊ ခံစားရပါပေ၏။

(ဦးဇင်းတို့ ဘုရားရှင်ကိုယ်တော်မြတ် လက်ထက်တော်က အရှင်ပိလိန္ဒဝစ္ဆ လို့ ခေါ်တဲ့ မထေရ်မြတ်တစ်ပါးရှိတယ်။ နတ်တွေချစ်ခင်နှစ်သက်တဲ့နေရာမှာလည်း အသာဆုံး အမြတ်ဆုံး အတော်ဆုံး ဧတဒဂ် ရတော်မူပါတယ်။ အဲဒီမထေရ်မြတ် ဘုရားနဲ့ သံဃာတော်မှာ ဆေးလှူရတဲ့အတွက်ကြောင့် အကျိုးဆယ်ပါး ရရှိပုံကို ကိုယ်တိုင်ကိုယ်ကျ ဟောပြထားတော်မူပါတယ်။

ကဲ– အကျိုးဆယ်ပါး ရပုံ နံပါတ် (၂) ဂါထာကို ဆက်ပြီးတော့ ဟောကြ နာကြရအောင်

၁။ အာယုဝါ ဗလဝါဓီရော၊ ဝဏ္ဏဝါ ယသဝါသုခီ။
အနုပဒ္ဒဝေါ အနီတိစ၊ ဟောမိ အပစိတော သဒါ။
နမေ ပိယဝိယောဂ'တ္ထိ၊ တဿ နိဿန္ဒတော မမ။
အာယုဝါ– ရှည်သောအသက်ရှိခြင်းသည်လည်းကောင်း၊ ဗလဝါ–

http://www.dhammadownload.com



ကြီးသော ခွန်အားရှိခြင်းသည်လည်းကောင်း။ ဓိရော- ပညာရှိခြင်းသည်လည်းကောင်း။ ဝဏ္ဏဝါ- အဆင်းလှပခြင်းသည်လည်းကောင်း။ ယသဝါ- အခြံအရံပေါများခြင်းသည်လည်းကောင်း။ သုခီ- ကိုယ်စိတ်နှဖြာ၊ ကျန်းမာပကတိ၊ ချမ်းသာရှိခြင်းသည်လည်းကောင်း။ အနုပဒ္ဒဝေါ- ဘေးဥပါဒ်အန္တရာယ် မရှိခြင်းသည်လည်းကောင်း။ အနီတိစ- ကြောင်ကြစိုးရိမ်မရှိသည်လည်းကောင်း။ သဒါ- မကြာမလပ်၊ အခါခပ်သိမ်း။ အပစိတော- သူတစ်ပါးတွေ ရိုသေအပ်သည်လည်းကောင်း။ ဟောမိ- မလွဲမသွေ၊ ဖြစ်ရပေ၏။ မမ- ငါ၏။ တဿ- ထိုကောင်းမှုကံ၏။ နိဿန္ဒတော- အကျိုးအားဖြင့်။ မေ- ငါ့အား။ ပိယဝိယောဂေါ- ချစ်သောခင်သော၊ ကြင်နာသောသူ၊ များရှင်လူနှင့်၊ မှတ်ယူကွေကွင်း၊ ခွဲခွာ၍နေရခြင်းသည်။ နအတ္ထိ- မုချပုံသေ၊ မရှိပါပေတော့သတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

မကျန်းမာသူတွေနဲ့ ကျန်းမာသူတွေကိုပါ ဆေးလှူရတာဟာ အင်မတန်မှ အကျိုးကြီးပါတယ်။ အရှင်ပိလိန္ဒဝစ္ဆမထေရ်မြတ် ဆေးလှူခဲ့တဲ့အစွမ်းကြောင့် အကျိုးဆယ်ပါး ရရှိပါတယ်။

အဲဒီအကျိုးဆယ်ပါးက

၁။ အသက်ရှည်ခြင်း၊
၂။ ခွန်အားကြီးခြင်း၊
၃။ ပညာကြီးခြင်း၊
၄။ အဆင်းလှခြင်း၊
၅။ အခြံအရံများခြင်း၊
၆။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၊
၇။ ဘေးဥပါဒ်အန္တရာယ် မရှိခြင်း၊
၈။ ကြောင့်ကြစိုးရိမ်မှု မရှိခြင်း၊
၉။ အခါခပ်သိမ်း သူတစ်ပါးတွေက ရိုသေခြင်း၊
၁၀။ ချစ်သူခင်သူ ကြင်နာမြတ်နိုးသူတွေနဲ့ အမြဲတစေ မလွဲမသွေ မခွဲမခွါ နေရခြင်းတို့ပါပဲ။

ဒီနေ့ ဆေးပဒေသာပင်တွေ စိုက်ထူပြီးတော့ ဆေးလှူနေကြတဲ့ ဒကာဒကာမတွေ မိမိတို့ ချစ်ခင်နှစ်သက်မြတ်နိုးတဲ့ မိဘ ဆရာသမားအစထားတဲ့

http://www.dhammadownload.com



သူတွေနဲ့ အတူတကွ မကွဲမကွာ မခွဲမခွါဘဲ အမြဲတစေ အတူမနေချင်ကြဘူးလား။ (နေချင်ကြပါတယ် ဘုရား)

အေး ဟုတ်ပြီ၊ မိမိတို့ချစ်ခင် မြတ်နိုးသူတွေနဲ့ မခွဲမခွါနေလိုရင်၊ နေချင်ရင် ဆေးလှူရမယ်နော်။ (မှန်လှပါဘုရား)

ဒီတော့ ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(မခွဲမခွာ+ နေလိုပါသော်) တရားတော်ပါဘုရား။

ပိယာနံ အဒဿနံ ဒုက္ခံ (ဓမ္မပဒ ၂- ၁၇၉)

ချစ်ခင်နှစ်သက် မြတ်နိုးစရာကောင်းတဲ့ မိဘ ဆရာမသား အစထားတဲ့ သူတွေကို မတွေ့မမြင့်ရခြင်းဟာ (တစ်မြို့တစ်ရွာ တစ်နေရာဆီ ခွဲခွာကွဲကွာပြီးတော့ နေရခြင်းဟာ) ဒီလောကကြီးမှာ အကြီးအကျယ်ဆုံး ဆင်းရဲဒုက္ခကြီးပါတဲ့။

တရားနာပရိသတ် ဘာဒုက္ခကြီးတဲ့လဲ။ (အကြီးအကျယ်ဆုံး ဒုက္ခကြီးပါ ဘုရား)

အဲဒီတော့ အဲဒီအကြီးအကျယ်ဆုံး ဆင်းရဲဒုက္ခကြီးကို ခံစားနေရတဲ့သူတွေဟာ ဆေး မလှူခဲ့ကြလို့ပြောရင် မရနိုင်ဘူးလား။ (ရနိုင်ပါတယ်ဘုရား)

မိမိချစ်ခင်နှစ်သက် မြတ်နိုးသူတွေနဲ့ အတူတကွ အယှက်မှုကာ မခွဲမခွာ နေလိုရင် ဘာလှူရမတဲ့လဲ။ (ဆေးလှူရမှာပါဘုရား)

ဟုတ်တယ်၊ ဦးဇင်းတို့လည်း အရင်ဘဝတွေက ဆေးမလှူခဲ့လို့ ထင်တယ်၊ မိဘ ဆရာသမားတွေနဲ့ တစ်မြို့တစ်ရွာ တစ်နေရာစီ နေရတာတွေ ဒီနေရာကြည့်ပြီးတော့ တွေးမိပါတယ်။

ဒီနေ့ ဆေးလှူကြတဲ့ ဒကာ ဒကာမတွေ ချစ်ခင်နှစ်သက် မြတ်နိုးအပ်သူ မိဘ ဆရာသမားအစထားတဲ့သူတွေနဲ့ မဂ် ဖိုလ်၊ နိဗ္ဗာန်ရရောက်မည့်အချိန်အထိ မကွဲမကွာ မခွဲမခွာ အမြဲသာလျှင် အတူတကွ အယှက်မှုကာ နေနိုင်ကြပါစေလို့ ဆုတောင်းရင်း ဆေးလှူရတဲ့အကျိုးတရား ဆယ်ပါး လင်္ကာလေးနဲ့ တရာသိမ်းကြရအောင်၊ လိုက်ဆိုကြ

၁။ အသက်ရှည်လို၊ လှူထိုထို၊ ဆေးကိုလှူရမယ်။

၂။ ခွန်အားကြီးလို၊ လှူထိုထို၊ ဆေးကိုလှူရမယ်။

၃။ ပညာကြီးလို၊ လှူထိုထို၊ ဆေးကိုလှူရမယ်။

၄။ အဆင်းလှလို၊ လှူထိုထို၊ ဆေးကိုလှူရမယ်။

၅။ ခြံရံများလို၊ လှူထိုထို၊ ဆေးကိုလှူရမယ်။

http://www.dhammadownload.com



၆။ ချမ်းသာရလို၊ လှူထိုထို၊ ဆေးကိုလှူရမယ်။

၇။ ဘေးရန်ကင်းလို၊ လှူထိုထို၊ ဆေးကိုလှူရမယ်။

၈။ ကြောင့်ကြကင်းလို၊ လှူထိုထို၊ ဆေးကိုလှူရမယ်။

၉။ ရိုသေခံလို၊ လှူထိုထို၊ ဆေးကိုလှူရမယ်။

၁၀။ မခွဲမခွာ၊ နေလိုပါ၊ သေချာဆေးလှူကွယ်။

မခွဲမခွာလို၊ လှူထိုထို၊ ဆေးကိုလှူရမယ်။

အတူနေလို၊ လှူထိုထို၊ ဆေးကိုလှူရမယ်။

ကဲ ရေစက်ချ အတိုလေး လိုက်ဆိုကြ

၁။ အရှင်ဘုရား၊ တပည့်တော်တို့သည် အသက်ရှည်ခြင်းစသော ကောင်းကျိုးတရား အစားစား အဖြာဖြာ တိုးပွားရရှိလိုပါ၍ သံဃာတော်အား (သံဃိက)၊ အရှင်ဘုရားအား (ပုဂ္ဂလိက) ဤဆေးကို လှူပေးပါကုန်၏။

၂။ ဤကောင်းမှုနှင့် အခြားကောင်းမှု အစုစုတို့ကြောင့် တပည့်တော်တို့သည် အသက်ရှည်ခြင်းစသော ကောင်းကျိုးတရားတို့ကို ဘဝတိုင်း ရရှိကြ၍ မဂ် ဖိုလ် နိဗ္ဗာန် ချမ်းသာမှန်ကို အမြန်မကြာ ရရောက်ပါလို တောင်းဆုဆိုကြပါကုန်၏။

၃။ ဆေးလှူရသော (ဆေးပဒေသာ စိုက်ထူရသော) ဤကောင်းမှု၏ အဖို့ဘာဂ မှန်သမျှကို မိဘ ဆရာသမား အစထား၍ များပြားလှစွာ သတ္တဝါတို့အား အမျှရစေ ဝေငှပေးပါကုန်၏။ အမျှရကာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြသည်၊ ချမ်းသာကြသည် ဖြစ်ကြပါစေသောဝ်။

အားလုံး အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု၊ သာဓု၊ သာဓု။

မှတ်ချက်။ ။ *ဆေးလှူပွဲတိုင်း၊ ဆေးပဒေသာ စိုက်ထူလှူဒါန်းပွဲတိုင်း ဟောနိုင်ပါသည်။

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ+ ပေတဝတ္ထုပါဠိတော်+ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်+ ဆတ္တင်္ဂါ လာ ဂါထာ (၅) ပုဒ်ကို တန်ဆာဆင်၍ ပေါင်းကူး ပြောကြားအပ်သော "အကောင်းဆုံးမှတ် + အမြတ်ဆုံးထီး" တရားတော်

၁။ ဆတ္တေစ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ဆတ္တေစ– ထီးတို့ကိုမူကား၊ သုဂတေ– သုဂတသ္မိ= မြတ်စွာဘုရားအားလည်းကောင်း။ ဂဏဝရုတ္တမေ– ဂဏဝရုတ္တမသ္မိ= အလွန်မြတ်လစ်၊ အပေါင်းဖြစ်သော။ သံဃေ– သံဃသ္မိ= သံဃာတော်အားလည်းကောင်း။ ဒတွာ– လှူရသောကြောင့်။ မမ– ငါ၏။ ကမ္မာနုစ္ဆဝိကေ– ကောင်းမှုကံအားလျော်ပတ်ကုန်သော။ အဋ္ဌာနိသံသေ– ရှစ်ပါးသောအကျိုးတို့ကို။ အနုဘောမိ– ခံစားရ၏။

(ဘုရားနှင့် သံဃာမှာ ထီးတွေလှူရတဲ့ ကောင်းမှုကြောင့် အရှင်ပိလိန္ဒဝစ္ဆ မထေရ်မြတ်က အကျိုးရှစ်ပါး ခံစားရပုံ ဟောပြပါတယ်။)

၂။ သီတံ ဥဏှံ န ဇာနာမိ၊ ရဇောဇလ္လံ န လိမ္ပတိ။
အနုပဒ္ဒဝေါ အနီတိစ၊ ဟောမိ အပစိတော သဒါ။

သီတံ– အချမ်းကိုလည်းကောင်း။ ဥဏှံ– အပူကိုလည်းကောင်း။ န ဇာနာမိ– မသိပါ။ ရဇောဇလ္လံ– မြူအညစ်အကြေးသည်။ န လိမ္ပတိ– မလိမ်းမကျံ။ အနုပဒ္ဒဝေါ– ဘေးဥပါဒ်မရှိသည်လည်းကောင်း။ အနီတိစ– စိုးရိမ်ကြောင့်ကြ၊ မရှိသည်လည်းကောင်း။ အပစိတော– သူတစ်ပါးတို့ ရိုသေအပ်သည်လည်းကောင်း။ သဒါ– အခါခပ်သိမ်း။ ဟောမိ– ဖြစ်၏။

၁။ အချမ်း၊ အပူရှိတာကို မသိခြင်းအကျိုး၊
၂။ မြူအညစ်အကြေး မလိမ်းကျံမကပ်ငြိခြင်း၊
၃။ ဘေးဥပါဒ် မရှိခြင်း၊

http://www.dhammadownload.com



၄။ စိုးရိမ်ကြောင့်ကြ မရှိခြင်း၊

၅။ သူတစ်ပါးတွေက အမြဲရှိသေရခြင်း ဆိုတဲ့ အကျိုး (၅) ပါးကို ဒီနံပါတ် (၂) ဂါထာက ပြပါတယ်။

၃။ သုခုမစ္ဆဝိကော ဟောမိ၊ ဝိသဒံ ဟောမိ မာနသံ။
ဆတ္တသတ သဟဿာနိ၊ ဘဝေ သံသရတော မမ။

၄။ သဗ္ဗာလင်္ကာရယုတ္တာနိ၊ တဿ ကမ္မဿ ဝါဟသာ။
ဣမံ ဓာတိံ ဌပေတွာန၊ မတ္ထကေ ဓာရယန္တိ မေ။

သုခုမစ္ဆဝိကော– သိမ်မွေ့နူးညံ့သောကိုယ် ရှိသည်။ ဟောမိ– ဖြစ်၏။ မေ– ငါ၏။ မာနသံ– စိတ်နှလုံးသည်။ ဝိသဒံ– သန့်ရှင်းသည်။ ဟောမိ– ဖြစ်၏။ ဘဝေ– ဘဝသံသရာ၌။ သံသရတော– ကျင်လည်ကျက်စား၊ သွားလာနေရသော။ မမ– ငါ့အား။ ဣမံဓာတိံ– ဤအဖြစ်ကို။ ဌပေတွာန– ထား၍။ သဗ္ဗာလင်္ကာရယုတ္တာနိ– အလုံးစုံသောတန်ဆာနှင့် ယှဉ်စပ်ကုန်ထသော။ ဆတ္တသတသဟဿာနိ– တစ်သိန်းအကောင်း၊ ထီးအပေါင်းတို့သည်။ တဿကမ္မဿ– ထိုထီးလှူရသောကောင်းမှု၏။ ဝါဟသာ– အဟုန်အားဖြင့်။ မေ– ငါ၏။ မတ္ထကေ– ဦးထိပ်ထက်၌။ ဓာရယန္တိ– ဆောင်းမိုးကုန်၏။

၆။ အရေအဆင်း နူးညံ့ခြင်း။

၇။ စိတ်နှလုံး စင်ကြယ်သန့်ရှင်းခြင်း။

၈။ ဤရဟန္တာဖြစ်သောဘဝကို ကြည်ဖယ်ထား၍ သံသရာ ကျင်လည်ရစဉ်က အလုံးစုံတန်ဆာဆင်ထားသော ထီးပေါင်းတစ်သိန်းရရှိခြင်းဆိုတဲ့ ထီးလှူဒါန်းရတဲ့ အကျိုးရှစ်ပါးကို ရရှိပါတယ်။

၅။ ကသ္မာ ဣမာယ ဇာတိယာ၊ နတ္ထိ မေ ဆတ္တဓာရဏာ။
မမ သဗ္ဗံ ကတံ ကမ္မံ၊ ဝိမုတ္တိဆတ္တ ပတ္တိယာ။

ကသ္မာ– အဘယ်ကြောင့်။ ဣမာယ ဇာတိယာ– ဤအဖြစ်၌။ မေ– ငါ၏။ ဆတ္တဓာရဏာ– ထီးဆောင်းရခြင်းသည်။ နတ္ထိ– မရှိသနည်း။ သဗ္ဗံ– အလုံးစုံသော။ ကတံ– ပြုအပ်သော။ ကမ္မံ– ကံသည်။ ဝိမုတ္တဆတ္တပတ္တိယာ– အရဟတ္တဖိုလ်တည်းဟူသော ထီးကိုဆောင်းရခြင်းငှါ။ ဟောတိ– ဖြစ်၏။ တသ္မာ– ထို့ကြောင့်။ နတ္ထိ– မရှိ။ ဣဒံ– ဤအကျိုးသည်။ ဆတ္တဒါနဿ– ထီးလှူရခြင်း၏။ ဖလံ– အကျိုးတည်း။

http://www.dhammadownload.com



(ရဟန္တာ ဖြစ်တဲ့ဘဝမှာတော့ အရဟတ္တဖိုလ်တည်းဟူသော ထီးဖြူတော်ကြီးကို ဆောင်းရတဲ့အတွက် ကျန်တဲ့ထီးတွေ ဆောင်းစရာမလိုတော့ပါဘူးလို့ ဒီနံပါတ် (၅) ဂါထာက ဆိုလိုပါတယ်။)

ဒီတော့ အရဟတ္တဖိုလ်ဆိုတဲ့ ထီးဖြူတော်ကြီးဟာ အကောင်းဆုံး ထီးတော်ကြီး၊ အမြတ်ဆုံးထီးတော်ကြီး ဖြစ်ပါတယ်။

အကောင်းဆုံး ထီးတော်ကြီး၊ အမြတ်ဆုံးထီးတော်ကြီးက ဘယ်ထီးတဲ့လဲ။ (အရဟတ္တဖိုလ် ထီးဖြူတော်ကြီးပါ ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။

(အကောင်းဆုံးမှတ်+ အမြတ်ဆုံးထီး) တရားတော်ပါဘုရား။

ဒီနေ့ ရွှေထီးတော်ကြီးတွေ၊ ထီး[illegible]ကာ၊ အခြားထီးတွေလှူတဲ့ ဒကာ ဒကာမတွေမှာ ဘဝသံသရာ ကျင်လည်ရတဲ့[illegible]၊ ထီးလှူရတဲ့ အကျိုးရှစ်ပါး ရရှိပြီး ရဟန္တာဖြစ်တဲ့ဘဝကျတော့ အရဟတ္တဖိုလ်ဆိုတဲ့ ထီးဖြူတော်ကြီးကို ဆောင်းရခြင်းရဲ့အကြောင်း အထောက်အပံ့ကောင်း ဖြစ်တယ်လို့ မှတ်ရမယ် နော်။ (မှန်လှပါဘုရား)

'အကောင်းဆုံးမှတ်+ အမြတ်ဆုံးထီး'တော်ကြီးကို မဆောင်းချင်ကြဘူး လား။ (ဆောင်းချင်ပါတယ် ဘုရား)

ဆောင်းချင်ရင် ဘာလှူရမတဲ့လဲ။ (ထီးလှူရမှာပါဘုရား)

အရှင်ပိလိန္ဒဝစ္ဆမထေရ် ကိုယ်တော်မြတ်ကြီးသည် ထီးလှူခဲ့တဲ့အစွမ်း ကြောင့် ပူတဲ့ရာသီမှာ အပူမသိ၊ အပူမရှိဘူး။ အေးတဲ့ရာသီမှာ အေးတာမသိ၊ အေးတယ်ဆိုတာ မရှိဘူးတဲ့။ ဒါ့ကြောင့် အဲဒီလို ထီးလှူရခြင်းရဲ့ကောင်းကျိုး တွေကို သိပြီးတော့ ထီးလှူချင်စရာမကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)

ကဲ– ထီးလှူရခြင်းရဲ့အကျိုးရှစ်ပါး လင်္ကာလေးနဲ့ တရားသိမ်းကြရအောင် လိုက်ဆိုကြ

၁။ ချမ်းတာ+ ပူတာ၊ မသိပါ၊ အဲဒါထီးလှူကျိုး။

၂။ မြူအညစ်ကြေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးထီးလှူကျိုး။

၃။ ဘေးဥပါဒ်တွေ၊ မရှိပေ၊ မှတ်လေထီးလှူကျိုး။

၄။ စိုးရိမ်ကြောင့်ကြ၊ မရှိရ၊ မှတ်ကြထီးလှူကျိုး။

http://www.dhammadownload.com



၅။ သူတစ်ပါးတွေ၊ မြဲရိုသေ၊ မှတ်လေထီးလှူကျိုး။
၆။ အဆင်းအရေ၊ နူးညံ့ပေ၊ မှတ်လေထီးလှူကျိုး။
၇။ စိတ်နှလုံးဝယ်၊ သန့်ရှင်တယ်၊ စင်ကြယ်ထီးလှူကျိုး။
၈။ ထီးပေါင်းများလှ၊ တစ်သိန်းရ၊ မှတ်ကြထီးလှူကျိုး။

အကောင်းဆုံးခေါ်၊ ထီးကိုနှော်၊ ဟောဖော်ဘယ်ထီးလဲ။
အရဟတ္တဖိုလ်၊ ထီးဖြူကို၊ ဟောဆိုကောင်းဆုံးပဲ။
အမြတ်ဆုံးခေါ်၊ ထီးကိုနှော်၊ ဟောဖော်ဘယ်ထီးလဲ။
အရဟတ္တဖိုလ်၊ ထီးဖြူကို၊ ဟောဆိုမြတ်ဆုံးပဲ။

မှတ်ချက်။ ။ *ထီးပူဇော်ပွဲတိုင်း၊ ထီးတင်ပွဲတိုင်း၊ ထီးလှူပွဲတိုင်း ဟောပါ။

✪

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ+ ထေရာပဒါနပါဠိတော်+ ပိလိန္ဒဝစ္ဆဝဂ္ဂ+ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်+ ဒုဿာနိသံသ လာ ဂါထာ (၄) ပုဒ်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "အဝတ်လှူမှု + အဝတ်ရ" တရားတော် -

၁။ ဒုဿာနိ သုဂတေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
အဋ္ဌာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

သုဂတေ- သုဂတဿ= မြတ်စွာဘုရားအားလည်းကောင်း။ ဂဏဝရုတ္တမေ- ဂဏဝရုတ္တမဿ= အလွန်မြတ်ကောင်း၊ ဂိုဏ်းအပေါင်းဖြစ်တော်မူထသော။ သံဃေ- သံဃဿ= သံဃာတော်အားလည်းကောင်း။ ဒုဿာနိ- အဝတ်သက်န်းတို့ကို။ ဒတွာ- ပေးလှူရသောကြောင့်။ မမ- ငါ၏။ ကမ္မာနုစ္ဆဝိကေ- ကောင်းမှုကံအားလျောက်ပတ်ကုန်သော။ အဋ္ဌာနိသံသေ- ရှစ်ပါးသောအကျိုးတို့ကို။ အနုဘောမိ- ခံစားရ၏။

(ဘုရားနှင့် သံဃာမှာ အဝတ်သင်္ကန်း လှူရတဲ့ကုသိုလ်ကံကြောင့် အကျိုး ရှစ်ပါး ခံစားရပါတယ်။)

၂။ သုဝဏ္ဏဝဏ္ဏော ဝိရဇော၊ သပ္ပဘာသော ပတာပဝါ။
သိနိဒ္ဓံ ဟောတိ မေ ဂတ္တံ၊ ဘဝေ သံသရတော မမ။

ဘဝေ- ဘဝ၌။ သံသရတော- ကျင်လည်သော။ မမ- ငါ့အား။

သုဝဏ္ဏဝဏ္ဏော- ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်။ ဟောတိ- ဖြစ်၏။ ဝိရဇော- မြူအညစ်အကြေး၊ ကင်းစင်ဝေးသည်။ ဟောတိ- ဖြစ်၏။ သပ္ပဘာသော- ပြိုးပြိုးပြက်ပြက်၊ ကိုယ်ရောင်ထွက်သည်။ ဟောတိ- ဖြစ်၏။ ပတာပဝါ- တန်ခိုးမှုချ၊ ကြီးမားရသည်။ ဟောတိ- ဖြစ်၏။ မေ- ငါ၏။ ဂတ္တံ- ကိုယ်သည်။ သိနိဒ္ဓံ- အမြဲတစေ၊ သိမ်မွေ့နေသည်။ ဟောတိ- ဖြစ်၏။

ဒီ နံပါတ် (၂) ဂါထာက

၁။ ရွှေအဆင်းနှင့်တူသော အဆင်းရှိခြင်း။

၂။ မြူအညစ်အကြေး ကင်းဝေးခြင်း။

http://www.dhammadownload.com



၃။ ကိုယ်ရောင်ကိုယ်ဝါ တောက်ပခြင်း။

၄။ ဘုန်းတန်ခိုး အာနဘော်ကြီးခြင်း။

၅။ သိမ်မွေ့နူးညံ့သော ကိုယ်ရှိခြင်းဆိုတဲ့ အကျိုးတွေကို ပြပါတယ်။

၃။ ဒုဿသတသဟဿာနိ၊ သေတာ ပီတာစ လောဟိတာ။

ဓာရေန္တိ မတ္ထကေ မယှံ၊ ဒုဿဒါနဿိဒံ ဖလံ။

သေတာစ– ဖြူသောပုဆိုး၊ အမျိုးမျိုးတို့လည်းဖြစ်ကုန်သော။ ပီတာစ– ရွှေသော်ပုဆိုး၊ အမျိုးမျိုးတို့သည်လည်းဖြစ်ကုန်သော။ လောဟိတာစ– နီသောပုဆိုး၊ အမျိုးမျိုးတို့လည်းဖြစ်ကုန်သော။ ဒုဿသတသဟဿာနိ– တစ်သိန်းသောပုဆိုးတို့သည်။ မယှံ– ငါ၏။ မတ္ထကေ– ဦးထိပ်ထက်၌။ ဓာရေန္တိ– ဆောင်းမိုးကုန်၏။ ဣဒံ– ဤအကျိုးသည်။ ဒုဿဒါနဿ– အဝတ်သင်္ကန်းလှူဒါန်းရခြင်း၏။ ဖလံ– အကျိုးတည်း။

(ဒီ နံပါတ် (၃) ဂါထာက

၆။ အဖြူ အရွှေ အနီအဝတ်ပုဆိုး တစ်သိန်းတို့ကို ဦးခေါင်းထိပ်အထက်၌ ဆောင်းမိုးကာရံခြင်း အကျိုးရပုံကို ဖော်ပြပါတယ်။)

၄။ ကောသေယျ ကမ္ဗလိယာနိ၊ ခေါမကပ္ပါသိကာနိစ။

သဗ္ဗတ္ထ ပဋိလဘာမိ၊ တေသံ နိဿန္ဒတော အဟံ။

ကောသေယျကမ္ဗလိယာနိ– ပိုးချည်ပုဆိုး+ ကမ္ဗလာပုဆိုးတို့ကိုလည်းကောင်း။ ခေါမကပ္ပါသိကာနိစ– ခေါမပုဆိုး+ ဝါချည်ပုဆိုးတို့ကိုလည်းကောင်း။ တေသံ– ထိုအဝတ်သင်္ကန်းအလှူတို့၏။ နိဿန္ဒတော– အကျိုးအားဖြင့်။ သဗ္ဗတ္ထ– ခပ်သိမ်းသောအရပ်၌။ အဟံ– ငါသည်။ ပဋိလဘာမိ– ရ၏။

ဒီ နံပါတ် (၄) ဂါထာက

၇။ ပိုးချည် ကမ္ဗလာချည်အဝတ်တွေကိုရခြင်း။

၈။ ခေါမချည် ဝါချည်အဝတ်တွေကို ရခြင်းဆိုတဲ့ အကျိုးတွေကို ပြပါတယ်။

အရှင်ပိလိန္ဒဝစ္ဆမထေရ် ကိုယ်တော်မြတ် အဝတ်သင်္ကန်းတွေ လှူခဲ့တဲ့ ကုသိုလ်အစွမ်းကြောင့် မင်္ဂ ဖိုလ် နိဗ္ဗာန်ရတဲ့ဘဝအထိ အဝတ်အမျိုးမျိုးတွေ ရရှိ သုံးဆောင်ရပါတယ်။

လူဖြစ်ရင် လူတို့ရဲ့အဝတ်အမျိုးမျိုးတွေ၊ ရဟန္တာဖြစ်ရင် ရဟန်းတို့ရဲ့ အဝတ်သင်္ကန်းအမျိုးမျိုးတွေ ပေါများနေတာဟာ အဝတ်လှူခဲ့တဲ့ ကုသိုလ်ကောင်းမှုရဲ့ အစွမ်းတွေပါပဲ။

http://www.dhammadownload.com



အဝတ်အမျိုးမျိုး ရရှိတာ၊ ဝတ်ရတာဟာ ဘာ့ကြောင့်လဲ။ (အဝတ်လှူခဲ့လို့ပါ ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။

(အဝတ်လှူမှု+ အဝတ်ရ) တရားတော်ပါဘုရား။

ကဲ- အဝတ်သင်္ကန်းလှူရခြင်း အကျိုးလင်္ကာလေးနဲ့ တရားသိမ်းကြရအောင် လိုက်ဆိုကြ

* ရွှေသို့အဆင်း၊ ညစ်ကြေးကင်း၊ ရောင်ဝင်း+ တန်ခိုးသာ။
* သိမ်မွေ့ကိုယ်သည်၊ ဖြူ+ ရွှေ+ နီ၊ ရပြီတစ်သိန်းပါ။
* ပိုး ကမ္ဗလာချည်၊ ခေါ်+ ဝါချည်၊ ရပြီမလွဲပါ။
* သင်္ကန်းလှူရ၊ အကျိုးလှ၊ မှတ်ကြဉ်ရှုစ်ဖြာ။

အဝတ်ကောင်းတာတွေ ဝတ်ချင်ရင်၊ ရချင်ရင် ဘာလှူရမတဲ့လဲ။ (အဝတ်သင်္ကန်း လှူရမှာပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ရွှေအဆင်းပင်၊ တူလိုလျှင်၊ လှူရှင်သင်္ကန်းလှူ။
* မြူညစ်ကြေးပင်၊ ကင်းလိုလျှင်၊ လှူရှင်သင်္ကန်းလှူ။
* ကိုယ်ရောင်တွေပင်၊ တောက်လိုလျှင်၊ လှူရှင်သင်္ကန်းလှူ။
* ဘုန်းတန်ခိုးပင်၊ ကြီးလိုလျှင်၊ လှူရှင်သင်္ကန်းလှူ။
* နူးညံ့ကိုယ်ပင်၊ ရှိလိုလျှင်၊ လှူရှင်သင်္ကန်းလှူ။
* ဖြူ+ ရွှေ+ နီဆို၊ ဝတ်ရလို၊ လှူထိုသင်္ကန်းလှူ။
* ပိုး+ ကမ္ဗလာ၊ ရလိုပါ၊ သူငါ သင်္ကန်းလှူ။
* ခေါ်မချည်ကို၊ ဝါချည်ကို၊ ရလိုသင်္ကန်းလှူ။

အဝတ်လှူမှု၊ အဝတ်ရ၊ ဟောပြတရားတော်။
ဤနေရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးပြီနော်။

မှတ်ချက်။ ။ *ဝါဆို၊ ကထိန်သင်္ကန်းလှူပွဲတိုင်း၊ အခြားအချိန် သင်္ကန်းလှူပွဲတိုင်း ဟောပါ။

✪

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ်+ ထေရာပဒါနပါဠိတော်+ ပိလိန္ဒဝစ္ဆဝဂ္ဂ+ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်+ ဥပါဟနာနိသံသ လာ ဂါထာလေးပုဒ်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "ဖိနပ်လှူကာ + ယာဉ်ကောင်းရ" တရားတော်

၁။ ဥပါဟနေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
တိဏ္ဏာ'နိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ဇိနေ– ဇိနသား ဘုရားရှင်အားလည်းကောင်း။ ဂဏဝရုတ္တမေ– ဂဏဝရုတ္တမသား အလွန်မြတ်ကောင်း၊ ဂိုဏ်းအပေါင်းဖြစ်တော်မူထသော။ သံဃေ– သံဃသား သံဃာတော်အားလည်းကောင်း။ ဥပါဟနေ– ဖိနပ်တို့ကို။ ဒတွာ– လှူဒါန်းခြင်းကြောင့်။ ကမ္မာနုစ္ဆဝိကေ– ကောင်းမှုကံအား လျောက်ပတ်ကုန်သော။ တိဏ္ဏာ'နိသံသေ– သုံးပါးသောအကျိုးတို့ကို။ မမ– ငါ့အား။ အနုဘောမိ– ခံစားရ၏။

(ဘုရားနှင့် သံဃာတော်မှာ ဖိနပ်လှူရတဲ့ ကုသိုလ်ကံကြောင့် အကျိုး သုံးပါးခံစားရပါတယ်။)

အဲဒီ အကျိုးသုံးပါးကို အောက်ပါဂါထာ (၃) ပုဒ်ဖြင့် ဖော်ပြမှာ ဖြစ် ပါတယ်။

၂။ ဟတ္ထိယာနံ အဿယာနံ၊ သိဝိကံ သန္ဒမာနိကံ။
သဋ္ဌိသတသဟဿာနိ၊ ပရိဝါရေန္တိ မံ သဒါ။

ဟတ္ထိယာနံ– ဆင်ယာဉ်သည်လည်းကောင်း။ အဿယာနံ– မြင်း ယာဉ်သည်လည်းကောင်း။ သိဝိကံ– ထမ်းစင်သည်လည်းကောင်း။ သန္ဒမာနိကံ– သံလျင်းသည်လည်းကောင်း။ သဋ္ဌိသတသဟဿာနိ– သိန်းခြောက်ဆယ်တို့ သည်။ မံ– ငါ့ကို။ သဒါ– အခါခပ်သိမ်း။ ပရိဝါရေန္တိ– ခြံရံကုန်၏။

(ဒီ နံပါတ် (၂) ဂါထာဖြင့် ဆင်ယာဉ်၊ မြင်းယာဉ်၊ ထမ်းစင်၊ သန်လျင်း သိန်းပေါင်းခြောက်ဆယ်တို့သည် (ခြောက်သန်းတို့သည်) ငါ့ကို အမြဲခြံရံရခြင်း အကျိုးရပုံကို ပြပါတယ်။)

http://www.dhammadownload.com



၃။ မဏိမယာ ကမ္ဗလိယာ၊ သောဏ္ဏရဇတပါဒုကာ။
နိဗ္ဗတ္တန္တိ ပဒုဒ္ဓါရေ၊ ဘဝေ သံသရတော မမ။

ဘဝေ– ဘဝ၌။ သံသရတော– ကျင်လည်သော။ မမ– ငါ၏။ ပဒုဒ္ဓါရေ– ခြေချီရာ၌။ မဏိမယာ– မြဖြင့်ပြီးသော ခြေနင်းတို့သည်လည်းကောင်း။ ကမ္ဗလိယာ– ကမ္ဗလာဖြင့်ပြီးသော ခြေနင်းတို့သည်လည်းကောင်း၊ သောဏ္ဏရဇတပါဒုကာ– ရွှေခြေနင်း ငွေခြေနင်းတို့သည်လည်းကောင်း။ နိဗ္ဗတ္တန္တိ– ဖြစ်ကုန်၏။

(ဒီ နံပါတ် (၃) ဂါထာဖြင့် မြဖိနပ်ခြေနင်း၊ ပတ္တမြားဖိနပ်ခြေနင်း၊ ကမ္ဗလာဖိနပ်ခြေနင်း၊ ရွှေခြေနင်း၊ ငွေခြေနင်း၊ ရွှေဖိနပ်၊ ငွေဖိနပ်တို့သည် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ပေါ်ပေါက်လာခြင်း အကျိုးရပုံကို ပြပါတယ်။)

၄။ နိယာမံ သတိ ဓာဝန္တိ၊ အာဂုအာစာရသောဓနံ။
တ္တမေ ဂုဏော ပဋိလဘော၊ တဿ နိဿန္ဒတော အဟံ။

အာဂုအာစာရသောဓနံ– မကောင်းသောအကျင့်ကို သုတ်သင်တတ်ထသော။ နိယာမံ– အရိယာမဂ်သို့။ ဓာဝန္တိ– ပြေးသော။ သတိ– သတိသည်။ ဟောတိ– ဖြစ်၏။ တဿ– ထိုကောင်းမှု၏။ နိဿန္ဒတော– အကျိုးအားဖြင့်။ အဟံ– ငါသည်။ တ္တမေဂုဏော– ဤကျေးဇူးတို့ကို။ ပဋိလဘော– ပဋိလာဘမိ= ရ၏။

(ဒီ နံပါတ် (၄) ဂါထာဖြင့် မကောင်းမှုကို စင်ကြယ်အောင် သုတ်သင်ရန် သတိတရား အမြဲထားနိုင်ခြင်း အကျိုးရပုံကို ပြပါတယ်။)

ကဲ– ဖိနပ်လှူရတဲ့ အကျိုးသုံးပါးရပုံ ပြီးသွားပါပြီ။ နံပါတ် (၂) ဂါထာဖြင့် ဆင်ယာဉ်၊ မြင်းယာဉ်စတဲ့ ယာဉ်အကောင်းစားတွေကို ဖိနပ်လှူသူတွေမှာ ရရှိတယ်လို့ မပြောခဲ့ဘူးလား။ (ပြောခဲ့ပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။ (ဖိနပ်လှူကာ+ယာဉ်ကောင်းရ) တရားတော်ပါဘုရား။

ဆင်ယာဉ်၊ မြင်းယာဉ်၊ ကားယာဉ်၊ သင်္ဘောယာဉ်၊ လေယာဉ်စတဲ့ ယာဉ်ပိုင်ရှင်ကြီးတွေဖြစ်ပြီးတော့ ယာဉ်မျိုးစုံမရချင်ဘူးလား။ (ရချင်ပါတယ်ဘုရား)

ရချင်ရင် ဘာလှူရမတဲ့လဲ။ (ဖိနပ်လှူရမှာပါ ဘုရား)

http://www.dhammadownload.com



ကဲ– ဖိနပ်လှူရခြင်းအကျိုး (၃) ပါးပြ ရှစ်လုံးဖွဲ့ကဗျာလေးလိုက်ဆိုကြ

* ဖိနပ် လှူကျိုး၊ သုံးမျိုးဆိုတာ၊
ယာဉ်ကောင်းယာဉ်မြတ်၊ မပြတ်ရတာ၊
ပတ္တမြား+ မြ၊ အစရှိစွာ၊
ခြေနင်းရ၊ မြဲ့ထသတိပါ။

*ယဉ်မျိုးစုံပင်၊ ရလိုလျှင်၊ လှူရှင်ဖိနပ်လှူ။
*ခြေနင်းကောင်းပင်၊ ရလိုလျှင်၊ လှူရှင်ဖိနပ်လှူ။
*သတိကောင်းပင်၊ မြဲလိုလျှင်၊ လှူရှင်ဖိနပ်လှူ။

မှတ်ချက်။ ။ *ဖိနပ်လှူပွဲတိုင်း ဟောပါ။

http://www.dhammadownload.com

ခုဒ္ဒကနိကာယ+ ထေရာပဒါနပါဠိ+
ပိလိန္ဒဝစ္ဆဝဂ္ဂ+ ပိလိန္ဒဝစ္ဆတ္ထေရအပဒါန+ ဒီပစာရာနိသံသ လာ ဂါထာ
(၂) ပုဒ်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော
"စုံလင်လိုသူ + ဆီမီးလှူ"
တရားတော်

၁။ ဒီပဓာရေ ဇိနေ ဒတွာ၊ သံဃေ ဂဏဝရုတ္တမေ။
တိဏာနိသံသေ အနုဘောမိ၊ ကမ္မာနုစ္ဆဝိကေ မမ။

ဇိနေ– ဇိနသား= မြတ်စွာဘုရားအားလည်းကောင်း။ ဂဏဝရုတ္တမေ– ဂဏဝရုတ္တမသား= အလွန်မြတ်ကောင်း၊ ဂိုဏ်းအပေါင်းဖြစ်တော်မူထသော။ သံဃေ– သံဃသား= သံဃာတော်အားလည်းကောင်း။ ဒီပဓာရေ– ဆီမီးတိုင်တို့ကို။ ဒတွာ– ပေးလှူရသောကြောင့်။ ကမ္မာနုစ္ဆဝိကေ– ကောင်းမှုကံအား လျော်တပ်ပတ်ကုန်သော။ တိဏာနိသံသေ– သုံးပါးသောအကျိုးတို့ကို။ မမ– ငါ့အား။ အနုဘောမိ– ခံစားရ၏။

(ဘုရားနှင့် သံဃာတော်မှာ ဆီမီးအိမ်၊ ဆီမီးခွက်၊ ဆီမီးတိုင် လှူရတဲ့ အတွက်ကြောင့် အကျိုးသုံးပါး ခံစားရတယ်တဲ့။)

အဲဒီ အကျိုးသုံးပါးက ဘာတွေလဲဆိုရင်

၂။ ဇာတိမာ အင်္ဂသမ္ပန္နော၊ ပညဝါ ဗုဒ္ဓိသမ္မတော။
တ္တမေ ဂုဏေ ပဋိလဘေ၊ တဿ နိဿန္ဒတော အဟံ။

ဇာတိမာ– မြတ်သောဇာတ်ရှိသည်လည်းကောင်း။ အင်္ဂသမ္ပန္နော– အင်္ဂါကြီးငယ်နှင့် ပြည့်စုံသည်လည်းကောင်း။ ပညဝါ– ပညာရှိသည်ဖြစ်၍။ ဗုဒ္ဓိသမ္မတော– ပညာရှိဟု သမုတ်အပ်သည်လည်းကောင်း။ ဟောမိ– ဖြစ်၏။ တဿ– ထိုကောင်းမှု၏။ နိဿန္ဒတော– အကျိုးအားဖြင့်။ တ္တမေဂုဏေ– ဤကျေးဇူးတို့ကို။ အဟံ– ငါသည်။ ပဋိလဘေ– ပဋိလဘာမိ= ရ၏။

၁။ အမျိုးမြတ်ခြင်း၊
၂။ အင်္ဂါကြီးငယ်နှင့် ပြည့်စုံခြင်း၊
၃။ ပညာနှင့် ပြည့်စုံခြင်းတို့ ဖြစ်ပါတယ်။

http://www.dhammadownload.com



ကဲ– မီးလှူရခြင်းအကျိုး လင်္ကာတွေ လိုက်ဆိုကြ
*အမျိုးကောင်းမှာ၊ ဖြစ်ရတာ၊ မှတ်ပါမီးလှူကျိုး။
*လက် ခြေ အင်္ဂါ၊ ပြည့်စုံတာ၊ မှတ်ပါ မီးလှူကျိုး။
လက် ခြေ အင်္ဂါ၊ အစဖြာ၊ လှတာ မီးလှူကျိုး။
*လောကီ+ လောကုတ္တရာ၊ ဉာဏ်ပညာ၊ စုံတာ မီးလှူကျိုး။
လျှပ်စစ်+ ဆီမီး၊ အသီးသီး၊ အပြီးလှူရကျိုး။
ပိလိန္ဒဝစ္ဆ၊ မထေရ်က၊ ဟောပြ၍သုံးမျိုး။

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေ ဘဝါဘဝ ဖြစ်ရလေရာမှာ အမျိုးမမြတ်ချင်ဘူးလား။ (မြတ်ချင်ပါတယ်ဘုရား)

အင်္ဂါကြီးငယ်တွေ ပြည့်စုံပြီး မလှပချင်ကြဘူးလား။ (လှပချင်ပါတယ်ဘုရား)

လောကီ၊ လောကုတ္တရာ ပညာတွေ မပြည့်စုံချင်ဘူးလား။ (ပြည့်စုံချင်ပါတယ် ဘုရား)

အဲဒီလို အမျိုးမြတ်ချင်ရင်၊ အင်္ဂါကြီးငယ်တွေနဲ့ ပြည့်စုံပြီးတော့ လှပချင်ရင် လောကီ+ လောကုတ္တရာ ပညာတွေနဲ့ပြည့်စုံချင်ရင် မီးစက်တွေ၊ မီးအိမ်တွေ၊ မီးတိုင်တွေ၊ ဖယောင်းတိုင်တွေ လှူရမယ်နော်။ (မှန်လှပါဘုရား)

လှူတဲ့အခါမှာလည်း အဲဒီမီးလှူရခြင်း အကျိုးသုံးပါးကို သတိထားပြီး ခုလည်း လှူရမယ်၊ နောင်လည်း လှူရမယ်နော်။ (မှန်လှပါဘုရား)

ဒီတော့ အမျိုးမြတ်ချင်ရင် အင်္ဂါကြီးငယ်တွေနဲ့ ပြည့်စုံပြီး လှပချင်ရင် လောကီ+ လောကုတ္တရာပညာတွေနဲ့ ပြည့်စုံချင်ရင် သတိထား သတိဆောင်ပြီး တော့ ဘာလှူရမတဲ့လဲ။ (မီးလှူရမှာပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ
၁။ အမျိုးမြတ်ချင်၊ ဆီမီးပင်၊ လှူရှင် ခုနောင်လှူ။
၂။ အင်္ဂါစုံချင်၊ ဆီမီးပင်၊ လှူရှင် ခုနောင်လှူ။
၃။ ပညာစုံချင်၊ ဆီမီးပင်၊ လှူရှင် ခုနောင်လှူ။

အမျိုးမြတ်ပြီး ခြေ လက်စတဲ့ အင်္ဂါကြီးငယ်တွေ ပြည့်စုံလိုသူ၊ လောကီ လောကုတ္တရာပညာတွေနဲ့ စုံလင်လိုသူတွေဟာ ဘာလှူရမတဲ့လဲ။ (ဆီမီးလှူရမှာ ပါဘုရား)

http://www.dhammadownload.com



ဒါဆိုရင် ဒီနေ့ဟောတဲ့တရားက ဘာတရားတဲ့လဲ။
(စုံလင်လိုသူ+ ဆီမီးလှူ) တရားတော်ပါဘုရား။

အေး ဟုတ်ပြီ။ ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ ဆီမီးလှူရခြင်းရဲ့ ကောင်းကျိုးတွေကို သိရှိပြီး ဆီမီးတွေ လှူဒါန်းကော်ရော် ပူဇော်နိုင်ကြပါစေလို့ ဆုပေး ဆုတောင်းခဲ့ပါတယ် တရားနာ။

ကဲ လင်္ကာလေးနဲ့ တရားသိမ်းကြရအောင် လိုက်ဆိုကြ
စုံလင်လိုသူ၊ ဆီမီးလှူ၊ မှတ်ယူတရားတော်။
ဒီနေရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးပြီနော်။
သာဓု၊ သာဓု၊ သာဓုပါဘုရား။

မှတ်ချက်။ ။ *ဆီမီးလှူပွဲတိုင်း၊ လျှပ်စစ်မီး ပူဇော်ပွဲတိုင်း၊ ဖယောင်းတိုင် လှူပွဲတိုင်း၊ မီးအိမ်၊ မီးတိုင်လှူပွဲတိုင်း ဟောပါ။

✪

http://www.dhammadownload.com

## အင်္ဂုတ္တရနိကာယ+ စတုက္ကနိပါတ်+ ဒုတိယပဏ္ဏာသက+ ပုညာဘိသန္ဒဝဂ်+ ပထမသမဇီဝိသုတ္တန်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "တွေ့မြင်ချင်ရင် + သစ္စာရှင်" တရားတော်

ယနေ့ မင်္ဂလာမောင်မယ်တို့ရဲ့ မင်္ဂလာဦးအနေနဲ့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကပ်လှူကြတယ်။ ဒီ မင်္ဂလာဦး ဆွမ်းကပ်ပွဲမှာ မေတ္တာ၊ သစ္စာ၊ အကြင်နာတွေ လွန်စွာကြီးမားပုံ နည်းယူပြီး ကျင့်သုံးလိုက်နာ စရာကောင်းတဲ့ ဘုရားလက်ထက်တော်က ဇနီးမောင်နှံနှစ်ယောက်အကြောင်းကို ဟောပြောမှာဖြစ်ပါတယ်။

ဦးဇင်းတို့ ဘုရားရှင်ကိုယ်တော်မြတ် လက်ထက်တော်က မြတ်စွာဘုရားနဲ့ အင်မတန် ရင်းနှီးခင်မင် အကျွမ်းဝင်ကြတဲ့ နကုလပိတာ နကုလမာတာလို့ခေါ်တဲ့ ဇနီးမောင်နှံနှစ်ယောက် ရှိကြတယ်။

ဘုရားရှင်ကိုယ်တော်မြတ်နဲ့ ရင်းနှီးခင်မင် အကျွမ်းဝင်တဲ့နေရာမှာ အသာဆုံး အမြတ်ဆုံး ဧတဒဂ်ရတဲ့ ဇနီးမောင်နှံနှစ်ယောက်ပါပဲ။

အခါတစ်ပါး ဘုရားရှင်ကိုယ်တော်မြတ် ဘဂ္ဂတိုင်း၊ သုသုမာရဂိရမြို့ ဘေသကဠာတောအုပ်မှာ သီတင်းသုံးနေတော်မူပါတယ်။

နံနက်မိုးသောက် အလင်းရောက်တဲ့အခါမှာ သင်းပိုင်ကိုပြင်ဝတ်ပြီး သပိတ်၊ သင်္ကန်းကိုယူကာ နကုလပိတာအမည်ရတဲ့ သူဌေးသူကြွယ်ကြီးရဲ့အိမ်ကို ကြွရောက်တော်မူလာပါတယ်။

အဲဒီလို ကြွရောက်တော်မူလာတဲ့အခါ နကုလပိတာ၊ နကုလမာတို့ ဇနီးမောင်နှံနှစ်ယောက်ဟာ မြတ်စွာဘုရားကို ရှိသေစွာရှိခိုးပြီးတော့ သင့်တင့်လျောက်ပတ်တဲ့နေရာတစ်ခုမှာ ထိုင်နေကြပါတယ်။

သင့်တင့်လျောက်ပတ်တဲ့နေရာတစ်ခုမှာ ထိုင်နေပြီးတဲ့ နကုလပိတာ သူကြွယ်ကြီးဟာ မြတ်စွာဘုရားကို ဒီလိုလျှောက်ထားလိုက်တယ်။

http://www.dhammadownload.com



ဘယ်လို လျှောက်ထားသလဲဆိုရင် 'မြတ်စွာဘုရား၊ အသက်အရွယ်ငယ်သေးတဲ့ တပည့်တော် နကုလပိတာသည် အသက်အရွယ်ငယ်သေးတဲ့ နကုလမာတာ သူကြွယ်မကို ထိမ်းမြားလက်ထပ် ခေါ်ဆောင်ခဲ့ပါတယ်။ အဲဒီလို ထိမ်းမြားလက်ထပ်ခေါ်ဆောင်ခဲ့တဲ့အချိန်ကစပြီး နကုလမာတာ သူကြွယ်မကို ကျော်လွန်၍ အခြားအမျိုးသမီးတွေကို စိတ်နဲ့ပင် မပစ်မှားဘူး၊ မကျူးလွန်ဘူးပါ။ ကိုယ်နဲ့ ပြစ်မှားဖို့ဆိုတာ ဝေးလှပါတယ်။ ပြောစရာမလိုတော့ပါ ဘုရား။ မြတ်စွာဘုရား၊ အဲဒီလို တရားရှိကြတဲ့ တပည့်တော်တို့ ဇနီးမောင်နှံနှစ်ယောက်တို့သည် ယခုဘဝမှာလည်း အချင်းချင်း အမြဲတစေ တွေ့ချင်မြင်ချင် တွေ့မြင်နေချင်ပါတယ်။ နောက် တမလွန်ဘဝမှာလည်း အချင်းချင်း အမြဲတစေ တွေ့မြင်နေချင်ကြပါတယ်' လို့ လျှောက်ထားပါတယ်။

ယနေ့ မင်္ဂလာမောင်ဖြစ်တဲ့ မောင် (.....) တို့ အတုယူစရာကောင်းပါတယ်။ အဲဒီ နကုလပိတာ သူကြွယ်ကြီးလို မိမိအမျိုးသမီးမှတစ်ပါး အခြားအမျိုးသမီးတွေကို စိတ်ဝင်စားမှု ပြစ်မှားမှုတွေမရှိအောင် ကြိုးစားလိုက်နာကျင့်သုံးရမှာဖြစ်ပါတယ်။

မိမိရဲ့ အမျိုးသမီးအပေါ် သစ္စာရှိဖို့ဟာ အိမ်ထောင်ရေးလောကမှာ အဓိက လိုအပ်ပါတယ်။

နကုလမာတာ သူကြွယ်မကလည်း 'မြတ်စွာဘုရား၊ နကုလပိတာ သူကြွယ်သည် ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူတပည့်တော်မကို ထိမ်းမြားယူဆောင်ခဲ့သည်မှစ၍ စိတ်မှုဖြင့်လည်း နကုလပိတာသူကြွယ်ကိုလွန်၍ ကျင့်မိသည်ဟု တပည့်တော်မ မသိဖူးပါ။ ကိုယ်ဖြင့်မှုကား အဘယ်မှာဆိုဖွယ်ရာရှိပါအံ့နည်း။ မြတ်စွာဘုရား အဲဒီလို သစ္စာတရားထားရှိကြတဲ့ တပည့်တော်တို့ ဇနီးမောင်နှံနှစ်ယောက်တို့သည် ယခုဘဝ နောက်ဘဝမှာ အချင်းချင်း အမြဲတစေ တွေ့ချင်မြင်ချင် တွေ့မြင်နေချင်ပါတယ်ဘုရား' လို့ လျှောက်ထားပါတယ်။

ယနေ့ မင်္ဂလာမယ်ဖြစ်တဲ့ မ..... က အဲဒီ နကုလမာတာသူကြွယ်မလို ကျင့်သုံးရမှာ ဖြစ်ပါတယ်။ မိမိရဲ့အမျိုးသားအပေါ်မှာ သစ္စာရှိဖို့က အဓိက လိုအပ်ပါတယ်။

နကုလပိတာသူကြွယ်ဆိုတဲ့ သစ္စာရှင်က ခုဘဝ၊ နောက်ဘဝ အမြဲတစေ တွေ့ချင်မြင်ချင်တဲ့ သစ္စာရှင်ဟာ ဘယ်သူတဲ့လဲ။ (နကုလမာတာပါ ဘုရား)

http://www.dhammadownload.com



နကုလမာတာဆိုတဲ့ သစ္စာရှင်သူကြွယ်မက ခုဘဝ၊ နောက်ဘဝ အမြဲတစေ တွေ့ချင်မြင်ချင်တဲ့ သစ္စာရှင်ဟာ ဘယ်သူတဲ့လဲ။ (နကုလပိတာပါ ဘုရား)

သူတို့ဇနီးမောင်နှံနှစ်ယောက်ဟာ ခုဘဝ နောက်ဘဝ အမြဲတစေ တွေ့မြင်နေချင်ကြပါတယ်ဘုရားလို့ မလျှောက်ကြဘူးလား။ (လျှောက်ကြပါတယ်ဘုရား)

သူတို့ဇနီးမောင်နှံနှစ်ယောက်ဟာ ဒီလောကကြီးမှာ ရှိနေကြတဲ့ ဇနီးမောင်နှံတွေ အတုယူစရာ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)

သူတို့ဇနီးမောင်နှံနှစ်ယောက်ကို ဒီလောကကြီးမှာ သစ္စာအရှိဆုံး သစ္စာရှင် ဇနီးမောင်နှံလို့ မှတ်တမ်းတင်ရမယ်နော်။ (မှန်လှပါဘုရား)

သစ္စာရှင် ဇနီးမောင်နှံနှစ်ယောက်ဟာ ခုဘဝ၊ နောင်ဘဝ မတွေ့မမြင်ချင်ကြဘူးလား၊ တွေ့ချင်မြင်ချင်ကြသလား။ (တွေ့ချင်မြင်ချင်ကြပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။

(တွေ့ချင်မြင်ချင်+ သစ္စာရှင်) တရားတော်ပါဘုရား။

ယနေ့ မင်္ဂလာမောင်မယ်တွေလည်း သစ္စာတရား အမြဲထားရှိပြီး ခုဘဝ၊ နောက်ဘဝ တွေ့မြင်ရပါလို၏လို့ ဆုတောင်းကြရမယ်နော်။ (မှန်လှပါဘုရား)

အဲဒီလို ဇနီးမောင်နှံနှစ်ယောက်လုံးက လျှောက်ထားကြတော့ ဘုရားရှင်ကိုယ်တော်မြတ်က ဒါယကာတို့ ဇနီးမောင်နှံနှစ်ယောက်လုံး ခုဘဝ၊ နောက်ဘဝ အချင်းချင်း အမြဲတစေ တွေ့မြင်ချင်ရင် နှစ်ဦးလုံး သဒ္ဓါတူရမယ်၊ သီလတူရမယ်၊ စာဂတူရမယ်၊ ပညာတူရမယ်။●

အဲဒီ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာတရားတွေ နှစ်ဦးလုံးတူညီရင် ခုဘဝ၊ နောက်ဘဝ ဇနီးမောင်နှံနှစ်ယောက်လုံး တွေ့မြင်ရလိမ့်မယ်လို့ ဟောကြားတော်မူပါတယ်။

ယနေ့ မင်္ဂလာမောင်မယ်တွေလည်း ခုဘဝ၊ နောက်ဘဝ တွေ့မြင်လိုကြရင် သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာဆိုတဲ့ တရားလေးမျိုးကို နှစ်ဦးလုံး အတူတူ လိုက်နာကျင့်သုံးရမယ်နော်။ (မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

*ခုဘဝလည်း၊ အမှန်ပဲ၊ အမြဲတွေ့လိုသူ။

*နောက်ဘဝလည်း၊ အမှန်ပဲ၊ အမြဲတွေ့လိုသူ။

*သဒ္ဓါ+ သီလ၊ စာဂ+ ပညာ၊ ဤလေးဖြာ၊ တူစွာကျင့်တော်မူ။

http://www.dhammadownload.com



*တွေ့ချင်+ မြင်ချင်၊ သစ္စာရှင်၊ ခေါ်တွင်တရားတော်။
*ဤနေရာမှာ၊ နိဂုံးသာ၊ ဟောကာပြီးပြီနော်။
သာဓု၊ သာဓု၊ သာဓုပါဘုရား။

ကဲ- နောက်ဆုံးဂါထာပါဠိ အနက်တွေကို ရွတ်ဆိုကြည်ညိုပြီး တရားသိမ်းကြရအောင်၊ လက်အုပ်ချီလိုက်ကြပါ။

၁။ ဥဘော သဒ္ဓါ ဝဒညူစ၊ သညတာ ဓမ္မဇီဝိနော။
တေ ဟောန္တိ ဇာနိပတယော၊ အညမညံ ပိယံ ဝဒါ။

ဥဘော- အထူးအစုံ၊ နှစ်ဦးကုန်သော။ တေဇာနိပတယော- ဘဝများစွာ၊ သံသရာက၊ မေတ္တာ+ သစ္စာ၊ အရဲရာကြီးမား၊ မယားနှင့်လင်၊ ချင်ခင်ပိုမို၊ ထိုပုဂ္ဂိုလ်တို့သည်။ သဒ္ဓါစ- သဒ္ဓါတရားရှိကြကုန်သည်လည်းကောင်း။ ဝဒညူစ- အလှူခံပုဂ္ဂိုလ်၊ များထိုထို၏၊ ဆိုလိုစကား၊ အဓိပ္ပါယ်များကိုလည်း၊ နားလည်မိမိ၊ သိရှိကြကုန်သည်လည်းကောင်း။ သညတာစ- ကိုယ်နှုတ်နှလုံး၊ သုံးပါးလုံးကို၊ ရှင်ပြုံးအပြီး၊ စောင့်စည်းကြသည်လည်းကောင်း။ အညမညံ- တစ်ဦးတစ်ဦး၊ မေတ္တာကူးရင်း၊ အချင်းချင်းပင်။ ပိယံဝဒါ- ချစ်ဖွယ်စကား၊ အစားစားကို၊ အားပါးတရ၊ ပြောကြားကြကုန်သည်လည်းကောင်း။ ဓမ္မဇီဝိနောစ- တရားသဖြင့်၊ တရားချင့်တွေး၊ အသက်မွေးခြင်းရှိကြကုန်သည်လည်းကောင်း။ ဟောန္တိ- စင်စစ်မသွေ၊ ဖြစ်ကြပေကုန်အံ့။

၂။ အတ္ထာသံ ပစုရာ ဟောန္တိ၊ ဖာသုကံ ဥပဇာယတိ။
အမိတ္တာ ဒုမ္မနာ ဟောန္တိ၊ ဥဘိန္နံ သမသီလိနံ။

အာသံ- ထိုဇနီးမောင်နှံတို့၏။ အတ္ထာ- ကောင်းကျိုးတရား၊ အစားစားတို့သည်။ (ဝါ) ကြီးပွားတိုးတက်၊ အကျိုးထွက်မှု၊ အစုစုတို့သည်။ ပစုရာ- အမှန်စုပြုံ၊ များလှကုန်သည်။ ဟောန္တိ- မုချပုံသေ၊ ဖြစ်ကြပေကုန်၏။ ဖာသုကံ- ဘေးရန်ကင်းရှင်း၊ ချမ်းသာစွာနေရခြင်းသည်။ ဥပဇာယတိ- အမှန်စင်စစ်၊ ဖြစ်ကြီးဖြစ်၏။ သမသီလိနံ- တူညီသောသီလ ရှိကြကုန်သော။ ဥဘိန္နံ- ဇနီးမောင်နှံနှစ်ဦးတို့၏။ အမိတ္တာ- မမှန်မဖြူ၊ များရန်သူတို့သည်။ ဒုမ္မနာ- မကောင်းစိတ်ဓာတ်၊ အရပ်ရပ်စုံ၊ ရှိကြကုန်သည်။ (ဝါ) နှလုံးမသာ၊ မျက်နှာမလှ၊ မနာလိုကြကုန် သည်။ ဟောန္တိ- မုချပုံသေ၊ ဖြစ်ကြပေကုန်၏။

http://www.dhammadownload.com



၃။ တ္တာစ ဓမ္မံ စရိတွာန၊ သမသီလဗ္ဗတာ ဥဘော။
နန္ဒိနော ဒေဝလောကသ္မိံ၊ မောဒန္တိ ကာမကာမိနောတိ။

သမသီလဗ္ဗတာ– တူညီသောသီလအကျင့်ရှိကြကုန်သော။ ဥဘော– ဇနီးမောင်နှံနှစ်ဦးတို့သည်။ တ္တာစ– ဤလူ့ပြည်လောကဌ်။ ဓမ္မံ– ကုသိုလ်တရား၊ အစားစားကို။ စရိတွာန– ကျင့်ကြကုန်၍။ ဒေဝလောကသ္မိံ– နတ်ပြည်လောက၊ ဘုံဘဝဌ်။ နန္ဒိနော– နှစ်သက်ပီတိ၊ ကိုယ်စီရှိကြကုန်လျက်။ ကာမကာမိနော– ကာမဂုဏ်အာရုံတို့ကို လိုတိုင်းရကြကုန်လျက်။ မောဒန္တိ– ဘဝင်အသည်း၊ အရွှင်မြဲပို၊ နှစ်လိုအားရ၊ ဝမ်းသာဝမ်းမြောက်ကြကုန်၏။ ဣတိ– ဤသို့။ အဝေါစ– ဇနီးမောင်နှံအလှ၊ သဘောကျအောင်၊ ဟောပြတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

မှတ်ချက်။ ။ *မင်္ဂလာဆောင်ပွဲတိုင်း၊ မင်္ဂလာအထိမ်းအမှတ်အဖြစ် ပြုသော ကုသိုလ်ပွဲတိုင်း ဟောပါ။

✪

http://www.dhammadownload.com

## သီဟိုဠ်ကျွန်း ဝေဘာရာဇာ+ ဒီဃာယုက+ ဆဋ္ဌဂ်ကို
## တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော
## "အသက်ရှည်ကြောင်း + နည်းလမ်းကောင်း"
## တရားတော်

ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတွေ အသက်ရှည်ရှည် မနေချင်ကြဘူးလား။ (နေချင်ကြပါတယ်ဘုရား)

အသက်ရှည်ရှည်နေချင်ရင် အသက်ရှည်ကြောင်း နည်းလမ်းကောင်းတွေကို လိုက်နာကျင့်သုံးရမယ်နော်။ (မှန်လှပါဘုရား)

ကဲ- အသက်ရှည်ရှည် နေချင်ကြတယ်ဆိုရင် အသက်ရှည်ကြောင်း နည်းလမ်းကောင်း (၆) ပါးကို ဟောကြ နာကြရအောင်

ပရိဿာဝနဒါနဉ္စ၊ အာဝါသဒါနမေဝစ။
ဂိလာနဝတ္ထုဒါနဉ္စ၊ ဒါတဗ္ဗံ မနုဇာဓိပ။
ကာတဗ္ဗံ ဇိဏ္ဏကာဝါသ- ပဋိသင်္ခရဏံ တထာ။
ပဉ္စသီလ သမာဒါနံ၊ ကတွာတံ သာဓုရက္ခိတံ။
ဥပေါသထော ပဝါသောစ၊ ကာတဗ္ဗော ပေါသထေ တ္တတိ။

မနုဇာဓိပ- သီဟိုဠ်ကျွန်းသူ လူအပေါင်းတို့ကို အစိုးရသော အိုဝသဘမင်း။ ပရိဿာဝနဒါနဉ္စ- ရေစစ်အလှူကိုလည်း။ ဒါတဗ္ဗံ- အမြဲမပြတ်၊ ပေးလှူအပ်၏။ အာဝါသဒါနမေဝစ- အသစ်ဆောက်အပ်၊ တည်ထားအပ်သည့်၊ အမြတ်အကောင်း။ ဇရပ် ကျောင်းဆို၊ စေတီအလှူကိုလည်း။ ဒါတဗ္ဗံ- အမြဲမပြတ်၊ ပေးလှူအပ်၏။ ဂိလာနဝတ္ထုဒါနဉ္စ- မကျန်းမမာ၊ မချမ်းမသာ သူနာတို့ အသုံးအဆောင်ဖြစ်သော ဆေးအလှူကိုလည်း။ ဒါတဗ္ဗံ- အမြဲမပြတ်၊ ပေးလှူအပ်၏။ ဇိဏ္ဏကာဝါသပဋိသင်္ခရဏဉ္စ- ဆွေးမြည့်ယိုယွင်း၊ အိုမင်းနွမ်းဟောင်း၊ ကျောင်း ဇရပ် စေတီ၊ အလီလီဒွိ၊ စိတ်ကြည်စိတ်ရှင်း၊ အသစ်မွမ်းမံ ပြင်ဆင်ခြင်းကိုလည်း။ ကာတဗ္ဗံ- အမြဲမပြတ်၊ ပြုလုပ်အပ်၏။ တထာ- ထိုမှ တစ်ပါး၊ ပဉ္စသီလသမာဒါနဉ္စ- ငါးပါးသီလဆောက်တည်ခြင်းကိုလည်း။

http://www.dhammadownload.com



ကတွာ– ပြု၍။ တံ– ထိုငါးပါးသီလကို။ သာခုရက္ခိတံ– ကောင်းစွာမပြတ်၊ စောင့်ရှောက်အပ်၏။ ဥပေါသထေ– အထူးဟုတ်မှေ၊ ဥပုသ်နေ့၌။ ဥပေါသထော ပဝါသောစ– ဥပုသ်မပျင်း၊ ဆောက်တည်ခြင်းကိုလည်း။ ကာတဗ္ဗော– မလွဲ မသွေ၊ ပြုအပ်ပေ၏။ ဣတိ– ဤသို့။ အာစိက္ခိ– သဘောကျရေး၊ သောကအေး အောင်၊ ဟောပြပေးသနားတော်မူလိုက်ပါပေသတည်း။

သာဓု၊ သာဓု၊ သာဓုပါဘုရား။

၁။ ရေစစ်လှူရမယ်၊

၂။ ဇရပ်၊ ကျောင်း၊ စေတီစသည်ကို အသစ်ဆောက်တည်ထားကိုးကွယ်ရမယ်။

၃။ ကျန်းမာရေးမကောင်းတဲ့ လူနာတွေရဲ့ အထောက်အပံ့ဖြစ်တဲ့ ဆေးလှူရမယ်။

၄။ ဆွေးမြည့်ယိုယွင်း အိုမင်းဟောင်းနွမ်းနေတဲ့ ကျောင်းတွေ၊ ဇရပ်တွေ၊ စေတီတွေကို ကောင်းမွန်အောင် ပြုပြင်မွမ်းမံရမယ်။

၅။ ငါးပါးသီလကို လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းရမယ်။

၆။ ဥပုသ်နေ့မှာ ရှစ်ပါးသီလကို လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းရမယ်။

အဲဒီအလှူ (၄) မျိုးကို လှူပြီးတော့ သီလ (၂) မျိုးကို လုံခြုံအောင် စောင့်ထိန်းရင် မုချပုံသေ အသက်ရှည်ပြီလို့ မှတ်ကြပါ။

ဒီတော့ ဒကာ ဒကာမတွေ ဒါနပြုတာဟာ အသက်ရှည်ကြောင်းမဟုတ်ဘူးလား။ (ဟုတ်ပါတယ်ဘုရား)

အေး– ဒါနကိုပယ်တဲ့သဘော ပြောနေ ဟောနေတာတွေ လက်ခံနေကြတာတွေ ကြောက်စရာမကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)

ဒါနကိုပယ်တဲ့သဘော ပြောနေဟောနေတဲ့သူတွေ၊ လက်ခံကျင့်သုံးနေတဲ့ သူတွေဟာ အသက်ရှည်ချင်တဲ့သူတွေလား၊ အသက်တိုချင်တဲ့သူတွေလား။ (အသက်တိုချင်တဲ့သူတွေပါဘုရား)

ဒီနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေက အသက်ရှည်ချင်တဲ့သူ တွေလား၊ အသက်တိုချင်တဲ့သူတွေလား။ (အသက်ရှည်ချင်တဲ့သူတွေပါဘုရား)

အေး– တကယ်အသက်ရှည်ချင်ရင် ဒါနကိုမပယ်ရဘူးနော်။ (မှန်လှပါ ဘုရား)

http://www.dhammadownload.com



ဟော (၅) ပါးသီလ၊ (၈) ပါးသီလ ဒီသီလ (၂) မျိုး လုံခြုံအောင် ထိန်းသိမ်းတာဟာလည်း အသက်ရှည်ကြောင်းပါတဲ့။

ဒီနော့ တရားနာပရိသတ် ဒါနနဲ့ သီလဟာ အသက်ရှည်ကြောင်းလို့ ကောင်းကောင်းကြီး မှတ်သားရမယ်နော်။ (မှန်လှပါဘုရား)

ကဲ– လင်္ကာလေးတွေ လိုက်ဆိုကြ

*ဒါနပြုတာ၊ ဖြစ်လေရာ၊ မှတ်ပါသက်ရှည်ကြောင်း။

*သီလစောင့်တာ၊ ဖြစ်လေရာ၊ မှတ်ပါသက်ရှည်ကြောင်း။

*ဒါနပယ်ကာ၊ ဟောပြောတာ၊ လူ့ရွာကြောက်ဖွယ်ကောင်း။

အဲဒီအသက်ရှည်ကြောင်း (၆) ပါးကို လိုက်နာကျင့်သုံးတဲ့အတွက် မျက်မှောက်ဘဝမှာပင် အသက်ရှည်ဖူးသူကတော့ သီဟိုဠ်ကျွန်းက ဝသဘမင်းကြီးပါပဲ။

ဘယ်မင်းကြီးတဲ့လဲ။ (ဝသဘမင်းကြီးပါဘုရား)

အေး အဲဒီ ဝသဘမင်းကြီးကို ဗေဒင်ပညာရှိ ဗေဒင်ဆရာတွေက အရှင်မင်းကြီးရဲ့နန်းသက်ဟာ (၁၂) နှစ်သာ ရှည်မယ်လို့ တွက်ချက်လျှောက် ထားကြပါတယ်။

အဲဒီလို လျှောက်တင်ကြတဲ့အခါ မင်းကြီးဟာ ရဟန္တာအရှင်ကောင်း အရှင်မြတ်တွေထံ ချဉ်းကပ်ပြီးတော့ 'အသက်ရှည်ကြောင်း နည်းလမ်းကောင်း တွေရှိပါက တပည့်တော်အား ဟောကြားညွှန်ပြတော်မူပါဘုရား' လို့ လျှောက် ထားတဲ့အခါမှာ ရဟန္တာအရှင်သူမြတ်တွေက ရှေ့ကဟောခဲ့ပြောခဲ့တဲ့ အသက် ရှည်ကြောင်း (၆) ပါးကို ဟောပြောတော်မူပါတယ်။

အဲဒီ (၆) မျိုးကို လိုက်နာကျင့်သုံးတဲ့အတွက် ဝသဘမင်းကြီးဟာ နန်းသက် (၁၂) နှစ်သာမက (၄၄) နှစ်တိုင်အောင် အသက်ရှည်သွားပါတယ်။

နန်းသက် (၃၂) နှစ်ပိုပြီးတော့ အသက်ရှည်မသွားဘူးလား။ (အသက် ရှည်သွားပါတယ်ဘုရား)

ဗေဒင်ပညာရှိ ဗေဒင်ဆရာတွေ ဟောပြောတာ လွဲမသွားဘူးလား။ (လွဲ သွားပါတယ်ဘုရား)

ဒါဆိုရင် ဗေဒင်ဆရာတွေက ကံတွေညံ့နေတယ်၊ အသက်အန္တရာယ်

http://www.dhammadownload.com



မြင်တယ်စသည်ဖြင့် ဟောပြောရင် ဒါနများများဖြစ်ရမယ်၊ သီလများများဆောက် တည်ရမယ်နော်။ (မှန်လှပါဘုရား)

ဒီတော့ ဒကာ ဒကာမတွေ ဗေဒင်ဆရာတွေကို အားကိုးရမှာလား၊ ဒါန သီလကို အားကိုးရမှာလား။ (ဒါန သီလကို အားကိုးရမှာပါဘုရား)

ဗေဒင်ဆရာတွေကို ယုံရမှာလား၊ ဒါန သီလကို ယုံရမှာလား။ (ဒါန သီလကို ယုံရမှာပါဘုရား)

အားကိုးမှုတွေ၊ ယုံကြည်မှုတွေ လွဲမှားနေမှာစိုးလို့ ဟောပြောနေတာနော်။ (မှန်လှပါဘုရား)

ဝသဘမင်းကြီးရဲ့ ဒါနနဲ့ သီလဟာ ယခုဘဝမှာပင် သူ့အတွက် အသက် တွေ ပိုရှည်သွားတယ်။ သူ့အတွက် ဒါနနဲ့ သီလဟာ အားကိုးရာဖြစ်သွားပါ တယ်။

ဒီတော့ မိမိအတွက် မိမိရဲ့ဒါန သီလ ဘာဝနာတွေဟာ တကယ်အား ထားရာ အားကိုးရာအစစ်တွေလို့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား)

ကဲ- လင်္ကာလေးတွေ လိုက်ဆိုကြ

* ဒါနဆိုတာ၊ အားကိုးရာ၊ မှတ်ပါတရားကောင်း။
* သီလဆိုတာ၊ အားကိုးရာ၊ မှတ်ပါတရားကောင်း။
* မြတ်ဘာဝနာ၊ အားကိုးရာ၊ မှတ်ပါတရားကောင်း။
* ဝသဘခေါ်၊ မင်းအကျော်၊ သက်တော်ရှည်ဖူးကြောင်း။
* ဒီဃာယုက၊ ဆဠင်္ဂ၊ ဟောပြအရှင်ကောင်း။

ယနေ့ တရားနာနေကြတဲ့ ဒကာ ဒကာမတွေ အသက်ရှည်ရှည်နေချင် ရင် ဘာလုပ်ရမတဲ့လဲ။ (အသက်ရှည်ကြောင်း နည်းလမ်းကောင်း (၆) ပါးကို လိုက်နာကျင့်သုံးရမှာပါဘုရား)

အဲဒီ (၆) ပါးကို ဒါနနဲ့ သီလ (၂) ပိုင်းခွဲပြီးတော့ ကြည့်လိုက်တဲ့အခါ မှာ ရှေ့က (၄) ပါးက ဒါန၊ နောက်က (၂) ပါးက သီလ၊ ဒီလိုကွဲပြားအောင် ခွဲခြားပြီးတော့လည်း မှတ်ရမယ်နော်။ (မှန်လှပါဘုရား)

အဲဒီ (၆) ပါးကို ခွဲကြည့်လိုက်တော့ ဒါနနဲ့ သီလပဲ တွေ့ရတယ်မဟုတ် လား။ (မှန်လှပါဘုရား)

http://www.dhammadownload.com



ဒီနေ့ ဟောလိုက်တဲ့တရားက ဘာတရားတဲ့လဲ။ (အသက်ရှည်ကြောင်း+ နည်းလမ်းကောင်း) တရားတော်ပါဘုရား။

အေး– အဲဒီ အသက်ရှည်ကြောင်း+ နည်းလမ်းကောင်းတရား (၆) ပါးကို လင်္ကာလေးတွေ စီထားတယ်၊ အဲဒီလင်္ကာလေးတွေ လိုက်ဆိုကြပြီး တရားသိမ်းကြရအောင်

*ရေစစ်+ ကျောင်း+ ဆေး၊ လှူမနေး၊ ပြင်ပေးဟောင်းနွမ်းတာ။
*ငါး+ ရှစ်သီလ၊ လုံခြုံက၊ မုချသက်ရှည်မှာ။
*ဒီဃာယုက၊ ဆဋ္ဌင်္ဂ၊ ဟောပြရဟန္တာ။
*ဝသဘခေါ်၊ မင်းအကျော်၊ သက်တော်ပိုရှည်ရှာ။
*အသက်မုချ၊ ရှည်လိုက၊ လှူကြရေစစ်ပါ။
*အသက်မုချ၊ ရှည်လိုက၊ လှူကြကျောင်းသစ်ပါ။
*အသက်မုချ၊ ရှည်လိုက၊ လှူကြဆေးကောင်းတာ။
*အသက်မုချ၊ ရှည်လိုက၊ ပြင်ကြဟောင်းနေတာ။
*အသက်မုချ၊ ရှည်လိုက၊ မြဲကြငါးသီလာ။
*အသက်မုချ၊ ရှည်လိုက၊ စောင့်ကြရှစ်သီလာ။

မှတ်ချက်။ ။ *ရေစစ်လှူပွဲတိုင်း၊ ကျောင်းသစ် ဇရပ်သစ်၊ စေတီသစ် လှူဒါန်းပွဲတိုင်း။ ဆေးလှူဒါန်းပွဲ၊ ဆေးပဒေသာပင်စိုက်ထူ လှူဒါန်းပွဲတိုင်း။ ကျောင်း ဇရပ် စေတီအဟောင်း မွမ်းမံ ပြင်ဆင်ပွဲတိုင်း။ သီလပွဲတိုင်း ဟောနိုင်ပါသည်။

✪

http://www.dhammadownload.com

## ခုဒ္ဒကနိကာယ+ ထေရီအပဒါနပါဠိတော်+ ကေုပေါသထိကဝင်+ မဟာပဇာပတိဂေါတမီ ထေရီအပဒါန် လာ ဂါထာတစ်ပုဒ်ကို တန်ဆာဆင်၍ ဟောကြား ပြောကြားအပ်သော "မလွယ်တဲ့အမည် + ရသွားပြီ" တရားတော်

ရညော မာတာ မဟေသီတိ၊ သုလဘံ နာမ မိတ္ထိနံ။
ဗုဒ္ဓမာတာတိ ယံ နာမံ၊ ဧတံ ပရမဒုလ္လဘံ။

(အပဒါနပါဠိ ၂-၂၁၉)

(ပုတ္တ– ဘဝဖန်ခါ၊ သံသရာမှ၊ မြန်စွာလွတ်ရေး၊ တရားအေးကို၊ ဟောပေးမပြတ်၊ အိုသားတော်မြတ်ဘုရား။) ရညော– တိုင်းရှင်ပြည်ရှင်၊ မင်းဘုရင်၏။ မာတာ– မြင်းမိုရ်တောင်ဦး၊ မကကျူးသည့်၊ ကျေးဇူးအရှင်၊ မွေးမိခင်တည်း။ မဟေသီ– လောကစည်းစိမ်၊ ဂုဏ်သိန်ကြီးမား၊ မိဖုရားကြီးတည်း။ ဣတိ– ဤကဲ့သို့သော။ နာမံ– အမှန်ပြောက၊ သဘောကျဖွယ်၊ တကယ်မြတ်နိုး၊ အမည်မျိုးကို။ ဣတ္ထီနံ– လောကရှိနေ၊ တွက်ရေများလှ၊ အမျိုးသမီးမိန်းမတို့အား။ (ဝါ) လောကရှိကြ၊ များလှသောင်းသောင်း၊ မိန်းမအပေါင်းတို့အား။ သုလဘံ– ဘဝဖန်ခါ၊ သံသရာ၌၊ မကြာအမြဲ၊ မခက်ခဲစွာ၊ ရလွယ်ပါတယ်ဘုရား။

ဗုဒ္ဓမာတာတိ– တိုင်းရှင်ပြည်ရှင်၊ မင်းဘုရင်၏၊ မိခင်တစ်ပါး၊ မိဖုရားရင်း၊ ဖြစ်ရခြင်းထက်၊ ရှင်းရှင်းအဟုတ်၊ လောကုတ္တရာ၊ အမည်သာကျော်၊ ဘုရားမယ်တော်ဟူသော။ ယံနာမံ– လောကကျော်ထုတ်၊ လောကုတ္တရာ၊ လွန်သာကြည်နူး၊ အကြင်အမည်ထူးသည်။ အတ္ထိ– စင်စစ်မသွေ၊ ရှိပါပေ၏။ ဧတံနာမံ– သဘောအဟုတ်၊ လောကုတ္တရာ၊ ဂုဏ်ကြီးသာကျော်၊ ဘုရားမယ်နော်ဆိုတဲ့ ထိုအမည်မျိုးကို။ ဣတ္ထီနံ– လောကရှိကြ၊ များလှသောင်းသောင်း၊ မိန်းမပေါင်းတို့အား။ ပရမဒုလ္လဘံ– ကမ္ဘေကမ္ဘာ၊ လွန်ရှည်ကြာမှ၊ ရခဲ့မှန်စွာ၊ အလွန်ရခဲတဲ့အမည်ပါပဲဘုရား။

http://www.dhammadownload.com



အို သားတော်မြတ်ဘုရား၊ ဒီလောကကြီးရဲ့အတွင်းမှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ကြတဲ့ မင်းအမျိုးမျိုးတွေရဲ့ အမေဆိုတဲ့အမည်၊ မိဖုရားဆိုတဲ့အမည်တွေကို တပည့်တော်တို့လို အမျိုးသမီးတွေမှာ လွယ်လွယ်ကူကူ ရနိုင်ပါတယ်ဘုရား။

သစ္စာလေးပါး တရားသိမြင် အရှင်ဘုရားတို့လို ဘုရားရှင်ကိုယ်တော်မြတ်တွေရဲ့ မိခင်ဆိုတဲ့ (ဘုရားမယ်တော်ဆိုတဲ့) အမည်မျိုးကိုတော့ အလွန်တရာမှ ရဖို့ရန် ခက်ခဲလှပါတယ်ဘုရား။

အဲဒီလို အလွန်တရာမှ ရဖို့ရန် ခက်ခဲလှတဲ့ ဘုရားမယ်တော်ကြီးဖြစ်ရတာ တပည့်တော် အင်မတန်မှ ဝမ်းသာလှပါတယ်ဘုရားလို့ မိထွေးတော်တွေထဲမှာ အတော်ဆုံးဖြစ်တဲ့ မိထွေးတော်ဂေါတမီက လျှောက်ထားပါတယ်။

တရားနာပရိသတ်၊ သေသေချာချာမှတ်နော်။

မင်းဘုရင်တွေရဲ့အမေ၊ မိဖုရားဖြစ်ရန် လွယ်ကူသလား၊ ခဲယဉ်းသလား။ (လွယ်ကူပါတယ်ဘုရား)

ဟုတ်တယ်၊ မိထွေးတော် ဂေါတမီက သုလဘံ– လွယ်ကူပါတယ်လို့ မလျှောက်ထားဘူးလား။ (လျှောက်ထားပါတယ်ဘုရား)

ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ

* တိုင်းပြည်အုပ်ချုပ်+ မင်းလုပ်ဘုရင်၊
မွေးမိခင်ကြီး+ ဖြစ်နည်းလွယ်အင်၊
မိထွေးတော်က+ သားလှရှေ့စင်၊
လျှောက်ထားပြ+ အားရမှတ်စေချင်။

* တိုင်းပြည်အုပ်ချုပ်+ မင်းလုပ်ဘုရင်၊
မိဖုရားကြီး+ ဖြစ်နည်းလွယ်အင်၊
မိထွေးတော်က+ အားရလျှောက်တင်၊
သားတော်လှ+ အားရရှေ့နားဆင်။

သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်တွေရဲ့ မိခင်ဘုရားမယ်တော်ဆိုတဲ့ အမည်ကိုတော့ အလွန်ရခဲပါတယ်တဲ့။

ဒီတော့ ဘုရားမယ်တော်ဖြစ်ဖို့ လွယ်ကူရဲ့လား။ (မလွယ်ကူပါဘူးဘုရား)

http://www.dhammadownload.com



ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ
*သစ္စာလေးပါး+ တရားသိမြင်၊
မြတ်ဘုရား၏+ ထင်ရှားမိခင်၊
ကြာကြီးကြာမှ+ ရခဲ့အစဉ်၊
ရဖို့လည်း+ ခက်ခဲလှသည်ပင်။

အဲဒီလို ဘုရားမိခင်၊ ဘုရားမယ်တော်ဖြစ်ဖို့ မလွယ်ကူသလိုပဲ တရားစာအုပ်တွေ လှူဒါန်းနိုင်တဲ့ တရားဒါယကာ၊ တရားဒါယိကာမတွေဖြစ်ဖို့လည်း အင်မတန်မှ ခက်ခဲတယ်၊ မလွယ်ကူဘူးလို့ မှတ်ရမယ်နော်။ (မှန်လှပါဘုရား)

ဒီနေ့ မင်္ဂ ဖိုလ် နိဗ္ဗာန်ရရောက်သည်အထိ ပညာကြီးမားရန်အတွက် တရားစာအုပ်တွေ လှူဒါန်းကော်ရော် ပူဇော်ကြတော့ ဒကာ ဒကာမတွေဟာ တရားဒါယကာ တရားဒါယိကာမတွေ ဖြစ်သွားကြပြီနော်။ (မှန်လှပါဘုရား)

တရားဒါယကာ တရားဒါယိကာမဆိုတဲ့အမည်တွေရဖို့ကော လွယ်ကူရဲ့လား။ (မလွယ်ကူပါဘူးဘုရား)

ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ
*တိုင်းပြည်အုပ်ချုပ်+ မင်းလုပ်ဘုရင်၊
မိဖုရားကြီး+ တစ်နည်းမိခင်၊
ဖြစ်ဖို့ရန်ကား+ လွယ်ပြားသည်ထင်၊
တရားလှ+ ဒကာ့မလွယ်ပင်။

ဒီနေ့ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် စာအုပ်တွေကို လှူဒါန်းပူဇော်ကြတာဖြစ်တော့ ပိဋကတ်ဒါယကာ၊ ပိဋကတ်ဒါယိကာမ၊ နိကာယ်ဒါယကာ၊ နိကာယ်ဒါယိကာမတွေကို ရဟန်းသံဃာတွေရဲ့ အမေအဖေနဲ့တူတယ်လို့ပြောရင်ကော မရနိုင်ဘူးလား။ (ရနိုင်ပါတယ်ဘုရား)

ဒီလိုပြော ဒီလိုဟောတော့ ဒကာ ဒကာမတွေက မြှောက်ပြော မြှောက်ဟောနေတာလို့ ထင်ချင်ထင်ကြလိမ့်မယ်။ ဦးဇင်းတို့က မြှောက်ပြီးတော့ ပြောဟောနေတာ မဟုတ်ပါဘူး။

မြှောက်ပြီးတော့ ပြောဟောနေတာ မဟုတ်ပုံကို အောက်ဖော်ပြပါ ပိဋကတ်တော်လာ စကားရပ်လေးနဲ့ သိကြပါ။

http://www.dhammadownload.com



ဘုရားရှင် ကိုယ်တော်မြတ်လက်ထက်တော်က မထင်ရှားတဲ့ရဟန်းတော်လေး တစ်ပါး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကို ရောက်လာပြီးတော့ သပိတ် သင်္ကန်းတွေ သိုမှီးကာ ဘုရားရှိခိုးပြီးတဲ့အခါမှာ သာမဏေငယ်၊ ရဟန်းငယ်တွေကို 'ငါ့ရှင်တို့ ဒီသာဝတ္ထိပြည်ဝယ် အာဂန္တုက ရဟန်းတို့အား ဘယ်သူတွေ ကျေးဇူးပြုကြသလဲ' လို့ မေးပါတယ်။

အဲဒီလို မေးတဲ့အခါမှာ သာမဏေငယ်၊ ရဟန်းငယ်တွေက 'အရှင်ဘုရား အနာထပိဏ်သူဌေးကြီးနဲ့ ဝိသာခါကျောင်းဒါယိကာမကြီးတို့ဟာ ရဟန်းသံဃာအား ကျေးဇူးများကြတယ်၊ ကျေးဇူးပြုကြတယ်။ ရဟန်းသံဃာတွေရဲ့ အမိအဘအရာမှာ တည်ကြပါတယ်' လို့ ပြောဆိုကြပါတယ်။

(သော ကိရ ဧကပဒေသော ဇေတဝနံ ဂန္တွာ ပတ္တစီဝရံ ပဋိသာမေတွာ သတ္ထာရံ ဝန္ဒိတွာ သာမဏေရဒဟရေ ပုစ္ဆိ၊ 'အာဝုသော သာဝတ္ထိယံ အာဂန္တုက ဘိက္ခူနံ ကေဥပကာရကာ' တိ။ အာဝုသော အနာထပိဏ္ဍိကောနာမ မဟာသေဋ္ဌိ၊ ဝိသာခါနာမ မဟာဥပါသိကာ, ဧတေဘိက္ခုသံဃဿ ဥပကာရကာ မာတာ ပိတုဋ္ဌာနိယာတိ။ (ဇာတကဋ္ဌ ၃- ၁၀၉)

ဒီတော့ အဲဒီပိဋကဇာတ်တော်လာ စကားလေးကို ကြည့်လိုက်စမ်းပါ၊ ဘယ်လောက် ဝမ်းမြောက်စရာ ဝမ်းသာစရာကောင်းသလဲ။

ရဟန်းသံဃာတွေရဲ့အပေါ်မှာ ကျေးဇူးများကြတဲ့ အနာထပိဏ်တို့၊ ဝိသာခါ တို့ဟာ ရဟန်းသံဃာတွေရဲ့ မိဘအရာမှာ တည်ကြတယ်။ အမေအဖေနဲ့ တူတယ် တဲ့။

ဒီနေ့ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ် စာအုပ်မြတ်တွေ လှူကြတဲ့ ဒကာ ဒကာမတွေဟာ အနာထပိဏ်၊ ဝိသာခါတို့နဲ့ မတူကြဘူးလား။ (တူကြပါတယ်ဘုရား)

အနာထပိဏ်သူဌေးကြီးတို့၊ ဝိသာခါဒါယိကာမကြီးတို့ ရဟန်းသံဃာတွေရဲ့ အပေါ်မှာ အင်မတန်ကျေးဇူးများသလို ဒီနေ့ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ် စာအုပ်မြတ်တွေကို လှူကြတဲ့ ဒကာ ဒကာမတွေကကော ရဟန်းသံဃာတွေရဲ့အပေါ်မှာ ကျေးဇူးမများကြဘူးလား။ (ကျေးဇူးများကြပါတယ်ဘုရား)

အဲဒီလို ကျေးဇူးများကြတော့ ရဟန်းသံဃာတွေရဲ့ အမိအဘအရာမှာ တည်မသွားကြဘူးလား။ (တည်သွားကြပါတယ်ဘုရား)

http://www.dhammadownload.com



အဲဒီလို တည်သွားကြတော့ ပိဋကတ်ဒါယကာကြီး၊ ပိဋကတ်ဒါယိကာမကြီး၊ နိကာယ်ဒါယကာကြီး၊ နိကာယ်ဒါယိကာမကြီးတွေကို ရဟန်းသံဃာတွေရဲ့ အမေအဖေနဲ့ တူတယ်လို့ ပြောဟောနေတာဟာ မြှောက်ပြီးတော့ ပြောဟောရာ ရောက်သေးလား။ (မရောက်တော့ပါဘူးဘုရား)

ဒီတော့ အဲဒီလို ပိဋကတ်ဒါယကာကြီး၊ ပိဋကတ်ဒါယိကာမကြီး၊ နိကာယ်ဒါယကာကြီး၊ နိကာယ်ဒါယိကာမကြီးဖြစ်ဖို့ လွယ်ကူရဲ့လား။ (မလွယ်ကူပါဘူး ဘုရား)

ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ

*တိုင်းပြည်အုပ်ချုပ်+ မင်းလုပ်ဘုရင်၊
မိဖုရားကြီး+ တစ်နည်းမိခင်၊
ဖြစ်ဖို့ရန်ကား+ လွယ်ငြားသည်ထင်၊
ပိဋက+ ဒကာမလွယ်ပင်။

*တိုင်းပြည်အုပ်ချုပ်+ မင်းလုပ်ဘုရင်၊
မိဖုရားကြီး+ တစ်နည်းမိခင်၊
ဖြစ်ဖို့ရန်ကား+ လွယ်ငြားသည်ထင်၊
နိကာယ+ ဒကာမလွယ်ပင်။

ဒီနေ့ အလှူပွဲဟာ တကယ်ထူးခြားပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ် စာအုပ်မြတ်တွေ လှူတဲ့အပြင် သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြုကုသိုလ်တွေပါ ပါဝင်လာတဲ့အတွက်ကြောင့်ပါပဲ။

ဒီတော့ ဒီနေ့အလှူဒါယကာ၊ အလှူဒါယိကာမတွေဟာ ရဟန်းဒါယကာ ရဟန်းဒါယိကာမ၊ ကိုရင်ဒါယကာ၊ ကိုရင်ဒါယိကာမဆိုတဲ့ ရဖို့ဖြစ်ဖို့ရန် မလွယ်ကူတဲ့အမည်ထူးတွေကိုပါ ရရှိသွားကြပါတယ်။ အဲ့ကြောင့် အင်မတန်ထူးခြားစုံလင်တဲ့ ကုသိုလ်ပွဲကြီးပါပဲ။

တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ မင်းဘုရင်အမျိုးမျိုးတွေရဲ့ မယ်တော်ကြီး၊ မိဖုရားကြီးတွေဖြစ်ဖို့ထက် ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမ၊ ကိုရင်ဒါယကာ၊ ကိုရင်ဒါယိကာမတွေ ဖြစ်ဖို့က ပိုပြီးတော့ ခဲယဉ်းပါတယ်၊ ခက်ခဲပါတယ်။

http://www.dhammadownload.com



ဒီတော့ ဒီနေ့ အလှူ့ဒါယကာ၊ အလှူ့ဒါယိကာမတွေ၊ ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမ၊ ကိုရင်ဒါယကာ၊ ကိုရင်ဒါယိကာမ ဖြစ်ဖို့ကော လွယ်ကူရဲ့လား။ (မလွယ်ကူပါဘူးဘုရား)

ကဲ– ရှစ်လုံးဖွဲ့ကဗျာလေး လိုက်ဆိုကြ
*တိုင်းပြည်အုပ်ချုပ်+ မင်းလုပ်ဘုရင်၊
မိဖုရားကြီး+ တစ်နည်းမိခင်၊
ဖြစ်ဖို့ရန်ကား+ လွယ်ငြားသည်ထင်၊
ရဟန်းလှ+ မိဘမလွယ်ပင်။

*တိုင်းပြည်အုပ်ချုပ်+ မင်းလုပ်ဘုရင်၊
မိဖုရားကြီး+ တစ်နည်းမိခင်၊
ဖြစ်ဖို့ရန်ကား+ လွယ်ငြားသည်ထင်၊
ကိုရင်လှ+ မိဘမလွယ်ပင်။

ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမ၊ ကိုရင်ဒါယကာ၊ ကိုရင်ဒါယိကာမတွေဟာ ရဟန်းတွေ ကိုရင်တွေရဲ့အပေါ်မှာ ကျေးဇူးများကြပါတယ်။ ကျေးတဲ့ ကျေးဇူးရှင်တွေ ဖြစ်ကြပါတယ်။ ဒါကြောင့် အမေအဖေ (အမိအဘ) တွေပါပဲလို့ ပြောဟောပြီး ကျေးဇူးဆပ်လိုက်ပါတယ်။

ကဲ– ဘုရား တရား သံဃာ ရတနာသုံးပါးနဲ့စပ်ပြီးတော့ ပြောလိုက်တာ တော်တော်လေး ပြည့်ပြည့်စုံစုံ ရှိသွားပါပြီ။

မိထွေးတော် ဂေါတမီက ဘုရားရဲ့အမေဆိုတဲ့ အမည်ရဖို့ မလွယ်ကူပါဘူးလို့ မလျှောက်ထားဘူးလား။ (လျှောက်ထားပါတယ်ဘုရား)

ဒီတော့ ဘုရားအမေဆိုတဲ့အမည်ရဖို့ လွယ်ကူရဲ့လား။ (မလွယ်ကူပါဘူးဘုရား)

အဲဒီလို မလွယ်ကူတဲ့ ကမ္ဘာကမ္ဘာ လွန်ရှည်ကြာမှ ရနိုင်တဲ့ ဘုရားရဲ့အမေဆိုတဲ့ အမည်ကောင်းကြီးကို မိထွေးတော် ဂေါတမီကြီး ရမသွားဘူးလား။ (ရသွားပါတယ်ဘုရား)

ဒါဆိုရင် ဒီနေ့ ဟောတဲ့တရားတော်က ဘာတရားတဲ့လဲ။
(မလွယ်တဲ့အမည်+ ရသွားပြီ) တရားတော်ပါဘုရား။

http://www.dhammadownload.com



ဘုရားအမေ ဘုရားမယ်တော်ဆိုတဲ့ မလွယ်တဲ့အမည်ကြီး ရသွားတော့ မိထွေးတော်ကြီး သိပ်ပြီးဝမ်းသာမသွားဘူးလား။ (ဝမ်းသာသွားပါတယ်ဘုရား)

ဒီတော့ မိထွေးတော် ဂေါတမီကြီးအတွက်ကတော့ 'မလွယ်တဲ့အမည်+ ရသွားပြီ' လို့ တရားတော်အမည်ကို မှတ်ထားရမယ်နော်။ (မှန်လှပါဘုရား)

ဒီနေ့ ပိဋကတ်သုံးသွယ်+ နိကာယ်ငါးရပ် လှူကြတဲ့အတွက် ပိဋကတ်ဒါယကာ ဒါယိကာမ၊ နိကာယ်ဒါယကာ ဒါယိကာမ၊ သိက္ခာထပ်၊ ရဟန်းခံရှင်ပြုကြတဲ့အတွက် ရဟန်းမယ်တော်၊ ခမည်းတော်၊ ကိုရင်မယ်တော်၊ ခမည်းတော်ဆိုတဲ့ အမည်တွေကိုကော ရဖို့ရာ လွယ်ကူရဲ့လား။ (မလွယ်ကူပါဘူးဘုရား)

အေး– ဟုတ်ပြီ၊ အဲဒီမလွယ်ကူတဲ့ ဒီနေရာ စကားအမေးအဖြေလေးကို ယူပြီးတော့ 'မလွယ်တဲ့အမည်' လို့ မှတ်သားရမယ်နော်။ (မှန်လှပါဘုရား)

ဒီနေ့ အလှူ့ဒါယကာ အလှူ့ဒါယိကာမတွေ အဲဒီလို တကယ်ရဖို့ရာ မလွယ်ကူတဲ့ ပိဋကတ်ဒါယကာ၊ ဒါယိကာမစတဲ့အမည်တွေ ဒီနေ့ရပြီးတော့ မနေကြဘူးလား။ (ရနေကြပါတယ်ဘုရား)

ဒီနေရာကိုကြည့်ပြီးတော့ 'ရနေပြီ' လို့ မှတ်သားရမယ်နော်။ (မှန်လှပါဘုရား)

ဒါဆိုရင် ဒီနေ့ အလှူ့ဒါယကာ၊ အလှူ့ဒါယိကာမတွေအတွက်ကတော့ 'မလွယ်တဲ့အမည်+ ရနေပြီ' လို့ မှတ်သားရမယ်နော်။ (မှန်လှပါဘုရား)

မိထွေးတော် ဂေါတမီကြီးအတွက် 'မလွယ်တဲ့အမည်+ ရသွားပြီ' တရားတော်။

ဒကာ+ ဒကာမတွေအတွက် 'မလွယ်တဲ့အမည်+ ရနေပြီ' တရားတော်လို့ မှတ်ကြပါ။

ဒီလို မလွယ်တဲ့အမည်တွေ ဘုရားသာသနာတော်ကြီးနဲ့ ယခုလို ကြုံရခိုက်မှာ ရလိုက်တော့ ဝမ်းမသာကြဘူးလား။ (ဝမ်းသာကြပါတယ်ဘုရား)

ကဲ– လက်ာလေးတွေ လိုက်ဆိုကြ

*ဗုဒ္ဓမာတာ၊ ဖြစ်ရတာ၊ များစွာဝမ်းသာဖွယ်။

*ဗုဒ္ဓပိတာ၊ ဖြစ်ရတာ၊ များစွာဝမ်းသာဖွယ်။

*တရားဒကာ၊ ဖြစ်ရတာ၊ များစွာဝမ်းသာဖွယ်။

*သံဃမာတာ၊ ဖြစ်ရတာ၊ များစွာဝမ်းသာဖွယ်။

*သံဃပိတာ၊ ဖြစ်ရတာ၊ များစွာဝမ်းသာဖွယ်။

http://www.dhammadownload.com



*ပိဋကတ်ဒကာ၊ ဖြစ်ရတာ၊ များစွာဝမ်းသာဖွယ်။
*နိကာယ်ဒကာ၊ ဖြစ်ရတာ၊ များစွာဝမ်းသာဖွယ်။
*ရဟန်းဒကာ၊ ဖြစ်ရတာ၊ များစွာဝမ်းသာဖွယ်။
*ရဟန်းမာတာ၊ ဖြစ်ရတာ၊ များစွာဝမ်းသာဖွယ်။
*ရဟန်းပိတာ၊ ဖြစ်ရတာ၊ များစွာဝမ်းသာဖွယ်။
*ကိုရင်မာတာ၊ ဖြစ်ရတာ၊ များစွာဝမ်းသာဖွယ်။
*ကိုရင်ပိတာ၊ ဖြစ်ရတာ၊ များစွာဝမ်းသာဖွယ်။
*မလွယ်အမည်၊ ရသွားပြီ၊ အတည်ဝမ်းသာဖွယ်။
*မလွယ်အမည်၊ ရနေပြီ၊ အတည်ဝမ်းသာဖွယ်။

အဲဒီလို ရတနာသုံးပါးတွေရဲ့ အမိအဘဖြစ်ရတာဟာ တကယ်ဝမ်းသာစရာ ကောင်းပါတယ်။ ရဖို့လည်း တကယ်မလွယ်ပါဘူး။

အဲဒီတော့ ဗုဒ္ဓမာတာတိ ယံ နာမံ ဆိုတဲ့ ပါဠိပိုဒ်ကို အမှီပြုပြီးတော့ သံဃမာတာတိ၊ ပိဋကမာတာတိ ယံ နာမံ၊ နိကာယမာတာတိ ယံနာမံ၊ ဘိက္ခုမာတာတိ ယံနာမံ၊ သာမဏေရမာတာတိ ယံနာမံ လို့ ပါဠိပိုဒ်ပြောင်းပြီး အစိပ္ပါယ်ကို မှတ်လိုပါက မှတ်လို့ရပါတယ်၊ မှတ်နိုင်ပါတယ်။

အဘအတွက်ဆိုရင် ဗုဒ္ဓပိတာတိ ယံနာမံ စသည်ဖြင့် မှတ်ရမှာပါပဲ။

တရားသိမ်းလက်လာလေးနဲ့ နိဂုံးချုပ်ရအောင်၊ လိုက်ဆိုကြ
*မလွယ်တဲ့အမည်၊ ရသွားပြီ၊ အတည်တရားတော်။
*မလွယ်တဲ့အမည်၊ ရနေပြီ၊ အတည်တရားတော်။
*ဒီနေရာမှာ နိဂုံးသာ၊ ဟောကာပြီးပြီနော်။
သာဓု၊ သာဓု၊ သာဓုပါဘုရား။

မှတ်ချက်။ ။ *ဘုရားပွဲတိုင်း၊ ဘုရားလှူပွဲတိုင်း၊ ဘုရားအနေကဇာတင်ပွဲတိုင်း၊ ဘုရားစေတီ ပြုပြင်ပွဲတိုင်း၊ တရားစာအုပ် ပိဋကတ်သုံးသွယ်+ နိကာယ်ငါးရပ် လှူပွဲတိုင်း၊ သိက္ခာထပ်+ ရဟန်းခံ၊ ရှင်ပြုအလှူပွဲတိုင်း ဟောနိုင်ပါသည်။

*ယခုခေတ် ရဟန်းသစ်များ သိမ်အဆင်း၌ လိုရင်းတိုရှင်း ဟောဖို့လည်း ကောင်းလှပါသည်။

✪

http://www.dhammadownload.com

## 'သဗ္ဗဖယမင်္ဂလာ ဒိဝါတဂတိ' ဂါထာတော်
## "အတင့်တယ်ဆုံး + အပြုံးပိုင်ရှင်" ဆုပေး

ဒိဝါတပတိ အာဒိစ္စော၊ ရတ္တိမှာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

ဟူသော ဓမ္မပဒပါဠိတော် အာနန္ဒတ္ထေရဝတ္ထု၊ သံယုတ်ပါဠိတော် မဟာကပ္ပိန တ္ထေရဝတ္ထုတို့၌ လာရှိသည်နှင့်အညီ လောကဓာတ်တစ်ခွင်လုံးတွင် သီလတန်ခိုး၊ သမာဓိတန်ခိုး၊ ဝိပဿနာပညာတန်ခိုး၊ ကောင်းမှုပုညတန်ခိုး၊ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်တရားမြတ် ဓမ္မတန်ခိုး ဤငါးမျိုးဖြင့် အချိုးကျကျ တင့်တင် နေ့ည လှပတော်မူသဖြင့် အတင့်တယ်ဆုံးဖြစ်ခြင်း။

မိမိအပေါ် ဘေးအတန်တန် ရန်အသွယ် အန္တရာယ်ပြုရန် ကြံစည်လာ ရောက်ကြပြန်သည့် ဒေဝဒတ်၊ အင်္ဂုလိမာလ၊ နာဠာဂီရိဆင်အစရှိသော ရန်သူ သတ္တဝါတို့ရဲ့အပေါ်၌ မေတ္တာတရား လက်ကိုင်ထား၍ ချစ်သားရာဟုပမာ ရှုကာ မေတ္တာတရား အထူးထားနိုင်သဖြင့် ထူးခြားသိနိုင် မေတ္တာပိုင်ရှင် အပြုံးပိုင်ရှင်ဖြစ်ခြင်း ဤသို့တင်တယ်ဆုံး အပြုံးပိုင်ရှင်ဖြစ်တော်မူသော ဘုရား ရတနာ။

ထိုဘုရားရှင်ကိုယ်တော်မြတ်သည် (၄၅) ဝါ ကာလကြာအောင် ဟော ကြားပြသ ဆိုဆုံးမခဲ့သည့် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် အတင့်တယ်ဆုံး တရားမြတ်ရတနာ ထိုအတင့်တယ်ဆုံး တရားမြတ်ရတနာ။

တရားဘဏ္ဍာတိုက်ကြီး မကွယ်မပျောက်၊ မပျက်မစီးရအောင် ထိန်းသိမ်း စောင့်ရှောက်တော်မူကြသည့် သံဃာရတနာတည်းဟူသော ရတနာသုံးပါး၊ ပုလဲကုံးကို စွဲသုံးကော်ရော် ပူဇော်ပသ ရှိခိုးကြသည့် ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့အား မိမိတို့ ကန်တော့ပန်ဆင် ဆုတောင်းလိုက်သော ဆု ထူးဆုမြတ်တို့နှင့်တကွ အတင့်တယ်ဆုံးဖြစ်သည့် လောကီ လောကုတ္တရာ မင်္ဂလာအမျိုးမျိုး၊ အောင်ခြင်းအမျိုးမျိုး၊ ရာထူးဂုဏ်သိန် အရှိန်အဝါတန်ခိုး

http://www.dhammadownload.com



အမျိုးမျိုး၊ စီးပွားဥစ္စာ ရတနာရွှေငွေ အထွေထွေအမျိုးမျိုး၊ ချမ်းသာခြင်းအမျိုးမျိုး၊ အပြုံးအမျိုးမျိုး၊ တစ်နေ့တခြား တိုးတက်များပြားကြကုန်ပြီးလျှင် မိဘဆရာသမားအစထားတဲ့ များပြားလှစွာ သတ္တဝါတို့ရဲ့အပေါ်၌ မေတ္တာတရားအမြဲထားကာ မေတ္တာပိုင်ရှင်၊ အပြုံးပိုင်ရှင်တွေ ကိုယ်စီကိုယ်ငှ နေ့ညပိုင်ပိုင်၊ ဖြစ်နိုင်ကြကုန်၍ အတင့်တယ်ဆုံးဖြစ်သော မဂ် ဖိုလ် နိဗ္ဗာန် ချမ်းသာမှန်ကို ကောန်ပိုင်ပိုင် ဝင်စံခံစား စံစားနိုင်ကြောင်း ကောင်းမြတ်သော အတင့်တယ်ဆုံး ဝိပဿနာခေါ်မှတ် တရားမြတ်ကို မရပ်မနား ကြိုးစားမယုတ် ပွားများအားထုတ်နိုင်ကြကုန်သည့် အတင့်တယ်ဆုံး အပြုံးပိုင်ရှင် ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေ ဖြစ်ကြပါစေ။

◻

## နမောတေ ဂါထာတော်
## "လ နေနတ်သား + အားထားရာ" ဆုပေး

နမောတေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿ မေ သရဏံဘဝ။
တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟုစန္ဒံ ပမုဥ္စဿု၊ ဗုဒ္ဓါလောကာနုကမ္ပကာ။

ဟူသော သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂသုံတ်ပါဠိတော်။ စန္ဒိမသုတ္တန်လာ တရားဂါထာ ဒေသနာတော်နှင့်အညီ သစ္စာလေးပါး၊ မြတ်တရားကို၊ ပြတ်သားထင်ထင်၊ သိမြင်တော်မူတဲ့ ဗုဒ္ဓဂုဏ်၊ ကြီးမြတ်သော လုံ့လရှိတော်မူတဲ့ ဝီရဂုဏ်၊ ခန္ဓာ အာယတန ဓာတ်သဘာဝ ကိလေသာစတဲ့ ဆင်းရဲဒုက္ခ အကျဉ်းအကျပ်၊ အခက်အခက် အနှောင်အဖွဲ့ အရှုပ်အထွေး အပူအပင်တို့မှ မြူပြင်မခ ကင်းစင်လွတ်မြောက်တော်မူသည့် သဗ္ဗဓိဝိမုတ္တဂုဏ်၊ ဤဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဘုရားရတနာ။

ရာဟုအသူရိန်နတ် ဖမ်းချုပ်အပ်သဖြင့် အကျဉ်းအကျပ် အရပ်၌နသို့ ရောက်နေကြသော လနတ်သား၊ နေနတ်သားတို့၏ အားထားရာစစ် ဖြစ်ကြီးဖြစ်သော အကျဉ်းအကျပ် အခက်အခဲ အနှောင်အဖွဲ့ ကင်းလွတ်ရာ ကင်းလွတ်

http://www.dhammadownload.com



ကြောင်း တကယ်ကောင်းတဲ့ တကယ်အစွမ်းထက်တဲ့ နမောတော တထာဂတံ အစရှိသော အဆောင်ကောင်းတရားဂါထာ တရားရတနာ။

ခန္ဓာ အာယတနာ ဓာတ်သဘာဝ ကိလေသာစတဲ့ ဆင်းရဲဒုက္ခ အနန္တ အကျဉ်းအကျပ် အခက်အခဲ အနှောင်အဖွဲ့ အရှုပ်အထွေး အပူအပင်မျိုးစုံတို့မှ ကင်းစင်လွတ်မြောက် ဝေးကွာတော်မူပြီး ဝေးကွာတော်မူလတ္တံ့ဖြစ်သော သံဃာ ရတနာတည်းဟူသော ရတနာသုံး၊ အမြတ်ဆုံးတို့ကို ရှင်ပြုံးနေ့ည မမေ့ကြဘဲ အမြဲတစေ ဆည်းကပ်ကိုးကွယ် အားထားနေကြသည့် ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့အား မိမိအတွက် လောကအတွက် သူတစ်ပါးအတွက် သာသနာတော်အတွက် ကြံစည်သမျှ ပြောသမျှ ပြုသမျှ ဆောင်ရွက်သမျှတွေ အကျဉ်းအကျပ် အခက်အခဲ အနှောင်အဖွဲ့ အရှုပ်အထွေး အပူအပင်မျိုးစုံတို့မှ မြူပင်မခ နေ့ညစင်စစ် ကင်းဝေးလွတ်မြောက်ကြကုန်၍ ခန္ဓာ အာယတန ဓာတ်သဘာဝ ကိလေသာစတဲ့ ဆင်းရဲဒုက္ခအမျိုးမျိုး အိုနာ သေရေး ဘေးဒုက္ခ အမျိုးမျိုး အကျဉ်းအကျပ် အခက်အခဲ အနှောင်အဖွဲ့အမျိုးမျိုး အရှုပ်အထွေး အပူအပင်အမျိုးမျိုးတို့မှ မုချကင်းဝေး အလွန်အေးမြသည့် မဂ် ဖလ် နိဗ္ဗာန်အထိ ချမ်းသာရှိကြောင်း ဝိပဿနာဆိုတဲ့ တရားကောင်းကြီးကို မစောင်းမတိမ်း မယိမ်းမယိုင် ခိုင်ခိုင်မတ်မတ် မပြတ်နေ့ည မမေ့ကြဘဲ နေ့ညစွဲသန် ကျင့်ကြံကြိုးစား ပွားများမယုတ် အားထုတ်နိုင်ကြသည့်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တွေ ဖြစ်ကြပါစေ။

◻

## သဒ္ဒါဆွမ်း မွေးနေ့ဆွမ်း အန္တရာယ်ကင်း ဆွမ်းကပ်များ ရေစက်ချ အကိတ္တိဇာတ်တော်နှင့်အညီ ဆုတောင်းထားသည်

ဘန္တေ- အရိယာနွယ်ဝင် သံဃာတော်အရှင်မြတ်တို့ဘုရား၊ မယ်- သံသရာဝဋ်စခန်းမှ လွတ်လမ်းကိုမျှော်တပည့်တော်တို့သည်၊ ကမ္မဋ္ဌ- ကောင်းကံ၊ မကောင်းကံ အကြောင်းနှစ်တန်ကိုလည်းကောင်း၊ ကမ္မဖလဋ္ဌ- ကောင်းကံ မကောင်းကံ အကြောင်းနှစ်တန်ရဲ့ အမှန်ပေးရိုး အကျိုးမျိုးကိုလည်းကောင်း၊

http://www.dhammadownload.com



ရတနတ္တယဂုဏာဋ္ဌ– ရတနာသုံးတန် ဂုဏ်အမှန်ကိုလည်းကောင်း၊ သဒ္ဓဟိတ္တာ– ကောင်းစွာကျင့်သုံး ရွှင်ပြုံးကြည်လှ ဆောက်တည်ကြကုန်ပြီး၍၊သံသာရဝဋ္ဋ ဒုက္ခတော– သံသရာဝဋ်၊ ဆင်းရဲညစ်မှ၊ မောစနတ္တာယစ– ကေန်ပိုင်ပိုင်၊ လွတ်ကင်းနိုင်ပါစေခြင်းအကျိုးငှာလည်းကောင်း၊ အမှာကံ– တရားသိပျော်၊ ဘုရားတပည့်တော်တို့၏။ ဂေဟေစ– ဗုဒ္ဓ– ဓမ္မ မြတ်သံဃာ့ပါ၊ ရတနာသုံးဂုဏ် အလုံးစုံတို့ အကုန်ပြည့်နေ့ ကျက်သရေရှိသော အိမ်ဂေဟာ၌လည်းကောင်း၊ အတ္တဘာဝေစ– ရုပ်နာမ်နှစ်ဖြာ ကိုယ်ခန္ဓာ၌လည်ေးကာင်း၊ သုခတ္တာယစ– လောကီ– လောကုတ္တရာ ချမ်းသာအမျိုးမျိုး လွှမ်းကာတိုးတက်နိုင်ပါစေခြင်း အကျိုးငှာလည်းကောင်း၊ မင်္ဂလတ္တာယစ– လောကီ လောကုတ္တရာ မင်္ဂလာ အမျိုးမျိုး အစဉ်ထာဝရ တိုးတက်နိုင်ပါစေခြင်းအကျိုးငှာလည်းကောင်း၊ ဇယတ္တာ ယစ– လောက သာသနာ အရာရာအတွက် ဆောင်ရွက်ပြောပြု ကြံစည်မှုမည် ဤသုံးလီတို့ အတည်ရှင်းရှင်း အောင်မြင်ပြီးမြောက် ခရီးရောက်နိုင်ပါစေခြင်း အကျိုးငှာလည်းကောင်း၊ ဘောဂတ္တာယစ– ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ ရတနာရွှေငွေ အထွေထွေတို့ ဒီရေအလား ကြီးပွားတိုးတက် တန်ခိုးထွက်နိုင်ပါ စေခြင်းအကျိုးငှာလည်းကောင်း၊ အာရောဂတ္တာယစ– ကိုးဆယ့်ခြောက်ဖြာ ဘေး ဘယာတွေ ဝေးကွာပါစေခြင်းအကျိုးငှာလည်းကောင်း၊ အဘာယတ္တာယစ– အရပ် လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာတို့မှ လာလတ္တံ့သော ဘေး အတန်တန် ရန်အသွယ်သွယ် အန္တရာယ်ခပင်း အမှန်ပင်ကင်းရှင်းပပျောက် လွင့်စဉ်နိုင်ပါစေခြင်းအကျိုးငှာလည်းကောင်း၊ ဥဒ္ဒိဿ– နေ့ညမပြတ် ရည်ရွယ် မှတ်၍၊ သဒ္ဒါဘဝနကာလေ– သဒ္ဒါဖြစ်ရာ ယခုအခါ၌ (သဒ္ဒါဆွမ်းအတွက်) ဝိဇာတဒိဝသေ– မွေးနေ့မင်္ဂလာ ကြုံလာဘိတောင်း ဤရက်ကောင်း၌ (မွေးနေ့ အတွက်) အန္တရာယဝိဂတိစ္ဆာကာလေ– အန္တရာယ်ခပင်း ရန်စွယ်ရှင်းရန် အဓိဋ္ဌာန် ဖြင့် စိတ်ကြံပြုရာ ချိန်အခါ၌ (အန္တရာယ်ကင်း ဆွမ်းကပ်အတွက်) အာယသ္မန္တာနံ– ပင့်ဖိတ်သဖြင့် မလင့်ပုံသေ ကြွလာပေပြား အရှင်ဘုရားတို့အား၊ ဣမာနိ ပိဏ္ဍာ ပါတခါဒနီယ ဘောဇနီယ ဒါတဗ္ဗဝတ္ထုနို– ဤဆွမ်းခဲဖွယ်၊ တစ်သွယ် ဘောဇဉ်၊ တစ်သွင်ဝတ္ထု လှူဖွယ်စုတို့ကို ဒေမ– နိဗ္ဗာန်ရည်စူး သဒ္ဒါထူးဖြင့် ကြည်နူးခါခါ လှူဒါန်းကြပါကုန်၏။

http://www.dhammadownload.com



## ဆုတောင်း

ဘန္တေ- အရိယာနွယ်ဝင် သံဃာတော်အရှင်သူမြတ်တို့ဘုရား။ မယံ- နိဗ္ဗာန် မဂ် ဖိုလ်၊ ရက်တိုတိုနှင့်၊ ရောက်လိုရကြောင်း၊ ဆုပန်တောင်းထား၊ တပည့်တော်များတို့သည်၊ ဣမိနာပုညကမ္မေနစ- ယနေ့ယခု မမေ့ပြုရ ပုည ကောင်းမှု အစုစုကြောင့်လည်းကောင်း၊ အညေနကုသလေနစ- ဘဝဖန်ခါ သံသရာက မှန်စွာပြုဖူး အခြားသောကုသိုလ်ထူးကြောင့်လည်းကောင်း၊ ပုနဗ္ဘ ဝေါ- တစ်ဖန်အသစ် ဘဝဖြစ်ရခြင်းသည်၊ ဒုက္ခော- အမြဲတစေ၊ ဆင်းရဲလှပါ ပေ၏။ သရီရဿ- ရုပ်နာမ်နှစ်ဖြာ ကိုယ်ခန္ဓာ၏၊ ဘေဒနံ- အို နာသေရင်း ပျက်စီးရခြင်းသည်၊ ဒုက္ခံ- အမြဲတစေ ဆင်းရဲလှပါပေ၏။ သမ္ဘောဟမရဏံ- တွေ့ဝေနေ့ည သေဆုံးရခြင်းသည်၊ ဒုက္ခံ- အမြဲတစေ ဆင်းရဲလှပါပေ၏၊ ဣတိတသ္မာ- ရုပ်နာမ်နှစ်ဝ ဖြစ်သမျှမသက်သာ ဆင်းရဲပါသော ထိုသဘော ကြောင့်၊ နိဗ္ဗာနံ- ဆင်းရဲခပ်သိမ်း ချုပ်ပြတ်ငြိမ်းပြန် အေးနိဗ္ဗာန်ကို၊ ပတ္တယာမ- ရောက်လို ရလို တောင်းဆုဆိုကြပါကုန်၏။

ဘဝါဘဝေ- မိဗ္ဗာန်မရ ဘဝကြီးငယ် အသွယ်သွယ်၌၊ မိရေ- လောကီ လောကုတ်၊ အဟုတ်ကောင်းရာ၊ အဖြာဖြာထက်မြက်၊ အချက်ချက်၌၊ သွက် လက်ပေကောင်း၊ ပညာရှိသူတော်ကောင်းတို့ကို၊ ပဿေယျာမ- ကောင်းမှုထိုထို၊ ပေါင်းစုပို၍ တွေ့လိုမြင်လို တောင်းဆုဆိုကြပါကုန်၏။ ရောစေယျာမ- ကောင်းမှု ထိုထို ပေါင်းစုပိုလျက် နှစ်သက်ရလို တောင်းဆုဆိုကြပါကုန်၏။ မိရေ ဟိ- လောကီ လောကုတ္တရာ၊ အဖြာဖြာထက်မြက်၊ အချက်ချက်၌၊ သွက်လက်ပေ တောင်း၊ ပညာရှိ သူတော်ကောင်းတို့နှင့်။ သဟ- နေ့ည ကြည်ဖြူ အတူတကွ၊ သံဝသေယျာမ- ကောင်းမှုထိုထို ပေါင်းစုပိုပျော် ပေါင်းဖော်ရလို တောင်းဆု ဆိုကြပါကုန်၏။ အလ်ာပသလ္လာပံ- စကားနေ့ည ပြောဟောရခြင်းကို၊ ကရေ ယျာမ- ကောင်းမှုထိုထို ပေါင်းစုပိုကာ ပြုရပါလို တောင်းဆုဆိုကြပါကုန်၏။ မိရေ- လောကီ လောကုတ် အဟုတ်ကောင်းရာ အဖြာဖြာထက်မြက် အချက် ချက်၌ သွက်လက်ပေတောင်း ပညာရှိသူတော်ကောင်းတို့ကို၊ သုဏေယျာမ- ကြားသိရလို တောင်းဆုဆိုကြပါကုန်၏။ ဗာလေ- မကောင်းရာခင်၊ မကောင်း မင်ကာ မလိမ္မာမိုက် လူတစ်သိုက် ရှင်တစ်သိုက်တို့ကို၊ နပဿယျာမ- မတွေ့ လို တောင်းဆုဆိုကြကုန်၏။ နသုဏေယျာမ- မကြားရလို တောင်းဆုဆို

http://www.dhammadownload.com



ကြပါကုန်၏။ နရောစေယျာမ၊– မနှစ်သက်ရလို၊ တောင်းဆိုဆိုကြပါကုန်၏။ ဗာလေဟိ– မကောင်းရာခင်၊ မကောင်းမင်ကား၊ မလိမ္မာမိုက် လူတစ်သိုက် ရှင်တစ်သိုက်တို့နှင့်။ နသံဝသေယျာမ– တစ်စက္ကန့်စစ် တစ်မိနစ်မျှ မပေါင်းရလို၊ တောင်းဆုဆိုကြပါကုန်၏။ အလာပသလ္လာပံ– စကားနေ့ည၊ ပြောရခြင်းကို၊ နကရေယျာမ– တစ်စက္ကန့် တစ်မိနစ်မျှ မပြုရလို တောင်းဆုဆိုကြပါကုန်၏။

သီလက္ခေ– သီလပြည့်စုံ ရှိကြကုန်သော၊ ယာစကေ– အလှူခံတတ် ပုဂ္ဂိုလ်မြတ်တို့ကို၊ ဒဒေယျာမ– ရွေးချယ်နေ့ည လှူဒါန်းရလို တောင်းဆုဆိုကြပါကုန်၏။ ဒဒက္ခေ– နေ့ညအစုံ ပေးလှူကုန်သည်ရှိသော်၊ ခီဏံ– ရာထူး ဂုဏ်သိန် စည်းစိမ်ဥစ္စာ ရတနာရွှေငွေ အထွေထွေ ကုန်ခမ်း ပျက်စီးခြင်းသို့၊ မာပပ္ပောမ– မရောက်ရလို တောင်းဆုဆိုကြပါကုန်၏။ ဒဒံစိတ္တံ– ပေးလှူဆဲ မှတ် စိတ်အမြတ်ကို၊ ပသာဒေဿာမ– (ပသာဒေယျာမ)– ကြည်လင်ရလို တောင်းဆုဆိုကြပါကုန်၏။ ဒတွာ– အေးမြမငြိး ပေးလှူပြီး၍၊ နာနုတပေ ယျာမ– နောင်တတစ်ဖန် မပူပန်ရပါလိုကုန်၏

ဣတိ– ဤသို့မှန်စွာ ဤသို့သာလျှင်၊ အကိတ္တိဇာတကေ– ငါးရာ့ ငါးဆယ် မှတ်ဖွယ်အရှိ အကိတ္တိခေါ် ဇာတ်အကျော်၌၊ အကိတ္တိဣသိနော– အကိတ္တိဟု မည်ပြုထင်ရှား ဘုရားအလောင်း သူတော်ကောင်းဖြစ် ရသေ့စစ်၏၊ ပတ္ထာနာနုရူပံ– ကုသိုလ်ပြုတိုင်း မဆိုင်းမတွ သမိုင်းလှစေ ဤအနေထား ဆုတောင်းတဲ့နည်းအားလျော်စွာ၊ ပတ္ထနံ– ကုသိုလ်ကောင်းမှု ယခုပြုရင်း ဆု တောင်းခြင်းကို၊ ကရောမ– သဘောကျကျ၊ သောမနဖြင့်၊ လောကလူ့ရွာ အမှုသာအောင်၊ ရှုကာ ခုခါ၊ ပြုလုပ်ကြပါကုန်၏။ (ပြုလုပ်ဆုတောင်းကြပါ ကုန်၏။)

## အမျှဝေ

ဘက္ခေ– အရိယာနွယ်ဝင် သံဃာတော်အရှင်သူမြတ်တို့ဘုရား၊ မယံ– တရားသိပျော် ဘုရားတပည့်တော်တို့သည်၊ အဇ္ဇ– ယနေ့ယခု မမေ့မပြုပင်၊ ကတဿ– ပြုအပ်သော၊ ပုညဿ– ကုသိုလ်ကောင်းမှုအစုစု၏၊ ဘာဂံ– အဖို့ဘာဂ မှန်သမျှကို၊ ဂုဏဝိသိဋ္ဌာနံ– ဂုဏ်ကျေးဇူးစုံ ရှိကြကုန်သော၊ မာတာ ပိတုန္နံ– မိခင် ဖခင် ကျေးဇူးရှင်တို့အားလည်းကောင်း၊အာစရိယာနဉ္စ– တစ်လုံး

http://www.dhammadownload.com



တစ်ပါဒ တနပဲ့ပြင် သွန်သင်ပေးတတ် ဆရာမြတ်တို့အား လည်းကောင်း၊ ဘူပါလသဿစ– လူတို့သနင်း ပြည့်ရှင်မင်းအားလည်းကောင်း၊ သက္ကရာဇဿ– နတ်တို့သနင်း သိကြားမင်းအားလည်းကောင်း၊ ယမရာဇဿ– ငရဲသနင်း ယမမင်းအားလည်းကောင်း၊ စတုလောကပါလဿစ– ကုဝေရ+ ဓတရဋ္ဌ+ ဝိရူဠှက+ ဝိရူပက္ခ နာမပြည်ဟီး နတ်စစ်ဗိုလ်ချုပ်ကြီး လေးယောက်အားလည်းကောင်း၊ ဒေဝတာနဥ္စ– ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ တောစောင့်နတ်+ တောင်စောင့်နတ်+ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့အားလည်းကောင်း၊ သဗ္ဗသတ္တာနဥ္စ– ဘဝဟောင်းက တော်စပ်ကြသည့် မိဟောင်း ဖဟောင်း ဆွေဟောင်း+ မျိုးဟောင်း၊ ဘိုးဟောင်း+ ဘွားဟောင်း ပြိတ္တာဟောင်း သိုက်နန်းရှင်အပေါင်းတို့အား၊ ဘာဇေမ– အမျှရစေ ပေးငှဝေပါကုန်၏။

တေတေသတ္တာ– မိဘနှစ်ပါး အစထားသည့် များပြားလှစွာ ထိုသတ္တဝါ အပေါင်းတို့သည်၊ အမေ့ပဘိ– ကုသိုလ်ရှင်စစ် ဖြစ်ကြီးဖြစ်ပျော် တပည့်တော်တို့နှင့်၊ သမံ– အေးမြကြည်ဖြူ ညီတူညီမျှ၊ ပုညဘာဂံ– ကုသိုလ်ကောင်းမှု ဖို့အစုကို၊ လဘန္တု– မုချပိုင်ပိုင် ရရှိနိုင်ကြပါစေကုန်သတည်း။ လဘိတွာန– မုချပိုင်ပိုင် ရရှိနိုင်ကြကုန်၍၊ အနုမောဒန္တု– ဝမ်းမြောက်နမော် သာဓုခေါ်နိုင် ကြပါစေကုန်သတည်း။ အနုမောဒိတွာန– ဝမ်းမြောက်နမော် သာဓုခေါ်ဆိုနိုင် ကြ၍၊ သုခန္တု– ကိုယ်စိတ်နှစ်ဖြာ လိုတ္တစ္ဆာဖြင့် ကျန်းမာပကတိ လန်းဖြာ ဝမ်းသာ ချမ်းသာခြင်း ကိုယ်စီကိုင ရှိနိုင်ကြပါစေကုန်လော့။

ကဲ– အားလုံး အမျှဝေလိုက်ကြပါ။

အားလုံး အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော။ (၃ကြိမ်)

သာဓု သာဓု သာဓု။ (၃) ကြိမ်

ရေစက်ချပဟူသည် ခက်ခဲသောအရာမဟုတ်။

၁။ လှူဒါန်းခြင်း၊ ၂။ ဆုတောင်းခြင်း၊ ၃။ အမျှဝေခြင်း ဤသုံးချက်ကို သိထားပါ။

ဆောင်= လှူ+ ဆုတောင်းလေ၊ အမျှဝေ သုံးထွေရေစက်ချ။

❏

http://www.dhammadownload.com



## အကိတ္တိဇာတ်တော်နှင့်အညီ ဖွဲ့စီရေးသားအပ်သော မြန်မာ့လို ရေစက်ချစာတမ်း

၁။ အရှင်ဘုရား၊ တပည့်တော်တို့သည် သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်ကင်းပါစေခြင်းအကျိုးငှာလည်းကောင်း

တပည့်တော်တို့အား လောကီ လောကုတ္တရာ ပညာအမျိုးမျိုး၊ မင်္ဂလာအမျိုးမျိုး၊ ချမ်းသာအမျိုးမျိုး၊ အောင်ခြင်းအမျိုးမျိုး၊ ကောင်ခြင်းအမျိုးမျိုး၊ ရာထူးဂုဏ်သိန်+ အရှိန်အဝါအမျိုးမျိုး၊ စီးပွားအမျိုးမျိုး တိုးတက်ပါစေခြင်းအကျိုးငှာလည်းကောင်း ရည်ရွယ်၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား မုန့် ဆွမ်းခဲဖွယ် အသွယ်သွယ်နှင့် လှူဖွယ်ဝတ္ထု အစုစုတို့ကို (မုန့်ဆွမ်းကပ်အတွက်)

ဤဆွမ်းခဲဖွယ် အသွယ်သွယ်နှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို (ဆွမ်းကပ်အတွက်) ဆက်ကပ်လှူဒါန်း ပူဇော်ကြပါကုန်၏။

၂။ ယနေ့ပေါင်းစု မြတ်ကောင်းမှုကြောင့် တောင်းဆုစင်စစ်

* ဖြစ်ဖြစ်သမျှ၊ သစ်ဘဝလည်း၊ လွန်ဆင်းရဲ၏။

* ရုပ်နာမ်နှစ်ဖြာ၊ ကိုယ်ခန္ဓာ၏၊ အို+ နာ+ သေရ၊ ပျက်စီးရမှု အစုစုလည်း လွန်ဆင်းရဲ၏။

* ကုသိုလ်တရား၊ မေ့ကာထားလျက်၊ အများသူငါ၊ သေရတာလည်း လွန်ဆင်းရဲ၏။

သတိတရား၊ အပြည့်ထားကြည့်၊ မြတ်ဘီချမ်းသာ အို+ သေ နာမှု၊ အစုစုပေး၊ အအေးမီးဖွာန်၊ ချမ်းသာမှန်ကို လျင်စွာမြန်စွာ ရရောက်ပါလို၊ တောင်းဆုဆို၏။

* ထိုထိုဘဝ ကျင်လည်ရလည်း၊ လောကီ လောကုတ် အဟုတ် မစောင်း တကယ်ကောင်းသည့် ပညာရှိပေါင်း သူတော်ကောင်းကို နှစ်ထောင်းအစဉ် တွေ့မြင်ကြားသိ နှစ်သက်မိကာ ပညာရှိအပေါင်း သူတော်ကောင်းတို့နှင့် အကြောင်းသင့်၍ ပြောခွင့်ဆိုခွင့် ပေါင်းသင်းခွင့် တွေ့ ရရှိပေလို တောင်းဆုဆို၏။

* ထိုမှတစ်ပါး သူမိုက်များကို တွေ့+ ကြား+ မြင်သိ နှစ်သက်မိတာ ကင်းရပါလို တောင်းဆုဆို၏။ ထိုမှတစ်ပါး လူမိုက်များနှင့် အကြောင်း

http://www.dhammadownload.com



သင့်၍ ပြောခွင့်+ ဆိုခွင့် ပေါင်းသင်းခွင့်တွေ ကင်းရစေလို တောင်းဆုဆို၏။

*ထိုမှတစ်ပါး သီလများလုံ ပညာစုံသူ အလှူခံတတ် ပုဂ္ဂိုလ်မြတ်ကို မပြန်နေ့ည ရွေးချယ်ကြကာ လှူရပါလို တောင်းဆုဆို၏။ ထိုမှတစ်ပါး လှူဒါန်းပြားလည်း များပြားအထူး ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ ရတနာ ရွှေငွေ အထွေထွေစုံ မကုန်စေလို တောင်းဆုဆို၏။

*လှူသည့်ဆဲဆဲ စိတ်ကြည်မြ၍ လှူလည်းပြီးပြန် မပူပန်လို တောင်းဆုဆို၏။

*အကိတ္တိခေါ် ရသေ့ကျော်ကြီး နည်းကိုမှီး၍ အပြီးကြည်ညို တောင်းဆုဆိုသည် ကောင်းမှုထိုထိုပြုသောနေ့။

ယနေ့ ယခု ပြုပြုသမျှ မြတ်ပုည၏ ဘာဂဟုဆို အဖို့ကိုလည်း မြင်းမိုရ်မက များလှကျေးဇူး ဂုဏ်အထူးဆော့ ရှိကြသေည့် နှစ်ထွေမိဘ မြတ်လှဆရာ ပြည်ရွာသနင်း ပြည့်ရှင်မင်းများ သိကြားမင်းလှ ယမရာဇာ ငရဲရွာမင်း တစ်ခင်း ကိုယ်အိမ် ကျောင်းသိမ်ဇရပ် ဆောတောင်မြတ်တွေ မြို့ရွာပြည်ပါ သာသနာစောင့် ကြပ် နတ်မြတ်နတ်ကောင်း နတ်အပေါင်းနှင့် အဟောင်းဘ၀ တော်စပ်ကြသည့် မိဘ ဆရာ ဉာတကာများ ဘိုးဘွားတစ်ဖြာ ပြိတ္တာအဟောင်း သိုက်နန်းရှင် အပေါင်းတို့အား အမျှရစေ ပေးငှပေ၏၊ ဝေသည့်အမျှ ကိုယ်စီရ၍ အေးမြ ချမ်းသာ ဆေးဘယာကင်း ဝေးကွာရှင်း၍ ကောင်ခြင်းလှိုင်လှိုင် သုံးကြိမ်တိုင် အောင် မြိုင်မြိုင်သာခု ခေါ်စေသော်။

□

## အတင့်တယ်ဆုံး အပြုံးဝေဆာ အနေကဇာဒေသနာ အမွှမ်း အောင်ပါစေကြောင်း အောင်ဆုတောင်း

ဒိဝါတပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ ဘေဇသမ္ပန္နံ၊ ဗုဒ္ဓံ ပူဇာမ အာဒရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဇယော တေ ဟောတု သဗ္ဗဒါ။

http://www.dhammadownload.com



*အာဒိစ္စော– နေ့အခါတွင် နေ့ဘုရင်မည် ရောင်ခြည်တစ်ထောင် မကဆောင်သည့် ထွန်းပြောင်ထိန်လင်း ရှင်နေမင်းသည်၊ ဒိဝါ– အမှောင်ကင်း ပျောက် အလင်းရောက်လာ နေ့အခါ၌သာလျှင်၊ တပတိ– နေ့အခါတွင် နေ့ ဘုရင်က နေ့စဉ်လှအောင် အလှဆောင်ကာ တင့်တယ်တောက်ပပါပေ၏။

*စန္ဒိမာ– အာကာဝေဟင် ထက်ကောင်းကင်၌ ပျော်ပိုက်ကြယ်များ ခစားဝန်းရံ ဆင်းလျှံပဝင်း ရွှေလမင်းကြီးသည်၊ ရတ္တိံ– အလင်းကွယ်ပျောက် အမှောင်ရောက်လာ ညဉ့်အခါ၌သာလျှင်၊ အာဘာတိ– ညအခါတွင် ညဘုရင်က ညစဉ်လှအောင် အလှဆောင်ကာ တင့်တယ်တောက်ပပါပေ၏။

*ခတ္တိယော– တိုင်းပြည်အုပ်ချုပ် မင်းလုပ်ဘုရင် မင်းအရှင်သည်၊ သန္နဒ္ဓေါ– ရွှေငွေ စိန်ကျောက် ထိန်တောက်ဆန်းပြား ပတ္တမြားစသည် အလီလီ သိမ်းခြုံ လုံးစုံများစွာ ရတနာဖြင့် ဘန်ဆာတင့်တယ် ဆင်ယင်ခြယ်သ အလှ ဝတ်ဆင် လေးအင်စစ်သည် အင်္ဂါညီလှ ခြံရံမှသာလျှင်၊ တပတိ– မင်းကျက်သရေ မက်မပြေအောင် ယှက်ဝေကောင်းစွာ တင့်တယ်တောက်ပပါပေ၏။

*ဗြာဟ္မဏော– မကောင်းမှုဆို အကုသိုလ်များ ပယ်ခွာထားသည့် ထူးခြားအမှန် ရဟန္တာခေါ်ဆို မြတ်ပုဂ္ဂိုလ်သည်၊ ဈာယီ– အာရမ္မဏူ လက္ခဏူပ နှစ်မှုကွဲပြား ဈာန်သမာပတ် ဝင်စားမှသာလျှင်၊ တပတိ– ရဟန်းကျက်သရေ မက်မပြေအောင် ယှက်ဝေကောင်းစွာ တင့်တယ်တောက်ပပါပေ၏။

*အထ– နေ+ လ ဘုရင် ရှင်ရဟန္တာ ထိုလေးဖြာစု တင့်တယ်တောက်ပ မှုထက်၊ ဗုဒ္ဓေါ– ဒုက္ခ+ သမုဒယ နိရောဓနှင့် မဂ္ဂတစ်ဖြာ လေးသစ္စာကို ဆရာမကူ သယမ္ဘူဖြင့် ပန်ယူသိတတ် ဘုရားမြတ်သည်၊ တေဇသာ– သီလ+ ဂုဏာ၊ ပညာ+ ပုည မွေပြည့်ဖြိုး မြတ်တန်ခိုးဖြင့်၊ သဗ္ဗမဟောရတ္တိံ– အလုံးစုံ ဆင့်ဆင့် နေ့ညဉ့်မပြတ် ကာလပတ်လုံး၊ တပတိ– ဘုရာကျက်သရေ မက် မပြေအောင် ယှက်ဝေကောင်းစွာ တင့်တယ် တောက်ပတော်မူပါပေ၏။ တာဒိသံ တေဇသမ္ပန္နံ– ထိုသို့ရှုအပ် တန်ခိုးမြတ်နှင့် သပ်ရပ်ကုံလုံ ပြည့်စုံတော်မူပါပေထ သော၊ ဗုဒ္ဓံ– ဗုဒ္ဓဗိမ္ဗံ– သက်တော်ထင်ရှား မြတ်ဘုရား၏ကိုယ်စား သတ်မှတ် ကိုးကွယ်အပ်သည့် အမြတ်ထင်ရှား ရုပ်ပွားစေတီ အလီလီကို၊ မယံ– အနေ ကဇာ ဒေသနာကို သေချာကျနံ ရွတ်တင်ကြသည့် ဗုဒ္ဓသားခေါ် တပည့်တော် တို့သည်၊ အာဒရံ– ဗုဒ္ဓပုံပေါ် ဂုဏ်ထူးဖော်မှတ် လေးလေးမြတ်စွာ၊ ပူဇာမ+ တရား+ ပစ္စည်း အသီးသီးဖြင့် အပြီးကော်ရော် ပူဇော်ကြပါကုန်၏။ ပူဇာမ

http://www.dhammadownload.com



ဆွမ်း ကွမ်း ရေ မီး၊ ပန်း သစ်သီးဖြင့်၊ အပြီးကော်ရော်၊ ပူဇော်ကြပါကုန်၏။ စေတနာသဒ္ဓါဝမ္မေနှ– ရုပ်ပွားစေတီ အလီလီကို ကြည်ညိုကော်ရော် ပူဇော်ပသ ဆိုပြဲအမှန်၊ ကေန်မမှား၊ ဤသစ္စာစကားကြောင့်။ တေ– တုမှာကံ– သဘော အဟုတ်၊ လောကုတ္တရာ အမည်သာသွား ဘုရားဒကာ၊ ဘုရားဒါယိကာ အပေါင်း သင်သူတော်ကောင်းတို့အား၊ ဖယော– လောက+ သာသနာ အရာရာ အတွက် ဆောင်ရွက်ပြောပြ ကြံစည်မှုမည် ဤသုံးလီတို့ အတည်ရှင်းရှင်း အောင်မြင်ပြီးမြောက် ခရီးရောက်ခြင်းသည်၊ သဗ္ဗဒါ– မကြာမလပ် သဒ္ဓါစာတ် ကိန်း အခါခပ်သိမ်း၊ ဟောတု– စင်စစ်မသွေ အဖြစ်ကြီးဖြစ်နိုင်ပါစေသတည်း။

## ဝိပဿနာ ရှုဖွယ်ရာနှင့်
## ဖြေဆည်ရာ ကဗျာ လင်္ကာများ

* အနိစ္စာဝတသင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
  ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ၊ တေသံဝူပသမောသုခေါ။
* ဒုက္ခာဝတသင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
  ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ၊ တေသံဝူပသမောသုခေါ။
* အနတ္တာဝတသင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
  ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ၊ တေသံဝူပသမောသုခေါ။
* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ မုချမမြဲပါ။
* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ မုချဆင်းရဲတာ။
* ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ မုချအနှစ်ကွာ။
  (ရုပ်နာမ်ဓမ္မ၊ သင်္ခါရ၊ မုချမပိုင်ပါ)။
* ဖြစ်ပြီးပျက်ရ၊ သဘာဝ၊ မုချဓမ္မတာ။
* ဖြစ်ပြီးချုပ်ရ၊ သဘာဝ၊ မုချဓမ္မတာ။
* သင်္ခါရချုပ်၊ နိဗ္ဗာန်ထုတ်၊ မရှုပ်အေးချမ်းသာ။
* သင်္ခါရတွေ၊ ချုပ်ရာမြေ၊ အေးပြေနိဗ္ဗာန်ပါ။

http://www.dhammadownload.com



## ဝိပဿနာ ဖြေဆည်ရာ

* မမြဲခန္ဓာ၊ ရရှိလာ၊ ဘယ်မှာမြဲနိုင်မယ်။
* ဆင်းရဲခန္ဓာ၊ ရရှိလာ၊ ဘယ်မှာချမ်းသာမယ်။
* မပိုင်ခန္ဓာ၊ ရရှိလာ၊ ဘယ်မှာပိုင်နိုင်မယ်။
* မမြဲတရား၊ တွေ့ကြုံငြား၊ ရှုပွားဖြေသိမ့်ကွယ်။
* ကိုယ်ဖြစ်လိုရာ၊ ဖြစ်မလာ၊ ရှုကာဖြေသိမ့်ကွယ်။
* အနိစ္စ+ ဒုက္ခ၊ အနတ္တ၊ နေ့ညရှုရမယ်။
* ဝိပဿနာ၊ ဖြေဆည်ရာ၊ ကဗျာရေးစပ်ချယ်။

* ကိုယ်မြဲလိုရာ၊ ဘယ်အရာမျှ၊ မြဲမရ၊
  အနိစ္စတွေပါတကား။
* ချမ်းသာလိုရာ၊ ဘယ်အရာမျှ၊ နေ့ညသူငါ၊
  ချမ်းသာမရ၊ ဆင်းရဲလှ၊ ဒုက္ခတွေပါတကား။
* ကိုယ်ဖြစ်လိုရာ၊ ဘယ်အရာမျှ၊ ဖြစ်မရ၊
  အနတ္တတွေပါတကား။
* ကိုယ်ပိုင်လိုရာ၊ ဘယ်အရာမျှ၊ ပိုင်မရ၊
  အနတ္တတွေပါတကား။

□

### အမြဲနေ့ည ရွတ်ဆို ဆင်ခြင်ပွားများ လက်ကိုင်ထားရမည့် "တရားကဗျာ တရားစာတမ်း တရားပန်းများ"

* လုပ်တိုင်းသူငါ၊ ဖြစ်မလာ၊ စိတ်မှာမညစ်နဲ့။
* ကိုယ်လုပ်သမျှ၊ ဖြစ်နေက၊ အနတ္တမရှိတဲ့။
* ပြောတိုင်းသူငါ၊ မရရာ၊ ဒေါသာမထနဲ့။
* ကိုယ်ပြောသမျှ၊ ရနေက၊ အနတ္တမရှိတဲ့။
* ကြံတိုင်းသူငါ၊ မပြောက်တာ၊ စိတ်မှာမဖောက်နဲ့။
* ကိုယ်ကြံသမျှ၊ ပြီးနေက၊ အနတ္တမရှိတဲ့။

http://www.dhammadownload.com



* ဆင်းရဲသူငါ၊ ကြုံတွေ့လာ၊ စိတ်နာမည္ည်းနဲ့။
* ချမ်းသာနေညာ၊ ကြုံတွေ့က၊ ဒုက္ခမရှိတဲ့။
* ပျက်စီးတိုင်းသာ၊ သူသူငါ၊ ပူကာမနေနဲ့။
* မပျက်စီးဘဲ၊ ခိုင်ကာမြဲက၊ အနိစ္စ၊ စိတ်ချမရှိကွဲ့။
* အာရုံဟူသမျှ၊ မတောင့်တ၊ နေ့ည နေပါကွဲ့။
* အာရုံဟူသမျှ၊ လိုတောင့်တ၊ လောဘမဆုံးတဲ့။
* အရာရာမှာ၊ စိတ်ဆိုးတာ၊ ပယ်ကာနေကြကွဲ့။
* နေရာတိုင်းပ၊ စိတ်ဆိုးက၊ ဒေါသမဆုံးတဲ့။
* သိဉာဏ်မရ၊ မိုက်နေက၊ မောဟာမဆုံးတဲ့။
* ဗုဒ္ဓတရား၊ မေ့မထား၊ ကြိုးစားနေပါကွဲ့။
* ဆုံးမတိုင်းမှန်၊ သိကျင့်ကြံ၊ နိဗ္ဗာန်မဝေးတဲ့။

□

## ညွှေသည်ငါတို့ ပြင်ဆင်စို့

* လာတုန်းကလည်း၊ တစ်ယောက်တည်း၊ လက်တွဲဖော်မပါ။
* ဥစ္စာချည်းနှီး၊ ကိုယ်ထီးတည်း၊ ပြန်ပြီးသွားရမှာ။
* ပြန်သွားတော့လည်း၊ တစ်ယောက်တည်း၊ အမြဲသွားရမှာ။
* တွေ့ကြုံဆုံရ၊ တစ်ခဏ၊ ဘဝသံသရာ။
* ဝန်းကျင်ခဏ်နွယ်၊ နှောင်ကြိုးတွယ်၊ ပြုံးရယ်မဲ့ဒိုကာ။
* ဘဝရိပ်မြုံ၊ ကကြိုးစုံ၊ ကံကုန်မိုးချုပ်ကာ။
* သုတ်သုတ်သောလျှင်၊ ခရီးနှင်၊ တို့ပင်ဧည့်သည်ပါ။
* မသေရခင်၊ နေရစဉ်၊ ချစ်ခင်ကြင်နာပါ။
* တစ်ဦးတစ်ဦး၊ မေတ္တာကူး၊ အထူးဆက်ဆံပါ။
* မသေရခင်၊ သွားလမ်းစဉ်၊ ပြင်ဆင် ဒါ သိ ဘာ။
* ဧည့်သည်ငါတို့ ပြင်ဆင်လို့၊ ပြုစို့ ဒါ သိ ဘာ။

□

http://www.dhammadownload.com



## နမောတောဂါထာ (ကဗျာ + လင်္ကာများ)

* သစ္စာသိသူ ဘုရားမြတ်ကို
မနားမပြတ် ရှိခိုးနေ။
* လုံ့လကြီးသူ ဘုရားမြတ်ကို
မနားမပြတ် ရှိခိုးနေ။
* ခန္+ အာ+ ဓာတ်ခေါ် ကျဉ်းကျပ်ထဲမှ
ကင်းပြတ်လွတ်ဆဲ မြတ်စိန္တေ။
* ကိလေသာခေါ် ဆင်းရဲအပေါင်းမှ
အမြဲကင်းလွတ် မြတ်စိန္တေ။
* လနတ်သားဟာ ကျဉ်းအကျပ်၌
(နေ နတ်သားဟာ ကျဉ်းအကျပ်၌)
အတင်းကပ်ဆိုက်ရောက်လို့နေ။
* တပည့်တော်တွက်တာ ဘုရားစစ်ဟာ
အားထားရာပဲ ဖြစ်လို့နေ။
* မြတ်ဘုရားဂုဏ် အာရုံပြုလို့
ယခုရှိခိုး သစ္စာချွေ။
* နှောင်ဖွဲ့ကျဉ်းကျပ် ခက်အခဲမှ
ဆက်ဆက်အမြဲ လွတ်ပါစေ။
* လနတ်သားကို ရာဟုဖမ်းတော့
(နေနတ်သားကို ရာဟုဖမ်းတော့)
ရှာပြုရွှတ်မှန်း ရှိခိုးပေ။
* ဘုရားမြတ်စွာ ကြားသိရတော့
သနားတပည့် လွှတ်လိုက်ယော။
* ဘုရားမြတ်စွာ အမိန့်ပေးက
ရာဟုထွက်ပြေးသွားရပေ။
* ကျဉ်းကျပ်ရောက်သူ လ+ နတ်သားမှာ
(ကျဉ်းကျပ်ရောက်သူ နေ+ နတ်သားမှာ)
ရာဟုထွက်သွား ချမ်းသာပေ။

http://www.dhammadownload.com



*ကျဉ်းကျပ်ရောက်သူ ရှင်+ လူအပေါင်းတွက်
အလွန်ကောင်းတဲ့ နမောတော။
*ခက်ခဲလွတ်လို ရှင်+ လူအပေါင်းတွက်
အလွန်ကောင်းထက် နမောတော။
*ကျဉ်းကျပ်ခက်ခဲ လွတ်စေကြောင်းကို
ရွတ်ချွေဆုတောင်းနိုင်ပါစေ။
*နမောတော ဆိုင်ရာ ကဗျာပန်းကို
မကြာမှန်းလို့ ရေးစပ်ပေ။
*နေ့စဉ်+ ညစဉ် ရှင်လူများတို့
စင်ဖြူများများ ရွတ်ကြလေ။ (ရွတ်ကြလေ။)၂

□

ဒီဝါတပတိ ဂါထာ (ကဗျာ လင်္ကာများ)

*နေ့အခါတွင် ရှင်နေမင်းက
ထင်ထင်လင်းလင်း တင့်တယ်ပေ။
*ညအခါတွင် ရွှေလမင်းက
ဝေဝေဝင်းဝင်း တင့်တယ်ပေ။
*ချပ်ဝတ်တန်ဆာ ရတနာဝတ်မှ
မြတ်မင်းရာဇ တင့်တယ်ပေ။
(မင်းရာဇဟာ ရတနာဝတ်မှ
မကြာစင်စစ် တင့်တယ်ပေ)
*ရဟန္တာဟာ ဈာန်ဝင်စားမှ
အမှန်ထင်ရှား တင့်တယ်ပေ။
*နေ၊ လ၊ ဘုရင် ရဟန်းမြတ်တို့
ချိန်ခါသတ်မှတ် တင့်တယ်ပေ။
*မြတ်ဘုရားဟာ တန်ခိုးလှကြောင့်
အမျိုးမျိုး နေ့ ည တင့်တယ်ပေ။

http://www.dhammadownload.com



*နေ့ရော ညပါ တင့်တယ်လှတဲ့
မြတ်ဗုဒ္ဓရဲ့ ကျက်သရေ။
*နေ့စဉ် ညစဉ် အာရုံပြုလို့
ယခုရှိခိုး သစ္စာချွေ။
*လော သာသနာ အရာရာအတွက်လှ
ကြံစည်သမျှ အောင်ပါစေ။
*လောက သာသနာ အရာရာအတွက်လှ
ပြော ပြုသမျှ အောင်ပါစေ။
*အတင့်ဆယ်ဆုံး မြတ်ဘုရားကို
မပြတ်မနား ရှိခိုးနေ။
*အတင့်တယ်ဆုံး အကျိုးတရားတို့
အမျိုးမျိုး တိုးပွားရမယ်လေ။
*တင့်တယ်လိုသူ ဟူဟူသမျှတို့
(အောင်မြင်လိုသူ ဟူဟူသမျှတို့)
ဖြူဖြူလှလှ ရွတ်ကြလေ။
*ဒိဝါတပတိ ဂါထာထူးကို
အခါခါကြည်နူး ရွတ်ကြလေ။ (ရွတ်ကြလေ)၂။
*ဆင်လှရတနာ ကဗျာအနုကို
တင်ပြကာပြု ရေးစပ်ဝေ။ (ရွတ်ကြလေ)၂။

□

အံနန္တငါးဖြာ မမေ့ပါ

"ဓမ္မကထိက အိတ်ဆောင်
တရားရောင်ထွန်းပြ၊ အမည်လှပေး၊
ဤစာရေးပြု၊ မြတ်ကောင်းမှုဖြင့်၊
အတုမရှိ၊ မုနိဘုရား၊ တရား သံဃာ၊
ရတနာသုံးပါး၊ ဆရာများနှင့်၊

http://www.dhammadownload.com



မွေးထားဘိဘာ၊ ကျေးမိဘပါ၊
ငါးဖြာအနန္တ၊ ရှိသမျှ၏၊
များလှပြုဖူး၊ ဝုဏ်ကျေးဇူးကို၊
အထူးမမေ့ ဆပ်ပါ၏"

◻

ကောင်းမှန်ခါခါ တောင်းပန်လွှာ
"ဟောလို ပြောလို
ကြည့်ရှုလိုသူ၊ များရှင်လူတွက်၊
သဒ္ဒါထက်သန်၊ နေ့ည ကြံတွေး၊
နေ့ညရေးပြ၊ ဓမ္မကထိကအိတ်ဆောင်၊
တရားရောင်ထွန်းပြ၊ အမည်လှစွာ၊
ဤကျမ်းစာဋ္ဌ၊ လိုတာထည့်စွက်၊
ပိုတာဖျက်၍၊ သင့်ခက်ကိုယူ၊
မသင့်မှုကား၊ ပယ်ရှောင်ရှားပစ်၊
ကြီးမားမေတ္တာ၊ ကရုဏာထား၊
ကိုယ်ရေးသားသည့်၊ ကျမ်းလားပမာ၊
မှန်းထားပါလို့၊ စာနာသမှု၊
ခါခါပြုကာ၊ ကြည့်ရှုပါဟု၊
တောင်းပန်ပြုသည့်၊
ကောင်းမှန်သုခ ရပါစေ"

◻

ပညာရှိတာ သိနိုင်တာ

ဝိဒ္ဒါဝေ ဝိဇာနာတိ၊ ဝိဒ္ဒဗ္ဗနပရိသမံ။
န ဟိ ဝဉ္စာ ဝိဇာနာတိ၊ ဂုရုံ ပသာ၀ဝေဒနံ။
ကဝိခေါ်တွင်၊ ပညာရှင်သာ၊ ကျမ်းဂန်စာပေ၊ အထွေထွေပြုစု၊ ယင်း

http://www.dhammadownload.com



အမှု၌၊ စိတ်စိုက် စိတ်သွင်း၊ ပင်ပန်းခြင်းကို မယွင်းပိုင်ပိုင်၊ သိမြင်နိုင်၏။ ပညာမရှိ၊ ကဝိမမည်၊ ပုဂ္ဂိုလ်သည်ကား၊ အတည်ပိုင်ပိုင်၊ မသိနိုင်ပေ။ သဒ္ဓေသားလှ၊ ဖွားမြင်ရမှု၊ ဆင်းရဲစုကို၊ မှတ်ရှုလူ့ဘုံ၊ မိန်းမမြူကား၊ မကြုံဖူးကာ၊ မသိရာရှင်။

□

## ခန္ဓာနှင့်ဂုဏ် ထူးခြားပုံ

သရီရဿ ဂုဏာနဉ္စ၊ ဒူရမစ္စန္တမန္တရံ။
သရီရံ ခဏဝိဒ္ဓံသိ၊ ကပ္ပန္တဋ္ဌာယိနော ဂုဏာ။

ခန္ဓာနှင့်ဂုဏ်၊ ထူးခြားပုံကား၊ လူ့ဘုံလူ့ရပ်၊ လေးပါးဓာတ်ခို၊ ခန္ဓာကိုယ်သည်၊ ယွင်းယိုကာလ၊ မကြာရဘဲ၊ မုချသေချာ၊ ပျက်တတ်စွာ၏၊ သေချာသိကြ၊ သီလ+ သမာ၊ ဓိ+ ပညာဂုဏ်၊ အလုံးစုံကား၊ အဟုန်ကြီးစွာ၊ အပြီးသာလျှင်၊ သန့်သန့်ရှင်ပြုး၊ ကမ္ဘာဆုံးတိုင်၊ မမုန်းနိုင်အောင်၊ ရှည်ကြာမိုင်ခဲ့၊ မြဲတည်တံ့၏။

□

## ဆောင်တော်မူ

ဗုဒ္ဓဘာသာ၊ ပြည်မြန်မာ၌၊ မှီကာနေသူ၊ အများလူတွက်၊ ကောင်းကျိုးထွက်အောင်၊ ကစ်ဖက်ကစ်လမ်း၊ အထက်တန်းခေါ်၊ ရဟန်းသော်ဘဝ၊ ချမ်းမြမြပယ်၊ စန်းလှနယ်သို့၊ ဟင့်တယ်နေကြ၊ သာသနာဝန်ထမ်း၊ ရှင်ရဟန်းတို့၊ ဟောခန်း ပြောခန်း၊ မဖော မပန်းအောင်၊ လမ်းပြခောင်းချုင်၊ မိဟ်အစဉ်မှ၊ သိပ်ပင်လှ သော၊ စိတ်ဓာစေတနာ၊ အဖြာဖြာဖြစ်မိ၊ ဓမ္မကာင်ကြက၊ ဖြစ်လိုကြသား၊ ရဟန်း များတွက်၊ အခက်အခဲ၊ တစ်အုပ်တည်းဖြင့်၊ ဖျက်ခွဲနိုင်စေ၊ ဒီအနေဖြင့်၊ ရှည်ချေ့ ပါဠိ၊ ဌ ဋ္ဌိ ကြည့်ကာ၊ ဂါထာအကောင်း၊ အနက်ကောင်းနှင့်၊ အကောင်းကဗျာ၊ လင်္ကာအစု၊ စာအနုခြယ်၊ ရေးပြုတယ်နော်၊ ပျော်ပျော်နာယူ၊ ရှင်လူအများ၊ စိတ်ဝင်စားအောင်၊ တရားနာမည်၊ ရွေးချယ်ရည်ပေး၊

http://www.dhammadownload.com



အမည်လေးတွေ၊ ကျန်ပါစေချင်၊ မေတ္တာယှဉ်ထား၊ ဒီတရားစာအုပ်၊ ဝေငှထုတ်မိ၊ ဓမ္မကထိကအိတ်မှာ၊ အိတ်မှာ ဓမ္မကထိက၊ နေ့ညခါခါ၊ သွားလေရာသို့၊ ယူကာ ယူကာ၊ အလွယ်သာလျှင်၊ တွယ်တာခင်၍၊ မမေ့ကောင်းစွာ၊ ဆောင်သင့်ပါသည့်၊ ဓမ္မကထိက အိတ်ဆောင်၊ အိတ်ဆောင်ဓမ္မကထိက၊ အမည်လှပေး၊ စီပြရေးမိ၊ ဓမ္မကထိက၊ အိတ်လှလှမှာ၊ စိတ်ချရအောင် ဆောင်တော်မူ"။

□

## ဓမ္မကထိကအိတ်ဆောင်နိဂုံး

ဓမ္မကထိကအိတ်ဆောင်၊ တရားရောင်ထွန်းပြ ဤကျမ်းလှစာ၊ ရေးသူငါကား၊ မြန်မာရွှေပြည်၊ အလယ်ဆီမှ၊ အတည်သမိုင်း၊ မကွေးတိုင်းတွင်၊ ပါကာဝင်သည့်၊ ကြက်သွန်ထွက်ရာ၊ အမည်သာသည့်၊ ရေစကြိုး၊ ကမ်းနဖူးက၊ ဆန်းထူးတမူ၊ မြို့ဆိပ်ဖြူတည့်၊ ရွာမူမြင့်မြတ်၊ မြောက်အရပ်ဝယ်၊ သိအပ်ကဝိ၊ ပညာရှိဟု၊ ဆိပ်ဖြူ သဒ္ဒါကြီး၊ တစ်နည်းတစ်ဖြာ၊ သုဒ္ဓသ ဝိကာသိနီ၊ ဆန်းဋီကာစသည်၊ ကျမ်းအလီလီရေးသူ၊ ဆိပ်ဖြူဆရာတော်၊ မထေရ်ကျော်တို့၊ ရှင်ပျော်မွေးရာ၊ ကင်းမွန်တောင်ရွာ၌၊ နေကြာခနောင်၊ ဦးကြည်မောင်နှင့်၊ မေတ္တာဆောင်သွယ်၊ ဒေါ်ဒေါငယ်မှ၊ တင့်တယ်ကောဇာ၊ ထောင့်သုံးရာနှင့်၊ စွန်းလာနှစ်ရှု၊ နှစ်လေးခုဝယ်၊ (၁၃၂၄) ခု၊ ဥတုအကောင်း၊ လတပေါင်း၏၊ ရွက်ဟောင်းတွေကြွေ၊ ရွက်သစ်ဝေလန်း၊ ဆယ်ရက်ဆန်း၍၊ ကျားမင်းနေ့တွင်၊ ဖွားသန့်စင်ခဲ့။

*ကြည်လင်လန်းဆန်း၊ မြတ်ရဟန်းဖြစ်၊ သက္ကရာဇ်မှာ၊ ထောင့်သုံးရာရှု၊ လေးငါးခုဝယ် (၁၃၄၅)၊ ဥတုသာစွ၊ တန်ခူးလ၏၊ ထူးလှကျော်တက်၊ ဆယ့်တစ်ရက်တည့်။

နှစ်သက်စရာ၊ *ပထမရဟန်းဒါယကား၊ သေချာဖော်ညွှန်း၊ မြို့မော်ကျွန်းမှ၊ စိတ်ရင်းကောင်းဆင့်၊ ဦးသိန်းနှင့်ယှဉ်၊ ဒေါ်လှခင်ပါ။ *ဒု ဒါယိကာမကား၊ ရှုပါတစ်ခန်း၊ မြို့ကျောက်တန်းမှ၊ စိမ့်စမ်းပမာ၊ ငြိမ်းချမ်းစွာမှန်း၊ ဒေါ်အေးသန်းပါ။ *တတိယ ဒါယိကာမကား၊ ပြရာရှုဆောင်၊ ပုဇွန်တောင်မှ၊ ခနောင် ရှင်လန်း၊ ဒေါ်ခင်သန်းပါ။ *စတုတ္ထဒကာကို၊ ပြလာဆိုတုံ၊ မြို့ဒဂုံပိုင်၊ မင်းမနိုင်မှ၊ သင်းကြိုင်ထူးဆောင်၊ ဗိုလ်မှူးမောင်မောင်မြင့်နှင့်၊ ဖြည့်လင့်ပါရမီ၊ တည်

http://www.dhammadownload.com



ကြည့်တွေးသန့်၊ ဒေါ်လေးခန့်ပါ။ *ပဥ္စမ ဒါယိကာမကို၊ ကဗျာဆိုချေ၊ မြို့တာမွေမှ၊ စေတနာထိန်၊ ဒေါ်လှရှိန်ပါ။

*ဆဋ္ဌမဒကာကို၊ ဖော်ပြဆိုက၊ သာကေတမှ၊ သိကြစင်စစ်၊ ဦးသိန်းချစ်နှင့်၊ ဖြည့်လင့်ပါရမီ၊ တူညီညီဖြူ၊ ဒေါ်အေးကြူပါ။

*သတ္တမဒကာကို၊ ပြကာဆိုချိန်၊ မြို့အင်းစိန်မှ၊ လင်းထိန်ဆင့်ဆင့် ဒေါ်ဒေါ်ညွန့်ပါ။ *ဆဋ္ဌမဒကာကို၊ ပြကာဆိုက၊ သုဝဏ္ဏမည်၊ မြို့တော်ဆီမှ၊ ရှင်ကြည်အေးချမ်း၊ ဗိုလ်မှူးသန်းဆွေနှင့်၊ ဖြည့်လင့်ပါရမီ တူညီညီပြ၊ ဒေါ်တင်တင်စုပါ။ နဝက ဒကာကို၊ ပြကာဆိုဆောင်၊ ဒဂုံတောင်ပိုင်းပါ။ သရက်ပင်ချောင်ရွာမှ၊ သဒ္ဓါခိုင်ခိုင်၊ ဦးချစ်လှိုင်နှင့်၊ တူပြိုင်စိတ်ရှိး ဒေါ်ဒေါ်တိုးပါ။

*စာသင်ရာကို၊ ကဗျာဆိုက၊ ထိုထိုအကောင်း၊ ရေနံချောင်းနှင့်၊ အကောင်းဖော်ညွှန်း၊ မြို့မော်ကျွန်းထူး၊ မြို့ပဲခူးစုံ၊ မြို့ရန်ကုန်နော်။ ကျောင်းတိုက်ဖော်ပြ၊ သဒ္ဒမ္မကာရီ၊ တစ်လီရွှေပြည်တန်၊ ရွှေတောင်မှန်၏၊ တစ်ဖန်ကြခတ်၊ တစ်ရပ်ရွာမ၊ တစ်ဝခေါင်းဆုံး၊ တိုက်ညောင်တုန်းလေ။ *ယခုနေရာ၊ ရှုပါချေက၊ စာချ+ စာသင်၊ တာဝန်လုပ်ငန်း၊ ကိုယ်တိုင်ထမ်းချ၊ သာကေတဝယ်၊ ဆင်လှရတနာ၊ မြင်ကြပါစေ၊ ဒီအနေဖြင့်၊ ရည်ရွေ့အတိတ်၊ ရည်နိမိတ်ဆောင်၊ ဆင်ဖြူတောင်သမိုက်၊ စာသင်တိုက်ပေါ့။ *နှစ်ခြိုက်ကဗျာ၊ နှစ်ခြိုက်စာတွေး၊ နှစ်ခြိုက်ရေးပြ၊ ဘဝဖြစ်ရာ။ ပညာပါရမီ၊ ဖြစ်စေရည်၍၊ အမည်လှပ၊ ဓမ္မကထိကအိတ်ဆောင်၊ ကျမ်းစာစောင်ကို၊ ခုနှောင်ဟောခန်း၊ မမောပန်းဖို့ ရှင်လန်းဤငါ၊ ရည်မှန်းကာလေ၊ ရေးသားဝေ၊ ကြိုက်သမျှပန်၊ မကြိုက်ချန်လော့၊ အမှန်တော့လေ၊ ကြိုက်ပါစေလို၊ ချိုပါစေကြောင်း၊ ဆုမတောင်းပါ။ ဆုတောင်းတာက၊ မှန်စွာမလွဲ၊ ဟောပြောပွဲတွေ၊ ကြွတွေ့ချေသော်၊ ပျော်ပျော်ပိုင်ပိုင်၊ ဟောပြောနိုင်စေ၊ ဒီအနေမျှ၊ ရည်ရွေ့သဓိ။ *ကျပ်းလှဤစာ ပြီးရက်မှာကား တစ်သုံးငါးခုနှစ် (၁၃၅၇) စိစစ်ဖော်ပြ ဝါဆိုလ၏ ဆန်းစခေါ် ဆက်၊ ခုနှစ်ရက်မှာ ပြီးဆုံးလာခဲ့။ *ဤစာရေးပြု မြတ်ကောင်းမှုကြောင့်၊ အတုမဲ့ အေးချမ်း သားဘျမ်း တွေ့ ဝေးခန်းဃေသည့် အေးပြေအေးရာ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ မပန်မကြာ ရောက်ရပါလို တောင်းဆုဆို၏။ ထိုမှတစ်ပါး၊ ဘဝများစွာ၊ ဖြစ်ပြန်ပါလည်း၊ မြတ်စွာဘုရား၊ မြတ်တရားနှင့်၊ မြတ်သားသံဃာ၊ ဆရာမိဘ၊ ကောင်းသမျှတွေ၊ ပေါင်းရစေသား၊ သက်ရှည် ဆင်းလှ၊ ချမ်းသာရ၍၊ ဗလ+ ပညာ၊ ကောင်းမြတ်တာတွေ၊ စုံပြည့်နေကာ၊ ပညာအဓိက၊ ကြီး

http://www.dhammadownload.com



မားရလို၊ တောင်းဆုဆို၏။ *ဤလို ဤငါ၊ ဤစာပြုရ၊ ကုသလ၏၊ ဘဂဟုဆို၊ အဖို့ကိုလည်း၊ ထိုထိုများစွာ၊ ဆရာ+ မိဘ၊ ဟူသမျှနှင့်၊ မိတ္တဆွေညာ၊ အစဖြာသည့်၊ ကိုယ်မှာစောင့်ကြပ်၊ ကိုယ်စောင့်နတ်များ၊ သိကြား ဗြဟ္မာ၊ ယမရာဇ၊ လောကပါလာ၊ စာတုမဟာရာဇ၊ နတ်များစွာတွေ၊ ရပါစေဟု၊ ငါလေနှဲ့ညာ၊ ပေးဝေ၍၏၊ အမျှရပျော်၊ သာဓုခေါ်၍၊ သူတော်နတ်များ၊ ငါတို့အားလည်း၊ မမှာကြည့်ရှု၊ စောင့်ရှောက်ပြုလော့၊ ယခုအခါ၊ အနုကမ္ပာနှင့်၊ အနုစာတွေး၊ အနုရေးထုတ်၊ ဤစာအုပ်၏၊ အဟုတ်နိဂုံး ကမ္ပတ်ဖုံးသည်၊ ရွှင်ပြုံးပီတိ လှိုင်လှိုင်တည်း။

အရှင်ဝဏ္ဏိန္ဒ (သာသနဓဇဓမ္မာစရိယ)
ဆင်ဖြူတောင် စာသင်တိုက်၊
၁၀၈ တောင် ဘုရားဝင်းအတွင်း၊
(၁၀) ယောင်ရပ်ကွက်၊
သာကေတ၊ ရန်ကုန်။
၁၉၊ ၆၊ ၉၄ (တနင်္ဂနွေ)။

□ □ □